http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

နိုဗာနပဋိသံယုတ္တကထာ

ရဟန်းမြတ်

တရားတော်

၃

သာသနာနှစ်-၂၅၁၈

ကောဇာ-၁၃၃၆

http://www.dhammadownload.com

MHS000047

http://www.dhammadownload.com



၀၅၆၂

စိုးဘာနိုဆိုင်ရာ ကဏ္ဍးတော်

http://www.dhammadownload.com

ကျေးဇူးတော်ရှင်
မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

နိဗ္ဗာနပဋိသံယုတ္တကထာ

[ခေါဒါ]

နိဗ္ဗာန်ဆိုင်ရာတရားတော်

အင်တာနေရှင်နယ်ပုံနှိပ်တိုက်၊
အမှတ် ၂၊ မူလာအိစမန်လမ်း၊ မြေနီကုန်း၊
ရန်ကုန်မြို့။

သက္ကရာဇ် ၁၃၃၆-ခု၊ သာသနာ ၂၅၁၀

http://www.dhammadownload.com

အုပ်ရေ ၅၀၀၀ ပဌမအကြိမ် (ဝမ္မဒါန)

နေ့စွဲ ၁၃၃၆-ခု၊ ပြာသိုလ။ ၁၉၇၅-ခု၊ ဇန်နဝါရီလ။

ထာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်
အမှတ် (၇၆၀၂)

အဖုံးရိုက်သူ။ ။အောင်တာနေရှင်နယ် ပုံနှိပ်တိုက်၊

ထုတ်ဝေသူ။ ။အရှင်ကေလာသ (ကင်းလွတ်ခွင့်အမှတ်-
၀၂၆၇၂)သာသနာ့ရိပ်သာ ၁၆၊ ဟာမစ်-
တစ်လမ်း ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဒေါ်ဝါ(မြ-၀၂၅၀) အောင်တာနေရှင်နယ်
ပုံနှိပ်တိုက်၊ အမှတ် ၂၊ မူလာအိစမန်လမ်း
မြေနီကုန်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com



အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်

http://www.dhammadownload.com

လက်ဦးရှာဘွယ်

ကျေးငှူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးသည် "နိဗ္ဗာန်ဆိုင်ရာ တရားတော်" ဤ နိဗ္ဗာနပဋိသံယုတ္တကထာကို ၁၃၂၆-ခု၊ တော်သလင်းလဆန်း ဂ-ရက်နေ့ကပင် စတင်၍ ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီး အတွင်း၌ ဟော်ကြားတော်မူခဲ့သည်။ ယခု ၁၃၁၃-ခုနှစ် အရောက်တွင် ၁၀-နှစ်ကာလအထိ ကြာညောင်းခဲ့လေပြီ။ ထိုစဉ်အခါက တရားတပဲ့လျှင် တပိုင်းအဖြစ်ဖြင့် ဟော ကြားတော်မူခဲ့ရာ သီတင်းကျွတ်လဆုတ် ဂ-ရက်နေ့အထိ တရားပဲ့ ၇-ပဲ့ ၇-ပိုင်းဖြင့် အပြီးဟော်ကြားတော်မူခဲ့သည်။

ထို တရားတော်ကို အငြိမ်းစား တရားမ, တရားသူကြီး ဦးသိန်းဟန်,က ရိုကော်ဒါဖြင့် ဖမ်းယူပြီးလျှင် ဖျာပုံ သာသနာ့ရိပ်သာ ဆရာတော် ဦးဝဏ္ဏိတက ကမ္မကတပြု၍ တပည့်များက လက်နှိပ်စက်ဖြင့် ကူးယူကာ ဦးသိန်းဟန်က အချောကိုင်ထားခဲ့ပေသည်။ ဦးသိန်းဟန်သည် ထို တရားစာမူကို သိမ်းပိုက်ကာ တရားစာ တခုစာင်တဖွဲ့ဖြစ်မြောက်ရန်အတွက် အချိန်ကာလကို စောင့်လင့်နေခဲ့ပေသည်။ အကြောင်းမှာ အဖိုးထိုက်တန်မှန်းသိသော ဤ စာမူကို တရားပဲ့တွင် မပါ၍ မနာကြားလိုက်ရသော ပုဂ္ဂိုလ်တို့အား ဘတ်ရှုနာကြားစေ ချင်လှသော, စေတနာဖြင့် စာတအုပ်အဖြစ်သို့ ရောက်စေ ချင်လှသော်လဲ ဆရာတော်ဘုရားကြီးထံ တင်ပြခြင်းမပြုပဲ

http://www.dhammadownload.com

စက်တင်ပုံနှိပ်ရန် မဖြစ်သောကြောင့် ဖြစ်လေသည်။ ဆရာတော် ဘုရားကြီးမှာလဲ ထိုအချိန်ကာလတွင် မျက်စိထောဂါကုသရန်ကိစ္စ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဘာသာပြန်ကိစ္စ၊ ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယကိစ္စ စသော ကိစ္စများက ဇွန်မှ ရှိနေသည်ကို သိရှိနေသဖြင့် ထိုစာမူကို ဆရာတော်ဘုရားကြီးထံ တင်ပြခွင့် မရပဲ ဤ အချိန်အထိ စောင့်ဆိုင်းခဲ့ရသည်။ အခွင့်ရ၍ စာအုပ်အဖြစ်သို့ ထောက်ချိန်မှာ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ရန်ကုန်မဟာစည် သာသနာ့ရိပ်သာသို့ ကြွထောက်၍ ပဋိပတ္တိ သာသနာပြုသော ၂၅-နှစ်မြောက် ဇွန်ရတုသဘင် ဆင်ယင် ကျင်းပသည့်နှစ်နှင့် တိုက်တိုက်ဆုံဆုံ ကြုံလျက်ရှိရာ လျော်ကန်သင့်မြတ်လှပေသည်။ မမေ့သင့်သော ဤနှစ်တွင် ၁၀-နှစ်ပတ်လုံး မမေ့ပဲ သိမ်းဆည်းထားခဲ့ရသော တရားတော်ကြီးကို ထူးထူးခြားခြား ဖော်ထုတ်နိုင်သောကြောင့် လျော်ကန်သင့်မြတ်သည်ဟု ဆိုလိုက်ရပေသည်။

နိဗ္ဗာနကထာ

၁၃၀၅-ခုနှစ်တွင် စီရင်ရေးသားခဲ့သော ဝိပဿနာဂ္ဂနည်းကျမ်း ဒုတိယတွဲ အခန်း (၆) ၌လဲ နိဗ္ဗာန်ဆိုင်ရာ “ နိဗ္ဗာနကထာ” ကို ဆရာတော်ဘုရားကြီးသည် ထည့်သွင်းရေးသားတော်မူခဲ့ပြီး ဖြစ်ပေသည်။ သို့သော် ထို နိဗ္ဗာနကထာမှာ စာတအုပ်အဖြစ်ဖြင့် သီးခြားမဟုတ်ပဲ ကျမ်းကြီး တစောင်

http://www.dhammadownload.com

လုံးတွင် တကဏ္ဍအနေနှင့် ရေးသားထားခြင်းကြောင့် ဘတ်ရှုမိသူ နည်းပါးပြီး နေမည်ကတကြောင်း၊ ဟောတဆုးမျိုးမဟုတ်ပဲ ကျမ်းဂန်ရေးနည်းအတိုင်း ရေးသားထားသဖြင့် ကြည့်ရှုသူတိုင်း သဘောပေါက်ရန် ခဲယဉ်းမည်ကတကြောင်းကြောင့် ဤ နိဗ္ဗာန်ဆိုင်ရာ တရားတော်လောက် ဘတ်ရှုသူတို့အသိဉာဏ်တွင် သက်ဝင်နိုင်စွမ်း ရှိမည်မဟုတ်ပေ။

လူတို့လောက၌ သိဘွယ်, မှတ်ဘွယ် ပြုလုပ်အားထုတ်ဘွယ်တွေ များပြားသလောက် စာပေလောကမှာလဲ များပြား ကျယ်ဝန်းလျက်ရှိနေပေသည်။ "တဦးခေါင်း တပညာ၊ တရွာတပုဒ်ဆန်း" ဆိုသလို ထိုထိုသိဘွယ် မှတ်ဘွယ် ပြုလုပ်ဘွယ်တွေကို မိမိတို့ရှုဒေါင့်မှနေ၍ မိမိတို့ အမြင်အတိုင်း စာပေရှင်တို့က စာဖြင့် ဖော်ပြထားကြသည်။ ထိုသို့ ဖော်ပြရာ၌ သဘာဝတမျိုးတည်းကိုပင် အမျိုးမျိုးသော အမြင်ကြောင့် အမျိုးမျိုး ကွဲပြားလျက် ရှိနေလေတော့သည်။ လက်တွေ့ကို ဖော်ပြရလျှင် ဤ နိဗ္ဗာန်ဆိုင်ရာ တရားတော်နှာ ၈၃-၌ပင်-

"နိဗ္ဗာန်-ဟူသည်မှာ ဘုံနန်းပြာသာဒ်ကြီးလဲ မဟုတ်၊ မြို့ကြီး, ပြည်ကြီးလဲ မဟုတ်၊ အလင်းရောင်, အဝင်းရောင်ကြီးလဲ မဟုတ်၊ အကြည်ခာတ်, အအေးခာတ်လဲ မဟုတ်၊အဘယ်ကြောင့်နည်း ဟူမူ ထို ဘုံနန်းပြာသာဒ် မြို့ပြည် အလင်းရောင်,အဝင်းရောင် အကြည်ခာတ်, အအေး

http://www.dhammadownload.com

နိဗ္ဗာန်ဆိုင်ရာတရားတော်

ဓာတ်မျှားသည် အသခ်ၤတ ပရမတ်တရားမဟုတ်၊ ထိုက်သည်အားလျော်စွာ ပညတ်တရား သခ်ၤတ ပရမတ်တရားမျှားသာ ဖြစ်သောကြောင့်တည်း။ (ရှုနည်းကျမ်း ဒု နှာ ၃၄၇)

အဲဒီလို ရေးတုန်းက ဘယ်သူ့ကျမ်းကိုမျှ မရည်ရွယ်ပါဘူး၊ ဓမ္မဓိဋ္ဌာန်ကျကျ ရေးခဲ့တာပါပဲ၊ ဒါပေမယ့် နောက်စာချိန်မှာ "နိဗ္ဗာန်ဆိုတာ ဇောမအလင်းဇောင်ကြီးဖြစ်တဲ့အကြောင်း" ပြဆိုထားတဲ့ ကျမ်းစာအုပ်တခုကို တွေ့ရတော့ "အင်း-ငါ ဟိုတုန်းက ရေးခဲ့တာကို ဒီကျမ်းကို စောင်းပြီးရေးတယ်လို့ တချို့က ထင်ကောင်းထင်ကြပေလိမ့်မယ်"လို့ စဉ်းစားမိခဲ့ပါတယ်၊ ပါပေမယ့် အဲဒီကျမ်းစာကို စောစောက ရှိမှန်းတောင် ဘုန်းကြီးက မသိခဲ့ပါဘူး။ မိမိသဘောကျတဲ့အတိုင်း စင်ကြယ်တဲ့စိတ်နဲ့ ရေးခဲ့တာပါပဲ"ဟူသော ဤအဆိုကို ဆရာတော် ဘုရားကြီးက ထည့်သွင်း ဟောကြားထားပါသည်။

ဤတွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး အမြင်က နိဗ္ဗာန်-ဟူသည်မှာ အလင်းရောင်,အဝင်းရောင် စသည်မဟုတ်ကြောင်းဖြင့်ငင်း၊ ကျမ်းစာအုပ်တခုက အလင်းရောင် အဝင်းရောင် စသည်ဖြစ်ကြောင်းကိုငင်း၊ တမျိုးတည်း သာ နိဗ္ဗာန်သဘောဌ် အဆို ၂-မျိုး ဖြစ်နေပေသည်။

http://www.dhammadownload.com

အရောင်သုံးမျိုး

နိဗ္ဗာန် အရောင်အလင်းရှိကြောင်း အဆိုနှင့်စပ်၍ ကိုယ်တွေ့ တခုကို ဤနေရာ၌ ဖော်ပြလိုပါသေးသည်။ ၁၃၃၄-ခုနှစ်၊ တန်ခူးလထဲက ဖြစ်သည်။ စစ်ကိုင်းမြို့ အနောက်ကျေးရွာတရွာ၏ ကျောင်း တကျောင်းတွင် ဘုန်းကြီးပျံရှိရာ ခမ်းဖွင့် အခမ်းအနား၌ ညတရားပွဲ ပါရှိခဲ့သည်။ ထို တရားပွဲ၌ ပရိယတ္တိ သာသနာဟိတ သက္ကသိဟ ဓမ္မာစရိယလဲဖြစ်၊ ပါဋိတက္ကသိုလ် ကျောင်းအုပ်လဲဖြစ်၊ ဓမ္မကထိက လဲဖြစ်၍၊ ထင်ရှားသော ဆရာတော်ဘုရားတပါးလဲ ပါရှိပေသည်။ ထို ဆရာတော်ဘုရား ဟောကြားသော တရားထဲတွင် လောက၌ ထင်ရှားသော အရောင် အလင်း သုံးမျိုးရှိကြောင်းကို ထည့်သွင်း ဟောကြားတော်မူခဲ့သည်။ ဟောကြားသော အရောင် သုံးမျိုးမှာ-

၁။ ရုပ်၏အရောင် (နေ လ-စသည်တို့အရောင်)
၂။ ပညတ်ရောင် (ပဋိဘာဂနိမိတ်ရောင်)
၃။ နိဗ္ဗာန်ရောင်(ထူးခြားသော အလင်း အဝင်းရောင်)

တို့ဖြစ်လေသည်။ ထိုအရောင်သုံးမျိုးထဲက နိဗ္ဗာန်ရောင်မှာ ဘယ်အရောင်နှင့်မျှ မတူပဲ အင်မတန် နှစ်သက်ဘွယ်ကောင်းကြောင်းကိုပါ ဟောကြား၏။ ထိုဆရာတော်မှာ မိမိနှင့် ခင်မင်ရင်းနှီးသည့်ပြင် မိမိအောက် ငယ်သော ဆရာတော်ဖြစ်သည့်အလျောက် ဆွေးနွေးနေကျအတိုင်း ထောက်ထား

http://www.dhammadownload.com

အားနာမနေပဲ ဓာရားပလ္လင်ကဆင်း၍ နေရာသို့ ရောက်လျှင် ရောက်ချင်းပင် မိမိက မေးခဲ့သည်။

"နိဗ္ဗာန်မှာ အရောင်ရှိပါသလား ဆရာတော်"

"အနန္တံ သဗ္ဗတောပဘံ-လို့ ဟောတော်မူထားတာပဲ၊ နိဗ္ဗာန်မှာ အရောင်ရှိတာပေါ့"တဲ့။ သူအာဂုံ ရထားသောပါဠိ တပိုဒ်ကို ထောက်ထားကာ အဖြေပေးတော်မူ၏။ မိမိကလဲ နိဗ္ဗာန်မှာ အရောင်အလင်း မရှိနိုင်ကြောင်း ကိုယ့်အထောက် အထားနှင့်ကိုယ် ရှင်းပြပါသော်လဲ နားမဝင် ဖြစ်နေသဖြင့် အမေး အဖြေမှာ မတင်မကျဖြစ်နေလေတော့သည်။ ထိုအခါ မိမိက နိဗ္ဗာနကထာကို ဆရာတော်ဘုရားကြီး ရေးသားသည့် အတိုင်း သေသေချာချာ ကြည့်ရှု လေ့လာပြီးသား ဖြစ် သောကြောင့် မဟာစည် ဆရာတော်ဘုရားကြီး၏ နိဗ္ဗာန ကထာကို ကိုးကား ချေဆိုလိုက်တော့သည်။

"မဟာစည် ဆရာတော်ဘုရားကြီး ရေးသားသော နိဗ္ဗာနကထာတွင် 'သဗ္ဗတော ပဘံ'ကို ဖွင့်ပြရာ၌(နိဗ္ဗာန် ကို တောက်ပသည်-ဟု ဆိုရာ၌ တစုံတခုသော ညစ်ညူး ကြောင်းနှင့်မျှ မစပ်ယှက်သောကြောင့်သာ ဆိုသည်)လို့ ဆိုထားပါတယ်၊ ဆရာတော်ဆိုတဲ့ ဆရာတော် ထင်နေတဲ့ အရောင်ရှိလို့ ဆိုထားတဲ့ ပဘံ၊ မဟုတ်ပါဘူး။"

မိမိက ဤလို ချေပလိုက်တဲ့အခါ ထိုဆရာတော်က-

"မဟာစည်ဆရာတော်ဟာ ဒေသနာဉာဏ်မရှိဘူး"တဲ့။

http://www.dhammadownload.com

ဒီတော့ မိမိနှုတ်မှ "အလိုဘုရား-ဘုရား"လို့ ထွက်သွားပြီး ဘာမျှ ပြန်ပြောစရာ စကားမရှိအောင် ဖြစ်သွားပါလေတော့သည်။ ပြောလဲ ဆက်ပြီး မပြောလိုပဲ ဖြစ်သွားခဲ့သည်။ ထိုဆရာတော်သည့် ထိုစကားကို စကားနိုင်လုံ့၍ နိုင်လျင်ပြီးစတမ်းအနေနှင့် ပြောလေသလား၊ ဒါမှမဟုတ်၊ တကယ်ပဲ မဟာစည်ဆရာတော်ဟာ သူ့လောက်ဒေသနာဉာဏ် မရှိဘူးထင်၍ ပြောလေသလား၊ တော့ မသိပေ။

ထိုဆရာတော်သည် ပရိယတ္တိ ပိုဋ္ဌစဉ် "ဝါစနာမဂ္ဂ"ဌ္ဌကျမ်းကျင်လှသည်ကိုကား မိမိသာမဟုတ်၊ အများကပင် သိရှိနေကြသည်။ စာချဲကောင်း ဓမ္မကထိကကောင်းဖြစ်၍ မိမိစိတ်ထဲကလဲ ထိုဆရာတော်အား လေးစားလျက်ပင် ရှိခဲ့သည်။ ပရိယတ္တိမမှဋ္ဌ အားစိုက်လုံးပန်းလျက်ရှိသော ထိုဆရာတော်မှာ ပဋိပတ္တိဘက်တွင် အားစိုက်နိုင်ခြင်း မရှိခဲ့သည်ကိုကား မိမိက သိရှိနေခဲ့သည်။ အခြားနေရာဌ္ဌ စာတွေ့ ဘယ်လောက်တတ်နေနေ နက်နဲခက်ခဲလှသော နိဗ္ဗာန်သဘောကို ကြုံဆကြရာဌ္ဌ ကိုယ့်ရှုထောင့်နှင့်ကိုယ် တမျိုးစီ ဖြစ်နေတတ်ကြသည်။ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားမှာမူ ပရိယဲတ်, ပဋိပတ် နှစ်ရပ်စလုံး ပြည့်စုံကြောင်းကို ပညာရှိ သူတော်ကောင်းတို့က သိနေကြသော ဆရာတော်ဖြစ်ပေသည်။ သဗ္ဗတော ပဘံ - ဟူသောပုဒ်ကို မဟာစည် ဆရာတော်ဘုရားကြီးက ဖွင့်ပြတော်မူရာဌ္ဌ ဆရာတော်ဘုရားကြီး သဘောကျအတိုင်း ဖွင့်ပြထားရုံသာမက မူလပဏ္ဏာသ-

http://www.dhammadownload.com

၈ နိဗ္ဗာန်ဆိုင်ရာတရားတော်

ပြဟ္မနိမန္တနသုတ် အဖွင့် အဋ္ဌကထာ ဋီကာများနှင့်အညီ ဖွင့်ပြထားခြင်းလဲ ဖြစ်ပေသည်။

လာလုဒါယိနှင့် အရှင်သာရိပုတ္တရာ

ကာမဂုဏ်ချမ်းသာမျိုး ဝေဒယိတသုခမှကင်းလျှင် မနှစ်မြို့နိုင်သော ပုထုဇဉ် အတ္တဒဋ္ဌိရှိနေသူတို့က နိဗ္ဗာန်ကို သူတို့အလိုရှိသည့်အတိုင်း ဖြစ်လိုကြသဖြင့် ဝေဒယိတသုခဘက်သို့ မရောက်ရောက်အောင် ဆွဲဆောင်ကြံစည်ကြသည်။ ဝေဒယိတသုခမျိုး မရှိ-ဟု ထင်မြင်သဘောရှလျှင်လဲ ဘယ်လိုချမ်းသာပါသည် ဆိုဆို နိဗ္ဗာန်ကို မကြိုက်နိုင်ပဲ ဖြစ်နေကြပြန်သည်။ ဤသည်ကို ထင်ရှားပေါ်လွင်စေရန် ဆရာတော်ဘုရားကြီးက ပုထုဇဉ် လာလုဒါယိနှင့် အရှင်သာရိပုတ္တရာ မထေရ်မြတ်တို့၏ ဝတ္ထုသွားကို ဤနိဗ္ဗာန်ဆိုင်ရာ တရားတော် နှာ ၅၉-တွင် သာဓကအဖြစ် ဟောကြားထားသည်ကို တွေ့နိုင်ပေသည်။

"ငါ့ရှင်သာရိပုတ္တရာ-နိဗ္ဗာန်၌ ခံစားစရာ မရှိပါပဲ ဘယ်လိုလုပ်ပြီး ချမ်းသာမှာလဲ"

"ငါ့ရှင် ဥဒါယီ-နိဗ္ဗာန်၌ ခံစားခြင်း မရှိပါဘူး၊ အဲဒီ ခံစားခြင်း မရှိတာပင်လျှင် နိဗ္ဗာန်ချမ်းသာပါပဲ"

ဤသို့ လာလုဒါယီနှင့် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးတို့ နိဗ္ဗာန်ချမ်းသာနှင့် နိဗ္ဗာန်၏သဘောကို မေးဖြေဖေါ်ထုတ်ခဲ့ကြသည်။ လာလုဒါယီသည် နိဗ္ဗာန်ကို တခါတရံမျှ မမြင်ဘူးသေးသော ပုထုဇဉ်အတ္တစွဲရှိနေသူ ဖြစ်သည့်

http://www.dhammadownload.com

အလျောက် ဝေဒယိတသုခမရှိသော နိဗ္ဗာန်ချမ်းသာကို မနှစ်မြို့နိုင်အောင် ဖြစ်နေသည်။ အရှင်ဿာရိပုတ္တရာ မထေရ်မြတ်မှာမူ သန္တိသုခနိဗ္ဗာန်ကို ဒိဋ္ဌထင်ထင် ကိုယ်တိုင်မြင်ပြီးသား ကိုယ်တိုင် ချမ်းသာဘူးပြီးသား ဖြစ်သောကြောင့် လာလုဒါယိ မထေရ်တို့ကဲ့သို့ နိဗ္ဗာန်ကို ကြံဆတွေးတောပြီး မနှစ်မမြို့နိုင် ဖြစ်မနေတော့ပေ။

ပဋိပတ်ဖြင့်သာ မြင်နိုင်သည်

နိဗ္ဗာန်ကို ပရိယတ်အမြင်ဖြင့် အတိအကျ မြင်နိုင်သည် မဟုတ်။ နိဗ္ဗာန်ကို ဒိဋ္ဌထင်ထင်မြင်ပြီး ဖြစ်သော အရိယာပုဂ္ဂိုလ်တို့ ပြောပြထားချက်ဖြင့် တဆင့်ကြား မှန်းဆသိရသော အမြင်လောက်သာ မြင်နိုင်ပေသည်။ ဘုရား စသော အရိယာပုဂ္ဂိုလ်တို့ မြင်ရသော နိဗ္ဗာန်မှာကား ပဋိပတ်အကျင့်မြတ်ဖြင့် မြင်တော်မူကြရသော နိဗ္ဗာန်ဖြစ်ပေသည်။ တဆင့်ကြား မဟုတ်သောကြောင့် ပရိယတ်အမြင်ဖြင့် မြင်သလို မှန်းဆတွေးတော နေရခြင်းမျိုး မဟုတ်သဖြင့် အထင်မှား အမြင်မှား မဖြစ်နိုင်တော့ပေ။ လာလုဒါယိ မထေရ်သည် နိဗ္ဗာန်ကို ပရိယတ် တဆင့်ကြားဖြင့် သိနေသော နိဗ္ဗာန်ဖြစ်နေရာ လွဲလွဲမှားမှား သိမြင်ပြီး အင်မတန် မှုန်မြတ်သော နိဗ္ဗာန်ကို မလိုချင်အောင် ဖြစ်နေခဲ့၏။

လာလုဒါယိကဲ့သို့ပင် နိဗ္ဗာန်ချမ်းသာကို ကိုယ်တိုင်မသိ၍ တော်အောင်, လျော်အောင် ထင်ကာ မလိုချင်ပဲ ဖြစ်နေသူ

http://www.dhammadownload.com

တွေကား များစွာ ရှိနေကြပေလိမ့်မည်ဟု မှန်းဆရသည်။ "ဒို့တော့ နိဗ္ဗာန်ကို မလိုချင်ပေါင် ဆေးလိပ်သောက်ချင်လို့မှ ဆေးလိပ်မရှိတဲ့ နိဗ္ဗာန်"ဟု အပျက်လိုလို, ဘာလိုလို ကရော်ကမယ်လုပ်၍ ပြောသော်လဲ ထိုသူတို့ပြောသော စကားထဲတွင် ဝေဒယိတသုခမှ ကင်းဆိပ်နေသည်ကိုသိ၍ နိဗ္ဗာန်ချမ်းသာကို မကြိုက် မနှစ်သက်နိုင်ကြောင်းမှာ ပေါ်လွင်ထင်ရှားနေပေသည်။ တခါက ဥရောပတိုက်သား အခြားဘာသာဝင် တယောက်သည် ဗုဒ္ဓဘာသာဝင် တယောက်ထံ"ခင်ဗျားတို့ ဗုဒ္ဓဘာသာရဲ့ အနှစ်သာရကို ပြောပြစမ်းပါဗျာ"ဟု ဘာသာရေးလေ့လာမှုပြုသည် ဆို၏။ နတ်ရွာသုဂတိ ရောက်ကြောင်း ဖြစ်ဆော ဒါနအကြောင်း,သီလအကြောင်း,ဘာဝနာအကြောင်းများကို ဗုဒ္ဓဘာသာဝင်ဖြစ်သူက ပြောပြ၏။" ဒါပဲလားဗျာ၊ နောက်ဆုံး ပန်းတိုင်က ဘယ်လိုပါလဲ"ဟု ဥရောပတိုက်သားက မေးရာ " နောက်ဆုံး ပန်းတိုင်ကတော့ နိဗ္ဗာန်ပါပဲ၊ နိဗ္ဗာန်ဆိုတာ ရုပ်နာမ် ခန္ဓာ အားလုံး ချုပ်ဆုံးသွားတာပါ၊" ဟု ပြောလိုက်တော့ " ဟင်-အပြီးသတ်ကျမှ အဖျားရှုးလိုက်တာဗျာ"လို့ ပြောသွားသတဲ့။ ထို ဥရောပတိုက်သားမှာလဲ လာလုဒါယီမထေရ်ကဲ့သို့ အတ္တစွဲ ပုထုဇဉ်တဦးပင်ဖြစ်သဖြင့် နိဗ္ဗာန်၏ သန္တိသုခမျိုးကို အထင်သေးလျက် ဝေဒယိတသုခကိုသာ နှစ်ခြိုက်ကြောင်း ထင်ရှားလှပေသည်။ ကိုယ်ကိုင် ပဋိပတ်အမြင်ဖြင့် မမြင်ရသေးပဲ တဆင့်ကြားပရိယတ်အမြင်မျိုး မြင်ကြရသူတို့သည် လာလုဒါယီနှင့် ထို

http://www.dhammadownload.com

ဥရောပတိုက်သားတို့ကဲ့သို့ နိဗ္ဗာန်ကို လေ့လာကြရာ၌ အဖျားရှုးသည်ဟု ထင်သည်က များကြပေလိမ့်မည်။

အရိယာပုဂ္ဂိုလ်တို့အမြင်

ပြုပြင်မှု သင်္ခါရသဘောနှင့် မကင်းသော ဝေဒယိတသုခမျိုးကို အရိယာပုဂ္ဂိုလ်တို့က သုခဟူ၍ မမြင်၊ ဒုက္ခနှင့် တန်းတူ ထားတော်မူကြလျက် လောကီသုခ ဒုက္ခဟူသမျှ အားလုံး ဒုက္ခချည်းသာဟု မြင်တော်မူကြသည်။ ထို့ကြောင့် အရိယာပုဂ္ဂိုလ်တို့သည် ဒုက္ခဟူ၍ မြင်ပြီးဖြစ်သော ဝေဒယိတသုခမျိုးကို အလိုရှိတော်မမူကြ။ ထို ဝေဒယိတသုခ ဒုက္ခတို့မှ ကင်းသော သန္တိသုခကိုသာ အလိုရှိတော် မူကြလေသည်။ သန္တိသုခ အပြည့်အဝ ရှိသော နိဗ္ဗာန်ကို ပဋိပတ်အမြင်ဖြင့် ဒိဋ္ဌထင်ထင် ကိုယ်တိုင်မြင်ပြီး, ငြိမ်းအေး ချမ်းသာဘူးပြီး ဖြစ်၍လဲ ဝေဒယိတသုခမျိုးကို အထင်ကြီးတော်မမူကြတော့ပေ။ ထို့ကြောင့်ပင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် အချိန်ရတိုင်း နိဗ္ဗာန် ချမ်းသာဖြင့် နေတော်မူလို့၍ ပြီး "သုခမိဒံ အာဝုသော နိဗ္ဗာနံ၊ သုခမိဒံ အာဝုသော နိဗ္ဗာနံ" ဟူ၍လဲ နှုတ်တော်မှ ဥဒါန်းကျူးတော်မူလေ့ ရှိပေသည်။ ကိလေသာ အလုံးစုံကုန်ပြီးသား ရဟန္တာအဖြစ်သို့ ရောက်သွားပြီဆိုလျှင် ဝေဒယိတသုခဆိုသည့် ချမ်းသာမျိုးကို "ချမ်းသာလှပါပေသည်"ဟူ၍ နိဗ္ဗာန်ချမ်းသာကို ဥဒါန်းကျူးသကဲ့သို့ မည်သည့် အခါမျှ ကျူးရင့်တော်မူလေ့ မရှိ

http://www.dhammadownload.com

ကြတော့ပေ။ အရိယာပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကို ဒိဋ္ဌထင်ထင်မြင်ပြီး၍ နိဗ္ဗာန်ချမ်းသာ့ဖြင့် အချမ်းသာဆုံး ချမ်းသာနေကြပြီဖြစ်သောကြောင့် ပုထုဇဉ်တို့ လိုလားနေသော ဝေဒယိတသုခ မျိုးကို လိုလားတော်မူခြင်း မရှိကြပဲ လျစ်လျူရှုတော်မူနိုင်ကြသည်။ အရိယာပုဂ္ဂိုလ်တို့ မြင်ထားသော ဤနိဗ္ဗာန်ချမ်းသာကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးသည် ဤ "နိဗ္ဗာန်ဆိုင်ရာ တရားတော်" တွင် ထိထိမိမိ အပြည့်အစုံ ဟောကြားထားသည်ကို တွေ့ကြရမည်သာ ဖြစ်ပေသည်။

ပြည့်စုံလှပေသည်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးသည် ဤ နိဗ္ဗာန်ဆိုင်ရာ တရားတော်ကို တရားတပွဲလျှင် တပိုင်းပိုင်း၍ တရားပွဲ ၇-ပွဲ ဟောခဲ့သည်၊ သို့သော် "နောက်ဆုံး ၂-ပိုင်းကို ချုံး၍ တပိုင်းတည်း ရေးထားသည်" ဟု အမိန့်ရှိပါသည်၊ ထို့ကြောင့် အပိုင်းကြီး (၆)ပိုင်းနှင့် မှာတိုကာပေါင်း ရာကျော်ရှိနေပေရာ နိဗ္ဗာန်ကို လက်နှင့် ကိုင်ပြသကဲ့သို့ နိုင်နင်းတော်မူလှပေသည်။ နိုင်နင်းတော်မူသလောက်ပင် ဟောကြားထားသည့် နေရာမှာလဲ ဘယ်နေရာမှာလိုနေသေးသည်ဟူ၍ မရှိရအောင် အကွက်စေ့စေ့ ပြည့်ပြည့်စုံစုံ ဟောထားသည်ကို တွေ့ကြရပေလိမ့်မည်။ တဘက်သတ် ပရိယတ် အမြင်မျိုးနှင့်ကြည့်ပြီး ဟောကြားထားသော တရားမဟုတ်၊

http://www.dhammadownload.com

ပရိယဲတ်, ပဋိပတ်နှစ်ရပ် အမြင်မျိုးနှင့် ဟောဆားသော တရားဖြစ်သောကြောင့်လဲ ပရိယတ်သမားများရော ပဋိပတ်သမားများပါ အားရနှစ်သက်ခလောက်သည့် တရားခတော်လဲ ဖြစ်ပေသည်။ ပရိယတ်, ပဋိပတ်နှစ်ရပ် အပြည့်အစုံ ဟော ကြားထားသော ဤ တရားမျိုး(နိဗ္ဗာန်တရားမျိုး)ကို ပဋိပတ် အတွေ့အမြင်မရှိလျှင် အာဘယ်ပုဂ္ဂိုလ်သည် ဟောကြား နိုင်စွမ်း ရှိပေမည်နည်း။ ပဋိပတ် အတွေ့အမြင် မရှိသော သာမန်ပုဂ္ဂိုလ်တို့ ဟောကြားနိုင်စွမ်းမရှိသော တရားမျိုး ဖြစ်ပေသည်။

ဤ နိဗ္ဗာန်ဆိုင်ရာ တရားတော်တွင် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်သည့် အခြေခံ ဝိပဿနာရှုနည်းလဲ ပါသည်။ ဝိပဿနာ ရှုမှတ်ရင်း နိဗ္ဗာန်သို့ ဆိုက်ရောက်သွားပုံလဲ ပါသည်။ ပါဠိတော်, အဋ္ဌကထာက သာမန်ဆိုထား၍ အသိခက်သော နေရာမျိုးတွင် အတိအကျ ဖော်ထုတ်ပြထားသည်လဲ ပါသည်။ လမ်းမှား အားထုတ်နေကြသော ယောဂီတို့အတွက် လမ်းမှန်ရောက်အောင် လမ်းညွှန်လဲ ပါသည်။ အနည်းငယ်မျှ ဖော်ပြရလျှင်–

> "ဒုဂါရ ၆–ပါးက ဖြစ်တိုင်း,ဖြစ်တိုင်းကို လိုက်ပြီး မရှု နိုင်သေးခင် အာဃထုတ်ခါစမှာ ထင်ရှားတဲ့ ရုပ်အမှုအရာ တခုခုကစပြီး ရှုမှတ်ရတယ်။ သွားနေဆဲဆိုလျှင် သွားတဲ့ အမှုအရာကပဲ စပြီး ရှုရတယ်" နှာ (၁၁)

ဤသို့ စသည် အခြေခံ ဝိပဿနာရှုမှတ်နည်း။

http://www.dhammadownload.com

"ရှုတိုင်း ရှုတိုင်း ဖြစ်ဖြစ်ပြီး ပျက်ပျက် သွားတာကို ချည်းဉာဏ်ဖြင့် တွေ့နေရတာတွေဟာ သင်္ခါရတွေချည်းပဲ၊ နောက်ဆုံးကျတော့ ဒီလို ရှုနေရင်းထဲကပင် ဖြစ်ပျက်ခြင်း မရှိတဲ့ သဘောထဲကို အသိဉာဏ်က သူ့အလိုလို ရောက်သွားတယ်။ အဲဒါဟာ မဂ်ဖိုလ်ဉာဏ်ဖြင့် ဖြစ်ခြင်းကင်းတဲ့ နိဗ္ဗာန် အငြိမ်းဓာတ်ကို မျက်မှောက်တွေ့သွားတာပဲ" နှာ ၇၂။

ဤသို့ စသည် ရှုမှတ်ရင်း နိဗ္ဗာန်သို့ ဆိုက်ရောက်သွားပုံ။

"အနိမိတ္တ ပစ္စုပဋ္ဌာနံ-ပုံသဏ္ဌာန်အရိပ် နိမိတ်ကင်းသောအားဖြင့် ဉာဏ်အားရှေးရှုထင်၏-လို့ ပြဆိုထားပါတယ်။ အဲဒီမှာ ဉာဏ်အား ရှေးရှုထင်တယ်ဆိုတာက ဘယ်ဉာဏ်ကို ဆိုပါသလဲဆိုယင် နိဗ္ဗာန်အစစ်ကို အရိယာများသာ သိနိုင်တဲ့အတွက် အရိယာများ၏ မဂ်ဖိုလ်ဉာဏ်နှင့် ပစ္စဝေက္ခဏာဉာဏ်ကို ယူယင် အသင့်တော်ဆုံးပါပဲ နှာ ၈၂။

ဤသို့ စသည် သာမန်ဆိုထား၍ အသိခက်သော နေရာများတွင် အတိအကျ ဖေါ်ထုတ်ပြထားပုံ။

"တချို့က ဒီလို ပါဋ္ဌိကို ကိုးပြီး အလွဲအမှားတွေကို ဟောနေကြတာ ရှိတယ်။ သူတို့ဟောပုံကတော့ အားထုတ်နေယင် သင်္ခါရ ဆင်းရဲတွေ ဖြစ်နေတာပဲ။ ပ။ ဘာ

http://www.dhammadownload.com

ဝနာ ကုသိုလ်တွေ ပြုနေဘို့မလိုဘူး။ ပ။ အဲဒါ ဗုဒ္ဓတရား တော်နဲ့ ပြောင်းပြန်ဆန့်ကျင့်ဘက်ပဲ" နှာ ၈၈။

ဤသို့ စသည် လမ်းညွှန်ပုံတွေပါ ပါရှိပေသည်။

ဘတ်ကြည့်ပါ

ကောင်းမွန်ပြည့်စုံသမျှကို ဤနေရာတွင် ကုန်စင်အောင် ဖေါ်ပြနေရန် အခွင့်မရပေ။ ကောင်းမွန်သလောက်ကို တကယ် ကုန်စင်အောင်လဲ ဖေါ်ပြနိုင်စွမ်း မရှိပါ။ လျှာပေါ်တင်၍ မြည်းရုံ၊ အရသာ သိလောက်ရုံမျှသာ ဖေါ်ပြလိုက်ရခြင်း ဖြစ်ပေသည်။ ကိုယ်တိုင် ဘတ်ရှုကြည့်သည့်အခါ အပြည့်အဝ သိရပါလိမ့်မည်။ ဤတရားတော်တွင် သဉပါဒိ သေသ နိဗ္ဗာန်မှ ပရိနိဗ္ဗာန်ပြု၍ အနုပါဒိ သေသ နိဗ္ဗာန်အထိ ဟောကြားထားသဖြင့် နိဗ္ဗာန်သဘောကို ထင်ရှားအောင် အပြည့်အစုံ ဟောကြားထားပေသည်။ ဆရာတော်ဘုရားကြီး ဟောကြားသော တရားဖြစ်စေ, ရေးသားသော ကျမ်းဂန်ဖြစ်စေ ဟောခွင့် ရေးခွင့်ရောက်လာလို့ ဟောပြီ, ရေပြီဆိုလျှင် သိပြီး ဖြစ်ကြသည့်အတိုင်း ပရိယတ်ရော ပဋိပတ်ပါ အပြည့်အစုံ ဟောကြား ရေးသားတော်မူလေ့ရှိပါသည်။ ယခု ဤနိဗ္ဗာန်ဆိုင်ရာ တရားတော်တွင်လဲ ဘယ်နေရာမှာ ပရိယတ်ဘက်က လိုနေသည်, ဘယ်နေရာမှာ ပဋိပတ်ဘက်က လိုနေသည်ဟူ၍ တွေ့ကြရမည်မဟုတ်ပဲ အဘက်ဘက်က ပြည့်စုံနေသည်ကို တွေ့ကြရမည်သာ ဖြစ်ပေသည်။ ဟောရာ ပြောရာ ရေးသား

http://www.dhammadownload.com

တ နိဗ္ဗာန်ဆိုင်ရာတရားတော်

ကြွရာ၌ ပရိယတ် အားသန်သူတို့က ပရိယတ် တဘက်ကို သာဝင်း၊ ပဋိပတ် အားသန်သူတို့က ပဋိပတ် တဘက်ကို သာဝင်း ဟောပြော ရေးသားတတ်ကြသဖြင့် မပြည့်မစုံ ဖြစ်နေတတ်ကြပေသည်။ ဤကဲ့သို့ တဘက်ဘက်က လိုနေပြီ ဆိုလျှင် ထမင်းကောင်းပါသော်လဲ ဟင်းမကောင်း၊ ဟင်းကောင်းပါသော်လဲ ထမင်းမကောင်းသကဲ့သို့ စားဆုဋ္ဌ အရသာ မပြည့်စုံပဲ ဖြစ်နေတတ်ပေသည်။ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟောကြား ရေးသားသော တရားနှင့် ကျမ်းဂန်များမှာကား နှစ်ဘက်စလုံး ပြည့်ပြည့်စုံစုံ ထမင်းရော ဟင်းရော အကောင်းချည်း စားရသည်နှင့် တူသောကြောင့် အရသာ ပြည့်ပြည့်စုံစုံ စားကြရသကဲ့သို့ ရှိပေသည်။

ဤနိဗ္ဗာန်ဆိုင်ရာ တရားတော်သည် နောင်လာနောက် သား ပညာရှိ သူတော်ကောင်းတို့အတွက်ရော မျက်မှောက်ရှိ ပညာရှိ သူတော်ကောင်းတို့ အတွက်ပါ ရတနာထုပ်ကြီးကို ရရှိသည့်အလား ကျေးဇူးများလှသော တရားတော်ဖြစ်သဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော် တည်သမျှကာလပတ်လုံး အဓွန့်ရှည်ကြာ တည်ပါစေ-ဟူသော ပတ္ထနာမှုပြုရင်း ဤလက်ဦးရှုဘွယ်ကို အဆုံးသတ်ပါသတည်း။

ဝက်လက် မစိုးရိမ် ဦးတိသ

၁၃၇၆-ခု၊ တော်သလင်းလ

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ စာမျက်နှာ

ပဌမပိုင်း ၁-မှ ၎၁

တရားပလ္လင်ခံ ၁
နိဗ္ဗာန် ဆိုတာ ဘာလဲ ၄
ရတနသုတ်ပရိတ်ဂါထာ ၉
ကံကုန်အောင် ကျင့်နည်း ၁၁
စိတ္တဝိသုဒ္ဓိ ဖြစ်ပုံ ၁၂
ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ပုံ ၁၃
သမ္မသနဉာဏ် ဖြစ်ပုံ ၁၃
ဥဒယဗ္ဗယဉာဏ် စသည် ဖြစ်ပုံ ၁၄
သောတာပန် စသည် ဖြစ်ပုံ ၁၄
ဒါနကုသိုလ်က အရဟတ္တဖိုလ်အကျိုး ပေးသည် ၁၆
ဝိပဿနာလဲ ရှုပြီးမှ အရဟတ္တဖိုလ် ရတယ် ၁၇
ရဟန္တာမှာ သေရေး နေရေး မတောင့်တ ၁၉
တဏှာကြောင့် ဘဝသစ် ဖြစ်တယ် ၂၄
ရဟန္တာမှာ တဏှာမရှိလို့ ဘဝသစ် မဖြစ် ၂၅
ဆီမီးငြိမ်းတာက ငြိမ်းတာနဲ့ တူတယ် ၂၈
နိဗ္ဗာန်-ပုဒ်၏ ဝစနတ္ထများ ၃၃
သန္တိလက္ခဏာ အဓိပ္ပါယ် ၃၇
ကိလေသဝဋ် ၃၇
ကမ္မဝဋ် ၃၈
လူမိုက်မမှီဝဲတာ မင်္ဂလာ ၄၁
ဝိပါကဝဋ် ၄၃

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
ဝဋ်သုံးပါး လည်မနပုံ	....	၄၄
ဝဋ်သုံးပါး ကြောက်စရာ ကောင်းတယ်	....	၄၇
ဝဋ်သုံးပါး ကင်းအောင်ကျင့်ပုံ	....	၄၈
လောက ဖြစ်ပုံ	....	၄၉
လောက ချုပ်ပုံ	....	၅၁
သပ္ပသသုတ်	....	၅၄
ထန်းငုတ်တိုနှင့် တူတယ်	....	၅၆
နိဗ္ဗာန် ချမ်းသာပုံ	....	၅၉
အဲဒါတမှ ချမ်းသာအစစ်	....	၆၂
ကာမဂုဏ်ချမ်းသာထက် ပဌမစျာန်ချမ်းသာက သာ၍ကောင်းသည်	....	၆၄
ပဌမစျာန်ချမ်းသာ စသည်ထက် ဒုတိယစျာန် ချမ်းသာစသည်က သာ၍ကောင်းသည်	....	၆၆
စျာန်ချမ်းသာဟွေထက်နိဗ္ဗာန်ကသာ၍ချမ်းသာသည်		၆၇
နိဂုံးချုပ် တရားသိမ်း ပတ္ထနာ	....	၇၁

ဒုတိယပိုင်း ၇၂-မှ ၁၃၁

တရားအနုသေန္ဓ	....	၇၂
သစ်ါရနှင့် နိဗ္ဗာန် ခွဲပုံ	....	၇၂
(၁) ဥပ္ပါဒနှင့် အနုပ္ပါဒ	....	၇၂
(၂) ပဝတ္တနှင့် အပ္ပဝတ္တ	....	၇၄
(၃) နိမိတ္တနှင့် အနိမိတ္တ	....	၇၇

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
ဘင်္ဂဉာဏ်ရောက်တော့ သဏ္ဌာန်နိမိတ် ကင်းသည်	....	၇၈
နိဗ္ဗာန်၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်	....	၈၂
နိဗ္ဗာန်မှာ အဆင်းအရောင် ပုံသဏ္ဌာန်မရှိ	....	၈၂
(၄) အာယူဟနာနှင့် အနာယူဟနာ	....	၈၅
အားမထုတ်ပဲ နေရုံနဲ့ တော့ ကံမကင်းနိုင်	....	၈၈
အကုသိုလ်က ရေစုန် မျောတာလိုပင် ဖြစ်လွယ်တယ်	....	၈၉
ကုသိုလ်မပြုပဲ နေယင် အကုသိုလ်ချည်း မပြတ် ဖြစ်နေမယ်	....	၉၂
ရဟန္တာဟာ ကုသိုလ်အမှုကိုတော့ မပယ်ဘူး	....	၉၄
(၅) ပဋိသန္ဓေနှင့် ပဋိသန္ဓေ ကင်းတာ	....	၉၆
နိဗ္ဗာန်ဓာတ် ၂-ပါး	....	၉၉
သဉ္ဉပါဒိသေသနိဗ္ဗာန်	....	၁၀၀
ဝန်ထုပ်ကြီး ၃-ခု	....	၁၀၂
(၁) ကိလေသာဝန်ထုပ်ကြီး	....	၁၀၂
(၂) အဘိသင်္ခါရဝန်ထုပ်ကြီး	...	၁၀၃
(၃) ခန္ဓာဝန်ထုပ်ကြီး	....	၁၀၅
ဝန်ထုပ်တွေ ပယ်ချပြီး ဖြစ်နေပြီ	....	၁၁၄
ဘဝနှောင်ကြိုးလဲ မရှိတော့ပြီ	....	၁၀၈
မှန်စွာရှိသိ၍ လွတ်မြောက်နေပြီ	....	၁၁၀
ဣန္ဒြေငါးပါး ရှိနေလို့ သူခ ဒုက္ခ ခံစားရတယ်	....	၁၁၁

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
ရာဂ စသည် မဖြစ်ခြင်း-ငြိမ်းခြင်းဟာ သဥပါဒိ သေသနိဗ္ဗာန်ပဲ	....	၁၁၃
အနုပါဒိ သေသနိဗ္ဗာန်	....	၁၁၆
အထူးမှတ်ဖွယ် ကောင်းသည့် ဂါထာ ၂-ပုဒ်	....	၁၂၀
ရာဂ စသည် ကုန်ခြင်းကိုပင် နိဗ္ဗာန်ဟု ဆိုသည်	....	၁၂၃
အကြောင်း နိဗ္ဗာန် အကျိုး နိဗ္ဗာန် မခွဲသင့်	....	၁၂၅
နိဂုံးချုပ် ဘရားသိမ်း ပတ္ထနာ	....	၁၃၁

တတိယပိုင်း ၁၃၂ - မှ ၁၇၆

တရားအနုသန္ဓေ	....	၁၃၂
မြတ်စွာဘုရားကျူးရင့်သော ဥဒါန်းဂါထာတော်	....	၁၃၂
ဗာဟိယဒါရုစီရိယငတ္ထု	....	၁၃၆
ဗဟိယသုတ်တရာ တော်	....	၁၄၂
ဒိဋ္ဌေ ဒိဋ္ဌမတ္တံ စသည်ရှုနည်း အကျဉ်း	....	၁၄၃
အရှင်ဗ ဟိယ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံသည်	....	၁၄၉
မျက်စိနှင့် ရူပသညာ ချုပ်လျှင် နိဗ္ဗာန်	....	၁၅၄
ကြားသိ ရှုပြီး အငြိမ်းဓာတ် တွေ့ပုံ	....	၁၅၇
နံသိ ရှုပြီး အငြိမ်းဓာတ် တွေ့ပုံ	....	၁၅၈
စားသိ ရှုပြီး အငြိမ်းဓာတ် တွေ့ပုံ	....	၁၅၉
ထိုသိ ရှုပြီး အငြိမ်းဓာတ် တွေ့ပုံ	....	၁၆၀
အသိစိတ် ရှုပြီး အငြိမ်းဓာတ် တွေ့ပုံ	....	၁၆၁
အာယာတန ၆-ပါးချုပ်တာ နိဗ္ဗာန်ပဲ	....	၁၆၂

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
နိဗ္ဗာန် မျက်မှောက်ပြုပုံ	....	၁၆၅
သမ္မာပဋိပန္ဒ-နည်းလမ်းမှန်စွာ ကျင့်ပုံ	....	၁၆၉
နိဗ္ဗိဒါဉာဏ်ဖြစ်ပုံ ဥပမာ	....	၁၇၃
နိဂုံးချုပ် တရားသိမ်း ပတ္ထနာ	....	၁၇၆

စတုတ္ထပိုင်း ၁၇၇-မှ ၂၄၇

တရားအနုသန္ဓေ	....	၁၇၈
အရိုအသေတရားနာကြသည်	....	၁၇၉
တစ္ဆေမတယောက်တောင် တရားနာတယ်	....	၁၈၀
နိဗ္ဗာန ပဋိသံယုတ္တ ဥဒါန်းပါဋိ (၁၇၇)	....	၁၈၈
နိဗ္ဗာန်ဆိုတာ တကယ်ရှိတဲ့တရား	....	၁၈၉
နိဗ္ဗာန်မှာ ဓာတ်လေးပါး မရှိ	....	၁၉၀
ဥပါဒါရုပ်လဲ မရှိ	....	၁၉၁
ရုပ်မှီတဲ့စိတ်လဲ မရှိ	....	၁၉၂
အရူပစိတ်လဲ မရှိ	....	၁၉၃
နိဗ္ဗာန်မှာ ရုပ်နာမ်အားလုံးပင် မရှိ	....	၁၉၆
နိဗ္ဗာန်ဆိုတာ လောကမှ အလွတ် ဖြစ်သည်	....	၁၉၈
နိဗ္ဗာန်မှာ လာခြင်းသွားခြင်း တည်ခြင်း မရှိ	....	၁၉၉
စုတေခြင်း ကပ်ရောက်ခြင်းလဲ မရှိ	....	၂၈၁
တည်ရာလဲ မရှိ	....	၂၀၂
ရုပ်နာမ် အယဉ်လဲ မရှိ	....	၂၀၃
ရောဟိတဿသုတ်တရား	....	၂၈၅

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
လောက၏ အဆုံး သွား၍ မရောက်နိုင်	....	၂၀၆
လောက၏ အဆုံးရောက်မှ ဆင်းရဲငြိမ်းသည်	....	၂၀၇
သစ္စာလေးပါးလုံး ကိုယ်ထဲမှာ ရှိသည်	....	၂၀၈
လောကနှင့် လောကသမုဒယ ကိုယ်ထဲ၌ရှိနေပုံ	....	၂၁၀
ကြားရာ စသည်၌ ဒုက္ခနှင့် သမုဒယ ဖြစ်ပုံ	....	၂၁၄
ထိသိရာ၌ ဒုက္ခနှင့် သမုဒယ ဖြစ်ပုံ	....	၂၂၀
ထိသိမှုနှင့် ဓာတ်လေးပါးက စပြီးဝိပဿနာ ရှုရတယ်		၂၂၃
လူတိုင်း ရှုလို့လွယ်တဲ့ ဖောင်းပိန်မှု	....	၂၂၄
ကြုံသိဆဲ ခဏ၌ ဒုက္ခနှင့် သမုဒယ ဖြစ်ပုံ	....	၂၃၁
လောက၏အဆုံးနိဗ္ဗာန် တွေ့သိပုံတွေ	....	၂၃၇
အနေကဇာတင် ဂါထာ ၂-ပုဒ်	....	၂၃၈
တည်ရာ ရှိ-မရှိ ဆိုတာက ပြလိုရင်းပဲ	....	၂၄၃
နိဂုံးချုပ် တရားသိမ်း ပတ္ထနာ	....	၂၄၇
ပဥ္ဇမပိုင်း ၂၄၈-မှ ၃၀၉		
တရားအနုသန္ဓေ	....	၂၄၈
တဏှာ ကင်းတာ နိဗ္ဗာန်	....	၂၄၈
တဏှာက နိဗ္ဗာန်ကို မကြိုက်	....	၂၅၀
နင်တို့ကမဉ်းစားပေမဲ့ ငါစဉ်းစားဦးမယ်	....	၂၅၁
နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ် ပြုနိုင်ခဲတယ်	....	၂၅၂
မောင်ကာလဝတ္ထု	....	၂၅၃
သောတာပန် ဖြစ်ရတာက စကြဝတေးမင်းအဖြစ် ထက်လဲ မြတ်တယ်	....	၂၆၀

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ စာမျက်နှာ

နတ်ပြဟ္မာဖြစ်ရဘာ ထက်လဲ မြတ်တယ် ၂၆၂
ပြဟ္မာမင်းကြီး ဖြစ်ရတာထက်လဲ မြတ်တယ် ၂၆၅
ကာမသတ္တဝါတွေက ပြဟ္မာဘဝတောင်မကြိုက် ၂၆၇
ကာမ-ရူပသတ္တဝါတွေက ရုပ်မရှိတာမကြိုက် ၂၆၈
နိဗ္ဗာန်ကိုတော့ ဘယ်တဏှာကမျှ မကြိုက် ၂၇၀
နိဆောဓသစ္စာအဖွင့် ၂၇၃
ဥပဓိ ၄-ပါး ၂၇၅
နိဆောဓော-ပုဒ်၏ မူချအနက် ၂၈၀
သီလက္ခန္ဓဝဂ်-ကေဝဋ္ဋသုတ် ၂၈၁
ကေဝဋ္ဋဒါယကာဂက လျှောက်ပုံ ၂၉၂
ဣဒ္ဓိ(တန်ခိုး)ပြာဋိဟာ ၂၉၃
ဂန္ဓာရီအာတတ် ၂၉၆
အာဒေဿနာ(အတပ်ဟော)ပြာဋိဟာ ၂၉၇
အနုသာသနီ(ဆုံမှညွှန်ကြားမှု)ပြာဋိဟာ ၃၀၀
ဘုတ်ငြိမ်းရာရှာတဲ့ ရဟန်း ၃၀၁
နိဂုံးချုပ် တရားသိမ်း ပတ္ထနာ ၃၀၉

ဆဋ္ဌမပိုင်း ၃၁၀--မှ ၁၄၇

တရားအနုသန္ဓေ ၃၁၀
အငြိမ်းဓာတ် ရှိ၍ ငြိမ်းသည် ၃၁၂
မိထွေးတော် မဟာပဇာပတိ ဂေါတမီ ဝတ္ထု ၃၁၅
နေပြည်တော် ကြွရန် ပင့်မလျှောက်ပုံ ၃၂၀

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
သုဒ္ဓါဒနမင်းကြီး သောတာပန် ဖြစ်ပုံ	....	၃၂၃
မိထွေးတော် ဂေါတမီ သောတာပန် ဖြစ်ပုံ	....	၃၂၇
နန္ဒမင်းသား နှင့် ရာဟုလာကို ရှင်ရဟန်းပြုပေးခြင်း	....	၃၂၈
သုဒ္ဓါဒနမင်းကြီးရဟန္တာဖြစ်ပြီးပရိနိဗ္ဗာန်စံခြင်း	....	၃၃၀
ဘိက္ခုနီ ပြုရန် ခွင့်တောင်းခြင်း	....	၃၃၀
အရှင်အာနန္ဒာက ဘိက္ခုနီပြုခွင့် တောင်းပန်ခြင်း	....	၃၃၃
ဘိက္ခုနီပြုရန် ခွင့်ပြုတော်မူခြင်း	....	၃၃၅
မိထွေးတော် ဂေါတမီထေရီ ပရိနိဗ္ဗာန်ပြုပုံ	....	၃၃၇
ငိုသူတို့အား နှစ်သိမ့် စေခြင်း	....	၃၃၉
မြတ်စွာဘုရားအား လျှောက်ပုံ	....	၃၄၄
ကြက်သရေမင်္ဂလာရှိလှသည့် ၃-ဂါထာ	....	၃၄၇
သံဝေဂ ဖြစ်ဖွယ် ဂါထာ ၂ ပုဒ်	....	၃၅၇
အရှင်အာနန္ဒာ၏ ငိုချင်း	....	၃၆၆
အရှင်အာနန္ဒာအား နှစ်သိမ့်စေခြင်း	....	၃၆၇
တန်ခိုး ပြစေ တော်မူခြင်း	....	၃၇၀
ပရိနိဗ္ဗာန်ပြုရန် လျှောက်ခြင်း	....	၃၇၃
နောက်ဆုံး ပရိနိဗ္ဗာန်စံဝင်ပုံ	....	၃၇၄
နိဗ္ဗာန်၏ သရုပ်ဖော် ဂါထာ ၂-ပုဒ်	....	၃၇၉
ဘုရားရှင်၏ ဥယျောဇဉ် ဂါထာ	....	၃၈၄
နိဂုံးချုပ် တရားသိမ်း ပတ္ထနာ	....	၃၈၅

မှာတိကာ ပြီး၏။

http://www.dhammadownload.com

နိဗ္ဗာန်ဆိုင်ရာ တရားတော်စာအုပ်၌-ပြင်ဖတ်ရန်

မျက်နှာ	စာကြောင်း	ရှိရင်း	ပြင်ဖတ်ရန်
၈	၅	အတ္တစ္ဆရှိနေသူ	အတ္တစ္ဆဲ ရှိနေသူ
၈၂	၁	အလျောက်	အလျောက်
၈၃	၁၅	ရေပြီဆိုလျှင်	ရေးပြီဆိုလျှင်
၈	၁၃	ပုပ္ပဂိုလ်	ပုဂ္ဂိုလ်
၁၇	၅	ကုသိုလ်ကံ	ကုသိုလ်ကံက
၂၀	၁၂	ဘာလိုလဲ	ဘာလိုလဲ
၃၄	၁၇	မြ မှ	မြင်ရမှ
၃၅	၁၁	နာဝမ	နာဝမ်
၃၆	၁၆	ငြိမ်းရေကြာင်	ငြိမ်းရေကြာင်း
၄၅	၆	တဘဝ တဘဝ	တဘဝ ကဘဝမှ
၅၃	၆	ဘဝ နိဗ္ဗာနော	ဘဝနိဗ္ဗာနော
။	၁၄	ဒုက္ခဿ	ဒုက္ခက္ခန္ဓဿ
၅၇	၁၁	ကံအသစ်ကြောင့်	ကံ ကြောင့်
၆၄	၁	အစွန်အဖြား	အစွန်အဖျား
။	၂၁	ရဇနိယာ	ရဇနီယာ
၇၂	၁၆	ဖြစ်ပေါ်ခြင်သည်	ဖြစ်ပေါ် ခြင်းသည်
၇၅	၁၁	တင်နေကြတယ်	ထင်နေကြတယ်
၇၉	၁၀	သမ္မသနဉာဏ်	(သမ္မသနဉာဏ်
၈၄	၂	ရာတး မဟုတ်	တရားမဟုတ်
၉၁	၁၉	ထိန်းထာနိုင်	ထိန်းထားနိုင်
■	၂၀	ထားနိုင်ရုံမျှဖြင့်	ထားရုံမျှဖြင့်

http://www.dhammadownload.com

နိဗ္ဗာန်ဆိုင်ရာ တရားတော်စာအုပ်၌-ပြင်ဖတ်ရန်

မျက်နှာ	စာကြောင်း	ရှိရင်း	ပြင်ဖတ်ရန်
၁၀၅	၂၀	ထမ်းဆောင်း	ထမ်းဆောင်
၁၁၄	၁၇	တဲ့လေသာ	ကိလေသာ
〃	၁၉	မပြုရသေးမှာ	မပြုရသေးမိမှာ
〃	၂၁	ယင်	ဆိုယင်
၁၁၆	၈	ဩဟိတဘာဝရော	ဩဟိတဘာဝရော
၁၁၇	၂	၎င်း	၎င်း
၁၁၈	၁	မီးကုန် ဆီခမ်း	မီးစာကုန်ဆီးခန်း
၁၃၇	၁	ခတ်ဝါးမှာ	ခါးဝတ်မှာ
၁၄၈	၁၈	အဲဒါကို	(အဲဒါကို
၁၄၉	၁၈	မြင်ခွံင်မျှ	မြင်ခွံမျှ
၁၅၁	၁၉	ထိုနိဗ္ဗာ	ထိုနိဗ္ဗာန်
၁၅၉	၁၆	အတ္တ- သဒ္ဒါက	အတ္ထ- သဒ္ဒါက
၁၈၀	၁၇	ပိသာစ	ပိသာစ
၁၈၃	၁၃	ရင်ဆိုင်တွေ	ရင်ဆိုင်တော့
၁၈၄	၉	ရိတတ်တယ်	ရှိတတ်တယ်
၁၉၄	၉	ဈာန်ရှိရာဘုံ	ဈာန်စိတ်ရှိရာဘုံ
၅၉၆	၁၂	နာဃညာယကန	နာသညာယတန
〃	၁၈	အာကာသလာနဉ္စာ	အာကာသာနဉ္စာ
		ယန	ယတန
၁၉၇	၁၁	သုံးဘုံပိဋကတ်	သုံးပုံပိဋကတ်
၁၉၈	၂	မရှိဘူးပါလို့	မရှိပါဘူးလို့
၂၀၁	၁၇	ရှတ်တရက်၊	ရှတ်တရက်

http://www.dhammadownload.com

နိဗ္ဗာန်ဆိုင်ရာ တရားတော်စာအုပ်၌ ပြင်ဖတ်ရန်

မျက်နှာ	ကြောင်းရေ	ရှိရင်း	ပြင်ဖတ်ရန်
၂၀၂	၉	ဝင်ရှုးပါတယ်	ထင်ရှားပါတယ်
၂၀၅	၁၈	မြတ်စွာဘုရားက	မြတ်စွာဘုရားကို
၂၀၈	၁၁	သိစေလိုပါတယ်	သိစေလိုပါတယ်)
၂၁၁	၅	ရုပ်ကိုလဲ	ရုပ်တွေကိုလဲ
〃	၁၆	ငါမြင်တယ်၊ “	“ငါမြင်တယ်၊
၂၁၇	၁၃	ခေါ်တဲ့ရတရားတွေ	ခေါ်ရတဲ့တရားတွေ
၂၂၃	၁၀	ကယ်ပြန်တယ်	ကျယ်ပြန်တယ်
〃	၁၃	စပြီးရှုရတယ	စပြီးရှုရတယ်
၂၂၇	၂၀	ပါငင်သော့	ပါဝင်သော
၂၃၀	၂	ဒုက္ခသစ္စာ	ဒုက္ခသစ္စာက
〃	၃	ရှိနေတယ်	ရှိနေတယ်၊
〃	၁၁	ခန္ဓ တို့၏	ခန္ဓာတို့၏
၂၃၁	၂	ဒုက္ခစသည့်	ဒုက္ခ စသည်
၂၃၂	၁၀	ထင်မှားတယ်	ထင်ရှားတယ်
〃	၁၈	ပြောဆိုမယ်	ဆိုမယ်
၂၃၃	၁၂	တာင့်တတာပါပဲ	တောင့်တတာပါပဲ
၂၃၉	၁၉	(တသ္မာ-	တသ္မာ-
〃	၂၁	လသ္မားကို	လက်သ္မားကို
၂၄၀	၁၇	ဖြစ်မိယ	ဖြစ်မိယင်
〃	၂၁	ဖြစ်ချင်တကျာ	ဖြစ်ချင်တဲ့တကျာ
၂၅၄	၂၂	အဲလိုဒီဟာတွေ	အဲဒီလိုဟာတွေ
၂၅၀	၁	အာဝေဝစ္ဆ	အဝေဝစ္ဆ

http://www.dhammadownload.com

နိဗ္ဗာန်ဆိုင်ရာ တရားတော်စာအုပ်၌-ပြင်ဖတ်ရန်

မျက်နှာ	ကြောင်းရေ	ရှိရင်း	ပြင်ဖတ်ရန်
၂၆၃	၁၀	သဝလွန်သလိုပင်	သာလွန်သလိုပင်
၂၆၇	၁	အများအားဖြင့်	အများဆုံးအားဖြင့်
၂၇၃	၁၅	စွန့်ရာသဘောသည်	စွန့်ရာသဘောသည်၊
၂၈၂	၁၂	မဟတ်ဘူး	မဟုတ်ဘူး
၂၈၉	၁၇	နိရဂ္ဂတိ	ဥပရဂ္ဂတိ
၂၉၀	၆	၎င်း	၎င်း
၂၉၁	၈	၎င်း	၎င်း
၃၀၅	၉	မရှိဘူး"လို့	မရှိဘူးလို့
၃၀၈	၁၁	ပြတ်စွဲသွားခြင်း	ပြတ်စဲသွားခြင်း
၃၁၇	၂၁	နန္ဒမင်းသာ	နန္ဒမင်းသား
၃၂၀	၁၇	ဖလေသိ နော	၁၊ ဖလေသိနော
။	။	ဝိပ္ပ ဟာယ	ပ ဝိပ္ပဟာယ
။	၁၉	မဟာ ဝိရ	င မဟာဝီရ
။	။	အဂ်ိရသာနံ	ပ ၎ အဂ်ိ ရသာနံ
၃၂၁	၁၅	နေပြီသို့	၈ ၎ နေပြည်သို့
၃၂၇	၆	ဓမ္မာစာရီ	၁ ဓမ္မစာရီ
၃၂၈	၄	၎င်း	၈ ၎င်း
၃၄၄	၈	သူတော်စဉ်	၁၊ သူတော်စင်
၃၄၈	၂၀	ဦးနှိပ်လျှိုး၍	၁ ၈ ဦးနှိမ်လျှိုး၍
၃၆၀	၁၄	သတ္တမုခ	သတ္ထမုခ
၃၇၁	၁	တော	ဂတာ
၃၈၂	၁၂	နေတဲ့	နေရတဲ့

http://www.dhammadownload.com

နိဗ္ဗာနပဋိသံယုတ္တကထာ

နိဗ္ဗာန်ဆိုင်ရာ တရားတော်

ပဌမပိုင်း

(၁၃၂၆-ခုနှစ်၊ တော်သလင်းလဆန်း ဂ-ရက်နေ့ ဟောသည်)

တရားပလ္လင်ခံ

လွန်ခဲ့တဲ့ သီတင်းနေ့က စူဠဝေဒလ္လတရားတော်ကို အပြီးသတ် ဟောခဲ့တယ်၊ အဲဒီသုတ် အဆုံးပိုင်းမှာ "သုခဝေဒနာနှင့်တူတာ ဘာလဲ" လို့ ဝိသာခ ဃသဋ္ဌေးကြီးက မေးတယ်၊ "သုခဝေဒနာနှင့်တူတာ ဒုက္ခဝေဒနာပဲ" လို့ ဓမ္မဒိန္နာထေရီမက ဖြေတယ်။ "ဒုက္ခဝေဒနာနှင့်တူတာ ဘာလဲ" လို့ မေးပြန်တော့ "သုခဝေဒနာပဲ" လို့ ဖြေတယ်။ သုခနှင့် ဒုက္ခဟာ အကောင်းနှင့် အဆိုးအဖြစ်ဖြင့် အချင်းချင်း ပြောင်းပြန်ဆန့်ကျင်ဖက်ဖြစ်ပြီး တူနေတာကို ရည်ရွယ်ပါတယ်။

အဲဒီက နောက် "ဥပေက္ခာဝေဒနာနှင့် တူတာ ဘာလဲ" လို့ မေးပြန်တယ်၊ "ဥပေက္ခာဝေဒနာနှင့်တူတာ အဝိဇ္ဇာပဲ" လို့ ထေရီမက ဖြေတယ်။ သုခနှင့် ဒုက္ခ ဆိုတာဖတ်က ကိုယ်ထဲစိတ်ထဲမှာ ဖြစ်ပေါ်လာယင် ထင်ရှားတယ် သိလွယ်တယ်၊ ဥပေက္ခာကတော့ မထင်ရှားဘူး အသိခက်တယ်၊ ထို့အတူပင် လောဘနှင့် ဒေါသဆိုတာတွေ ဖြစ်ပေါ်လာယင် ထင်ရှား

http://www.dhammadownload.com

တယ် သိလွယ်တယ်၊ အဝိဇ္ဇာဆိုတဲ့ မောဟကတော့ မထင်ရှားဘူး အသိခက်တယ်၊ အဲဒီလို အသိခက်ပုံချင်း တူတယ်လို့ ဆိုလိုပါတယ်။

အဲဒီကနောက် "အဝိဇ္ဇာနှင့်တူတာ ဘာလဲ" လို့ မေးပြန်တော့ "ဝိဇ္ဇာပဲ" လို့ ဖြေတယ်။ ဝိဇ္ဇာဆိုတာ အရိယမဂ်ဉာဏ်ပဲ။ အဝိဇ္ဇာက သစ္စာလေးပါးကို မသိဘူး ဖုံးကွယ်တယ်၊ ဝိဇ္ဇာဉာဏ်က သစ္စာလေးပါးကို သိတယ် ထင်ရှားပြတယ်၊ အဲဒီလို ပြောင်းပြန် ဆန့်ကျင်ဖက် အနေဖြင့် တူတာကို ဆိုလိုတယ်။

အဲဒီကနေတက် " ဝိဇ္ဇာနှင့်တူတာ ဘာလဲ" လို့ မေးပြန်တယ်။ "ဝိမုတ္တိပဲ" လို့ ထေရိမက ဖြေတယ်။ ဝိမုတ္တိဆိုတာ အရိယဖိုလ်တရား အရိယဖိုလ်ဉာဏ်ပဲ။ အရိယမဂ်နှင့် အရိယဖိုလ်ဟာ သဘောအားဖြင့် အတူတူပါပဲ၊ အရိယာပုဂ္ဂိုလ်၏ သန္တာန်မှာ အရိယမဂ်နှင့်အလားတူ ထပ်ခါထပ်ခါ ဖြစ်နေတဲ့ အကျိုးတရားကို အရိယဖိုလ်လို့ ခေါ်ရတာပဲ။ ဒါကြောင့် ဝိဇ္ဇာနှင့် ဝိမုတ္တိကတော့ တထပ်တည်း တပုံတည်း တူတဲ့တရားများ ဖြစ်တယ်။

အဲဒီ ဝိမုတ္တိနှင့် တူတာက ဘာလဲ-လို့ မေးပြန်တော့ " ဝိမုတ္တိနှင့် တူတာဟာ နိဗ္ဗာန်ပဲ"လို့ ထေရိမက ဖြေတယ်။ ဖိုလ်ဝင်စားနေတဲ့ အခါမှာ ဖိုလ်နှင့်နိဗ္ဗာန်ဟာ ငြိမ်းနေတဲ့ အနေအားဖြင့် ထင်ရှားတွေ့ရတယ်။ ဒါကြောင့် နိဗ္ဗာန်ကို ဖိုလ်နှင့်တူတဲ့ (ပဋိဘာဂ) တရားလို့ ဆိုပါတယ်။

http://www.dhammadownload.com

အဲဒီတော့ ဝိသာခ သေဋ္ဌီးကြီးက "အဲဒီ နိဗ္ဗာန်နှင့်တူတဲ့ တရားက ဘာလဲ"လို့ မေးပြန်တယ်။ အဲဒီတော့ ဓမ္မဒိန္နာ ထေရီမက "အရှင်သေဋ္ဌီးကြီး မေးခွန်းပြဿနာဟာ ရပ်သင့်ရာတွင် မရပ်ပဲ နယ်ပယ်လွန်သွားပြီ၊ မြတ်စွာဘုရား သာသနာတော်မှာ နိဗ္ဗာန်ဟာ အမြင့်အမြတ်ဆုံး ဖြစ်တယ်၊ သီလသမာဓိ ပညာ ဆိုတဲ့ အကျင့်မြတ်ဟာ နိဗ္ဗာန်မှာ အဆုံးသတ်သွားတယ်၊ နိဗ္ဗာန်ထက် ပိုလွန်ပြီး ရောက်စရာမရှိတော့ဘူး၊ ဒါကြောင့် နိဗ္ဗာန်နှင့်တူတဲ့(ပဋိဘာဂ)တရားဟာ ဘာလဲလို့ မမေးသင့်ဘူး၊ အဲဒီမမေးသင့်တာကို မေးတဲ့အတွက် အမေးပြဿနာ နယ်ပယ်လွန်သွားတယ်။ အကယ်၍ မကျေနပ်သေးယင် မြတ်စွာဘုရားထံ သွားပြီးမေးပါတော့"လို့ ပြောကြားလိုက်တယ်။ ဝိသာခ သေဋ္ဌီးကြီးလဲ မြတ်စွာဘုရားထံ သွားပြီးတော့ သူက မေးခဲ့ဖုံ ထေရီမက ဖြေလိုက်ပုံမျှားကို လျှောက်တယ်။ ဒီတော့ မြတ်စွာဘုရားက "ဓမ္မဒိန္နာထေရီမကို ချီးကျူးပြီးတော့ ငါဘုရားကို မေးယင်လဲ ဒီအတိုင်း ဖြေရမှာပဲ၊ အဲဒီအတိုင်းပင် မှတ်လေတော့"လို့ မိန့်တော်မူလိုက်တယ်။ အဲဒါဟာ စူဠဝေဒလ္လသုတ်ရဲ့ အဆုံးသတ်နိဂုံးချုပ်ပါ။

အဲဒီ နိဂုံးချုပ်ကို ဟောစဉ်တုန်းကပင် နိဗ္ဗာန်အကြောင်းကိုလဲ ထည့်သွင်းဟောဘို့ စဉ်းစားမိခဲ့ပါတယ်။ --ဒါပေမဲ့ နိဗ္ဗာန် အကြောင်းက အခါခါ အနည်းငယ်လောက်နဲ့တော့ မပြည့်စုံနိုင်ဘူး၊ အနည်းဆုံး ၂-နာရီ ၃-နာရီလောက်ဟာမှ

http://www.dhammadownload.com

အဲ့တော်အတန် ပြည့်စုံမယ်။ ဒါကြောင့် အဲဒီတုန်းက ထည့်ဆင်းမဟာတော့ပဲ ဒီသီတင်းနှုက စပြီး ဟောဘို့ ရည်ရွယ်ထားခဲ့တယ်၊ အဲဒီ ရည်ရွယ်ချက်အတိုင်း နိဗ္ဗာန်အကြောင်းကို ဒီကနေ့က စပြီး ဟောရမယ်။

နိဗ္ဗာန်ဆိုတာ ဘာလဲ

နိဗ္ဗာန်ဆိုတာ ပါဠိလို နိဗ္ဗာန် ဆိုတဲ့ပုဒ်မှ ဖြစ်ပေါ်လာတဲ့အမည်ပဲ၊ အနက် အဓိပ္ပါယ်အားဖြင့်တော့ ငြိမ်းရာ၊ ငြိမ်းကြောင်း၊ ငြိမ်းခြင်းဃနောပါပဲ။ ဘာတွေငြိမ်းသလဲဆိုယင် ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်ဆိုတဲ့ ဝဋ်ဆင်းရဲတွေ ငြိမ်းတာပါပဲ။ကိလေသဝဋ်ဆိုတာ အဝိဇ္ဇာ တဏှာ ဥပါဒါန်ဆိုတဲ့ ကိလေသာတွေပါပဲ။ ကမ္မဝဋ်ဆိုတာ သခါရ ကမ္မဘဝလို့ ဆိုရတဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေပါပဲ၊ ဝိပါကဝဋ်ဆိုတာ အဲဒီ ကုသိုလ်ကံအကုသိုလ်ကံတွေရဲ့ အကျိုးဖြစ်တဲ့ ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတာတွေပါပဲ၊ ပေါ်ပေါ်လွင်လွင်ပြောရယင် ယခုမြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကြုံသိတိုင်း ထင်ရှားဖြစ်နေတာတွေဟာ ဝိပါကဝဋ် အကျိုးတရားတွေပါပဲ။

အဲဒီ မြင်သိ ကြားသိ စသည် ဖြစ်တဲ့အခါ အမှန်အတိုင်း မသိပဲ့ အလွဲသိမြင်တာက အဝိဇ္ဇာပါပဲ။ ဘယ်လိုလဲဆိုယင် မြင်သိဘာ ငါပဲ၊ကြားသိတာငါပဲ၊ငါကမြင်တယ်၊ကြားတယ် စသည်ဖြင့် အလွဲသိမြင်တာလဲ အဝိဇ္ဇာပဲ၊ အဲဒီ မြင်တာ ကြား

http://www.dhammadownload.com

တာ မြင်ရတာ ကြားရတာစသည်ကို မြဲတယ် ကောင်းတယ် စသည်ဖြင့်ထင်တာလဲ အလွဲသိတဲ့အဝိဇ္ဇာပဲ။ အဲဒီတော့မြင်တာ ကြားတာ မြင်ရတာ ကြားရတာစသည်ကို နှစ်သက်သာယာတယ်၊ အဲဒါက တဏှာပဲ။ အဲဒီလို နှစ်သက် သာယာပြီးတော့ စွဲလမ်းတာက ဥပါဒါန်ပဲ။ အဲဒါဟာ ကိုလေသဝဋ်ဆိုတဲ့ တရားတွေ မပြတ်ဖြစ်နေပုံပါပဲ။

အဲဒီလို နှစ်သက်သာယာပြီး စွဲလမ်းတော့ မိမိအလိုအတိုင်း ပြီးစီးအောင် ပြုလုပ်အားထုတ်တယ်၊ အဲဒါက သင်္ခါရ ကမ္မဘဝဆိုတဲ့ ကမ္မဝဋ်ပဲ။ အဲဒီကံကြောင့် သေဆုံးသည်၏အခြားမဲ့မှာ ပဋိသန္ဓေစိတ်မှစ၍ ဘဝအသစ်ဖြစ်ရတယ်။ အဲဒါက ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးတရားဝိပါကဝဋ်ပဲ။ အဲဒီဝိပါကဝဋ်ဟာ ယခုမြင်မှု ကြားမှုစသည်တွေမျိုးပါဖဲ့။

အဲဒီမြင်မှု ကြားမှု စသော ဝိပါကဝဋ်ကို မှီပြီးတော့ အဝိဇ္ဇာစသော ကိလေသဝဋ်ဖြစ်ရပြန်တယ်၊ အဲဒီ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်ရပြန်တယ်၊ အဲဒီကမ္မဝဋ်ကြောင့် ဘဝသစ်မှာ အကျိုးဝိပါကဝဋ်တရားတွေ ဖြစ်ရပြန်တယ်။ ဒီပုံဒီနည်းဖြင့် ဝဋ်သုံးပါးဟာ အဖန်ဖန်အထပ်ထပ် မပြတ်လည်ပြီး ဖြစ်နေတယ်။ အဲဒီလိုမပြတ်ဖြစ်နေရာမှာ ရှုမှတ်မှုဝိပဿနာဉာဏ်၏ အစွမ်းဖြင့် အရိယမဂ်ဖြစ်ပေါ်ပြီး နိဗ္ဗာန်ကို မြင်သွားယင် အဝိဇ္ဇာအစရှိသော ကိလေသဝဋ်တရားတွေ မဖြစ်

http://www.dhammadownload.com

နိုင်တော့ဘူး၊ ကိလေသာမရှိတော့ ကမ္မဝင်္ဆိုတဲ့ ကံတွေလဲ မဖြစ်နိုင်တော့ဘူး၊ ဖြစ်ပြီးကံတွေကလဲ အကျိုးမပေးနိုင်တော့ဘူး၊ ဒါကြောင့် ရဟန္တာမှာ ပရိနိဗ္ဗာန်စုတိမှ နောက်၌ ဘဝသစ် ရုပ်နာမ်အကျိုးတရားတွေ မဖြစ်ပေါ်လာတော့ပဲ လုံးဝပြတ်ငြိမ်းသွားတယ်၊ အဲဒါဟာ အရဟတ္တာမဂ်ဖြင့် နိဗ္ဗာန်ကို မြင်ပြီး ငြိမ်းခြင်းဖြစ်တဲ့အတွက်-

နိဗ္ဗာတိ ဝန္နဒုက္ခံ ဇတ္ထာတိ နိဗ္ဗာနံ၊ နိဗ္ဗာတိ ဝန္နဒုက္ခံ ဇေတသ္မိံ အဓိဂတေတိ ဝါ နိဗ္ဗာနံ-လို့ ပါဠိလို ဝစနတ္ထ ပြုရပါတယ်။

ဇတ္ထ-ဤအငြိမ်းဓာတ်၌၊ဝန္နဒုက္ခံ-ဝဋ်ဆင်းရဲအလုံးစုံသည်၊ နိဗ္ဗာတိ-ငြိမ့်း၏၊ ဤတိ-ဤသို့ ဝဋ်ဆင်းရဲ၏ ငြိမ်းရာဖြစ်သောကြောင့်၊ နိဗ္ဗာနံ- နိဗ္ဗာန်မည်၏၊ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်လျက် ထောက်တဲ့အခါ ဝဋ်ဆင်းရဲမျှားလုံးဝ ငြိမ်းသွားသောကြောင့် အဲဒီအငြိမ်းဓာတ်ကို ငြိမ်းရာ နိဗ္ဗာန်လို့ ဆိုပါတယ်။ နောက်ပြီးတော့-

ဝါ-တနည်းကား၊ ဇေတသ္မိံ အဓိဂဇေတ- ဤအငြိမ်းဓာတ်ကို အရဟတ္တမဂ်ဖြင့်မြင်လျက် ရလတ်သော်၊ ဝန္နဒုက္ခံ- ဝဋ်ဆင်းရဲအလုံးစုံသည်၊ နိဗ္ဗာတိ-ငြိမ်း၏၊ ဤတိ- ဤသို့ ဝဋ်ဆင်းရဲငြိမ်းကြောင်း ဖြစ်သောကြောင့်၊ နိဗ္ဗာနံ- နိဗ္ဗာန်မည်၏၊ ဒီဝစနတ္ထအရအားဖြင့် အငြိမ်းဓာတ်ကို ဆင်းရဲငြိမ်းကြောင်း နိဗ္ဗာန်လို့ ဆိုတယ်။

http://www.dhammadownload.com

ယခုပြောပြခဲ့တဲ့ ဝစနဋ္ဌများဒးရ "ဆင်းရဲ ငြိမ်းရာကို နိဗ္ဗာန်၊ ဆင်းရဲငြိမ်းကြောင်းကို နိဗ္ဗာန်" လို့ ဆိုဘာဒးတွ့ ကတော့ မုချစကားမဟုတ်ဘူး၊ နည်းပရိယာယ်ဖြင့် ပြဆိုချက် တွေ့ပါပဲ။ မုချအားဖြင့်တော့ ဝဋ်ဆင်းရဲသုံးပါးလုံး ငြိမ်းခြင်း သာလျှင် လိုရင်းဖြစ်တယ်။ ဒါကြောင့်-

နိဗ္ဗာယတေ- ငြိမ်းခြင်း၊ နိဗ္ဗာနံ-ငြိမ်းခြင်း-လို့၊

ဒီလို ဘာဝသာဓနလဲ ပြုရပါတယ်။ ဒီဘာဝသာ ဓန ဝစနဋ္ဌအရအားဖြင့် ဆိုယင်တော့ ဝဋ်ဆင်းရဲ ငြိမ်းခြင်းသည် သာ နိဗ္ဗာန်မည်ပါတယ်၊ အရဟတ္တမဂ်၏ အစွမ်းကြောင့် ဝဋ်ဆင်းရဲဟူသမျှ မဖြစ်ပေါ်နိုင်တော့ပဲ လုံးဝ ငြိမ်းခြင်း သဘောကိုပင် နိဗ္ဗာန်လို့ဆိုရပါတယ်၊ ဒါဟာ မသွယ်မဝိုက်ပဲ တည့်တည့်ပြဆိုတဲ့ စကားဖြစ်ပါတယ်။ ဒါကြောင့် နိဗ္ဗာန် ဆိုတာ ငြိမ်းခြင်းမျှပဲလို့ အတိုချုပ် မှတ်ထား ကြရမယ်။ ဘာတွေငြိမ်းသလဲဆိုလျှင် ကိလေသာ ကံ ဝိပါက်ဆိုတဲ့ ဝဋ် သုံးပါး ဆင်းရဲတွေငြိမ်းတယ်။ အဲဒီ ဆင်းရဲ ငြိမ်းတာကိုပင် သန္တိ လက္ခဏာလို့လဲ ဆိုတယ်၊ "သမဏံ-ငြိမ်းခြင်း၊ သန္တိ ငြိမ်းခြင်းဆိုတဲ့ ဝစနဋ္ဌအရ သန္တိ-ဆိုတာလဲ ငြိမ်းခြင်းပဲ၊ နိဗ္ဗာန်မှာ သန္တိလက္ခဏာရှိတယ်လို့အဋ္ဌကထာများမှာ ပြဆို ထားတယ်၊ အဲဒါလဲ ဒီငြိမ်းခြင်းသဘောကို ပြဆို တာပါဘဲ၊ ဒီငြိမ်းခြင်းကိုပင် ဂုဏ်မြောက်အောင်လို့ အေး-ဆိုတဲ့ ဂုဏ်ပုဒ် ပါထည့်ပြီး "ငြိမ်းအေးခြင်း လက္ခဏာရှိတယ်"လို့ မြန်မာ

http://www.dhammadownload.com

ပြန်ဆိုထားကြတယ်။ ဒါပေမယ့် ငြိမ်းတာမှတပါး အေးတာ ရယ်လို့တော့ အထူးမရှိပါဘူး၊ ဆင်းရဲတွေ အကုန်ငြိမ်းယင် အေးတယ်လို့လဲ ဆိုနိုင်ပါတယ်၊ဒါလောက်ပါဘဲ။ လိုရင်းက တော့ ကဘဝပြီးဘဘဝ မပြတ်ဖြစ်နေတဲ့ ဝဋ်ဆင်းရဲ ရုပ်နာမ် သစ်ါရတွေ မဖြစ်ပေါ်နိုင်တော့ပဲ ပြတ်စဲ ချုပ်ငြိမ်းသွားခြင်း ဟာ လိုရင်းပါပဲ၊ အဲဒီလိုချုပ်ငြိမ်းခြင်းဟာ အကောင်းဆုံး အမြတ်ဆုံးပဲ၊အဲဒီမှာ နိဗ္ဗာတိ- ငြိမ်း၏၊နိဗ္ဗာယတေ-ငြိမ်ခြင်း- ဆိုတဲ့ပုဒ်များမှ နိဗ္ဗာန၊ နိဗ္ဗာန်-လို့ ပြီးလာကြောင်း ပြဆို ရာ၌ သာဓက မှီရာကတော့-

နိဗ္ဗန္တိ ဓီရာ၊ယထယံ ပဒီပေါ-ဆိုတဲ့
ရတနသုတ်ပရိတ်ကြီး ပါဠိပါပဲ။

အယံ ပဒီပေါ- ဤဆီမီးသည်၊ နိဗ္ဗာတိ ယထာ၊ ငြိမ်း သကဲ့သို့၊ တေ- ထိုရဟန္တာပုဒုဂ္ဂိုလ်တို့သည်၊ နိဗ္ဗန္တိ- ငြိမ်း ကုန်၏-တဲ့။ အဲဒီမှာ နိ- ရှေးရှိသော ဝါ၊ ဓာတ်ဖြင့် နိဗ္ဗန္တိ- ငြိမ်းကုန်၏၊ နိဗ္ဗာတိ- ငြိမ်း၏-လို့ ဆိုရသလိုပဲ၊ ဒီမှာလဲ၊ နိ- ရှေးရှိသော၊ ဝါ- ဖြင့်ပင်၊ နိဗ္ဗာတိ-နိဗ္ဗာယတေ-နိဗ္ဗာန- နိဗ္ဗာန်-လို့ ဆိုခြင်းဖြစ်ပါတယ်။ အဲဒီရတနသုတ် ပါဠိဂါထာ ကို အပြည့်အစုံထုတ်ပြီး ရှင်းပြလိုက်ယင် နိဗ္ဗာန်သဘောဟာ ထင်ရှား ပေါ်သွားနိုင်ပါတယ်။ ဒါကြောင့် အဲဒီဂါထာကို အပြည့်အစုံ ထုတ်ပြဦးမည်။

http://www.dhammadownload.com

ရတနသုတ်ပရိတ်ဂါထာ

ဓိဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တာစိတ္တာ ယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရူဠှိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထယံ ပဒီပေါ။

ဒါဟာ ရဟန္တာဝပုဂ္ဂိုလ်၏ ဂုဏ်ကို ချီးကျူးပြဆိုတဲ့ ရတနသုတ် ပရိတ်ဂါထာပဲ။ အနက် ဒေသိပုံကတော့-

ယေသံ- အကြင် ရဟန္တာဝပုဂ္ဂိုတ်တို့မှာ၊ ပုရာဏံ- ငရဲဟောင်းကံသည်၊ ခီဏံ- အရဟတ္တာမဂ်ဖိုလ်၏ အစွမ်းကြောင့် ကုန်ခန်းခဲ့လေပြီ၊ နဝံ- အသစ်ဖြစ်သော ကံသည်လည်း၊ နတ္ထိ- မရှိပေ။

ရဟန္တာဆိုတာ မြင်တိုင်း ကြားတိုင်း ဒုဂ္ဂရ ၆-ပါးကပေါ်လာသမျှ ရုပ်နာမ်တွေကို ဝိပဿနာရှုပြီးတော့ ဝိပဿနာဉာဏ် အစဉ်ဖြင့် အရဟတ္တမဂ်ဖိုလ်ကို ရောက်ပြီး ကိလေသာ လုံးဝကင်းနတဲ့ ပုဂ္ဂိုလ်ပဲ။ အဲဒီ ရဟန္တာဝပုဂ္ဂိုလ်မှာ ကိလေသာ မရှိတဲ့အတွက်ကြောင့် ကံဟောင်းတွေကလဲ ဘဝသစ် အကျိုးကို မပေးနိုင်တော့ဘူး၊ ဒါကြောင့် ကံဟောင်းတွေ ကုန်ခန်းသွားပြီလို့ ဆိုရတယ်။ ကိလေသာ မရှိတဲ့အတွက်ကြောင့် အကုသိုလ်အမှုကိုတော့ ပြုလုပ်ခြင်း လုံးဝမရှိဘူး၊ ကုသိုလ်အမှုမျိုးတွေကိုတော့ ပြုပါတယ်၊

http://www.dhammadownload.com

ရဟန္တာပုဂ္ဂိုလ်ဟာ တရားလဲဟောတယ်၊ တရားလဲနာတယ်၊ ဘုရားကို အရိုအသေပြုတယ်၊ ရှိခိုးတယ်၊ သိက္ခာဝါကြီးတဲ့ ရဟန်းတော်များကို အရိုအသေပြုတယ်၊ ရှိခိုးတယ်၊မိမိမှာ ပိုလျှံနေတဲ့ ဆွမ်းသင်္ကန်း စသည်ကို သူတပါးအား ပေးလှူတယ်၊ သီလအကျင့်ကို ရိုသေစွာ ကျင့်တယ်၊ သမထ ဝိပဿနာ အလုပ်ကို အားထုတ်တယ်၊ ဒီလို ကုသိုလ်အလုပ်တွေကို အခွင့်သာတိုင်း ပြုလုပ်ပါတယ်၊ ဒါပေမဲ့ ကိလေသာ အဖော် မရှိတော့တဲ့အတွက်ကြောင့် အကျိုးပေးတတ်တဲ့ ကုသိုလ်ကံ တော့ မဖြစ်ဘူး၊ ကြိယာတရားသာ ဖြစ်တယ်။ ဒါကြောင့် "သမ္ဘဝံ- ဘဝအသစ်ကို ဖြစ်စေနိုင်သော၊ နဝံ- အသစ်ဖြစ်သော ကံသည်လည်း၊ နတ္ထိ- မရှိပေ"-လို့ ဆိုပါတယ်။

ဒီနေရာမှာ ပရိယတ္တိ ဗဟုသုတ နည်းပါးတဲ့သူ တချို့က အယူလွဲပြီး ဟောပြောနေတာ ရှိတယ်။ ဘယ်လိုလဲဆိုတော့ ရဟန္တာဟာ ကုသိုလ်အမှုလဲ မပြုတော့ဘူးလို့ ဒီလိုအယူလွဲပြီး ကုသိုလ်ကိုလဲ မပြုလုပ်ရဘူးလို့ ဒီလို အလွဲအမှုတွေကို ဟောပြောနေတာ ရှိတယ်။ အဲဒီလို ပုဂ္ဂိုလ်၏ စကားကို ယုံကြည်ပြီး ကုသိုလ်အမှုကို မပြုပဲနေယင် အဲဒီလူမှာ သုဂတိဘဝရောက်ကြောင်း မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ်ကောင်းမှုတွေ မရှိပဲ အပါယ်လေးပါးရောက်ကြောင်း အကုသိုလ်ချည်း ဖြစ်ပွါးနေတော့မှာပဲ၊ ကုသိုလ်အမှုကတော့ မလုပ်ချင်ယင် မလုပ်ပဲနေလို့ရပါတယ်၊ အကုသိုလ်အလုပ်ကိုတော့ မလုပ်ပဲ မနေနိုင်ပေဘူး၊ လောဘ ဒေါသ မောဟ

http://www.dhammadownload.com

မာန ဒိဋ္ဌိအစ်စရှိသော အကုသိုလ်တရားတွေက တိုက်တွန်းတိုင်း အဲဒီလိုလူဟာ အကုသိုလ်တွေကို ထက်ထက်သန်သန်နဲ့ ပြုလုပ်နေမှာပဲ၊ ဒါကြောင့် အပါယ်လေးပါးရောက်ကြောင်း အကုသိုလ်ကံတွေသာ ဖြစ်ပွါးပြီး အပါယ်လေးပါးရောက်ဖို့ကတော့ သေချာနေတော့တာပါပဲ။

ကံကုန်အောင် ကျင့်နည်း

အမှန်ကတော့ ကံဟောင်းတွေ ကုန်ခန်းပြီး ကံသစ်တွေ ကိုလဲ မဖြစ်စေချင်ယင် အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်အောင် ကျင့်ရမယ်။ ဘယ်လိုကျင့်ရမှာလဲဆိုယင်၊ ရှေးဦးစွာ သီလနှင့် ပြည့်စုံစေရမယ်၊ သီလပြည့်စုံပြီးတဲ့အခါ သမာဓိပညာ အကျင့်တွေကို ကျင့်ရမယ်၊ သမာဓိဖက်က စျာန်ရအောင် ကျင့်နိုင်ယင် သာပြီးကောင်းတယ်၊ စျာန်ရပြီးတော့ အဲဒီစျာန်ကို အခြေခံပြုပြီး ဝိပဿနာအလုပ်ကို အားထုတ်ရမယ်၊ စျာန်ရအောင် အားမထုတ်နိုင်ယင် မဟာသတိပဋ္ဌာန သုတ်မှာ ဟောထားတဲ့နည်းမျိုးအရ ဒုဒါရ ၆-ပါးက ထင်ရှားဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တရားတွေကို ရှုရမယ်။

အဲဒီလို ရှုတာက ဝိပဿနာအလုပ်ပဲ၊ ဒီဝိပဿနာကတော့ ယခု ဒီသာသနာ့ရိပ်သာမှာ ယောဂီတွေ ရှုမှတ်နေကြတဲ့ အလုပ်ပါပဲ။ ဒုဒါရ ၆-ပါးက ဖြစ်တိုင်း ဖြစ်တိုင်းကို လိုက်ပြီး မရှုနိုင်သေးခင် အားထုတ်ခါစမှာ ထင်ရှားတဲ့ ရုပ်အမှုအရာ တခုခုက စပြီး ရှုမှတ်ရတယ်။ သွားနေဆဲဆို

http://www.dhammadownload.com

လျှင် သွားတဲ့အမှုအရာကပဲ စပြီး ရှုရတယ်၊ ထိုင်နေဆဲဆိုလျှင် ထိုင်တဲ့အမှုအရာက စပြီး ရှုရတယ်၊ ထိုင်ဆဲမှာ အထူးထင်ရှားတဲ့ အမှုအရာ တခုခုကလဲ စပြီး ရှုနိုင်ပါတယ်၊ ဒါကြောင့် ဘုန်းကြီးတို့က အလွန်ထင်ရှားပြီး ရှုမှတ်ဖို့လွယ်ကူတဲ့ ဝမ်းဗိုက်၏ ဖောင်းမှု, ပိန်မှု, တောင့်တင်း လှုပ်ရှားမှုကစဲပြီး ရှုဘို့ ညွှန်ကြားနေပါတယ်။ အဲဒီလိုညွှန်ကြားတဲ့အတိုင်း ရှုမှတ်နေယင်း ဖြစ်ပေါ်လာတဲ့ စိတ်ကူးကြံစည်မှုတွေကိုလဲ ရှုမှတ်ရတယ်၊ ညောင်းမှု,ပူမှု,နာကျင်မှု အစရှိသော ဝေဒနာတွေကိုလဲ ရှုမှတ်ရတယ်၊ မြင်မှု, ကြားမှု,နှစ်သက်မှု အစရှိသော သဘောတရားတွေကိုလဲ ထင်ရှားဖြစ်ပေါ်လာတိုင်း ရှုမှတ်ရတယ်။

စိတ္တဝိသုဒ္ဓိဖြစ်ပုံ

ဒါပေမဲ့ ရှုမှတ်အားထုတ်ခါစမှာတော့ သမာဓိက အားမရှိသေးတဲ့အတွက်ကြောင့် စိတ်ကူးတွေက တခြားကို ထွက်ထွက်သွားတယ်၊ အဲဒီလို ထွက်ထွက်သွားတဲ့ စိတ်ကူးတွေကို မှတ်သိနိုင်အောင် ကြိုးစားရတယ်။ အဲဒီလို ကြိုးစားပြီး ရှုမှတ်လို့ သမာဓိအားကောင်းလာတဲ့အခါကျတော့ စိတ်ဟာ တခြားကိုထွက်မသွားတော့ဘူး၊ ဖောင်းတယ်, ပိန်တယ် စသည်ဖြင့် ရှုမှတ်စရာ အာရုံ၌သာ ကပ်လျက်, ကပ်လျက် တည်တည်နေတယ်၊ တရုံတခါ စိတ်ကူးထွက်ယင်လဲ အဲဒီ စိတ်ကူးကို ချက်ခြင်းပဲ ရှုမှတ်ပြီးသိတယ်၊ သိတာနှင့်တပြိုင်

http://www.dhammadownload.com

နက် အဲဒီစိတ်ကူးဟာ ရပ်ပြီး ဖောင်းတယ်,ပိန်တယ် စသ-ည်ဖြင့် မှတ်သိလျက်,မှတ်သိလျက် ဖြစ်နေတယ်၊ အဲဒီလိုအခါမှာ ရှေးစိတ်ကလဲ ရှုမှတ်စိတ်+နောက်စိတ်ကလဲ ရှုမှတ်စိတ်၊+သူ့ နောက်စိတ်ကလဲ ရှုမှတ်စိတ် စသည်ဖြင့် ရှုမှတ်စိတ်ချည်း စင်ကြယ်နေတယ်၊ အဲဒါဟာ စိတ္တဝိသုဒ္ဓိပဲ။

ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံ

အဲဒီလို စိတ်စင်ကြယ်တဲ့ အခါမှာ မှတ်ရတဲ့အာရုံကို ပိုင်းပိုင်း ခြားခြား သိသိလာတယ်၊ မှတ်သ်ိတဲ့ စိတ်ကိုလဲ ပိုင်းခြားပြီးသိတယ်။ ဘယ်လိုလဲဆိုလျှင်၊ မှတ်သိရဘဲ့ အာ၊ရုံ ရုပ်က တခြား+မှတ်သိတာက တခြားလို့ ပိုင်းခြားပြီးသိတယ်။ မှတ်တိုင်းမှတ်တိုင်း အဲဒီလို သိဖန်များးတဲ့အခါ မိမိကိုယ်ထဲမှာ သိစရာ ကိုယ်ရုပ်နဲ့သိတဲ့စိတ်၊ ဒီ၂-ခုပဲ ရှိတယ်လို့ သိလာတယ်။ အဲဒါဟာ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိပဲ။

သမ္မသနဉာဏ်ဖြစ်ပုံ

အဲဒီကနောက် ဆက်ပြီး ရှုမှတ်နေယင် အကြောင်းနဲ့ အကျိုးဆက်စပ်ပြီး ဖြစ်နေတာကိုလဲ ကိုယ်ပိုင်ဉာဏ်ဖြင့် သဘောကျပြီးသိတယ်။ ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိပဲ။ အဲဒီကဒုနောက် ဆက်ပြီးရှုမှတ်နေယင် ရှုမှတ်ရတဲ့ အာရုံတွေ အသစ်အသစ်ဖြစ်ပေါ်လာလိုက်, တခဏလောက်နေ ပျောက်ကွယ်သွားလိုက်နဲ့ အစ အလယ် အဆုံး သုံးပါး

http://www.dhammadownload.com

လုံးကို ထင်ရှားတွေ့ရတယ်၊ အဲဒီတော့ ဖြစ်ပေါ်လာပြီး ပျောက်ပျက်သွားလို့ မမြဲဘူး-ဆင်းရဲတွေပဲ-အစိုးမရတဲ့ အနတ္တ သဘောတရားတွေပဲ စသည်ဖြင့် သုံးသပ်ဆင်ခြင်မိတယ်၊ အဲဒါက သမ္မသနဉာဏ်ပဲ။

ဥဒယဗ္ဗယဉာဏ် စသည်ဖြစ်ပုံ

အဲဒီကနောက် ဆက်ပြီးရှုမှတ်နေယင် ခဏမစဲ လျင်မြန်စွာ ဖြစ်ပျက်နေတာကိုသာ တွေ့ရတယ်၊ လျင်မြန်စွာမှတ်နိုင်သိနိုင်တဲ့ သတိဉာဏ်အဟူးများဖြစ်လာတာကိုလဲ တွေ့ရတယ်၊ အဆောင်အလင်းပီတိ ပဿဒ္ဓိစသည် ဖြစ်ပေါ်လာတာကိုလဲတွေ့ရတယ်။ အဲဒါက အဖြစ်အပျက်ကိုသိတဲ့ ဥဒယဗ္ဗယဉာဏ်ပဲ။

အဲဒီကနောက် ရှုမှတ်မှုကိုသာ အလေးပြုပြီး မပြတ်မစဲ စာမှတ်ထဲမှတ်နေလျှင် ပုံသဏ္ဌာန်အထည်ခြုပ်တွေ မထင်တော့ပဲ အလွန်လျင်မြန်စွာ ကွယ်ပျောက် ကွယ်ပျောက် သွားတာကိုသာ တွေ့ရတယ်၊ မှတ်သိရတဲ့အာရုံရော မှတ်တဲ့ စိတ်ရော ပျောက်ပျောက် သွားတာကိုသာ တွေ့ရတယ်။ အဲဒါက အပျက်ကိုသိမြင်တဲ့ ဘင်္ဂဉာဏ်ပဲ။

သေတာပန် စသည်ဖြစ်ပုံ

အဲဒီဘင်္ဂဉာဏ်ဖြင့် မပြတ်ဆက်ပြီး ရှုနေလျှင် ဘယဉာဏ် စသည်တွေ့ အစဉ်အတိုင်းဖြစ်ပြီး သင်္ခါရတွေကို သိရုံ သိရုံမျှ လျစ်လျူရှုနိုင်တဲ့ သင်္ခါရုပေက္ခာဉာဏ် ရောက်တယ်။ အဲဒီ

http://www.dhammadownload.com

သခ်ၤါရုပေကၡာဉာဏ်က ရင့်သန်တဲ့ အခါမှာ မပြတ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ရှုသိနေယင်းထဲကပင် ရုပ်နာမ် သခ်ၤါရတွေ လုံးဝချုပ်ငြိမ်းတဲ့ သဘောထဲကို အာသိဉာဏ်က ရောက်သွားတယ်၊ အဲဒါက အရိယမဂ်ဉာဏ် ဖိုဉာဏ်ပဲ။ အဲဒီလို မဂ်ဖိုလ်ဉာဏ် တကြိမ်ဖြစ်ယင် သောတာပန်ပုဂ္ဂိုလ် ဖြစ်တယ်။ အဲဒီသောတာပန်မှာအပါယ်ကျစေနိုင်တဲ့ ကံဟောင်းတွေကုန်ခန်းသွားပြီ၊ အပါယ်ကျစေနိုင်တဲ့ အကုသိုလ် ကံသစ်တွေ လဲမပြုမလုပ်တော့ဘူး။

အဲဒီသောတာပန်က အထက်မဂ်ဖိုလ်များကို ရအောင်ဆက်ပြီး ရှုမြဲရှုမှတ်နေယင် ဥဒယဗ္ဗယဉာဏ်အစရှိတဲ့ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းဖြစ်ပြီး သကဒါဂါမိ မဂ်ဖိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်၊ သကဒါဂါမ်ပုဂ္ဂိုလ်ဖြစ်သွားတယ်။ အဲဒီသကဒါဂါမ်ကဆက်ပြီး ရှုနေယင် ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါမှာ အနာဂါမိ မဂ်ဖိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်၊ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်သွားတယ်၊ ကာမဘုံ၌ ဖြစ်စေနိုင်တဲ့ ကံဟောင်းတွေ ကုန်သွားတယ်၊ ကာမဘုံ၌ဖြစ်စေမည့်ကံသစ်လဲ မဖြစ်တော့ဘူး။ ဒီနေရာမှာ ကာမာဝစရကုသိုလ်ကံ မဖြစ်တော့ဘူးလားလို့ မေးစရာရှိပါတယ်၊ ဖြစ်တော့ဖြစ်ပါတယ်၊ ဒါပေမဲ့ ကာမဘဝကို သာယာတပ်မက်တဲ့ ကာမ တဏှာအဖော်က မရှိတော့တဲ့အတွက် အဲဒီကာမကုသိုလ်ကံက ကာမဘဝကို မဖြစ်စေနိုင်တော့ဘူး၊ ဒါကြောင့် ကာမဘုံ၌ ဖြစ်စေမည့်ကံသစ်လဲ မဖြစ်

http://www.dhammadownload.com

တော့ဘူးလို့ ဆိုရတယ်။ ဒါဖြင့် အဲဒီကာမ ကုသိုလ်ကံကောလုံးဝ အကျိုးမပေးတော့ဘူးလားလို့လဲ မေးစရာ ရှိလာပြန်တယ်၊ မျက်မှောက်အကျိုးနဲ့ ပကတ္တူပနိဿယ သတ္တိဖြင့် အရဟတ္တမဂ်ဖိုလ်အကျိုးများကိုတော့ ပေးနိုင်ပါတယ်။ အဲဒီအကြောင်းကို ဥဂ္ဂါသူကြွယ်ဝတ္ထုဖြင့် သိရပါတယ်။

ဒါနကုသိုလ်က အရဟတ္တဖိုလ် အကျိုးပေးသည်

တခါက ဥဂ္ဂါသူကြွယ်ဟာ သံဃာတော်များနှင့်တကွ မြတ်စွာဘုရားကိုပင့်ပြီး မွန်မြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ် စသည်တို့ကို ကပ်လှူပါတယ်၊ ကပ်လှူတဲ့အခါမှာလဲ "မနာပ ဒါယီ လဘတေ မနာပံ-မြတ်နိုးဘွယ်ကိုလှူယင် မြတ်နိုးဘွယ်ကိုရတယ်" လို့ ဟောထားတဲ့ မြတ်စွာဘုရား စကားတော်အရ သူမြတ်နိုးတဲ့အကျိုးကို ရချင်လို့လှူတဲ့ အကြောင်းကိုလျှောက်ထားပါတယ်၊ အဲဒီသူကြွယ်ဟာ အဲဒီလှူတဲ့အခါက အနာဂါမ်ဖြစ်တဲ့အတွက် အရဟတ္တမဂ်ဖိုလ်ကို မြော်လင့်ပြီး လှူတာပါဘဲ၊ နောက်ကာလ အသက်တမ်းကုန်လို့ သူဟာလူ့ဘဝကကွယ်လွန်သွားတဲ့အခါ သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံမှာ ဖြစ်တယ်၊ အဲဒီဘုံကလာပြီး မြတ်စွာဘုရားကို ကန်တော့တဲ့အခါ မြတ်စွာဘုရားက "ဘယ့်နှယ်လဲ ဥဂ္ဂါ သင်အလိုရှိတဲ့မြတ်နိုးဘွယ်အကျိုးကို ရပါရဲ့လား" လို့ မေးတော်မူတယ်။ "ရပါတယ်ဘုရား" လို့ဥဂ္ဂါဗြဟ္မာက ဖြေကြားလျှောက်ထားတယ်။ အဲဒီမှာ သူမြတ်နိုးတဲ့ အရဟတ္တဖိုလ်ကို မြော်လင့်ပြီး

http://www.dhammadownload.com

မြတ်နိုးဘွယ် ဆွမ်းစသည်ကို လှူခဲ့လို့ သုဒ္ဓါဝါသဘုံမှာ ဖြစ်ပြီး မကြာမီမှာပင် အရဟတ္တဖိုလ်ကိုရပြီး ရဟန္တာဖြစ်သွားတယ်၊ အဲဒီ အရဟတ္တဖိုလ်အကျိုးကို ရကြောင်း ဝန်ခံလျှောက်ထားခြင်းပါပဲတဲ့။ ဒါကြောင့် အနာဂါမ်မှာ ကာမကုသိုလ်ကံ ဥပနိဿယ သတ္တိဖြင့် အရဟတ္တဖိုလ် အကျိုးကို ပေးကြောင်း သိရပါတယ်။

ဝိပဿနာလဲရှုပြီးမှ အရဟတ္တဖိုလ်ရတယ်

အဲဒီလို ဒါနကုသိုလ်ကြောင့် အရဟတ္တဖိုလ် အကျိုးကို ရတယ်ဆိုပေမဲ့ ဝိပဿနာမရှုပဲ အလိုလိုရတာတော့ မဟုတ်ဘူး၊ ဝိပဿနာရှုပြီး ရတာပဲ၊ ဒါကြောင့် အနာဂါမ်က အရဟတ္တမဂ်ဖိုလ်ရအောင် ရည်ရွယ်ပြီး ဝိပဿနာရှုယင် ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါမှာ အရဟတ္တမဂ်ဖိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ရဟန္တာ ဖြစ်သွားတယ်။ အဲဒီလို ရဟန္တာဖြစ်သွားတဲ့အခါမှာ အဝိဇ္ဇာ တဏှာ စသော ကိလေသာတွေ လုံးဝ မရှိတော့တဲ့အတွက် ကံဟောင်းတွေကလဲ ဘာအကျိုးကို မပေးနိုင်တော့ဘူး၊ ဒါကြောင့် ကံဟောင်းတွေလဲ ကုန်ခန်းသွားပြီလို့ ဆိုရတယ်။ ပေးကမ်းခြင်း သီလကို ရှိသေစွာ စောင့်ထိန်းခြင်း တရားဟောခြင်း တရားနာခြင်း မေတ္တာပွါးခြင်း ဝိပဿနာရှုခြင်း စသော ကောင်းမှုမျိုးကိုပြုပေမဲ့ ရဟန္တာမှာ ကိလေသာ မရှိတော့တဲ့အတွက်ကြောင့် အကျိုးပေးတတ်တဲ့ ကုသိုလ်ကံအသစ်လဲ မဖြစ်

http://www.dhammadownload.com

၁၈ နိဗ္ဗာန်ဆိုင်ရာတရားတော်

တော့ဘူး၊ အကျိုးမပေးတတ်တဲ့ ကြိယာတရားမျှသာ ဖြစ်တယ်။ ဒါကြောင့်-

ယေသံ- အကြင်ရဟန္တာ ပုဂ္ဂိုလ်တို့မှာ၊ ပုရာဏံ- ရှေးဟောင်းကံသည်၊ ခီဏံ-အရဟတ္တာ မဂ်ဖိုလ်၏ အစွမ်းကြောင့် ကုန်ခန်းခဲ့လေပြီ။ သမ္ဘဝံ-ဘဝသစ်ကို ဖြစ်စေနိုင်သော၊ နဝံ- အသစ်ဖြစ်သောကံသည်လည်း၊ နတ္ထိ-မရှိပေ-လို့ ဆိုပါတယ်။ နောက်ပြီးတော့-

ယေ-ယင်း ရဟန္တာအရှင်မြတ်တို့သည်၊ အာယတိကေ ဘဝသို့-နောင်အနာဂတ်ဘဝ၌၊ ဝိရတ္တစိတ္တာ- တပ်မက်ခြင်း ကင်းသော စိတ်ရှိကုန်၏၊ ဝါ-တပ်မက်လိုချင်ခြင်း ကင်းကုန်၏။

ပုထုဇဉ် ပုဂ္ဂိုလ်တွေမှာ ယခုဘဝကိုလဲ တပ်မက်သာယာနေကြတယ်၊ မအို မနာ မသေပဲ အမြဲတမ်း အသက်ရှင်ပြီး နေလိုကြတယ်၊ သေရပြန်ယင်လဲ ယခုဘဝလိုပင် ကောင်းတဲ့ဘဝ, ယခုဘဝထက် ကောင်းတဲ့ဘဝမှာ ဖြစ်ချင်ကြတယ်၊ သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တွေလဲ ဘဝ၌ တပ်မက်သာယာမှု ရှိနေသေးတာပဲ၊ အနာဂါမ် ပုဂ္ဂိုလ်တွေလဲ ရူပဘဝ အရူပဘဝ၌ သာယာမှု ရှိနေကြသေးတာပဲ၊ ဘဝ၌ တပ်မက်သာယာမှု လုံးဝမကင်းကြသေးဘူး၊ ဒါကြောင့် အနာဂါမ် ပုဂ္ဂိုလ်မျှားလဲ လူ့ဘဝမှ ကွယ်လွန်သွားတဲ့အခါ ရူပဘဝ အရူပဘဝ၌ ဖြစ်ကြရပြန်တယ်။ ရဟန္တာပုဂ္ဂိုလ်တွေမှာတော့

http://www.dhammadownload.com

လက်ရှိဘဝ၌လဲ သာယာမှုမရှိဘူး၊ နောင်ဘဝကိုလဲ လိုချင်တောင့်တမှုမရှိဘူး။ ဒါကြောင့် ရဟန္တာ အာရုံငြိတ်မျှားက သေရေး နေရေးနှင့် စပ်ပြီးတော့ ဒီလို မိန့်ဆိုတော်မူကြပါတယ်။

ရဟန္တာမှာ သေရေး-နေရေး မတောင့်တ

နာဘိနန္ဒာမိ မရဏံ၊ နာဘိနန္ဒာမိ ဇီဝိတံ။
ကာလဉ္စ ပဋိကင်္ခါမိ၊ နိဗ္ဗိသံ ဘတဧကာ ယထာ။

မရဏံ-သေခြင်းကို၊ နာဘိနန္ဒာမိ-မနှစ်သက် မတောင့်တပါ၊ ဒီစကားဖြင့် သေပြီးတော့ ချမ်းသာရေးကိုလဲ မတောင့်တတဲ့အကြောင်း ပြပါတယ်။ ဗုဒ္ဓသာသနာကို မကြည်ညိုတဲ့သူတွေက ဒီလို ပြောတတ်ကြတယ်၊ သူတော်ကောင်းတွေဟာ သေပြီး နတ်ပြည်ရောက်မယ်၊ နိဗ္ဗာန်ရောက်မယ်၊ ကောင်းရာရောက်မယ်လို့ ဆိုကြတာပဲ၊ တကယ်ဟုတ်ယင် သူတို့ဟာ မြန်မြန်ချမ်းသာရအောင် မြန်မြန်သေရာ သေကြောင်း ပို့လုပ်ကြရောပေါ့၊ ဒီလို မြန်မြန်သေအောင် မပို့လုပ်ရဲတာဟာ သူတို့ပြောတဲ့အတိုင်း မဟုတ်လို့ မယုံလို့ပေါ့ စသည်ဖြင့် ကဲ့ရဲ့ပြောဆိုတတ်ကြတယ်။ ရဟန္တာများမှာ သေပြီး ကောင်းစား ချမ်းသာတာကိုလဲ မှတောင့်တတဲ့ အတွက်ကြောင့် သေခြင်းကိုလဲ အလိုမရှိကြတာပါဘဲ။ ဒါဖြင့် ယခုဘာ အသက်ရှင်နေရတာတော့ အလိုရှိပါသလားဆိုယင်-

http://www.dhammadownload.com

ဇီဝိတံ – ယခုဘဝ၌ အသက်ရှင်နေရခြင်းကိုလဲ၊ နာဘိ-နန္ဒာမိ–အလိုမရှိပါဘူးတဲ့၊ ရဟန္တာများမှာ လိုချင်နှစ်သက်မှု တဏှာက လုံးဝမရှိတဲ့အတွက်ကြောင့် ယခုဘဝ အသက်ရှင်နေရတာကိုလဲ မနှစ်သက်ပါဘူး အလိုမရှိပါဘူးတဲ့၊ ဒါဖြင့် သေခြင်းကို အလိုရှိရာ မရောက်ပေဘူးလား၊ ဆိုတော့ သေစေချင် ပျက်စေချင်တာက ဒေါသပဲ၊ ရဟန္တာများမှာ ဒေါသကလဲ လုံးဝ မရှိတဲ့အတွက်ကြောင့် သေခြင်းကိုလဲ မနှစ်သက် အလိုမရှိတဲ့အားကြောင်း နာဘိနန္ဒာမိ မရဏံ-လို ပြောခဲ့ပါတယ်၊ ဒါဖြင့် ဘာကို အလိုရှိသလဲလို့ ဆိုတော့-

ကာလဥ္စ ပဋိကင်္ခါမိ၊ နိဗ္ဗိသံ ဘတကော ယထာ-တဲ့၊ ကာလဥ္စ၊ ပရိနိဗ္ဗာန်ပြုရမည့် ကာလကိုသာလျှင်၊ ပဋိကင်္ခါမိ-မြော်လင့်၏၊ ဘာလို့လဲ ဆိုတော့-ဘတကော – အာခစား လုပ်သူသည်၊ နိဗ္ဗိသံ – လုပ်ခကို၊ ပဋိကင်္ခတိ ယထာ၊ မြော်လင့်တောင့်တ သကဲ့သို့ပင်တည်း-တဲ့၊ အခစားအလုပ် လုပ်တဲ့သူဟာ အလုပ် လုပ်ရတာလဲ အလိုမရှိဘူး၊ အလုပ် လက်မဲ့ နေရတာလဲ အလိုမရှိဘူး၊ အလုပ်လက်မဲ့ဖြစ်နေယင် စားဝတ်နေရေး မပြေလည်မှာကြောင့် အလုပ်လက်မဲ့ နေရတာကို အလိုမရှိတာပါပဲ၊ ဘာကို အလိုရှိသလဲလို့ဆိုတော့ နေ့စား၁ လစား၁ ရတဲ့ လုပ်ခကိုသာ အလိုရှိတယ်၊ အဲဒီ လုပ်ခရတဲ့ အချိန်ကိုသာ မြော်လင့်နေတယ်၊ အဲဒါလို ရဟန္တာပုဂ္ဂိုလ်ကလဲ သေခြင်းကိုလဲ အလိုမရှိဘူး၊ အသက်

http://www.dhammadownload.com

ရှင်နေခြင်းကိုလဲ အလိုမရှိဘူး၊ ပရိနိဗ္ဗာန်ပြုရမည့် အချိန်ကာလကိုသာ အလိုရှိပါတယ်–တဲ့။ ဘာကြောင့်လဲဆိုတော့ အဲဒီပရိနိဗ္ဗာန်ပြုရတဲ့ အချိန်ကမှ ခန္ဓာငါးပါးဆိုတဲ့ ဝန်ထုပ်ကြီးက ကျသွားမှာ ဖြစ်လို့ပါပဲ။

ရဟန္တာပုဂ္ဂိုလ်မှာ သူ့ကိုယ်ထဲက ရုပ်ဓာတုနာ သညာသင်္ခါရ ဝိညာဏ်ဆိုတဲ့ခန္ဓာငါးပါးကို လေးလံတဲ့ ဝန်ထုပ်ကြီးများလို ထင်မြင်နေတယ်၊ ဒီခန္ဓာဝန်ကို အမြဲပဲပြတ် ပြုပြင်ပေးနေရတယ်၊ ရုံခါ သွားလိုက်, ရုံခါရပ်လိုက်, ရုံခါထိုင်လိုက်, ရုံခါလဲလျောင်းလိုက် ကုရိယာပုထ်လေးပါးဖြင့်လဲ ပြုပြင်ပေးနေရတယ်၊ ကွေးလိုက်, ဆန့်လိုက်, လှုပ်ရှားလိုက်စသည် အမျိုးမျိုးသော အမူအရာများဖြင့်လဲ ပြုပြင်ပေးနေရတယ်၊ နေ့စဉ် ရှာကြံ၍ အစာ စားရခြင်း၊ ရေသောက်ရခြင်း အညစ်အကြေး သုတ်သင်ရခြင်း၊ မျက်နှာသစ်ရခြင်း၊ ရေချိုးရခြင်း စသည်ဖြင့်လဲ ပြုပြင်ပေးနေရတယ်၊ မျက်စိမှုတ်ခြင်း၊ ဖွင့်ခြင်း၊ မျက်တောင်ခတ်ခြင်း၊ သင့်လျော်တဲ့ အာရုံကို နှလုံးသွင်းခြင်း စသည်ဖြင့်လဲ ပြုပြင်ပေးနေရတယ်၊ ဝင်လေထွက်လေ ရှူရှိုက်ခြင်းဖြင့်လဲ ပြုပြင်ပေးနေရတယ်၊သင့်လျော်သော ဥတု အစာတို့ဖြင့်လဲ ပြုပြင်ပေးနေရတယ်။ ဒါဖြကြောင့် ခန္ဓာငါးပါးကို လေးလံတဲ့ ဝန်ထုပ်ကြီး ထမ်းဆောင်နေရသလိုပင် အပြစ်မြင်နေတယ်။

ဒီခန္ဓာဝန်ကို ဘယ်ကစပြီး ရလာသလဲဆိုတော့၊ ရဟန္တာမှာ လက်ရှိ နောက်ဆုံးဘဝအတွက်ဆိုလျှင် အဲဒီဘဝပဋိသန္ဓေ

http://www.dhammadownload.com

ကာလက စပြီး ရလာတယ်၊ အဲဒီပဋိသန္ဓေကာလမှ စပြီး သိလိုက် ထိလိုက် မြင်လိုက် ကြားလိုက်စသည်ဖြင့် ရုပ်နာမ် ခန္ဓာတွေဟာ မပြတ်မစဲ ဖြစ်လာခဲ့တယ်၊ အဲဒီခန္ဓာတွေ ပဋိသန္ဓေမှ စပြီး ဖြစ်လာတာလဲ ရေးဘဝက ကိလေသာနှင့် ကံဆိုတဲ့ အကြောင်းရှိခဲ့လို့ပဲ၊ အဲဒီ ကိလေသာကံ ရှိခဲ့တဲ့ ရှေးဘဝမှာလဲ ရုပ်နာမ်ခန္ဓာတွေ ရှိခဲ့တယ်၊ အဲဒီ ရုပ်နာမ်ခန္ဓာတွေလဲ သူ့ထက် ရှေးကျတဲ့ဘဝက ကိလေသာနှင့် ကံဆိုတဲ့ အကြောင်းရှိခဲ့လို့ ဖြစ်လာခဲ့တာပဲ၊ ဒီပုံဒီနည်းဖြင့် ရုပ်နာမ် ခန္ဓာတွေ ဖြစ်ခဲ့ရတဲ့အစကို ရှာကြည့်လျှင် အစကို ရှာလို့ မတွေ့နိုင်ဘူး။ ဥပမာအားဖြင့် ကြက်ဥဟာ ဘယ်က ဖြစ်လာသလဲ၊ ကြက်မက ဖြစ်လာတယ်၊ အဲဒီ ကြက်မဟာ ဘယ်က ဖြစ်လာသလဲ၊ ကြက်ဥက ဖြစ်လာတယ်၊ ဒီပုံဒီနည်းဖြင့်ကြက်ဥနှင့် ကြက်မတို့၏ အစဖြစ်ခဲ့ရာကား လိုက်ရှာလျှင် အစ ဖြစ်ခဲ့ရာကို မတွေ့နိုင်သလိုပါပဲ။ တနည်း ဥပမာအားဖြင့် သရက်စေ့ ဘယ်ကဖြစ်လာသလဲ၊ သရက်ပင်မှ ဖြစ်လာတယ်၊ အဲဒီသရက်ပင်ဟာ ဘယ်ကဖြစ်လာသလဲ သရက်စေ့က ဖြစ်လာတယ်၊ ဒီပုံဒီနည်းဖြင့် သရက်စေ့နှင့် သရက်ပင်တို့၏ အစကို ရှာလို့မတွေ့နိုင်တာနှင့်လဲ တူပါတယ်။ ဒါပေမယ့် ဒီဥပမာတွေမှာတော့ ကမ္ဘာဦး ကာလတုန်းက ကြက်မနှင့် သရက်ပင်က စပြီး ဖြစ်လာတယ်လို့ ဆိုနိုင်စရာ ရှိပါသေးတယ်။ ရုပ်နာမ်ခန္ဓာတို့၏ အစကိုတော့ ဘယ်လိုမှ မပြောဆိုနိုင်ဘူး။ ဒါကြောင့် ရုပ်နာမ် ခန္ဓာဝန်ကို ထမ်းဆောင်

http://www.dhammadownload.com

လာရတဲ့ကာလဟာ အလွန်ရှည်ကြာလှပြီဆိုတာ သိရပါတယ်။ အဲဒီလို အစမထင်အောင် အလွန်ရှည်ကြာတဲ့ သံသရာ ကာလ ပတ်လုံး ထမ်းဆောင်လာခဲ့ရတဲ့ ခန္ဓာဝန်ထုပ်ကြီးကို ပရိနိဗ္ဗာန် စုတိကံ့ကာလကျမှ စွန့်ချနိုင်မှယ်၊ ဒါကြောင့် ရဟန္တာအရှင် မြတ်တွေဟာ ပရိနိဗ္ဗာန်ပြုရမည့် အချိန်ကာလကိုသာ မြော် လင့်ကြ အလိုရှိကြပါတယ်တဲ့။ ဒါကြောင့်-

နာဘိနန္ဒာမိ မရဏံ၊ နာဘိနန္ဒာမိ ဇီဝိတံ။

ကာလဠဲ့ ပဋိကင်္ခါမိ၊ နိဗ္ဗိသံ ဘတကော ယထာ-လို့ မိန့်ဆိုတော်မူကြပါတယ်၊ မရဏံ- သေခြင်းကို၊ နာဘိနန္ဒာမိ- မနှစ်သက် မတောင့်တပါ၊ ဇီဝိတံ- အသက်ရှင်နေရခြင်း ကိုလဲ၊ နာဘိနန္ဒာမိ- မနှစ်သက် မတောင့်တပါ၊ ဘတကော- နေ့စားလစား အလုပ်သမားသည်- နိဗ္ဗိသံ- လုပ်ခကို၊ ဝါ၊ လုပ်ခရမည့်အချိန်ကို၊ ပဋိကင်္ခတိ် ယထာ- တောင့်တမြော်မိ အလိုရှိသကဲ့သို့၊ ကာလဠ- ပရိနိဗ္ဗာန်ပြုရမည့် ကာလကိုသာ လျှင်၊ ပဋိကင်္ခါမိ- မြော်လင့်ပါသည်တဲ့။

ကိလေသာမကင်းသေးတဲ့ ပုဂ္ဂိုလ်တွေမှာ စုတိစိတ်ဖြင့် သေပြီးသည်၏ အခြားမဲ့မှာ ပဋိသန္ဓေစိတ်မှ စပြီး ရုပ်နာမ် ခန္ဓာဝန်တွေ့ အဆက်မပြတ် ဖြစ်ဖြစ်သွားတယ်၊ ခန္ဓာဝန်ကို ထမ်းဆောင်နေရလျက်သာ ဖြစ်နေတယ်၊ ခန္ဓာဝန်ထုပ်ကြီးက မပြတ်လေးနေတယ်။ ရဟန္တာမှာတော့ ပရိနိဗ္ဗာန်စုတိမှ နောက်ကာလမှာ ဘဝခန္ဓာ အသစ် မဖြစ်လာတော့ဘူး၊ ခန္ဓာ

http://www.dhammadownload.com

ဝန်ထုပ်ကြီး တခါတည်း ကျသွားတယ်၊ အဲဒီလို ခန္ဓာ ဝန်ထုပ်ကြီး ကျသွားတာကိုသာ ရဟန္တာ အရှင်မြတ်တွေက အလိုရှိကြတယ်၊ ဘဝသစ် ရုပ်နာမ် ခန္ဓာတွေ ဖြစ်လာမှာကို အလိုမရှိကြဘူး။ ဒါကြောင့်-

ယေ- ယင်း ရဟန္တာ အရှင်မြတ်တို့သည်၊ အာယတိကေ ဘဝသို့- နောင် အနာဂတ်ဘဝ၌၊ ဝိရတ္တစိတ္တာ-တပ်မက်ခြင်း ကင်းသော စိတ်ရှိကုန်၏၊ ဝါ၊ တပ်မက်လိုချင်ခြင်း ကင်းကုန်၏၊ တေ ဓီရာ- ထို ရဟန္တာသခင် ပညာရှိတို့သည်၊ အဝိရုဠှိဆန္ဒာ-မစည်ပင် မဖြစ်ပွါးသော အလိုဆန္ဒရှိကုန်သည် ဖြစ်၍၊ ဝါ၊ ဖြစ်လိုသော တဏှာဆန္ဒ မဖြစ်ကြသောကြောင့်၊ ခီဏဗျဓာ- ကုန်ပြီးသော မျိုးစေ့ရှိကုန်သည်ဖြစ်၍၊ ဝါ၊ ဘဝအသစ်ဖြစ်ရန် မျိုးစေ့ကုန်ကြပြီးသောကြောင့်၊ နိဗ္ဗန္တိ- ရုပ်နာမ် ခန္ဓာအသစ် မဖြစ်တော့ပဲ ငြိမ်းလေကုန်၏-တဲ့။

တဏှာကြောင့် ဘဝသစ်ဖြစ်တယ်

တဏှာမကင်းသေးတဲ့ သတ္တဝါတွေမှာ လက်ရှိ ဘဝကိုလဲ သာယာတပ်မက်နေတယ်၊ မသေပဲနဲ့ အမြဲတမ်း နေရမယ်ဆိုယင် အမြဲတမ်း အသက်ရှင်နေလိုကြတယ်၊ သေရပြန်ယင်လဲ ဘဝအသစ် ဖြစ်နေချင်တယ်၊ ဘဝလောကထဲ ပြန်မလာရတော့ဘူးဆိုယဲင် လက်မခံနိုင်ကြဘူး၊ ဒါကြောင့် သေပြီးသည်၏ အခြားမဲ့ အခြားမဲ့မှာ ပဋိသန္ဓေစိတ်မှ စပြီး ဘဝသစ် ရုပ်နာမ် ခန္ဓာတွေ ကံအားလျော်စွာ မပြတ်ဖြစ်ဖြစ်နေ

http://www.dhammadownload.com

တယ်။ ရဟန္တာ အရှင်မြတ်များမှာတော့ ဘဝသစ်၌ တပ်မက်လိုချင်ခြင်း မရှိကြဘူး၊ ရုပ်နာမ် ခန္ဓာ အစဉ်ပြတ်စဲချုပ်ငြိမ်းသွားခြင်းကိုသာ အလိုရှိကြတယ်၊ ဒီနေရာမှာ ဘဝသစ်ဖြစ်ရန် အလိုရှိတာက တဏှာ၊ ဘဝချုပ်ရန် အလိုရှိတာက ကြိုယာဆန္ဒ၊ ဒီလို ကွဲပြားချက်ကိုလဲ နားလည်ထားကြရမယ်။ ပုထုဇဉ် ပုဂ္ဂိုလ်များမှာ နိဗ္ဗာန်အစစ်ဖြစ်တဲ့ ဘဝချုပ်ခြင်းကို အလိုရှိတာလဲ တဏှာမဟုတ်ဘူး၊ ကုသိုလ်ဆန္ဒသာ ဖြစ်ဇယ်၊ အဲဒါကိုလဲ နားလယ်မှတ်သားထားကြရမယ်။ ဘာကြောင့်လဲဆိုလျှင် ဘဝသစ်ဖြစ်ရန် အလိုရှိတာက သာယာတပ်စွဲပြီး အလိုရှိတာ ဖြစ်တယ်၊ ဘဝချုပ်ရန် အလိုရှိတာကတော့ သာယာတပ်စွဲခြင်းမရှိပဲ လိုလားကာမျှသဘောဖြစ်တယ်၊ ဒါကြောင့်ပါပဲ။ ဒီလို သာယာတပ်စွဲခြင်းမရှိပဲ လိုလားကာမျှ ဖြစ်တဲ့အတွက် ဘဝချုပ်ရန် လိုလားတာဟာ ဆန္ဒသာ ဖြစ်တယ်လို့ မှတ်ရမယ်။

ရဟန္တာမှာ တဏှာမရှိလို့ ဘဝသစ်မဖြစ်

ရဟန္တာ အရှင်မြတ်တွေမှာ ဘဝသစ်၌ တပ်မက်လိုချင်တဲ့ တဏှာ မရှိကြတဲ့အတွက်ကြောင့် ဘဝသစ်ဖြစ်ရန် ဝိညာဏ်မျိုးစေ့ ကုန်ခန်းသွားပြီ မရှိတော့ဘူး-တဲ့။ ဘယ်လိုဝိညာဏ်မျိုးစေ့လဲဆိုတော့-

ကမ်မံ-ကုသိုလ်ကံ အကုသိုလ်ကံသည်၊ ခေတ္တံ- ပေါက်ရောက်ဖြစ်ပွါးရာ လယ်မြေပေတည်း၊ ဝိညာဏံ- ကံနှင့်တကွ

http://www.dhammadownload.com

ဖြစ်သော ဝိညာဏ်သည်*၊ ဗီဇံ- မျိုးစေ့ပေတည်း၊ တဏှာ-လိုချင်တပ်မက်ခြင်း တဏှာသည်၊ သွေ့ဟော- အရည်အစိုခြောက် ပေတည်း-လို့ ဟောထားတဲ့ အင်္ဂုတ္တရ တိကနိပါတ် (၂၂၄) ပါဠိတော်အရ ကံနှင့်တကွဖြစ်တဲ့ စိတ်ဝိညာဏ်ဟာ* မျိုးစေ့ပါပဲ။ တဏှာဆိုတဲ့ ရေခြောက် အစိုခြောက် ရှိနေယင် ဒီကမ္မဝိညာဏ်က* သေခါနီးကာလမှာ ကံ-ကမ္မနိမိတ်-ဂတိနိမိတ်ဆိုတဲ့ အာရုံကို သန်သန်စွမ်းစွမ်း အာရုံပြုပြီး ဖြစ်လာတယ်၊ အဲဒီလိုအခါ စုတိစိတ်ဖြင့် သေသွားယင် အဲဒီကံအစရှိတဲ့ အာရုံကိုပဲ အာရုံပြုပြီး ပဋိသန္ဓေဝိညာဏ် အညောက်အပင် ပေါက်လာတယ်။ ရဟန္တာမှာတော့ တဏှာရောက မရှိတော့တဲ့အတွက် ပရိနိဗ္ဗာန် ပြုခါနီးမှာ ကံ ကမ္မနိမိတ်

မှတ်ချက်

* ဤ၌ ကမ္မဝိညာဏ်ဟူသည်မှာ ဝိညာဏံ ဒိဇန်တို့ သဟဇာတံ အဘိသင်္ခါရ ဝိညာဏံ ဝိရူဟနဋ္ဌေန ဗီဇံ-ဟူ၍၎င်း၊ ဝိညာဏံ ပတိဋ္ဌာတုံ အဘိသင်္ခါရ ဝိညာဏံ ပတိဋ္ဌံ-ဟူ၍၎င်း ဖွင့်ပြသော တိကနိပါတ် ပဋ္ဌမဘာဝသုတ်၏ အဖွင့် အဋ္ဌကထာကို မှီ၍ ပြဆိုချက် ဖြစ်သည်။ ကံကိုပြုစဉ်က ကံနှင့်တကွ ဖြစ်သောကြောင့် ယင်းဝိညာဏ်ကို အဘိသင်္ခါရ ဝိညာဏ်ဟူ၍၎င်း၊ ကမ္မဝိညာဏ်ဟူ၍၎င်း ခေါ်သည်။ ယင်း ကမ္မဝိညာဏ်သည် သေခါနီး၌ မရဏာသန္နဇော အဖြစ်ဖြင့် ကုသိုလ် အကုသိုလ်စွမ်းရည် သတ္တိနှင့်တကွ သန်စွမ်းစွာ ဖြစ်၏၊ ကြိယာစိတ်ကဲ့သို့ စွမ်းရည်သတ္တိမဲ့ မဟုတ်ပေ၊ ယင်းသို့ သန်စွမ်းစွာ ဖြစ်သောကြောင့်ပင် စုတိစိတ်၏ အခြားမဲ့၌

http://www.dhammadownload.com

ဂတိနိမိတ်လဲ မထင်ဘူး၊ ကံ ကမ္မနိမိတ် ဂတိနိမိတ်ကို အာရုံပြုတဲ့ ကမ္မဝိညာဏ်စိတ်လဲ မဖြစ်ဘူး၊ ကြိယာစျာန်စိတ်များနှင့် အဲဒီစျာန်ကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ ကြိယာစိတ်များသို့မဟုတ် ထင်ပေါ်တိုင်းသော သခ်ါရတို့ကို ရှုတဲ့ ဝိပဿနာကြိယာစိတ်များသာ ဖြစ်ကြတယ်၊ အဲဒီစျာန် ပစ္စဝေက္ခဏာ ဝိပဿနာကြိယာစိတ်များ၏ အခြားမဲ့မှာ ပရိနိဗ္ဗာန် စုတိစိတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူကြတယ်၊အဲဒီလို ပရိနိဗ္ဗာန် ပြုခါနီးမှာ ကမ္မဝိညာဏ်ဆိုတဲ့ ဘဝမျိုးစေ့ မရှိတဲ့အတွက်ကြောင့် ပရိနိဗ္ဗာန် စုတိစိတ်၏ အခြားမဲ့မှာ ဘဝသစ် ပဋိသန္ဓေဝိညာဏ်

မိမိ၏ကံ စသောအာရုံကို ယူစေလျက် ပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေနိုင်ပေသည်။ ဤသို့ မရဏာသန္ဒဇော ကမ္မဝိညာဏ်က ပဋိန္ဓေဝိညာဏ်ကို ဖြစ်စေသည်ဟူသော အနက်သည် "သခ်ါရ ပစ္စယာ ဝိညာဏံ" ဟူသော ပါဠိ၏အဖွင့် အဋ္ဌကထာတို့နှင့် "သဟဇာတ သခ်ါရာ ခိပန္တိ" ဟူ၍ဂုင်း၊ ယင်းတို့၏ ဋီကာတို့၌ "**သဟဇာတသခ်ါရာတိ** စုတိအာသန္ဒဇဝနဝိညာဏ သဟဇာတာ စေတနာ၊ သဗ္ဗေပိ ဝါ ဖဿာဒယော။ တသ္မိံ ပဋိသန္ဓိဋ္ဌာနေ ကမ္မာဒိဝိသယေ ဝိညာဏံ ခိပန္တိ" စသည်ဖြင့်ဂုင်း ပြဆိုချက်များနှင့်လည်း လျော်ပေ၏။ အထူးကား ပဋိသန္ဓေဝိညာဏ်ကို ကံက ကမ္မသတ္တိဖြင့် ဖြစ်စေသည်၊ ကမ္မဝိညာဏ်ကမူ စုတိစိတ်က အနန္တရသတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဤသို့အထူးကို ခွဲခြား၍ ယူအပ်၏။ ရဟန္တာများမှာ ပရိနိဗ္ဗာန် စုတိ၏အနီး၌ ထိုသို့သော ကမ္မဝိညာဏ် မဖြစ်ပဲ ကြိယာဝိညာဏ်မျှသာ ဖြစ်သောကြောင့် (ဂုင်း၊ ကံနှင့်တဏ္ဍာ ကင်းသောကြောင့်ဂုင်း) ပရိနိဗ္ဗာန် စုတိ၏အခြားမဲ့၌ ပဋိ

http://www.dhammadownload.com

အနည်းငယ်အပင် မပေါက်လာတော့ပဲ ရုပ် နာမ် သင်္ခါရ အားလုံး ချုပ်ငြိမ်းသွားပါတယ်။ ဒါကြောင့် ခီဏာသဝ-ကုန်ပြီးသော မျိုးစေ့ရှိကုန်သည်ဖြစ်၍၊ ဝါ၊ ဘဝသစ်ဖြစ်ရန် ကမ္မဝိညာဏ် မျိုးစေ့ ကုန်ခန်းပြီး ဖြစ်ကြသောကြောင့်၊ နိဗ္ဗန်-ရုပ်နာမ်ခန္ဓာအသစ် မဖြစ်တော့ပဲ ငြိမ်းလေကုန်၏-လို့ မိန့်ဆိုတော်မူပါတယ်၊ ငြိမ်းပုံက ဘာနှင့်တူသလဲဆိုတော့-

ဆီးမီးတောက် ငြိမ်းတာနဲ့တူတယ်

အဲဒီအခါတုန်းက ရတနသုတ်ပရိတ်ကို မြတ်စွာဘုရား၏ အမိန့်တော်အရ အရှင်အာနန္ဒာမထေရ်က ဝေသာလီမြို့တော်

သန္ဓေဝိညာဏ် စသော ရုပ်နာမ် ခန္ဓာအသစ် မဖြစ်ပေါ်ပဲ ရှိသည်၊ ယင်းသို့ မဖြစ်ပေါ်ခြင်းသည် ကမ္မဝိညာဏ် မျိုးစေ့၏ မရှိခြင်းကြောင့်ပင် ဟူ၍လည်း ယူအပ်၏။ ဤကားအဂ်ုတ္တရ အဋ္ဌကထာနှင့်အညီ ပြဆိုသောအနက်ဖြစ်သည်၊ ပါဠိတော် ရင်းနှင့်လည်းညီ၏၊ အသင့်ယုတ္တိလည်းရှိ၏။ ဒီဃ ပုရာဏံ အစရှိသော ဤရတနသုတ်ဂါထာ ခီဏာသဝ-ပုဒ်၏အဖွင့် အဋ္ဌကထာတို့၌ကား ဝိညာဏံ, ဒိဇံ-၏အရ ပဋိသန္ဓေ ဝိညာဏ်ကို ပြဆိုထား၏။ ယင်းပြဆိုချက်သည် အဂ်ုတ္တရ ပါဠိတော် မူရင်းနှင့်ပင် ညီအံ့ မထင်ပေ။ ထိုပါဠိတော်မှာ-

"ကမ္မံ ခေတ္တံ ဝိညာဏံ ဗီဇံ တဏှာသမ္ဗန္ဓနာနံ ဟိနာယ ခာတုယာ ဝိညာဏံ ပတိဋ္ဌာ။ ဧဝံ အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ဟောတိ၊ (ပဌမသုတ်)။ ။ဟိနာယ ခာတုယာ စေတနာ ပတိဋ္ဌိတာ ပတ္ထဲနာ ပတိဋ္ဌိတာ၊ ဧဝံ အာယတိံ

http://www.dhammadownload.com

မှာ လှည့်ပြီး ရွတ်ဖတ်နေပါတယ်၊ အဲဒီဂါထာကို ရွတ်ဖတ်နေဆဲမှာ ထွန်းညှိပူဇော်ထားတဲ့ ဆီမီးတခုက မီးငြေရာဆိုရောကုန်ပြီး ရုတ်တရက် ငြိမ်းသွားပါသတဲ့၊ ဒါနဲ့ကြောင့် "အယံ ပဒီပေါ- ဤ ဆီမီးသည်၊ နိဗ္ဗာတိ ယထာ- ငြိမ်းသွားသကဲ့သို့၊ နိဗ္ဗန္တိ- ငြိမ်းတော်မူကုန်၏" လို့ ရွတ်ဆိုတော် မူပါသတဲ့။

ဒါနဲ့ကြောင့် ရဟန္တာလို့ ခေါ်ရတဲ့ ရုပ်နာမ်ခန္ဓာ အစဉ်ဟာ ပရိနိဗ္ဗာန် စုတိစိတ်ဖြင့် ဆီမီးတောက်ကလေး ငြိမ်းသလိုပင် ငြိမ်းသွားတယ်လို့ မှတ်ရပါတယ်။ ဆီမီးဆိုတာ လျှပ်စစ်ဓာတ်မီးမပေါ်မီ ရှေးခေတ်က သုံးခဲ့ကြပါတယ်၊ ယခုခေတ်မှာလဲ တချို့က သုံးနေပါတယ်၊ ခွက်ကလေးထဲမှာ ဆီနဲ့

ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ဟောတိ၊ (နောက်သုတ်)။" ဤသို့ရှိ၏။ ဤသုတ်ပါဋ္ဌိတို့၌ ကမ္ပံ, တဏှာတို့ဖြင့် အကျိုးဖြစ်သော ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ-၏ အကြောင်းကို ပြသကဲ့သို့ ဝိညာဏံ-ဖြင့်လည်း ဒုကြောင်းကိုပင် ပြသည်ဟု ထင်ရှား သိသာလှပေ၏၊ ထို့ထက် ပဋ္ဌမသုတ်၌ ဝိညာဏံ-ဟု ဟောခဲ့၍ ဒုတိယသုတ်၌ ထိုအရာတွင် စေတနာ ပတ္ထနာတို့ကို ဟောထားသဖြင့် သာ၍ပင် ထင်ရှားလှပေ၏။ သို့ဖြစ်၍ ဝိညာဏံ-အရ ဘဝသစ်ဖြစ်ခြင်း၌အတွင်းဝင်သော အကျိုး ပဋိသန္ဓေဝိညာဏ်ကို ယူရန် မသင့်၊ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ၏ အကြောင်းဖြစ်သော ကမ္မဝိညာဏ်ကိုသာ ယူရန်သင့်ပေသည်။ ပါဋိပညာရှင်တို့၏အတွက်သာ ဖြစ်သည်။

http://www.dhammadownload.com

မီးစာကို ထည့်ပြီး ထွန်းရတာပါပဲ၊ ဆီကလဲ ရှိနေမယ် မီးစာကလဲ ရှိနေမယ်ဆိုယင် ဆီအသစ်အသစ်ကို လောင်ပြီး မီးတောက် အသစ် အသစ် ကလေးတွေဟာ မပြတ်ဖြစ်နေပါတယ်၊ အောက်မှ တောက်လောင်ပြီး တက်တက်လာတယ်၊ အထက်မှာ အခိုးအငွေ့ဖြစ်ပြီး ပျောက်ပျောက်သွားတယ်၊ ဒါပေမဲ့ သာမန် အမြင်အားဖြင့်ဆိုယင် မီးတောက်ကလေး တကြွံတည်း အမြဲတည်နေတယ်လို့ ထင်ရတယ်။ အဲဒါလိုပဲ သတ္တဝါတွေရဲ့ သန္ဓာန်က ရုပ်နာမ်ခန္ဓာတွေဟာလဲ ကံ စိတ် ဥတု အာဟာရစသော အကြောင်းမျှား ရှိနေသမျှ ကာလ ပတ်လုံး အသစ်အသစ် ဖြစ်ပြီး ခဏမစဲ ပျောက်ပျက်သွားကြတယ်၊ အဲဒီသဘောကို သိချင်ယင် မြင်တိုင်း ကြားတိုင်း တွေတိုင်း သိတိုင်း ဒုဂရ ၄-ပါးက ပေါ်လာသမျှကို စူးစိုက်ပြီး မပြတ်ရှုကြည့်နေပါ၊ ကြားတာလဲ ချက်ခြင်း ပျောက်သွားပုံ၊ ကြံသိတာလဲချက်ခြင်း ပျောက်သွားပုံကို ထင်ရှား သိရပါလိမ့်မယ်။ သမာဓိဉာဏ်အားဖောင်းလာတဲ့ အခါကျတော့ မြင်တာ ထိသိတာ စသည်တွေရော အားလုံးပင် ချက်ခြင်း ပျောက်ပျောက်သွားတာကို သိရပါလိမ့်မယ်။ ဒါပေမဲ့ သာမန်ပုဂ္ဂိုလ်တွေရဲ့ အမြင်နဲ့ဆိုယင်တော့ မြင်တာ ကြားတာ စသည်တွေကို အမြဲတည်ရှိနေတယ်လို့ ထင်ကြရတယ်။ ဒါက ဆီမီးတောက်ကလေး အသစ်အသစ် ဖြစ်ပျက်နေပုံနှင့် ရုပ်နာမ်ခန္ဓာတွေ အသစ်အသစ် ဖြစ်ပျက်နေပုံတူကြောင်း ဖော်ပြချက်ပါပဲ။

http://www.dhammadownload.com

အဲဒီ ဆီမီးတောက်ဟာ အဟောင်းအဟောင်းတွေ ကုန်ကုန်သွားပေမယ်လို့ ဆီနဲ့.မီးစာက ရှိနေယင် အသင်အသစ် တောက်လျက် တောက်လျက် တည်နေတာပဲ၊ အဲဒါလိုပင် ကံအစရှိသော အကြောင်းတရားက ရှိနေယင် သတ္တဝါတို့၏ သန္ဓာန်က ရုပ်နာမ်တွေလဲ အသစ်အသစ် ဖြစ်ဖြစ်ပြီး တည်မြဲပင် တည်နေတယ်၊ ဘဝဟောင်းက သေပျက်သွားပေမဲ့ ကံအကြောင်းနဲ့ ကမ္မဝိညာဏ်မျိုးစေ့က ရှိနေယင် ဘဝသစ်မှာ ပဋိသန္ဓေဝိညာဏ်ဆိုတဲ့ အညောက်အပင် ပေါက်ပြီး ဖြစ်မြဲဖြစ် တည်မြဲတည်နေတယ်။

ဆီမီးခွက်မှာ ဆီနဲ့ မီးစာကုန်သွားတဲ့ အခါကျတော့ နောက်ဆုံး တောက်လောင်တဲ့ မီးတောက်ကလေး အထက် ဖက်မှာ အခိုးအငွေ့ဖြစ်ပြီး ဟုတ်ကနဲ ပျောက်သွားတယ် ဆိုယင် မီးတောက်အသစ်လဲ မပေါ်လာတော့တဲ့အတွက် တခါတည်း လုံးဝပျောက်သွားတော့တာပဲ။ ရဟန္တာ ပုဂ္ဂိုလ်များ၏ ရုပ်နာမ် ခန္ဓာတွေ ချုပ်ငြိမ်းပုံကလဲ အဲဒီ နောက် ဆုံးမီးတောက်ကလေး ငြိမ်းပုံနှင့် တူပါတယ်တဲ့၊ ပရိနိဗ္ဗာန် စုတိစိတ်နှင့်တကွ နောက်ဆုံးရုပ်နာမ်တွေ ချုပ်ပျောက်သွား တဲ့အခါမှာ ဘဝသစ် ရုပ်နာမ်တွေ မဖြစ်ပေါ်လာတော့တဲ့ အတွက် တခါတည်းငြိမ်းတော့တာပဲ။ အဲဒါဟာ ရဟန္တာ ပုဂ္ဂိုလ်လို့ ခေါ်ရတဲ့ ရုပ်နာမ် ခန္ဓာတွေ ငြိမ်းသွားတာပါပဲ၊ ပုဂ္ဂိုလ်သတ္တဝါ ပျောက်ကွယ်သွားတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ လူတွေက ပုဂ္ဂိုလ်သတ္တဝါလို့ အစဲ့အလမ်းရှိနေကြတဲ့

http://www.dhammadownload.com

အတွက် ရဟန္တာပုဂ္ဂိုလ် ပျောက်ကွယ်သွားတယ်လို့ ထင်မှတ်တတ်ကြတယ်၊ ပြောလဲ ပြောတတ်ကြတယ်။ ပုဂ္ဂိုလ်ပျောက်ကွယ်သွားတယ်လို့ တကယ်ထင်မြင် စွဲလမ်းယင် ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်။ အမှန်စင်စစ်ကတော့ ပုဂ္ဂိုလ်ဆိုတာ မူလကပင် တကယ်ရှိတာမဟုတ်ဘူး၊ အသစ်အသစ် မပြတ်ဖြစ်ဖြစ်နေတဲ့ ရုပ်နာမ်အစဉ် သန္တာန်ကိုပင် ပုဂ္ဂိုလ်သတ္တဝါလို့ ခေါ်ရတာပဲ၊ ရဟန္တာဆိုတာလဲ ရုပ်နာမ် ခန္ဓာအစဉ်မျှပဲ၊ ရုပ် နာမ် ခန္ဓာအစဉ်မှအလွတ် ပုဂ္ဂိုလ်သတ္တဝါရယ်လို့ အသီးအခြားရှိတာမဟုတ်ဘူး၊ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ် ငြိမ်းသွားတယ် ဆိုတာဟာ ရဟန္တာလို့ ခေါ်ရတဲ့ရုပ်နာမ် ခန္ဓာအစဉ် အသစ်မဖြစ်ပေါ်လာတော့ပဲ ပြတ်စဲချုပ်ငြိမ်းသွားတာပါပဲ၊ အဲဒီ ရုပ်နာမ် ခန္ဓာအစဉ် အသစ်မဖြစ်လာတော့ပဲ ပြတ်စဲချုပ်ငြိမ်းတာကိုပင် ရည်ရွယ်ပြီးတော့-

တေ ဓီရာ-အနာဂတ်ဘဝ၌ တပ်မက်လိုချင်ခြင်း ကင်းကုန်သော ထိုရဟန္တာသခင် ပညာရှင်တို့သည်၊ အဝိရုဋ္ဌိဆန္ဒာ-ဖြစ်လိုသည့် တဏှာဆန္ဒ မရှိကြသောကြောင့်၊ ခဏဗီဇာ-ဘဝသစ်ဖြစ်ရန် ကံဝိညာဏ်မျိုးစေ့ကုန်ပြီး ဖြစ်ကြသောကြောင့်၊ အယံ ပဒီပေါ ယထာ-ဆီနှင့် မီးစာကုန်၍ ဟုတ်ကနဲ ငြိမ်းသွားလေသော ဤဆီမီးကဲ့သို့၊ နိဗ္ဗန္တိ-ရုပ်နာမ် ခန္ဓာအသစ်မဖြစ်တော့ပဲ ပြတ်စဲချုပ်ငြိမ်းတော် မူကြလေကုန်၏-လို့ အရှင်အာနန္ဒာမထေရ်က ရွတ်ဖတ် မိန့်ဆိုတော်မူခဲ့ပါတယ်။

http://www.dhammadownload.com

နိဗ္ဗာန်-ပုဒ်၏ ဝစနတ္ထများ

ဒီ-ရတနသုတ်ဂါထာက နိဗ္ဗန်ကို-ငြိမ်းကုန်၏-ဆိုတဲ့ ပုဒ် ဟာလဲ နိ-ရှေးရှိသော ဝါ-ခေတ်ဖြင့် နိဗ္ဗာန-ပုဒ်ပြီးကြောင်း သာဓကတခုပါဘဲ။ ဒီပြင်လဲ ပါဠိကျမ်းဂန်တွေမှာ ပရိနိဗ္ဗာယတု-ပရိနိဗ္ဗာန် စံတော်မူပါလော့၊ ပရိနိဗ္ဗာယ်သာမိ-ပရိနိဗ္ဗာန်စံပေအံ့၊ နိဗ္ဗုယိဿတိ-ငြိမ်းလတံ့၊ နိဗ္ဗုတော-ငြိမ်းသည်-စသည်ဖြင့် သာဓကကြိယာပုဒ်တွေ များစွာပင် ရှိပါသေးတယ်။ အဲဒီ နိ-ရှေးရှိသော ဝါ-ခေတ်ဖြင့် ပြီးတဲ့ ကြိယာပုဒ်များကဲ့သို့ပင် နိဗ္ဗာန-နိဗ္ဗာန်ဆိုတဲ့ပုဒ် ပြီးတယ်လို့ ယူဆပြီးတော့ ဘုန်းကြီးက-

နိဗ္ဗာတိ ဝန္နဒုက္ခံ ဇတ္ထာတိ နိဗ္ဗာန-လို့ ဝစနတ္ထကို ပြခဲ့တယ်။

ဇတ္ထ-ဤအငြိမ်းခေတ်၌၊ ဝန္နဒုက္ခံ-ဝဋ်ဆင်းရဲ အလုံးစုံသည်၊ နိဗ္ဗာတိ-ငြိမ်း၏။ ဣတိ-ဤသို့ ဝဋ်ဆင်းရဲအားလုံး ငြိမ်းရာဖြစ်သောကြောင့်၊ တံ-ကိုအငြိမ်းဓာတ်သည်၊ နိဗ္ဗာန-နိဗ္ဗာန်မည်၏။

ဝိပဿနာရှုလို့ အရဟတ္တမဂ်ဉာဏ်ဖြင့် အငြိမ်းဓာတ်ကို မြင်ရတဲ့အခါ အဝိဇ္ဇာ ဟာကျအစရှိသော ကိလေသာတွေ မဖြစ်နိုင်တော့ပဲ လုံးဝငြိမ်းသွားတယ်၊ ကိလေသာငြိမ်းသွားတော့ ရှိပြီးကံတွေကလဲ ဘဝသစ်အကျိုးကို မပေးနိုင်တော့ပဲ ငြိမ်းသွားကြတယ်၊ ဘဝသစ်အကျိုးကို ဖြစ်စေတတ်တဲ့ကံလဲ

http://www.dhammadownload.com

မဖြစ်တော့ဘူး၊ ဒါကြောင့် ဝိညာဏ် နာမ်ရုပ် သဋ္ဌာယတန ဖဿ ပေဒနာဆိုတဲ့ ဘဝသစ်ရုပ်နာမ်တွေလဲ မဖြစ်နိုင်တော့ ဘူး၊ အဲဒီလို ကိလေသာကံ ဝိပါက်ဆိုတဲ့ ဝဋ္ဌဆင်းရဲအားလုံး ငြိမ်းတာဟာ အရဟတ္တမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်အငြိမ်းဓာတ်ကို ရောက်တဲ့အခါမှာ ပြီးစီးတယ်၊ ဒါကြောင့် အဲဒီအငြိမ်းဓာတ် ကို ဝဋ္ဌဆင်းရဲငြိမ်းရာ နိဗ္ဗာန်လို့ ခေါ်ဆိုတယ်။ အမှန်မှာ တော့ ငြိမ်းခြင်းသဘောကိုပင် ငြိမ်းရာလို့ တင်စားပြီး ဆိုရတာပါပဲ။ နောက်တနည်းကတော့–

နိဗ္ဗာတိ ဝဋ္ဌဒုက္ခံ တေသိ့ အဓိဂတေတိ ဝါ နိဗ္ဗာနံ-လို့ ပြခဲ့ပြီ။

ဝါ-တနည်း ဝစနတ္ထကား၊ တေသိ့ အဓိဂတေ – ဤ အငြိမ်းဓာတ်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် မြင်လျက် ရလတ် သော်၊ ဝဋ္ဌဒုက္ခံ–ဝဋ္ဌဆင်းရဲ အလုံးစုံသည်၊ နိဗ္ဗာတိ–ငြိမ်း၏။ ဣတိ ဤသို့ ဝဋ္ဌဆင်းရဲအားလုံး ငြိမ်းကြောင်း ဖြစ်သော ကြောင့်၊ တံ–ထိုအငြိမ်းဓာတ်သည်၊ နိဗ္ဗာနံ–နိဗ္ဗာန်မည်၏။

ဒီ ဝစနတ္ထအလိုအားဖြင့်တော့ အရဟတ္တမဂ်ဟာ အငြိမ်း ဓာတ်ကို မြ မှ ဝဋ္ဌဆင်းရဲကို ငြိမ်းစေနိုင်တယ်၊ ဒီတော့ ဝဋ္ဌဆင်းရဲကို ငြိမ်းစေရာမှာ အငြိမ်းဓံာတ်က အကူအညီ အထောက်အပံ့ အကြောင်းဖြစ်နေတယ်၊ ဥပမာအားဖြင့် သစ်သားကို ဖြတ်ရာမှာ ဓားဖြင့် လွှဖြင့် ဖြတ်ရတယ်၊ ဓား လွှ အကူအညီမပါပဲ မဖြတ်နိုင်ဘူး၊ ဓား လွှက အကူအညီ အကြောင်း ဖြစ်နေတယ်၊အဲဒါလိုပဲ ဝဋ္ဌဆင်းရဲကို ငြိမ်းစေရာ

http://www.dhammadownload.com

မှာ အငြိမ်းဓာတ်က အကူအညီ အကြောင်းဖြစ်နေတဲ့အတွက် ဝင်္ဆင်းရဲငြိမ်းကြောင်း ဖြစ်နေပါတယ်၊ ဒါကြောင့် အငြိမ်းဓာတ်ကို ဝင်္ဆင်းရဲငြိမ်းကြောင်း နိဗ္ဗာန်လို့ ဆိုရပါတယ်။ ဒါလဲ တင်စားပြီး ဆိုတာပါပဲ။ မူချအားဖြင့်တော့-

နိဗ္ဗာယတေ-ငြိမ်းခြင်း၊ နိဗ္ဗာန်-ငြိမ်းခြင်း-လို့ ပြဆိုတဲ့ ဘာဝသာဓနအရ ဝင်္ဆင်းရဲအပေါင်း၏ ငြိမ်းခြင်းသဘောမျှ-အငြိမ်းဓာတ်မျှကိုသာ နိဗ္ဗာန်လို့ ဆိုရပါတယ်။ အရဟတ္တာမဂ်ဖြင့် ကိလေသာငြိမ်းခြင်းသည်သာ လိုရင်းဖြစ်ပါတယ်၊ ကိလေသာငြိမ်းယင် အကျိုးပေးမည့်ကံလဲ ငြိမ်းတော့တာပဲ၊ ကံ, ငြိမ်းတော့ ပရိနိဗ္ဗာန် စုတိ၏အခြားမဲ့၌ ဘဝသစ် ရှုပ်နာမ ဝိပါက်လဲ မဖြစ်ပေါ်လာပဲ ငြိမ်းသွားတော့တာပါပဲ၊ ဘဝသစ်မဖြစ်ပဲ ငြိမ်းယင် ဆင်းရဲအားလုံး ငြိမ်းတော့တာပဲ။ ဒါကြောင့် ကိလေသာက ဝိပါက်ဆိုတဲ့ ဝင်္ဆင်းရဲအားလုံး ငြိမ်းခြင်းသဘောကို နိဗ္ဗာန်လို့ မှတ်ထားရမယ်။ ဒါပေမဲ့ ဝစနတ္ထနည်း သုံးပါးလုံး စုံအောင် "နိဗ္ဗာန်ဆိုတာ ဝင်္ဆင်းရဲငြိမ်းရာ၊ ဝင်္ဆင်းရဲ ငြိမ်းကြောင်း၊ ဝင်္ဆင်းရဲ ငြိမ်းခြင်း သဘောပင် ဖြစ်သည်" ဆိုတဲ့ ဆောင်ပုဒ်ကိုလဲ မှတ်ထားကြရမယ်။ ကဲ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

နိဗ္ဗာန်ဆိုတာ ဝင်္ဆင်းရဲငြိမ်းရာ၊ ဝင်္ဆင်းရဲပြိမ်းကြောင်း၊ ဝင်္ဆင်းရဲ ငြိမ်းခြင်း သဘောပင်ဖြစ်သည်။

ဝိပဿနာရှုနေတဲ့ ယောဂီဟာ မပြုဘ် ဖြစ်ပျက်နေတဲ့ သင်္ခါရ ဆင်းရဲတွေကိုသာ မပြုတ်ရှုသိခဲ့ရတယ်၊ အဲဒီလို

http://www.dhammadownload.com

ရှိသိတိုင်း ရှိသိဟိုင်း ကိလေသာတွေကို တဒင်္ဂလောက်သာ ငြိမ်းစေနိုင်တယ်၊ တဒင်္ဂလောက်ငြိမ်း-ဆိုတာ အနိစ္စ စသည်ဖြင့် ရှိသိရတဲ့ အာရုံနှင့်စပ်ပြီး ကိလေသာ မဖြစ်နိုင်ရုံမျှ (အဲဒီကိလေသာမှ ဆက်ပြီး ကုံနှင့် အကျိုးဝိပါက် မဖြစ်နိုင်ရုံမျှ) ငြိမ်းတာကို ဆိုပါတယ်၊ ကိလေသာတွေကို အမြစ်ပြတ် လုံးဝအားဖြင့်တော့ မငြိမ်းစေနိုင်သေးဘူး။ ဝိပဿနာဉာဏ်ရင့်သန်ပြည့်စုံတဲ့အခါ ရုပ်နာမ်သင်္ခါရ ချုပ်ငြိမ်းကင်းဆိတ်တဲ့ အငြိမ်းဓာတ်သဘောထဲသို့ အရိယမဂ်ဉာဏ်ဖြင့် ဝင်ရောက်သွားတယ်၊ အဲဒီအငြိမ်းဓာတ်သို့ ရောက်မှ ကိလေသာတွေကို အမြစ်ပြတ် လုံးဝငြိမ်းစေနိုင်တယ်၊ ဒါကြောင့် အငြိမ်းဓာတ်ဟာ ကိလေသာ စသော ဝဋ်ဆင်းရဲ၏ ငြိမ်းရာဌာနသဖွယ် ဖြစ်နေတယ်။ ဒါကြောင့် နိဗ္ဗာန်ကို ဝဋ်ဆင်းရဲ၏ ငြိမ်းရာလို့ ဆိုရတယ်။ အငြိမ်းဓာတ်ကို အရိယမဂ်ဉာဏ်ဖြင့် မြင်သည့်နှင့်တပြိုင်နက် ဝဋ်ဆင်းရဲတွေ ငြိမ်းသွားသောကြောင့် အငြိမ်းဓာတ်ဟာ ဝတ်ဆင်းရဲ ငြိမ်းကြောင်းလဲ ဖြစ်နေတယ်၊ ဒါကြောင့် နိဗ္ဗာန်ကို ဝဋ်ဆင်းရဲငြိမ်းကြောင် လို့လဲ ဆိုရပါတယ်။ အဲဒီ ၂-နည်းကတော့ မုချမဟုတ်ဘူး၊ တင်စားပြီး ပြောဆိုရတာပဲ။ မုချအားဖြင့်တော့ နိဗ္ဗာန်ဆိုတာ အရဟတ္တမဂ်၏အစုမ်းကြောင့် ဝဋ်ဆင်းရဲအလုံးစုံ မဖြစ်ပေါ်လာနိုင်တော့ပဲ ငြိမ်းခြင်းသဘောမျှသာ ဖြစ်ပါတယ်။ အဲဒီလို ဝဋ်ဆင်းရဲ ငြိမ်းအောင်လို့ပဲ မြတ်စွာဘုရား၏ သာသနာတော်မှာ မြတ်သောအကျင့်ကို ကျင့်နေကြရပါတယ်။ အဲဒီ

http://www.dhammadownload.com

နိဗ္ဗာန်ကို သန္ဓိလက္ခဏာ ရှိတယ်လို့လဲ အဋ္ဌကထာများမှာ ပြဆိုထားပါတယ်။

သန္ဓိလက္ခဏာအဓိပ္ပါယ်

သန္ဓိ ဆိုတာကလဲ ငြိမ်းခြင်းလို့ အနက်ရပါတယ်၊ ဘာတွေငြိမ်းသလဲဆိုးယင် ဝဋ်ဆင်းရဲတွေငြိမ်းတာပါပဲ၊ လက္ခဏာဆိုတာကလဲ ဒီနေရာမှာ သူ့ပင်ကိုသဘောကို ဆိုတာပါပဲ၊ ဒါကြောင့် သန္ဓိလက္ခဏာ ရှိတယ်ဆိုတာ ငြိမ်းခြင်းသဘော ရှိတယ်၊ ငြိမ်းခြင်းသဘောသည်ပင် နိဗ္ဗာန်ပဲလို့ ဆိုလိုပါတယ်။ ဒါလောက်ဆိုယင် နိဗ္ဗာန်အကြောင်း တော်တော်သဘောပေါက်လောက်ပါပြီ။ ဒါပေမယ့် သာပြီးပေါ်လွင်အောင် ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ အကြောင်းကို ထပ်ပြီး ခဲ့ပြဦးမယ်။

ကိလေသဝဋ္ဋ

ကိလေသဝဋ္ဋ ဆိုတာ ပဋိစ္စသမုပ္ပါဒ် ဒေသနာအရအားဖြင့် အဝိဇ္ဇာ တဏှာ ဥပါဒါန် ဒီသုံးပါးပါပဲ၊ အဝိဇ္ဇာကြောင့် အားထုတ်မှု-သင်္ခါရများ ဖြစ်ကြတယ်ဆိုတဲ့ အပိုဒ်က အဝိဇ္ဇာရယ်၊ တဏှာကြောင့် စဲ့လမ်းမှု-ဥပါဒါန် ဖြစ်တယ် ဆိုတဲ့ အပိုဒ်က တဏှာနဲ့ ဥပါဒါန်ရယ်-ဒီသုံးပါးပါပဲ။ ဒါကြောင့် “အဝိဇ္ဇာ တဏှာ ဥပါဒါန် ဒီသုံးပါးကို ကိလေသဝဋ္ဋဟု ခေါ်သည်”ဆိုတဲ့ ဆောင်ပုဒ်ကို ကျက်မှတ်ထားကြရမယ်။ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

http://www.dhammadownload.com

အဝိဇ္ဇာ တဏှာ ဥပါဒါန်-ဒီသုံးပါးကို ကိလေသဝဋ်ဟုခေါ်သည်။

အဝိဇ္ဇာဆိုတာ အမှန်အတိုင်း မသိပဲ အလွဲအမှားတွေကို သိနေတဲ့သဘောပဲ၊ ဒုါရ ၆-ပါးက မပြတ်ထင်ပေါ်နေတဲ့ ရုပ်နာမ်တရားတွေဟာ တဏှာမှတပါးဆိုလျှင် ဒုက္ခသစ္စာ-ဆင်းရဲအမှန် တရားတွေချည်းပဲ၊ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း အဲဒါတွေကို သတ္တဝါတွေက ဆင်းရဲလို့ မထင်ဘူး၊ ငါပဲ သူပဲ အမြဲတည်ရှိနေတယ်၊ ချမ်းသာတယ်၊ ကောင်းတယ်၊ လှတယ် စဲသည်ဖြင့် အကောင်းတွေလို့သာ ထင်နေကြတယ်၊ အဲဒါဟာ အဝိဇ္ဇာပဲ။ ကောင်းတယ် ထင်တော့ နှစ်သက်လိုချင်တယ်၊ တဏှာပဲ။ နှစ်သက်လိုချင်တော့ စဲလမ်းတယ်၊ ဥပါဒါန်ပဲ။ စဲလမ်းတော့ ကိုယ့်အလိုအတိုင်း ပြီးမြောက်အောင် ပြုလုပ်အားထုတ်တယ်၊ အဲဒီပြုလုပ်အားထုတ်တာတွေကတော့ သင်္ခါရနှင့် ကမ္မဘဝတွေပဲ။ အဲဒီလို ဖြစ်ပုံကို ရည်ပြီးတော့ ဘုန်းကြီးက ပဋိစ္စ-သမုပ္ပါဒ် တရားတော်မှာ "အမှန်မသွား၊ အမှားမြင်ကာ၊ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး၊ ရည်မြော်ကိုးလျက်၊ သုံးမျိုးမှုကံ၊ ပြုစီမံ၍" စသည်ဖြင့် ဆောင်ပုဒ်စီထားပါတယ်။

ကမ္မဝဋ်

အဝိဇ္ဇာ တဏှာ ဥပါဒါန်ဆိုတဲ့ ပြဓာန်းတဲ့ ကိလေသာ သုံးပါးကို ယူလိုက်ယင် အဲဒီကိလေသာ သုံးပါးနှင့်

http://www.dhammadownload.com

မကင်းဆု မကင်းကြောင်းဖြစ်တဲ့ ဒေါသ မာန ဒိဋ္ဌိအစ
ရှိသော အခြားကိလေသာတွေလဲ ပါဝင်သွားတယ်။ ဒါ
ကြောင့် တဏှာဆိုတဲ့ လောဘဖြင့် လိုချင်စဲ့လမ်းပြီး လိုချင်
တာကို ရအောင် ပြုလုပ်အားထုတ်တယ် ၊ဒေါသဖြင့် စိတ်ဆိုး
ပြီး သူတပါးတွေ သေအောင် ပျက်အောင် ပြုလုပ်တယ်၊
မောဟဆိုတာကတော့ အဝိဇ္ဇာပဲ၊ သူကတော့ အာကူသိုလ်
တိုင်းနှင့် ပူးတွဲပြီး ဖြစ်တယ်၊ ဒါကြောင့် လိုချင်လို့ ပြုလုပ်
ရာမှာလဲ မောဟ ပါတာပဲ၊ စိတ်ဆိုးလို့ ပြုလုပ်ရာမှာလဲ
မောဟ ပါတာပဲ။ နောက်ပြီးတော့ မာနဖြင့် အထင်ကြီးပြီး
သူမျှားထက်သာအောင် ပြုလုပ်တယ်၊ ဒိဋ္ဌိဖြင့် အယူမှားပြီး
ကိုယ့်အလိုအတိုင်း ပြီးမြောက်အောင်လုပ်တယ်၊ အယူမှား
နေတဲ့သူတွေက သူတို့အယူသာ မှန်တယ်၊ အခြားအယူတွေက
မှားတယ်လို့ ယူဆပြီး သူတို့အယူကို အမျှားကလက်ခံအောင်
အကြမ်းနည်းနဲ့လဲ လုပ်တတ်တယ်၊ အနုနည်းနဲ့လဲ ဝါဒ
ဖြန့်တယ်။ အဲဒီလို ပြုလုပ်သမျှတွေဟာ ကိလေသဝဋ်ကို
မှီပြီး ပြုတဲ့ ကမ္မဝဋ်ချည်းပါပဲ။ ဒါကြောင့် ကိလေသာကို
မှီ၍ပြုလုပ်တဲ့ ကောင်းမှု မကောင်းမှုကံကို ကမ္မဝဋ်ဟု ခေါ်
သည်-တဲ့။ အဲဒါကို ဆိုကြရမယ်။

ကိလေသာကိုမှီ၍ ပြုလုပ်တဲ့ ကောင်းမှု မကောင်းမှုကံ
ကို ကမ္မဝဋ်ဟု ခေါ်သည်။

ကိလေသာကို မှီပြီးပြုတာက သတ်ခြင်း နှိပ်စက်ခြင်း
ခိုးယူခြင်း လိမ်ခြင်း အစရှိတဲ့ မကောင်းမှုလဲ ရှိတယ်၊ နောင်

http://www.dhammadownload.com

ဘဝ နောင်ကာလမှာ ချမ်းသာရအောင် ရည်ရွယ်ပြီးပြုတဲ့ ဒါန သီလ အစရှိသော ကောင်းမှုလဲရှိတယ်၊ ပုထုဇဉ် သေကွဲ ပဋိသန္ဓေတွေမှာ အဝိဇ္ဇာ တဏှာ အစရှိသော ကိလေသဝဋ်က ရှိနေတဲ့အတွက် ပြုသမျှအမှုတွေဟာ အကုသိုလ်ကံယင်လဲ ဖြစ်တယ်၊ ကုသိုလ်ကံယင်လဲ ဖြစ်တယ်၊ လောဘ ဒေါသနဲ့ တွဲပြီး မစင်ကြယ်တဲ့ စိတ်စေတနာနဲ့ပြုယင် မကောင်းကျိုး ပေးတတ်တဲ့ အကုသိုလ်ကံ ဖြစ်တယ်။ လောဘ ဒေါသ မောဟမပါပဲ စင်ကြယ်တဲ့ စိတ်စေတနာနဲ့ပြုယဲင် ကုသိုလ်ကံ ဖြစ်တယ်။ အကုသိုလ်ကံက အပါယ်လေးပါးလဲ ကျစေတတ်တယ်၊ အသက်တိုခြင်း အနာများခြင်း ဆင်းရဲနွမ်းပါးခြင်း အစရှိသော မကောင်းကျိုးတွေလဲ ပေးတတ်တယ်။ ကုသိုလ်ကံက လူနတ် ဗြဟ္မာ သုဂတိဘဝများသို့ ရောက်စေတတ်တယ်၊ အသက်ရှည်ခြင်း ကျန်းမာခြင်း ပေါများကြွယ်ဝခြင်း စသော ကောင်းကျိုးတွေကိုလဲ ပေးတတ်တယ်။ အလို ရှိလျှင် မဂ်ဖိုလ် နိဗ္ဗာန်ကို ရခြင်း၏ အကြောင်းလဲ ဖြစ်တယ်။ ဒါကြောင့် အပါယ်လေးပါး မကျချင်ယင်, အသက်တိုခြင်း အစရှိသော မကောင်းကျိုးတွေကို ကြောက်ယင် သတ်ဖြတ် နှိပ်စက်ခြင်း ခိုးယူခြင်း အစရှိသော မကောင်းမှုကံတွေကို ကြဉ်ရှောင်ရတယ်၊ လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝများမှာ ရောက်ပြီးတော့ ချမ်းသာချင်ယင်, မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်ချင်ယင် ဒါန သီလ ဘာဝနာဆိုတဲ့ ကောင်းမှုကံတွေကို ပြုလုပ်ရတယ်၊ ယခုဘဝတွင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရချင်ယင်

http://www.dhammadownload.com

ဝိပဿနာ ဘာဝနာ အလုပ်ကို အားထုတ်ရတယ်။ ဒါက မြတ်စွာဘုရား၏ အလိုတော်နှင့်အညီ သြဝါဒတရားပဲ။

လူမိုက် မမှီဝဲတာ မင်္ဂလာ

ယခုခေတ်မှာ အယူမှားနေတဲ့ အချို့ဆရာတွေက အလွဲအမှားတွေကို ဟောနေတာရှိတယ်၊ ဘယ်လိုလဲဆိုတော့ "ဒါန သီလ ဘာဝနာဆိုတဲ့ ကုသိုလ်ကံတွေလဲ အဝိဇ္ဇာ တဏှာ ဥပါဒါန်ဆိုတဲ့ ကိလေသဝဋ်ဆီကို မှီပြီး ဖြစ်တဲ့ ကမ္မဝဋ်ပဲ၊ ဒီကမ္မဝဋ်ကလဲ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ ဝိပါကဝဋ် ဘဝသစ်ကို ဖြစ်စေတတ်တာပဲ၊ ဒါကြောင့် ဘဝသစ်ဆင်းရဲ မဖြစ်ချင်ယင် ဒါန သီလ ဘာဝနာကုသိုလ်တွေလဲ မလုပ်ပဲ ပယ်ရမယ်" လို့ ဒီလို ဟောတတ်ကြတယ်။ အဲဒီလို ဟောတာကို အကြား အမြင် အသိ အလိမ္မာနဲတဲ့ သူတွေက ယုံကြည်ပြီးတော့ ပြုနေကျဖြစ်တဲ့ ကုသိုလ်တွေကို မပြုတော့ဘူး၊ ပေးလှူနေကျ ကုသိုလ်ကိုလဲ မပြုဘူး၊ စောင့်နေကျ ငါးပါးသီလ ရှစ်ပါးသီလကိုလဲ မဆောက်တည် မစောင့်ရှောက်နိုင်တော့ဘူး၊ မေတ္တာပို့ခြင်း အစရှိတဲ့ ဘာဝနာအလုပ်ကိုလဲ မလုပ်ဘူး၊ ဘုရားဆင်းတုတော် စေတီတော် ရှိခိုးခြင်းကိုလဲ မပြုတော့ဘူးတဲ့။ ခရေးကပြုဘူးတဲ့ ဒါနကုသိုလ် စသည်တွေကိုတောင် မှားသွားတယ်လို့ ထင်သေးသတဲ့။ အဲဒီလို လူမှာ ကောင်းကျိုးချမ်းသာကိုပေးမည့် ကုသိုလ်တွေအကုန်လုံး ဆုံးရှုံးသွားရှာတာပါဘဲ။

http://www.dhammadownload.com

ဒါပေမဲ့ အပါယ်လေးပါး ပစ်ချမည့် အကုသိုလ်ကံတွေက တော့ သူ့မှာ ဖြစ်နေမှာပဲ၊ လောဘက မကင်းသေးတော့ လိုချင်မက်မောတဲ့စိတ်တွေလဲ ရှိနေမှာပဲ၊ လိုချင်မက်မောပြီး မတော်တာတွေ ကြံတာ ပြုတာ ပြောတာလဲ ရှိမှာပဲ၊ ထို့အတူ ဒေါသ မကင်းသေးတဲ့အတွက် စိတ်ဆိုးတာ ပြစ်မှားတာ မတော် မသင့် ပြုတာတွေလဲ ရှိမှာပဲ။ အဲဒါတွေဟာ အပါယ် လေးပါးကျစေနိုင်တဲ့ အကုသိုလ်ကံတွေပဲ၊ ပုထုဇဉ်တွေမှာ ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ် တလဲစီ ဖြစ်နေတယ်၊ ကုသိုလ် စိတ်ဖြစ်နေဆဲမှာ အကုသိုလ်စိတ် မဖြစ်ဘူး၊ အကုသိုလ်စိတ် ဖြစ်နေဆဲမှာ ကုသိုလ်စိတ် မဖြစ်ဘူး၊ လမ်းလျှောက်နေတဲ့ လူမှာ ဘယ်ဘက်ခြေကကြွနေတုန်း ညာဘက်ခြေက ရပ်တည် နေတယ်၊ ညာဘက်ခြေက ကြွနေတုန်း ဘယ်ဘက်ခြေက ရပ်တည်နေတယ်၊ အဲဒါလိုပဲ၊ ကုသိုလ်ဖြစ်နေဆဲမှာ အကုသိုလ် မဖြစ်ဘူး၊ အကုသိုလ် ဖြစ်နေဆဲမှာ ကုသိုလ်မဖြစ်ဘူး၊ ကုသိုလ် ဆိုကာက တမင်ပြုမှဖြစ်တာ၊ အကုသိုလ်ကံတွေ လောဘ ဒေါသ အလျှောက် သူ့အလိုလို ဖြစ်နေတာ၊ မဖြစ်စေချင် လို့ တားမြစ်ထုတ်နေရာမှာတောင် ဝင်ဝင်ပြီး ဖြစ်တတ် သေးတာပဲ။ ကုသိုလ်ကို မပြုပဲ စွန့်လွှတ်ထားတဲ့လူမှာတော့ အချိန်ရှိသမျှ အကုသိုလ်တွေချည်း မပြတ်ဖြစ်ပွားနေမှာက သေချာပါတယ်။ အဲဒီတော့ အဲဒီ အကုသိုလ်တွေကြောင့် အပါယ်ဆလေးပါး ကျသွားဘို့ရာ ကိန်းသေဖြစ်နေတော့တာပဲ၊ အဲဒီလိုလူမှာ အဲဒီလို အကုသိုလ်တွေပွားပြီး အပါယ်လေး

http://www.dhammadownload.com

ပါးကျရတာ ဘာကြောင့်လဲလို့ အရင်းအမြစ်ကို စစ်ကြည့်လိုက်ယင် အလဲအမှားတွေကို ဟောပြောတဲ့ ဆရာကြောင့်ပဲ ဆိုတာ ထင်ရှားပေါ်လာတယ်။ ဒါဖြင့် မြတ်စွာဘုရားက "အသေစနာ စ ဗာလာနံ-လူမိုက်တို့ကို မမြဲဝဲခြင်းဟာ မြတ်သော မင်္ဂလာဖြစ်တယ်"လို့ ဟောတော်မူခဲ့တာပဲ။

ဝိပါကဝဋ်

အမှန် မှတ်သိထားရမှာကတော့ ကုသိုလ် အကုသိုလ် ကမ္မဝဋ်ကြောင့် ဘဝသစ် ရုပ်နာမ် ဝိပါကဝဋ် ဖြစ်တယ်၊ အဲဒီ ဝိပါကဝဋ်မှ လွတ်လိုလျှင် မင်္ဂဖိုလ်နိဗ္ဗာန်ကို ရည်သန်ပြီးတော့ ဒါန သီလ ဘာဝနာ ကုသိုလ်အလုပ်ကို များများ အားထုတ်ရမယ်၊ အထူးအားဖြင့် ဝိပဿနာအလုပ်ကို အားထုတ်ရမယ်၊ ဒီလိုအားထုတ်လို့ အရဟတ္တမင်္ဂဖိုလ် ရောက် သွားတဲ့အခါမှာ အဲဒီကမ္မဝဋ်ဟာ အကုန် ပျက်ပြယ်ပြီးတော့ ဝိပါကဝဋ်ဆိုတဲ့ ဘဝသစ် ရုပ်နာမ်တွေလဲ လုံးဝမဖြစ်ခော်လာဘော့မဲ့ ကင်းငြိမ်းသွားတယ်။ ဒါက လမ်းမှန်ပဲ။ အဲဒီလမ်းမှန်အတိုင်း အားမထုတ်နိုင်သေးယင်, အားထုတ်ပေမဲ့ အရဟတ္တမင်္ဂဖိုလ်အထိ မရောက်သေးယင် ကုသိုလ် အကုသိုလ်ကံ ဆိုတဲ့ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဆိုတဲ့ ဘဝသစ်ရုပ်နာမ် ခန္ဓာတွေဟာ မဖြစ်ချင်ပေမဲ့ ဖြစ်နေဦးမှာပဲ။ ဒါကြောင့် "ကောင်းမှုကံ မကောင်းမှုကံကြောင့် ဘဝသစ်၌ ဖြစ်ပေါ်

http://www.dhammadownload.com

သောရုပ်နာမ် ခန္ဓာကို ဝိပါကဝဋ်ဟု ခေါ်သည်” ဆိုတာ
ကိန်းသေမှတ်ထားကြရမယ်။ အဲဒါကို ဆိုကြရမယ်။
ကောင်းမှုကံ မကောင်မှုကံကြောင့် ဘဝသစ်၌ ဖြစ်ပေါ်
သော ရုပ်နာမ် ခန္ဓာကို ဝိပါကဝဋ်ဟု ခေါ်သည်။

ဝဋ်သုံးပါးတည်နေပုံ

ဝဋ္ဋ-ဝဋ်ဆိုတာ တပတ်ပြီး တပတ် လည်နေတယ်လို့
အဓိပ္ပါယ်ရှိဘယ်၊ ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာ အဝိဇ္ဇာ တဏှာ
အစရှိသော ကိလေသာတွေက ရှိနေတော့ အဲဒီ ကိလေသာ
တွေကြောင့် ကိုယ်ကျိုးအတွက်, ကိုယ်နဲ့စပ်တဲ့ သူတွေရဲ့
အကျိုးအတွက် ပြုလုပ်တယ်၊ ကမ္မဝဋ်ဖြစ်လာတာပဲ၊ အဲဒီ
ကမ္မဝဋ် မဖြစ်အောင် ဘယ်နှယ်မှ မတားမြစ်နိုင်ဘူး၊
ကုသိုလ်ကံကို မလုပ်ပဲ နေနိုင်ပေမဲ့ အကုသိုလ်ကံကိုတော့
မလုပ်ပဲ မနေနိုင်ဘူး၊ ကုသိုလ်ကံ မလုပ်ယင် အကုသိုလ်ကံတွေ
ချည်း ဖြစ်နေမှာပဲ၊ ကုသိုလ်ကံရှိယင် လူ့ဘဝ နတ်ဘဝဆိုတဲ့
ကောင်းမြတ်တဲ့အကျိုး ဝိပါက်တွေ ဖြစ်မယ်၊ ကုသိုလ်မရှိယင်
သိုမဟုတ် ကုသိုလ်ကံအားနည်းယင် အကုသိုလ်ကံတွေက
အပါယ်လေးပါးဘဝဆိုတဲ့ ယုတ်ညံ့တဲ့အကျိုး ဝိပါက်တွေ
ချည်း ပေးသွားမှာဘဲ။ အဲဒီ ဖြစ်ရာဘဝတွေမှာလဲ မြင်မှု
ကြားမှု ဖတ္ထသိမှု ခံစားမှုဆိုတဲ့ ဝိပါကဝဋ်ကိုမှီပြီး အဝိဇ္ဇာ
တဏှာ အစရှိသော ကိလေသဝဋ်တွေ တဖန် ဖြစ်မယ်၊ အဲဒီ
ကိလေသာကြောင့် ကံအမျိုးမျိုးကို ပြုမိမယ်၊သူတော်ကောင်း

http://www.dhammadownload.com

မိတ်ဆွေကို အမှီရတဲ့အခါ ကုသိုလ်ကံကို ပြုမယ်၊ သူယုတ်မာ နှင့် ပေါင်းမိတဲ့အခါ, သူတော်ကောင်းတရားကို ဓကြား မနာရဖူးသော အခါမျှားမှာ အကုသိုလ်ကံတွေကို ပြုမိမယ်၊ အမျှားအာားဖြင့် အကုသိုလ်ကံပြုမိတာကပဲ မျှားဘို့ရှိပါတယ်။ တဘဝ တဘဝ အတွင်းမှာ ပြုမိတဲ့ကံတွေက ရာ ထောင် သိန်း သန်း မက မျှားစွာ ရှိနိုင်ပါတာပဲ၊ အဲဒီ တဘဝ တဘဝ သေတဲ့အခါ အကျိုးပေးတာက ကံတခု တခုသာ ရှိတယ်၊ အကျိုးမပေးရသေးတဲ့ ကံကြွင်းတွေကအမျှားကြီးရှိနေတယ်။

အဲဒီကံတွေကြောင့် ငရဲမှာဖြစ်ယင် ငရဲ ဆင်းရဲခံတွေကို အနှစ် သိန်းသန်းမျှားစွာ ခံစားနေရတယ်၊ ပြိတ္တာဖြစ်ယင်လဲ ပြိတ္တာဘုံမှာ တွေ့ကြုံရမြဲဖြစ်တဲ့ အစာငတ် ရေငတ်ခြင်း မီးလောင်ခံရခြင်း ဓားလုံလက်နက်တို့ဖြင့် အထိုး အခုတ် ခံနေရခြင်းစသော ဆင်းရဲတွေကို ဟစ်အော်မြည်တမ်းလျက် ခံစားနေရတယ်။ တိရစ္ဆာန်ဖြစ်ယင်တော့ ပိုးမွှားကလေး တွေမှ ကျဲ့ နွားဆင် မြင်း အတိ သူတို့မှာ တွေ့ကြုံရမြဲဖြစ်တဲ့ ဆင်းရဲတွေကို ခံစားနေရတယ်၊ နိုင်ရာ နိုင်ရာက နှိပ်စက်ခြင်း သတ်ဖြတ်ခြင်းကိုလဲ ခံနေရတယ်။ ဒါက ကုသိုလ်နည်းပြီး အကုသိုလ်မျှားတဲ့သူတွေရဲ. တွေ့ကြုံခံစားရပုံ အရိပ်အမြွက်မျှ ပါပဲ။

ကုသိုလ်ကံကြောင့် လူ့ဘဝမှာ ဖြစ်ရပြန်တော့လဲ အိုရခြင်း နာရခြင်း သေရခြင်း စိုးရိမ်ပူဆွေးရခြင်း အစရှိသော

http://www.dhammadownload.com

ဆင်းရဲတွေကို ခံစားရပြန်တာပဲ၊ စားဝတ်နေရေးအတွက် ရှာကြံရခြင်းကြောင့်လဲ ဆင်းရဲဒုက္ခတွေကို ခံစားရတယ်၊ ကံမကောင်း အကြောင်းမသင့်ယင် အစစ အရာရာ မပြည့်စုံတဲ့အတွက်လဲ ဆင်းရဲရတယ်၊ နှိုင်တဲ့သူတွေက နှိပ်စက်လို့လဲ ဆင်းရဲရတယ်၊ မကောင်းမှု အကုသိုလ်ကို ပြုမိယင် အဲဒီ မကောင်းမှုကံကြောင့် အပါယ်လေးပါး ကျရောက်ပြီးတော့လဲ ဆင်းရဲရပြန်တယ်။ နတ်ဘာမှာ ဖြစ်ရပြန်တော့လဲ ကိုယ့် အလိုအတိုင်း မပြည့်လို့ စိတ်ဆင်းရဲရတာတွေ ရှိတာဘဲ၊ သေရမည့် အရေးကြောင့်လဲ စိတ်ဆင်းရဲရတယ်၊ ကာမဂုဏ် အာရုံတွေနဲ့ မေ့လျော့နေတုန်း သေသွားယင် အပါယ်လေးပါး ကျပြီးတော့လဲ ဆင်းရဲရပြန်တယ်။

ဒီပုံ ဒီနည်းဖြင့် **ကိလေသဝဋ်**ကြောင့် ကမ္မဝဋ် ဖြစ်တယ်၊ ကမ္မဝဋ်ကြောင့် ဘဝသစ် ဝိပါကဝဋ် ဖြစ်ရတယ်၊ တဖန် မြင်မှု ကြားမှုစသော ဝိပါကဝဋ်ကြောင့် ကိလေသဝဋ် ဖြစ်ပြန်တယ်၊ အဲဒီ ကိလေသဝဋ်ကြောင့် ကမ္မဝဋ် ဖြစ်ပြန်တယ်၊ ကမ္မဝဋ်ကြောင့် အပါယ်ဘဝ အစရှိသော ဝိပါကဝဋ်တွေ ဖြစ်ပြီး ဆင်းရဲအမျိုးမျိုး ကို ခံစားရတယ်၊ ဒီဝဋ် သုံးပါးမှ လွတ်အောင် ရှောင်တိမ်းဘို့ အခြားနည်းလမ်း မရှိဘူး၊ မြတ်စွာဘုရား ဟောကြားညွှန်ပြထားတဲ့ မဂ္ဂင်မပဋိပဒါခေါ် မဂ္ဂင်ရှစ်ပါး အကျင့်လမ်းသာ ရှိတယ်။ အဲဒါဟာ စောစော ပိုင်းက ပြောခဲ့တဲ့ သီလ သမာဓိ ပညာအကျင့်ပါပဲ၊ အရေး

http://www.dhammadownload.com

အကြီးဆုံးကတော့ ဝိပဿနာ အကျင့်ပါပဲ။ အဲဒီ ဝိပဿနာ အကျင့်ကို မကျင့်နိုင်သေးယင်, ကျင့်သော်လဲ ဣန္ဒြေရင့် ကျက်သေးလို့ အရဟတ္တ မဂ်ဖိုလ်သို့ မရောက်သေးယင် ကမ္မဝဋ် အဟောင်းအသစ်တွေကြောင့် ဘဝသစ် ဝိပါကဝဋ်တွေ ဖြစ်ဖြစ်ပြီး အိုခြင်း နာခြင်း အစရှိသော ဆင်းရဲတွေကို ခံစားနေကြရမှာပဲ၊ ဘယ်လို နတ် သိကြား ဗြဟ္မာ ဘုရား သခင်ဆိုတာကမှ အဲဒီ ဝဋ်ဆင်းရဲတွေကို မဖြစ်အောင် မလုပ်နိုင်ဘူး၊ အဲဒီ နတ် သိကြား စသည်တွေ ကိုယ်တိုင်မှာလဲ ကိလေသဝဋ် ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဆိုတဲ့ ဘဝဆင်းရဲတွေကို တွေ့ကြုံခံစားနေကြရတာပဲ၊ ဒီဝဋ်ဆင်းရဲတွေက လွတ်အောင် ဘယ်ကိုမှ ပြေးလို့ ရှောင်လို့ မလွတ်နိုင်ဘူး။

ဝဋ်သုံးပါး ကြောက်စရာကောင်းတယ်

ဒီလို ဝဋ်သုံးပါး မပြတ်လည်ပြီး ဖြစ်နေပုံကို သေသေချာချာ လေးလေး နက်နက် ဆင်ခြင်ကြည့်ယင် အင်မတန် ကြောက်စရာကောင်းပါတယ်၊ ဒီဝဋ်သုံးပါးမှ လွတ်မြောက်စေနိုင်တဲ့ သတိပဋ္ဌာန် ဝိပဿနာရှုနည်းကို ရနေကြတဲ့ ယခု အခါမှာ ဒီဝိပဿနာအလုပ်ကို အရေးတကြီး ထက်ထက်သန်သန် အားထုတ်ပွဲ လွန်သင့်ပါတယ်။ သတိပဋ္ဌာန် ဝိပဿနာ ရှုနည်းဆိုတာ ဒီသာသနာ့ရိပ်သာက ယောဂီတွေ ကြားနာ သိနားလည်ပြီး အားထုတ်ခဲ့ကြတဲ့အတိုင်း ဝိပါကဝဋ်ကနေပြီး ဘဖန် ကိလေသဝဋ် ပြန်မလည်အောင် ရှုရတဲ့

http://www.dhammadownload.com

နည်းပဲ။ ယခုမြင်တိုင်း ကြားတိုင်းတွေ့သိတိုင်း ဒုဂါရ ၆-ပါး ကဲ့ ထင်ရှား ဖြစ်ပေါ်နေတာတွေ့ဟာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ပစ္စုပ္ပန် ဝိပါကဝဋ်အကျိုး တရားတွေပဲ။

စဋ္ဌသုံးပါးကင်းအောင်ကျင့်ပုံ

နဲနဲခဲ့ပြောဦးမယ်၊ မြင်သိမှု ကြားသိမှု စသည်တွေက စက္ခုဝိညာဏ် သောတဝိညာဏ် အစရှိတဲ့ ဝိညာဏ် ၆-ပါးပဲ။ မြင်သိမှု ကြားသိမှု စသည်တွေထဲမှာ ပူးတွဲပါဝင်တဲ့ စေတသိက် တရားတွေက နာမ်ပဲ၊ မြင်သိမှု စသည်တို့၏ မှီရာဖြစ်ရာ မျက်စိအကြည် စသည်နှင့် တကိုယ်လုံးက ရုပ်ပဲ။ မျက်စိအကြည် စသည်က အာယတနပဲ။ မြင်တွေ့မှုစသည်က ဖဿပဲ။ မြင်လို့ကောင်းတာ မကောင်းတာ စသည်က ခံစားမှု ဝေဒနာပဲ။ အဲဒီငါးမျိုးဟာ ယခုလောလောဆယ် ဖြစ်နေတဲ့ ဝိပါကဝဋ် အကျိုးတရားတွေပဲ။ အဲဒီအကျိုးတရားငါးပါးကို မရှုနိုင် မသိနိုင်လျှင် အကောင်းအဆိုး ခံစားရတာကို အကြောင်းပြုပြီး နှစ်သက်သာယာမှု တဏှာဖြစ်လာတယ်၊ နှစ်သက်သာယာတော့ စွဲလမ်းမှု ဥပါဒါန်လဲ ဖြစ်လာတယ်။ အဲဒီမှာ မရှုလို့မသိတာက အဝိဇ္ဇာပဲ၊ အဲဒီအဝိဇ္ဇာနှင့် တဏှာ ဥပါဒါန်တွေဟာ ကိလေသဝဋ်ပဲ။ အဲဒီ ကိလေသဝဋ်ကြောင့် ကမ္မဝဋ် ဖြစ်လာမယ်၊ ကမ္မဝဋ်ဖြစ်ယင် ဘဝသစ် ဝိပါကဝဋ် ဖြစ်တော့မှာပဲ။ အဲဒီလို ကိလေသဝဋ် စသည်တွေ

http://www.dhammadownload.com

မဖြစ်ရအောင် မြင်မှု ကြားမှု စသော ဝိပါကဝဋ်တရားတွေကို ဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ်ရတယ်၊ ရှုမှတ်လို့ ရုပ် နာမ် အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ သဘောတွေကို အမှန် အတိုင်း သိသိသွားယင် မသိမှု-အဝိဇ္ဇာကင်းတယ်၊ ကောင်းတယ် ချမ်းသာတယ် စသည်ဖြင့် သိမှားမှု အဝိဇ္ဇာမရှိတော့ နှစ်သက်သာယာမှု - တဏှာလဲ မဖြစ်နိုင်တော့ဘူး၊ တဏှာ မဖြစ်တော့ စွဲလမ်းမှု-ဥပါဒါန်လဲ မဖြစ်တော့ဘူး။ စွဲလမ်းမှုမရှိတော့ ပြုလုပ်အားထုတ်မှုကံဆိုတဲ့ ကမ္မဝဋ်လဲ မဖြစ်လာတော့ဘူး၊ ကံမရှိတော့ အဲဒီကံကြောင့် ဖြစ်မည့် ဘဝသစ် ဝိပါကဝဋ်လဲ မရှိတော့ဘူး။ အဲဒါဟာ ဖြစ်ဆဲ ပစ္စုပ္ပန်အကျိုးတရားကို ရှုသိတဲ့အတွက် အဲဒီပစ္စုပ္ပန်အကျိုး ဝေဒနာမှ ပစ္စုပ္ပန်အကြောင်း တဏှာ စသည် မဖြစ်တော့ပဲ ဝဋ်သုံးပါး ပြတ်စဲချုပ်ငြိမ်းပုံပါပဲ။

ဒီနေရာမှာ လောက၏ ဖြစ်ပုံ ချုပ်ပုံကို ဟောထားတဲ့သုတ်တခုကို ထုတ်ပြဦးမယ်။

လောက၏ ဖြစ်ပုံ

ကတမော စ ဘိက္ခဝေ လောကသမုဒယော။ စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ သောကပရိဒေဝ ဒုက္ခ

http://www.dhammadownload.com

၅၀ နိဗ္ဗာန်ဆိုင်ရာတရားတော်

ဒေါမနဿုပါယာသာသမ္ဘဝန္တိ။ အယံခေါ ဘိက္ခဝေ လောကဿသမုဒယော။

ဘိက္ခဝေ-ရဟန်းတို့။ လောကဿသမုဒယော-လောက၏ ဖြစ်ပုံသည်၊ ကတမော-အဘယ်နည်း။ စက္ခုဥ္စ ပဋိစ္စ ရူပေ စ-မျက်စိနှင့် အဆင်းတို့ကို စွဲမှီ၍။ စက္ခုဝိညာဏံ ဥပ္ပဇ္ဇတိ-မြင်သိမှု ဖြစ်ပေါ်၏၊ တိဏ္ဏံ-မျက်စိ အဆင်း မြင်သိမှုဟူသော သုံးပါးတို့၏၊ သင်္ဂတိ-ဆုံမိခြင်းသည်၊ ဖဿော-အာရုံကိုတွေ့မှုပေတည်း၊ ဝါ-ဆုံမိခြင်းကြောင့် တွေ့မှုဖြစ်၏။ ဖဿပစ္စယာ ဝေဒနာ-အာရုံကို တွေ့မှုကြောင့် ခံစားမှုဖြစ်၏။ ဝေဒနာပစ္စယာ-ခံစားမှုကြောင့်၊ တဏှာ-တပ်မက်ဆာလောင်မှု ဖြစ်၏၊ တဏှာပစ္စယာ - တပ်မက် ဆာလောင်မှုကြောင့်၊ ဘဝေါ-ဘဝသစ် ဖြစ်ကြောင်းကံ ဖြစ်၏၊ ဘဝပစ္စယာ-ဖြစ်ကြောင်းကံကြောင့်၊ ဇာတိ-ဘဝအသစ်ဖြစ်ခြင်း ပေါ်လာ၏၊ ဇာတိပစ္စယာ-ဘဝအသစ်ဖြစ်ခြင်းကြောင့်၊ ဇရာမရဏံ-အိုခြင်း သေခြင်း ရှိရသည်၊ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ-စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်နှလုံးမသာခြင်း ပြင်းစွာ ပူပန်ခြင်းတို့သည်လည်း၊ သမ္ဘဝန္တိ-ဖြစ်ပေါ်လာကုန်၏။ ဘိက္ခဝေ-ရဟန်းတို့၊ အယံ-ဤပြဆိုခဲ့သောဖြစ်ပုံသည်၊ လောကဿ-လောက၏၊ ဝါ-လောကဟု ခေါ်သော ဆင်းရဲ၏၊ သမုဒယော-ဖြစ်ပုံပေတည်း။

http://www.dhammadownload.com

ဒါက မြင်ရာမှ စပြီး လောက၏ ဖြစ်ပုံ ဝဋ်ဆင်းရဲ ဖြစ်ပုံပဲ။ မျက်စိအကြည်မှာ အဆင်းထင်တော့ မြင်သိတယ်၊ အဆင်းအာရုံကို ထင်ရှားတွေ့ရတယ်၊ တွေ့တော့ မြင်လို့ကောင်းတယ် မကောင်းဘူးဆိုတဲ့ ခံစားမှုဝေဒနာ ဖြစ်တယ်၊ အဲဒါကို မရှုနိုင်လို့ အာမှန်အတိုင်း မသိယင် အဲဒီဝေဒနာကြောင့် တပ်မက်ဆာလောင်တဲ့ တဏှာ ဖြစ်လာတယ်၊ တပ်မက်တော့ စွဲလမ်းတယ်၊ စွဲလမ်းတော့ အလိုအတိုင်း ပြုစီးအောင် ကြံစည်ပြုလုပ်တယ်၊ ကမ္မဘာ ဖြစ်တာပါဘဲ၊ အဲဒီ ကမ္မဘာကြောင့် ဘဝသစ်ရုပ်နာမ် ဝိပါကဝဋ်ဖြစ်ပြီး အိုခြင်း သေခြင်း အစရှိသော ဆင်းရဲတွေ ဖြစ်ပွါးသွားတယ်။ ဒါဟာ မြင်ရာကစပြီး သံသရာလည်ပုံပဲ။ ကြားရာ နံရာ စသည်က သံသရာလည်ပုံတွေလဲ နည်းတူပါပဲ။ သံသရာပြတ်ပုံ လောက၏ ချုပ်ပုံကို ဟောမယ်။

လောက၏ ချုပ်ပုံ

ကတမော စ ဘိက္ခဝေ လောကသ္မာ အတ္ထင် မော။ စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ။ တသ္သာယေဝ တဏှာယ အသေသဝိရာဂနိရောဓော ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓော ဘဝနိရောဓော ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓော ဇရာမရဏံ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။ ဧဝမေတဿ

http://www.dhammadownload.com

ကေဝလဿ ဒုက္ခက္ခဲန္ဓဿနိရောဓော ဟောတိ။ အယံ ခေါ ဘိက္ခဝေ လောကဿအတ္ထက်မော။

ဘိက္ခဝေ-ရဟန်းတို့၊ လောကဿ အတ္ထက်မော-လောက၏ ချုပ်ပုံသည်၊ ကတမော စ-အဘယ်နည်း။ စက္ခုဥ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ-မျက်စိအကြည်နှင့် အဆင်းတို့ကို စွဲမှီ၍ မြင်သိမှု ဖြစ်သည်၊ တိဏ္ဏံ သင်္ဂတိ ဖဿော-မျက်စိ အဆင်း မြင်သိမှု-သုံးပါးတို့၏ ဆုံမိခြင်းသည် အာရုံကို တွေ့မှုပေတည်း၊ ဝါ-ဆုံမိခြင်းကြောင့် တွေ့မှုဖြစ်သည်၊ ဖဿပစ္စယာ ဝေဒနာ-အာရုံကို တွေ့မှုကြောင့် ခံစားမှုဖြစ်၏၊ ဝေဒနာပစ္စယာ တဏှာ-ခံစားမှုကြောင့် တဏှာ ဖြစ်တတ်သည်။ (ကိလေသာ မကင်းသေးတဲ့ ပုဂ္ဂိုလ်မှာ အကောင်းအဆိုးကို ခံစားမိလျှင် မရှုနိုင်လို့ အမှန်အတိုင်း မသိပါမူ တဏှာ ဖြစ်တတ်ကြောင်းကို ပြတဲ့စကားပဲ၊ ကိလေသာကင်းပြီးတဲ့ ရဟန္တာပုဂ္ဂိုလ်တွေ့မှာလဲ မြင်ပြီးလျှင် ခံစားမှုဝေဒနာ အထိတော့ ဖြစ်တာပါပဲ၊ သို့ပေမဲ့ အဲဒီခံစားမှုကြောင့် တဏှာ ကတော့မဖြစ်တော့ဘူး၊ အဲဒါလိုပဲ မြင်ခိုက်မှာ ရုပ်မတ်နိုင်လို့ အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တသဘောမှန်ကိုသိတဲ့ ဉယာဂိမှာလဲ ဝေဒနာကြောင့် တဏှာ မဖြစ်တော့ဘူး၊ ဝေဒနာတွင်ပဲ ရပ်သွားတယ်။ အဲဒီလို ဖြစ်ပုံကိုဆက်ပြီး ပြသွားပုံကတော့) တဿာ ယေဝ တဏှာယ - ထိုဖြစ်တတ်သော တဏှာ၏ ပင်လျှင်၊ အသေသဝိရာဂနိရောဓော-ဝိရာဂမည်သော အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့်၊ (ဒါက ရဟန္တာအတွက်

http://www.dhammadownload.com

ဖြစ်ပါတယ်၊ ဝိပဿနာ ယောဂီအတွက်ဆိုယင်တော့)'အသေ သဝိရာဂ နိရောဓာ-အကြွင်းမဲ့ပျက်ပြယ်ခြင်း ချုပ်ခြင်းကြောင့်၊ (ရှုမိတဲ့ ထိုအာရုံနှင့် စပ်ပြီး တဏှာ လုံးဝမဖြစ်နိုင်တာကို ဆိုလိုပါတယ်) ဥပါဒါန နိရောဓော-စွဲလမ်းမှု၏ ချုပ်ခြင်း ပြီးစီး၏၊ ဥပါဒါနနိရောဓာ-စွဲလမ်းမှု၏ ချုပ်ခြင်းကြောင့်၊ ဘဝနိရောဓော-ဘဝ၏ ချုပ်ခြင်း ပြီးစီး၏၊ ဘဝနိရောဓာ-ဘဝ၏ချုပ်ခြင်းကြောင့်၊ ဇာတိနိရောဓော-ဘဝသစ်ဖြစ်မှု၏ ချုပ်ခြင်း ပြီးစီး၏၊ ဇာတိနိရောဓာ-ဘဝသစ် မဖြစ်ခြင်း ချုပ်ခြင်းကြောင့်၊ ဇရာမရဏံ-အိုခြင်း သေခြင်း ချုပ်၏ ကင်း၏၊ သောကပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ-စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်နှလုံး မသာခြင်း ပြင်းစွာပူပန်ခြင်းတို့သည်လည်း၊ နိရုဇ္ဈန္တိ-ချုပ်ကုန်-ကင်းကုန်၏။ ဧဝံ-ဤဆိုခဲ့သည့်အတိုင်း၊ ဧတဿ ကေဝလဿ ဒုက္ခဿ-ဤဆင်းရဲအစုအားလုံး၏၊ ဝါ-ဤဆင်းရဲအစုသက်သက်၏၊ နိရောဓော ဟောတိ၊ ချုပ်ခြင်း-ကင်းခြင်း ဖြစ်ပေသည်။ ဘိက္ခဝေ-ရဟန်းတို့၊ အယံ-ဤပြဆိုခဲ့သော ချုပ်ပုံသည်၊ လောကဿ-လောက၏၊ ဝါ-လောကဟုခေါ်သော ဆင်းရဲ၏၊ အတ္ထင်္ဂမော-ချုပ်ခြင်း-ချုပ်ပုံပေတည်း။

ဒါက မြင်ရာမှစပြီး ဝေဒနာအထိ ဖြစ်ပေါ်လာတဲ့ သဘောတရားတွေကို ရှုပြီးသိသူမှာ တဏှာ မဖြစ်ပေါ်လာသဖြင့် ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်ဆိုတဲ့ ဝဋ်သုံးပါးလုံး ချုပ်ကင်းသွားပုံပဲ၊ ရှုသိပုံကိုတော့ ရှေ့နားက ပြခဲ့ပါပြီ။

http://www.dhammadownload.com

ကြားဖူးစသည်မှာလဲ ဝဋ်သုံးပါးချုပ်ပုံဟာ နည်းတူပါပဲ။* ဒီနေရာမှာ ဝိပဿနာဉာဏ်ဖြင့်ပင် တဏှာစသည်ကို ချုပ်စေ· နိုင်ကြောင်း သာ၍ထင်ရှားအောင် နိဒါနဝဂ္ဂသံယုတ် ပါဠိ· (၃၃၃)မှ သမ္မသသုတ် တစိတ်ကို ထုတ်ပြဦးမယ်။

သမ္မသသုတ်

ယေ ဟိ ကေစိ ဘိက္ခဝေ ဧတရဟိ သမဏာ ဝါ ဗြာဟ္မဏာ· ဝါ ယံ လောကေ ပိယရူပံ သာတရူပံ၊ တံ အနိစ္စတော ပဿန္တိ ဒုက္ခတော အနတ္တတော ရောဂတော ဘယတော ပဿန္တိ၊ တေ တဏှံ ပဇဟန္တိ....ဥပဓိံ ပဇဟန္တိ....ဒုက္ခံ ပဇဟန္တိ၊ ယေ ဒုက္ခ ပဇဟန္တ၊ တေ ပရိမုစ္စန္တ ဇာတယာ ဇရာယ မရဏေန· သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာ· သေဟိ၊ ပရိမုစ္စန္တိ ဒုက္ခသ္မာတိ ဝဒါမိ။

ဘိက္ခဝေ-ရဟန်းတို့၊ ဧတရဟိ - ယခု ပစ္စုပ္ပန်ကာလ၌၊ (အတိတ် အနာဂတ်ကာလ၌လဲ နည်းတူပင် ဟောထားသည်) ယေ ကေစိ သမဏာ ဝါ-အမှတ်မရှိ အချို့သော အကြင် သမဏတို့သည်၎င်း၊ ယေ ကေစိ ဗြာဟ္မဏာ ဝါ-အမှတ်မရှိ အချို့သော အကြင် ဗြာဟ္မဏတို့သည်၎င်း၊ ယံ လောကေ ပိယရူပံ သာတရူပံ-လောက၌ အကြင်ချစ်ဖွယ် သာယာဖွယ် သဘောသည်ရှိ၏၊ တံ-ထိုချစ်ဖွယ် သာယာဖွယ် သဘောကို၊ အနိစ္စတော ပဿန္တိ-မမြဟု ရှုမြင်ကုန်၏။ ဒုက္ခတော-ဆင်းရဲဟု ရှုမြင်ကုန်၏၊ အနတ္တတော-အစိုးမရ-အတ္တမဟုတ်ဟု

http://www.dhammadownload.com

ရှုမြင်ကုန်၏၊ ရောဂတော-စွဲကပ်နေသော ရောဂါနှင့်တူသည်
ဟု ရှုမြင်ကုန်၏၊ ဘယတော ပဿန္တိ-ကြောက်ဖွယ်ဘေးဟု
ရှုမြင်ကုန်၏။ တေ-ဆိုသို့ ရှုမြင်သော ပုဂ္ဂိုလ်တို့သည်၊ တဏှံ
ပဇဟန္တိ-တဏှာကို ပယ်ကုန်၏။ (ချစ်ဖွယ် သာယာဖွယ်
ပိယရုပ် သာတရုပ်ဆိုတာ မြင်ခိုက် ကြားခိုက် စသည်မှာ
ထင်ရှားတွေ့ရတဲ့ မျက်စိအကြည် စသော ဒွါရ ၆ - ပါး၊
အဆင်း စသော အာရုံ ၆-ပါး၊ မြင်သိမှု စသော ဝိညာဏ်
၆-ပါး၊ မြင်တွေ့မှု စသော ဖဿ ၆-ပါး၊ မြင်လို့ ကောင်း
တာ မကောင်းတာ စသော ဝေဒနာ ၆-ပါး စသည်တွေပါပဲ။
မဟာသတိပဋ္ဌာနသုတ်မှာ အဲဒါတွေကို အကျယ်ပြထားပါ
တယ်။ မြင်ခိုက် ကြားခိုက် စသည်မှာ ထင်ရှားတဲ့ အဲဒီ
မျက်စိ အဆင်းမြင်မှု အစရှိသော ပိယရုပ် သာတရုပ်တရားကို
အနိစ္စစသည်ဖြင့် ရှုမြင်တဲ့သူတွေမှာ အဲဒီမျက်စိစသည်တို့နှင့်
စပ်ပြီး ဖြစ်မည့်တဏှာကို ပယ်နိုင်ပါတယ် ကင်းစေနိုင်ပါတယ်
တဲ့၊ ဒီအနက်ဟာ အလွန် ထင်ရှားပါတယ်။) တေ-ဆိုသို့
ရှုမြင်၍ တဏှာကိုပယ်သော ပုဂ္ဂိုလ်တို့သည်၊ ဥပဓိ-တဏှာမှ
အကြောင်းအကျိုးဆက်၍ ဖြစ်မည့်ဘဝသစ်ခန္ဓာကိုပဇဟန္တိ-
ပယ်ကုန်၏။ ဒုက္ခံ-ဆင်းရဲကို၊ ပဇဟန္တိ-ပယ်ကုန်၏။ (တဏှာ
မဖြစ်တော့ ဥပါဒါန်နှင့် ကံလဲ မဖြစ်နိုင်တော့ဘူး၊ ကံမရှိ
ယင် ဘဝသစ်ခန္ဓာလဲ မဖြစ်တော့ဘူး၊ ဘဝသစ်ခန္ဓာမရှိယင်
ဇာတိ ဇရာမရဏအစရှိသော ဆင်းရဲတွေလဲကင်းတော့တာပဲ။
ဒါကြောင့်) ယေ-အကြင် သူတို့သည်၊ ဒုက္ခံ-ဆင်းရဲကို၊

http://www.dhammadownload.com

ပဇဟန္တိ-ပ်ယရုပ် သာတရုပ်ကို အနိစ္စစသည် ရှုသောအားဖြင့် ပယ်ကုန်၏။ ဇေ-ထိုသူတို့သည်၊ ဇာတိယာ....ဥပါယာသေဟိ-ဘဝအသစ်ဖြစ်ခြင်း အိုခြင်း သေခြင်း စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာပူပန်ခြင်းတို့မှ၊ ပရိမုစ္စန္တိ-လွတ်မြောက်ကုန်၏။ ပရိမုစ္စန္တိ ဒုက္ခသမာတိ-ဆင်းရဲမှ လုံးဝလွတ်မြောက်ကြသည်ဟု၊ ဝဒါမိ-ငါဘုရား ဟောပေသည်တဲ့။

ဒီ သမ္မသသုတ်အရအားဖြင့် မြင်မှုစသည်ကို ရှုမှတ်၍ အနိစ္စစသည်ဖြင့် သိလျှင် ထို မြင်မှုစသည်နှင့်စပ်ပြီး တဏှာမဖြစ်နိုင်တော့ပဲ တဒင်္ဂအားဖြင့် ကင်းငြိမ်းကြောင်း အလွန်ပင် ပေါ်လွင်ထင်ရှားနေပါတယ်။ အဲဒါဟာ ဝိပဿနာဖြင့် ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် ချုပ်ငြိမ်းတဲ့ တဒင်္ဂနိဗ္ဗာန်ပဲ။

ထနဲးငုတ်တိုနှင့် တူတယ်

အဲဒီ ဝိပဿနာက ရင့်သန်ပြည့်စုံလို့ အရဟတ္တမဂ်ဖိုလ်သို့ ရောက်တဲ့အခါကျတော့ အရဟတ္တမဂ်ဉာဏ်၏ အစွမ်းကြောင့် ကိလေသာတွေ အကုန်လုံး ကင်းသွားတယ်၊ ကံဟောင်းတွေလဲ ဘဝအကျိုး မပေးနိုင်တော့ပဲ အစွမ်းသတ္တိ ကုန်သွားတယ်၊ ကံအသစ်တွေလဲ မဖြစ်တော့ဘူး၊ ဒါကြောင့် ပရိနိဗ္ဗာန်စုတိစိတ်ချုပ်သည်မှ နောက်၌ ရုပ်နာမ် အသစ် မဖြစ်လာတော့ပဲ ခန္ဓာအစဉ် လုံးဝပြတ်စဲသွားတယ်။ အဲဒါဟာ ကိလေသာရော ခန္ဓာရော အကြွင်းမဲ့ချုပ်ငြိမ်းတဲ့ အနုပါဒိ

http://www.dhammadownload.com

သေသေ နိဗ္ဗာန်ပါပဲ။ အဲဒီလို ငြိမ်းတာဟာ အရဟတ္တမဂ် ခဏ ကတည်းက ပြီးစီးခဲ့ပါတယ်။ ဒါပေမဲ့ခန္ဓာငြိမ်းပုံကတော့ ပရိနိဗ္ဗာန် စုတိ၏ အခြားမဲ့ကျမှ ထင်ရှားတယ်။ ဥပမာပြရလျှင် ထန်းပင်ငုတ်တိုနှင့်တူပါတယ်။ ထန်းပင်ငုတ်တိုဟာ လယ်ဆစ်မှ ခါးလယ်မှ ကျိုးပြတ်သွားကတည်းက သေတော့တာပါပဲ၊ အညှန့်အတက် မပေါက်နိုင်တော့ပါဘူး၊ ဒါပေမဲ့ ထန်းငုတ်တိုကြီး ရှိနေတုန်းတော့ ထန်းပင်ကြီး ရှိနေသလိုလို ထင်ရတယ်၊ တဖြည်းဖြည်းနဲ့ ဆွေးမြည့်ပြီး ထန်းငုတ်တိုကြီးပါ လုံးဝမရှိတော့မှပင် ထန်းပင်ကြီး မရှိတော့ကြောင်း ပိုပြီး ထင်ရှားတယ်။ အဲဒီထန်းငုတ်တိုကြီးလိုပါပဲ အရဟတ္တမဂ် ခဏမှ စပြီး ကိလေသာလဲ မဖြစ်နိုင်တော့ဘူး၊ ကံအသစ်ကြောင့် ဘဝသစ်ခန္ဓာလဲ မဖြစ်နိုင်တော့ဘူး၊ ဒါပေမဲ့ ရှေးဘဝကံက အကျိုးပေးထားလို့ ပဋိသန္ဓေမှ စပြီး ဖြစ်နေတဲ့ ခန္ဓာဟောင်းအစဉ်ကတော့ ရှိမြဲရှိ, ဖြစ်မြဲဖြစ်နေသေးတာပဲ၊ ဒါကြောင့် ခန္ဓာငြိမ်းပုံက မထင်ရှားသေးဘူး၊ ပရိနိဗ္ဗာန်စုတိ၏ အခြားမဲ့မှ စ၍ ခန္ဓာအသစ် မဖြစ်လာတော့ပဲ လုံးဝချုပ်ငြိမ်းသွားတယ်။ အဲဒါဟာ ဟိုထန်းငုတ်တိုကြီး လုံးဝပျောက်သွားတာလိုပါပဲ။ ဒါကြောင့် ပရိနိဗ္ဗာန် မစံသေးမီမှာ ကိလေသာ ခန္ဓာတွေ ပယ်ပြီး ဖြစ်ပုံကို "တာလာဝတ္ထုကတာ-စည်ပင်ကြောင်း မဟုတ်တဲ့ ထန်းငုတ်တိုကဲ့သို့ ပြုပြီး ပြီ"လို ဟောလေ့ရှိပါတယ်။ အဲဒီလို ခန္ဓာအစဉ် ချုပ်ငြိမ်းသွားပုံကို-

http://www.dhammadownload.com

တေ မိရာ-အနာဂတ်ဘဝ၌ တပ်မက်လိုချင်ခြင်း ကင်းကုန်သော ထိုရဟန္တာသခင် ပညာရှင်တို့သည်၊ အဝိရုဠှိဆန္ဒာ-ဖြစ်လိုသည့်တဏှာဆန္ဒ မရှိကြသောကြောင့်၊ ခီဏဗီဇာ-ဘဝသစ်ဖြစ်ရန် ကံဝိညာဏ်မျိုးစေ့ ကုန်ပြီးဖြစ်ကြသောကြောင့်၊ အယံ ပဒီပေါ ယထာ-ဆီနှင့်မီးစာကုန်၍ ဟုတ်ကဲ့ ငြိမ်းသွားလေသော ဤဆီမီးကဲ့သို့၊ နိဗ္ဗုန္တိ-ရုပ်နာမ် ခန္ဓာအသစ်မဖြစ်တော့ပဲ ပြတ်စဲ ချုပ်ငြိမ်းတော့ မူကြလေကုန်၏-လို့ အရှင်အာနန္ဒာ မထေရ်မြတ်က ရှင်းတော်မျှားအား ဒီလို မိန့်ကြားတော်မူပါတယ်။

ရဟန္တာမှာ ကိုလေသာကင်းနေလို့ ကိလေသာဆင်းရဲစိတ်ဆင်းရဲတော့ မရှိဘူး၊ ဒါပေမဲ့ ရုပ်ခန္ဓာက ရှိနေတဲ့အတွက် ကိုယ်ဆင်းရဲကတော့ မကင်းသေးဘူး၊ ပြုပြင်ပေးရတဲ့ သင်္ခါရဆင်းရဲကလဲ ရှိနေသေးတာပဲ၊ ထိုထိုအာရုံတွေ့ ပေါ်ပေါ်ပြီး မြင်ကြား တွေ့သိ နေရတာ ကြုံသိနေရတာလဲ သင်္ခါရဆင်းရဲတွေပဲ။ ဒါကြောင့် ပရိနိဗ္ဗာန် မစံမီမှာ လုံးဝအေးငြိမ်းချမ်းသာမှုကို မရသေးဘူး။ ပရိနိဗ္ဗာန် စံပြီးသောအခါကျမှ ဆင်းရဲအားလုံး အကုန်ငြိမ်းပြီး လုံးဝ အေးငြိမ်းမှုကို ရသွားတယ်။ ဒါကြောင့် အရှင်သာရိပုတ္တရာ မထေရ်မြတ်က ရဟန်းတော်များအား ဒီလို မိန့်ကြားတော်မူပါတယ်။

http://www.dhammadownload.com

နိဗ္ဗာန် ချမ်းသာပုံ

သုခမိဒံ အာဝုသော နိဗ္ဗာနံ၊ သုခမိဒံ အာဝုသော နိဗ္ဗာနံ။

အာဝုသော-ငါ့ရှင်တို့၊ ဣဒံ နိဗ္ဗာနံ - ဤနိဗ္ဗာန်သည်၊ သုခံ-ချမ်းသာပါပေစ္ဆ။ အာဝုသော-ငါ့ရှင်တို့၊ ဣဒံ နိဗ္ဗာနံ-ဤနိဗ္ဗာန်သည်၊ သုခံ-ချမ်းသာပါပေစ္ဆ-တဲ့။

အဲဒီလို ချီးကျူးမိန့်ဆိုတော်မူတဲ့အခါမှာ လာလုဒါယီဆိုတဲ့ ကိုယ်တော်ကြီးက မကျေနပ်လို့ မေးခွန်းထုတ်ပြီး ဒီလို စောဒနာလိုက်တယ်။

ကိံ ပနေတ္ထ အာဝုသော သာရိပုတ္တ သုခံ၊ ယဒေတ္ထ နတ္ထိ ဝေဒယိတံ-တဲ့။

အာဝုသော သာရိပုတ္တ - ငါ့ရှင် သာရိပုတ္တရာ၊ (ဘုရားလက်ထက်တော် ကာလတုန်းကတော့ ရဟန်းငယ်များကလဲ ထေရ်ကြီး ဝါကြီး ပုဂ္ဂိုလ်ကို အာဝုသော-ငါ့ရှင်လို့ပဲ ခေါ်ဝေါ်ပြောဆိုလေ့ ရှိကြတယ်၊ ဒါကြောင့် ဥဒါယီကိုယ်တော်ကြီးက အရှင်သာရိပုတ္တရာကို အာဝုသောလို့ ခေါ်တာပါပဲ) တ္ထေ-ဤ နိဗ္ဗာန်၌၊ ဝေဒယိတံ-ခံစားခြင်းသည်၊ ယံ-ယေန-အကြင်ကြောင့်၊ နတ္ထိ-မရှိ။ တေန-ထို့ကြောင့်၊ တ္ထေ-ဤနိဗ္ဗာန်၌၊ သုခံ-ချမ်းသာသည်၊ ကိံ ပန-အဘယ်ပါနည်း တဲ့။

http://www.dhammadownload.com

နိဗ္ဗာန်မှာ ခံစားတတ်တဲ့ ဝေဒနာမရှိဘူး မဟုတ်ပါလား၊ အဲဒီလို ခံစားရမှုမရှိယင် အဲဒီ နိဗ္ဗာန်မှာ ဘာချမ်းသာရှိသလဲ၊ ဘာမှ ချမ်းသာမရှိဘူး မဟုတ်ပါလားလို့ စောဒနာပါတယ်။ ဒီ လာလုဒါယီကိုယ်တော်ကြီးဟာ သူကိုယ်တိုင်က ဘာမှ တတ်သိနားလည်ခြင်း မရှိပါပဲနဲ့ ပညာရှိတွေ ပြောဟောနေရာမှာ အရမ်းဝင်ဝင်ပြီး ပြောဆိုတတ်တယ်၊ ဒီလို မိုက်မိုက်ကန်းကန်း အရမ်းပြောဆိုတတ်တဲ့အတွက် သူ့ကို လာလ-ဆိုတဲ့ပုဒ်နဲ့တွဲပြီး လာလုဒါယီလို့ ခေါ်ကြတာပါပဲ။ အဲဒီလို စောဒနာတော့ အရှင်သာရိပုတ္တရာ မထေရ်မြတ်က ဒီလို ဖြေရှင်းလိုက်ပါတယ်။

တေ ဒေဝ ခွေတ္ထ အာဝုသော သုခံ၊ ယဒေတ္ထ နတ္ထိ ဝေဒယိတံ-တဲ့။

အာဝုသော-ငါ့ရှင် ဥဒါယီ၊ တ္ထေ-ဤ နိဗ္ဗာန်၌၊ဝေဒယိတံ-ခံစားခြင်းသည်၊ ယံ နတ္ထိ-အကြင် မရှိပေ၊ တေဒေဝ ခေါ ဤ ခံစားမှု မရှိခြင်းသည်ပင်လျှင်၊ တ္ထေ-ဤ နိဗ္ဗာန်၌၊ သုခံ-ချမ်းသာပေတည်း တဲ့။

ချမ်းသာဆိုတာ ခံစားပြီး ချမ်းသာတာက တမျိုး၊ မခံစားရပဲ ချမ်းသာတာက တမျိုး ဒီလို နှစ်မျိုး ရှိတယ်။ အာရုံကောင်း ၆-ပါးနှင့် တွေ့ထိခံစား၍ ချမ်းသာတာကို ဝေဒယိတသုခလို့ ခေါ်တယ်။ ကဲ အဲဒါကလေးကို ဆိုကြရမယ်။

http://www.dhammadownload.com

အာရုံကောင်း ၆-ပါးနှင့် တွေ့ထိခံစားရ ချမ်းသာတာကို ဝေဒယ်တသုခ ခေါ်သည်။ အဲဒီအာရုံ ၆-ပါးထဲက အဆင်း အသံ အနံ့ အရသာ အတွေ့ဆိုတဲ့ ကာမဂုဏ်ငါးပါး အာရုံတွေကို ခံစားပြီး ချမ်းသာတာကို အကောင်းဆုံးလို့ ကာမဘုံသားတွေက ထင်နေကြတယ်၊ အဲဒီကာမဂုဏ်တွေကို မခံစားရဘူးဆိုယင် မကြိုက်ကြဘူး၊ ဆေးလိပ် ကွမ်းကြိုက်တဲ့လူတွေက ဆေးလိပ် ကွမ်း မသုံးဆောင်ရတဲ့ နေရာကို မကြိုက်ကြဘူး၊ အစား အသောက် အရသာကို မက်မောနေတဲ့လူက အစာမစားရပဲ ချမ်းသာနေတယ်ဆိုတဲ့ ဗြဟ္မဉ်ဘုံကိုတောင် မကြိုက်ဘူး၊ အဲဒီ ဗြဟ္မဉ်ဘုံမှာ အဖို့,အမ ဆိုင်ရာ ကာမဂုဏ်တွေ့ မရှိတဲ့အတွက် အတွေ့ အထိ ကာမဂုဏ်ကို မက်မောနေတဲ့လူက အဲဒီဘုံကို မကြိုက်ဘူး။ ခံစားမှုဝေဒနာ လုံးဝမရှိတဲ့ နိဗ္ဗာန်ကိုတော့ အဝိဇ္ဇာ တဏှာအားကြီးသူတွေက မကြိုက်ကြတာပဲ မျှားပါလိမ့်မယ်၊ လာလုဒ္ဓါယီ ဆိုတဲ့ ကိုယ်တော်ကြီးကလဲ အဲဒီလို မကြိုက်တဲ့ အမျိုးအစားထဲက ဖြစ်နေတဲ့အတွက် ခံစားမှုမရှိတဲ့ နိဗ္ဗာန်ကို ချမ်းသာမရှိဘူးလို့ ထင်ပြီး ဝေဒနာတာပါပဲ။ အရှင် သာရိပုတ္တရာ မထေရ်မြတ်က အဲဒီ ခံစားမှု မရှိလို့ မခံစားရတာသည်ပင် အကောင်း အမြတ်ဆုံး ချမ်းသာပဲလို့ ဖြေရှင်းလိုက်ပါတယ်။ အာရုံ ၆-ပါးကို မခံစားရပဲ ငြိမ်းအေးတဲ့ ချမ်းသာကို အဝေဒယိတသုခခေါ်တယ်။ အဲဒါကို ဆိုကြရမယ်။

http://www.dhammadownload.com

အာရုံ ၆-ပါးကို မခံစားရပဲ ငြိမ်းအေးတဲ့ ချမ်းသာကို အဝေဒယိတသုခ ခေါ်သည်။

အဲဒါကမှ ချမ်းသာအစစ်

အဲဒါဟာ မခံစားရပဲ ငြိမ်းအေးနေတဲ့ သဘောပဲ၊ ဒါကြောင့် အဲဒီ အငြိမ်းဓာတ် ချမ်းသာကို သန္တိသုခလို့လဲ ခေါ်တယ်။ အဲဒါကမှ ချမ်းသာအစစ်ပဲ၊ ကာမဂုဏ် အာရုံတွေ ခံစားပြီး ချမ်းသာတယ်ဆိုတာကတော့ကြိုက်နေလို့ ချမ်းသာတယ် ထင်ရတာပဲ၊ တကယ်ချမ်းသာအစစ်တော့ မဟုတ်ဘူး၊ ဆေးလိပ်ကြိုက်တဲ့သူမှာ ဆေးလိပ်သောက်ရတာကို ကောင်းတယ် ထင်တာမျိုးပါပဲ၊ တနည်းအားဖြင့် ယားနာရှိတဲ့သူမှာ အယားဖျောက်ရတာကို ကောင်းတယ် ထင်တာမျိုးပါပဲ၊ အဲဒါကို လက်တွေ့စမ်းကြည့်နိုင်ပါတယ်။

လှပတဲ့ မိန်းမ ယောကျ်ား ပန်းချီကား ပန်းပွင့်များ၏ အဆင်းအာရုံကို မိနစ် စက္ကန့်မျှ မပြတ် မခြားပဲ တနေ့လုံး ကြည့်နေရမယ်ဆိုယင် ကြည့်နေနိုင်ပါမည်လား၊ တလ တနှစ်စသည် မပြတ် ကြည့်နေရမယ်ဆိုယင်ကော ကြည့်နေနိုင်ပါမည်လား။ အသံကောင်း အဆိုကောင်း အတီးအမှုတ်ကောင်းတွေကို တနေ့လုံး တလလုံး တနှစ်လုံး မပြတ် နားထောင်နေရမယ်ဆိုယင်ကော နားထောင်နေနိုင်ပါမည်လား၊ နိုင်ငံခြားမှ အတုယူပြီး သီဆိုတဲ့အသံတွေဟာ ရှေးရိုး မြန်မာလူကြီးတွေ၏ နားထဲမှာ နှစ်သက်သံာယာဖွယ် ဖြစ်ပါမည်လား။

http://www.dhammadownload.com

အရသာကောင်းတွေကို ဝအောင်စားပြီးသည့်နောက် မရပ်မနားပဲ မပြတ် ဆက်စားနေရမယ်ဆိုယင်ကော စားနေနိုင်ပါ့မည်လား။ အတွေ့အထိအာရုံကောင်းတွေနဲ့ မပြတ်တွေ့ထိခံစားနေရမယ် ဆိုယင်ကော မပြတ်တွေ့ထိ ခံစားနေနိုင်ပါ့မည်လား။ နားခြင်း အိပ်စက်ခြင်း မရှိပဲ အမြဲမပြတ် ကြည့်ရှုနားထောင် စားသောက် တွေ့ထိပြီး မပြတ် ခံစားနေရမယ် ဆိုယင် အဲဒါတွေ့ မခံစားနိုင်တော့ပဲ ငြီးငွေ့လာမှာ သေချာပါတယ်။ အဲဒီမှာ နားတယ် အိပ်စက်တယ် ဆိုတာ အဲဒီအာရုံတွေကို မခံစားပဲ ငြိမ်းအေးတဲ့ ချမ်းသာပဲ မဟုတ်ပါလား။

ဒါပေမဲ့ ကာမဂုဏ် ချမ်းသာလောက်သာ တွေ့ဘူးတဲ့သူတွေက ကာမဂုဏ်ခံစားရတာကိုပဲ ဖာကောင်းဆုံးလို့ ထင်နေကြတယ်၊ ဒါ့ကြောင့် ဒိဋ္ဌမမွန်ဗွာနဝါဒီ ပုဂ္ဂိုလ်တွေက "မသေမီအတွင်း ကာမဂုဏ်တွေကို ရနိုင်သမျှရှာပြီး ခံစားရမယ်၊ အဲဒါဟာ အကောင်းဆုံးပဲ၊ အဲဒါထက်ကောင်းတဲ့ ချမ်းသာဆိုတာမရှိတော့ဘူး" လို့ ဆိုကြတဲ့အကြောင်း ဗြဟ္မဇာလသုတ်မှာ ဟော်ထားပါတယ်။ စျာန်ချမ်းသာ ဗြဟ္မဉ့် ချမ်းသာလောက်သာ တွေ့ဘူးတဲ့ ပုဂ္ဂိုလ်တွေကလဲ စျာန်ချမ်းသာ ဗြဟ္မဉ့်ချမ်းသာကို အကောင်းဆုံးလို့ ချီးမွမ်းပြောဆိုကြပါတယ်။ ဒါ့ကြောင့် ဗကဆိုတဲ့ မဟာဗြဟ္မာကြီးက သူ့ဗြဟ္မဉ့်ဘုံက ချမ်းသာကို အဂကောင်းဆုံးဖြစ်ကြောင်း မြတ်စွာဘုရားအား ပြောဆိုတာပဲ။ ဘာနဲ့တူသလဲဆိုတော့

http://www.dhammadownload.com

အစ္စန်အဖြားကျတဲ့ တောရွာကလေးများက လူတွေဟာ သူတို့အရပ်မှာ တွေ့ကြုံရတာထဲမှ ထူးခြားတဲ့ စားသုံးဘွယ်ကို အကောင်းဆုံးလို့ ထင်နေကြတာမျိုးပါပဲ။

အမှန်ကတော့ တောရွာကလေးများက အစားအသောက် အသုံးအဆောင်ထက် တောမြို့ကလေးများက အစား အသောက် အသုံးအဆောင်က ပိုပြီးကောင်းတယ်၊ အဲဒါထက် မြို့ကြီးများက အစားအသောက် အသုံးအဆောင်က ပိုပြီးကောင်းတယ်၊ အဲဒီမှာလဲ ပြည့်စုံကြွယ်ဝပြီး အထက်တန်းကျတဲ့ လူကြီးတွေရဲ့ အစားအသောက် အသုံးအဆောင်က ပိုပြီးကောင်းတယ်။ ဒါလိုပါပဲ ကာမချမ်းသာထက် စျာန်ချမ်းသာ အဆင့်ဆင့်က ပိုပိုပြီးကောင်းတယ်၊ အဲဒါထက် မဂ်ဖိုချမ်းသာက ပိုပြီးကောင်းတယ်၊ အဲဒါထက် နိဗ္ဗာန်ချမ်းသာက ပိုပြီးကောင်းတယ်။ ဒါ့ကြောင့် အဲဒီလို အဆင့်ဆင့် ပိုပိုပြီး ကောင်းပုံကို အရှင်သာရိပုတ္တရာ မထေရ်မြတ်က ဒီလိုရှင်းပြတော်မူပါတယ်။

ကာမဂုဏ် ချမ်းသာထက် ပဌမစျာန် ချမ်းသာက သာ၍ ကောင်းသည်

ဣဇ္ဇာ ကန္တာ မနာပါ-လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ်ကောင်းကုန်သော၊ ပိယရူပါ-ချစ်ဖွယ်ကောင်းကုန်သော၊ ကာမူပသံဟိတာ - နှစ်သက်လိုချင်မှုကို ဖြစ်ပွါးစေတတ်ကုန်သော၊ ရဇနိယာ-တပ်မက်ဖွယ် ကောင်းကုန်သော၊ စက္ခု-

http://www.dhammadownload.com

ဝိညေယျာ ရူပါ-မျက်စိဖြင့် မြင်နိုင်သည့်အဆင်းတို့သည်ဂုဏ်း၊ သောတဝိညေယျာ သဒ္ဒါ-နားဖြင့် ကြားနိုင်သည့် အသံတို့သည်ဂုဏ်း၊ ဃာနဝိညေယျာ ဂန္ဓာ-နှာဧခါင်းဖြင့် နံနိုင်သည့် အနံ့တို့သည်ဂုဏ်း၊ ဇိဝှါဝိဉညေယျာ ရသာ-လျာဖြင့် သိနိုင်သည့် အရသာတို့သည်ဂုဏ်း၊ ကာယဝိညေယျာ ဖောဋ္ဌဗ္ဗာ-ကိုယ်ဖြင့် တွေ့ထိနိုင်သည့် ထိသိစရာ အာရုံတို့သည်ဂုဏ်း၊ အတ္ထိ-ရှိကုန်၏။ အာဝုသော-ငါရှင်တို့၊ ဣမေခေါ ပဉ္စ-ဤ အာရုံငါးပါးတို့သည်၊ ကာမဂုဏာ-ကာမဂုဏ်တို့ပေတည်း။ (ယံခေါ အာဝုသော ဣမေ ပဉ္စ ကာမဂုဏေ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊ ဣဒံ ဝုစ္စတာဝုသော ကာမသုခံ)ငါရှင်တို့ ဤကာမဂုဏ် ငါးပါးတို့ကိုစွဲမှီ၍ ဖြစ်ပေါ်သော ကောင်းစားခြမ်းသာမှု ရှင်လန်းဝမ်းသာမှုကို ကာမခြမ်းသာ ခေါ်သည် ငါရှင်တို့-လို့ ဒီလို ကာမခြမ်းသာကို ရှေးဦးစွာ ပြပါတယ်။

အဲဒီကနောက် ပဌမစျာန် ခြမ်းသာကို ဣဓာဝုသော ဘိက္ခု ဝိဝိစ္စဝ ကာမေဟိ-စသည်ဖြင့် ကာမခြမ်းသာတွေကို လုံးဝ နှလုံးမသွင်းတော့ပဲ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဆိုတဲ့ စျာန်အင်္ဂါငါးပါးနှင့် ပြည့်စုံတဲ့ ပဌမစျာန်ကို ဝင်ရောက်ပြီးနေကြောင်း ပြပါတယ်။ အဲဒီ ပဌမစျာန် ဖြစ်နေတဲ့အခါမှာ တကိုယ်လုံး ပီတိသုခတွေဖြင့် ပြည့်နေသလိုပင် ခြမ်းသာနေပါတယ်၊ ကာမခြမ်းသာလို ပြတ်ကောင်း ပြတ်တောင်း မဟုတ်ဘူး၊ တနာရီ နှစ်နာရီစသည် ကြာမြင့်စွာ

http://www.dhammadownload.com

တဆက်တည်း ချမ်းသာနေပါတယ်။ အဲဒီလိုအခါမှာ ကာမအာရုံကို အမှတ်ရခြင်း နှလုံးသွင်းမိခြင်းများ မတော်တဆဖြစ်ပေါ်လာလျှင် အဲဒါတွေကို နာကျင်နှိပ်စက်တဲ့ အနာလိုပဲ ထင်မြင်ပါသတဲ့၊ အနာပေါ်မှာ ဒုတ်ကျလို့ နာကျင်သလိုပင် အခံခက်ပါသတဲ့။ ကာမဂုဏ်ကြိုက်တဲ့သူတွေမှာ ကာမ အာရုံ နှလုံးသွင်းနေရတာ သာယာဖွယ်ဖြစ်ပေမဲ့ စျာန်ရနေတဲ့သူမှာ အဲဒီလို နှလုံးသွင်းမိတာကို အနာလိုပင် အခံခက်ပါသတဲ့၊ ကြောက်ရွံ့ပါသတဲ့၊ အဲဒီလို အခံခက်တာကို မြတ်စွာဘုရားကဲ့ ဒုက္ခ-ဆင်းရဲလို့ ဟောတော်မူပါတယ်။ ပဌမစျာန်ရနေတဲ့သူမှာ ယခုပြောခဲ့တဲ့အတိုင်း ကာမချမ်းသာကို အနာလိုပင် ရွံမုန်းကြောက်ရွံတဲ့အတွက် ကာမအာရုံမခံစားရတဲ့ နိဗ္ဗာန်ကို ချမ်းသာကြောင်း သိနိုင်ပါတယ် တဲ့။

ပဌမစျာန် ချမ်းသာ စသည်ထက် ဒုတိယစျာန် ချမ်းသာ စသည်က သာ၍ကောင်းသည်

နောက်ပြီးတော့ ဒုတိယစျာန် ဝင်စားနေတဲ့သူမှာ မကြုံရမစဉ်းစားရပဲနဲ့ ပီတိသုခတွေ အလွန်အားကောင်းပြီး စိတ်တည်ငြိမ်မှု ကောင်းတာ မပြတ်ဖြစ်နေတယ်၊ ပီတိသုခတွေက ပဌမစျာန်မှာထက် ပိုပြီးကောင်းတယ်၊ တနာရီ နှစ်နာရီ စသည်လဲ မပြတ်တည်နေတယ်။ အဲဒီလို ပုဂ္ဂိုလ်မှာ မရည်ရွယ်ပဲနဲ့ မတော်တဆ ဝိတက်ဝိစာရတို့နှင့်တကွ ပဌမစျာန်စိတ် ဖြစ်ပေါ်လာလို့ရှိယင် အနာပေါ်မှာ ဒုတ်ကျသလိုပင်

http://www.dhammadownload.com

အခံရခက်ပါတယ်-တဲ့။ ဒီပုံ ဒီနည်းဖြင့် အထက် အထက် စျာန်သမာပတ်ကို ရောက်နေတဲ့ပုဂ္ဂိုလ်မှာ အောက်အောက် စျာန်သမာပတ် မရည်ရွယ်ပဲ မတော်တဆ ဖြစ်လာယင် အနာပေါ်မှာ ဒုတ်ကျသလိုပင် အခံခက်ကြောင်းများကို ပြဆိုတော်မူပါတယ်။

ဈာန်ချမ်းသာတွေထက် နိဗ္ဗာန်က သာ၍ ချမ်းသာတယ်

ဆိုလိုတာကတော့ ကာမချမ်းသာကို ခံစားရတာထက် ပဌမစျာန်ချမ်းသာက အဆပေါင်းများစွာ သာလွန်ကောင်း မြတ်တယ်၊ ပဌမစျာန်ချမ်းသာထက် ဒုတိယစျာန်ချမ်းသာက သာလွန်ကောင်းမြတ်တယ်၊ အဲဒါထက် တတိယစျာန် ချမ်းသာက သာလွန်ကောင်းမြတ်တယ်၊ အဲဒါထက် စတုတ္ထစျာန် ချမ်းသာက သာလွန်ကောင်းမြတ်တယ်၊ အဲဒါထက် အရူပစျာန် စျာန် ချမ်းသာက သာလွန်ကောင်းမြတ်တယ်၊ အရူပစျာန် လေးပါးထဲမှာလဲ အောက်အောက်စျာန် ချမ်းသာထက် အထက်အထက်စျာန်ချမ်းသာက သာလွန်ကောင်းမြတ်တယ်၊ နေဝသညာ နာသညာ ယတန ဆိုတဲ့ အမြတ်ဆုံးစျာန်မှာလဲ အလွန်သိမ်မွေ့သော ခံစားမှုက ရှိနေသေးတာပဲ။ ဒါကြောင့် အဲဒီ နေဝသညာနာသညာယတနံစျာန်ချမ်းသာထက် ခံစားမှု လုံးဝ မရှိတဲ့ နိဗ္ဗာန်ချမ်းသာ နိဗ္ဗာန်ချမ်းသာက အကောင်းဆုံး အမြတ်ဆုံးဖြစ်တဲ့ အကြောင်းကို ထင်ရှား

http://www.dhammadownload.com

သိစေလိုပါတယ်။ အဲဒီ ရှင်းပြချက်ဖြင့် ဈာန်ရတဲ့ ပုဂ္ဂိုလ်မှာ ဆိုယင် မိမိရထားတဲ့ဈာန်ချမ်းသာနဲ့ နှိုင်းယှဉ်ပြီး ကောင်း ကောင်း သဘောပေါက်နိုင်ပါတယ်။

ဝိပဿနာယောဂီလဲ ဥဒယဗ္ဗယဉာဏ်မှာ ပီတိသုခတွေနဲ့ ချမ်းသာပုံထက် သင်္ခါရုပေက္ခာဉာဏ်မှာ သာ၍ကောင်းမြတ်ပုံ, အဲဒါထက် ဖလသမာပတ် ဝင်နေတဲ့အခါ သာ၍ကောင်း မြတ်ပုံမျှားနှင့် နိုင်းယှဉ်ပြီးတော့ ခံစားပြီးချမ်းသာတဲ့ ဝေဒ ယိတသုခထက် "မခံစားရပဲချမ်းသာတဲ့ အဝေဒယိတသုခ သန္တိ သုခ-က ပိုပြီးကောင်းမြတ်တယ်" ဆိုတာ ကောင်းကောင်း ကြီး သဘောပေါက်နိုင်ပါတယ်။ ဝိပဿနာလဲ မရှိနိုင်, ဈာန်ကိုလဲ မရတဲ့ပုဂ္ဂိုလ်တွေမှာတော့ ဒေသနာအစဉ်အရ ကာမချမ်းသာထက် ဈာန်ချမ်းသာက ကောင်းမြတ်ပုံ၊ အောက်အောက် ဈာန်ထက် အထက်အထက် ဈာန်ချမ်းသာ က ကောင်းမြတ်ပုံမျှားကို နံက်နက်နဲနဲ စဉ်းစားကြည့်လျှင် "မခံစားရပဲ ငြိမ်းအေးနေတဲ့ သန္တိသုခ-က သာလွန်ပြီး ကောင်းမြတ်တယ်" ဆိုတာ သဘောကျနိုင်ဖွယ် ရှိပါတယ်။

နောက်ပြီးတော့ ဈာန်ချမ်းသာတွေ တဆင့်ထက်တဆင့် ကောင်းမြတ်ပုံ၊ အထက်ဆုံး ဈာန်ချမ်းသာထက် နိဗ္ဗာန်ချမ်း သာက ကောင်းမြတ်ပုံမျှားကို ဆင်ခြင်ကြည့်လျှင် "ဗုဒ္ဓ မြတ်စွာ၏ သာသနာတော်မှာ ငါတို့ လက်လှမ်းမမှီတဲ့ အမြင့် အမြတ်တရားတွေ အများကြီး ရှိပါသေးတကား" လို့ ဉာဏ်

http://www.dhammadownload.com

သက်ဝင်ပြီး ထက်သန်သော သဒ္ဓါတရားတွေလဲ ဖြစ်ပွါးနိုင်ဖွယ်ရှိပါတယ်။

ယခုပြောပြခဲ့တဲ့အတိုင်း မခံစားရပဲ ငြိမ်းအေးတဲ့ ချမ်းသာဟာ အကောင်း အမြတ်ဆုံး ဖြစ်တဲ့အတွက် မြတ်စွာဘုရားရှင်ကလဲ-

နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ-လို့ ဟောတော်မူခဲ့ပါတယ်။

နိဗ္ဗာနံ-နိဗ္ဗာန်ကို၊ ပရမံ-အမြတ်ဆုံးဟူ၍၊ ဗုဒ္ဓါ-အဆူဆူသောဘုရားရှင်တို့က၊ ဝဒန္တိ-ကိန်းသေအားဖြင့် ဟောကြားတော်မူကြပါတယ် တဲ့။

နိဗ္ဗာန်ဟာ မခံစားရပဲနဲ့ ငြိမ်းအေးချမ်းသာတယ်၊ အိုခြင်းနာခြင်း သေခြင်း ပျက်ခြင်း စသော ဆင်းရဲဟူသမျှတွေလဲ အကုန်ငြိမ်းနေတယ်၊ သေခြင်းကင်းတဲ့အတွက် ဘယ်တော့မှလဲ အဲဒီချမ်းသာဟာ မပျက်တော့ဘူ။ ဒါကြောင့် အမြတ်ဆုံး ချမ်းသာလို့ ဘုရားရှင်တို့က ဟောတော်မူပေတာပဲ။

ဒီကနေ့ နိ-ရှေးရှိသော ဝါ-ဓာတ်ဖြင့် ပြီးတဲ့ နိဗ္ဗာန-ပုဒ်ကို အရင်းခံပြုပြီး နိဗ္ဗာန်အကြောင်းကို ဟောလာခဲ့တယ်၊ နိ-နှင့် ဝါန-၂-ပုဒ် သမာသ်တွဲပြီး ပြီးတဲ့နိဗ္ဗာန-ပုဒ် အကြောင်းကိုတော့ ဟောဘို့ အချိန်မရှိတော့ဘူး။ ဒါကြောင့် လိုရင်းဆောင်ပုဒ်များကို ဆိုပြီး တရားပွဲ သိမ်းရမယ်။ ကဲ လိုက်ဆိုကြ။

http://www.dhammadownload.com

နိဗ္ဗာန်ဆိုတာ ဝဋ်ဆင်းရဲ ငြိမ်းရာ၊ ဝဋ်ဆင်းရဲ ငြိမ်းကြောင်း၊ ဝဋ်ဆင်းရဲ ငြိမ်းခြင်းပင် ဖြစ်သည်။

အဝိဇ္ဇာ တဏှာ ဥပဒါန်–ဒီသုံးပါးကို ကိလေသ ဝဋ်ဟု ခေါ်သည်။

ကိလေသာကို မှီ၍ပြုတဲ့ ကောင်းမှု မကောင်းမှု ကံကို ကမ္မဝဋ်ဟု ခေါ်သည်။

ကောင်းမှုကံ မကောင်းမှုကံကြောင့် ဘဝသစ်၌ ဖြစ်ပေါ်သော ရုပ်နာမ် ခန္ဓာကို ဝိပါကဝဋ်ဟု ခေါ်သည်။

အာရုံ ၆–ပါးကို တွေ့ထိခံစား၍ ချမ်းသာတာကို ဝေဒယိတ သုခခေါ်သည်။

အာရုံ ၆–ပါးကို မခံစားရပဲ ငြိမ်းအေးတဲ့ ချမ်းသာကို အဝေဒယိတ သုခခေါ်သည်။

ဒီကနေ့ ဟောတဲ့တရားက နိဗ္ဗာန ပဋိသံယုတ္တ ကထာတဲ့၊ ဒီတရားက ကြားရ နာရခဲပါတယ်၊ ဟောလဲ ဟောရခဲပါတယ်၊ ဒီတရားမျိုး နာနိုင်တဲ့ ပရိသတ်ကလဲ အရှားသားပဲ။ မြတ်စွာဘုရားရှင်ကတော့ ဒီနိဗ္ဗာန ပဋိသံယုတ္တ ကထာကို ရံခါရံခါ ဟောတော်မူပါတယ်၊ အဲဒါကို ဥဒါန်းပါဠိတော်မှာ သံဂါယနာတင်ထားတယ်၊ နောက်သီတင်းနေ့မျှားကျမှ အဲဒီပါဠိတော်မှ ထုတ်ဆောင်ပြီး ဟောရဦးမယ်၊ ကြည်ညိုစရာ အင်မတန်ကောင်းပါတယ်။ အဲဒီ နိဗ္ဗာန ပဋိသံယုတ္တ

http://www.dhammadownload.com

ကထာ ဆိုတဲ့အမည်ကို ခေါ်ဝေါ်ရ လွယ်ကူအောင် ဒီမှာ နိဗ္ဗာန်ဆိုင်ရာ တရားတော်လို့ ပြဆိုထားတယ်။ ကဲ တရားသိမ်းကြစို့။

နိဂုံးချုပ် တရားသိမ်း ပတ္ထနာ

နိဗ္ဗာန ပဋိသံယုတ္တ ကထာခေါ် နိဗ္ဗာန်ဆိုင်ရာ တရားတော်ကို ရိုသေစွာနာယူမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံ ဈေးတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခုတရားနာ ပရိတ်သတ်အပေါင်း သူတော်ကောင်းတို့သည် ခံစား၍ ချမ်းသာသော ဝေဒယိတ ဃုခတို့ထက် အဆထောင်သောင်း သိန်းသန်းပေါင်းများစွာ သာလွန်ကောင်းမြတ်လှသော မခံစားရပဲ ငြိမ်းအေးလျက် အမြဲတမ်းချမ်းသာနေသဖြင့် အဝေဒယိတသုခ သန္တိသုခခေါ်သော် အမြတ်ဆုံးနိဗ္ဗာန်ချမ်းသာကို မိမိတို့အလိုရှိသော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓုံ။

နိဗ္ဗာနပဋိသံယုတ္တကထာ

နိဗ္ဗာန်ဆိုင်ရာ တရားတော် ပဌမပိုင်း ပြီး၏။

http://www.dhammadownload.com

နိဗ္ဗာနပဋိသံယုတ္တကထာ

နိဗ္ဗာန်ဆိုင်ရာတရားတော်

ဒုတိယပိုင်း

(၁၃၂၆-ခုနှစ်၊ တော်သလင်းလပြည့်နေ့ ဟောသည်)

တရားအနုသန္ဓေ

ပြီးခဲ့တဲ့ ဂ-ရက် သီတင်းနေ့က စပြီး နိဗ္ဗာန်ဆိုင်ရာ တရားတော်ကို ဟောခဲ့တယ်။ နိဗ္ဗာန်ဆိုတာ ဝဋ်သုံးပါး ဆင်းရဲငြိမ်းရာ၊ ငြိမ်းကြောင်း၊ ငြိမ်းခြင်းပင် ဖြစ်ကြောင်း ဟောခဲ့တာ တော်တော်ပြည့်စုံသွားပါပြီ။ ဒီကနေ့ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကို အရင်းခံပြုပြီး ဟောရမယ် ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ သင်္ခါရနှင့် နိဗ္ဗာန်ကို ဒီလို ခွဲခြားပြီး ဟောထားတယ်။

သင်္ခါရနှင့် နိဗ္ဗာန်ခွဲပုံ

(၁) ဥပါဒနှင့် အနုပါဒ

ဥပါဒေါ သင်္ခါရော၊ အနုပါဒေါ နိဗ္ဗာနံ-တဲ့"

ဥပါဒေါ။ ဖြစ်ပေါ်ခြင်းသည်၊ ဝါ- ဖြစ်ပေါ် ခြင်းရှိတဲ့သဘောသည်၊ သင်္ခါရ-သင်္ခါရတို့ပေတည်း။ ဖြစ်ပေါ်တာ

http://www.dhammadownload.com

ဆိုယုံင် သင်္ခါရချည်းပဲ၊ ဝိပဿနာရှုတဲ့ ယောဂီဟာ ရှုတိုင်း ရှုတိုင်း အသစ်အသစ် ဖြစ်ပေါ်တာကိုချည်း တွေ့နေရတယ်၊ အဲဒါဟာ သင်္ခါရတွေကို တွေ့နေတာပဲ။

အနုပဂါဒေါ-မဖြစ်ခြင်းသည်၊ ဂါ-ဖြစ်ခြင်းကင်းခြင်းသာသာဘောသည်၊ နိဗ္ဗာနံ-အငြိမ်းဓာတ် နိဗ္ဗာန်ပေတည်း။ ဝိပဿနာ ရှုနေတဲ့ယောဂီဟာ သင်္ခါရဖေကွာကြောင်း ရင့်သန်ပြည့်စုံတဲ့အခါကျတော့ ဖြစ်ပျက်သင်္ခါရကင်းတဲ့ သဘောထဲကို ရောက်သွားတယ်၊ အဲဒါဟာ သင်္ခါရကင်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်ခံတွေ့သွားတာပါပဲ။ သင်္ခါရနဲ့ နိဗ္ဗာန်ဟာ ပြောင်းပြန် ဆန့်ကျင်ဖက်ပဲ၊ ဖြစ်ယင် သင်္ခါရ၊ မဖြစ်မှ နိဗ္ဗာန်၊ ဖြစ်ပျက်နေတဲ့ သင်္ခါရထဲမှာ နိဗ္ဗာန်မရှိဘူး၊ နိဗ္ဗာန်မှာလဲ သင်္ခါရမရှိဘူး၊ ဥပမာအားဖြင့် အမှောင်ထဲမှာ အလင်းမရှိ၊ အလင်းထဲမှလဲ အမှောင်မရှိသလိုပါပဲ။

သတ္တဝါတွေမှာ ပဋိသန္ဓေကစပြီး ရုပ်နာမ်တရားတွေ အသစ်အသစ် ဖြစ်နေတယ်၊ အဲဒါဟာ သင်္ခါရတွေပဲ။ ပဋိသန္ဓေစိတ်၏ အခြားမဲ့မှာ ဘဝင်စိတ်တွေနဲ့ ရုပ်တွေပြန်ပေါ်နေတယ်၊ အဲဒီကနောက် ကြံသိမှု ထိသိမှုတဲ့ နာမ်ရုပ်တွေ ဖြစ်ပေါ်လာခဲ့တယ်၊ အမိဝမ်းထဲမှ ဖွားမြင်ပြီးတဲ့နောက်ကာလမှာလဲ မြင်လိုက် ကြားလိုက် စသည်ဖြင့် နာမ်ရုပ်တွေ မပြတ်ဖြစ်လာခဲ့တယ်၊ အဲဒီဘဝက ဧသပြီးတဲ့ နောက်ကာလမှာလဲ နည်းတူပင် မပြတ်ဖြစ်နေတယ်၊ အဲဒီလို ဖြစ်

http://www.dhammadownload.com

ပေါ်လာတဲ့သဘောတွေဟာ သင်္ခါရတွေချည်းပဲ၊ သင်္ခါရဆိုတာ ကံ စိတ် ဥတု အာဟာရ အစရှိသော ဆိုင်ရာဆိုင်ရာ အကြောင်းတရားတွေက အညီအညွတ် ပေါင်းစုပြီး ပြုပြင်ပေးလို့ ဖြစ်ပေါ်နေတဲ့ တရားတွေပဲ။ ဖြစ်ပြီးယင်းလဲ ချက်ခြင်းပဲ ပျက်ပျက်သွားတယ်၊ အဲဒီ ဖြစ်ပျက်နေတဲ့ တရားတွေက သင်္ခါရပဲ၊ ရှူတိုင်း ရှူတိုင်း ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာကိုချည်း ဉာဏ်ဖြင့် တွေ့နေရတာတွေဟာ သင်္ခါရတွေ့ချည်းပဲ နောက်ဆုံးကျတော့ ဒီလို့ရှုနေယင်းထဲကပင် ဖြစ်ပျက်ခြင်း မရှိတဲ့သဘောထဲကို အသိဉာဏ်က သူ့အလိုလို ရောက်သွားတယ်၊ အဲဒါဟာ မဂ်ဖိုလ်ဉာဏ်ဖြင့် ဖြစ်ခြင်းကင်းတဲ့ နိဗ္ဗာန် အငြိမ်းဓာတ်ကို မျက်မှောက်တွေ့သွားတာပဲ။ ဒါကြောင့် ဖြစ်ပေါ်တာက သင်္ခါရ၊ မဖြစ်ပေါ်မှ နိဗ္ဗာန်”လို့ အတိုချုပ် မှတ်ထားကြရမယ်။ အဲဒါကို လိုက်ဆိုကြ။

ဖြစ်ပေါ်တာက သင်္ခါရ၊ မဖြစ်ပေါ်မှ နိဗ္ဗာန်။

(၂) ပဝတ္တနှင့် အပ္ပဝတ္တ

ပဝတ္တံ သင်္ခါရာ၊ အပ္ပဝတ္တံ နိဗ္ဗာနံ။

ပဝတ္တံ-မပြတ်စပ်၍ ဖြစ်နေသော ရုပ်နာမ်အပေါင်းသည်၊ သင်္ခါရာ-သင်္ခါရတို့ပေတည်း။ အပ္ပဝတ္တံ-မပြတ်စပ်၍ ဖြစ်သည့် ရုပ်နာမ်သင်္ခါရ ကင်းသော သဘောသည်၊ နိဗ္ဗာနံ-နိဗ္ဗာန်အငြိမ်းဓာတ်ပေတည်း-တဲ့။

http://www.dhammadownload.com

ပဋိသန္ဓေစိတ်၏ အခြားမဲ့ကာလမှ စပြီး ရုပ်နာမ်တွေဟာ အဆက်မပြတ် ဖြစ်နေတယ်၊ မြစ်ထဲ ချောင်းမြောင်းထဲမှာ ရေယာဉ်တွေ့ မပြတ်စီးသွားနေသလိုပဲ၊ ပဋိသန္ဓေစိတ် ချုပ်သွားတဲ့အခါ ဘဝင်စိတ်တွေ့ အဆက်ဆက် ဖြစ်လာတယ်၊ အဲဒီကနောက် ရုံခါ ကြုံသိစိတ် ဖြစ်တယ်၊ရုံခါ ထိ သိစိတ်ဖြစ်တယ်၊မွေးဖွားပြီးတဲ့ နောက်ကျတော့လဲ မြင်လိုက်ကြားလိုက် ထိသိလိုက် ကြုံသိလိုက် စသည်ဖြင့် နာမ်ရုပ်တွေ့ အဆက်မပြတ် ဖြစ်နေတယ်၊ ရေစီးကြောင်းထဲမှာ ရေတွေ့မပြတ်စီးနေသလိုပါပဲ၊ ဒါကြောင့် ပကတိလူတွေ့ဟာ အဲဒီရုပ်နာမ်တွေ့ကို အမြဲတည်ရှိနေတယ်လို့လဲ ထင်နေကြတယ်၊ ဘယ်ဘယ်ကရုပ်ကိုယ်နဲ့ ယခုရှိတဲ့ ရုပ်ကိုယ်ဟာ တယောက်ထဲပဲလို့ တင်နေကြတယ်၊ ဘယ်ဘယ်က မြင်လိုက် ကြားလိုက် ကြုံလိုက်စသည်ဖြင့် သိသိနေတာနဲ့ ယခုသိသိနေတာဟာ ငါတယောက်ထဲပဲလို့ ထင်နေကြတယ်၊ မြဲတဲ့အနေ အတ္တကောင်အနေဖြင့် စွဲလမ်းနေကြတယ်၊ အဲဒီအထဲက ကောင်းတဲ့ အစိတ်အပိုင်းကလေးတွေ့ကို အမှီပြုပြီး ချမ်းသာတယ် ကောင်းတယ်လို့လဲ ထင်မြင်စွဲလမ်းနေကြတယ်။ အဲဒါဟာ ပဝတ္တခေါ် မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်အယဉ်ကို ရှုမှတ်ပြီး ခွဲခြားမသိနိုင်လို့ နိစ္စ-သုခ-အတ္တ အနေနဲ့ ထင်မြင်စွဲလမ်းနေကြတာပါပဲ။

ဖြစ်ခိုက် ဖြစ်ခိုက် ရုပ်နာမ်ကို မပြတ်လိုက်ပြီး ရှုမှတ်နေတဲ့ ဝိပဿနာ ယောဂီမှာတော့ ရှုတိုင်း ရှုတိုင်း ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားကာကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့ရပါတယ်၊ ဒါကြောင့်

http://www.dhammadownload.com

ဖြစ်ဖြစ်ပြီး ပေျာက်ပေျာက်သွားလို့ မမြဲဘူးလို့လဲ သိတယ်၊ ဖြစ်ပြီး ပျက် ဖြစ်ပြီးပျက်နဲ့ အဖြစ်အပျက်က မပြတ်နိုပ်စက်နေလို့ ဆင်းရဲချည်းပဲလို့လဲ သိမြင်သဘောကျတယ်၊ ဘယ် အချိန်မဆို သေပျက်သွားနိုင်လို့ ကြောက်စရာကောင်းတယ်လို့လဲ ထင်မြင်တယ်၊ ကိုယ့်အလိုအတိုင်း မဟုတ်ပဲ သူ့သဘော အတိုင်း သူဖြစ်ပျက်နေလို့ အတ္တကောင် ငါကောင်မဟုတ်တဲ့ သဘောဘဆုးမျှပဲလို့လဲ ထင်မြင်သဘောကျတယ်။ ဒါပေမဲ့ ပေါ်လာတာကို ရှုလိုက်ယင်း ပျောက်သွားယင်း၊ နောက်တခုက ပေါ်လာပြန်ယင်း အဲဒါကို ရှုလိုက်လို့ ပျောက်သွားပြန်ယင်း၊ နောက်တခုက ပေါ်လာပြန်ယင်းနဲ့ ရှုမှတ်လို့ မကုန်မဆုံးနိုင်တဲ့ ရုပ်နာမ်အယဉ်ကို မပြတ်တွေ့နေရတယ်၊ အဲဒါ ဝိပဿနာဉာဏ်ဖြင့် ပဝတ္တခေါ်တဲ့ ရုပ်နာမ်အယဉ်ကို တွေ့နေတာပါပဲ။ ဥပမာအားဖြင့် မြေပြင်မှာ လမ်းလျှောက်နေတဲ့သူဟာ နှင်းတိုင်း နင်းတိုင်း မြေပြင်ပေါ်မှာသာ ကျကျနေသလိုပဲ ဝိပဿနာယောဂီမှာလဲ ရှုတိုင်း ရှုတိုင်း ဖြစ်ပျက်တဲ့ ရုပ်နာမ်အယဉ်ပေါ်မှာသာ ကျကျနေတယ်။ သခ်ါရပေကွာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါကျတော့ အဲဒီလို ရှုသိနေယင်းထဲက မပြတ်ဖြစ်ပျက်တဲ့ ရုပ်နာမ်အယဉ် ကင်း ဆိတ်တဲ့ အငြိမ်းဓာတ်ထဲကို အသိဉာဏ်က ကျရောက်သွားတယ်၊ အဲဒါဟာ မပြတ်ဖြစ်မှု ကင်းတဲ့အတွက် အပ္ပဝတ္တခေါ်တဲ့ နိဗ္ဗာန်ကို မဂ်ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုသွားတာပါပဲ။ ဒါကြောင့် “မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်အစဉ်က သခ်ါရ၊

http://www.dhammadownload.com

မပြတ်ဖြစ်စဉ်ငြိမ်းမှု နိဗ္ဗာန်” လို့ အတိုချုပ်မှတ်ထားကြရမယ်။ ကဲ-အဲဒါကို ဆိုကြရမယ်။

မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်အစဉ်က သခါရ၊ မပြတ်ဖြစ်စဉ်ငြိမ်းမှု နိဗ္ဗာန်။

(၃) နိမိတ္တနှင့် အနိမိတ္တ

နိမိတ္တံ သင်္ခါရာ၊ အနိမိတ္တံ နိဗ္ဗာနံ။

နိမိတ္တံ-အကောင်အထည်ပုံသဏ္ဌာန် ဒြပ် ရှိသလိုထင်သော နိမိတ်သည်၊ သင်္ခါရာ-သင်္ခါရတို့ ပေတည်း။ အနိမိတ္တံ-ပုံသဏ္ဌာန် အရိပ် နိမိတ်ကင်းသော သဘောသည်၊ နိဗ္ဗာနံ-နိဗ္ဗာန်ပေတည်း။ ဝိပဿနာမရှုတဲ့ ပကတိ ပုဂ္ဂိုလ်တွေမှာ မြင်ရာ ကြားရာ စသည်မှ ထင်ပေါ်လာသမျှကို အကောင်အထည် ပုံသဏ္ဌာန် ဒြပ်ဝတ္ထုတွေအနေနဲ့သာ ထင်မြင်သိမှတ်နေကြတယ်၊ ဝိပဿနာရှုခါစ ပုဂ္ဂိုလ်းတွေမှာလဲ အဲဒီလိုပဲ ထင်မြင်နေကြတယ်၊ (ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ) အစရှိသော သတိပဋ္ဌာန်ဒေသနာတော်နှင့်အညီ “သွားတယ် သွားတယ်၊ ကြွတယ် လှမ်းတယ် ချတယ်” စသည်ဖြင့် ရှုမှတ်နေပေမယ်လို့ သွားနေတဲ့ ကိုယ်ကောင်ကြီး ကြွလှမ်းချနေတဲ့ ခြေ စသော အထည်ဒြပ်ပါ ထင်ပြီး သိနေရဘာယ်၊ “ကွေးတယ် ဆန့်တယ်” စသည်ဖြင့် ရှုမှတ်ရာမှာလဲ လက်ခြေ ပုံသဏ္ဌာန် အထည် ဒြပ်နဲ့တကွ ထင်ပေါ်နေတယ်၊

http://www.dhammadownload.com

"ဖောင်းတယ် ပိန်တယ် ထိုင်တယ်" စသည်ဖြင့် ရှုမှတ်ရာမှာလဲ ဝမ်းဗိုက် ကိုယ်ပုံသဏ္ဌာန်နှင့်တကွ ထင်ပေါ်နေတယ်၊ အဲဒီလိုထင်ပေါ်နေတာဟာ သင်္ခါရ နိမိတ်ထင်နေတာပါပဲ။

ဒါပေမဲ့ ဝိပဿနာရှုသူမှာ ညာဏ်ရင့်လာတဲ့အခါကျတော့ အဲဒီပုံဏ္ဌာန် အာဆည်ဒြပ်တွေ့ မထင်တော့ဘူး၊ တောင့်တင်းလှုပ်ရှားခြင်း တွန်းကန်ခြင်း စသော သဘောတရားမျှသာ ထင်ပေါ်တော့တယ်၊ အဲဒီလိုအခါမှာ ဖြစ်ပေါ်ပြီး ပျောက်သွားလို့ မမြဲဘူးဆိုတဲ့ အသိညာဏ်ဟာ ဖြစ်ပေါ်လာတာပဲ။ အထူးအားဖြင့် ဘင်္ဂဉာဏ် ရောက်တဲ့အခါမှာ အဲဒီပုံသဏ္ဌာန်ပညတ်တွေ့ အကုန်ပျောက်သွားတယ်။ ဒါကြောင့် ဝိသုဒ္ဓိမဂ် ဘင်္ဂဉာဏ်အရာမှာ ဘင်္ဂဉာဏ်ဖြစ်ပုံကို ဒီလိုပြထားတယ်။

ဘင်္ဂဉာဏ်ရောက်တော့ သဏ္ဌာန်နိမိတ်ကင်းသည်

ညာဏေ တိက္ခေ ဝဟန္တေ့ သင်္ခါရေသု လဟုံ ဥပဋ္ဌဟန္တေသု ဥပ္ပါဒံ ဝါ ဋိတိ ဝါ ဘင်္ဂံ ဝါ နိမိတ္တံ ဝါ န သမ္မာပုဏာတိ၊ ခယ-ဝယ-ဘေဒ-နိရောဓေ ယေဝ သတိ သန္ဋိဋ္ဌတိ-တဲ့။

ညဏေ-ရှုသိညာဏ်သည်၊ တိက္ခေ ဝဟန္တေ-ထက်မြက်၍ သူ့အလိုလို ဆောင်သွားသကဲ့သို့ ဖြစ်လတ်သော်၊ (ညာဏ်က ထက်မြက်ပြီး သူ့ဟာသူ မှတ်သိမှတ်သိသွားနေသလို ဖြစ်တဲ့အခါမှာတဲ့) သင်္ခါရေသု-ရှုသိစရာ သင်္ခါရတို့က၊ လဟုံ

http://www.dhammadownload.com

ဥပဋ္ဌဟန္တေသု-လျင်စွာ ထင်ပေါ်ကုန်လတ်သော်၊ (အသိ ဉာဏ်က လျင်လျင်မြန်မြန် ဖြစ်နေတော့ ရှုသိစရာ သင်္ခါရ တွေကလဲ မြန်မြန် ပေါ်ပေါ် လာကြသလို ထင်ရတယ်၊ အဲဒီလိုအခါမှာတဲ့) ဥပ္ပါဒံ ဝါ (နှ သမ္မာပုဏာတိ)၊ အစ ဖြစ်ပေါ်မှုသို့လဲ မရောက်ပါဘူးတဲ့။ (ဥဒယဲဗ္ဗယဉာဏ် ဖြစ် နေတုန်းက အစ-ဖြစ်မှုရော+အဆုံး-ပျက်မှုရော အဖြစ် အပျက် ၂-မျိုးလုံး ထင်ရှားပေါ်ခဲ့တယ်၊ အဲဒီဉာဏ်က ရင့်လို့ ဘင်္ဂဉာဏ်ရောက်တော့ အစပိုင်း ဖြစ်ပေါ်မှု မထင် ရှားတော့ဘူးတဲ့) ဌိတိ ဝါ-အလယ်ပိုင်းတည်မှုသို့လဲ မရောက် ပါဘူးတဲ့။ သမ္မသနဉာဏ်အခိုက်တုန်းက အစရော+အလယ် ရော+အဆုံးရော ဥပါဒ် ဌိ ဘင်သုံးပါးလုံး ထင်ပေါ်ခဲ့တယ်၊ ယခု အလယ်ပိုင်း ဌိလဲ မပေါ်တော့ဘူးတဲ့) ပဝတ္တံ ဝါ-မပြတ် စပ်လျက်ဖြစ်နေသော ရုပ်နာမ်အယဉ်သို့လဲ မရောက် ပါဘူးတဲ့။ (သမ္မသနဉာဏ်မရောက်မီ ရှေးအဖို့က ဆိုယင် အစနဲ့ အဆုံးနဲ့ ပိုင်းခြားပြီး မသိနိုင်သေးဘူး၊ ရေစီး ရေ ယာဉ်များလို အပြတ်အခြားမရှိတဲ့ အနေနဲ့သာ ထင်ပေါ် ခဲ့တယ်၊ ယခုအဲဒီလို အပြတ်အခြား မရှိပဲ တည်နေတဲ့ ပဝတ္တ လဲ မထင်တော့ပါဘူးတဲ့၊ ရှုမှတ်တိုင်း ရှုမှတ်တိုင်း တပိုင်းစီ တပိုင်းစီ ပြတ်ပြီးမဟာ့သာ ထင်နေတယ်လို့ ဆိုလိုပါတယ်၊ အဲဒီလိုထင်တာဟာ သမ္မသနဉာဏ်ပိုင်းက စပြီးထင်ခဲ့ပါတယ်၊ ဒါပေမဲ့ အဲဒီတုန်းကတော့ သန္ဋတိအနေနဲ့လောက်သာ ထင်ခဲ့တယ်၊ ဥဒယဗ္ဗယဉာဏ်ကစပြီး ခဏခဏခြင့် ထင်လာ

http://www.dhammadownload.com

ခဲ့တယ်၊ ဘင်္ဂဥာဏ်ကျတော့ သာပြီး လျင်လျင်မြန်မြန် အပြတ်အပြတ် ထင်ပေါ်တယ်၊ အဲဒီလို ထူးခြားပုံလဲ မှတ်ထားကြရမယ်။) နိမိတ္တံ ဝါန သမ္ပာပုဏာတိ-ပုံသဏ္ဌာန် နိမိတ်သို့လဲ မရောက်ပါဘူးတဲ့။ (ဝိပဿနာ မရှုမီကရော ရှုခါစ မှာရော ပုံသဏ္ဌာန ပညတ နှမတတွေထင်ခဲ့တယ်၊ နာမရူပ ပရိစ္ဆေဒဥာဏ် ကောင်းစွာဖြစ်သည်မှစ၍ ထိုနိမိတ်များထင်မှ လျော့ပါးလာခဲ့တယ်၊ ဘင်္ဂဥာဏ်သို့ ရောက်သောအခါ ထို နိမိတ်များ မထင်တော့ဘူးလို့ ဆိုလိုပါတယ်။ ဒါဖြင့် ဘယ် ရောက်လို့ ဘာတွေကို သိနေပါသလဲလို့ ဆိုတော့) ခယ-ဝယ်-ဘေဒ-နိရောဓေ ယေဝ-ကုန်ခြင်း-ပျောက်ခြင်း-ပျက်ခြင်းဟူသော ချုပ်ခြင်းသဘောဥ်သာလျှင်၊ သတိ-အမှတ်ရမှု သတိသည်၊ ဝါ-အသိဉာဏ်သည်၊ သန္တိဋ္ဌတိ-ကောင်းစွာ တည်လေတော့၏-တဲ့။ (နိရောဓ-ချုပ်ခြင်းဆိုတာ အရဟတ္တမဂ်၏အစွမ်းကြောင့် ကိလေသာကံ ဝိပါက်ခန္ဓာတို့ မဖြစ်ပေါ်လာတော့ပဲ ချုပ်ခြင်းက တမျိုး၊ အဲဒါက နိဗ္ဗာန်နိုးရောဓပဲ၊ ဥပါဒ်အားဖြင့် ဖြစ်ပြီးသော ရုပ်နာမ်တို့၏ ခဏဘင်အားဖြင့် ချုပ်ခြင်းက တမျိုး- ဒီလို ၂-မျိုးရှိတယ်၊ ဒီ ၂-မျိုးထဲမှာ ဘင်္ဂဥာဏ်ဖြင့် သိရတဲ့နိရောဓ-ချုပ်ခြင်းဆိုတာက ဖြစ်ပြီးသောတရားတို့၏ ကုန်ဆုံးသွားခြင်း-ပျောက်ကွယ်သွားခြင်း-ပျက်သွားခြင်းဆိုတဲ့ ချုပ်ခြင်းပဲလို့ သိစေရန်အတွက် နိရောဓေ ယေဝ-လို့သာ မဆိုပဲ ခယ-ဝယ-ဘေဒ-ဆိုတဲ့ ပုဒ်တို့ဖြင့် အထူးသတ်မှတ်ပြီး ပြထားခြင်းဖြစ်

http://www.dhammadownload.com

ကြောင်း ဝိသုဒ္ဓိမဂ် ဋီကာမှာ ဖွင့်ပြထားပါတယ်၊ အဲဒီအဖွင့်နှင့်အညီ အနက်ပြန်လိုက်ပါတယ်။)

ဒီဝိသုဒ္ဓိမဂ်စကားဖြင့် သိစေလိုရင်းကတော့ ဘင်္ဂဉာဏ်ရောက်တဲ့အခါ အကြမ်းစားဖြစ်တဲ့ သင်္ခါရနိမိတ်များ မထင်တော့ပဲ ကင်းသွားကြောင်းကို သိစေလိုရင်းပါပဲ။ ဒါပေမဲ့ ဝိပဿနာဉာဏ်ဆိုတာ ဖြစ်ပျက်တဲ့ သင်္ခါရတရားကို ရှုမှတ်ပြီး သိသိနေတဲ့ ဉာဏ်ဖြစ်တဲ့အတွက် သင်္ခါရနိမိတ်ကင်းတဲ့ နိဗ္ဗာန်ကိုတော့ မသိမမြင်သေးပါဘူး၊ ဒါကြောင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဖြစ်ပျက်တဲ့ သင်္ခါရတရားဆိုတဲ့ သင်္ခါရနိမိတ်ကိုပဲ အနိစ္စ ဒုက္ခ အနတ္တအနေဖြင့် သိသိနေပါတယ်၊ အဲဒီလို သင်္ခါရကို အနိစ္စ ဒုက္ခ အနတ္တအနေဖြင့် သိသိနေခိုက်မှာ သင်္ခါရချုပ်ငြိမ်းတဲ့ နိဗ္ဗာန်အာရုံ မထင်ပေါ်သေးဘူး။ သင်္ခါရပေက္ခာဉာဏ်က ရင့်သန်ပြီး ပြည့်စုံတဲ့အခါမှာ မြင်မှုကြားမှုစသော အဲဒီသင်္ခါရနိမိတ်အာရုံတွေကို ရှုသိရှုသိနေယင်းပင် အဲဒီသင်္ခါရတွေ လုံးဝ ဆိတ်သုဉ်းတဲ့သဘောထဲကို ရောက်သွားတယ်၊ အဲဒီအခါမှာ ပုံသဏ္ဌာန် အရိပ်နိမိတ်ဆိုယင် ဘယ်လိုဟာကိမှ မတွေ့ရဘူး၊ ဖြစ်ပျက်သင်္ခါရတွေ လုံးဝဆိတ်သုဉ်း ကင်းငြိမ်းနေတဲ့သဘောကိုသာ ထင်ရှားတွေ့ရတယ်၊ အဲဒီလို တွေ့ပြီးတဲ့နောက် ပြန်လည်ဆင်ခြင်တဲ့အခါများမှာလဲ (ပစ္စဝေက္ခဏာဉာဏ်ဖြင့်) ဖြစ်ပျက်သင်္ခါရ ဆိတ်သုဉ်း ကင်းငြိမ်းတဲ့သဘောကိုသာ သိရတယ်။ ဒါကြောင့် နိဗ္ဗာန်၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်တို့ကို ပြတဲ့ အဋ္ဌကထာများမှာ-

http://www.dhammadownload.com

နိဗ္ဗာန်၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်

နိဗ္ဗာနံ-နိဗ္ဗာန်သည်၊ သန္တိလက္ခဏံ - ငြိမ်းခြင်း သဘော လက္ခဏာရှိ၏၊ ဝါ-ငြိမ်းခြင်းသဘောဟု မှတ်အပ်၏။ အစ္စုတိ-ရသံ=မရွေ့လျော့ခြင်း-မပျက်စီးခြင်း ဂုဏ်ရှိ၏။ အနိမိတ္တ-ပစ္စုပဋ္ဌာနံ-ပုံသဏ္ဌာန် အရိပ်နိမိတ်ကင်းသောအားဖြင့် ဉာဏ်အား ရှေးရှုထင်၏-လို့ ပြဆိုထားပါတယ်၊ အဲဒီမှာ ဉာဏ်အား ရှေးရှုထင်တယ် ဆိုတာက ဘယ်ဉာဏ်ကို ဆိုပါသလဲ ဆိုယင် နိဗ္ဗာန်အစစ်ကို အရိယာများသာ သိနိုင်တဲ့အတွက် အရိယာများ၏ မဂ်ဖိုလ်ဉာဏ်နှင့် ပစ္စဝေက္ခဏာဉာဏ်ကိုယူယင် အသင့်အတော်ဆုံးပါပဲ၊ အရိယဲဝပုဂ္ဂိုလ်များဟာ မဂ်ဖိုလ်သို့ ရောက်ပြီးခါစမှာ ဖြစ်စေ၊ ဖလသမာပတ်ကို ဝင်စားပြီးတဲ့အခါဖြစ်စေ၊မဂ်ဖိုလ်ဖြစ်ခိုက်က အာရုံကို ပြန်ပြီးဆင်ခြင်ကြည့်လျှင် သန်ဓါရအာရုံ ပုံသဏ္ဌာန်အရိပ် နိမိတ်ကင်းတဲ့အနေနဲ့သာ သိရတယ်၊ ဒါကြောင့် "နိဗ္ဗာန်၏ အဆင်းသဏ္ဌာန် အရှယ် ပမာဏကို ဥပမာဖြင့် အကြောင်းဖြင့် နည်းဖြင့် ယှဉ်ကပ်ပြီး ပြနိုင်ပါသလား" လို့ မိလိန္ဒမင်းကြီးက မေးတဲ့အခါ အရှင် နာဂသိန်မထေရ်က ဒီလို ဖြေရှင်းပြခဲ့ပါတယ်။

နိဗ္ဗာန်မှာ အဆင်းအရောင် ပုံသဏ္ဌာန်မရှိ

မဟာရာဇ-မြတ်သော မိလိန္ဒမင်းကြီး၊ နိဗ္ဗာနံ-နိဗ္ဗာန်သည်၊ အပ္ပဋိဘာဂံ-တူသော အရာမရှိ၊ နိဗ္ဗာနဿ-နိဗ္ဗာန်၏၊

http://www.dhammadownload.com

ရူပံ ဝါ သဏ္ဌာနံ ဝါ ဝယံ ဝါ ပမာဏံ ဝါ- အဆင်း ပုံသဏ္ဌာန် အရွယ်ပမာဏကို၊ သြပမ္မေန ဝါ ကာရဏေန ဝါ ဟေတုနာ ဝါ နယေန ဝါ-ဥပမာဖြင့် အကြောင်းဖြင့် သိကြောင်းနည်းဖြင့်၊ ဥပဒဿယိတုံ နသက္ကာ-ယှဉ်ကပ်၍ ပြရန် မဖြစ်နိုင်ပေ-တဲ့။ (မိလိန္ဒ ၃၀၃)

အဲဒီ မိလိန္ဒပဥ္ဍာ အရအားဖြင့် နိဗ္ဗာန်မှာ ပုံတူမရှိဘူး၊ အဆင်းအရောင် ပုံသဏ္ဌာန် မရှိဘူးဆိုတာ သိရပါတယ်။ အဆင်းမရှိဘူးဆိုတော့ နိဗ္ဗာန်ဟာ ဖြူဖြူလဲ မဟုတ်ဘူး၊ ဝင်းဝင်း လင်းလင်း အရောင်လဲ မဟုတ်ဘူး၊ ကြီးတယ် ငယ်တယ်လို့လဲ မပြောနိုင်ဘူး။ ဟုတ်ပေတယ်၊ နိဗ္ဗာန်ဆိုတာ ကိလေသာ ကံ ဝိပါက်ခန္ဓာတို့၏ မဖြစ်ပေါ်လာခြင်း-ချုပ်ငြိမ်းခြင်း သဘောမျှသာ ဖြစ်တယ်၊ အဲဒီ မဖြစ်ခြင်းဆိုတဲ့ ချုပ်ငြိမ်းခြင်းသဘောမှာ ဘယ်လိုပုံသဏ္ဌာန် အဆင်းအရောင်မျှ မရှိသင့်ကြောင်း ထင်ရှားပါတယ်။ ဒါကြောင့် ဘုန်းကြီး က ၁၃၀၅-ခုနှစ် ဝိပဿနာရှုနည်း ကျမ်းရေးစဉ်တုန်းက နိဗ္ဗာနကဆာ၏ အစနားမှာ အောက်ပါအတိုင်း ရေးသား ဖော်ပြခဲ့တယ်။

နိဗ္ဗာန်ဟူသည်မှာ ဘုံနန်းပြာသာဒ်ကြီးလဲမဟုတ်၊ မြို့ကြီး ပြည်ကြီးလဲ မဟုတ်၊ အလင်းရောင် အဝင်းရောင်လဲ မဟုတ်၊ အကြည်ဓာတ် အအေးဓာတ်လဲ မဟုတ်၊ အဘယ့်ကြောင့် နည်းဟူမူ.... ထို ဘုံနန်းပြာသာဒ် မြို့ပြည် အလင်းရောင် အဝင်းရောင် အကြည်

http://www.dhammadownload.com

ဓာတ် အအေး ဓာတ်မျှားသည် အသခ်ၤတ ပရမတ် ရာတးမဟုတ်၊ဆိုက်သည်အားလျော်စွာ ပညတ်တရား သခ်ၤတ ပရမတ်တရားမျှားသာ ဖြစ်သောကြောင့်ပေ တည်း။ (ဝိပဿနာရှုနည်းကျမ်းဒုတိယတွဲ အခန်း ၆၊ သတ္တာမရိုက် နှာ-၃၄၇)

အဲဒီလို ရေးတုန်းက ဘယ်သူ့ကျမ်းကိုမှ မရည်ရွယ်ပါဘူး၊ ဓမ္မဓိဋ္ဌာန်ကျကျ ရေးခဲ့တာပါပဲ၊ ဒါပေမဲ့ နောက်တချိန်မှာ နိဗ္ဗာန်ဆိုတာ ရောမအလင်းရောင်ကြီး ဖြစ်တဲ့ အကြောင်းပြဆို ထားတဲ့ ကျမ်းစာအုပ်တခုကို တွေ့ရတော့ "အင်း....ငါ ဟိုတုန်းက ရေးခဲ့တာကို ဒီကျမ်းစာ စောင်းပြီးရေးတယ်လို့ တချို့က ထင်ကောင်းထင်ကြပေလိမ့်မယ်"လို့ စဉ်းစားမိခဲ့ ပါတယ်။ဒါပေမဲ့ အဲဒီကျမ်းစာကို စောစောကရှိမှန်းတောင် ဘုန်းကြီးက မသိခဲ့ပါဘူး၊ မိမိသဘောကျ ထားတဲ့အတိုင်း စင်ကြယ်တဲ့စိတ်နဲ့ ရေးခဲ့တာပါပဲ။

ယခုလဲ ဘုန်းကြီးက နိဗ္ဗာန်ကိုဟောတဲ့အခါမှာ "အဆင်း အရှယ် ပုံဟ္ဍာန် မရှိဘူး"လို့ ပြဆိုထားတဲ့ အဲဒီ မိလိန္ဒပဉ္ဉာ ပါဠိ၊ "အနိမိတ္တာပစ္စုပ္ပဒ္ဒါနံ-ပုံသဏ္ဌာန် အရိပ်နိမိတ် ကင်း သောအားဖြင့် ဥာဏ်အားရှိုးရှူထင်တယ်"လို့ ဆိုတဲ့ အဋ္ဌ ကထာမျှားနှင့်အညီ "အရောင်အဆင်း ပုံသဏ္ဌာန် အရိပ် နိမိတ်မရှိတဲ့ ဃဘောတရား"လို့ပဲ ဟောနေပါတယ်။ ဝိပ-ဿနာယောဂီဟာ မပြတ်ဖြစ်ပျက်နေသော သခ်ၤါရအာရုံ နိ

http://www.dhammadownload.com

မိတ်ကို သခ်ါရုပေကွာဉာဏ် အနုလောမဉာဏ်တို့ဖြင့် ရှုသိနေ ယင်းထဲက (ဂေါတြဘူဉာဏ် မဂ်ဖိုလ်ဉာဏ်တို့ဖြင့်) ဖြစ်ပျက် သခ်ါရ လုံးဝချုပ်ငြိမ်းတဲ့ သဘောထဲသို့ ရောက်သွားတယ်၊ ရောက်သွားပုံက ထူးဆန်းတယ်၊ ရှုသိနေတဲ့စိတ်ပါ ကို ပျောက် သွဲားသလိုဖြစ်ပြီး ရောက်သွားတယ်၊ ဒါကြောင့် ဖြစ်ပျက်နေ ဟန် ပုံသဏ္ဌာန် နိမိတ်ထင်နေတာက သခ်ါရ၊ သခ်ါရနိမိတ် လုံး ဝကင်းမှနိုဗ္ဗာန်" လို့ မှတ်ထားကြရမယ်၊ အဲဒါ နိမိတ္တံသခ်ါရာ၊ အနိမိတ္တံ နိဗ္ဗာနံ-ဆိုတဲ့ ပဋိသမ္ဘိဒါမဂ်နှင့် အညီပါပဲ။ အဲဒ ကို ဆိုကြရမယ်။

ဖြစ်ပျက်နေဟန် ပုံသဏ္ဌာန် နိမိတ်ထင်နေတာက
သခ်ါရ၊ သခ်ါရနိမိတ် လုံးဝကင်းမှ နိဗ္ဗာန်။

(၄) အာယူဟနာနှင့် အနာယူဟနာ

အာယူဟနာ သခ်ါရာ၊ အနာယူဟနာ နိဗ္ဗာနံ။

အာယူဟ့နာ-ပေါင်းစုခြင်း-ပြုလုပ် အားထုတ်ခြင်းသည်၊ သခ်ါရာ- သခ်ါရတို့ပေတည်း၊ အနာယူဟ်နာ-မပြုလုပ်ခြင်း အားမထုတ်ခြင်းသည်၊ ဝါ-အားထုတ်မှု ကင်းခြင်းသည်၊ နိဗ္ဗာနံ-နိဗ္ဗာန်ပေတည်း။ အာယူဟန-ဆိုတာ သဒ္ဒါနှက် အားဖြင့် ပေါင်းစုတယ်လို့ရတယ်၊ လောကမှာ အိမ်ဆောက် တယ်ဆိုယင် အိမ်၏ အစိတ်အပိုင်းဓာတ်ကို စုပေါင်းပြီးသင့် တော်သလို နေရာချထားရတာပဲ၊ အဲဒါကို အိမ်ဆောက်

http://www.dhammadownload.com

တယ်၊ အိမ်ပြုတယ်လို့ ခေါ်ရတယ်၊ စစ်စစ်ကတော့ သူ့ဆိုင်ရာ အစိတ်အပိုင်းတွေကို မေါင်းစုပေးရတာပဲ၊ အဲဒါ ပါဠိလို အာယူဟနပါပဲ၊ မြန်မာဇဝါဟာရ အားဖြင့်တော့ ပြုလုပ်တယ် အားထုတ်တယ်လို့ပဲ ဆိုရပါတယ်၊ ဒါကြောင့် ပြုလုပ် အားထုတ်နေတဲ့ သဘောဟာ သင်္ခါရ- လို့ ဆိုလို ပါတယ်။

သင်္ခါရ ဆိုတာ အပြုခံ သင်္ခါရ, ပြုတတ်တဲ့ သင်္ခါရလို့ ၂-မျိုးရှိတယ်၊ သဗ္ဗေသင်္ခါရာ-အလုံးစုံသော သင်္ခါရတို့သည်၊ အနိစ္စာ-မမြဲကုန်၊ ဒုက္ခာ-ဆင်းရဲတို့တည်း၊ အနတ္တာ-အတ္တ မဟုတ်-အတ္တမရှိကုန်လို့ ဆိုထားမှာ သင်္ခါရတွေကတော့ ကံ စိတ် ဥတု အာဟာရစသော အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တရားတွေကို ဆိုတာပဲ၊ သူ့ဆိုင်ရာ အကြောင်းတွေက ပြုပေးရတဲ့ သင်္ခါရ, အပြုခံသင်္ခါရတွေလို့ ဆိုလိုတယ်၊ အဲဒီသင်္ခါရတွေက ပြုလုပ်တယ်၊ အားထုတ်တယ် လို့ မဆိုလိုဘူး၊ သင်္ခါရကျွန်ုပ် ဆိုတဲ့(စေတသိက် ၅၀)သင်္ခါရ တွေကတော့ ပြုတတ်အားထုတ်တတ်တဲ့ သင်္ခါရတွေပဲ၊သူတို့က ကိုယ်အမှုအရာအမျိုးမျိုး, နှုတ်အမှုအရာအမျိုးမျိုး စိတ်အမှု အရာ အမျိုးမျိုးကို ပြုလုပ်တတ်တယ်၊ အဲဒီ(စေတသိက် ၅၀)သင်္ခါရထဲက စေတနာဆိုတဲ့ သင်္ခါရကတော့ ဘဝသစ် ပဋိ သန္ဓေမှ စ၍ ကောင်းကျိုးဆိုးကျိုး ဝိပါက်ဓာတ်ကိုလဲ ဖြစ်စေ တတ်တယ်။ ဒါကြောင့် အဲဒီစေတနာကို ကံလို့ ခေါ်ရ တယ်၊ အဲဒါဟာ ကုသိုလ်ကံလဲ ရှိတယ် အကုသိုလ်ကံလဲ

http://www.dhammadownload.com

ရှိတယ်၊ အဲဒီကုသိုလ်ကံ အကုသိုလ်ကံဆိုတဲ့ စေတနာကို ဒီနေရာမှာ "သခ်ါရ-ပြုလုပ်အားထုတ်မှု"လို့ ဆိုလိုတယ်၊ အဲဒီ စေတနာသခ်ါရက အကျိုးပေးနိုင်စွမ်း ရှိနေယင် ဘဝသစ် ရုပ်နာမ်တွေ မငြိမ်းဘူး၊ တဘဝပြီး ကဘဝ အဆက်မပြတ် ဖြစ်နေမှာပဲ၊ အဲဒီ စေတနာ ဆိုတဲ့ အားထုတ်မှုကင်းမှ ဘဝသစ်ရုပ်နာမ်တွေ မဖြစ်ပဲငြိမ်းတယ်၊ ဒါကြောင့် "အနာယူဟနာ-အားထုတ်မှုကင်းခြင်းသည်၊ နိဗ္ဗာနံ-နိဗ္ဗာန်ပေတည်း"လို့ ပဋိသမ္ဘိဒါမဂ်က ဆိုထားပေတာပဲ။

ဒီနေရာမှာ အားထုတ်မှုကင်းတယ်ဆိုတာက အားထုတ်မှုကံတွေ အကျိုးမပေးနိုင်တာကို ဆိုတယ်၊ အဲဒီလို အကျိုးမပေးနိုင်တာကလဲ ကိလေသာ အဖော်မရှိလို့ အကျိုးမပေးနိုင်တာပါပဲ။ ဝိပဿနာရှုလို့ အရဟတ္တမဂ်ဉာဏ်ရောက်ယင် ကိ့လေသာအားလုံး ကင်းတယ်၊ ကိလေသာ ကင်းတဲ့အတွက် ကံဟောင်းတွေလဲ ဘဝအကျိုးကို မဖြစ်စေနိုင်တော့ဘူး၊ အကျိုးပေးနိုင်တဲ့ကံသစ်လဲ မဖြစ်တော့ဘူး၊ အဲဒီလို အရဟတ္တမဂ်၏အစွမ်းကြောင့် ကံဟောင်းလဲကုန်ပြီး ကံသစ်လဲ မဖြစ်တဲ့အတွက် ရဟန္တာပုဂ္ဂိုလ်မှာ ပရိနိဗ္ဗာန်စုတိမှ နောက်ကာလ၌ ဘဝသစ်ရုပ်နာမ် ခန္ဓာတွေ မဖြစ်လာတော့ပဲ ဆင်းရဲအားလုံး ငြိမ်းသွားတယ်၊ အဲဒါဟာ အနုပါဒိသေသနိဗ္ဗာန်ပဲ၊ အဲဒီ နိဗ္ဗာန်အကြောင်းကို တော်တော်ကြာမှ ပါဋ္ဌိတော် ပါထုတ်ပြပြီး ဟောရမယ်။

http://www.dhammadownload.com

အားမထုတ်ပဲ နေရုံနဲ့တော့ ကံမကင်းနိုင်

အားထုတ်မှု ကင်းတယ်ဆိုတာ ယခု ပြောခဲ့တဲ့အတိုင်း ကိလေသာကင်းလို့ ကံ ကင်းတာကိုဆိုတာ၊ ဘာမှ မပြုပဲ အားမထုတ်ပဲ နေရုံနဲ့ ကင်းတယ်လို့တော့ အယူမမှားကြ လေနဲ့၊ တချို့က ဒီလိုပါဋ္ဌိကို ပြပြီး အလွဲအမှားတွေကို ဟောနေကြတာ ရှိတယ်၊ သူတို့ ဟောပုံကတော့ "အားထုတ် နေယင် သင်္ခါရ ဆင်းရဲတွေ ဖြစ်နေတာပဲ၊ သဗ္ဗေ သင်္ခါရာ-အလုံးစုံသော အားထုတ်မှု သင်္ခါရတို့သည်၊ ဒုက္ခာ-ဆင်းရဲတို့ သာတည်းလို့ ဟောထားတယ်၊ ဒီတော့ လုပ်သမျှ ဒုက္ခချည်း ပဲ၊ မလုပ်ပဲ အားမထုတ်ပဲနေမှ ငြိမ်းအေးတယ်၊ အနာယူဟနာ-အားမထုတ်ခြင်းသည်၊ နိဗ္ဗာနံ-နိဗ္ဗာန်ပေတည်းလို့ ဟော ထားတာလဲ ရှိတယ်၊ ဒါကြောင့် ဒါန သီလ ဘာဝနာ ကုသိုလ်တွေကို ပြုနေဘို့ မလိုဘူး၊ စိတ်ကို စိတ်အတိုင်းထား ယင် နိဗ္ဗာန်ရတယ်" စသည်ဖြင့် ပါဋ္ဌိတစွန်းတစကို ယူပြီး အနက် အဓိပ္ပါယ်အလွဲကို ဟောနေကြတယ်၊ ဘုန်းကြီး ရန်ကုန် ရောက်ခါစ ၁၃၁၃-ခုနှစ် (၁၉၅၁) ခုနှစ်ဆီလောက် က အဲဒီလို တရားကို အသံလွှင့်ဟောတာတောင် ကြားရဘူး သေးတယ်၊ တရားအားမထုတ်ချင်တဲ့ သူတွေနဲ့တော့ အံကျ ကိုက်နေတဲ့ တရားပါပဲ၊ ဒါကြောင့် အဲဒီလို တရားကို ကြိုက် ပြီး တဆင့် ဝါဒဖြန့် ဟောပြောနေတာတွေလဲ ရှိတာပဲ။

အဲဒါဟာ ဗုဒ္ဓတရားတော်နှင့် ပြောင်းပြန် ဆန့်ကျင်ဖက် ပဲ၊ ပိဋကတ်သုံးပုံမှာ အကုသိုလ်ဟူသမျှကို ပယ်ရန်, ဒါန,

http://www.dhammadownload.com

သီလ, ဘာဝနာ ကုသိုလ်ဟူသမျှကို ပွါးစေရန်သာ ဟော ထားတယ်၊ ဘာဝနာဆိုတဲ့ အမည်ကိုက ပွါးစေရမည့်တရား လို့ အနက် အဓိပ္ပါယ် ရှိပါတယ်၊ ကုသိုလ်တရား ဘာဝနာ တရားကို ပယ်ရမယ် မပြုရဘူးလို့. ဘယ် ပိဋကတ်ကျမ်းစာ ထဲမှာမှ မရှိပါဘူး၊ ကုသိုလ်အမှုကို မပြုပဲ နေရုံနဲ့ ရှေးက ပြုထားတဲ့ အကုသိုလ်ကံတွေ ဘယ်လိုနည်းနဲ့မှ မကင်း ပျောက်နိုင်ဘူး၊ လွန်ခဲ့တဲ့ လဆန်းရှစ်ရက် သီကင်းနေ့ဟာလဲ ဒီအကြောင်းနဲ့ စပ်ပြီး အတော်အတန် ပြောခဲ့ပါပြီ၊ ဒါပေမဲ့ ဗုဒ္ဓသာသနာမျက်ကြောင်း ဝါဒဖြစ်တဲ့အတွက် ယခုလဲ ထပ် ပြီး ရှင်းပြရဦးမှာပဲ။

အကုသိုလ်က ရေစုန်မျောတာလိုပင် ဖြစ်လွယ်တယ်

ကုသိုလ်တရားဆိုတာ ထက်သန်တဲ့ သဒ္ဓါဆန္ဒ ဝီရိယနဲ့ တမင်ပြုလုပ်မှ ဖြစ်တာ၊ ရေဆန်သွားရတာနဲ့ တူတယ်၊ အကု သိုလ် ဆိုတာကတော့ သူ့အလိုလိုကို ဖြစ်ချင်နေတာ၊ ရေစုန် မျောသွားတာနဲ့ တူတယ်၊ လောကဥပဒေတွေနဲ့ ပညာရှိ သူတော်ကောင်းတွေကို ငဲ့ပြီး စောင့်ရှောက် နေကြလို့သာ အကုသိုလ်အဖြစ် သက်သာနေတာ၊ ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာ ကြုံစည်ပြုလုပ်တဲ့စိတ်က ကုသိုလ်နဲ့ အကုသိုလ် ဒီ ၂-မျိုးပဲ ရှိတယ်။ ကုသိုလ်ကို မပြုပဲနေယင် အကုသိုလ်စိတ်တွေချည်း မပြတ်ဖြစ်နေတော့မှာပဲ၊ မူလက မိနစ်(၁၀၀)မှာ (၁၀)မိနစ် ခန့်က ကုသိုလ်စိတ် ဖြစ်နေတယ်ဆိုယင်၊ အကုသိုလ်စိတ်က

http://www.dhammadownload.com

မိနစ်(၉၀)ခန့်သာ ဖြစ်နေမယ်၊ အဲဒီလိုလူဟာ ကုသိုလ်ကို မပြုပဲ စွန့်လွှတ်လိုက်ယင် ရာခိုင်နှုန်း မိနစ် (၁၀၁)အပြည့် အကုသိုလ်စိတ်တွေချည်း ဖြစ်နေတော့မှာပဲ၊ ကုသိုလ်က မပြုပဲ နေလို့ ရပေမဲ့ အကုသိုလ်ကတော့ ဘာဝနာမရှိတဲ့သူမှာ မဖြစ်အောင် ထိန်းမထားနိုင်ဘူး၊ စဉ်းစားကြည့်ပါ၊ နှစ်သက်စရာ သာယာစရာ အာရုံမျှားနှင့် တွေ့တဲ့အခါ မနှစ်သက်မသာယာအောင် ထိန်းထားနိုင်ပါမည်လား၊ ကိုယ်ကြိုက်တဲ့ အဆင်းတွေကို မြင်ယင် နှစ်သက်သာယာမှာပဲ၊ ကိုယ်ကြိုက်တဲ့ အသံကို ကြားရယင် နှစ်သက်သာယာမှာပဲ၊ အရသာကောင်းတွေကို စားရယင် နှစ်သက်သာယာမှာပဲ၊ အဲဒါတွေမှာ နှစ်သက်သာယာမှု မဖြစ်အောင် ထိန်းထားနိုင်ပါမည်လား၊ အိမ်းထောင်ရှိသူဆိုလျှင် အိမ်သူအိမ်သားနှင့် စပ်ပြီးနှစ်သက်မှု မဖြစ်အောင် ထိန်းထား နိုင်ပါ မည်လား၊ အိမ်ထောင်မရှိတဲ့သူမှာလဲ ကိုယ်ကြိုက်တဲ့ အာရုံကို မကြုံမိအောင် ထိန်းထားနိုင်ပါ မည်လား၊ ခံစားနေကျ အာရုံ ဝတ္ထု ဇတ္တကို မခံစား ချင်အောင် ထိန်းထား နိုင်ပါမည်လား၊ စိတ်ဆိုး စရာ အာရုံနှင့် တွေ့ယင် စိတ်မဆိုး အောင် ထိန်း ထားနိုင်ပါမည်လား၊ တခါက ရှာတရှာမှာ ဦးလေးဖြစ်သူက သူ့တူကို လက်ဖြင့် ပါးကို ရိုက်လိုက်သတဲ့၊ အဲဒီတော့ တူဖြစ်သူက အလွန်စိတ်ဆိုးပြီးတော့ ဘာ့ကြောင့် ပါးရိုက်ရသလဲလို့ မေးသတဲ့၊ ဦးလေးဖြစ်သူက "စိတ်ကိုစိတ်အတိုင်း ထားယင် ကိုလေသာ ငြိမ်းတယ်"လို့ မင်းက အပြောသန်လွန်းလို့

http://www.dhammadownload.com

ဟုတ် မဟုတ်သိရအောင် ရိုက်ကြည့်တာပဲလို့ ပြောလိုက်သတဲ့။ ဝိပဿနာရှုလို့ ရဟန္တာဖြစ်ယင်တော့ အဲဒီလို စိတ်မဆိုးပဲ ငြိမ်းပါတယ်။

မြတ်စွာဘုရား လက်ထက်တော် ကာလတုန်းက "အရှင်သာရိပုတ္တရာဟာ စိတ်မဆိုးတတ်ဘူး" ဆိုတဲ့ စကားကို မယုံတာနဲ့ ပုဏ္ဏားတယောက်က အရှင်သာရိပုတ္တရာ ဆွမ်းခံကြွနေစဉ်မှာ နောက်ကလိုက်ပြီး ကျောကုန်းကို ရိုက်သတဲ့၊ အရှင်သာရိပုတ္တရာက လှည့်ပြီးတောင် မကြည့်ပဲ သွားမြဲသွားနေသတဲ့၊ ဒီတော့မှ အဲဒီပုဏ္ဏားက ယုံကြည်ပြီး အရှင်သာရိပုတ္တရာအား ကန်တော့ တောင်းပန်သတဲ့။ အဲဒါဟာ ဝိပဿနာရှုပြီး အရဟတ္တမဂ်ဖြင့် ဒေါသ ကင်းငြိမ်းနေလို့ ပါပဲ၊ အဲဒီလို ကိလေသာ ငြိမ်းတာဟာ ကုသိုလ်မလုပ်ပဲ နေရုံနဲ့တော့ မဖြစ်နိုင်ကြောင်း အလွန်ထင်ရှားပါတယ်။

ရွံစရာ မုန်းစရာတွေနဲ့တွေ့ယင် မရှံအောင် မမုန်းအောင် စိတ်ကို ထိန်းထားနိုင်ပါမည်လား၊ ဝမ်းနဲစရာ စိတ်ညစ်စရာ စိတ်ပူစရာတွေနဲ့ တွေ့ယင် ဝမ်းမနဲအောင် စိတ်မညစ်အောင် စိတ်မပူအောင် ထိန်းထားနိုင်ပါမည်လား၊ တာဝနာအလုပ်မရှိယင် ထိန်းမထားနိုင်ကြောင်း ထင်ရှားပါတယ်၊ ကြောက်စရာနဲ့တွေ့ယင် မကြောက်အောင် ထိန်းထားနိုင်ပါမည်လား၊ သမထ ဝိပဿနာမရှိပဲ စိတ်ကို စိတ်အတိုင်းထားနိုင်ရုံမျှဖြင့် ထိန်းမထားနိုင်ကြောင်း ထင်ရှားပါတယ်။

http://www.dhammadownload.com

နိဗ္ဗာန်ဆိုင်ရာတရားတော်

ကုသိုလ်မပြုပဲနေယင် အကုသိုလ်ချည်း မပြတ်ဖြစ်နေမယ်

အဲဒီတော့ ကုသိုလ်ကို မပြုပဲ နေတဲ့သူမှာ နတ်ရွာသုဂတိ ရောက်စေနိုင်တဲ့ ကုသိုလ်မဖြစ်တော့ပဲ အပါယ်လေးပါးနှင့် မကောင်းကျိုး ပေးတတ်တဲ့ အကုသိုလ်တွေချည်း မပြတ် ဖြစ်ပွါးနေဘို့ရှိတယ်။ သာမန် ဒါန သီလ ဘာဝနာကုသိုလ် ရှိယင် ယခုဘာဝတွင် မဂ်ဖိုလ် မရောက်သေးတောင်မှ လူ့ဘဝ နတ်ဘဝမှာ ဖြစ်ပြီး ချမ်းချမ်း သာသာ နေရဘို့ကတော့ သေချာပါတယ်၊ နောက်ပြီးတော့ ဖြစ်ရာဘဝမှာ သူတော် ကောင်း ဝေးရာကို ကြားနာပြီး ဘာဝနာအလုပ်ကို အား ထုတ်နိုင်တယ်၊ အဲဒီလို အားထုတ်ပြီး အရိယ မဂ်ဖိုလ်ကိုလဲ ရနိုင်တယ်။ ကုသိုလ်ကို မပြုပဲ စွန့်ပယ်ဆားတဲ့သူမှာတော့ သုဂတိဘဝရောက်ကြောင်း ကုသိုလ်တောင် မရှိတော့ဘူး၊ မကောင်းကျိုး ပေးတတ်တဲ့ အကုသိုလ်ချည်း အချိန်ပြည့် ပွါးနေတော့မှာပဲ၊ ဒါကြောင့် သေတဲ့အခါမှာ အဲဒီ အကု သိုလ် မိတ်ဆွေတွေက အပါယ်လေးပါး ခေါ်သွားဘို့သာ ရှိတော့တာပဲ၊ နိဗ္ဗာန်ရောက်ဖို့ ဆိုတာကတော့ ဝေးသည်ထက် ဝေးသွားတာပါပဲ၊ ဒါကြောင့် ကုသိုလ်ကို မပြုဖို့ ညွှန်ကြား တဲ့ ဝါဒဟာ အလွန်ကြောက်စရာကောင်းတဲ့ ဝါဒပါပဲ၊ အဲဒီလို ကြောက်စရာကောင်းတဲ့ လမ်းမှားကို သိပြီး ရှောင် လွဲနိုင်အောင်၊ လမ်းမှားရောက်နေတဲ့ မိတ်ဆွေများလဲ သတိ

http://www.dhammadownload.com

ပေးနိုင်အောင် ဒီလို စပ်ဆိုင်ရာမှာ ထည့်သွင်းပြီး ဘုန်းကြီးက အရိပ်အမြွက်မျှ ဟောကြားရတာပဲ။

နောက်ပြီးတော့ "အနာယှုဟနာ-အားမထုတ်ခြင်းသည်၊ နိဗ္ဗာနံ- နိဗ္ဗာန်ပေတည်း" လို့ ဆိုရာမှာ "တရားအားမထုတ်ပဲနေမှ နိဗ္ဗာန်ရတယ်" လို့ ဒီလိုလဲ အလဲအမှားကို ပြောတတ်တယ်၊ ဒီအနုရာမှာ "အနာယှုဟနာ-အားမဆုတ်ခြင်း" ဆိုတာက တရားအားမထုတ်တာကို ပြောတာမဟုတ်ဘူး၊ ဘဝသစ်အကျိုးကို ဖြစ်ဖေစတတ်တဲ့ အကုသိုလ်ကံ ကုသိုလ်ကံကို မဖြစ်စေတာကို ပြောတာပဲ၊ အဲဒါကလဲ မပြုပဲ နေရုံနဲ့တော့ နိဗ္ဗာန်မရောက်နိုင်ပါဘူး၊ အမှန်ကတော့ ဝိပဿနာဘာဝနာကို ပွားလို့ အရဟတ္တာ မဂ်ဉာဏ် ရောက်တဲ့အခါကိလေသာတွေ ကင်းသွားတဲ့အတွက် ကံဟောင်းတွေကလဲ ဘဝသစ်အကျိုးကို မပေးနိုင်တော့ဘူး၊ အကျိုးပေးတတ်တဲ့ ကံသစ်လဲ မဖြစ်တော့ဘူး၊ အဲဒီလို အရဟတ္တာမဂ်ဖြင့် ကိလေသာကင်းပြီး အကျိုး ပေးနိုင်တဲ့ကံ ကင်းငြိမ်းတာကိုသာ ဆိုတာပဲ၊ အနာယှုဟနာ-နိဗ္ဗာနံဆိုတဲ့ပါဠိတိုက ဝိပဿနာရှုတဲ့သူမှာ ဘယဉာဏ် အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ်ဖြင့်ပုံကြုံပြတဲ့ ပါဠိပဲ၊ အဲဒီဉာဏ်တွေကလဲ ဝိပဿနာအလုပ်ကို တကယ်တမ်း အားထုတ်တဲ့သူတွေမှာမှ ဖြစ်တဲ့ဉာဏ်တွေပဲ၊ ဒါနဲ့ကြောင့် "ဘဝအသစ်ဖြစ်စေနိုင်တဲ့ အားထုတ်မှုကံက သင်္ခါရ၊ ယင်း အားထုတ်မှုကံ ကင်းမှ နိဗ္ဗာန်" လို့ မှတ်ထားကြရမယ်၊ အဲဒါကို ဆိုကြရ၊ ပြီ။

http://www.dhammadownload.com

ဘဝသစ်ဖြစ်စေနိုင်တဲ့ အားထုတ်မှုကံက သင်္ခါရ၊ ယင်း အားထုတ်မှု ကင်းမှ နိဗ္ဗာန်။

ရဟန္တာဟာ ကုသိုလ်အမှုကိုတော့ မပယ်ဘူး

ရဟန္တာများမှာ လောဘ ဒေါသ မောဟ ကိလေသာတွေ ကင်းနေတဲ့အတွက် အကုသိုလ်အမှုကို ပြုလုပ်ခြင်း မရှိဘူး ဆိုတာကတော့ ရှင်းနေပါတယ်၊ ကုသိုလ်အမှုတွေလဲ မပြုတော့ဘူးလားလို့ မေးစရာရှိတယ်၊ ကုသိုလ် အမှုတွေကို တော့ အကြောင်းအားလျော်စွာ ပြုပါတယ်၊ ပိုနေတဲ့ ဆွမ်း-သင်္ကန်း စသည်ကို အခြား ရဟန်းများအား ပေးလှူ ပါတယ်၊ သီလ သိက္ခာပုဒ်များကို ရိုရိုသေသေ စောင့်ရှောက် ပါတယ်၊ တရားဟောတယ်၊ တရားနာတယ်၊ မေတ္တာ စသော သမထ ဘာဝနာကို ပွါးစေတယ်၊ စျာန်သမာပတ် ဝင်စား တယ်၊ ဝိပဿနာရှုတယ်၊ မြတ်စွာဘုရားကို ရှိခိုးတယ်၊ စေတီ တော်ကို ရှိခိုးတယ်၊ မဆေရ်ကြီးများကို အရိုအသေပြုတယ်၊ ဝေယျာဝစ္စ ကိစ္စကြီးငယ်ကို အခွင့်သင့်သည် အားလျော်စွာ ဆောင်ရွက်တယ်၊ ဒါပေမဲ့ အဲဒီကုသိုလ် အမှုတွေကို ပြုတဲ့ အတွက် အကျိုးပေးဘတ်တဲ့ ကုသိုလ်ကံကတော့ မဖြစ်ဘူး၊ အကျိုးမပေးတတ်တဲ့ ကြိယ စိတ်သာ ဖြစ်တယ်။ ဒါကြောင့် နဲမက္ကာရ ဘုရားရှိခိုးထဲမှာ "ကုသလံ ကုသလံ - ကုသိုလ် အကုသိုလ်ကို၊ ဇဟံ-ပယ်စွန့်တော်မူပြီးသော မြတ်စွာ ဘုရား ကို (ရှိခိုးပါ၏)" လို့ ဆိုထားတယ်။ ဘုရားနှင့် ရဟန္တာ

http://www.dhammadownload.com

ဟာ ကိလေသာ ပယ်ပုံချင်း ကံပယ်ပုံချင်းအားဖြင့် အတူတူပါပဲ၊ မြတ်စွာဘုရားက ဝါသနာကိုလဲ ပယ်နိုင်တယ်၊ သာဝကရဟန္တာများမှာတော့ ဝါသနာကို မပယ်နိုင်တာလဲ ရှိတယ်၊ ဒါလောက်သာ ထူးပါတယ်။ အဲဒီ ဘုရားရှိခိုးထဲမှာ ကုသိုလ်ကို ပယ်စွန့်တယ် ဆိုတာဟာ အရဟတ္တာ မဂ်၏အစွမ်းကြောင့် ကိလေသာ မရှိတော့တဲ့အတွက် အကျိုးပေးတတ်တဲ့ ကုသိုလ်ကံ မဖြစ်တာကို ဆိုတာပါပဲ။

ပုထုဇဉ်သေက္ခ ပုဂ္ဂိုလ်တွေမှာတော့ ကိလေသာ မကင်းသေးတဲ့အတွက်၊ အထူးအားဖြင့် တဏှာ မကင်းသေးတဲ့အတွက် အကျိုးပေးနိုင်တဲ့ ကံဟောင်းတွေလဲ ရှိနေတယ်၊ ကိုယ်နှုတ်စိတ်ဖြင့် ပြုတိုင်း ပြောတိုင်း ကြံတိုင်း(ကံမြောက်လောက်တဲ့အမှု ဆိုယင်) အကျိုးပေးနိုင်တဲ့ ကံအသစ်လဲ ဖြစ်နေတာပဲ၊ အာယူဟနာဆိုတဲ့ အားထုတ်မှု ရှိနေတယ်၊ ဒါကြောင့် ဘဝဟောင်းမှ သေလျှင် အခွင့်သင့်တဲ့ ကံတခုခုက ဘဝသစ်ကို ဖြစ်စေတယ်၊ အဲဒီလို ဖြစ်စေလို့ ဘဝသစ်ဖြစ်ရာမှာ ရှေးဦးစွာစပြီး ဖြစ်တဲ့ ရုပ်နာမ် ခန္ဓာကို ပဋိသန္ဓေလို့ ခေါ်တယ်၊ ဘဝဟောင်းနှင့် ဆက်စပ်တဲ့ သဘောပါပဲ။ ဥပမာအားဖြင့် ကြေးနန်းကြိုး ဓာတ်မီးကြိုးများ တပ်ဆင်တဲ့အခါ ကြိုးတခုဆုံးသွားရာမှာ အခြားကြိုးတခုနှင့် ဆက်ရတယ်၊ ကြိုးတချောင်း ပေတထောင်ရှိတယ်ဆိုယင် ဒုတိယကြိုး ဆက်လိုက်တော့ ပေနှစ်ထောင်အထိ ရှည်သွားတယ်၊ တဖန် တတိယကြိုး ဆက်ပြန်လျှင် ပေသုံးထောင်အထိ ရှည်

http://www.dhammadownload.com

သွားတယ်၊ ဒီပုံ ဒီနည်းဖြင့် ပေပေါင်း သိန်း သန်း မက မိုင်ပေါင်း ထောင်သောင်းမက ရှည်သွားနိုင်တယ်၊ အဲဒါလိုပဲ၊ ကိလေသာရှိတဲ့သူမှာ ဘဝဟောင်းက သေတိုင်း သေတိုင်း ကုသိုလ်ကံ အကုသိုလ်ကံ၏ အစုမ်းကြောင့် အကျိုး ဝိပါက် ခန္ဓာတွေဟာ ဘဝသစ်အနေဖြင့် အဆက်မပြတ် ဆက်စပ်ပြီး ဖြစ်ဖြစ်သွားတယ်၊ ဘဝပေါင်း သိန်း သန်း ကုဋေ အသင်္ချေ တို့ဖြင့် မရေမတွက်နိုင်အောင် ကမ္ဘာပေါင်း သိန်း သန်း ကုဋေ အသင်္ချေတို့ဖြင့်လဲ မရေတွက်နိုင်အောင် ဖြစ်နေတယ်။

(၅) ပဋိသန္ဓေနှင့် ပဲဋိသန္ဓေကင်းတာ

ဒါကြောင့် အဲဒီလို ဆက်စပ်ပြီး ဖြစ်နိုင်တဲ့ ပဋိသန္ဓေ ခန္ဓာတွေ ရှိနေသမျှ ကာလပတ်လုံး ဆင်းရဲမငြိမ်းသေးဘူး၊ သင်္ခါရနယ်ပယ်ထဲကပဲ ရှိနေသေးတယ်။ အဲဒါကို ရည်ပြီး တော့ ပဋိသန္ဓိဒါမက် ပါဠိမှာ-

"ပဋိသန္ဓိ သင်္ခါရာ၊ အပဋိသန္ဓိ နိဗ္ဗာနံ"လို့ ဟောထားတယ်။

ပဋိသန္ဓိ-ဘဝဟောင်းနှင့် ဆက်စပ်၍ ဖြစ်ခြင်းသည်၊ သင်္ခါရာ-သင်္ခါရတို့ပေတည်း။ အပဋိသန္ဓိ-ဘဝဟောင်းနှင့် ဆက်စပ်၍ မဖြစ်ခြင်းသည်၊ နိဗ္ဗာနံ-နိဗ္ဗာန်ပေတည်း။

ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာ ဘဝဟောင်းမှ သေတိုင်းသေတိုင်း ဆက်စပ်ပြီး ဘဝသစ်တွေ ဖြစ်ဖြစ်နေမှာချည်းပဲ၊ အကန့်

http://www.dhammadownload.com

အသတ်မရှိဘူး၊ သေသေချာချာ စဉ်းစားကြည့်ယင် ကြောက်စရာပဲ၊ အဲဒီဆက်စပ်ဖြစ်မည့် ဘဝတွေထဲမှာ ငရဲဘဝတွေ ပြိတ္တာဘဝတွေ တိရစ္ဆာန်ဘဝတွေက သာပြီး များလိမ့်မယ်၊ အလွန်ပင် ကြောက်စရာကောင်းပါတယ်။ သောတာပန်မှာတော့ ကာမဘုံမှာချည်း ဖြစ်မယ်ဆိုယင် အများဆုံး ခုနစ်ဘဝသာ ဖြစ်ရတော့မယ်၊ အဲဒါလဲ လူ့ဘဝ နတ်ဘဝကောင်းမြတ်တဲ့ ဘဝချည်းပါပဲ။ အဲဒီခုနစ်ဘဝထဲက နောက်ဆုံးဘဝမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် ဝင်စံရမယ်။ သကဒါဂါမ်မှာ ကာမဘုံတွင်သာ ဖြစ်မယ်ဆိုယင် အများဆုံး နှစ်ဘဝသာ ဖြစ်ပြီး ရဟန္တာဖြစ်မယ်၊ အနာဂါမ်မှာတော့ သုဒ္ဓါဝါသ ငါးဘုံမှာ အများဆုံး ငါးဘဝဖြစ်ပြီး ရဟန္တာဖြစ်မယ်။ ဘဝသစ်မှာ ဖြစ်ဟိုင်းဖြစ်ကိုင်း သင်္ခါရနယ်ပယ်ထဲမှာချည်း ရှိနေသေးကာပဲ၊ ရဟန္တာမှာ ရှေပိုင်းကပြောခဲ့တဲ့ အတိုင်း ကိလေသာနှင့် ကံ လုံးဝကင်းသောကြောင့် ပရိနိဗ္ဗာန် စုဟိ၏အခြားမဲ့မှာ ပိပါက်ရုပ်နာမ် ခန္ဓာများ ဆက်စပ်၍ ဖြစ်ခြင်းမရှိတော့ဘူး၊ ဝဋ္ဌဆင်းရဲဟူသမျှ လုံးဝကင်းငြိမ်းသွားတယ်၊ အဲဒါဟာ "အပုဋိသန္ဓိ - ဆက်စပ်၍ မဖြစ်ခြင်းသည်၊ နိဗ္ဗာနံ-အငြိမ်းဓာတ် နိဗ္ဗာန်ပေတည်း" လို့ ဟောတဲ့ နိဗ္ဗာန်အစစ်ပါပဲ။ ဒါကြောင့် "ဘဝဟောင်းနှင့် ဆက်စပ်၍ ဖြစ်တာက သင်္ခါရ၊ ဆက်စပ်၍မဖြစ်မှ နိဗ္ဗာန်" လို့ အတိုချုပ်မှတ်ထားကြရမယ်။ အဲဒါကို ဆိုကြရမယ်။

http://www.dhammadownload.com

ဘဝခေါ်ဝင်းနှင့် ဆက်စပ်၍ဖြစ်တာက သန်္ဓါရ၊ ဆက်စပ်၍ မဖြစ်မှ နိဗ္ဗာန်။

ဘယ အာဒီနဝ နိဗ္ဗိဒါဉာဏ်များး ဖြစ်နေတဲ့ ယောဂီက ဘဝဟောင်းက သေပြီးယင်း ဘဝသစ် ဖြစ်ပြန်ယင်း၊ ဘဝဟောင်းက သေပြီးယင်း ဘဝသစ် ဖြစ်ပြန်ယင်းနဲ့ ဒီလိုချည်း ဆက်ဆက်ပြီး ဖြစ်ဖြစ်နေတာဟာ. သန်္ဓါရ ဆင်းရဲတွေပဲ၊ အရဟတ္တမဂ်ဉာဏ်ရောက်ပြီး ကိလေသာတွေကင်းပြီး ကံတွေကလဲ အကျိုးမပေးနိုင်လို့ စုတိစိတ်ဖြင့် သေပြီးတဲ့နောက် ရုပ်နာမ်ဝိပါဂ်ကံဆက်ပြီး မဖြစ်မှ ငြိမ်းအေးမှာပဲလို့ သန်္ဓါရတွေ၏ အပြစ်ကို မြင်ပြီး ငြီးငွေ့တယ်၊ နိဗ္ဗာန်ကို သိမြင်ဘို့ရာဘို့ မြော်လင့်တယ်၊ ဒါဟာ အဲဒီဉာဏ်များးဖြစ်တဲ့ ယောဂီမှာ ဖြစ်ရိုးဖြစ်စဉ်ပဲ၊ ဒါကြောင့် ပဋိသန္ဓေဒါမဂ်မှာ "ဘဝဟောင်းနှင့်စပ်၍ ဖြစ်တာက သန်္ဓါရတွေပဲဟု ဘေးထင်ယော ပညာသည် အာဒီနဝဉာဏ် မည်၏" စသည်ဖြင့် ဟောထားတာပါဘဲ။

အဲဒီလို ဟောထားတဲ့အတိုင်းပင် ဘယ အာဒီနဝ နိဗ္ဗိဒါဉာဏ်များးက ရင့်သန်ပြီး ဣန္ဒြေရင့်ကျက်တဲ့အခါ အရဟတ္တမဂ်ဉာဏ်ဖြစ်ပြီး နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်တယ်၊ အဲဒီအခါမှာ အရဟတ္တမဂ်ဉာဏ်၏အစုမ်းကြောင့် လောဘ ဒေါသ မောဟ အစရှိသော ကိလေသာတွေအားလုံး မဖြစ်ပေါ်နိုင်တော့ပဲ ငြိမ်းသွားတယ်၊ ကိလေသာငြိမ်းတဲ့အတွက် ကံကလဲ

http://www.dhammadownload.com

ဘဝသစ် ရုပ်နာမ်ခန္ဓာတွေကို မဖြစ်စေနိုင်တော့ဘူး၊ အဲဒီလို ကိလေသာ ကံ ဝိပါက်ခန္ဓာတွေ မဖြစ်ပေါ်နိုင်အောင် ငြိမ်းတာဟာ နိဗ္ဗာန်ပဲ၊ ဒီနိဗ္ဗာန်က ငြိမ်းခြင်းသဘောအားဖြင့် တပါးတည်းပါပဲ၊ ဒါပေမဲ့ ကိလေသာတွေသာ ငြိမ်းပြီးဖြစ်ဆဲ ရုပ်နာမ်ခန္ဓာ အကြွင်းရှိနေခိုက်မှာ သည်ပါဒိသေသနိဗ္ဗာန်လို့ ခေါ်တယ်၊ ပရိနိဗ္ဗာန်စုတ်မှ နောက်ကာလ၌ ရုပ်နာမ်ခန္ဓာပါ အကြွင်းမရှိတော့ပဲ ငြိမ်းတာကိုတော့ အနုပါဒိသေသနိဗ္ဗာန်လို့ ခေါ်တယ်၊ အဲဒီ နိဗ္ဗာန် ၂-ပါးကို ကျွတ်ဝုတ်ပါဠိတော်မှာ ဒီလို ဟောတော်မူပါတယ်။

နိဗ္ဗာန်ဓာတ် ၂-ပါး

ကတမာ စ ဘိက္ခဝေ သဉ်ပါဒိသေသာ နိဗ္ဗာန ဓာတု၊ ကွ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တ သဒတ္ထော ပရိက္ခီဏ ဘဝသံယောဇနော သမ္မဒညာ ဝိမုတ္တော၊ တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနိ ယေသံ အဝိဿာတတ္တာ မနာပါမနာပံ ပစ္စနုဘောတိ သုခ ဒုက္ခံ၊ ပဋိသံဝေဒေတိ၊ တဿ ယော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ အယံ ဝုစ္စတိ ဘိက္ခဝေ သဉ်ပါဒိသေသာ နိဗ္ဗာနဓာတု။

(ခုဒ္ဒ ၂၂၁)

http://www.dhammadownload.com

ဘိက္ခုငေ-ရဟန်းတို့၊ သဉ္ဉပါဒိသေသာ နိဗ္ဗာနဓာတု-အကျိုးခန္ဓာ အကြွင်းရှိသော အငြိမ်းဓာတ် နိဗ္ဗာန်သည်၊ ကတမာ စ -အဘယ်ပါနည်း။

သဉ္ဉပါဒိ သေသ နိဗ္ဗာန်

သဉ္ဉပါဒိသေသ-ဆိုတဲ့ ပါဋ္ဌိမှာ သ-က တပုဒ် ဉပါဒိ-က တပုဒ် သေသ-က တပုဒ် သုံးပုဒ်တွဲထားတယ်၊ သ-က ရှိတယ်-တဲ့+ဉပါဒိ-က ခန္ဓာ-တဲ့+သေသ-က ကြွင်းတယ်-တဲ့၊ သဉ္ဉပါဒိ သေသ-လို့ ပေါင်းလိုက်တော့ "ခန္ဓာ အကြွင်းရှိတယ်" - "ကိလေသာမျှသာ ငြိမ်းတယ်၊ ခန္ဓာကတော့ အကုန်မငြိမ်းသေးပဲ အကြွင်းအကျန် ရှိနေသေးတယ်"လို့ ဆိုလိုပါတယ်။ ဘယ်လိုလဲ ဆိုတော့-ရဟန္တာ ပုဂ္ဂိုလ်မှာ အရဟတ္တမဂ်ရောက်တဲ့ အချိန်ကကည်းက ကိလေသာ အားလုံး ကင်းငြိမ်းသွားတယ် ဘဝသစ်ခန္ဓာလဲ အဲဒီအချိန်ကတည်းက မဖြစ်နိုင်တော့သည့် အမြေအနေရောက်ပြီး ငြိမ်းခဲ့ပါတယ်၊ ရဟန္တာမဖြစ်မီ ပဋိသန္ဓေကာလကတည်းက ရလာခဲ့တဲ့ ရုပ် နာမ် ခန္ဓာ အစဉ်ကတော့ ရှိနေသေးတာပဲ၊ အဲဒါကတော့ ရှေးဘဝဟောင်းက ကံကအကျိုးပေးထားပြီး ဖြစ်နေတယ်၊ ပစ်လိုက်တဲ့ခဲဟာ အရှိန်ကုန်မှ ကျတာလိုပဲ အဲဒီကံဟောင်း၏ အစွမ်းကုန်မှ ပရိနိဗ္ဗာန် စုတိကာလကျမှ ချုပ်ငြိမ်းပြတ်စဲမယ်၊ တနည်း ဉပမာအားဖြင့် ထန်းပင်ဟာ လည်ဆစ်ကဖြစ်စေ ခါးလယ်ကဖြစ်စေ ပြတ်သွားယင် အဲဒီအချိန်

http://www.dhammadownload.com

ကတည်းက အညွှန့်အဝတ်ဝါသဆစ် မပွါးကတဲ့ဘူး၊ ဒါပေမဲ့ အဝုတ်ကြီးကတော့ ရှိမြဲရှိနေသေးတာပဲ၊ အဲဒီထန်းပင်ဝုတ်ကြီးဟာ နှစ်ပေါင်းများစွာကြာတဲ့အခါ ဆွေးမြည့်ပြီး ပျက်စီးသွားတယ်၊ အဲဒီနေရာမှာ ထန်းငုတ်အစအနတောင် မရှိဘဲ ဖြစ်သွားတယ်၊ အဲဒါလိုပဲ ပရိနိဗ္ဗာန် စုတိကာလကျမှကော ရဟန္တာပုဂ္ဂိုလ်၏ ခန္ဓာအစဉ်ဟာ လုံးဝချုပ်ငြိမ်းသွားမယ်။ အဲဒီစုတိကာလ မရောက်သေးခင်မှာတော့ ရဟန္တာ၏ ရုပ်နာမ် ခန္ဓာအစဉ်ဟာ မူလကံနှင့် စိတ်နှုတ် အာဟာရအစရှိသော အကြောင်းများကြောင့် ဖြစ်မြဲဖြစ်နေသေးတာပဲ၊ အဲဒီလို ခန္ဓာအကြွင်း ရှိတာနဲ့ ကိလေသာငြိမ်းတာကို ဒေကြောင်းပြုပြီး သဉ္ဇပါဒိ သေသ နိဗ္ဗာန်လို့ ခေါ်တယ်၊ အဲဒီ နိဗ္ဗာန်က ဘယ်လိုဟာလဲလို့ မေးခွန်းထုတ်ပါဦးမယ်။

ဘိက္ခဝေ-ရဟန်းတို့၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-ရဟန်းသည်၊ အရဟံ-အရှိအယော, အပူဇော်ကို ခံဘိုထိုက်သည်၊ ဟောတိ-ဖြစ်၏၊ ခီဏာသဝေါ-ကုန်ပြီးသော အာသဝေါရှိ၏၊ ဝါ-အာသဝေါ ကိလေသာ ခပင်းကုန်ဘဲ ကင်းခဲ့ပြီ။ ဝိပဿနာဘာဝနာအလုပ် အားထုတ်သဖြင့် အရဟတ္တမဂ် ရောက်ပြီး ကိလေသာ ကုန်ခန်းရဟန္တာ ဖြစ်နေပါပြီလို့ ဆိုလိုပါတယ်။

ဝုသိကဝါ-အကျင့်မြတ်ကို အပြည့်အစုံ ကျင့်သုံးပြီးလဲ ဖြစ်ပေ၏၊ ကတ ကရဏီယော-ပြုကျင့်သင့်တဲ့ အမှုကိစ္စဟူသမျှကိုလဲ ပြုကျင့်ပြီး ဖြစ်ပေ၏၊ ဩဟိတဘာရော - ချထားပြီး

http://www.dhammadownload.com

သော ဝန်ထုပ် ဝန်ပိုး ရှိပေ၏၊ ဝါ-ဝန်ထုပ် ဝန်ပိုးမျှားကို ချထားပြီး ဖြစ်ပေ၏။

ဝန်ထုပ်ကြီး ၃-၃

လောကမှာ သုံးတင်းဝင် ဆန်အိတ်ကြီးမျှား ထမ်းနေရတဲ့သူမှာ လေးလံပင်ပန်းနေသလို သတ္တဝါတွေမှာ အလွန်လေးလံတဲ့ ဝန်ထုပ်ကြီးတွေကို ထမ်းဆောင်နေကြရတယ်၊ ဘယ်လိုဝန်ထုပ်တွေလဲ ဆိုယင် (၁)ကိလေသာ ဝန်ထုပ်ကြီးက တခု၊ (၂) ကုသိုလ်ကံ အကုသိုလ်ကံဆိုတဲ့ အဘိသင်္ခါရ ဝန်ထုပ်ကြီးက တခု၊ (၃) ခန္ဓာဝန်ထုပ်ကြီးက တခု၊ ဒီဝန်ထုပ်ကြီး သုံးခုပါဘဲ။

(၁) ကိလေသာဝန်ထုပ်ကြီး

လောဘ ဒေါသအစရှိသော ကိလေသာတွေ ခိုင်းသမျှ လုပ်နေကြရတာဟာ ကိလေသာဝန်ထုပ်ကြီး ထမ်းနေကြရတာပဲ၊ သူ့အသက်သတ်ခြင်း သူ့ဥစ္စာခိုးခြင်း အစရှိသော မကောင်းမှုတွေကို ပြုကြတာဟာ အဲဒီ ကိလေသာ ဝန်ထုပ်ကြောင့်ပဲ၊ မနေနိုင်မထိုင်နိုင်ဖြစ်ပြီး ကိလေသာအလိုအတိုင်း လိုက်ပြီး ပြုကြရတာပဲ၊ အဲဒီလိုပြုမိကြတဲ့အတွက် အပါယ်လေးပါးကျရောက်ပြီး ဆင်းရဲကြရတယ်၊ အဲဒါဟာ ကိလေသာဝန်ပိပြီး ဒုက္ခရောက်ကြရတာပါပဲ။

http://www.dhammadownload.com

(၂) အဘိသင်္ခါရ ဝန်ထုပ်ကြီး

အဘိသင်္ခါရ ဆိုတဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေကို ပြုမိတဲ့အတွက် ဘဝသစ်တွေမှာ ဖြစ်ကြရတယ်၊ အကုသိုလ်ကံကြောင့် အပါယ်လေးပါးမှာ ဖြစ်ပြီး အလွန်အမင်း ဆင်းရဲကြရတယ်၊ ကုသိုလ်ကံကြောင့် သုဂတိဘဝမှာဖြစ်ပြီး အတော်အသင့် သက်သာရာ ရပေမဲ့ အိုခြင်း နာခြင်း သေခြင်း အစရှိသော ဆင်းရဲတွေကို ခံစားနေကြရတယ်၊ အဲဒီ ဘဝအကျိုးပေးတတ်တဲ့ ကံတွေကို အလိုမရှိပေမဲ့ မပယ်မချနိုင်ဘူး၊ ထမ်းဆောင်မြဲ ထမ်းဆောင်နေကြရတယ်၊ အကုသိုလ်ကို ပြုမိယင် အဲဒီအကုသိုလ်ကံက အကြောင်းညီညွတ်တဲ့ အခါ အပါယ်လေးပါး ပစ်ချပြီး ဆင်းရဲဒုက္ခ ရောက်စေမယ်၊ လူ့ဘဝ ရောက်လာပြန်ယင်လဲ အသက်တိုခြင်း အနာများခြင်း စားသုံးစရာ မရှိဆင်းရဲခြင်း စသော မကောင်းကျိုးတွေကို ပေးမယ်၊ ကုသိုလ်ကံက မြင့်တင်ပေးလို့ လူ့ဘဝ နတ်ဘဝရောက်နေရပေမဲ့ အဲဒီအကုသိုလ်ကံက အကျိုးမပေးရသေးယင် မကောင်းကျိုး ပေးဘို့ရာ အသင့်ရှိနေတာပဲ၊ ဘယ်အရပ်မှာမှ တိမ်းရှောင်နေလို့ မရဘူး၊ လောကမှာ ထူဇဝတ်မှုဆိုတာကမှ တိမ်းရှောင်လို့ ရတာလဲ ရှိနိုင်သေးတယ်၊ ရှေ့နေကအပြောကောင်းလို့ ဖြစ်စေ၊ တံစိုးလက်ဆောင်ပေးထားလို့ ဖြစ်စေ၊ အခါအားလျော်စွာ လွှတ်ငြိမ်းခွင့်ပြုလို့ ဖြစ်စေ လွှတ်ငြိမ်းနိုင်သေးတယ်၊ အကုသိုလ်ကံကတော့

http://www.dhammadownload.com

ပြုမိယင် ဘဝပေါင်း ကမ္ဘာပေါင်းများစွာ ကြာပေမယ်လို့ သူ့အလိုလို ပပျောက်မသွားဘူး၊ အကြောင်းညီညွတ်တဲ့ အခါ မကောင်းကျိုးတွေကို ပေးဦးမှာပဲ၊ အလွန်လေးတဲ့ ဝန်ထုပ်ကြီးပါပဲ။

အဲဒီအကုသိုလ် ဝန်ထုပ်ကြီးကို ကြေပျောက်စေနိုင်တဲ့ အလုပ်ကတော့ တခုပဲရှိတယ်၊ ဘုံလဲဆိုယင် ဝိပဿနာ ဘရားအားထုတ်တဲ့ အလုပ်ပါပဲ၊ ဝိပဿနာအလုပ် အားထုတ်လို့ သောတာပတ္တိမဂ်ကို ရောက်သွားယင်တော့ အပါယ်လေးပါး ပစ်ချမည့် အကုသိုလ်ကံတွေ အကုန်ငြိမ်းတယ်၊ အရဟတ္တမဂ်ရောက်ပြီး ရဟန္တာဖြစ်သွားယင်တော့ ဘဝသစ်ဖြစ်စေမည့် ကုသိုလ်ဝန်ထုပ်တွေပါ အကုန်ငြိမ်းတယ်၊ ဒါပေမဲ့ ပရိနိဗ္ဗာန် မဝင်စံမီ အတွင်းမှာတော့ ရှေးကုသိုလ်ကံကောင်းကျိုးတွေ ပေးသလိုပင် အကုသိုလ်ကံဟောင်းကလဲ မကောင်းကျိုး ပေးနိုင်သေးတာပဲ၊ မြတ်စွာဘုရားမှာ ဝိပါက်တော်လိုက်ဟယ်ဆိုတာ အကုသိုလ်ကံဟောင်းက မကောင်းကျိုးပေးတာကို ဆိုတာပဲ၊ ဒါကြောင့် "ဝဋ်အမြဲ ငရဲအပ" လို့ ဆိုခဲ့လေ့ရှိကြတာဘဲ၊ ငရဲစသော အပါယ်ဘဝ မကောင်းကျိုးကို မပေးပေမယ်လို့ ပဝတ္တိ မကောင်းကျိုး ဝိပါကဝဋ်ကတော့ အကြောင်းညီညွတ်ယင် ဖြစ်မြဲဖြစ်နေသေးတယ်လို့ ဆိုလိုပါတယ်၊ ဒါမကြောင့် ကံဆိုတဲ့ အဘိဓမ္မာရဝန်ထုပ်ဟာ အလွန်လေးပါတယ်။

http://www.dhammadownload.com

(၃) ခန္ဓာဝန်ထုပ်ကြီး

အဲဒီ အဘိသခ်ါရ ရှိနေတဲ့အတွက် ဘဝဟောင်းက ဘေး ဘိုင်း သေတိုင်း ဘဝအသစ် ဖြစ်ဖြစ်နေကယ်၊ ဘဝအသစ်ကြက် ရာမှာ ခန္ဓာငါးပါးဆိုတဲ့ ဝန်ထုပ်ကြီးကို ရင်နှုတယ်၊ အဲဒီ ခန္ဓာဝန်ကို ထမ်းဆောင်နေကြရတယ်၊ ရုပ် ခန္ဓာပန်ကို သွား လိုက် ရပ်လိုက် ထိုင်လိုက် ဒိုပ်လိုက်နဲ့ ကုရိယာပုထ်ဇေးပါး ဖြင့် ပြောင်းလဲပြီးတော့လဲ ထမ်းဆောင်နေကြရတယ်၊ ကွေး လိုက် ဆန့်လိုက် လှုပ်ရှားပြုပြင်လိုက်နဲ့ အမူအရာအမျိုးမျိုး ဖြင့်လဲ ထမ်းဆောင်နေကြရတယ်၊ အစာများကျွေးခြင်း ပဂု တိုက်ခေးခြင်း စသည်ဖြင့်လဲ ထမ်းဆောင်နေကြရတယ်၊ မျက်နှာသစ်ခြင်း ဇရချိုးခြင်း အညစ်အကြေး သုတ်သင်ခြင်း စသည်ဖြင့်လဲ ထမ်းဆောင်နေကြရတယ်၊ အဝတ်ဘန်းဆာ အသုံးအဆောင် အမျိုးမျိုးဖြင့် တောက်ပဲပြီးတော့လဲ ထမ်း ဆောင်နေကြရတယ်။ ကောင်းသော ခံစားမှုတွေ ဖြစ်ရ အောင် အာရုံကောင်းတွေကို ရှာကြံပေးသောအားဖြင့် ဓဝဒ နာဝန်ထုပ်ကိုလဲ ထမ်းဆောင်နေကြရတယ်၊ ကြိုက်တဲ့ အာရုံ တွေကို ခံစားရအောင် လေ့ကျင့်သံသရာပြတ် မကင်းတဲ့ အမှုတွေ ပြုပြီးတော့လဲ ထမ်းဆောင်နေကြရတယ်။ ထို့အတူ ပင် သညာကောင်း သခ်ါရနကောင်း ဗိတ်ဝိညာဏ်ခကောင်း တွေ ဖြစ်အောင်လဲ ပင်ပန်းကြီးစွာ လုပ်ကိုင်ပြီး ထမ်းဆောင်း နေကြရတယ်။ မကျန်းမာတဲ့အခါ အိုမင်းတဲ့အခါမျှားမှာမှ

http://www.dhammadownload.com

ခန္ဓာဝန်လေးကြောင်း ပိုပြီး ထင်ရှား သိမြင်တတ်ကြတယ်၊ အဲဒီ ခန္ဓာဝန်ကို ဆောင်ရတာဟာ တခဏ ကလေးလဲ မဟုတ်ဘူး၊ ခဏလောက် ချထားချင်လို့လဲ မဖြစ်ဘူး၊ နားခွင့်လဲ မရဘူး၊ သံသရာ တလျှောက်လုံး ထမ်းဆောင်လာခဲ့ကြရတယ်၊ ကိလေသာ မကင်းသေးယဲင် နောင် ကာလမှာလဲ အကန့်အသတ်မရှိ ထမ်းဆောင်သွားရဦးမယ်၊ အလွန်ဝန်လေးတဲ့ ခန္ဓာဝန်ကြီးပါပဲ။ အကျဉ်းချုပ်အားဖြင့် တော့ ကိလေသာ, ကံနှင့် ခန္ဓာတွေကို ဝန်ထုပ်ကြီး သုံးခုလို့ ဆိုတာပါပဲ၊ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ် ဆိုတဲ့ ဝဋ်သုံးပါးနှင့်လဲ သဘောအားဖြင့် တူပါတယ်၊ ကဲ ကောင်း ကောင်းမှတ်မိအောင် လိုက်ဆိုကြရမယ်။

လောဘ ဒေါသ စသော ကိလေသာ အပေါင်းကို ကိလေသာဝန်ထုပ် ခေါ်သည်။

ကုသိုလ်ကံ အကုသိုလ်ကံကို အဘိသင်္ခါရဝန်ထုပ် ခေါ်သည်။

ရုပ်နာမ်ခန္ဓာငါးပါးကို ခန္ဓာဝန်ထုပ် ခေါ်သည်။

ဝန်ထုပ်တွေ ပယ်ချပြီး ဖြစ်နေပြီ

ရဟန္တာပုဂ္ဂိုလ်မှာ အရဟတ္တမဂ်ဖြင့် ကိလေသာကို ပယ်ပြီးဖြစ်သောကြောင့် ကိလေသာဝန်ထုပ်ကို ချထားပြီး ဖြစ်နေပြီ၊ ကိလေသာ မရှိတော့ ကံဟောင်းတွေကလဲ အကျိုး

http://www.dhammadownload.com

မပေးနိုင်တော့ဘူး၊ ကံသစ်လဲ မဖြစ်ခဲတော့ဘူး၊ ဒါကြောင့် အဘိသခ်ါရဝန်ထုပ်ကိုလဲ ချထားပြီး ဖြစ်နေပြီ၊ ဒီနေရာမှာ ကံဟောင်းက အကျိုးမပေးဘူး ဆိုပေမယ်လို့ ဘဝသစ် အကျိုးကိုသာ မပေးတာ၊ ပရိနိဗ္ဗာန်မစံမီအတွင်းမှာ ပဂတ္တိ အကျိုးကိုတော့ ပေးသေးတာပဲ၊ ဒါကြောင့် ဘင်များစွာက ဆည်းပူးခဲ့သော ကုသိုလ်ကံကြောင့် မြတ်စွာ ဘုရားမှာ လာဘ်လာဘပေါများခြင်း အစရှိသော ကောင်းကျိုးတွေကို အတိုင်းမသိ များစွာ ရနေကြောင်း အဋ္ဌကထာများမှာ ပြဆိုထားပါတယ်၊အကုသိုလ်ကံဟောင်းကြောင့် သုန္ဒရီပရိဗိုဇ် မ၏စွပ်စွဲခံရခြင်း အစရှိသော ဝိပါက်တော် ၁၂-ပါးကိုလည်း တွေ့ကြုံရကြောင်း အပဒါန်ပါဠိ (ပ၊ ၃၄၆) ဥဒါန အဋ္ဌ-ကထာ (၂၃၉) တို့၌ ပြဆိုထားပါတယ်။ အရှင် သီဝလိ မထေရ်မှာ ရှေးကုသိုလ်ကြောင့် လာဘ်ပေါများကြောင်း၊ လေသကတိသ ရဟန္တာ မထေရ်မှာ ရှေး အကုသိုလ်ကံ ကြောင့် ဆွမ်းဝေအောင်ကောင် မဘုဉ်းပေးရကြောင်း စသည် တို့ကိုလဲ အဋ္ဌကထာများမှာပင် ပြဆိုထားပါတယ်၊ ဒါပေမဲ့ ကံဆိုတဲ့ အဘိသခ်ါရဝန်ထုပ်ကို ချထားပြီး ဖြစ်သောကြောင့် ဘဝသစ်ခန္ဓာတော့ မဖြစ်နိုင်တော့ဘူး၊ ဒါကြောင့် ခန္ဓာဝန်ကိုလဲ ချထားပြီးဖြစ်နေပါပြီ၊အဲဒီလို ဝန်ထုပ်ကြီးသုံးခုစလုံးကို ပယ်စွန့်ချထားပြီး ဖြစ်သောကြောင့် “ သြဟိတဘာရသုတ်-ချထားပြီးသော ဝန်ထုပ်ဝန်ပိုး ရှိတယ် – ဝန်ထုပ်ဝန်ပိုးတွေကို

http://www.dhammadownload.com

ချထားပြီးဖြစ်တယ်” လို့ ဒီမှာ ချီးကျူး ထားပါတယ်။ နောက်ပြီးတော့-

အနုပ္ပတ္တာသဒ္ဓတ္ထော-ရောက်အပ်ပြီးသော မိမိ၏ အကျိုး စီးပွါး ရှိပေ၏၊ အရိယာပုဂ္ဂိုလ်များမှာ အလိုရှိအပ်တဲ့အကျိုး အစစ်က အရဟာတ္တဖိုလ်ပဲ၊ အဲဒီ အကျိုးစီးပွါးအစစ် အရဟာတ္တဖိုလ်ကိုလဲ ရောက်ပြီးပါပြီ၊ ရပြီးပါပြီ-တဲ့။ နောက်ပြီးတော့-

ဘဝနေ့ာင်ကြိုးလဲ မရှိတော့ပြီ

ပရိက္ခီဏဘဝသံယောဇနော-ကုန်ပြီးသော ဘဝသံယောဇဉ်-ဘဝနေ့ာင်ကြိုး ရှိ၏၊ ဝါ-ဘဝနေ့ာင်ကြိုးလဲ မရှိတော့ပါဘူးတဲ့။ ယခုလောကမှာ နေ့ာင်ကြိုးမဲ့ကမ္ဘာဆိုတဲ့ ဝေါဟာရကို ကြားရ တွေ့ရတယ်၊ အင်မတန် ယဉ်တဲ့ စကားလုံးကလေးပဲ၊ ဒါပေမဲ့ လောကထဲမှာ နေ့ာင်ကြိုးမဲ့တယ်ဆိုတာကတော့ တကယ်ဟုတ်ခတာင် သိပ်ပြီး အဆင့်အတန်းမမြင့်လှပါဘူး၊ အချင်းချင်း အချုပ်အချယ် ကင်းရုံလောက်ပါပဲ၊ ရဟန္တာမှာ ဘဝနေ့ာင်ကြိုးကင်းတယ်ဆိုတာကတော့ အလွန်မြင့်မြတ်ပါတယ်၊ ဘာသံယောဇဉ် ဘဝနေ့ာင်ကြိုး ရှိနေတဲ့ သတ္တဝါတွေမှာ ဘဝဟော်င်းက သေတိုင်း သေတိုင်း ဘဝသစ်မှာ ဖြစ်ဖြစ်နေကြရတယ်၊ များသောအားဖြင့် ငရဲတိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်ဘာတွေမှာ ဖြစ်ကြရတာက များပါတယ်၊ တရုံတခါ ကုသိုလ်ကံကြောင့်

http://www.dhammadownload.com

သုဂတိဘုံဘဝကို ရောက်နေရပေမဲ့ ဖြစ်လွယ် ပြုလွယ်တဲ့ အကုသိုလ်ကံကြောင့် မကြာခင်ပဲ အပါယ်လေးပါး ပြန် ရောက်နေရပြန်တယ်၊ ဒါကြောင့် ဓမ္မပဒ အဋ္ဌကထာမှာ "ပဓတ္တာသ+မေ့မေ့လျှော့လျှော့နေသောပုထုဇဉ်ပုဂ္ဂိုလ်အား၊ စတ္တာရော အပါယာ-အပါယ်လေးဘုံတို့သည်၊ သကဂေဟ သဒိသာ-ကိုယ်ပိုင်အိမ်နှင့် တူကြသည်" လို့ ပြဆိုထားတယ်၊ လူတွေဟာ ဘယ်မှာ အနေများကြသလဲ၊ ကိုယ့်အိမ်မှာပဲ အနေများကြတယ်၊ တခြားအိမ်မှာတော့ မလွဲသာလို့ သွား နေရယင် ခေတ္တခဏမျှပါပဲ၊ အဲဒါလိုပင် ကုသိုလ်မှုမှာ မေ့ လျော့နေတဲ့ ပုဂ္ဂိုလ်တွေဟာ အပါယ်လေးဘုံမှာ အမြဲလိုလိုပင် ဖြစ်နေကြရတယ်၊ သုဂတိဘုံကိုတော့ တရံတခါ ခေတ္တခဏ လောက်သာ ရောက်ကြရပါသတဲ့၊ မိန်းမအဖြစ် ယောကျ်ားအဖြစ်ကို ကြိုက်တဲ့သံယောဇဉ် နှောင်ကြိုးရှိနေကြတဲ့ သတ္တဝါတွေဟာ တရံတခါ ငြဟ္မာဘုံရောက်နေရပေမဲ့ အဲဒီဘုံက အသက်တမ်းကုန်တဲ့အခါ ကာမဘဝကို ပြန်ရောက်လာကြရတယ်၊ အဲဒါ ကာမနှောင်ကြိုးက ဆွဲခြလိုက်တာဘဲ။

ဥပမာအားဖြင့် ကြိုးတိုတိုနဲ့ ချည်ထားတဲ့နွားဟာ ချည် တိုင်အနီး ပတ်ဝန်းကျင် နယ်ကျဉ်းကျဉ်းလောက်သာ သွား နိုင်တယ်၊ အဝေးကို မသွားနိုင်ဘူး၊ အဲဒါလိုပဲ ကာမနှောင် ကြိုးရှိနေတဲ့ပုဂ္ဂိုလ်ဟာ ကာမဘုံထဲမှာသာ ဖြစ်နေရတယ်၊ ကြိုးရှည်ရှည်နဲ့ ချည်ထားတဲ့နွားဟာလဲ သူ့ကြိုးရှည်သ လောက်သာ သွားနိုင်တယ်၊ အဲဒီက အပြင်ကိုတော့ ထွက်

http://www.dhammadownload.com

မသွားနိုင်ဘူး၊ ဒါလိုပဲ ရူပ အရူပဘဝ နှောင်းကြိုးရှိနေတဲ့ ပုဂ္ဂိုလ်တွေလဲ ရူပဘဝ အရူပဘဝလောက် အထိသာ သွားနိုင်ကြတယ်၊ ဘဝမှ လွတ်မြောက်ရာ နိဗ္ဗာန်ကိုတော့ မသွားနိုင်ကြဘူး၊ ဘဝထဲမှာ ဖြစ်နေကြယဲ့ ထိုက်သည်အားလျော်စွာ အိုကြရမယ် နာကြရမယ် သေကြရမယ် စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်း အစရှိသော ဆင်းရဲအမျိုးမျိုးတွေကို အလိုမရှိပဲ ခံစားနေကြရမယ်၊ ရဟန္တာ အရှင်မြတ်များမှာတော့ အဲဒီဘဝနှောင်ကြိုးကို အရဟတ္တမဂ်ဖြင့် ပယ်ပြီး ဖြစ်နေတယ်၊ ဘဝနှောင်ကြိုးမရှိတော့ ဘဝဆင်းရဲတွေမှ လွတ်မြောက်ပြီး နိဗ္ဗာန်ရောက်ရမယ်၊ ဒါကြောင့် ဘဝနှောင်ကြိုးမရှိတော့ဘူးဆိုတာဟာ အင်မတန် မြင့်မြတ်လှပါတယ်၊ အဲဒီလို ဘဝနှောင်ကြိုးကင်းတယ်ဆိုတာကလဲ အမှန်အတိုင်း သိပြီး လွတ်မြောက်ပါမှ ပြီးစီးတယ်။ ဒါကြောင့်-

မှန်စွာသိ၍ လွတ်မြောက်နေပြီ

(၂) သမ္မဒညာဝိမုဒ္ဓတ္တာ-မှန်စွာသိ၍ လွတ်မြောက်ပါပြီ-တဲ့။ သခ်ါရုဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်ကို အမှန်အတိုင်း အပြည့်အစုံသိပြီးမှ လွတ်မြောက်တယ်၊ သောတာပန်လဲ နိဗ္ဗာန်ကိုသိပြီး သောတာ ပတ္တိဖိုလ်ဖြင့် လွတ်မြောက်တယ်၊ အဲဒါကတော့ အပါယ်လေးပါးဆိုင်ရာ ကိလေသာကံတွေနဲ့ ခုနစ်ဘဝထက် ပိုလွန်ပြီး ဖြစ်စေနိုင်တဲ့ ကိလေသာကံတွေမှသာ လွတ်မြောက်တယ်၊ ခုနစ်ဘဝအထိ သုဂတိ၌ ဖြစ်စေနိုင်တဲ့ ကိလေသာနဲ့

http://www.dhammadownload.com

ကံတွေ့မှတော့ မလွတ်မြောက်သေးဘူး၊ သကဒါဂါမ်မှာလဲ ၂-ဘဝအထိ ဖြစ်စေနိုင်တဲ့ ကိလေသာ ကံတွေ့မှ မလွတ်မြောက်သေးဘူး၊ အနာဂါမ်မှာလဲ ကာမဘဝဆိုင်ရာ ကိလေသာနဲ့ ကံတွေ့မှ လွတ်မြောက်ပေမဲ့ ရူပဘဝ အရူပဘဝမှာ ဖြစ်စေနိုင်တဲ့ ကိလေသာနဲ့ ကံတွေ့မှတော့ မလွတ်မြောက်သေးဘူး၊ ရဟန္တာမှာတော့ ဘဝသစ် ဖြစ်စေနိုင်တဲ့ ကိလေသာတွေ့ ကံတွေ့ အားလုံးမှ လွတ်မြောက်တယ်၊ ဒါကြောင့် သမ္မဒညာဝိမုတ္တော-မှန်စွာသိ၍ အပြည့်အစုံ လွတ်မြောက်ပါပြီ-လို့လဲ ရဟန္တာ၏ ဂုဏ်ပုဒ်တွေကို ချီးကျူးပြဆိုပါတယ်။

ဣန္ဒြေငါးပါးရှိနေလို့ သုခ ဒုက္ခ ခံစားရတယ်

တဿ-အာသဝေါ ကိလေသာခပ်သိမ်း ကုန်ငြိမ်းပေပြီ စသည်ဖြင့် ချီးကျူးအပ်သော ထို ရဟန္တာပုဂ္ဂိုလ်မှာ၊ ပဥ္စိန္ဒြိယာနိ-မျက်စိ နား နှာခေါင်း လျှာ ကိုယ်အကြည်ဟု ဆို အပ်သော ဣန္ဒြေငါးပါးတို့သည်၊ တိဋ္ဌန္တေဝ-တည်လျက်ရှိကုန်သေးသည်သာတည်း။ အဲဒီ ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်မှာ မျက်စိကလဲ သူမျှားလိုပဲ ကြည်လျက်ရှိနေတယ်၊ နား နှာခေါင်း လျှာ ဆိုတာတွေကလဲ ကြည်လျက် ကောင်းလျက်ရှိနေတယ်၊ ကိုယ်အကြည် ဆိုတာကလဲ သူမျှားလိုပဲ ကောင်းလျက်ရှိနေတယ်၊ ရဟန္တာမှာ ကိလေသာ မဖြစ်နိုင်တာ ကင်းတာလောက်ပဲ ထူးတယ်၊ မျက်စိအကြည် အစရှိတဲ့ ရုပ်တွေ

http://www.dhammadownload.com

ကတော့ ပုထုဇဉ်အဖြစ်-အနာဂါမ် အဖြစ်ကလိုပဲ ရှိမြဲရှိနေပါတယ်တဲ့။

ယေသံ-မျက်စိအကြည် စသော ယင်း ဣန္ဒြေ ငါးပါးတို့၏၊ အဝိဃာတတ္တာ-မပျက်စီးခြင်းကြောင့် မနာပါမနာပံ-အကောင်းအဆိုး အာရုံကို၊ ပစ္စနုဘောတိ-မြင်ခြင်း၊ ကြားခြင်း စသည်ဖြင့် သုံးဆောင်ရ သိရ၏။ ရဟန္တာမှာ မျက်စိကလဲ ရှိမြဲရှိနေတဲ့အတွက် အကောင်းဒုစရိုက် မြင်စရာ အဆင်းကိုလဲ သူများလိုပင် မြင်တယ်၊ နားရှိနေတဲ့အတွက် ဒုသံ အမျိုးမျိုးကို ကြားတယ်၊ နှာခေါင်းရှိနေတဲ့အတွက် အနံ့အမျိုးမျိုးကို နံသိတယ်၊ လျှာရှိနေတဲ့အတွက် ဆုံမ်း ခဲဘွယ်များကို သုံးဆောင်ပြီး အရသာ အကောင်းအဆိုးကို သိတယ်၊ ကိုယ်အကြည် ရုပ်ကလဲ ရှိမြဲ ရှိနေတဲ့အတွက် တွေ့ထိစရာ အကောင်းအဆိုးတွေကို တွေ့ထိပြီး သိတယ်၊ အာရုံငါးပါး အကောင်းအဆိုးတွေကို ရဟန္တာကလဲ သူများလိုပင် သိတာပါပဲတဲ့၊ နောက်ပြီးတော့-

သုခ ဒုက္ခံ-ချမ်းသာ ဆင်းရဲကို၊ ပဋိသံဝေဒေတိ-ခံစားတ်၏။ ရဟန္တာမှာ ဝေဒနာကလဲ ရှိနေတဲ့အတွက် အဲဒီ အာရုံငါးပါးကို သိပြီး ချမ်းသာဆင်းရဲကိုလဲ ခံစားရပါတယ်တဲ့၊ ဒါပေမဲ့ ဒေါသကိလေသာ မရှိတဲ့အတွက် စိတ်ဆင်းရဲကိုတော့ မခံစားရဘူး၊ ကိုယ်ဆင်းရဲကတော့ ရဟန္တာမှာလဲ ရှိတာပဲ၊ အပူနဲ့ အအေးနဲ့ တွေ့ထိရတဲ့အခါ နေမကောင်း

http://www.dhammadownload.com

ထိုင်မသာဖြစ်တဲ့အခါ အင်တွေ့ဆိုးအားရုံ တမျိုးမျိုးနဲ့ တွေ့ထိရတဲ့အခါ စသည်မှာ ကိုယ်ဆင်းရဲ ဒုက္ခဝေဒနာကတော့ ဖြစ်တာပဲ၊ ဒါပေမဲ့ နှလုံးမသာမှု စိတ်ဆင်းရဲကတော့ မဖြစ်ဘူး၊ ဘယ်လိုကောင်းတဲ့ အာရုံကို မြင်ရ ကြားရ နံရ စားသိရ ထိသိရပေမဲ့ နှစ်သက်သာယာမှုကတော့ မဖြစ်တော့ဘူး။ အဲဒီ အာရုံတွေနှင့် စပ်ပြီး လောဘလဲ မဖြစ်ဘူး၊ ဒေါသလဲ မဖြစ်ဘူး၊ မောဟလဲ မဖြစ်ဘူး၊ ဒါကြောင့်-

ရာဂ စသည် မဖြစ်ခြင်း-ငြိမ်းခြင်းဟာ
သဉ္ဇပါဒိသေသ နိဗ္ဗာန်ပဲ

တဿ-ထိုရဟန္တာ ပုဂ္ဂိုလ်၏ သန္တာန်၌၊ ယော ရာဂကွ ယော-အကြင် နှစ်သက်တပ်စဲမှု ရာဂ၏ ကုန်ခြင်း မဖြစ်ခြင်း ငြိမ်းခြင်းသည်၊ ယော ဒေါသကွ ယော-အကြင် ဒေါသ၏ ကုန်ခြင်း မဖြစ်ခြင်း ငြိမ်းခြင်းသည်၊ ယော မောဟကွ ယော-အကြင် မောဟ၏ ကုန်ခြင်း မဖြစ်ခြင်း ငြိမ်းခြင်းသည်၊ အတ္ထိ-ရှိ၏၊ အယံ-ရဟန္တာ၏ သန္တာန်၌ မြင်သိမှုစသည် ရုပါဒုက် ဤရာဂ ဒေါသ မောဟ၏ ကုန်ခြင်း မဖြစ်ခြင်း ငြိမ်းခြင်းကို၊ သဉ္ဇပါဒိ သေသာ နိဗ္ဗာနမဝတု-သဉ္ဇပါဒိသေသ နိဗ္ဗာန်ဝတ်ဟူ၍၊ ဝါ-ခန္ဓာအကြင်းရှိသော အငြိမ်းဝတ် နိဗ္ဗာန်ဟူ၍၊ ဝုစ္စတိ-ခေါ်ဆိုအပ်၏-တဲ့။

အတိုချုပ် ဆိုလိုကာကတော့ - ရဟန္တာမှာလဲ မျက်စိစသော ဤခန္ဓာငါးပါးက ရှိနေတဲ့အတွက် ပုထုဇဉ်သကွ-

http://www.dhammadownload.com

အခြားသူများလိုပင် အကောင်းအဆိုး အာရုံတွေကို မြင်ကြားတွေ့သိနေတာပါပဲ၊ အကောင်းအဆိုး ခံစားမှုဝေဒနာလဲ ဖြစ်တာပါပဲ၊ ဒါပေမဲ့ အရဟာတ္တမဂ်၏ အစွမ်းကြောင့် ရာဂ ဒေါသ မောဟ အစရှိသော ကိလေသာတွေကတော့ လုံးဝ မဖြစ်နိုင်တော့ဘူး ကုန်ငြိမ်းနေတယ်၊ အဲဒီရာဂ စသော ကိလေသာ မဖြစ်နိုင်တော့ပဲ ငြိမ်းတာကို နိဗ္ဗာန်လို့ ခေါ်တယ်၊ အဲဒီ နိဗ္ဗာန်ဟာ ပရိနိဗ္ဗာန် မစံရသေးမီမှာ ပဋိသန္ဓေမှ ရလာခဲ့တဲ့ ရုပ်နာမ် အစဉ် ခန္ဓာအကြွင်းက ရှိနေတဲ့အတွက် သဥပါဒိသေသ နိဗ္ဗာန်-ခန္ဓာအကြွင်း ရှိနေတဲ့ နိဗ္ဗာန်မည်တယ်လို့ ဆိုလိုပါတယ်။ အကျိုးခန္ဓာ အကြွင်းရှိလျက် ကိလေသာ ငြိမ်းတာက သဥပါဒိသေသ နိဗ္ဗာန်-တဲ့။ အဲဒါကို ဆိုကြရမယ်။

အကျိုးခန္ဓာ အကြွင်းရှိလျက် ကိလေသာငြိမ်းတာက သဥပါဒိသေသနိဗ္ဗာန်။

အရဟတ္တ မဂ်ဖိုလ်ရောက်ပြီးတဲ့ အခါမှစ၍ ပရိနိဗ္ဗာန် မပြုရသေးမီမှာ ဒီသဥပါဒိသေသနိဗ္ဗာန်ကို ရောက်နေတယ်၊ တဲ့မလေသာငြိမ်းတဲ့အတွက် ကိလေသာဆင်းရဲ မရှိတော့ဘူး၊ ချမ်းသာနေပါတယ်၊ ဒါပေမဲ့ ခန္ဓာအကြွင်းက ရှိနေသေးတဲ့ အတွက် ရဟန္တာမှာ ခန္ဓာဝန်ကိုတော့ ပရိနိဗ္ဗာန် မပြုရသေးမှာ ဆောင်နေရသေးတာပဲ၊ ဗြဟ္မာ့ပြည်က ရဟန္တာများမှာ ယင် ကပ္ပါပေါင်း တထောင် နှစ်ထောင် စသည် အကြာ

http://www.dhammadownload.com

ကြီး ဆောင်နေရတယ်၊ ဒါပေမဲ့ ဗြဟ္မာ့ပြည်မှာ ကိုယ်ဆင်းရဲကလဲ မရှိ အနိဋ္ဌာရုံ တွေလဲ မရှိလို့ တော်ပါသေးရဲ့။ လူ့ပြည်က ရဟန္တာများမှာတော့ ကိုယ်ဆင်းရဲလဲ မကင်းဘူး၊ အနိဋ္ဌာရုံ တွေလဲ တွေ့နေရတယ်၊ နေ့စဉ် ဆွမ်းကိစ္စအတွက် ကြောင့်ကြ စိုက်နေရတယ်၊ ကိုယ်လက် သုတ်သင်ရတယ်၊ မျက်နှာသစ်ရ ရေချိုးရတယ်၊ ဒီပုံဒီနည်းဖြင့် နှစ်သက်သာယာမှု မရှိပါပဲ ခန္ဓာဝန်ကို ဆောင်နေကြရတယ်။ ဘုရားလက်ထက်တော် ကာလက အရှင်ဗာကုလ မထေရ်ဆိုတာ ကျန်းမာရေးဘက်မှာ ဧတဒဂ်ရတယ်၊ အနှစ် (၈၀) ပတ်လုံး ခန္ဓာဝန်ကို ဆောင်သွားတော် မူရတယ်၊ လူ့ဘဝက အသက် (၈၀) ရဟန္တာ အဖြစ်နဲ့ အသက် (၈၀) ပေါင်းသက်တော် (၁၆၀) မှာ ပရိနိဗ္ဗာန် ပြုတော်မူရတယ်၊ အဲဒီအခါကျမှ ခန္ဓာဆင်းရဲပါ အကုန်ငြိမ်းသွားတယ်၊ ဒါပေမဲ့ ရဟန္တာမှာ ဒေါသကိလေသာ မရှိတဲ့အတွက် ခန္ဓာဝန်ဆောင်နေရပေမဲ့ စိတ်ဆင်းရဲကတော့ မရှိပါဘူး၊ မြန်မြန် ပရိနိဗ္ဗာန် ပြုရပါစေလို့ ဒီလို တောင့်တခြင်းလဲ မရှိပါဘူး၊ အဲဒီလို အကြောင်းအရာတွေကို လွန်ခဲ့တဲ့ သီတင်းနေ့က "နာဘိနန္ဒာမိ မရဏံ – သေခြင်းကိုလဲ အလိုမရှိပါ၊ နာဘိနန္ဒာမိ ဇီဝိဟံ – အသက်ရှည် နေရခြင်းကိုလဲ အလိုမရှိပါ" စသည်ဖြင့် ရဟန္တာအရှင်မြတ်တို့၏ မိန့်ဆိုတော် မူပုံများနှင့် တကွ အကျယ်ဟောခဲ့ပါပြီ။ သို့သော်လဲ ပရိနိဗ္ဗာန် ဝင်စံရတဲ့အခါကျမှ ရုပ်နာမ် ခန္ဓာ သင်္ခါရ ဆင်းရဲများပါ အကုန်ငြိမ်းတဲ့

http://www.dhammadownload.com

အတွက် အဲဒီပရိနိဗ္ဗာန် ပြုရမည့် ကာလကိုတော့ မြွေလင့်တော်မူတဲ့ အကြောင်းကိုလဲ မိန့်တော်မူကြပါတယ်။ အဲဒီလို ရုပ်နဲ့ဝမ်ခန္ဓာ ဆင်းရဲပါ ငြိမ်းတာက အနုပါဒိသေသ နိဗ္ဗာန်ပဲ၊ အဲဒါကို ဒီလို ဟောတော်မူပါတယ်။

အနုပါဒိသေသနိဗ္ဗာန်

ကတမာ စ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု။ ဣဓ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရက္ခီဏဘဝသံယောဇနော သမ္မဒညာ ဝိမုတ္တော၊ တဿ ဣဓေဝ ဘိက္ခဝေ သဗ္ဗဝေဒယိတာနိ အနဘိ နန္ဒိတာနိ သီတီ ဘဝိဿန္တိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု။ (ဣတိဝုတ် ၂၂)

ဘိက္ခဝေ-ရဟန်းတို့၊ အနုပါဒိသေသာ နိဗ္ဗာနဓာတု-ခန္ဓာအကြွင်းမရှိသော အငြိမ်းဓာတ် နိဗ္ဗာန်သည်၊ ကတမာ စ-အဘယ်ပါနည်း၊ ဘိက္ခဝေ-ရဟန်းတို့၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-ရဟန်းသည်၊ အရဟံ-အရှိအသေ, အပူဇော်ခံထိုက်သော ရဟန္တာသည်၊ ဟောတိ-ဖြစ်၏၊ ခီဏာသဝေါ-အာသဝေါ ကိလေသာခပ်သိမ်း ကုန်ငြိမ်းလေပြီ၊ ဝုသိတဝါ-အကျင့်မြတ်ကို အပြည့်အစုံ ကျင့်သုံးပြီးလဲ ဖြစ်ပေ၏၊

http://www.dhammadownload.com

ကတကရဏီယော-ပြုကျင့်သင့်သမျှကို ပြုကျင့်ပြီးဖြစ်ပေ၏၊ ဩဟိတဘာရော-လေးလံသော ဝန်ထုပ်ဝန်ပိုးများကိုလဲ ချထားပြီး ဖြစ်ပေ၏၊ အနုပ္ပတ္တသဒတ္ထော-အရဟတ္တဖိုလ်ဟူသော မိမိ၏ အကျိုးအစစ်ကိုလဲ ရောက်ပြီး ရပြီး ဖြစ်ပေ၏၊ ပရိက္ခီဏ ဘဝသံယောဇနော-ကုန်ပြီးသော ဘဝနှောင်ကြိုး ရှိ၏၊ ဝါ-ဘဝနှောင်ကြိုးလည်း ကုန်ဆုံးကင်းကွာလေပြီ၊ သမ္မဒညာ ဝိမုတ္တော- မှန်စွာသိ၍ အပြည့်အစုံ လွတ်မြောက် ပေပြီ။ (ဒီထိုအောင် ပြဆိုချက် ကတော့ ရှေးကပြခဲ့တဲ့ ပါဠိုအနက် အဓိပ္ပါယ်နဲ့ အတူတူပါပဲ၊ အတိုချုပ်အားဖြင့်တော့ အာသဝေါ ကိလေသာ ကုန်ခမ်း၍ ရဟန္တာ ဖြစ်နေပါပြီလို့ ဆိုလိုပါတယ်၊ ထူးတာကတော့) တဿ-ထိုရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌၊ သဗ္ဗဝေဒယိတာနံ-အလုံးစုံသော ခံစားမှု ဝေဒနာတို့သည်၊ အနဘိနန္ဒိတာနံ- မနှစ်သက်အပ် လက်မခံအပ် ကုန်သည်ဖြစ်၍၊ ဝါ-နှစ်သက် သာယာလျက် သိမ်းပိုက်စဲလမ်းမှု ကင်းသောကြောင့်၊ ဣဒဝေါ-ဤမျှက်မှောက် လက်ရှိ ဘဝ၌ပင်လျှင်၊ သီတီ ဘဝိဿန္တိ- အေးငြိမ်း သွားကြပေကုန်လတ္တံ့။

ထိုရဟန္တာ သန္တာန်က- ခံစားမှု ဝေဒနာအားလုံးဟာ မျက်မှောက် ဘဝမှာပဲ အေးငြိမ်း သွားကြလိမ့်မယ် တဲ့၊ ဒါက ပါဠိုအသုံးအနှုံး အထူးပဲ၊ မြန်မာအသုံးနဲ့ မတူဘူး၊ ဆိုလိုတာကတော့ ဝေဒနာတွေဟာ ပရိနိဗ္ဗာန်စုတိမှ နောက်ဆက်ပြီး မဖြစ်တော့ပဲ မျက်မှောက် ဘဝတွင်ပဲ ချုပ်ငြိမ်း

http://www.dhammadownload.com

ပြတ်စဲသွားကြလိမ့်မယ်လို့ ဆိုလိုတာပါပဲ၊ မီးကုန် ဆီးခမ်း တဲ့အခါ မီးတောက်ကလေးဟာ ထိုနေရာတွင်ပဲ ငြိမ်းပျောက် သွားသလိုပင် အေးငြိမ်း သွားကြလိမ့်မယ်လို့ တင်စားပြီး ပြောဆိုတာပါပဲ၊ ဘာကြောင့် ဒီလို အေးငြိမ်းရသလဲဆိုတော့-အနဘိနန္ဒိတာနိ- အဲဒီဝေဒနာတွေကို နှစ်သက်သာယာပြီး လက်ခံမထားလို့ပါပဲ-တဲ့။ ပုထုဇဉ် ပုဂ္ဂိုလ် သေက္ခပုဂ္ဂိုလ် တွေမှာတော့ မိမိတို့သန္တာန်မှာ ဖြစ်နေတဲ့ ဝေဒနာတွေကို နှစ်သက်သာယာ နေကြတယ်၊ လက်ခံထားကြတယ်၊ အဲဒီ ဝေဒနာတွေ ဆက်လက်ပြီး ဖြစ်နေစေလိုကြတယ်၊ စဲလမ်း နေကြတယ်၊ ဒါကြောင့် ကိလေသာ မကင်းသေးတဲ့ အဲဒီ ပုဂ္ဂိုလ်တွေမှာ နောက်ဆုံး စုတိစိတ်ဖြင့် လက်ရှိဘဝမှ သေဆုံး သွားပေမဲ့ ပဋိသန္ဓေ ဝေဒနာမှ စ၍ ဝေဒနာတွေ မပြတ် ဆက်ပြီး ဖြစ်သွားပြန်တာပဲ၊ ရဟန္တာ ပုဂ္ဂိုလ်မှာတော့ ခံစားမှု ဝေဒနာတွေကို နှစ်သက် သာယာခြင်း မရှိဘူး၊ အဲဒီဝေဒ-နာတွေကို လက်ခံစဲလမ်းခြင်း မရှိဘူး၊ ဒါကြောင့် ပရိနိဗ္ဗာန် စုတိဖြင့် လက်ရှိဝေဒနာ ချုပ်ဆုံးသွားတဲ့အခါမှာ ဘဝသစ် ဝေဒနာတွေ ဆက်ပြီး မဖြစ်တော့ဘူး၊ အပြီးတိုင် ချုပ်ငြိမ်း သွားတယ်၊ ဒါကြောင့် တဿ-ထိုရဟန္တာ ပုဂ္ဂိုလ်၏သန္တာန်၌၊ သဗ္ဗဝေဒယိတာနိ-ခံစားမှု ဝေဒနာ အားလုံးတို့သည်၊ အနဘိ-နန္ဒိတာနိ-မနှစ်သက် လက်မခံအပ်ကုန်သည် ဖြစ်၍၊ ဣဓေဝ-ဤမျက်မှောက် လက်ရှိဘဝ၌ပင်လျှင်၊ သီတီ ဘဝိဿန္တိ-အေးငြိမ်းသွားကြပေလတ္တံ့-လို့ ဟောဟော်မူပါတယ်။

http://www.dhammadownload.com

အဲဒီစကားထဲမှာ ဝေဒနာတွေ အားလုံးအေးငြိမ်းကြမယ် ဆိုတာက ဝေဒနာကို ခေါင်းတပ်ပြီး ဟောတဲ့စကားတော် ပါပဲ၊ အပြည့်အစုံအားဖြင့် ဆိုယင်တော့ ဝေဒနာဖြစ်ယင် ဝေဒနာနှင့် ယှဉ်ဘက်ဖြစ်ကြတဲ့ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ အခြား နာမ်ခန္ဓာတွေလဲ မဖြစ်နိုင်တော့ဘူး၊ နာမ်ခန္ဓာ တို့၏ တည်ရာ ရုပ်ခန္ဓာ ရုပ်တရားတွေလဲ မဖြစ်တော့ဘူး၊ ဒါကြောင့် ခန္ဓာငါးပါးလုံး အသစ်မဖြစ်လာတော့ပဲ ပြတ်စဲချုပ်ငြိမ်း သွားတယ်လို့ပဲ အပြည့်အစုံအားဖြင့် ဆိုလိုပါတယ်၊ အဲဒီလို ပရိနိဗ္ဗာန်စုတိမှ နောက်၌ ရုပ် နဲ့ာမ် ခန္ဓာ အသစ် မဖြစ် လာတော့ပဲ ချုပ်ငြိမ်းသွားတာဟာ အနုပါဒိဿသ နိဗ္ဗာန်ပဲ ဒါကြောင့်-

ဘိက္ခဝေ-ရဟန်းတို့၊ အယံ-နှစ်သက်လက်ခံခြင်း မရှိသဖြင့် ဝေဒနာအားလုံးတို့ ယခုမျက်မှောက် ဘဝ၌ပင် အေးငြိမ်း ခြင်း ဟူသော ဤသဘောကို၊ အနုပါဒိဿသာ နိဗ္ဗာနမ်ဝါတု- အနုပါဒိဿသ နိဗ္ဗာန်ဓာတ်ဟူ၍၊ ဝါ-ခန္ဓာအကြွင်းမရှိသော အငြိမ်းဓာတ်ဟူ၍၊ ဝုစ္စတိ-ခေါ်ဆို အပ်ပေသည်-လို့ နိဂုံး ချုပ်ပြီး ဟောတော်မူပါတယ်။

ရဟန္တာ ပုဂ္ဂိုလ်၏ သန္တာန်မှာ ရှေးကံကြောင့် ပဋိသန္ဓေမှ စပြီး ဖြစ်လာခဲ့တဲ့ ဝိပါက်ရုပ်နာမ် ခန္ဓာတွေဟာ ပရိနိဗ္ဗာန် စုတိစိတ်အထိ မပြတ်ဖြစ်လာခဲ့တယ်၊ အဲဒီဝိပါက် ခန္ဓာအ ကြွင်းတွေ မပြတ်စဲပဲ၊ ရှိနေသေးတဲ့အတွက် ကိလေသာ ငြိမ်း

http://www.dhammadownload.com

တာကို သဥပါဒိသေသ နိဗ္ဗာန်လို့ ဆိုတယ်၊ ပရိနိဗ္ဗာန်စုတိမှ နောက်၌ ဝိပါက် ခန္ဓာအသစ်လဲ မဖြစ်ပေါ်လာတော့ဘူး၊ ကိလေသာရော ဝိပါက်ခန္ဓာရော အကုန် ငြိမ်းသွားတယ်၊ အဲဒီလို ငြိမ်းတာဟာလဲ အရဟတ္တမဂ် ခဏကပဲ ပြီးစီးခဲ့ပါတယ်၊ ဒါပေမဲ့ ပရိနိဗ္ဗာန် စုတိ၏ နောက်ကာလကျမှ လက်ရှိခန္ဓာ အကြွင်းပါကင်း ငြိမ်းပြီး ထင်ရှားလို့ ပရိနိဗ္ဗာန် စုတိမှ နောက်ကာလ၌ ငြိမ်းတာကို အနုပါဒိသေသ နိဗ္ဗာန်လို့ ဟောတော်မူတယ်။ ဒါကြောင့် "အကျိုးခန္ဓာ အကြွင်းပါ ငြိမ်းတာကို အနုပါဒိသေသ နိဗ္ဗာန်"လို့ မှတ်ကြရမယ်။ အဲဒါကို ဆိုကြရမယ်။

အကျိုးခန္ဓာ အကြွင်းပါ ငြိမ်းတာကအနုပါဒိသေသ နိဗ္ဗာန်။

သဥပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန် အကြောင်းများကို နားလည်လောက်ပါပြီ။ ဒါပေမဲ့ အဲဒီ ဣတိဝုတ်ပါဠိတော်မှာ ဂါထာများနဲ့လဲ ဟောထားသေးတယ်၊ အဲဒီ ဂါထာများထဲမှာ အထူးမှတ်စရာလဲ ပါတယ်၊ ကြည့်ညို ဘွယ်လဲ ကောင်းတယ်၊ ဒါကြောင့် အဲဒီဂါထာများကိုလဲ ရွတ်ပြပြီး ဟောဦးမယ်။

အထူးမှတ်ဖွယ်ကောင်းသည့် ဂါထာ ၂-ပုဒ်

ဒုဝေ ဇာမာ စက္ခုမတာ ပကာသိတာ၊
နိဗ္ဗာနမဲာတူ အနိဿိတေန တာဒိနာ။

http://www.dhammadownload.com

ကော ဟိ ဓာတု ဣဓ ဒိဋ္ဌဓမ္မိကာ၊
သဉ္ဉပါဒိသေသာ ဘဝနေတ္တိသင်္ခယာ။
အနုပါဒိသေသာ ပန သမ္ပရာယိကာ၊
ယမိ နိရုဇ္ဈန္တိ ဘဝါနိ သာဗကာသာ။
ဇယ တေဒညာယ ပဒံ အသင်္ခံတံ၊
ဝိမုတ္တစိတ္တာ ဘဝ နေတ္တိသင်္ခယာ။
တေ ဓမ္မသာရာ ဓိဂမာ ခယေ ရတာ၊
ပဟံသု တေ သဗ္ဗဘဝါနိ တာဒိနော။

အနိသိတေန- တဏှာဒိဋ္ဌိ အမှိကင်းတော်မူသည် ဖြစ်၍၊ တာဒိနာ-အကောင်းအဆိုး အာရုံ နှစ်ခုကို အတူပြု၍ ရှုနိုင်သည့် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော၊ စက္ခုမတာ-ဉာဏ်အမြင် မျက်စိရှိတော်မူသော မြတ်စွာဘုရားသည်၊ ဒုဇဝ-နှစ်ပါးကုန်ခသော၊ ဣမာ နိဗ္ဗာန ဓာတူ- ဤ အငြိမ်းခတ် နိဗ္ဗာန်တို့ကို၊ ပကာသိတာ-အထင်အရှား ဟောကြားတော်မူအပ်ကုန်၏၊ တာသု-ထိုနှစ်ပါးတို့တွင်၊ သဉ်ပါဒိသေသ-ခန္ဓာအကြွင်းရှိသော၊ ကော ဓာတု-တခုသော နိဗ္ဗာန် ဓာတ်သည်၊ ဣဓ ဒိဋ္ဌဓမ္မိကာ - ဤမျက်မှောက်ဘဝ၌ ပြီးစီး ထင်ရှား၏၊ ဘဝနေတ္တိ ယခ်ယာ - ဘဝနှောင်ကြိုး၏ ကုန်ခြင်း ကင်းပြတ်ခြင်း သဘောပေတည်း။ (အရဟတ္တမဂ်ဓာတု စ၍ ပြီးစီးခဲ့သော သဉ်ပါဒိသေသ နိဗ္ဗာန်ဟာ ပရိနိဗ္ဗာန် မပြုရသေးမီ မျက်မှောက် ဘဝ၌ပင် ထင်ရှားသည်၊ ယင်းသည် ကိလေ

http://www.dhammadownload.com

သာ အားလုံး၏ ငြိမ်းခြင်းသဘော ဖြစ်၍ ဘဝသံယောဇဉ် ခေါ် ဘဝနှောင်ကြိုး၏ ကုန်ခြင်း ပြတ်ခြင်း ကင်းငြိမ်းခြင်း သဘောလဲ ဖြစ်သည်ဟု ဆိုလိုပါတယ်)။

အနုပါဒိသေသာ ပန - အနုပါဒိသေသ နိဗ္ဗာန်သည်ကား၊ သမ္မာယိကာ-ပရိနိဗ္ဗာန်စုတိမှ နောက်ကာလ၌ ပြီးစီးထင်ရှားပေ၏။ (သမ္မာယိကာ-ဆိုတဲ့ ပုဒ်ကို အခြားနေရာများမှာတော့ "နောင်တမလွန် ဘဝ၌ ပြီးသည် - ဖြစ်သည်" လို့ အနက်ပြန်ရတယ်၊ ဒီနေရာ မှာတော့ ရဟန္တာမှာ နောင်ဘဝ မရှိတဲ့အတွက် အဲဒီအနက်မျိုး ပြန်လို့ မလျော်ဘူး၊ ဒါကြောင့် ပရိနိဗ္ဗာန် စုတိမှ နောက်ကာလ၌ ပြီးစီးထင်ရှားပေ၏-လို့ ပြန်ပါတယ်၊ ဝိပါက်ခန္ဓာ အကြွင်းပါ မရှိတော့ပဲ အကုန်လုံး ငြိမ်းတဲ့ အနုပါဒိသေသ နိဗ္ဗာန်ဟာ ပရိနိဗ္ဗာန် စုတိစိတ် ချုပ်သည့် နောက်ကာလကျမှ ပြီးစီးထင်ရှားပါတယ်-တဲ့ ။) ယမို့-ယင်း အနုပါဒိသေသ နိဗ္ဗာန်ဓာတ်၌၊ ဘဝါနိ - ဘဝဟူသမျှတို့သည်၊ သဗ္ဗေသာ- အချင်းခပ်သိမ်း၊ နိရုဇ္ဈန္တိ-ချုပ်ငြိမ်းကုန်၏။

ဒီပါဠိမှာ ချုပ်ငြိမ်းခြင်း သဘောမျှ ဖြစ်တဲ့ အနုပါဒိသေသ နိဗ္ဗာန်ကိုပင် "ယမို့-ယင်းနိဗ္ဗာန် ဓာတ်၌ ချုပ်ငြိမ်းကြတယ်" လို့ ချုပ်ငြိမ်းရာ ဌာနအဖြစ်နဲ့ ဆိုထားတာကို ပါဠိပညာရှင်တို့ အထူးသတိပြုကြရမယ်၊ ဘဝတို့၏ ငြိမ်းခြင်းနှင့် အနုပါဒိသေသ နိဗ္ဗာန် ဆိုတာဟာ အရအားဖြင့် အတူ

http://www.dhammadownload.com

တူပါပါ၊ ဒါဝေမဲ့ သိနားလည်လွယ်စေရန် အနုပါဒိသေသ နိဗ္ဗာန်ကို ဘဝတို့၏ ငြိမ်းရာဌာန အဖြစ်ဖြင့် ကင်စားပြီး ပြဆိုခဲတော် မူပါကယ်။ ဒီဓဒသနာမှ နည်းယူ ပြီးတော့ ဘုန်းကြီးတို့ကလဲ လွှန်ခဲ့တဲ့ သီတင်းနှေ့က (နိဗ္ဗာတိ ဂဠုဒုက္ခံ ဧတ္ထာတိ နိဗ္ဗာနံ)လို့ ဝဠုဆင်းရဲ၏ ချုပ်ငြိမ်းရာ အဖြစ်ဖြင့် ဝစနတ္ထ ပြခဲ့ပါတယ်။ အမှန်မှာတော့ နိဗ္ဗာန်ဟာ ငြိမ်းရာဌာနလဲ မဟုတ်ဘူး၊ ငြိမ်းကြောင်း တရားလဲ မဟုတ်ဘူး၊ ငြိမ်းခြင်းသဘောမျှသာ ဖြစ်ပါတယ်။ ဒါကြောင့် ရှေးနားတုန်းက သဉ္ဇပါဒိသေသ နိဗ္ဗာန်ကို သရုပ်ဖော်ဖြင့် ပြဆိုရာမှာ (ရာဂက္ခယော-ရာဂ၏ကုန်ခြင်း၊ ဒေါသက္ခယော-ဒေါသ ၏ကုန်ခြင်း၊ မောဟက္ခယော-မောဟ၏ကုန်ခြင်းကိုပင်) သဉ္ဇပါဒိသေသ နိဗ္ဗာန်ခေါ်ကြောင်း ပြခဲ့တယ်။ သူ့အဖွင့် အဋ္ဌကထာမှာလဲ ဒီလို ဖွင့်ပြထားပါတယ်။

ရာဂစသည်ကုန်ခြင်းကိုပင် နိဗ္ဗာန်ဟုဆိုသည်

ရာဂက္ခယောတိ-ရာဂက္ခယော ဟူသည်မှာ၊ ရာဂသ-ရာဂ၏။ ခယော- ကုန်ခြင်းတည်း။ ခီဏာသဝေါ-မဂ်ဖိုခြင်းတည်း၊ အာဘဝေါ-မဂ်ခြင်းတည်း၊ အာစယဂါမနုပ္ပါဒေါ- စင်စစ် မဖြစ်ပေါ်ခြင်းတည်း၊ (ဒီပုဒ်ဖြင့် မရှိဆိုတာ ခေတ္တာမျှ မရှိတာကို ဆိုတာမဟုတ်ဘူး၊ ဘယ်တော့မှ မဖြစ်ပေါ်တာကို ဆိုတယ်လို့ သိစေပါတယ်။) သေသေသုပိ-ကြွင်း

http://www.dhammadownload.com

သော ဒေါသကွယ်ယော၊ မောဟကွယ်ယော- ပုဒ်တို့၌
လည်း၊ သေနယော-ကျိအဖွင့်နည်းကိုပင် သိအပ်၏။
ဇတ္တာဝတာ- ကျိမျှဖြင့်၊ ဆုဂါဒိကွယော သဉပါဒိ
သေးသာ နိဗ္ဗာနဓာတူတိ-ရာဂစသည်တို့၏ ကုန်ခြင်း
သည် သဉပါဒိသေသ နိဗ္ဗာန်ဓာတ် မည်သည်ဟု၊
ဒသိတံ ဟေးတိ-ပြတော်မူအပ်ပေသည်-တဲ့။

ဒီအဋ္ဌကထာ အဖွင့်မှာ ရာဂ ဒေါသ မောဟတို့၏ ကုန်
ခြင်း စင်စစ် မဖြစ်ပေါ်ခြင်းကိုပင် သဉပါဒိသေသ နိဗ္ဗာန်
ဓာတ်ကြောင်း အထင်အရှား ဖွင့်ပြထားပါတယ်၊ ရာဂ
စသည်တို့၏ ကုန်ရာဌာနလို့လဲ မဖွင့်ပြဘူး၊ ကုန်ကြောင်းလို့
လဲ မဖွင့်ပြဘူး။ ဒါကြောင့် ဒီပါဠိ အဋ္ဌကထာတို့နှင့်အညီ
ကိလေသာတို့၏ ကုန်ခြင်း ငြိမ်းခြင်း လုံးဝမဖြစ်ပေါ်ခြင်း
သဘောကို နိဗ္ဗန်ဓာတ်ကြောင်း ကိန်းသေမှတ်ထားကြရမယ်။
ကိလေသာတို့၏ ကုန်ရာငြိမ်းရာ၊ ကုန်ကြောင်းငြိမ်းကြောင်းကို
နိဗ္ဗာန်လို့ ပြုတာဇတ္တကိုတော့ မှုချမဟုတ်ဘူး၊ တင်စားပြ
ထားတာလို့ မှတ်ကြရမယ်။

ယေ-အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည်၊ တေံ-ကျိဆိုခဲ့သော
သဉပါဒိသေသ အနုပါဒိသေသဟု ဆိုအပ်သော၊ ပဒံ
အသခ်ံတံ-အသင်္ခတ နိဗ္ဗာန်ကို၊ အညာ့ယ-အရဟာတ္တ မဂ်ဉာဏ်
ဖြင့် သိကြကုန်၍-ဝါ- သိကြသောကြောင့်၊ ဝိမုတ္တာစိတ္တာ-
လွတ်မြောက်သော အရဟာ့တ္တ ဖိုလ်စိတ် ရှိတော်မူကုန်၏၊

http://www.dhammadownload.com

ဘဝနေတို့သဒ်ယာ-ကုန်ငြိမ်းပြီးသော ဘဝနှောင်ကြိုး ရှိတော်မူကုန်၏၊ ဝါ - ဘဝနှောင်ကြိုး ကင်းတော်မူကုန်၏။

အကြောင်းနိဗ္ဗာန် အကျိုးနိဗ္ဗာန် မခဲ့သင့်

ဒီဂါထာပါဠိထဲမှာ "သဉ်ပါဒိသေသ အနုပါဒိသေသ ဆိုတဲ့ နိဗ္ဗာန်ဓာတ်ကို သိပြီး အရဟတ္တဖိုလ် ရောက်တော်မူကြတယ်၊ ဘဝနှောင်ကြိုး ကင်းတော်မူကြတယ်" ဆိုတာကို ပါဠိပညာရှင်တို့ အထူးသတိပြုကြရမယ်၊ ဒီပါဠိတော်အရ ဆိုလျှင် မင်္ဂဖိုလ်၏ အာရုံ နိဗ္ဗာန်ဆိုတာလဲ သဉ်ပါဒိသေသ နိဗ္ဗာန် အနုပါဒိသေသ နိဗ္ဗာန်ပင် ဖြစ်ကြောင်း ထင်ရှားပါတယ်၊ "မင်္ဂဖိုလ်တို့၏ အာရုံ နိဗ္ဗာန်က ကိလေသာ ခန္ဓာငြိမ်းကြောင်း နိဗ္ဗာန်၊ ကိလေသာ ခန္ဓာငြိမ်းခြင်းဆိုတဲ့ သဉ်ပါဒိသေသ အနုပါဒိသေသ နိဗ္ဗာန်က အကျိုးနိဗ္ဗာန်"လို့ ဒီလို ခဲ့ခြားရန် မသင့်တော့ပါဘူး၊ အကယ်၍ အဲဒီလို ခဲ့ခြားယင် "ဘေဒဉ္ဉာယ - သဉ်ပါဒိသေသ အနုပါဒိသေသ ဆိုတဲ့ ဤနိဗ္ဗာန်ကို သိပြီး အရဟတ္တဖိုလ် ရောက်ကြတယ်" ဆိုတဲ့ ဒီဂါထာပါဠိနှင့် မညီပဲရှိတော့မှာပဲ။ ဒါကြောင့် "မင်္ဂဖိုလ်တို့၏ အာရုံဖြစ်တဲ့ ငြိမ်းမှုက သာမညနိဗ္ဗာန်၊ သဉ်ပါဒိသေသ အနုပါဒိသေသ နိဗ္ဗာန်ဆိုတာတွေက ဝိသေသနိဗ္ဗာန်၊ အဲဒီဝိသေသ နိဗ္ဗာန် ၂-ပါးဟာ မင်္ဂဖိုလ်တို့၏ အာရုံဖြစ်တဲ့ သာမညအငြိမ်းဓာတ် နိဗ္ဗာန်ထဲမှာ အတွင်းဝင်ကြတယ်"လို့ ဒီလိုသာ ယူသင့်တယ်၊ အဲဒါကို ပညာရှိများ

http://www.dhammadownload.com

အထူး သတိပြုသင့်ပါတယ်။ နောက်ပြီးတော့ "နိဗ္ဗာန်ဆိုတာ ကိလေသာ ခန္ဓာတို့၏ ငြိမ်းခြင်းဆိုတဲ့ သန္တိလက္ခဏာနှင့် ပြည့်စုံတယ်၊ ငြိမ်းခြင်း သဘောလို့ မှတ်အပ်တယ်" ဆိုတဲ့ စကားကိုလဲ အထူးသတိပြုသင့်တယ်။ အကယ်၍ "မဂ်ဖိုလ်တို့၏ အာရုံဖြစ်တဲ့ နိဗ္ဗာန်က တခြား၊ သဉ္ဇပါဒိသေသ အနုပါဒိသေသ နိဗ္ဗာန်တို့က တခြား" လို့ ခဲ့ပြီးယူလျှင် "အဘယ်နိဗ္ဗာန်က သန္တိလက္ခဏာနှင့် ပြည့်စုံပါသလဲ" လို့ စဉ်းစားကြည့်ရလိမ့်မယ်၊ သဉ္ဇပါဒိသေသ အနုပါဒိသေသ နိဗ္ဗာန်တို့ကတော့ ကိလေသာ ခန္ဓာတို့၏ ငြိမ်းခြင်းသဘော ဖြစ်သောကြောင့် ကိလေသာငြိမ်းခြင်း ခန္ဓာငြိမ်းခြင်းဆိုတဲ့ သန္တိလက္ခဏာနှင့် ပြည့်စုံကြောင်း ထင်ရှားနေပါတယ်။ ဒါကြောင့် "မဂ်ဖိုလ်တို့၏ အာရုံနိဗ္ဗာန်က ကိလေသာငြိမ်းခြင်း ခန္ဓာငြိမ်းခြင်း စသည်ဖြင့် အထူးမပြုပဲ သာမန်ငြိမ်းခြင်းသဘောမျှ ဖြစ်သည်၊ သဉ္ဇပါဒိသေသ အနုပါဒိသေသ နိဗ္ဗာန်တို့က ကိလေသာတို့၏ ငြိမ်းခြင်း ခန္ဓာတို့၏ ငြိမ်းခြင်းဟု အထူးပြုအပ်သော နိဗ္ဗာန်မျှားဖြစ်ကြသည်၊ ထိုဝိသေသ နိဗ္ဗာန်မျှားသည် မဂ်ဖိုလ်တို့၏ အာရုံဖြစ်တဲ့ သာမန်ငြိမ်းခြင်း သဘောထဲ၌ အံတွင်းဝင်ကြသည်" ဟု မှတ်ကြရမယ်။ အဲဒါကို ထင်ရှားအောင် လိုက်ဆိုကြရမယ်။

မဂ်ဖိုလ်တို့၏ အာရုံနိဗ္ဗာန်က သာမန်ငြိမ်းခြင်း သဘောဖြစ်သည်၊ သဉ္ဇပါဒိသေသ အနုပါဒိသေသ နိဗ္ဗာန်တို့က ဝိသေသ နိဗ္ဗာန်မျှား ဖြစ်ကြသည်၊

http://www.dhammadownload.com

ယင်းဝိသေသ နိဗ္ဗာန်တို့သည် သာမန် အငြိမ်းဓာတ် နိဗ္ဗာန်၌ပင် အတွင်းဝင်ကြသည်၊ အားလုံးပင် ငြိမ်းခြင်း သန္တိလက္ခဏာနှင့် ပြည့်စုံကြသည်။ သို့ဖြစ်၍ သန္တိလက္ခဏာ အလိုအားဖြင့် နိဗ္ဗာန်တပါးတည်းသာ ဖြစ်သည်။

ဒီနေရာမှာ အရဟတ္တမဂ်ခဏ၌ ကိလေသာ ငြိမ်းတယ်ဆိုတော့ အဲဒီမဂ်က ငြိမ်းဆဲနိဗ္ဗာန်ကို အာရုံပြုပါသလား၊ ပရိနိဗ္ဗာန် စုတိမှနောက်၌ ခန္ဓာငြိမ်းတယ်ဆိုတော့ အနာဂတ်ခန္ဓနိဗ္ဗာန်ကို အာရုံပြုပါသလားလို့ မေးစရာရှိတယ်။ နိဗ္ဗာန်ဆိုတာ ပစ္စုပ္ပန်ရယ် အနာဂတ်ရယ်လို့ မရှိပါဘူး၊ ဘာကြောင့်လဲ ဆိုလျှင် ငြိမ်းတဲ့ကိလေသာတွေကိုက ပစ္စုပ္ပန်လဲမဟုတ်၊ အနာဂတ်လဲမဟုတ်၊ ကာလသုံးပါးမှလွတ်တဲ့ ကာလဝိမုတ်ဖြစ်လို့ပါပဲ။ အရိယမဂ်ဖြင့် မပယ်ရသေးလို့ ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်မှာ အကြောင်းညီညွတ်တဲ့အခါ ဖြစ်နိုင်တဲ့ အနုသယကိလေသာဟာ ဥပါဒ်ဌီဘင်ရောက်လျက် ဖြစ်ဆဲမဟုတ်လို့ ပစ္စုပ္ပန်လဲ မဟုတ်ဘူး၊ ဖြစ်ဆဲပရိယုဋ္ဌာန်ကိလေသာကိုတော့ အရိယမဂ်က မငြိမ်းစေနိုင်ဘူး၊ ဘင်ခဏာရောက်ပြီး သူ့အလိုလိုပင် ကင်းပျောက်သွားတယ်။ နောက်ပြီးတော့ အကြောင်းညီညွတ်လျှင် ဖြစ်နိုင်တဲ့ အနုသယကိလေသာဟာ ကောန်ဖြစ်လတ္တံ့ မဟုတ်သောကြောင့် အနာဂတ်လဲ မဟုတ်ဘူး၊ အနာဂတ်ဆိုယင်လဲ သူ့အချိန်ကျတော့ ကောန်ဖြစ်မှာပဲ၊ အဲဒါကိုလဲ အရိယမဂ်က မပယ်နိုင်ဘူး။

http://www.dhammadownload.com

အတိတ် မဟုတ်ကြောင်းကတော့ ထင်ရှားနေပါပြီ၊ ဒါကြောင့် အမကြောင်းညီညွတ်ယဲ့ဖြစ်နိုင်တဲ့ အနုသယ ကို့လေသာဟာ ကာလသုံးပါးမှ လွတ်တဲ့ကာလဝိမုတ် ကိလေသာပဲ၊ အဲဒီကာလဝိမုတ် ကိလေသာကိုသာ အရိယမဂ်ဖြင့် ပယ်နိုင်တယ်၊ ဒါကြောင့် "အရိယမဂ်က ပယ်လို့ ငြိမ်းသွားတယ်" ဆိုတဲ့ အနုသယ ကိလေသာက ကာလသုံးပါးမှ လွတ်တဲ့ ကာလဝိမုတ်ဖြစ်တဲ့အတွက် အဲဒီငြိမ်းခြင်းသဘောဟာလဲ ကာလသုံးပါးမှ လွတ်တဲ့ကာလဝိမုတ်ပင်ဖြစ်တယ်။

နောက်ပြီးတော့ ငြိမ်းခြင်း ဆိုတာ ဖြစ်ပေါ်လာတာ မဟုတ်တဲ့အတွက် ဖြစ်ပြီးလို့လဲ မဆိုရဘူး၊ ဖြစ်ဆဲ ဖြစ်လတ်တံ့လို့လဲ မဆိုရဘူး၊ မဂ်၏အစွမ်းဖြင့် ငြိမ်းတဲ့အတွက် မဂ်ခဏမှာ ပြီးစီးတယ်လို့သာ ဆိုရတယ်။ ကိလေသာငြိမ်းသွားတော့ အဲဒီကိလေသာကို မှီပြီးဖြစ်မည့် ခန္ဓာတွေဟာလဲ ဖြစ်ခွင့်မရတော့ပဲ ငြိမ်းသွားကြတယ်၊ အဲဒါတွေလဲ ကာလဝိမုတ်တွေပဲ၊ ဒါကြောင့် အနာဂတ်ခန္ဓာငြိမ်းမှုကို အာရုံပြုသလားလို့လဲ မေးစရာမရှိတော့ပါဘူး။ နောက်တခုအထူးသတိပြုစရာကတော့ အရိယမဂ်၏ အာရုံဖြစ်တဲ့ နိဗ္ဗာန်ဟာ သာမန်ငြိမ်းမှု ဖြစ်ကြောင်းပြဆိုခဲ့ပါပြီ၊ ဒါကြောင့် အရိယမဂ်ခဏ၌ ရာဂငြိမ်းသည် ဒေါသငြိမ်းသည် ကိလေသာငြိမ်းသည် ခန္ဓာငြိမ်းသည် စသည်ဖြင့် အထူးဝိသေသပြု၍ အာရုံပြုသည်မဟုတ်ပေ၊ ကိလေသာ ကံ ရုပ်နာမ် ခန္ဓာ သင်္ခါရလုံးဝကင်းငြိမ်း ဆိတ်သုဉ်းခြင်းသဘောမျှကိုသာလျှင် အာရုံ

http://www.dhammadownload.com

ပြုပေသည်။ သို့ဖြစ်၍ ပစ္စုပ္ပန်နိဗ္ဗာန်ကို အာရုံပြုသလော၊ အနာဂတ် နိဗ္ဗာန်ကို အာရုံပြုသလော စသည်ဖြင့် မေးဘွယ် မရှိတော့ပါဘူး။ နိဗ္ဗာန်အကြောင်း ရှင်းပြောနေရတာနဲ့ ဂါထာ၏ အနက် အဓိပ္ပါယ် ပြောနေတာ အဆက်ပြတ်သွားတယ်၊ အဲဒါပြန်ဆက်ကြဦးစို့။

တေ-လွတ်မြောက်သော စိတ်ရှိကြသည့် ထိုရဟန္တာတို့သည်၊ ခမ္မသာရာဓိဂမာ-ဟရားတို့၌ အနှစ်သာရ အကောင်းအမြတ်ဆုံးဖြစ်သော အရဟတ္တဖိုလ် နိဗ္ဗာန်ကို ရကြပြီးသည်ဖြစ်၍၊ ခယေ-သင်္ခါရအားလုံး၏ ကုန်ခြင်း သဘောဖြစ်သော အနုပါဒိသေသနိဗ္ဗာန်၌၊ ရတာ-မွေ့လျော် နှစ်ခြိုက် ပျော်ပိုက်တော်မူကြလေကုန်၏။ တေ ထိုရဟန္တာသခင် အရှင်မြတ်တို့သည်၊ တာဒိနော-အကောင်းအဆိုးအာရုံ ၂ မျိုးကို အဟူပြု၍ ရှုနိုင်သော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူကြသည်ဖြစ်၍၊ သဗ္ဗဘဝါနိ-အလုံးစုံသော ဘဝတို့ကို၊ ပဟံသု-စွန့်ပယ်တော်မူကြလေကုန်ပြီ။

ဥပါဒ် ငြီ ဘင်ရှိတဲ့ သဘောတရားထဲက အကောင်းအမြတ်ဆုံး တရားဟာ အရဟတ္တဖိုလ်ပဲ၊ ဥပါဒ် ငြီ ဘင် မရှိတဲ့ ပရမတ်တရားကံတော့ အငြိမ်းဓာတ်နိဗ္ဗာန် တပါးတည်းသာ ရှိတယ်၊ အဲဒီ အငြိမ်းမဲ့တ် နိဗ္ဗာန်တရားကတော့ သဘောတရားအားလုံးထဲမှာ အကောင်း အမြတ်ဆုံးပဲ၊ ဒါကြောင့် "နိဗ္ဗာန်-အငြိမ်းမဲ့တ် နိဗ္ဗာန်ကို၊ ပရမံ-အမြတ်ဆုံးဟူ၍၊ ဗုဒ္ဓါ-မြတ်စွာဘုရားတို့သည်၊ ဝဒန္တီ-ချီးကျူးသော အားဖြင့် ဟော

http://www.dhammadownload.com

ကြားတော်မူကုန်၏" လို့ ဟောတော်မူပါတယ်။ အမြတ်ဆုံးဖြစ်တဲ့ အရဟတ္တဖိုလ်စိတ် ဖြစ်တဲ့အခါ အဲဒီအမြတ်ဆုံးဖြစ်တဲ့ အငြိမ်းဓာတ်နိဗ္ဗာန်ကိုပင် အာရုံပြုပြီး ဖြစ်တယ်၊ အဲဒီအခါမှာ သစ်ရဆင်းရဲဟူသမျှတွေ အကုန်ငြိမ်းနေတဲ့ သဘောထဲကို ရောက်နေသလို ဖြစ်နေတယ်၊ အလွန်ပင် အေးငြိမ်းချမ်းသာပါတယ်။ ဒါကြောင့် ရဟန္တာအရှင်မြတ်တွေဟာ နိဗ္ဗာန်အာရုံပြုတဲ့ ဖလသမာပတ်မှာ ထလာတဲ့အခါ အဲဒီနိဗ္ဗာန် အရသာ ကောင်းလွန်းလို့ ဒီလို ဥဒါန်းကျူးရင့် တော်မူကြပါတယ်။

သုသုခံ ဝတ နိဗ္ဗာနံ၊ သမ္မာသမ္ဗုဒ္ဓ ဒေသိတံ။
အသောကံ ဝိရဇံ ခေမံ၊ ယတ္ထ ဒုက္ခံ နိရုဇ္ဈတိ-တဲ့။

ယတ္ထ-အကြင် နိဗ္ဗာန်အရပ်၌၊ ဒုက္ခံ-ဆင်းရဲဟူသမျှသည်၊ နိရုဇ္ဈတိ-ချုပ်ငြိမ်းကင်းပလျက် ရှိပေ၏။ အသောကံ-စိုးရိမ်ဘယ်လည်း မရှိ - စိုးရိမ်ခြင်းလည်း မရှိသော၊ ဝိရဇံ၊ ကိလေသာမြူအညစ်အကြေးလည်း ကင်းသော၊ ခေမံ-ဘေးခပ်သိမ်းတို့၏ ငြိမ်းရာလည်းဖြစ်သော! သမ္မာသမ္ဗုဒ္ဓဒေသိတံ - မြတ်စွာဘုရား ဟောကြားတော် မူအပ်သော၊ တံ နိဗ္ဗာနံ - ထို နိဗ္ဗာန်သည်။ သုသုခံ ဝတ-သြော်.....အလွန်ပင် ချမ်းသာပါပေစွတကား-တဲ့။

အဲဒီအရဟတ္တဖိုလ်နှင့် နိဗ္ဗာန်ဆိုတဲ့ အကောင်းအမြတ်ဆုံးတရားကို ရတော်မူကြတဲ့ အတွက် ရဟန္တာ အရှင်မြတ်တွေဟာ ရုပ်နာမ်သစ်ရခပ်သိမ်း ချုပ်ငြိမ်းတဲ့ အနုပါဒိသေသ

http://www.dhammadownload.com

နိဗ္ဗာန်၌သာ မွေ့လျော်ပျော်ပိုက် နေကြပါတယ် တဲ့။နောက်ပြီးတော့ ကောင်းလဲ သင်္ခါရဆင်းရဲပဲ၊ မကောင်းလဲ သင်္ခါရဆင်းရဲပဲ၊ ဒါကြောင့် အကောင်း အဆိုး နှစ်မျိုးလုံးကို အတူပြု၍ ရှုတော်မူနိုင်ကြပါတယ် တဲ့။ ဒါကြောင့် သင်္ခါရဆင်းရဲအစဉ် သင်္ခါရ ဆင်းရဲ အစုမျှသာ ဖြစ်တဲ့ ဘဝဟူသမျှတွေကို နှစ်သက် လက်ခံခြင်း မရှိပဲ စွန့်တော်မူကြပါတယ်၊ အဲဒီလို စွန့်တော်မူကြတဲ့အတွက် ပရိနိဗ္ဗာန် စုတိမှ နောက်ကာလ၌ ရုပ်နာမ်ခန္ဓာ သင်္ခါရ ဆင်းရဲအပေါင်းမျှ ဖြစ်တဲ့ ဘဝဟူသမျှ မဖြစ်လာတော့ပဲ လုံးဝ ငြိမ်းအေးတော်မူကြပါတယ် တဲ့။ အချိန်ကုန်ပါပြီ တရားသိမ်းကြစို့။

နိဂုံးချုပ် တရားသိမ်း ပတ္ထနာ

နိဗ္ဗာနပဋိသံယုတ္တကထာခေါ် နိဗ္ဗာန်ဆိုင်ရာ တရားတော်ကို ရိုသေစွာ နာယူမှတ်သားကြရသော ဓမ္မသာန ကုသိုလ်ကံစေတနာတို့၏ အစွမ်း အာနုဘော်ကြောင့် ယခုတရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့သည် အကောင်း အမြတ်ဆုံး ဖြစ်သော နိဗ္ဗာန်တရားကို မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု

နိဗ္ဗာန ပဋိသံယုတ္တ ကထာ

နိဗ္ဗာန်ဆိုင်ရာ တရားတော် ဒုတိယပိုင်းပြီး၏

http://www.dhammadownload.com

နိဗ္ဗာနပဋိသံယုတ္တကထာ

နိဗ္ဗာန်ဆိုင်ရာ တရားတော်

တတိယပိုင်း

(၁၃၂၆-ခုနှစ်၊ တော်သလင်းလဆုတ် ဂ-ရက်နေ့ဟောသည်)

တရားအနုသဒ္ဓေ

တော်သလင်းလပြည့်နေ့က သခ်ါရန့ဉ် နိဗ္ဗာန်ခဲ့ပုံက စပြီး ဟောခဲ့တယ်၊ သည်ပါဒိယေသနဉ် အနုပါဒိယေသ နိဗ္ဗာန်တို့ကို ခဲ့ပြပြီးတော့ အနုပါဒိဂယသ နိဗ္ဗာန်ဖြင့် ဘဝတို့ကို စွန့်လွှတ် သွားကြောင်းမှာ အဆုံးသတ်ခဲ့တယ်။ ဒီကနေ့ အဲဒီအနုပါဒိ ယေသ နိဗ္ဗာန်နှင့်စပ်ပြီး မြတ်စွာဘုရား ဥဒါန်းကျူးတဲ့ ဂါထာက စပြီး ဟောရမယ်။

မြတ်စွာဘုရားကျူးရင့်ယေသဥဒါန်းဂါထာတော်

ယတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။
န တတ္ထ သုက္ကာ ဇောတန္တိ၊ အာဒိစ္စော နပ္ပကာသတိ။
န တတ္ထ စန္ဒိမာ ဘာတိ၊ တမော တတ္ထ န ဝိဇ္ဇတိ။
ယဒါ စ အတ္တနာ ပေဒိ၊ မုနိ မောနေန ဗြာဟ္မဏော။
အထ ရူပါ အရူပါ စ၊ သုခဒုက္ခာ ပမုစ္စတိ။ (ဥဒါန ဂ၆)

http://www.dhammadownload.com

ဗာဟိယ ဒါရုစီရိယ ဆိုတဲ့ ရဟန္တာပုဂ္ဂိုလ် အနုပါဒိ-သေသ နိဗ္ဗာန်ဝင်စံသွားခြင်းကို အကြောင်းပြုပြီး မြတ်စွာဘုရား ကျူးရင့်တော်မူတဲ့ ဥဒါန်းဂါထာတဲ့၊ ပါဠိတတ်တဲ့ သူဆိုယင် ဒီဂါထာပါဠိ ရှုတ်သံကြားရတာနဲ့ သဒ္ဒါကြည်ညိုတဲ့စိတ်တွေ့ စိတ်တက်ကြွမှု-ပီတိတွေ့ ဖြစ်ပွားနိုင်တယ်၊ ဘုန်းကြီးတို့မှာ ဆိုယင် ဒီပါဠိကို ရှုတ်ယင်း အဲဒီလို သဒ္ဒါပီတိတွေ့ဖြစ်တယ်၊ အလွန်စိတ် ကြည်နူးဘွယ် ကောင်းတဲ့ ဂါထာပါပဲ။ ထပ်ပြီး ရှုတ်ပြဦးမယ်။

ယတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။
။ပ။ အထ ရူပါ အရူပါ စ သုခ ဒုက္ခာ ပမုစ္စတိ။

ယတ္ထ-အကြင် နိဗ္ဗာန်အရပ်၌၊ အာပေါ စ န ဂါဓတိ-ရေဓာတ်သည်လည်း မတည်မရှိ၊ ပထဝီ-မြေဝင်္ဂါတ်သည်လည်း မတည်မရှိ၊ တေဇော ဝါယော စ-မီးဓာတ် လေဓာတ်သည်လည်း၊ န ဂါဓတိ-မတည်မရှိ။ (ရုပ်ရှိတဲ့လောကမှာဆိုယင် သတ္တဝါတို့၏ သန္တာန်မှာရော အပြင်ပမှာရော ပထဝီ အာပေါ တေဇော ဝါယော ဆိုတဲ့ ဓာတ်ကြီး လေးပါး ရှိတယ်၊ ဓာတ်ကြီးလေးပါးရှိတော့ အဲဒီဓာတ်ကြီးလေးပါးကို မှီပြီး ဖြစ်တဲ့ အဆင်း အသံ အစရှိသော ဥပါဒါရုပ်တွေ့လဲရှိတာပဲ၊ ယခုချီးကျူးနေတဲ့ နိဗ္ဗာန်မှာတော့ အဲဒီဓာတ်ကြီးလေးပါးလဲ မရှိဘူး၊ ခံ့တ်ကြီးလေးပါး မရှိတော့ အဲဒီဓာတ်ကြီးလေးပါးကို မှီပြီးဖြစ်တဲ့ အခြားရုပ်တွေ့လဲ မရှိဘူးလို့ဆိုလို

http://www.dhammadownload.com

ပါတယ်၊ ရှုပ်ရှိတဲ့လောကနှင့် နှိုင်းယှဉ်ကြည့်လျှင် အလွန်ထူး
ဆန်းတာပဲ။) တတ္ထ-ထိုနိဗ္ဗာန်အရပ်၌၊ သုက္ကာ-တောက်ပ
ထွန်းလင်းတတ်သော ဂြိုဟ်နှင့် ကြယ်တာရာတို့သည်၊ နဇော-
တန္တိ-ထွန်းလင်း တောက်ပလျက် မရှိကုန်။ အာဒိစ္စော-နေ
သည်လည်း၊ နပ္ပကာသတိ-မထွန်းလင်းပေ။ တတ္ထ-ထိုနိဗ္ဗာန်
အရပ်၌၊ စန္ဒိမာ-လ သည်လည်း၊ နဘာတိ-မထွန်းလင်းပေ။
(အဲဒီနိဗ္ဗာန်မှာ ဂြိုဟ်တွေ နက္ခတ်ကြယ်တာရာတွေလဲ မထွန်း
လင်းဘူး၊ နေနှင့် လလဲ မထွန်းလင်း ဘူးတဲ့၊ ဒီလိုဆိုယင်
မှောင်အတိုက်ကျနေ သလားလို့ ဆိုတော့) တတ္ထ-ထိုနိဗ္ဗာန်
အရပ်၌၊ တမော-အမှောင်သည်လည်း၊ နဝိဇ္ဇတိ-မရှိပေ။
(အမှောင်လဲ မရှိဘူးတဲ့၊သိပ်ထူးဆန်းတာပဲ၊ လောကမှာတော့
အလင်းရောင်မရှိယင် အမှောင်ကျနေတာပဲ၊ နိဗ္ဗာန်မှာတော့
နေ-လ-ဂြိုဟ်-ကြယ်ရောင်မျှား မရှိပေမဲ့ အမှောင်လဲမရှိဘူး
တဲ့။ အမှန်စင်စစ်ကတော့ ရုပ်တရားအားလုံးပင် မရှိတဲ့
အတွက် အလင်းရော အမှောင်ရော မရှိတာပါပဲ။)

ဒါဖြင့် အဲဒီနိဗ္ဗာန်က ဘယ်အရပ်မှာ တည်ရှိနေပါသလဲ
လို့ မေးစရာရှိတယ်။ ကိလေသာနဲ့ ကံတို့ကြောင့် မပြတ်ဖြစ်
နေတဲ့ ရုပ်နာမ်အစဉ်ဟာ အရဟတ္တမဂ်၏ အစွမ်းကြောင့်
ကိလေသာနဲ့ ကံတွေ ကင်းသွားတဲ့အတွက် ပရိနိဗ္ဗာန်စုတိမှ
နောက်ကာလ၌ အသစ်မဖြစ်ပေါ်တော့ပဲ ငြိမ်းသွားတယ်၊
အဲဒီလိုငြိမ်းခြင်းကိုပင် နိဗ္ဗာန်လို့ ခေါ်ကြောင်း အကြိမ်

http://www.dhammadownload.com

ကြိမ် ပြောခဲ့ပါပြီ၊ အဲဒီမတော့ အဲဒီလို ရုပ်နာမ်အစဉ် မဖြစ်ပေါ်လာတော့ပဲ ငြိမ်းခြင်းဟာ ဘယ်အရပ်မှာမျှ တည်နေတယ်လို့ မဆိုနိုင်ဘူး၊ ဒါကြောင့် သုတ် တခုမှာ တည်ရာမရှိဘူးလို့ ဟောထားတာလဲ ရှိပါတယ်၊ သုတ် တခုမှာတော့ တလံမျှလောက်သော ခန္ဓာကိုယ်ထဲမှာပင် သစ္စာလေးပါးကို ပညတ် ဟောကြားကြောင်း ပြဆိုထားတယ်၊ အာဘိဓမ္မာဒေသနာ မှာတော့ ဗဟိဒ္ဓတရား မည်ကြောင်း ဟောထားတယ်။ အဲဒါတွေကို နောက်ကျမှ ရှင်းပြီး ဟောရဦးမယ်။ ယခု ဥဒါန်း ဂါထာကိုပဲ ဆက်ပြီး ဟောဦးမယ်။

ယဒါ စ-အကြောင်အခါဌ်မှု၊ မုနိ-သိတတ်သော ပဂ္ဂိုလ် သည်၊ မောနေန-အရဟတ္တမဂ် အသိဉာဏ်ဖြင့်၊ တံ-ထိုနိဗ္ဗာန်ကို၊ အတ္တနာ အဝေဒိ-ကိုယ်တိုင်ပင် သိလေ၏၊ (ဝိဒိတ္ဝာ-သိပြီး၍၊) ပြာဟ္မဏော - မကောင်းမှုကို အပယ်ရှုပြီးသော ရဟန္တာ ဖြစ်လေ၏။ အထ-ထိုသို့ ရဟန္တာ ဖြစ်ပြီးသော အခါဌ်၊ ရူပါ-ရုပ်မှၚင်း၊ အရူပါ စ-နာမ်မှၚင်း၊ သုခ ဒုက္ခာ-ချမ်းသာ ဆင်းရဲဟု ဆိုအပ်သော သခ်ါရဒုက္ခအပေါင်းမှၚင်း၊ ပမုစ္စတိ-လုံးဝလွတ်မြောက်လေတော့သတည်း။

ဓာတ်လေးပါး မရှိ၊ ရုပ်မရှိ၊ အလင်း အမှောင် မရှိ ဆိုတဲ့ နိဗ္ဗာန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိပြီး၍ မကောင်းမှုကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်မှာ ပရိနိဗ္ဗာန်စုတိမှ နောက်ကာလ၌ ရုပ်ရှိတဲ့ ကာမဘဝ ရူပဘဝ ပဋိသန္ဓေမှလဲ လွတ်မြောက်တယ်

http://www.dhammadownload.com

နာမ်သာရှိတဲ့ အရူပဘဝ ပဋိသန္ဓေမှလဲ လွတ်မြောက်တယ်၊ ချမ်းသာတယ်. ဆင်းရဲဘယ်လို့ သတ္တဝါအများက ထင်ရတဲ့ သင်္ခါရ ဆင်းရဲဟူသမျှမှလဲ လွတ်မြောက်တယ်။ ဗာဟိယ ဒါရုစီရိယဲ ဆိုတဲ့ပုဂ္ဂိုလ်ဟာ ရဟန္တာဖြစ်ပြီး အဲဒီဆင်းရဲအပေါင်းမှ လွတ်မြောက်သွားပြီလို့ ဆိုလိုပါတယ်။ ဒီလိုရာမှာ ဗာဟိယ အကြောင်းကိုလဲ ပြောဦးမှ ရှင်းလင်းစွာသဘောပေါက်နိုင်မယ်၊ ဒါကြောင့် ဗာဟိယ အကြောင်းကိုလဲ အကျဉ်းချုပ်ပြောဦးမယ်။

ဗာဟိယ ဒါရုစီရိယဝတ္ထု

မြတ်စွာဘုရား လက်ထက်တော်ကာလက (ဝတ္ထုကြောင်းအစကဟာ့ ဘုရားမပွင့်မီက ဖြစ်ဘွယ်ရှိပါတယ်) အဲဒီတုန်းက ဗာဟိယတိုင်းသား ဖြစ်လို့ ဗာဟိယမည်တဲ့ လူတယောက်ဟာ ပင်လယ်ကူးသဘော်ဖြင့် ပင်လယ်ကို ကူးပြီး ကုန်အရောင်းအဝယ် လုပ်သတဲ့၊ ခုနစ်ကြိမ်တိုင် အောင်မြင်ပြီး ရှစ်ကြိမ်မြောက်ကျတော့ လေမုန်တိုင်းမိပြီး သဘော်ပျက်တယ်၊ အခြားသဘော်သား ခရီးသည်တွေတော့ အားလုံးသေကုန်ရှာကြတယ်၊ ဗာဟိယကတော့ သဘော်ပျက်မှ ပျဉ်ချပ်ကလေး တခုကို တွယ်ကပ်နေယင်း လှိုင်းအဟုန်ကြောင့် သုပ္ပါရက သဘော်ဆိပ်ကမ်းပ ရောက်လာတယ်၊ အဝတ်ကတော့ ပင်လယ်ထဲ ကျွတ်ကျရစ်ခဲ့ဘယ်၊ ဒါကြောင့် ရှက်တာနဲ့. အမြင်မတော်တဲ့ ကိုယ်အင်္ဂါတွေ လုံခြုံအောင် လျှော်

http://www.dhammadownload.com

မျှင်ဖြင့် ဒုတ်ချောင်းကလေးတွေကို မက်ပြီး ခတ်ဝါးမှာ တယ်၊ နှတ်စင်တခုက ခွက်တခုကို ယူပြီး သုပ်ပါရကရွာထဲ လှည့်ပြီး ထမင်းတောင်းတယ်၊ ဒုတ်ချောင်းစီထားတဲ့ အဝတ် ကို အကြောင်းပြုပြီး လူအများက သူ့ကို ရဟန္တာလို့ ထင် မှတ်ကြတယ်၊ စားဘွယ်တွေကို ပေးလှူကြတယ်၊ အဝတ် အထည်တွေကိုလဲ ပေးလှူကြတယ်၊ ဒါပေမဲ့ ဗာဟိယက အဝတ်အထည်ကို လက်ခံပြီး ဝတ်လိုက်ယင် သူ့ဂုဏ်ပျက် သွားမှာ စိုးရိမ်လို့ အဝတ်အထည်ကိုတော့ လက်မခံဘူး၊ ဒုတ်ချောင်းစီ အဝတ်နဲ့သာ ဇနတယ်၊ အဲဒီတော့မှ သူ့ကို လူတွေက ရဟန္တာလို့ သာပြီး အထင်ကြီးလာကြတယ်၊ ဒါရုစီရ-ဒုတ်ချောင်းစီ အားတ်ကိုသာ သုံးဆောင်ကဲ့အတွက် သူ့ကို ဒါရုစီရိယ ဆိုတဲ့ အမည်သစ်တခုနဲ့လဲ ဂုဏ်ပြုပြီး ခေါ်ကြတယ်။ အများက ရဟန္တာလို့ အပြောများလာ တော့ ဗာဟိယ ဒါရုစီရိယကလဲ သူ့ကိုယ်သူ ရဟန္တာလို့ ထင်လာသတဲ့။ လူဆိုတာ သူများက အပြောများယဲင် မဟုတ် တာခေပမဲ့ အဟုတ်လိုပဲ ထင်တတ်ကြပါတယ်။ အဲဒီလို ထင် တတ်ပုံကို ဟိတောပဒေသက ထုတ်ပြီး ငမိုကသုဟ် တရား တော်ထဲမှာ ပြထားပြီး ရှိပါတယ်။

အဲဒီအခါမှာ ကဿပ မြတ်စွာဘုရား သာသနာတော် နောက်ပိုင်းကာလတုန်းက တောင် ကလပ် တခုပေါ် ဟက်ပြီး သက်စွန့်ကြိုးပမ်း တရားအားထုတ်ကြတဲ့ ရဟန်းခုနှစ်ပါးထဲ က အနာဂါမ်ဖြစ်နေတဲ့ ဗြဟ္မာကြီးက ဗာဟိယ ဒါရုစီရိယ

http://www.dhammadownload.com

လမ်းမှားလိုက်နေတာကို မြင်ရလို့ သူ့ထံလာပြီး ဩဝါဒပေးပါတယ်။ ပေးပုံကတော့ "ဗာဟိယ သင်ဟာ ကဿပဘုရား သာသနာတော်တွင်းက တောင်ကလပ်ပေါ်တက်ပြီး တရားအားထုတ်တဲ့ ရဟန်းခုနစ်ပါးထဲမှာ အပါအဝင်တပါး ဖြစ်ခဲ့တယ်၊ အဲဒီတုန်းက သံဃာ့မထေရ်ကြီးဟာ ရဟန္တာ ဖြစ်ခဲ့တယ်၊ ငါက အနာဂါမ်ဖြစ်ပြီး ဗြဟ္မာ့ဘုံ ရောက်နေတယ်၊ သင်ဟာ ဟိုတုန်းက ရဟန္တာမထေရ်က လှူတဲ့ဆွမ်းကိုတောင် လက်မခံပဲ အစာအငတ်ခံပြီး တရားအားထုတ်ခဲ့တယ်၊ ယခုတော့ သင်ဟာ ရဟန္တာမဟုတ်ပဲ ရဟန္တာဟန် ဆောင်ပြီး မစင်ကြယ်တဲ့ လာဘ်လာဘ ဂုဏ်တွေကို သာယာနေတယ်၊ သင်ဟာ ရဟန္တာလဲ မဟုတ်ဘူး၊ ရဟန္တာဖြစ်ကြောင်း အကျင့်လဲ သင့်မှာ မရှိဘူး" လို့ ဩဝါဒပေးပါတယ်။

အဲဒီတော့မှ ဗာဟိယဟာ အယူအကျင့် မှားနေကြောင်း သတိရပြီး သံဝေဂဖြစ်တယ်၊ ဒါဖြင့် ယခုအခါမှာ ရဟန္တာအစစ်ဆိုတာ ရှိပါသလား လို့ မေးတယ်။ ဗြဟ္မာက ရှိတဲ့အကြောင်း ပြောတယ်။ ဘယ်အရပ်မှာ ရှိပါသလဲ ဆိုတော့ သုပ္ပါရက သဘော်ဆိပ်အရပ်မှ အရှေ့မြောက်အရပ်၌ကောသလတိုင်း သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ ဗုဒ္ဓမြတ်စွာဘုရားရှိတဲ့ အကြောင်း၊ အဲဒီဗုဒ္ဓမြတ်စွာဟာ အရဟံခေါ်တဲ့ ရဟန္တာအစစ်လဲ ဖြစ်ကြောင်း၊ ရဟန္တာ့ဖြစ်စေရန်အတွက်လဲ ဟောပြောနေကြောင်းများကို ဗြဟ္မာက ပြောကြားတယ်။

http://www.dhammadownload.com

အဲဒီတော့ ဗာဟိယဟာ ဘုံဘောမြို့နယ် ဓမြောက်ဖက် သုပ္ပါရကအရပ်မှ ယူဇနာ ၁၂၀-ဝေးတဲ့ သာဝတ္ထိသို့ သဗ္ဗတ္ထ-အလုံးစုံသောအရပ်တို့၌၊ ကေရတို့ဝါသေန-တညဉ်မျှသာနေခြင်းဖြင့် အရောက်သွားပါတယ်တဲ့။ ဒီနေရာမှာ သဗ္ဗတ္ထ ကေ-ရတို့ဝါသေန-အရ တညဉ်တည်းဖြင့် အရောက်သွားတယ်လို့ ဥဒါန်းအဋ္ဌကထာ ဓမ္မပဒအဋ္ဌကထာများက ဖွင့်ပြထားပါ တယ်။ ဘုန်းကြီးကတော့ "ကေရတို့ယာဝ၊ ကေရတ္တာနေဝ-တညဉ်တည်းဖြင့် သာလျှင်"လို့ မဆိုပဲ "ကေရတို့ဝါသေန-ဘညဉ်မျှ နေခြင်းဖြင့်"လို့ ဆိုထားတာကလဲ တကြောင်း၊ "သဗ္ဗတ္ထ-အလုံးစုံသောအရပ်တို့၌(နေခြင်း)"လို့ ဆိုထားတာ ကလဲ တကြောင်း ဒီအကြောင်း၂-ပါးကို ထောက်ဆပြီး တော့ "တနေ့ခရီးဖြင့် ဆောက်ရာမဆောက်ရာ အရပ်တိုင်းမှာ တည တည်သာ နားနေတယ်၊ ၂-ညဉတောင်နားမနေဘူး၊ အဲဒီလို တည တည်သာနားပြီး အရေးတကြီး အလျင်အမြန် သွား တယ်"လို့သာ သဘောကျပါတယ်။ အဲဒီအနက်ဟာ သဒ္ဒ-ယုတ္တိ အတ္ထယုတ္တိ ၂မျိုးလုံးရှိ၍ သင့်လျော်ပါတယ်၊ တည တည်းဖြင့် ယူဇနာ ၁၂၀ ခရီးကို သွားတယ်ဆိုတော့ လူ့ပက တိ အစွမ်းဖြင့် မသွားနိုင်ဘူး၊ ဒါကြောင့် နံတ်တန်ခိုး ဘုရား တန်ခိုး အာကူအညီတွေ လိုလာပါတယ်၊ အဲဒီလို တညတည်း နဲ့ ရောက်တဲ့အတွက် အကျိုးထူးလဲ ပြစရာမရှိပါဘူး။ ဒါ ကြောင့် ရောက်ရာရောက်ရာမှာ တညဉ်မျှသာ နေပြီး အလျင် အမြန်သွားတယ်ဆိုယဲင် အရေးတကြီး ဂရုတစိုက်သွားတယ်

http://www.dhammadownload.com

ဆိုတဲ့အနက်လဲ ပြည့်စုံလောက်ပါတယ်။ သံယုတ်အဋ္ဌကထာ တတိယတဲ့ စုန္ဒသုတ်အဖွင့် အဋ္ဌကထားမှာလဲ အောက်ပါအတိုင်း ပြဆိုထားပါတယ်။

အထဓေါ-မြတ်စွာဘုရားထံမှ ပရိနိဗ္ဗာန်ပြုရန် ခွင့်ပန်ပြီး၍ ကြွသွားသောထိုအခါဌ်၊ အာယသ္မာ သားရိပုတ္တော-အရှင်သာရိပုတ္တရာသည်၊ သမ္ဗတ္ထ-အလုံးစုံသော (တန္ခုခရီးဆုံးရာ) အရပ်တို့ဌ်၊ ဧကရတ္တိဝါသေန-တညဉ့်မျှနေခြင်းဖြင့်၊ အန္ဓကာရမဂ္ဂ-လမ်းခရီးအကြားဌ်၊ သတ္တာဟံ-ခုနစ်ရက် ပတ်လုံး၊ မနုဿာနံ သင်္ကပ္ပံ ကရောန္တော-လူတို့အား ချီးမြှောက်ခြင်းကို ပြုတော်မူလျက်၊ သာယံ- (ခုနစ်ရက်မြောက်နေ့) ညနေချမ်းအချိန်ဌ် ဇာတိဌာန နာလကရွာသို့ ရောက်တော်မူ၍ ရွာတံခါး ပညောင်ပင်အောက်ဌ် ရပ်တည်နေတော် မူသည်-စသည်ဖြင့် ပြဆိုထားပါတယ်။ အဲဒီအဆိုထဲမှာ လမ်းခရီးအကြား ၇-ရက်ပတ်လုံးဟာပြောချီးမြှောက်တော်မူတယ် ဆိုတော့ တန္ခုခရီးဆုံးရာဆုံးရာဌာနမှာ တညတည်နေခြင်းသာ ဖြစ်သင့်တယ်၊ တညတည်းဖြင့် အရောက် ကြွဘာတော့ မဖြစ်သင့်ဘူး။ နောက်ပြီးတော့ အဲဒီအဋ္ဌကထာ နှာ၂၅၃-မှာလဲ အရှင်စုန္ဒမထေရ်က အရှင်သာရိပုတ္တရာ၏ ဓာတ်တော်များယူဆောင်ခဲ့ပြီး ဘုရားထံလာရောက်ပုံကို အောက်ပါအတိုင်း ပြထားပါတယ်။

စုန္ဒတ္ထေရော-စုန္ဒမထေရ်သည်၊ဓာတုယော-အရှင်သာရိပုတ္တရာ၏ ဓာတ်ဘော်တို့ကို၊ ပရိဿာဝနေန ပက္ခိပိတ္ဝာ- ဒေရစစ်ပုဝါထဲဌ်

http://www.dhammadownload.com

ထည့်ပြီး၍။ပ။ သာဝတ္ထိ-သာဝတ္ထိမြို့သို့၊ အဂမာသိ-သွား လေ၏။စ-သွားပုံကိုဆက်၍ ပြဦးအုံ၊ ကေဌာနေပိ-တခုသော အရပ်၌ သော်လည်း၊ ဒေ့ ရတ္တိယော အဝသိတွာ-၂-ညဉ့်မနေ မူ၍၊ သဗ္ဗတ္ထ-အလုံးစုံသော အရပ်တို့၌၊ ကေရတ္တိဝါသေနေဝ-တညဉ့်မျှ နေခြင်းဖြင့် သာလျှင်၊ သာဝတ္ထိ-သာဝတ္ထိမြို့သို့၊ ပါပုဏိ-ရောက်လေ၏-တဲ့။ ဒီပြဆိုချက် ကတော့ အလွန်ပင် ရှင်းနေပါတယ်၊ ဘုန်းကြီးက ဒီသံယုတ် အဌကထာ ပြဆိုချက် ကိုပဲ နှစ်သက် သဘောကျပါတယ်။

အဲဒီတော့ ဗာဟိယဟာ တနေ့တနေ့(၁၀)ယူဇနာလောက် သွားနိုင်ယင် ယူဇနာ ၁၂၀-ခရီးကို ၁၂-ရက်လောက်သွားရ မှာပေါ့၊ တနေ့ ၅-ယူဇနာသာ သွားနိုင်ယင် ၂၄-ရက် လောက် သွားရမှာပေါ့။ အဲဒီလိုသွားလို့ ဇေတဝန်ကျောင်း တော် ရောက်တဲ့အခါ မြတ်စွာဘုရားက ဆွမ်းခံ ကြွတော်မူ ခိုက် ဖြစ်နေလို့ မြို့ထဲကို လိုက်သွားတယ်၊ ဆွမ်းခံကြွတော်မူ နေတဲ့ မြတ်စွာဘုရားကို ဖူးမြင်ရတော့ အလွန်ကြည်ညို ဝမ်း မြောက်တဲ့ သဒ္ဓါ ပီတိ သောမနဿတွေ ဖြစ်လျက် မြတ်စွာ ဘုရားကို ရိုသေစွာ ရှိခိုး ကန်ကော့ပြီး သူ့အား တရား ဟော ဘို့ တောင်းပန်တယ်။ အဲဒီအခါ သူ့မှာ ဣန္ဒြေတွေက မရင့် ကျက်သေးလို့ မြတ်စွာဘုရားက "မြို့ထဲဆွမ်းခံသွား နေဆဲ ဖြစ်တယ်၊ တရားဟောရန် အချိန် မဟုတ်ဘူး"လို့ မိန့်တော် မူပါတယ်။

http://www.dhammadownload.com

ဗာဟိယ-က ဒုတိယတကြိမ်လဲ ထပ်ပြီး တောင်းပန်တယ်၊ မြတ်စွာဘုရားက အခါနိမဟုတ်ကြောင်း မိန့်တော်မူပြန်တယ်။ တတိယအကြိမ် တောင်းပန်တဲ့အခါကျတော့မှ သူ့မှာကပ္ပဒြေတွေလဲ ရင့်ကျက်နေပြီ ဖြစ်တဲ့အတွက် မြတ်စွာဘုရားက အောက်ပါအတိုင်း ဟောကြားတော်မူပါတယ်။

ဗာဟိယသုတ်တရားတော်

တသ္မာတိဟ မေတ ဗာဟိယ ဧဝံ သိက္ခိတဗ္ဗံ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတီ" တိ၊ ဧဝဉ္စိ ဧတ ဗာဟိယ သိက္ခိတဗ္ဗံ။

ဗာဟိယ-ဗာဟိယ၊ တသ္မာ-ဆိုသို့ကရားဟောရန်တောင်း ပန်သောကြောင့်၊ ဣဟ-ငါဘုရား၏ အဆုံးအမ ဤသာသနာ၌၊ တေ-သင်သည်၊ ဧဝံ သိက္ခိတဗ္ဗံ-ဤဆိုလတံ့ အတိုင်း ကျင့်ရမည်၊ ဒိဋ္ဌေ-မြင်သည်၌၊ ဒိဋ္ဌမတ္တံ-မြင်ရုံမျှသည်၊ ဘဝိ-ဿတိ-ဖြစ်လတံ့၊ သုတေ သုတမတ္တံ ဘဝိဿတိ-ကြားသည်၌ ကြားရုံမျှ ဖြစ်လေတံ့၊ မုတေ မုတမတ္တံ ဘဝိဿတိ-နံသီစားသီ ထိသိလျက် ရောက်သည်၌ ရောက်ရုံမျှ ဖြစ်လတံ့၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ--ကုံသိသည်၌ ကုံသိရုံမျှ ဖြစ်လတံ့-ဟူ၍၊ ဗာဟိယ-ဗာဟိယ၊ ဧဝဉ္စိ-ဤသို့လျှင်၊ တေ-သင်သည်၊ သိက္ခိတဗ္ဗံ-ကျင့်ရမည်-တဲ့။

http://www.dhammadownload.com

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ စသည် ရှုနည်းအကျဉ်း

ဒါဟာ ဗာဟိယ-အား မြစ်ဖွာဘုရားက အကျဉ်းချုပ် ဟောတဲ့ ဝိပဿနာတရားပါပဲ။ ဝိညာဏ် ၆-ပါးဖြင့် သိပုံကို အကျဉ်းချုံးပြီး ၄-ပိုင်းမျှဖြင့် ဟောထားပါတယ်၊ ရှင်းလဲ ရှင်းပါတယ်။ ပကတိလူတွေမှာ မျက်စိဖြင့် အဆင်းကို မြင်တဲ့အခါ မြင်သိရုံတွင် မရပ်ပဲ အဲဒီမြင်ရတဲ့အဆင်း မြင်သိမှု မြင်တွေမှု မြင်လို့ကောင်း မကောင်းခံစားမှုတွေကို နှစ်သက် သာယာမှုလဲ ဖြစ်တယ်၊ စိတ်ဆိုးပြစ်မှားမှုလဲ ဖြစ်တယ်၊ ငါကောင်အနေဖြင့် ထင်မှားမှုလဲ ဖြစ်တယ်၊ အဲဒီလို မဖြစ်စေပဲ မြင်သိရုံမျှတွင်ပဲ တည်အောင်ကျင့်ပါ တဲ့၊ ဒါဟာ "မြင်သည့်၌ မြင်ရုံမျှ ဖြစ်လတံ့" ဆိုတဲ့အပိုဒ်ဖြင့် ဆိုလိုတဲ့ အနက်အဓိပ္ပါယ် အကျဉ်းပါပဲ။ အဲဒီလို မြင်ရုံမျှတည်စေ ရမယ် ဆိုတာဟာ ပြောရုံတော့ လွယ်ပါတယ်၊ ဒါပေမဲ့ တကယ်လက်တွေ့ လုပ်ဖို့ကတော့ ခက်ပါတယ်၊ မရှုမမှတ်ပဲ ပကတိ အတိုင်း နေရုံမျှဖြင့်တော့ အဲဒီအတိုင်း မတည်နိုင် ပါဘူး၊ မြင်ပြီးတာနဲ့ ဘယ်သူ ဘယ်ဝါ စသည်ဖြင့်သိပြီး နှစ်သက်ဖွယ်ဆိုယင် နှစ်သက်သွားတော့တာပဲ၊ မုန်းဘွယ်ဆို ယင်လဲ စိတ်ဆိုးပြစ်မှား ရှုံမုန်းသွားတော့တာပဲ၊ သာမန် အာရုံဖြစ်ယင်လဲ မြဲတဲ့အဓန ပုဂ္ဂိုလ်သတ္တဝါအနေဖြင့် ထင်မှားသွားတော့တာပဲ၊ အဲဒီလို မဖြစ်အောင် တားမြစ်ဖို့ ခက်ပါတယ်။

http://www.dhammadownload.com

ထို့အတူပင် ကြားရုံမျှ နံသိရုံမျှ အနေသာ သိရုံမျှ ထိသိရုံမျှဘွင် ရပ်တည်ခဲအောင် ထားဘို့ ဆိုတာ တွေ့ကဲ့လဲ ဝိပဿနာ မရှိပဲ ထားနိုင်ဘို့ ခက်ပါတယ်။ ကြံသိမှုက ကြံသိရုံမျှတွင် တည်အောင်ထားဘို့ သာပြီး ခက်ပါသေးတယ်။ ဒါကြောင့် မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း မြင်တယ် မြင်တယ်၊ ကြားတယ် ကြားတယ် စသည်ဖြင့် မပြတ်ရှုမှတ် နေရတယ်၊ အဲဒီလို ရှုမှတ်ရာမှာလဲ အားထုတ်ခါစမှာတော့ မြင်ရာ ကြားရာကစပြီး ရှုမှတ်လို့ အများအားဖြင့် မဖြစ်ပဲရှိတက်တယ်၊ ဒါကြောင့် ထင်ရှားတဲ့ အတွေ့အထိ တခုခုက စပြီး ရှုမှတ်ရတယ်၊ သတိပဋ္ဌာန်ဒေသနာတော်အရ သွားဆဲမှာ သွားတာကို ရှုမှတ်ရတယ်၊ အဲဒါ ခြေထဲ ကိုယ်ထဲက တောင့်တင်း တွန်းကန် လှုပ်ရှားတဲ့ ဝါယောဓာတ် အတွေ့အထိပဲ။ ချပ်ဆဲမှာ ရပ်တာကို ရှုရတယ်၊ ထိုင်ဆဲမှာ ထိုင်တာကို ရှုရတယ်၊ တခုနရာရာက အထူးထင်ရှားတဲ့ အတွေ့အထိ တခုခုကိုယင်လဲ ရှုမှတ် နေရတယ်။ ဘုန်းကြီးတို့ကတော့ ပမ်းပိုက်က ဖောင်းတက်လာလိုက် ပိန်ကျသွားလိုက်နဲ့ အဲဒီတောင့်တင်းလှုပ်ရှားမှုက စပြီး ရှုမှတ်ဖို့ ညွှန်ကြားနေပါတယ်။

ဒါပေမဲ့ အဲဒီဖောင်းတာနဲ့ပိန်တာ ခုထဲက တော့ မဟုတ်ပါဘူး၊ ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်နေဆဲမှာ စိတ်ကူးကြံစည်မှု ဖြစ်လာယင် အဲဒီကြံသိမှုကိုလဲ ရှုမှတ်ရတယ်၊ ကိုယ်ထဲက ညောင်းမှု ပူမှု နာကျင်မှုစသော မခံသာတဲ့

http://www.dhammadownload.com

သဘောတခုခု ဖြစ်လာယင် အဲဒါကိုလဲ ရှုမှတ်ရတယ်၊ လက် ခြေ ကိုယ်အင်္ဂါ လှုပ်ရှားပြုပြင်မှုရှိယင် အဲဒီ လှုပ်ရှားပြုပြင်တာကိုလဲ ရှုမှတ်ရတယ်၊ အသံကြားတာ ကြည့်တာ မြင်တာတွေရှိယင် အဲဒါတွေကိုလဲ ရှုမှတ်ရတယ်၊ အတိုချုပ်ပြောရယင်တော့ ကိုယ်အမူအရာအထူး စိတ်အမူအရာဒုးထူး ခံစားမှုဝေဒနာအထူးများ ထင်ရှားပေါ်လာယင် အဲဒါတွေကိုလဲ ရှုမှတ်ရတယ်၊ ဘာမှ အထူးရှုမှတ်စရာ မရှိတဲ့အခါဖောင်းတာ ပိန်တာကို မပြတ်ရှုမှတ်နေရတယ်၊ ဒါက ရှုမှတ်ပုံအကျဉ်းချုပ်ပဲ၊ အကျယ်ကိုတော့ ဝိပဿနာ အလုပ်ပေးတရားတော်စာအုပ်၊ ဝိပဿနာ ရှုနည်းအကျဉ်းချုပ် စာအုပ်စသည်မှာ ကြည့်ရှုပြီး သိနိုင်ပါတယ်။

အဲဒီလို ရှုမှတ်နေယင် သမာဓိဉာဏ် ရင့်လာတဲ့ အခါကျတော့ မြင်သည်၌ မြင်ရုံမျှ တည်တာကို ကိုယ်တိုင် တွေ့ရပါလိမ့်မယ်၊ ထို့အတူပင် ကြားသည်၌ ကြားရုံမျှ တွေ့သည်၌ တွေ့ရုံမျှ ကြုံသိသည်၌ ကြုံသိရုံမျှ တည်သည်ကိုလဲ ကိုယ်တိုင်ပင် တွေ့ရပါလိမ့်မယ်၊ အဲဒီလို အခါမှာ ကြားတယ်လို့မှတ်တဲ့အခါ ကြားတာရော သိတာရော ချက်ခြင်း ပျောက်သွားတာကို တွေ့လိမ့်မယ်၊ သိတယ်လို့မှတ်တဲ့အခါ သိတာရော မှတ်တာရော ချက်ခြင်းပျောက်သွားတာကို တွေ့လိမ့်မယ်၊ နာတယ် နာတယ် စသည်ဖြင့် မှတ်တဲ့အခါများမှာလဲ နာမှုအစရှိတဲ့ ဝေဒနာရော မှတ်သိတာရော ချက်ခြင်းပျောက်

http://www.dhammadownload.com

သွားတာကို တွေ့လိမ့်မယ်၊ မြင်တယ် မြင်တယ်လို့ စူးစိုက်ပြီ
ရှုမှတ်နေယင် မြင်တာရော မှတ်သိတာရော ချက်ခြင်းပျောက်
ပျောက်သွားတာကို တွေ့လိမ့်မယ်၊ အဲဒလို တွေ့ရတော
"ဖြစ်ပြီး ပျောက်သွားလို့ မမြဲဘူး" လို့ သိတဲ့ အနိစ္စ
နုပဿနာဉာဏ်လဲ ဖြစ်တယ်၊ "ဖြစ်ချည် ပျက်ချည်နဲ့ ဆင်း
ချည်းပဲ" လို့ သိတဲ့ ဒုက္ခာနုပဿနာဉာဏ်လဲ ဖြစ်တယ်
"သူ့သဘောအတိုင်း သူဖြစ်ပျက်နေတဲ့ သဘောတရားမျှပဲ"
လို့ သိတဲ့ အနတ္တာ နုပဿနာလဲ ဖြစ်တယ်၊ အဲဒီလို သိမြင်
တော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း နိစ္စ သုခ အတ္တ အစဲအလမ်း
တွေ ကင်းဝေးတယ်။

ဗဟိယကတော့ ပါရမီထူးရှိတဲ့သူ ဖြစ်တဲ့အတွက် အဲဒီ
တရားနာစဉ်မှာပဲ မြင်မှုကြားမှု သိမှုစသည်ကို ရှုပြီး ထူးခြား
တဲ့ ဝိပဿနာဉာဏ်တွေ သူ့မှာဖြစ်တယ်၊ အစဲအလမ်းတွေ
လဲ ကင်းသွားတယ်၊ အဲဒီလို ဖြစ်ပုံကို မြတ်စွာဘုရားက ဒီလို
ဖော်ပြတော်မူပါတယ်။

ဗဟိယ သင့်မှာ မြင်သည့်၌ မြင်ရုံမျှ ကြားသည့်၌ ကြား
ရုံမျှ ရောက်သည့်၌ ရောက်ရုံမျှ ကြံသိသည့်၌ ကြံသိရုံမျှ
အကြောင်အခါ၌ ဖြစ်လိမ့်မည်၊ ထိုအခါ၌ သင်သည် ထို မြင်မှု
စသည်နှင့်တကွ မဖြစ်လတ္တံ့၊ ဗဟိယ အကြောင်အခါ၌ သင်
သည် ထိုမြင်မှု စသည်နှင့်ကင်္ဘ မဖြစ်လတ္တံ့၊ ထိုအခါ သင်
သည် ထိုမြင်မှုစသည်၌ မတည်လတ္တံ့၊ (ထိုမြင်မှု စသည်တို့၌

http://www.dhammadownload.com

"ငါ့ဟာပဲ, ငါပဲ, ငါ့အတ္တပဲ" ဟု တဏှာမာန ဒိဋ္ဌိတို့ဖြင့် ငြိတွယ်လျက်ဘည်းသည် မဖြစ်လတံ့ ဟူ၍ ဆိုလိုကြောင်း အဋ္ဌကထာ၌ ဖွင့်ပြထား၏။)

တတော တံ့ ဗာဟိယ နေဝိဓ နှ ဟုရံ နှ ဥဘယမန္တရေန၊ သေဝန္တော ဒုက္ခဿ=ဗာဟိယ ဗာဟိယ၊ တတော-ထိုသို့ မြင်မှုစသည်၌ ငြိတွယ်လျက်မတည်သော အခါ၌၊ တံ့-သင်သည်၊ နေဝ ဣဓ-ဤလောက၌လဲ မရှိတော့ပြီ၊ နှ ဟုရံ-အခြားလောက၌လဲ မရှိတော့ပြီ၊ နှ ဥဘယမန္တရေန-ဤလောက အခြားလောက ၂-ပါးလုံး၌လဲ မရှိတော့ပြီ၊ သေဝ-ဤလောက အခြားလောကတို့၌ သင်မရှိတော့ခြင်း ဟူသော ဤ သဘောသည်ပင်လျှင်၊ ဒုက္ခဿ-ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲ၏၊ အန္တော-အဆုံး အပိုင်းအခြား နိဗ္ဗာန် တရားပေတည်း-လို့ဟောတော်မူပါတယ်။

ဒီအနက်အရ ဆိုလိုတာကတော့ မြင်မှုစသည်တို့၌ တဏှာမာန ဒိဋ္ဌိတို့ဖြင့် ငြိတွယ်ခြင်းမရှိယင် ကိလေသာငြိမ်းတာပဲ၊ ကိလေသာကင်းယင် ဤလောက အခြားလောကတို့၌ တည်ရှိနေသည် မမည်တော့ဘူး၊ အဲဒါက ပရိနိဗ္ဗာန် မစံမီ သာဥပါဒိသေသနိဗ္ဗာန်ပဲ၊ ကိလေသာကင်းခြင်းကြောင့် ကံကလဲဘဝသစ် အကျိုးမပေးနိုင်တော့ဘူး၊ ဒါကြောင့် ပရိနိဗ္ဗာန်စုတိမှ နောက်ကာလ၌ ဤလောကမှာလဲ မဖြစ်၊ အခြားလောကမှာလဲ မဖြစ်၊ ဒီလို လောကဆဲ၌ မဖြစ်ခြင်း မရှိခြင်း

http://www.dhammadownload.com

ဟာ အနုပါဒိသေသနိဗ္ဗာန်ခေါ် ဆင်းရဲ၏ အဆုံးပဲလို့ ဆိုလိုတယ်၊ နက်နဲစွ။

ဒီနေရာမှာ ဥဒါန်း အဌကထာက ပြဆိုထားတဲ့ အညွှေ ဝါဒအနက်က သိလွယ်တယ်၊ အဲဒီ အဖွင့်အရဆိုယင် "ဣဓ-ဤ၌" ဆိုတဲ့ စကားအရ မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဆိုတဲ့ အတွင်း အာယတန ၆-ပါးကို ယူရတယ်၊ "ဟုရံ-ဟိုဠ် - အခြားဠ်" ဆိုတဲ့ စကားအရ အဆင်း အသံ အနံ့ အရသာ အတွေ့ သဘော ဆိုတဲ့ အပြင် အာယတန ၆-ပါးကို ယူရတယ်၊ "နဥဘယမန္တရေန-ထို နှစ်ပါးကို ကြဉ်၍လဲ မရှိ" ဆိုတဲ့ စကားဖြင့် ဝိညာဏ် ၆-ပါးနှင့် ယှဉ်ဘက် စေတသိက်များမှာလဲ မရှိလို့ ယူရတယ်၊ အပေါင်းလိုက် အားဖြင့် ဆိုလိုတာကတော့ မြင်မှုစသည်၌ အစွဲအလမ်း ကင်း၍ ဝိပဿနာဉာဏ်ရင့်တဲ့အခါ နိဗ္ဗာန်ကို မျက်မှောက် တွေ့မြင်ရတယ်၊ အဲဒီလို နိဗ္ဗာန်အငြိမ်းဓာတ်ကို တွေ့ရတဲ့အခါ မျက်စိ အစရှိသော အတွင်း အာယတနများသို့ ရောက်နေ သည်ကိုလဲ မတွေ့ရဘူး၊ (အဲဒါကို နေဝိဓ-ဤ၌လဲ သင်မရှိလို့ ဆိုတယ်) အဆင်း စသော အပြင် အာယဘနများသို့ ရောက် နေသည်ကိုလဲ မတွေ့ရဘူး၊ အဲဒါကို နဟုရံ-ဟိုဠ်လဲ သင် မရှိလို့ ဆိုတယ်) မြင်သိမှု စသော ဝိညာဏ် ၆-ပါးသို့ ရောက် နေသည်ကိုလဲ မတွေ့ရဘူး၊ (အဲဒါကို နဥဘယမန္တရေန-ထို နှစ်ပါးလုံးကို ကြဉ်၍လဲ သင် မရှိလို့ ဆိုတယ်) အဲဒီလို ဒွါရ အာရုံ ဝိညာဏ်တို့၌ ရောက်နေတဲ့ သင် မရှိခြင်း (ဒွါရ

http://www.dhammadownload.com

အာရုံ ဝိညာဏ်တို့ မထင်ပေါ်ပဲ ကင်းဆိတ်ခြင်း) သဘော သည်ပင် အဆုံးအပိုင်းအခြား နိဗ္ဗာန်ပင် ဖြစ်တယ်လို့ ဆိုလို ပါတယ်။

အဲဒီ အဆိုဟာ ယောဂီတို့၏ နိဗ္ဗာန်တွေ့ပုံနှင့် ကိုက်ညီပါ ပေတယ်၊ ဝိပဿနာ ရှုသူတွေဟာ ဝိပဿနာဉာဏ် မပြည့်စုံ သေးမီက မြင်မှု ကြားမှု ထိမှု သိမှုစသော ဒုါရ အာရုံ ဝိညာဏ်တွေကိုသာ ရှုနေရတယ်၊ ဖြစ်ပျက်တဲ့ သဘောတွေ ကိုသာ ရှုမြင်နေရတယ်၊ ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့ အခါကျတော့ မြင်မှု ကြားမှု ထိမှု သိမှုစသော ဖြစ်ပျက် တရားတွေ ချုပ်ငြိမ်းကင်းဆိတ်တဲ့သဘောထဲသို့ ရောက်သွား တယ်၊ အဲဒါဟာ နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်သွားတာပဲ၊ အဲဒီအခါ မြင်မှု ကြားမှု ထိမှု သိမှုစသော ဒုါရ အာရုံ ဝိညာဏ်တွေ လုံးဝမထင်ပဲ ရှိနေတယ်၊ ဒါကြောင့် အညေ ဝါဒအရ ဖွင့်ပြချက်ဟာ ယောဂီတွေ့၏ တွေ့မြင်ပုံနှင့် ညီ ညွတ်ပြီး ထင်ရှားပေါ်ပါပေတယ်၊ သိလွယ်ပါပေတယ်။

အရှင် ဗာဟိယ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံသည်

ဗာဟိယဟာ မြတ်စွာဘုရား ဟောတော်မူတဲ့ ဒိဿကျဉ်း ချုပ် တရားကို နာနေယင်း မြင်သည့်၌ မြရုံင်မှု ကြားသည့်၌ ကြားရုံမှု ရောက်သည့်၌ ရောက်ရုံမှု သိသည့်၌ သိရုံမှု တည် အောင် ရှုပြီး ရဟန္တာအဖြစ်သို့ ရောက်တော်မူပါတယ်၊ အရှင် ဗာဟိယအား တရားဟော်ပြီးတော့ မြတ်စွာဘုရားဟာ ကြွ

http://www.dhammadownload.com

မြဲပင် ကြွသွားတော်မူပါတယ်၊ အရှင်ဗာဟိယလဲ ရဟန်းပြုဘို့ ပံ့သုကူသက်နှ်း ရှာနေတုန်း သားငယ်ရှိတဲ့ နွားမက ဝှေ့လို့ ပရိနိဗ္ဗာန်စံတော်မူပါတယ်၊ ဒီနေရာမှာ ဥဒါန်းပါဋ္ဌိတော်အဆိုကတော့ (ဂါဝီ တရုဏဝစ္ဆာ) သားငယ်ရှိတဲ့ နွားမက ဝှေ့သတ်တယ်လို့သာ ဆိုပါတယ်၊ အဲဒီပါဌ်၏ အဖွင့် အဋ္ဌကထာမှာတော့ ရန်ငြိုးရှိတဲ့ ဘီလူးမက နွားမယောင်ဆောင်ပြီး ဝှေ့သတ်တယ်လို့ ဖွင့်ပြထားတယ်၊ စူးစမ်းဆင်ခြင်မှုများတဲ့ ယခုခေတ်လူအချို့ကတော့ ပါဋ္ဌိတော်မှာ ရှိတဲ့အတိုင်းကို သာပြီး နှစ်သက်ကြဘွယ်ရှိပါတယ်။

မြတ်စွာဘုရား မြို့မှ အပြင်ထွက်လာတော်မူတဲ့အခါ အရှင်ဗာဟိယ၏ အလောင်းကို တွေ့မြင်တော်မူတယ်၊ အဲဒီအလောင်းကို ညောင်စောင်းဖြင့် သယ်ဆောင်ပြီး မီးသင်္ဂြိုဟ်ရန်၊ အရိုးဓာတ်များကိုလဲ စေတီပထိုး တည်ထားရန် ရဟန်းတော်များအား မိန့်တော်မူပါတယ်၊ သင်တို့၏ သီတင်းသုံးဘော် တဦးဖြစ်တယ်လို့လဲ မိန့်တော်မူပါတယ်၊ ရဟန်းတော်များက မြတ်စွာဘုရား၏ အမိန့်တော်အတိုင်း သင့်လျော်ရာသို့ သယ်ဆောင်ပြီး မီးသင်္ဂြိုဟ်ကြတယ်၊ ထူပခေါ်တဲ့ စေတီပထိုးကိုလဲ တည်ထားကြပါတယ် တဲ့၊ ထူပါရဟ-စေတီတည်ထိုက်တယ် ဆိုတာ ဗုဒ္ဓမြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ စကြဝတေးမင်း - ဒီ လေးဦးသာရှိကြောင်း မဟာပရိနိဗ္ဗာန သုတ်မှာ ဟောထားတယ်၊ ဒါကြောင့် ရဟန်းတော်များက

http://www.dhammadownload.com

ဗာဟိယဟာ ဘယ်လိုဂတိသို့ ရောက်သွားပါသလဲလို့ မေးလျှောက်ကြတယ်၊ မြတ်စွာဘုရားက ဗာဟိယဟာ အရဟတ္တမဂ်ဖိုလ်တရားကို ရပြီး ပရိနိဗ္ဗာန်ပြုသွားကြောင်း မိန့်တော်မူပြီးတော့ အဲဒီ အရှင်ဗာဟိယ၏ အနုပါဒိသေသနိဗ္ဗာန်ကို အကြောင်းပြုပြီးတော့ ဥဒါန်းကျူးတော်မူပါတယ်။

ယတ္ထ အာပေါ စ ပထဝီ၊
တေဇော ဝါယော န ဂါဓတိ။
န တတ္ထ သုက္ကာ ဇောတန္တိ၊
အာဒိစ္စော နပ္ပကာ သတိ။
န တတ္ထ စန္ဒိမာ ဘာတိ၊
တမော တတ္ထ န ဝဇ္ဇတ။

ယဒါ စ အတ္တနာ ဝေဒိ၊ မုနိ မောနေန ဗြာဟ္မဏော။
အထ ရူပါ အရူပါ စ၊ သုခဒုက္ခာ ပမုစ္စတိ။

ယတ္ထ-အကြင် နိဗ္ဗာန်အရပ်၌၊ အာပေါ စ ပထဝီ-ရေစာတ်လည်း မတည်ရှိ၊ မြေစာတ်လည်း မတည်ရှိ၊ တေဇော ဝါယော န ဂါဓတိ-မီးစာတ် လေစာတ်လည်း မတည်ရှိ၊ တတ္ထ-ထိုနိဗ္ဗာန်အရပ်၌၊ သုက္ကာ-ဂြိုဟ်နှင့် ကြယ်တာရာတို့သည်၊ န ဇောတန္တိ-မထွန်းလင်းမတောက်ပကုန်၊အာဒိစ္စော-နေသည်၊ နပ္ပကာသတိ-မထွန်းလင်းပေ၊ တတ္ထ - ထိုနိဗ္ဗာန်အရပ်၌၊ စန္ဒိမာ-လသည်၊ န ဘာတိ-မထွန်းလင်းပေ၊ တတ္ထ - ထိုနိဗ္ဗာန်အရပ်၌၊ တမော-အမှောင်သည်၊ န ဝိဇ္ဇတိ-မရှိပေ။

http://www.dhammadownload.com

ယဒါ စ-အကြင် အခါ၌မူ၊ မုနိ-သိတတ်သော ပုဂ္ဂိုလ်သည်၊ မောနေန-အာရဟတ္တမဂ် အသိဉာဏ်ဖြင့်၊ တံ-ရေစောတ်မြေစောတ်မရှိ စသည်ဖြင့် ဆိုခဲ့သော ထို နိဗ္ဗာန်ကို၊ အတ္တနာ အဝေဒိ-ကိုယ်တိုင်သိလေ၏၊ ပြာဟူမကော-သိပြီး၍ မကောင်းမှုကို အပပ္ပြုပြီးသော ရဟန္တာ ဖြစ်လေ၏၊ အထ-ထို့သို့ ရဟန္တာ ဖြစ်ပြီးသောအခါ၌၊ ရူပါ-ရုပ်ရှိသောဘဝမှ၎င်း၊ အရူပါ စ-နာမ်သာရှိသောဘဝမှ၎င်း၊ သုခဒုက္ခာ-ခံစားတတ်သော ချမ်းသာ ဆင်းရဲမှ၎င်း၊ ဝါ-ချမ်းသာ ဆင်းရဲဟူဆိုအပ်သော သင်္ခါရဒုက္ခအပေါင်းမှ၎င်း၊ ပမုစ္စတိ-လုံးဝ လွတ်မြောက်လေတော့သတည်း။

အဲဒါဟာ အရှင် ဗာဟိယ၏ အနုပါဒိသေသနိဗ္ဗာနဓာတ် ဖြင့် ပရိနိဗ္ဗာန်ဝင်စံခြင်းကို အကြောင်းပြုပြီး မြတ်စွာဘုရားက ပီတိသောမနဿ အစွမ်းဖြင့် ဥဒါန်း ကျူးတော်မူပုံပါပဲ၊ နွားဝှေ့ခံရလို့ သေတယ်ဆိုတော့ သာမန်ပုဂ္ဂိုလ်များအမြင် အားဖြင့် ယုတ်ညံ့သော သေခြင်းလို့ ထင်မြင်စရာပဲ၊ သို့သော်လဲ မြတ်စွာဘုရားရှင်၏ ဉာဏ်တော် အမြင်အားဖြင့် အလွန် မြင့်မြတ် ကောင်းမွန်သော သေခြင်းဖြစ်ပါတယ်၊ အရှင်ဗာဟိယ၏ နောက်ဆုံးဘဝတခုတွင် တွေ့ကြုံရသည့် ဆင်းရဲများနှင့် နှိုင်းစာကြည့်ယင်ပင် ဘဝသစ်ရုပ်နာမ်မပေါ်တော့ပဲ ချုပ်ငြိမ်းခြင်းဟာ အလွန်ကောင်းမြတ်သော ချုပ်ငြိမ်းခြင်း ဖြစ်ကြောင်း ထင်ရှားပါတယ်။ အရှင်ဗာဟိယဟာ အရွယ်ရောက်သည့် အချိန်မှစ၍ စားဝတ်နေရေးအတွက်

http://www.dhammadownload.com

ပင်ပန်းဆင်းရဲစွာ ရှာကြံနေခဲ့ရတယ်၊ အသက်ကို စွန့်ပြီး ပင်လယ်ရပ်ခြား သွားရောက်ခဲ့ရတယ်၊ သဘော်ပျက်လို့ ပင်လယ်ထဲမှာ မျောပြီး ဆင်းရဲခဲ့ရတယ်၊ ဗာစောင်တ် ရေငတ် ဘေးဒုက္ခနှင့် တွေ့ကြုံ ခံစားခဲ့ရတယ်၊ ရဟန္တာ မဟုတ်မှန်း သိပါလျက်နဲ့ ရဟန္တာယောင် ဆောင်ပြီး မတရား သဖြင့် အသက်မွေးခဲ့ရတယ်၊ နောက်ကာလမှာ ရဟန္တာမဟုတ်ပါပဲ ရဟန္တာလို့ အထင် အယူမှားခဲ့တယ်၊ မိတ်ဆွေ ဖြဟ္မာက လာပြီး ဩဝါဒမပေးယင် အဲဒီအယူမှား အကျင့်မှားတွေနဲ့ သေရမှာပဲ၊ အဲဒီလို သေသွားယင် အပါယ်ငရဲ ကျရောက်ပြီး အကြီးအကျယ် ဒုက္ခရောက် သွားတော့မှာပဲ။ တခုသော ဘဝတုံးက မိန်းမတယောက်ကို ခေါ်ယူကာ ပျော်ပါးပြီး တော့ သူ့အဖေ ကြီးနှင့်အတူ အဲဒီမိန်းမကို သတ်ပြီး လက်ဝတ် လက်စားဝတ္ထုကို ယူကြတယ်၊ အဲဒီမိန်းမက သူတို့ကို သတ်ပြီး လက်စားချေနိုင်ဘို့ ရန်ငြိုးဖွဲ့ပြီး သေသွားတယ်၊ ဘီလူးမဖြစ်ပြီး သူတို့ကို ဘဝပေါင်း များစွာမှာ လိုက်ပြီး သတ်သတဲ့၊ ယခုနောက်ဆုံး ဘဝမှာလဲ အဲဒီဘီလူးမက နွားမ ယောင်ဆောင်ပြီး ဝှေ့သတ်တဲ့အကြောင်း အဋ္ဌကထာများမှာ ပြဆိုထားပါတယ်။

အဲဒီတော့ ဗာဟိယဟာ အဲဒီဘီလူးမက သတ်လို့ သေခဲ့ရတာတွေလဲ များလှပြီ၊ သူပြုထားတဲ့ မကောင်းမှုကြောင့် အပါယ်လေးပါး ကျရောက်ပြီး ဆင်းရဲဒုက္ခ ခံစားရတာတွေလဲ များလှပြီ၊ အကယ်၍ ရဟန္တာ မဖြစ်သေးယင် အဲဒီလို

http://www.dhammadownload.com

ဆင်းရဲတွေကို မရေမတွက်နိုင်အောင် တွေ့ကြုံခံစား သွားရ ဦးမယ်၊ ယခုတော့ မြတ်စွာဘုရား ဟောတဲ့ အကျဉ်းချုပ် တရားကို နာယင်း ရဟန္တာ ဖြစ်သွားတဲ့အတွက် နွားဝှဲလို့ သေရမေမဲ့ ဘဝသစ် ရုပ်နမ် ခန္ဓာတွေ့ မဖြစ် ပေါ်လာပဲ အပြီးတိုင် ဆင်းရဲငြိမ်းသွားတယ်၊ ဒါကြောင့် မြတ်စွာ ဘုရားက သူ့အတွက် ဆင်ခြင်တော်မူတဲ့ အခါ ဝမ်းမြောက် ဖွယ်တွေကို မြင်တော် မူသောကြောင့် ပီတိ သောမနဿတွေ့ ဖြစ်ပြီး ဥဒါန်းကျူးတော် မူတာပါပဲ။ နောက်တချိန် ကျ တော့ မြတ်စွာဘုရားက အရှင်ဗာဟိယကို ခိပ္ပါဘိညအရာမှာ တေဒင် ဂုဏ်ထူးဖြင့်လဲ ချီးကျူးတော်မူပါတယ်။

ဥဒါန်းဂါထာနဲ့ စပ်ပြီးပြောစရာကတော့ ပြည့်စုံလောက် ပါပြီ။ ယခုမြင်မူ စသည်နှင့်စပ်ပြီး ဝိပဿနာရှုယင်း အငြိမ်း ခံတော် နိဗ္ဗာန်ဆောက်ပုံကို ဟောရဦးမယ်။ အာယတန ၂-ပါး ၂-ပါး ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်တွေ့မြင်ပုံကို သဋ္ဌာယတနသံယုတ် ပါဠိတော်(နှာ ၃၁၇)မှာ ဒီလိုဟောထားပါတယ်။

မျက်စိနှင့် ရူပသညာချုပ်လျှင် နိဗ္ဗာန်

တသ္မာ တိဟ ဘိက္ခဝေ ဣမ အာယတနေ ဝေဒိ-
တဗ္ဗေ။ယတ္ထ စက္ခုဉ္စ နိရုဇ္ဈတိ၊ ရူပသညာ စ နိရုဇ္ဈတိ၊
ဣမ အာယတနေ ဝေဒိတဗ္ဗေ။

ဘိက္ခဝေ-ရဟန်းတို့၊တသ္မာ(နိဗ္ဗာန်ကိုမသိသေးလျှင် စိတ် ကို သတိဖြင့် စောင့်ရှောက်ရခြင်း၊ သိပြီးလျှင် မူကား စောင့်

http://www.dhammadownload.com

ရှောက်ရန် မလိုတော့ခြင်း ဟူသော) ထိုအကြောင်းကြောင့်၊ သေ အာယတနေ-နိဗ္ဗာန်ဟူသော ထိုအာရုံ အကြောင်းကို၊ ဝေဒိတဗ္ဗေ- သိအပ်၏၊ ဝါ-သိအောင် အားထုတ် အပ်၏၊ ယတ္ထ-အကြင်နိဗ္ဗာန်၌၊ စက္ခု စ နိရုဇ္ဈတိ-မျက်စိ အကြည်ရုပ် သည်လည်းချုပ်၏၊ ရူပသညာ စ နိရုဇ္ဈတိ-အဆင်းကို မှတ် သားမှုသည်လည်း ချုပ်၏၊ သေ အာယတနေ- စက္ခုနှင့် ရူပသညာတို့၏ ချုပ်ရာ နိဗ္ဗာန်ဟူသော ထိုအာရုံအကြောင်းကို၊ ဝေဒိတဗ္ဗေ-သိအပ်၏၊ ဝါ-သိအောင် အားထုတ်အပ်၏-တဲ့။

ဒါက မြင်တာကို ရှုသိပြီး နိဗ္ဗာန်တွေ့မြင်ပုံပဲ။ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိုတယ် မြင်တယ် ကြားတယ် စသည်ဖြင့် ထင်ရှားပေါ်ရာ ပေါ်ရာကို မပြတ်ရှုမှတ်နေသော ယောဂီမှာ ဘင်္ဂဉာဏ် စသည်ရောက်နေတဲ့အခါ မြင်တာကို ရှုမှတ်မိယင် မြင်တာရော မြင်ရတာရော မှတ်သိတာရော ချက်ခြင်းပင် ပျောက်ပျောက်သွားတာကိုသာ တွေ့နေရတယ်။ ဒါကြောင့် မျက်စိနှင့်တကွတကိုယ်လုံးဘက်က နေ ကြည့်ယင်လဲ မြဲတဲ့အနေ ငါဖောင်အနေနဲ့ စဲလမ်းစရာမရှိဘူး၊ မြင်ရတဲ့အဆင်းဘက်က နေ ကြည့်ယင်လဲ မြဲတဲ့အနေ ပုဂ္ဂိုလ်သက္ကဝါအနေနဲ့ စဲလမ်းစရာမရှိဘူး၊ မြင်သိတဲ့ဘက် မှတ်သိတဲ့ဘက်က နေကြည့်ယင်လဲ မြဲတဲ့အနေ ငါဖောင်အနေနဲ့ စဲလမ်းစရာမရှိဘူး၊ အဲဒီလိုရှုသိနေယင်းထဲက သခ်ါရုပေက္ခာဉာဏ် ကောင်းကောင်း ရင့်သန်ပြည့်စုံတဲ့အခါ မြင်တာကို ရှုသိယင်းပင် ရုပ်

http://www.dhammadownload.com

နာမ်သဒ်ါရ လုံးဝချုပ်ငြိမ်းတဲ့သဘောထဲ ရောက်သွားတယ်၊ အဲဒီလို ရောက်သွားတဲ့အခါမှာ မျက်စိနှင့် တက္ခ တကိုယ်လုံး ရုပ်တွေလဲ မရှိတော့သလိုပင် ထင်ရတယ်၊ အဲဒီလို ထင်ရပုံကို "စက္ခု စ နရုဇ္ဈတ=မျက်စလ ချုပတယ လို့ ဆုတယ။ နောက်ပြီးတော့ အဲဒီအခါမှာ မြင်ရတဲ့အဆင်းရော မြင်သိစိတ်နဲ့ အမှတ်သညာရော ရှုသိတာရော ကင်းပြတ်သွားတဲ့အနေနဲ့ ထင်တယ်၊ အဲဒီလို ထင်တာကို "ရူပသညာ စ နိရုဇ္ဈတိ=အဆင်းမှတ်သားတဲ့ ရူပသညာလဲ ချုပ်တယ" လို့ ဆိုတယ။ အဲဒါဟာ သညာကို ခေါင်းတပ်ပြီး ဆိုတဲ့စကားပဲ၊ ဒါကြောင့် အဆင်း ရူပါယတနံ ချုပ်တာကိုလဲ ယူရတယ်၊ သညာနှင့် ယှဉ်ဘက် မြင်သိစိတ်ကိုလဲ ယူရတယ်၊ အဲဒါ ရှုသိမှုကိုလဲ ယူရတယ်။ လိုရင်းကတော့ မျက်စိဆိုတဲ့စက္ခာယတနနှင့် အဆင်းဆိုတဲ့ ရူပါယတနံ-ဒီအာယတန ၂-ပါးချုပ်တာကို ဆိုလိုရင်းပါဘဲ။ ဒါကြောင့် ဥပရိပဏ္ဏာသပဉ္စတ္တယဲသုတ်အဖွင့် အဋ္ဌကထာမှာ "ဇတ္ထ- (ယတ္ထ စက္ခု စ နိရုဇ္ဈတိ၊ ရူပသညာ စ နိရုဇ္ဈတိ၊ သေ အာယတနေ ဝေဒိ-တမ္ပေ-ဟူသော) ဤစကားရပ်၌၊ ဒိုနှံ့ အာယတနာနံ ၂-ပါး သော အာယတန တို့ကို၊ ပဋိက္ခေပန-ပယ်ခြင်းဖြင့်၊ ဝါ-ချုပ်သည် ကင်းသည်ဟု ဆိုခြင်းဖြင့်၊ နိဗ္ဗာနံ ဒဿိတံ-နိဗ္ဗာန်ကို ပြတော်မူအပ်ပေသည်" လို့ ဖွင့်ပြထားပါတယ်။အဲဒါကို ဋီကာမှာ ပဂ္ဂလဇ္ဈာသယ အားဖြင့် ဟောတယ်လို့လဲ ဆိုပါတယ်၊ ချုပ်ခြင်း၏အကြောင်းကို နိဗ္ဗာန်လို့လဲ ဆိုပါ

http://www.dhammadownload.com

တယ်၊ သာမန်အငြိမ်းဓာတ်ကိုပင် အကြောင်းအဖြစ်ဖြင့် ဆို တယ်လို့ ယူရမှာပဲ။ အမှန်စင်စစ်အားဖြင့်တော့ အဲဒီလို ချုပ်ရာရောက်နေတဲ့အချိန်မှာ နားရုပ် အသံရုပ် ကြားသိမှု စသော အခြားရုပ်နာမ်တွေလဲ အားလုံးပင် ချုပ်ငြိမ်းကင်း ဆိတ်တဲ့အနေအားဖြင့် ထင်ပါတယ်၊ ဒါပေမဲ့ မြင်သိတာကို ရှယ်ဉ်း ချုပ်ငြိမ်းရာရောက်သွားခြင်း ဖြစ်တဲ့အတွက် အဲဒီလို ရောက်ပုံကို သိရတဲ့ ပုဂ္ဂိုလ်၏အလိုအားဖြင်း မျက်စိနဲ့ ရှုပ-သည်ဟာ ချုပ်ပုံကိုသာ ဖေါ်ပြထားတယ်လို့ မှတ်ယူရပါတယ်။ နားနှင့် သဒ္ဒသည်ဟာ ချုပ်ပုံစသည်ကို ပြရာမှာလဲ နည်းတူပါပဲ။

ကြားသိရှုပြီး အငြိမ်းဓာတ်တွေ့ပုံ

ယတ္ထ သောတဉ္စ နိရုဇ္ဈတိ၊ သဒ္ဒသညာစ နိရုဇ္ဈတိ၊
သေ အာယတနေ ဝေဒိတဗ္ဗေ။

ယတ္ထ-အကြင်နိဗ္ဗာန်၌၊ သောတဉ္စ နိရုဇ္ဈတိ-နဲ့ဘားအကြည် ရုပ်သည်လည်း ချုပ်၏၊ သဒ္ဒသညာ စ နိရုဇ္ဈတိ-အသံမှတ် သားမှုသည်လည်း ချုပ်၏၊ သေ အာယတနေ - နဲ့ဘားနှင့် အသံ မှတ်သားမှုတို့၏ ချုပ်ရာ နိဗ္ဗာန်ဟူသော ထို အာရုံ အကြောင်းကို၊ ဝေဒိတဗ္ဗေ-သိအောင်အားထုတ်အပ်၏-တဲ့။

ဒါက ကြားတာကို ရှုသိပြီး နိဗ္ဗာန်တွေ့မြင်ပုံပဲ။ သန်ါရှ-ပေက္ခာဉာဏ် ရင့်သန်ပြည့်စုံ နေတဲ့အခါ အသံ တခုခုကို

http://www.dhammadownload.com

ကြားရယင် အဲဒီကြားတာကို မှတ်သိပြီးလျှင်ပြီးချင်း ချုပ် နာမ်သင်္ခါရ လုံးဝချုပ်ငြိမ်းတဲ့ သဘောထဲ ရောက်သွားတတ် တယ်၊ အဲဒီလို ရောက်သွားတဲ့အခါမှာ နားနှင့်တကွ တကိုယ် လုံးရုပ်တွေ မရှိတော့သလိုလဲ ထင်ရတယ်၊ ကြားသိတာ မှတ်သိတာမတွေ့လဲ မရှိတဲ့အနေနဲ့ ထင်ရှားတယ်။ အဲဒါကို "နားနှင့် အသံမှတ်သားမှုချုပ်ရာ နိဗ္ဗာန်" လို့ ဒီအပိုဒ်က ပြတယ်။

နံသိရှုပြီး အငြိမ်းဓာတ်တွေ့ပုံ

ယတ္ထ ဃာနဉ္စ နိရုဇ္ဈတိ၊ ဂန္ဓသညာ စ နိရုဇ္ဈတိ၊ သေ အာယတနေ ဝေဒတဇ္ဇေ။

ယတ္ထ-အကြင်နိဗ္ဗာန်၌၊ ဃာနဉ္စ နိရုဇ္ဈတိ-နှာအာကြည့်ရုပ် သည်လည်း ချုပ်၏၊ ဂန္ဓသညာ စ နိရုဇ္ဈတိ-အနံ့မှတ်သား မှုသည်လည်း ချုပ်၏၊ သေ အာယတနေ-နှာနှင့် အနံ့မှတ် သားမှုတို့၏ ချုပ်ရာ နိဗ္ဗာန်ဟူသော ထိုအာရုံအကြောင်းကို၊ ဝေဒိတဇ္ဇေ-သိအောင် အားထုတ်အပ်၏-တဲ့။

ဒါက နံသိတာ ရှုသိပြီး နိဗ္ဗာန်တွေ့မြင်ပုံပဲ၊ သင်္ခါ ရုပေကဂ္ဃာဉာဏ် ရင့်သန်ပြည့်စုံနေတဲ့အခါ အနံ့တခုခုကို နံသိ ပြီး, အဲဒါကို ရှုသိပြီးတဲ့အခါ ရုပ်နံ့မသင်္ခါရ လုံးဝ ချုပ် ငြိမ်းတဲ့ သဘောထဲ ရောက်သွားတာလဲ ရှိနိုင်တယ်၊ အဲဒီလို ရောက်သွားယင် နှာခေါင်းနှင့်တကွ တကိုယ်လုံး ရုပ်တွေ ရော နံသိရတဲ့ အနံ့ရော နံသိတာ မှတ်သိတာရော အကုန်လုံး

http://www.dhammadownload.com

ချုပ်ငြိမ်းကင်းဆိတ်သွားသည့် အနေဖြင့် သိရလိမ့်မယ်၊ အဲဒီလို သိရတာကို "နှာခေါင်းနှင့် အနံ့မှတ်သားမှု ချုပ်ရာနိဗ္ဗာန်"လို့ ဒီအပိုဒ်က ပြတယ်။

စားသိရှုပြီး အငြိမ်းဓာတ်တွေ့ပုံ

ယတ္ထ ဇိဝှါ စ နိရုဇ္ဈတိ၊ ရသသညာ စ နိရုဇ္ဈတိ။
သေ အာယတနေ ဝေဒိတဗ္ဗေ။

ယတ္ထ-အကြင် နိဗ္ဗာန်၌၊ ဇိဝှါ စ နိရုဇ္ဈတိ-လျှာအကြည်ရုပ်သည်လည်း ချုပ်၏၊ ရသသညာ စ နိရုဇ္ဈတိ-အရသာမှတ်သားမှုသည်လည်း ချုပ်၏၊ သေ အာယတနေ-လျှာနှင့် အရသာ မှတ်သားမှုတို့၏ ချုပ်ရာ နိဗ္ဗာန်ဟူသော ထို အာရုံအကြောင်းကို၊ ဝေဒိတဗ္ဗေ-သိအောင် အားထုတ်အပ်၏-တဲ့။

ဒါက စားနေစဉ် အရသာသိတာကို ရှုသိပြီး နိဗ္ဗာန်တွေ့မြင်ပုံပဲ၊ သင်္ခါရုပေက္ခာဉာဏ် ရင့်သန်ပြည့်စုံနေတဲ့အခါ စားဖသောက်နေယင်း ရိုးရိုးသေသေ ရှုမှတ်နေတဲ့ ယောဂီမှာ အရသာပေါ်တာ, သိတာကို ရှုမှတ်ပြီး ရုပ်နာမ်သင်္ခါရ လုံးဝ ချုပ်ငြိမ်းတဲ့ သဘောထဲ ရောက်သွားနိုင်တယ်၊ အဲဒီလို ရောက်နိုင်ပုံကို သမ္မာညပိုင်းအဖွင့် သီလက္ခန် အဋ္ဌကထာ သတိပဋ္ဌာနသုတ် အဋ္ဌကထာမျှားမှာ ဒီလို ပြထားတယ်။

ဒေသာ ဘိက္ခု- (ငမ်းပူလောင်၍ ဆုမ်းခံသွားစဉ်က မရှုနိုင်, ယာဂု အနည်းငယ်သောက်ရသည်မှစ၍ ရှုနိုင်သော)

http://www.dhammadownload.com

ဤသို့သော ရဟန်းတို့သည်၊ ယာဂုံ ပိဝိတွာ-ယာဂုဆန်ပြုတ်ကို သောက်လျက်၊ ဝိပဿနံ အာရဘိတွာ - ဝိပဿနာကို အားထုတ်ကုန်၍၊ ဗုဒ္ဓသာသနေ - ဘုရားသာသနာတော်၌၊ အရဟတ္တံ ပတ္တာ နာမ-ရဟန္တာအဖြစ်သို့ရောက်သော ပုဂ္ဂိုလ်တို့ မည်သည်၊ ဂဏနပထံ ဝီတိဝတ္တာ - ရေတွက်နိုင်သည့် နယ်ပယ်ကို ကျော်လွန်ကြလေပြီ၊ ဝါ-မရေတွက်နိုင်အောင် များပြားကြလေပြီ-တဲ့၊ နောက်ပြီးတော့ သီဟိုဠ်မှာ ထိုထို ရွာများက ဆွမ်းစားဇရပ်တို့၌ ယဲ့ဂုသောက်ယင်း ရဟန္တာ မဖြစ်ဘူးတဲ့ နေရာရယ်လို့ တောင် မရှိဘူးတဲ့၊ ဒီလိုလဲ အဋ္ဌကထာများမှာ ပြဆိုထားပါတယ်။

အဲဒီလို စားသောက်နေယင်း အငြိမ်းခံတော်သို့ ရောက်တဲ့ ပုဂ္ဂိုလ်များမှာ လျှာနှင့်တက္ခ တကိုယ်လုံးရော အရသာရော အရသာသိဇာရော ရှုမှတ်သိတာရော အကုန်လုံး ချုပ်ငြိမ်းကင်းဆိတ်သွားသည့် အနေဖြင့် ထင်ရတယ်၊ အဲဒီလို ထင်ရသိရတာကို " လျှာနဲ့ အရသာ မှတ်သားမှု ချုပ်ငြိမ်းရာ နိဗ္ဗာန်"လို့ ဒီအပိုဒ်က ပြတယ်။

ထိသိရှုပြီး အငြိမ်းခံတော်တွေ့ပုံ

ယံတ္ထ ကာယော စ နိရုဇ္ဈတိ၊ ဖောဋ္ဌဗ္ဗသညာ စ နိရုဇ္ဈတိ၊ သေ အာယတနေ ဝေဒိတဗ္ဗေ။

ယတ္ထ-အကြောင် နိဗ္ဗာန်၌၊ ကာယော စ နိရုဇ္ဈတိ-ကိုယ်အကြည်ရုပ်သည်လည်း ချုပ်၏၊ ဖောဋ္ဌဗ္ဗသညာ စ နိရုဇ္ဈတိ-

http://www.dhammadownload.com

အတွေ့ အထိ မှတ်သားမှုသည်လည်း ချုပ်၏၊ သေ အာယတနေ-ကိုယ်အကြည်နှင့် အတွေ့အထိ မှတ်သားမှုတို့၏ ချုပ်ရာ နိဗ္ဗာန်ဟူသော ထို အာရုံအကြောင်းကို၊ ဝေဒိတဗ္ဗေ-သိအောင်အားထုတ်အပ်၏-တဲ့-

ဝိပဿနာရှုသူမှာ ထိသိမှုကတော့ အမျှားဆုံး ရှုမှတ်ရတဲ့အာရုံပဲ၊ ဒါကြောင့် သန်ဓါရုပေကွာဉာဏ် ရင့်သန်ပြည့်စုံနေတဲ့အခါ ကိုယ်ထဲက ထိ သိမှုတခုခုကို ရှုနေယင်း ရုပ်နာမ်သန်ဓါရ လုံးဝချုပ်ငြိမ်းတဲ့သဘောထဲ ရောက်သွားတတ်တယ်၊ အဲဒီလို ရောက်သွားတဲ့အခါ ထိရာဌာနက ကိုယ်အကြည် ရုပ်နှင့်တကွ တကိုယ်လုံး ရုပ်တွေရော ထိသိရတဲ့ အတွေ့ရုပ်ရော ထိသိတာ မှတ်သိတာရော အကုန်လုံး ချုပ်ငြိမ်းကင်းဆိတ်သွားသည့် အနေဖြင့် သိရတယ်၊ အဲဒီလို သိရတဲ့ ချုပ်ငြိမ်းမှုသဘောကို "ကိုယ်အကြည်နှင့် အတွေ့အထိ မှတ်သားမှုချုပ်ရာ နိဗ္ဗာန်"လို့ ဒီအပိုဒ်က ပြတယ်။

အသိစိတ်ရှုပြီး အငြိမ်းဓာတ်တွေ့ပုံ

ယတ္ထ မနော စ နိရုဇ္ဈတိ၊ ဓမ္မသညာ စ နိရုဇ္ဈတိ၊ သေ အာယတနေ ဝေဒိတဗ္ဗေ။

ယတ္ထ-အကြင် နိဗ္ဗာန်၌၊ မနော စ နိရုဇ္ဈတိ - မနောဓာတ်နှလုံးသည်လည်း ချုပ်၏၊ ဓမ္မသညာ စ နိရုဇ္ဈတိ - သဘော အာရုံမှတ်သားမှုသည်လည်း ချုပ်၏၊ သေ အာယတ

http://www.dhammadownload.com

နေ-မနနှင့် ဓမ္မသညာတို့၏ ချုပ်ရာ နိဗ္ဗာန်ဟူသော ထိုအာရုံအကြောင်းကို၊ ဝေဒိတဗ္ဗေ-သိအောင် အားထုတ်အပ်၏-တဲ့။

ဒါက စိတ်အသိကို ရှုပြီး နိဗ္ဗာန်တွေ့မြင်ပုံပဲ၊ ဒီလို တွေ့မြင်တာကတော့ အများဆုံးဖြစ်ဖွယ် ရှိပါတယ်။ ယောဂီမှာ သင်္ခါရုပေက္ခာဉာဏ် ရင့်သန်တဲ့အခါ ပေါ်ရာပေါ်ရာ ရှုနေယင်းထဲက အာရုံကြမ်းတွေ ပျောက်ပြီး သိမ်မွေ့တဲ့အာရုံများသာ ပေါ်နေတတ်တယ်၊ ကိုယ်ကြီးတခုလုံး ပျောက်ပြီး ထိသိရာကလေးများသာ ထင်ပေါ်နေတတ်တယ်၊ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် စသည်ဖြင့် ရှုမှတ်နေယင်း ဖောင်းတာ ပိန်တာတွေ ပျောက်ပြီး ထိတာ သိတာကိုသာ ရှုနေရတတ်တယ်၊ ထိတာလဲ ပျောက်ပြီး အသိကလေးကိုသာ "သိတယ် သိတယ်"လို့ ရှုနေရတတ်တယ်၊ အဲဒီ အသိကလေးကို ရှုသိနေယင်း ရုပ်နာမ်သင်္ခါရ လုံးဝချုပ်ငြိမ်းရာ ရောက်သွားတတ်တယ်၊ အဲဒီလို ရောက်သွားတဲ့အခါ အသိစိတ်ရော သိစရာအာရုံရော မှတ်သိတာရော အကုန်လုံး ချုပ်ငြိမ်း ကင်းဆိတ်သွားသည့်အနေဖြင့် သိရတယ်၊ အဲဒီလို သိရတဲ့ ချုပ်ငြိမ်းမှုသဘောကို "စိတ်နှလုံးနှင့် သဘောအာရုံ မှတ်သားမှုချုပ်ရာ နိဗ္ဗာန်"လို့ ဒီအပိုဒ်က ပြတယ်။

အာယတန ၆-ပါးချုပ်တာ နိဗ္ဗာန်ပဲ

ယခု ထုတ်ပြတဲ့ သံယုတ်ပါဋ္ဌိမှာ တပိုဒ် တပိုဒ်ဖြင့် အာယတန ၂-ပါး, ၂-ပါးချုပ်ခြင်း သဘောကိုပင် နိဗ္ဗာန်လို့

http://www.dhammadownload.com

ပြတယ်၊ ဒါကြောင့် ပဋ္ဌာတ္တယသုတ်အဖွင့် အဋ္ဌကထာမှာ "ဒ္ဝိန္နံ အာယတနာနံ ပဋိက္ခေပေန-အာယတန ၂-ပါးတို့ကို ပယ်သောအားဖြင့်၊ နိဗ္ဗာနံ-နိဗ္ဗာန်ကို၊ ဒဿိတံ-ပြတော်မူအပ်သည်"လို့ ဖွင့်ပြထားတာပဲ၊ အဲဒီ အဖွင့်နှင့်အညီ စာပိုဒ်အသီးအသီးမှာ ဖော်ပြခဲ့ပြီ၊ အဲဒီစာ ၆-ပိုဒ် တာသုတ်လုံးဖြင့် ဆိုယင်တော့ အာယတနအားလုံး ချုပ်ငြိမ်းရာ ချုပ်ငြိမ်းခြင်းသဘောကို နိဗ္ဗာန်လို့ ဖော်ပြပါတယ်၊ ဒါကြောင့် ဒီသုတ်ကို ဝေဘန်တော်မူတဲ့ အရှင် အာနန္ဒာမထေရ်မြတ်က-

သဠာယတန နိရောဓံ နော်ဝေတံ အာဝုသော ဘဂဝတာ သန္ဓာယ ဘာသိတံ-လို့ ဝေဘန်ဖွင့်ပြတော်မူပါတယ်။

အာဝုသော-ငါ့ရှင်တို့၊ သဠာယတန နိရောဓံ- ၆-ပါးသော အတွင်းအာယတန (၆-ပါးသော အပြင်အာယတန) တို့၏ ချုပ်ရာ ချုပ်ခြင်းသဘော နိဗ္ဗာန်ကို၊ သန္ဓာယ-ရည်တော်မူ၍၊ ဘဂဝတာ-မြတ်စွာဘုရားသည်၊ ဇတံ-(တသ္မာတိဟ ဘိက္ခဝေ သေ အာယတနေ ဝေဒိတဗ္ဗေ-အစရှိသော) ဤသုတ်ကို၊ နော-ငါတို့အား၊ ဘာသိတံ-ဟောကြားတော်မူအပ်ပေသည်-လို့ အရှင် အာနန္ဒာမထေရ်မြတ်က ဖွင့်ပြတော်မူပါတယ်။

အာဝုသော-ငါ့ရှင်တို့၊ သဠာယတန နိရောဓံ- ၆-ပါးသော အတွင်းအာယတန (၆-ပါးသော အပြင်အာယတန) တို့၏ ချုပ်ရာ ချုပ်ခြင်းသဘော နိဗ္ဗာန်ကို၊ သန္ဓာယ-ရည်တော်မူ၍၊ ဘဂဝတာ-မြတ်စွာဘုရားသည်၊ ဇတံ-(တသ္မာတိဟ ဘိက္ခဝေ သေ အာယတနေ ဝေဒိတဗ္ဗေ-အစရှိသော) ဤသုတ်ကို၊ နော-ငါတို့အား၊ ဘာသိတံ-ဟောကြားတော်မူအပ်ပေသည်-လို့ အရှင် အာနန္ဒာမထေရ်မြတ်က ဖွင့်ပြတော်မူပါတယ်။

အဲဒီမှာ အတွင်းအာယတန ၆-ပါးဆိုတာ မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဆိုတဲ့ ဒီ ၆-ပါးပါပဲ၊ ဒီ ၆-ပါးကိုပဲ အစဲပြုပြီး ပုဂ္ဂိုလ်သဒ္ဓါဝါ မိန်းမ ယောကျ်ား စသည်ဖြင့်

http://www.dhammadownload.com

သက်ရှိဝေါဟာရ ဖြစ်နေတယ်၊ ဒီ ၆-ပါး ချုပ်သွားယင်, မဖြစ်ပေါ်လာပဲ ကင်းပြတ်သွားယင် အိုခြင်း သေခြင်း စသော ဆင်းရဲတွေ အကုန်ငြိမ်းတော့တာပဲ၊ ဒါကြောင့် ဒီအတွင်း အာယတန ၆-ပါး ချုပ်ငြိမ်းခြင်းဟာ နိဗ္ဗာန်ပါပဲ၊ အပြင် အာယတန ၆-ပါးဆိုတာကတော့ အဆင်း အသံ အနံ့ အရသာ အတွေ့သဘော ဆိုတဲ့ အာရုံ ၆-ပါးပါပဲ၊ အဲဒီ အပြင်အာယတန ၆-ပါးသက်သက်နဲ့တော့ ပုဂ္ဂိုလ် သတ္တဝါအနေဖြင့် မခေါ်ဆိုနိုင်ဘူး၊ ဒါကြောင့် အဲဒီအပြင် အာယတန ၆-ပါး ချုပ်တာကတော့ ဆင်းရဲငြိမ်းရာမှာ လိုရင်းပဓာန မဟုတ်ဘူး၊ ဒါပေမဲ့ အတွင်းအာယတနတွေ ရှိနေယင် အပြင် အာယတနတွေကို အာရုံပြုပြီး ဝိညဉ်ဏ် ဖဿ ဝေဒနာဆိုတဲ့ ဒုက္ခတွေ ဖြစ်ပွါးနေတယ်၊ နောက်ပြီး တော့ အတွင်း အာယဲတနတွေ ချုပ်ယင် အပြင် အာယဲတန တွေလဲ ချုပ်တော့တာပါပဲ၊ ဒါကြောင့် အတွင်း အာယတန် ချုပ်ရာမှာ အပြင် အာယတန ၆--ပါး ချုပ်ခြင်းကိုလဲ ထည့်သွင်းပြီး ယူနိုင်ပါတယ်၊ အဲဒီ အတွင်း အပြင် အာယတနတွေ မဖြစ်ပေါ်လာပဲ ချုပ်ခြင်းဟာ နိဗ္ဗာန်ပါပဲ။

ဗာဟိယသုတ်မှာ ရှုရမည့်တရားကို ဒိဋ္ဌ သုဘ မုတ ဝိညာတဆိုတဲ့ အမည် ၄-ပါးဖြင့် ခဲ့ပြတော်မူတယ်၊ ဒီသံယုတ် ပါဠိမှာတော့ အာယတန ၆-ပါးဖြင့် ၆-မျိုး ခဲ့ပြတော်မူ တယ်၊ အဲဒီ ရှုရမည့်တရားတွေကို ရှုနေယင်း အငြိမ်းစာတ်သို့ ရောက်သွားပုံများကို ရှင်းပြပြီးပါပြီ၊ ဒါပေမဲ့ သာပြီး

http://www.dhammadownload.com

ရှင်းရှင်းလင်းလင်းသိရအောင် မိလိန္ဒပဉ္ဉာပါဠိတော်မှ နိဗ္ဗာန်မျက်မှောက်ပြုပုံ ပြထားတဲ့အဆိုကို ထုတ်ဆောင်ပြီး ဟောရဦးမယ်။

နိဗ္ဗာန်မျက်မှောက်ပြုပုံ

တဿ တံ စိတ္တံ အပရာပရံ မနသိကရောတော ပဝတ္တံ သမတိက္ကမိတ္ဝာ အပ္ပဝတ္တံ ဩက္ကမတိ၊ အပ္ပဝတ္တ-မနုပ္ပတ္တော မဟာရာဇ သမ္မာပဋိပန္နော နိဗ္ဗာနံ သစ္ဆိကရောတိတိ ဝုစ္စတိ။ (မိလိန္ဒ ၃၁၁)

အပရာပရံ မနသိကရောတော-အဆင့်ဆင့် နှလုံးသွင်း ရှုမှတ်နေသော၊ တဿ - ထို ယောဂိပုဂ္ဂိုလ်၏၊ တံ စိတ္တံ-အဆင့်ဆင့်နှလုံးသွင်း ရှုမှတ်နေသော ထိုစိတ်သည်၊ အပရာပရံ မနသိကရောတော - အဆင့်ဆင့် နှလုံးသွင်း ရှုမှတ်နေစဉ်၊ ပဝတ္တံ သမတိက္ကမိတ္ဝာ-မပြတ်ဖြစ်နေသော ရုပ်နာမ်အယဉ်ကို ကျော်လွန်၍၊ အပ္ပဝတ္တံ ဩက္ကမတိ - မပြတ်ဖြစ်နေသော ရုပ်နာမ်အယဉ်၏ ပြောင်းပြန် ဆန့်ကျင်ဘက် သဘောထဲသို့ သက်ရောက်သွားလေတော့သည်-တဲ့။

ဝိပဿနာရှုနေတဲ့ ယောဂိပုဂ္ဂိုလ်ဟာ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် သိတယ် မြင်တယ် ကြားတယ် စသည်ဖြင့် ထင်ရှား ပေါ်ရာပေါ်ရာ လိုက်ပြီး ရှုမှတ်နေရတယ်၊ ရှုမှတ်နေယင်း လျင်မြန်စွာ ပျောက်ပျောက်သွားတာကိုချည်း စတွေ့နေရတော့ အလွန်ပျက်လွယ်တဲ့ သဘောတရား

http://www.dhammadownload.com

တော့ပါကလားလို့ အပြစ်မြင်လာတယ်၊ ငြိုးငွေ့လာတယ်၊ သိမ်းပိုက်မထားလိုတော့ဘူး စွန့်လွှတ်ချင်လာတယ်၊ ပေါ်ပြီး ပျောက်သွား ပေါ်ပြီး ပျောက်သွားနဲ့ မကုန်မဆုံးနိုင်တဲ့ ရုပ်နာမ်အယဉ်ကိုချည်း တွေ့နေရတယ်၊ စွန့်လွှတ်နိုင်အောင် မဆုတ်မနစ် မပြတ်ရှုမှတ်နေတော့ အထူးကြောင့်ကြမစိုက်ရပဲ သိရုံမျှ သိရုံမျှ လစ်လျူရှုနိုင်တဲ့သင်္ခါရပေကွာဉာဏ်ရောက်လာ ပြီ၊ အဲဒီဉာဏ်ရောက်တော့ သိတယ် သိတယ်စသည်ဖြင့် တခုကို ရှုသိပြီးယင် နောက်တခုက အဆင်သင့် ပေါ်လာ တယ်၊ အဲဒါကို ရှုသိပြီးပြန်ယင် နောက်တခုက အဆင်သင့် ပေါ်လာပြန်တယ်၊ အဲဒီလို မကုန်မဆုံးနိုင်အောင် ပေါ် ပေါ်လာတဲ့ ရုပ်နာမ်အယဉ်ကိုချည်း တွေ့နေရတယ်၊ အဖန်ဖန် အဆင့်ဆင့် ရှုသိနေတဲ့စိတ်ဟာ ပေါ်လာပြီး ပျောက်ပျောက် သွားတဲ့ အဲဒီ ရုပ်နာမ်အယဉ်ပေါ်မှာသာ ကျကျနေတယ်၊ အဲဒီလို ကျကျနေယင်းထဲက ကွန်ဒြင်းပါး ညီညွတ်တဲ့အခါ ပေါ်လာတဲ့ ရုပ်နာမ်တခုခုကို ရှုသိလိုက်လို့ အဲဒီအာရုံနှင့် အသိကလေး ပျောက်သွားသည်နှင့် တပြိုင်နက် ရုပ်နာမ် အယဉ် ချုပ်ငြိမ်းပြတ်စဲတဲ့ သဘောသို့ ကျရောက်သွားတယ်၊ အဲဒါဟာ ပဝတ္တဓေါတဲ့ ရုပ်နာမ်အယဉ်ကို ရှုသိနေယင်း အပ္ပဝတ္တဓေါတဲ့ ရုပ်နာမ်အယဉ်၏ ပြောင်းပြန်သဘောထဲ ရောက်သွားတာပါပဲ၊ ရုပ်နာမ်အယဉ်၏ ပြောင်းပြန်ဆိုတော့ အဲဒီရုပ်နာမ်အယဉ် လုံးဝမရှိတော့ပဲ ပြတ်စဲကင်းဆိတ်တဲ့ သဘောပါပဲ။ ဒါကြောင့်-

http://www.dhammadownload.com

တဿ-သခ်ါရုပေကွဲ့ဉာဏ်သို့ ရောက်နေသော ထိုယောဂီ ပုဂ္ဂိုလ်၏၊ တံ စိတ္တံ-အဆင့်ဆင့် နှလုံးသွင်း ရှုမှတ်နေသော ထိုစိတ်သည်၊ အပရာပရံ မနသိကရောတော - အဆင့်ဆင့် နှလုံးသွင်း ရှုမှတ်နေစဉ်၊ ပဝတ္တံ သမတိက္ကမိတွာ-မပြတ်ဖြစ်နေသော ရုပ်နာမ်အယဉ်ကို ကျော်လွန်၍၊ အပ္ပဝတ္တံ သြက္ကမတိ-ရုပ်နာမ်အယဉ်၏ ပြတ်စဲကင်းဆိတ်ခြင်း သဘောသို့ သက်ရောက်သွားလေတော့သည်။ မဟာရာဇ-မိလိန္ဒမင်းကြီး၊ အပ္ပဝတ္တံ အနုပ္ပတ္တော-ရုပ်နာမ်အယဉ်၏ ပြတ်စဲကင်းဆိတ်ခြင်းသို့ ဆိုက်ရောက်သွားသော ယောဂီပုဂ္ဂိုလ်ကို၊ နိဗ္ဗာနံ သစ္ဆိကရောတီတိ-နိဗ္ဗာန်ကို မျက်မှောက်ပြုသည်ဟူ၍၊ စုစ္စတိ-ဆိုရပါသည်-တဲ့။

နိဗ္ဗာန်ကို မျက်မှောက်ပြုတယ် မျက်မှောက်တွေ့မြင်တယ် ဆိုတာ ပဝတ္တခေါ်တဲ့ ရုပ်နာမ်အယဉ်ကို ရှုသိနေယင်း အပ္ပဝတ္တခေါ်တဲ့ ရုပ်နာမ်အယဉ်ပြတ်စဲရာသို့ ရောက်သွားတာပါပဲတဲ့၊အဲဒါဟာ ဒုတိယပိုင်းတုန်းက ဟောခဲ့တဲ့ "ပဝတ္တံ သခ်ါရာ၊ အပ္ပဝတ္တံ နိဗ္ဗာနံ"ဆိုတဲ့ ပဋိသမ္ဘိဒါမဂ် ပါဋိနဲ့လဲ သဘောအားဖြင့် တူပါတယ်၊ အဲဒီတုန်းက "မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်အစဉ်က သခ်ါရ၊ မပြတ်ဖြစ်စဉ်ငြိမ်းမှ နိဗ္ဗာန်"လို့ ဆောင်ပုဒ်ချပေးခဲ့တယ်၊ အဲဒါကို ယခု ထပ်ပြီး ဆိုလိုက်ကြဦးစို့။

မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်အစဉ်က သခ်ါရ၊ မပြတ်ဖြစ်စဉ်ငြိမ်းမှ နိဗ္ဗာန်။

http://www.dhammadownload.com

ဒါကြောင့် အရှင်နာဂသိန်မထေရ်က "မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်အယဉ်ကို ရှုသိနေယင်း အဲဒီ ရုပ်နာမ်အယဉ် ပြတ်စဲကင်းဆိတ်ရာ ရောက်သွားတာကို နိဗ္ဗာန်မျက်မှောက်ပြုတယ်လို့ ဆိုရတဲ့အကြောင်း" မိလိန္ဒမင်းကြီးအား ဟောကြားပါတယ်၊ အဲဒီလို ရုပ်နာမ်အယဉ် ပြတ်စဲကင်းဆိတ်ရာ ရောက်တာကလဲ အကျင့်လမ်းမှန်အတိုင်း ကျင့်ခဲ့ပါမှ ဖြစ်တယ်၊ ဒါကြောင့်-

မဟာရာဇ-မိလိန္ဒမင်းကြီး၊ သမ္မာပဋိပန္နော-ရှေးအဖိုက နည်းလမ်းမှန်စွာ ကျင့်ခဲ့သည်ဖြစ်၍-တဲ့၊ အဲဒီ သမ္မာပဋိပန္နနည်းလမ်းမှန်စွာ ကျင့်ဘိုက အရေးကြီးတယ်၊ အကျင့်လမ်းမမှန်ယင် နိဗ္ဗာန်မရောက်နိုင်ဘူး၊ ဒါကြောင့် သမ္မာပဋိပန္နော-ရှေးအဖိုက နဲည်းလမ်းမှန်စွာ ကျင့်ခဲ့သည်ဖြစ်၍၊ အပွဝတ္တံ အနုပ္ပတ္တော-ရုပ်နာမ်အယဉ် ပြတ်စဲကင်းဆိတ်ခြင်းသို့ ဆိုက်ရောက်သော ယောဂီကို၊ နိဗ္ဗာနံ သစ္ဆိကရောတီတိ-နိဗ္ဗာန်ကို မျက်မှောက်ပြုသူဟူ၍၊ ဝုစ္စတို့-ခေါ်ဆိုရပါတယ် မင်းကြီး-တဲ့၊ အဲဒါ အရှင်နာဂသိန်မထေရ်က မိလိန္ဒမင်းကြီးအား နိဗ္ဗာန်မျက်မှောက်ပြုပုံ မျက်မှောက် တွေ့မြင်ပုံကို ဖြေရှင်းပြတဲ့စကားပါပဲ၊ ယခုအခါ ယောဂီတွေ တွေ့ပုံ သိမြင်ပုံနဲ့ ကိုက်ညီပါတယ်။

အဲဒီစကားထဲမှာ သမ္မာပဋိပန္နော-ရှေးအဖိုက နည်းလမ်းမှန်စွာ ကျင့်ခဲ့တယ်ဆိုတာက အရေးကြီးတယ်၊ ဒါကြောင့်

http://www.dhammadownload.com

ဘယ်လိုကျင့်မှ နည်းလမ်းမှန်တယ်ဆိုတာ အတိုချုပ် ရှင်းပြပါဦးမယ်။

သမ္မာပဋိပန္နနည်းလမ်းမှန်စွာကျင့်ပုံ

ယခုဘဝတွင် နိဗ္ဗာန်ကို မျက်မှောက်တွေ့ရအောင် ကျင့်လိုတဲ့ ပုဂ္ဂိုလ်ဟာ ရှေးဦးစွာ သီလစင်ကြယ်တဲ့ သီလဝိသုဒ္ဓိနှင့် ပြည့်စုံရမယ်၊ လူဝတ်ကြောင်ဆိုယင် စောစောပိုင်းက မပြည့်စုံတောင်မှ တရားအားထုတ်ခါနီးမှာ အောက်ထစ်ဆုံး ငါးပါးသီလ, အာဇီဝဋ္ဌမကသီလကို ဆောက်တည်ရမယ်၊ အဲဒီလို သီလဝိသုဒ္ဓိနှင့် ပြည့်စုံတဲ့အခါမှာ စိတ္တဝိသုဒ္ဓိနှင့် ပြည့်စုံအောင် အားထုတ်ရမယ်၊ ဘယ်လို အားထုတ်ရမှာလဲဆိုယင် - တတ်စွမ်းနိုင်ပါမှု၊ သမထကမ္မဋ္ဌာန်း တခုခုဖြင့် စျာန်တပါး နှစ်ပါး သုံးပါး လေးပါးလုံး ဖြစ်စေရအောင် အားထုတ်ရမယ်၊ ရပြီးတော့လဲ အဲဒီစျာန်ကို အလိုရှိတိုင်း ဝင်စားနိုင်အောင် လေ့လာရမယ်၊ အဲဒီစျာန်ရနေယင် နိဝရဏကင်းပြီး စိတ်စင်ကြယ်တဲ့ စိတ္တဝိသုဒ္ဓိ ပြည့်စုံတယ်၊ အဲဒီစျာန်ကို ဝင်စားပြီးတော့ စျာန်မှတပြီး အဲဒီစျာန်ကိုလဲ ရှုရတယ်၊ ဒုဂါရ-ပါးက ထင်ရှားပေါ်လာသမျှကိုလဲ ရှုရတယ်၊ အဲဒါက ဝိပဿနာပဲ။

စျာန်ရအောင် အားမထုတ်နိုင်ယင်လဲ နိဝရဏကင်းတဲ့ ဥပစာရသမာဓိကိုရအောင် အားထုတ်ရတယ်၊ အဲဒီလို သမထကမ္မဋ္ဌာန်းကို အသီးအခြား အားမထုတ်နိုင်ယင်လဲ မဟာ

http://www.dhammadownload.com

ဘုတ် ခဘတ်ကြီးလေးပါးက စ၍ဖြစ်စေ၊ ခဘတ် ၁၀-ပါးက စ၍ဖြစ်စေ၊ အာယတန ၁၂-ပါးက စ၍ဖြစ်စေ၊ ခန္ဓာငါးပါးက စ၍ဖြစ်စေ၊ ရုပ်နာမ် ၂-ပါးက စ၍ဖြစ်စေ ရှုရဟာပ်၊ အဲဒီလို ရှုတာက သုဒ္ဓဝိပဿနာယာနိက၏ ရှုနည်းတဲ့၊ ဝိသုဒ္ဓိမဂ် ဒိဋ္ဌဝိသုဒ္ဓိနိဒ္ဒေသ အစပိုင်းမှာ ပြထားတဲ့နည်းပါပဲ၊ မဟာသတိပဋ္ဌာနသုတ်ပါဠိတော်အရဆိုယင် ဣရိယာပုထ်လေးပါး, ခဘတ်လေးပါး အစရှိသော ကိုယ်အမူအရာက စ၍ဖြစ်စေ၊ ဝေဒနာ,စိတ်,သဘော, တရားတို့က စ၍ဖြစ်စေ ရှုရတယ်၊ အဲဒီလို ရှုဟော့လဲ ဖြစ်ခိုက်ရုပ်နာမ်ကို ရှုရတယ်၊ ဒါကြောင့် မဟာသတိပဋ္ဌာနသုတ် ပါဠိတော်မှာ "ဂစ္ဆန္တော ဝါ-သွားဆဲဖြစ်လတ်သော်မူလည်း၊ ဝါ-သွားနေဆဲဖြစ်လျှင်မူလည်း၊ ဂစ္ဆာမီတိ-သွားသည်ဟူ၍၊ ပဇာနာတိ-အပြားအားဖြင့် သိ၏၊ ဝါ-ကွဲပြား ပြတ်သားစွာ သိ၏" စသည်ဖြင့် သွားဆဲမှာ သွားတာကို ရှုရန်၊ ရပ်ဆဲ ထိုင်ဆဲ စသည်မှာလဲ ရပ်တာ ထိုင်တာ စသည်ကို ရှုရန် ညွှန်ပြထားပါတယ်၊ အဲဒီလို ရှုလို့ စိတ်ဟာ ဘယ်ကိုမှ မပုံလွှင့်တော့ပဲ ရှုရာ ရှုရာ အာရုံမှာသာ ကပ်ကပ်ပြီး တည်နေယင် စိတ်စင်ကြယ်တဲ့ စိတ္တဝိသုဒ္ဓိ ပြည့်စုံတာပဲ၊ အဲဒီအခါမှာ ကာမစ္ဆန္ဒ အစရှိသော နိဝရဏတွေ ကင်းနေတဲ့အတွက် "စျာန်၏အနီးကပ် ဥပစာရသမာဓိနှင့် အစွမ်းအင်အားတူတဲ့ ဝိပဿနာဉာဏ်က သမာဓိဖြစ်နေတယ်၊ ဥပစာရသမာဓိလို့လဲ ခေါ်ရပါတယ်၊ ဒါကြောင့် အဲဒီ ဝိပဿနာသမာဓိဖြင့်လဲ စိတ္တဝိသုဒ္ဓိ ပြီးစီးပါ

http://www.dhammadownload.com

တယ်၊ စိတ္တဝိသုဒ္ဓိဆိုတာ နီဝရဏကိလေသာတွေနဲ့ မရောပဲ ရှုမှတ်တဲ့ ဘာဝနာစိတ်ချည်း စင်ကြယ်နေတာကို ဆိုတာပါပဲ။

အဲဒီလို စိတ္တဝိသုဒ္ဓိပြည့်စုံတဲ့နောက်မှာ မဟာသတိပဋ္ဌာန သုတ် အစရှိသော သုတ္တန်ဒေသနာတော်များနှင့် အညီ ဒွါရ ၆-ပါးက ထင်ရှား ဖြစ်ပေါ်နေသော ရုပ်နာမ်တရားတွေကို အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာတို့ဖြင့် သိမြင်အောင် မပြတ် ရှုမှတ်နေရတယ်၊ အဲဒီလို ရှုအပ် သိအပ်ပုံကို (ရူပံ အနိစ္စံ-ရုပ်သည် မမြဲ၊ ဝေဒနာ အနိစ္စာ-ဝေဒနာသည် မမြဲ-ဤသို့စသည်ဖြင့်) သုတ်ပေါင်း များစွာတို့မှာ ပြတော်မူပါတယ်။

အဲဒီလို ရှုလို့ ရုပ်နာမ်တရားတွေကို အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာတို့ဖြင့် တကယ် ထင်မြင်ယင် အဲဒီရုပ်နာမ်တွေမှာ မနှစ်သက် မပျော်မွေ့တော့ဘူး၊ ငြီးငွေ့တယ်၊ အဟုတ်တကယ်ငြီးငွေ့တော့ အဲဒီ ရုပ်နာမ်သခ်ါရတွေကို တပ်မက်ခြင်း မရှိပဲ စွန့်နိုင်တယ်၊ စွန့်လိုက်တော့လွတ်မြောက်တဲ့ အရိယဖိုလ် ဖြစ်တယ်၊ အဲဒီလို ဖြစ်ပုံ ကျင့်ပုံ အစဉ်ကို သုတ္တန်တရားတော်များမှာ (ဧဝံ ပဿံ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ-စသည်ဖြင့်)ဖော်ပြထားပါတယ်၊ အဲဒါက သုတ္တန်ပါဠိတော်များမှာ ပြထားတဲ့ ကျင့်စဉ်လမ်းမှန်ပဲ။

အဲဒီ အကျဉ်းချုပ်ပြထားတဲ့ ကျင့်စဉ်ကို ပဋိသမ္ဘိဒါမဂ်စသည်မှာ "နာမရူပပရိစ္ဆေဒဉာဏ်နှင့်ဒိဋ္ဌိဝိသုဒ္ဓိ၊ ပစ္စယပရိဂ္ဂဟ

http://www.dhammadownload.com

ဉာဏ်နှင့် ကခ်ါဝိတရဏဝိသုဒ္ဓိ၊ သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ် ဘယဉာဏ် အာဒီနဝဉာဏ် နိဗ္ဗိန္ဒဉာဏ် မုဉ္စိတုကမျှတာဉာဏ် ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ် အနုလောမဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏဉာဏ် ဆိုတဲ့ ဉာဏ်စဉ်တွေနဲ့ရော၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ အစရှိတဲ့ ဝိသုဒ္ဓိတွေနဲ့ရော” အကျယ် ပြဆိုထားပါတယ်။ အဲဒီ ဉာဏ်စဉ် ဝိသုဒ္ဓိအစဉ်တွေနဲ့ အညီ ကျင့်ခဲ့ဘို့လိုပါတယ်။

တခ်ျို့က ကိုယ်တိုင်လဲ တရားအားမထုတ်ချင်၊ သူစာပါးတွေ အားထုတ်တာလဲ အလိုမရှိတာနဲ့ မပြောသင့်တဲ့စကားကို ပြောကြတယ်၊ ပြောပုံကတော့ “သင်္ခါရတရားတွေကို ဆင်းရဲမှန်းသိနေတာပဲ၊ ရှုနေဘို့ မလိုပါဘူး၊ ဒုက္ခတရားတွေကို ရှုနေယင် ဒုက္ခတွေကိုသာ တွေ့နေမှာပေါ့၊ ဘာမှမရှုပဲ စိတ်ကို စိတ်အတိုင်း ထားလိုက်ယင် ပြီးတာပဲ” စသည်ဖြင့် ပြောကြတယ်၊ အဲဒါကတော့ ဗုဒ္ဓတရားတော်နဲ့ ဆန့်ကျင်ဘက် စကားပါပဲ၊ ရုပ်နာမ်သင်္ခါရတွေကို ဒုက္ခ-ဆင်းရဲတွေပဲလို့ ကြားနာရုံမျှနဲ့ သိနေတယ် ဆိုတာက တကယ်သိတာမဟုတ်ပါဘူး၊ တကယ်ဆင်းရဲထင်ယင် မိမိတို့သန္တာန်မှာ ဖြစ်နေတဲ့ မြင်မှု ကြားမှု စသည်တွေကို မနှစ်သက် မသာယာကြတော့ပဲ ငြီးငွေ့ကုန်မှာပဲ၊ အဲဒီ မြင်မှု ကြားမှု အစရှိတဲ့ သင်္ခါရ ဒုက္ခတွေကို တကယ်စွန့်လွှတ်လိုတဲ့ စိတ်တွေ ဖြစ်ကြမှာပဲ၊ ဒုက္ခတွေကို သိနေပါတယ်ဆိုတဲ့

http://www.dhammadownload.com

ပုဂ္ဂိုလ်ခေတ္တဟာ တကယ်တော့ သူတို့သန္တာန်က ရုပ်နာမ်တွေကို ဆင်းရဲလို့လဲ မထင်ကြပါဘူး၊ ငြီးငွေ့တဲ့လက္ခဏာ စွန့်လိုတဲ့လက္ခဏာလဲ မရှိကြပါဘူး၊ ဒီနေရာမှာ တကယ် ဖြစ်သင့်တဲ့ ငြီးငွေ့ပုံကို အဋ္ဌကထာမှာ ဒီလို ဥပမာနဲ့ ပြထားပါတယ်၊ ပြထားပုံကတော့-

နိဗ္ဗိဒါဉာဏ်ဖြစ်ပုံ ဥပမာ

ငါးဖမ်းတဲ့လူတယောက်ဟာ မြို့ထဲဆောင်းထဲမှာ လက်ဖြင့် နှိုက်ပြီး ငါးကို ဖမ်းယူတယ်၊ ငါးကြီးကို ဖမ်းမိပြီလို့ ထင်ပြီး ဝမ်းမြောက် ဝမ်းသာတယ်၊ ရေပေါ်ထုတ်ပြီး ကြည့်လိုက်တဲ့အခါ လည်ရေသုံးဆင့်ကို မြင်ရတော့ အဆိပ်ပြင်းထန်တဲ့ မြွေဆိုးကြီးမှန်း သိရတယ်၊ အဲဒီအခါ ကြောက်တယ်၊ ဖမ်းပြီးဆုပ်ကိုင်ထားမိကာကို မှားတယ်လို့လဲ မြင်တယ်၊ ဆုပ်ကိုင်မထားလိုတော့ဘူး ငြီးငွေ့တယ်၊ ငြီးငွေ့တော့ လွှတ်ဖို့ကြံတယ်၊မိမိခေါင်းပေါ်မှာသုံးပတ်လောက် လှည့်ရမ်းပြီးဝေးရာသို့ လွှတ်ပစ်လိုက်တယ် စသည်ဖြင့်ပြထားပါတယ်။

ယခု လူတွေ မြင်မှု ကြားမှု အစရှိသော မိမိတို့၏ ရုပ်နာမ်တွေကို ချမ်းသာတယ် ကောင်းတယ်ထင်ပြီး နှစ်သက်ဝမ်းမြောက်နေကြတာဟာ ငါးဖမ်းတဲ့လူက မြွေကို ငါးထင်ပြီး ဆုပ်ကိုင်ထားစဉ်က အားရဝမ်းသာ ဖြစ်နေတာနဲ့ တူတယ်၊ မတူပေဘူးလား၊ တကယ့်ကို တူပါတယ်၊ ဖြစ်ခိုက် ရုပ်နာမ်

http://www.dhammadownload.com

တွေကို ရှုမှတ်လို့ ခဏမစဲ လျင်မြန်စွာ ပျက်နေတာကို တကယ်မတ္ထရတော့ အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ လက္ခဏာရေးသုံးပါးကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်ခဲ့တယ်၊ အဲဒါဟာ မြွေ၏လည်ဇရေးသုံးဆင့်ကို မြင်ပြီး မြွေဆိုးကြီးမှန်း သိတာနဲ့ တူတယ်၊ ရုပ်နာမ်သင်္ခါရတွေဟာ အနိစ္စ ဒုက္ခ အနတ္တ တရားတွေပဲလို့ ကြားနာလို့ သိရုံမျှဖြင့် မြွေဆိုးကြီးလို ကြောက်စရာကောင်းပုံကို တကယ်ထင်နိုင်ပါမည်လား၊ အဲဒီလို ထင်ဘို့ ဝေးပါရဲ့။ ခဏမစဲ ပျက်နေတာကို မြင်ရလို့ ရုပ်နာမ်တွေကို အပြစ်မြင်ပြီး အဲဒီ ရုပ်နာမ်တွေကို သာယာသိမ်းပိုက်မထားလိုတော့ပဲ ငြီးငွေ့တာ စွန့်လိုတာတွေဟာ မြွေဆိုးကြီးကို ဆုပ်ကိုင်မထားလိုတော့ပဲ ငြီးငွေ့တာ စွန့်လွှတ်လိုတာမျှားနဲ့ တူတယ်၊ ရုပ်နာမ်သင်္ခါရတွေဟာ ဆင်းရဲဒုက္ခတွေချည်းပဲလို့ ကြားနာပြီး သိရုံမျှဖြင့် မြွေဆိုးကြီး ဆုပ်ကိုင်ထားရတာ ငြီးငွေ့သလို စွန့်လွှတ်ချင်သလို မိမိတို့သန္တာန်က ရုပ်နာမ်ဒုက္ခမှာ ငြီးငွေ့ကြ စွန့်လိုကြပါမည်လား၊ အဲဒီလို ငြီးငွေ့ဘို့ စွန့်လိုဘို့ ဝေးပါရဲ့။

ဖြစ်ခိုက်ရုပ်နာမ်တွေကို ရှုမှတ်ပြီး ခဏမစဲ လျင်မြန်စွာ ပျက်နေတဲ့ရုပ်နာမ်တွေကို တကယ်သိမြင်တဲ့ ယောဂီမှာတော့ အဲဒီမြွေဆိုးကြီးလိုပင် ကြောက်တယ် အပြစ်မြင်တယ် ငြီးငွေ့တယ် စွန့်လိုတယ်၊ စွန့်နိုင်အောင်လဲ မဆုတ်မနစ် အားထုတ်တယ်၊ သိရုံ သိရုံမျှ လျစ်လျူရှုနိုင်တဲ့ သင်္ခါရပေကွာဉာဏ်

http://www.dhammadownload.com

လဲ ရောက်တယ်၊ ဒီဉာဏ်က အလွန်သိမ်မွေ့ အလွန်ထူးခြား တဲ့ဉာဏ်ပဲ၊ ဒီဉာဏ်ရောက်နေတဲ့ ယောဂီမှာ အစ လေးငါး ဆယ်ချက်လောက်သာ ကြောင့်ကြစိုက်ပေးရတယ်၊ နောက် တော့ အာရုံပေါ်အောင်လဲ ကြောင့်ကြမစိုက်ရဘူး၊ ရှုသိမိ အောင်လဲ ကြောင့်ကြမစိုက်ရဘူး၊ အာရုံတခု တခုကို သိပြီး လျှင် နောက်တခုနောက်ဘခုက အသင့်ပေါ်ပေါ်လာတယ်၊ ပေါ်လာသမျှကိုလဲ အထူးကြောင့်ကြမပြုရပဲ သိ ငုံက် သိ လျက် ဖြစ်နေတယ်၊ သူ့အရှိန်နဲ့သူ သိသိသွားနေတယ်၊ တနာရီ နှစ်နာရီ သုံးနာရီစသည်ဖြင့် အရှိန်မပျက်ပဲ သိသိ သွားနေတယ်၊ ကောင်းတဲ့အာရုံ၌လဲ နှစ်သက်သာယာမှု ဝမ်းသာမှု မဖြစ်ဘူး၊ မကောင်းတဲ့ အာရုံ၌လဲ နှလုံးမသာမှု ခွံ့မှုန်းစက်ဆုပ်မှု မဖြစ်ဘူး၊ အကောင်းအဆိုးကို အညီအမျှ ရှုနိုင်တဲ့ရဟန္တာ ပုဂ္ဂိုလ်၏ ဂုဏ်နှင့် တစ်တစေသအားဖြင့် တူနေတယ်၊ အဲဒီလို အခါမှာ တခြားတပါးကို စိတ်ကူး ကြည့်ယင် စိတ်က တယ်မသွားချင်ဘူး၊ ရှုသိနေကျကိုသာ ပြန်ပြီး ရှုသိလျက် ရှုသိလျက် ဖြစ်နေတယ်၊ ဒီလို သင်္ခါ ရုပေကွာဉာဏ်ဖြစ်အောင်အားထုတ်တာလဲသမွာပဋိပန္နပဲ၊ဒီထိ အောင် သမွာပဋိပန္နအရ နည်းလမ်းမှန်စွာ ကျင့်ဘို့ လိုပါ တယ်၊ ဒီလိုနဲ့နည်းလမ်းမှန်စွာ ကျင့်ခဲ့ယင်တော့ သင်္ခါရုဉာပေကွာ ဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါမှာ အနုလောမဉာဏ်ဖြစ်ပြီး အပွဝတ္တဆေါ်တဲ့ အငြိမ်းဓာတ်ထဲ ဆိုက်ရောက်သွားတော့တာ ပါပဲ။ ဒါကြောင့် မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်အယဉ်ကို ရှုသိ

http://www.dhammadownload.com

နေရာက ရုပ်နာမ်အယဉ် ကင်းဆိတ်ရာ ရောက်သွားတာကို နိဗ္ဗာန်မျက်မှောက် ပြုသည်ဟု ဆိုသည်၊ ကဲ-အဲဒါကို ဆိုကြရမယ်။

မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်အယဉ်ကို ရှုသိနေရာက ရုပ်နာမ်အယဉ် ကင်းဆိတ်ရာ ရောက်သွားတာကို နိဗ္ဗာန်မျက်မှောက်ပြုသည်ဟု ဆိုသည်။

နိဗ္ဗာန်ကို မျက်မှောက်ပြုတယ် မျက်မှောက်သိမြင်တယ် ဆိုပေမဲ့ ရှေးနားမှာ ဘျထားတဲ့ စာအုပ်တို့ ဖောင်တိန်တို့ကို မျက်စိနဲ့ မြင်တာမျိုးမဟုတ်ဘူး၊ သိသိနေတဲ့သဘောတရားပါ ချုပ်ငြိမ်းကွယ်ပျောက်သွားသလိုဖြစ်ပြီး ကိုယ်တိုင်တွေ့အားဖြင့် သိတာပဲ။ ဒါကြောင့် အဲဒီအခိုက်က ဘာကို တွေ့သိနေတယ်လို့လဲ မဆင်ခြားဘူး၊ အားလုံး ချုပ်ငြိမ်းနေတယ်လို့သာ သိရတယ်၊ အဲဒါ အပ္ပဝတ္တောရောက်လျက် နိဗ္ဗာန်အငြိမ်းဓာတ်ကို ကိုယ်တွေ့ ဉာဏ်တွေ့အားဖြင့် မျက်မှောက်ပြုပုံပဲ၊ ဒီကနေ့ နိဗ္ဗာန်အကြောင်း ဟောပြောလာတာ တော်တော်လဲကြာ တော်တော်လဲ စုံသွားပါပြီ၊ တရားသိမ်းကြစို့။

နိဂုံးချုပ် တရားသိမ်း ပတ္ထနာ

နိဗ္ဗာန ပဋိသံယုတ္တကထာခေါ် နိဗ္ဗာန်ဆိုင်ရာ တရားတော်ကို ရိုသေစွာ နာယူမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံ

http://www.dhammadownload.com

စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခု တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဧသေဝန္တော ဒုက္ခဿ-ဟူသည်နှင့်အညီ ဒွါရ အာရုံ ဝိညာဏ်တို့၏ ချုပ်ငြိမ်းခြင်းဟူ၍၎င်း၊ ရုပ်ရှိသောဘဝ, နာမ်သာရှိသောဘဝ, သုခ ဒုက္ခတို့မှ လွတ်မြောက်ရာဟူ၍၎င်း၊ အာယတန ၆-ပါး တို့၏ ချုပ်ရာ ချုပ်ခြင်းသဘောဟူ၍၎င်း၊ မပြတ်ဖြစ်နေသော ရုပ်နာမ်အယဉ်၏ ပြတ်စဲကင်းဆိတ်ရာဟူ၍၎င်း ဟောကြားအပ်သော နိဗ္ဗာန် တရားတော်မြတ်ကို နည်းလမ်းမှန်စွာ ကျင့်သုံးကြ၍ လျင်မြန်စွာ ဆိုက်ရောက်လျက် မျက်မှောက် ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု။

နိဗ္ဗာနပဋိသံယုတ္တကထာ

နိဗ္ဗာန်ဆိုင်ရာ တရားတော် တတိယပိုင်း ပြီး၏။

http://www.dhammadownload.com

နိဗ္ဗာနပဋိသံယုတ္တကထာ

နိဗ္ဗာန်ဆိုင်ရာတရားတော်

စတုတ္ထပိုင်း

(၁၃၂၆-ခုနှစ် တော်သလင်းလကွယ်နေ့ဟောသည်)

တရားအနုသန္ဓေ

နိဗ္ဗာန ပဋိသံယုတ္တ ကထာခေါ် နိဗ္ဗာန်နှင့် စပ်ဆိုင်တဲ့ တရားကို ဟောလာတာ သုံးသီတင်း သုံးကြိမ် ရှိခဲ့ပါပြီ၊ ဒီကနေ့ လေးကြိမ်မြောက်ပေါ့၊ နိဗ္ဗာန်အကြောင်း သိကောင်း စရာ တွေ့လဲ့ တော်တော်စုံသွားပါပြီ၊ နိဗ္ဗာန်ဆိုတာ ကိုလေသာ ဟူသမျှ၏ ဆန့်ကျင်ဘက်ဖြစ်တယ်၊ ဒါကြောင့် ရာဂက္ခယော-ရာဂ၏ကုန်ခြင်း၊ ဒေါသက္ခယော- ဒေါသ၏ကုန်ခြင်း စသည်ဖြင့်လဲ့ ဟောထားတယ်၊ သစ္စာရတရားတို့၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် သစ္စာရနိရောဓော-သစ္စာရတို့၏ ချုပ်ရာ၊ ဝိသင်္ခါရံ-သင်္ခါရ ကင်းရာ စသည်ဖြင့်လဲ့ ဟောထားတယ်၊ ဒဲ့ဒီလို ကိလေသာ သင်္ခါရတို့၏ ပြောင်းပြန် ဆန့်ကျင်ဘက် အနေဖြင့် နိဗ္ဗာန်မှာ အမည်တွေ့ အများကြီးရှိတယ်၊ ကိလေသာတွေ့ရုပ်နာမ်သင်္ခါရတွေ့မှာ အမည်များသလောက် နိဗ္ဗာန်မှာလဲ့ သူတို့၏ ဆန့်ကျင်ဘက် ပြောင်းပြန်ဖြစ်တဲ့ အမည်တွေ့ ရှိနိုင်တာဘဲ။ ဒါကြောင့် နိဗ္ဗာန်ကို ဟောတဲ့အခါ အဲဒီကိုလေ

http://www.dhammadownload.com

သာ သခ်ါရ တွနဲ့ပဲ ယှဉ်စပ်ပြီး ဟောရတယ်။ ယနေ့ ဟောရမည့် နိဗ္ဗာန်ဆိုင်ရာ တရားကိုလဲ အဲဒီနည်း အတိုင်း ဟောရမှာပဲ။

အရိုအသေတရားနာကြသည်

တချိန်က မြတ်စွာဘုရားဟာ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတိုက်အတွင်း ဂန္ဓကုဋီတိုက် ရှေ့မျက်နှာစာမှာ ပဉ္စဉီးယာမ် မောင်ရီချိန်၌ ရဟန်းတော်များအား နိဗ္ဗာန်နှင့် စပ်သော တရားကို ဟောကြား နေတော်မူပါတယ်၊ အဲဒီ အခါမှာ ရဟန်းတော်များက ရိုရိုသေသေ နာနေကြပုံကို ဒီလို ပြဆို ထားပါတယ်။ တေ စ ဘိက္ခူ-ထိုရဟန်းတော်တို့ သည်လည်း၊ အဋ္ဌိ ကတွာ-အလို ရှိသည်ကို ပြုလျက်၊ ဝါ-အကျိုးရှိသည်ကိုပြုလျက်၊ ဝါ-စီးပွါးသဖွယ်ပြုလျက်၊ မနသိ-ကတွာ-နှလုံးသွင်းကုန်၍၊ သဗ္ဗစေတသာ သမန္နာ ဟရိတ္တာ-အားလုံးသော စိတ်ဖြင့် ဆင်ခြင်ကုန်၍၊ သြဟိတာသောတာ-နားစွင့်ကုန်လျက်၊ သုဏန္တိ-နာယူကြကုန်၏-တဲ့။

အဲဒီမှာ အတ္ထ-သဒ္ဒါက အလိုဟာ အကျိုးပေါ်ဖြစ်၍ အတ္ထီ-ဆိုတော့ အလို ရှိသည်၊ အကျိုး ရှိသည်လို့ အနက် ရတယ်၊ ဒါကြောင့် အဋ္ဌိ ကတွာ-အလိုရှိသည်ကို ပြုလျက်-လို့ပြန်တယ်၊ လိုလိုချင်ချင်လို့ ဆိုလိုပါတယ်၊ တနည်းအား ဖြင့် အကျိုးရှိသည်ကိုပြုလျက်-လို့လဲ ပြန်တယ်၊ တရားနာ တာကို တကယ်အကျိုးရှိတယ်-လို့ အလေးအမြတ်သဘော

http://www.dhammadownload.com

ထားကြောင်းပြဆိုတယ်။ နောက်တနည်းကတော့ အတ္ထက စီးပွါးဥစ္စာ ဟောတယ်၊ အဘူတတဗ္ဘောအနက်မှာ၏-ပစ္စည် နှင့်တကွ အတ္ထီကတွာ-ဟုဖြစ်ပြီးတော့ အဌီကတွာ ရှိသ တယ်လို့ ယူဆပြီး စီးပွါးသဖွယ်ပြုလျက်-လို့ အနက်ပြ တယ်။ စီးပွါးရေးအလုပ်လုပ်တဲ့အခါ ရသင့်သမျှမှ တပြာ တချပ်တောင် မဆုံးရှုံး ရအောင် ကြိုးစားသလိုပင် တရာ စကားလုံး တလုံးမျှ မလွတ်ရအောင် ရိုရိုသေသေ နာတယ် လို့ ဆိုလိုပါတယ်။ ယခုတရားနာ ပရိသတ်တွေလဲ အဲ လိုပဲ ရိုရိုသေသေ နာကြရမယ်။ နောက်ပြီးတော့ သဗ္ဗစေ တသာ-အားလုံးသော စိတ်ဖြင့် ဆင်ခြင်ပြီး နာကြပါတယ် တဲ့၊ တခြားတပါးသို့ စိတ်ကို မသွားစေပဲ စိတ်တိုင်း စိတ် တိုင်းဖြင့် အာရုံပြုပြီး နာကြတယ်လို့ ဆိုလိုပါတယ်။ ယခု လဲ အဲဒီနည်းအတိုင်း စိတ်အားလုံးဖြင့် တရားကိုသာ နှလုံ သွင်းပြီး လေးလေးနက်နက် နာကြရမယ်။

တစ္ဆေမ တယောက်တောင် တရားနာတယ်

အဲဒီ နိဗ္ဗာန်နှင့်စပ်တဲ့ တရားကို မြတ်စွာဘုရား ဟောနေ တဲ့အခါမှာ ပုနဗ္ဗသုမာတာ-ပုနဗ္ဗသုရဲ့အမေ ယက္ခမျိုး ပီသာစ မျိုးဖြစ်တဲ့ တစ္ဆေမတယောက်ကလဲ သားငယ် သွီးငယ် ကလေးများနဲ့ အစာရှာယင်း ဇေတဝန် ကျောင်းတိုက်ဝ ရောက်လာတယ်၊ ဗမာဝေါဟာရ တစ္ဆေဆိုတာက ပြိတ္တာလဲ ရှိတယ်၊ ပြိတ္တာလောက်နီးနီး ဆင်းရဲဒုက္ခရောက်နေတဲ့ ပိသာစ-

http://www.dhammadownload.com

ယက္ခ-မြေဘုတ်ဘီလူးမျိုးလဲ ရှိတယ်၊ ယခုပြောနေတဲ့ ပုန်ဗွသု အမေဆိုတာကတော့ ပိသာစခေါ်ဟဲ့ မြေဘုတ်ဘီလူးမျိုး ပါပဲ၊ ဒီ မြေဘုတ်ဘီလူးမျိုးဟာ နတ်မျိုးထဲက ဖြစ်ပေမဲ့ စားစရာလဲ မရှိဘူး၊ ဝတ်စရာလဲ မပြည့်စုံဘူး၊ နေ့စရာအိမ်လဲ မရှိဘူး၊ အလွန်ဆင်းရဲပါတယ်၊ ဒါကြောင့် အဲဒီ ပုန်ဗွသုရဲ့ မိခင် တစ္ဆေမဟာ ဥတ္တရာဆိုတဲ့ သွီးငယ်ကလေးကို ရင်ခွင်မှာ ပွေ့ချီပြီးတော့ ပုန်ဗွသုဆိုတဲ့ သားငယ်ကို လက်ဆွဲပြီး ဇေတဝန်ကျောင်း နောက်ဖေး တံတိုင်းအနီးမှာ (ဥစ္စာရပသာဝ ခေဋ္ဌသိဿ်ာဏိကံ) ကျင်ကြီးကျင်ငယ် တံထွေးနှပ်ကို စားသောက်ဖို့ရှာယင်း ဇေတဝန်ကျောင်းတံခါးပေါက်ဝ ရောက်လာပါသတဲ့။

မြတ်စွာဘုရားက "အာနန္ဒာ သပိတ်ယူခဲ့၊ သင်္ကန်းယူခဲ့၊ စားကြွင်းစားတို့အား ပေးကမ်းစရာ အကျန်များကို ပေးလိုက်ပါ" စသည်ဖြင့် ပကတိပြောနေကျ ပြောတဲ့အသံဟာ ၁၂-တောင်လောက်အတွင်းသာ ကြားရတယ်၊ တရားဟောတဲ့ အသံကတော့ တဆက်တည်း တည်နေတဲ့ ပရိသတ် ဆိုယင် စကြာဝဋ္ဌာ အဆုံးဘိုင်အောင်လဲ ကြားရသတဲ့၊ ယခုအခါလို အသံချဲစက်မလိုဘူး၊ ဒါပေမဲ့ ပရိသတ်အစွန်မှ အပြင်ဘက်တော့ လုံးလုံးမထွက်ဘူးတဲ့။ ဒါကြောင့် အဲဒီ တစ္ဆေမက တံခါးဝကနေပြီး ကြည့်လိုက်တော့ တရားနာနေတဲ့ပရိသတ်တွေ ငြိမ်ပြီးနေတာကိုသာ တွေ့ရတယ်၊ တရားသံကိုတော့ မကြားရဘူး၊ ဒီတော့ သူက တစုံတခု ပစ္စည်းဝေငှနေတယ်လို့

http://www.dhammadownload.com

ထင်တယ်၊ ပစ္စည်းဝေငှရာမှ ဖိတ်လျှံကျတဲ့ ထောပတ်တို့ ဆီတို့ ပျားရည်တို့ တင်လဲတို့ ဒီလိုစားစရာတခုခုတော့ ရလိမ့်မယ်လို့ မြော်လင့်ပြီး ကျောင်းဝင်းထဲဝင်သွားတယ်။

ပရိသတ်အစွန်နားရောက်လို့ ဆက်စပ်မိတဲ့အခါကျတော့ မြတ်စွာဘုရား ဟောတဲ့ တရားသံကို ကြားရတယ်၊ မြတ်စွာဘုရားအသံတော်ကလဲ အလွန်ကောင်းတဲ့အသံ ဖြစ်တဲ့အတွက် အရေ အသား အကြော အရိုးများကို ဖောက်ထွင်းပြီးတော့ ခြင်ဆီကို ဆိုက်ပြီးတည်သတဲ့၊ တရားသံလဲ ဖြစ်နေတဲ့အတွက် ငြိမ်ပြီး ရပ်တန့်လျက် ရိုရိုသေသေနဲ့ တရားနာနေတယ်။ အဲဒီအခါ သူ့ကလေးတွေက ဆူပူကြတယ်၊ ကျွန်တော်တို့ ကျွန်မတို့ ဆာလှပြီ၊ စားစရာကို ရှာပေးပါဦး၊ အမေက ဘာဖြစ်လို့ သစ်ငုတ်ကြီးလို ရပ်တည်နေရသလဲ-စသည်ဖြင့် ဆူပူကြသတဲ့။ အဲဒီတော့ မိခင် တစ္ဆေမကြီးက သားသွီး ကလေးငယ်တွေကို ဒီလို တောင်းပန်ရှာသတဲ့။

တုဏ္ဏီ ဥတ္တရိကေ ဟောဟိ၊ တုဏ္ဏီ ဟောဟိ ပုနဗ္ဗသု။
ယာဝါဟံ ဗုဒ္ဓသေဋ္ဌဿ၊ ဓမ္မံ သောဿာမိ သတ္ထုနော။

ဥတ္တရိကေ-ချစ်သွီး ဥတ္တရာရေ၊ တုဏ္ဏီဟောဟိ- တိတ်တိတ်နေပါကွယ်၊ ပုနဗ္ဗသု-ချစ်သား ပုနဗ္ဗသုရေ၊ တုဏ္ဏီ ဟောဟိ-တိတ်တိတ်နေပါကွယ်။ သတ္ထုနော-နတ်လူ အားလုံး၏ တပါးတည်းသော ဆရာမြတ်ဖြစ်တော်မူသော၊ ဗုဒ္ဓသေဋ္ဌဿ ဓမ္မံ-မြတ်စွာဘုရား၏ တရားတော်ကို၊ ယာဝ အဟံ

http://www.dhammadownload.com

သောသာမိ-ငါနာကြားနေသမျှ ကာလပတ်လုံး တိတ်တိတ်နေကြပါကွယ်-လို့ တောင်းပန်ရှာပါသတဲ့။ နောက်ပြီးတော့-

နိဗ္ဗာနံ ဘဂဝါ အာဟာ၊ သုဗ္ဘဂန္ဆုပ္ပမောစနံ။
အတိဝေလာ စ မေ ဟောတိ၊
အသ္မိံ ဓမ္မေ ပိယာ ယနာ။

ဘဂဝါ-ဘုန်းတော်ကြီးသော ဘုရားရှင်သည်၊ သုဗ္ဘဂန္ဆုပ္ပမောစနံ-ဆင်းရဲနှောင်ကြိုးဖြင့် နှောင်ဖွဲ့မှုကာလုံးကို ပြေစေနိုင်သော၊ နိဗ္ဗာနံ - နိဗ္ဗာန်တရားကို၊ အာဟ - ဟောတော်မူပေ၏။ မေ-ငါအား၊ အသ္မိံ ဓမ္မေ-ထိုနိဗ္ဗာန်တရား၌၊ ပိယာ ယနာ-နှစ်သက်လိုလားခြင်းသည်၊ အတိဝေလာ ဟောတိ-အတိုင်းထက်အလွန်မင် ဖြစ်လျက်ရှိပါသည် ချစ်သားတို့-တဲ့။

ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်တရားဟာ ဆင်းရဲနဲ့ ရင်ဆိုင်တွေ့နေတဲ့သူမှာ ပိုပြီး အဖိုးတန်ကြောင်း ထင်ရှားတယ်၊ ဇောဂါမရှိတဲ့ ပကတိကျန်းမာနေတဲ့လူမှာ ဆေးအကြောင်း ကျန်းမာရေးအကြောင်း တယ်စိတ်မဝင်စားပဲ ရှိတတ်တယ်၊ သူများက ကျန်းမာရဲ့လားလို့ မေးတာခံတောင် အပိုပဲလို့ ထင်တတ်တယ်၊ ဘုန်းကြီးလဲ ငယ်ငယ်တုန်းက ကျန်းမာရဲ့လားလို့ သူများက မင်္ဂလာစကားအနေနဲ့ မေးတဲ့အခါ အမြဲတမ်း ကျန်းမာနေတာပဲ မေးစရာမကောင်းဘူးလို့ ကောင်း ထင်ခဲ့ဘူးသေးတယ်။ တော်တော်ကလေး အရွယ်ကြီးလာမှ ကျန်း

http://www.dhammadownload.com

မာရေးဟာ အလွန်အရေးကြီးကြောင်း သဘောပေါက်လာတယ်၊ မကျန်းမမာ ရောဂါရှိနေတဲ့သူတွေမှာ ဆေးဝါးတွေ အဖိုးစာန်ကြောင်း အရေးကြီးကြောင်း သိကြတယ်၊ ရောဂါပျောက်စေတတ်တဲ့ ဆေးအကြောင်း ဖြေပြောယောင် ရောဂါရှိတဲ့သူက ရိုရိုသေသေ လိုလိုချင်ချင်နဲ့ နားထောင်တယ် မှတ်သားတယ်။ အဲဒါလိုပဲ သံသရာမှာလဲ ဆင်းရဲဒုက္ခ ရောက်နေတဲ့ ပုဂ္ဂိုလ်တွေက ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်ကို အဖိုးတန်မှန်းပိုပြီး သဘောပေါက်တယ်၊ တကယ်လိုလားတဲ့ စိတ်ဆန္ဒရှိတတ်တယ်။

ယခုပြောနေတဲ့ ပုနဗ္ဗသု အမေ တစ္ဆေမဟာ စားစရာမရှိလို့ ငှာနေရတယ်၊ ဝတ်စရာလဲ ရှိချင်မှ ရှိမယ်၊ အလွန် ဆင်းရဲရှာပါတယ်၊ ဒါပေမဲ့ ကာမရာဂ ရှိနေတဲ့အတွက် သားသမီးကလေးတွေနဲ့ ဒုက္ခရောက်နေရှာတယ်၊ လူ့လောကမှာ သားသမီးတွေ ပတ်လည်ဝိုင်းနေတဲ့ မိခင်မျှားလိုပင် ဒုက္ခရောက်နေတဲ့ လက္ခဏာရပါတယ်၊ အဲဒီလို အတိဒုက္ခရောက်နေတော့ ဆင်းရဲဒုက္ခ ငြိမ်းစေနိုင်တဲ့ နိဗ္ဗာန်တရားကို အလေးအမြတ်ပြုတာပေါ့၊ ဒါကြောင့် နိဗ္ဗာန်ကို နှစ်သက်လိုလားတဲ့ ဆန္ဒဟာ အတိုင်းထက်အလွန် ဖြစ်နေတဲ့အကြောင်း သူ့သားသမီးကလေးမျှားအား ပြောကြားပါတယ်။ နောက်ပြီးတော့ သားသမီးမျှားကို ချစ်ပေမဲ့ နိဗ္ဗာန်တရားကို ပိုပြီး ချစ်တဲ့အကြောင်းကို ဆက်ပြီး ပြောပြန်ပါတယ်။

http://www.dhammadownload.com

ပိယော လောကေ သကော ပုတ္တော၊
ပိယော လောကေ သကော ပတိ။
တတော ပိယတရာ မယှံ၊ အဿ ဓမ္မဿ မဂ္ဂနာ။

လောကေ-လောက၌၊ သကော ပုတ္တော-မိမိ၏သားကို၊ ပိယော-ချစ်အပ်ပါ၏။ လောကေ-လောက၌၊ သကော ပတိ-မိမိ၏လင်ကို၊ ပိယော-ချစ်အပ်ပါ၏။ တတော-ထိုသားနှင့် လင်ထက်၊ အဿ ဓမ္မဿ မဂ္ဂနာ-ထိုနိဗ္ဗာန်တရား ရှာမှီးခြင်းကို၊ မယှံ-ငါသည်၊ ပိယတရာ-သာ၍ ချစ်လှပါတော့သည်တဲ့။

အဲဒါ အထူးသတိပြုစရာပါပဲ၊ တချို့ကတော့ တရားက သိပ်အရေးမကြီးဘူး၊ သားတို့ မယားတို့ လင်တို့ စီးပွါး ဥစ္စာတို့က သာပြီးအရေးကြီးတယ်လို့ တင်နေတတ်ကြတယ်။ နောက်ပြီးတော့ တရားကို ပိုပြီး ချစ်မြတ်နိုးခြင်း အကြောင်းကိုလဲ ဆက်ပြီး ပြောပြန်တယ်။

နဟိ ပုတ္တော ပတိ ဝါပိ၊
ပိယော ဒုက္ခာ ပမော စယေ။
ယထာ သဒ္ဓမ္မဿဝနံ၊ ဒုက္ခာ မော စေတိ ပါဏိနံ။

ဟိ-တရားကို ပို၍ ချစ်မြတ်နိုးခြင်း၏ အကြောင်းမှာ၊ ပိယော-ချစ်အပ်သော၊ ပုတ္တော ပတိ ဝါပိ-သားကဖြစ်စေ ခင်ပွန်းလင်ကဖြစ်စေ၊ နဒုက္ခာပမောစယေ-ဆင်းရဲမှ မလွတ်စေနိုင်ပါဘူးတဲ့။ (လူ့လောကမှာတော့ အများအားဖြင့်

http://www.dhammadownload.com

ခင်ပွန်းလင်ဖြစ်သူက အစစအရာရာ ရှာဖွေပြီး ပြုစုံ စောင့်ရှောက်နေတဲ့အတွက် စားဝတ်နေရေးနဲ့ စပ်ပြီး ဆင်းရဲ ဒုက္ခမှ လွတ်မြောက်စေတာတွေ ရှိပါတယ်၊ လိမ္မာတဲ့ သားသမီးဖြစ်သူက ပေးကမ်းထောက်ပံ့ ပြုစုနေလို့ မိဘဖြစ်သူများ ချမ်းသာနေတာတွေလဲ ရှိတန်သလောက် ရှိပါတယ်၊ ဒါပေမဲ့ အဲဒီ လောကဆင်းရဲမှ လွတ်စေတာကို မဆိုလိုပါဘူး၊ ဒါကြောင့်) သဒ္ဓမ္မသာဝန်-သူတော်ကောင်းတရားကြားနာခြင်းက၊ ပါဏိနံ-သတ္တဝါတို့ကို၊ ဒုက္ခာ-သံသရာဆင်းရဲမှ၊ မောစေတိ ယထာ-လွတ်စေသကဲ့သို့တော့ မလွတ်စေနိုင်ပါဘူးတဲ့၊

အဲဒါကြောင့် အိုခြင်း သေခြင်း အစရှိသော သံသရာဆင်းရဲမှ လွတ်မြောက်ရန်အတွက် တရားကို နာချင်ပါတယ် ချစ်သားရယ် တိတ်တိတ်နေပါကွယ်-လို့ ချော့မော့ တောင်းပန်ရှာတယ်။ လူ့လောကမှာလဲ တချို့မိခင်က တရားကို ရိုရိုသေသေနာချင်ပါတယ်၊ ဒါပေမဲ့ ကလေးက ငိုတာနဲ့ တရားမနာရရှာဘူး။ ယခုပြောနေတဲ့ တစ္ဆေမရဲ့ ကလေးတွေကတော့ လိမ္မာကြပါတယ်၊ သူ့အမေက ပြောတဲ့အတိုင်းပဲ တိတ်တိတ်နေကြပါတယ်။ အဲဒီလို ကလေးတွေက အလိုက်သိပြီး တိတ်တိတ်နေတဲ့အခါ အဲဒီတစ္ဆေမဟာ တရားကို အလွန်အားကိုးပြီး ရိုရိုသေသေနဲ့ နာနေတယ်။ အဲဒီ ပိသာစ-မြေဘုတ်ဘဝမှာ တရားမှတပါး ဆိုယင် ဘာမှ အားကိုးစရာ ရှိတာမဟုတ်ဘူး၊ လူ့လောကမှာဆိုယင် ကြိုးကြိုး

http://www.dhammadownload.com

စားစား စီးပွားရှာပြီး လိမ်လိမ်မာမာနေသွားယဲ့ ဆင်းရဲတဲ့လူကလဲ ကြီးပွါးချမ်သာ သွားနိုင်သေးတယ်၊ အဲဒီပိသာစမြေဘုတ်ဘဝမှာဧတာ့ စီးပွါးရေးအလုပ်ကိုလဲ လုပ်လို့ ဖြစ်တာမဟုတ်ဘူး၊ ဒါကြောင့် တရားမသိလို့ ဒီလို ဆင်းရဲကဲ့ဘဝရောက်နေရတယ်၊ တရားသိမှ လွတ်မြောက်မယ် ဆိုတာသိပြီး အလှန်လိုလားတဲ့ စိတ်ဆန္ဒနဲ့ မိခင်တစ္ဆေမရော သားဖြစ်သူ ပုနဗ္ဗသုရော တရားကို ရှိသေစွာ နာနေကြတယ်။

ဒီအခါ မြတ်စွာဘုရားက အဲဒီတစ္ဆေမ သားအမိ ၂ ယောတာပတ်တိဖိုလ်ရနိုင်တဲ့ ဥပနိဿယ အကြောင်းထူးကို မြင်တော်မူတဲ့အတွက် သစ္စာလေးပါး တရားကိုလဲ ဟောတော်မူတယ်၊ အဲဒီတရားကို နာနေယင်း ရှုမှတ်နှုလုံးသွင်းပြီး ပုနဗ္ဗသုရဲ့ မိခင်ဟာ သားဖြစ်သူ ပုနဗ္ဗသုနှင့်တကွ သောတာပတ်တိ မဂ်ဖိုလ် ရောက်ပြီး သောဟာပန် ဖြစ်သွားကြပါသတဲ့။ ၂ ယောတာပန် ဖြစ်သည်နှင့် တပြိုင်နက် မြေဘုတ်ဟစ္ဆ ဘာကအခြေအနေတွေ အကုန်ပြောင်းလဲပြီး နတ်ကောင်းနတ်မြက်အခြေအနေမျိုးနဲ့ ပြည့်စုံသွားတယ်၊ ရုပ်အဆင်းမတွေ့လဲ လှုပတင့်တယ်ပြီး အဝတ်အဆင် တန်ဆာတွေလဲ ပြည့်စုံသွားတယ်၊ စားစရာတွေလဲ နတ်သြဇာ အစာကောင်းကို ရသွားကြတယ်။ သမီးဖြစ်သူ ဥတ္တရာကဧတာ့ ငယ်သေးတဲ့အတွက် တရားကို မနာနိုင်လို့ တရားထူး မရဘူး၊ ဒါပေမဲ့ သူ့အမေ၏ကံကြောင့် အဲဒီဥတ္တရာလဲ နတ်ကောင်းအနေ အသုံးအဆောင်များကို ရသွားပါသတဲ့။ အဲဒါဟာ တရားနာလို့ ဟရားထူး

http://www.dhammadownload.com

ရပြီး တစ္ဆေမြေဘုတ်ဘဝမှ နတ်ကောင်း နတ်မြတ် အခြေအနေနဲ့ ပြည့်စုံပြီး ကောင်းစားချမ်းသာသွားပုံပါပဲ။ အဲဒီမှာ တစ္ဆေဘဝက သေပြီး နတ်ဖြစ်သွားတယ်လို့တော့ မမှတ်ကြနဲ့၊ ဘဝမပြောင်းပဲနဲ့ ရုပ်အဆင်းစသည် အခြေအနေမျှသာ ပြောင်းလဲသွားတယ်လို့ မှတ်ရမယ်၊

အဲဒီ အခါတုန်းက နိဗ္ဗာန်နှင့် စပ်သောတရားကို ဟောတယ်လို့သာ ပြဆိုထားတယ်၊ ဘယ်လိုတရားကို ဟောတယ်လို့ ဟောတဲ့တရားကိုတော့ သံယုတ်ပါဋ္ဌိတော်မှာ ပြမထားဘူး၊ ဥဒါန်းပါဋ္ဌိတော်မှာတော့ အဲဒီတရားနှင့် စပ်ပြီး ဥဒါန်းကျူးပုံကို ပြထားတယ်၊ အဲဒီဥဒါန်းတရားကို ယခု ဟောမယ်။

နိဗ္ဗာနပဋိသံယုတ္တဥဒါန်းပါဋ္ဌိ (၁၇၇)

အတ္ထိ ဘိက္ခဝေ တဒါယတနံ၊ ယတ္ထ နေဝ ပထဝီ နအာပေါ နေဇော နဝါယော၊ နအာကာသာနဉ္စာယတနံ နဝညာဏဉ္စာယတနံ နအာကိဉ္စညာယတနံ နနေဝသညာ နာသညာယတနံ၊ နာယံ လောကော နပရေလောကော၊ နဥဘော စန္ဒိမသရိယာ။ တတြာ ပဟံ ဘိက္ခဝေ နေဝ အာဂတိံ ဝဒါမိ နဂတိံ နဌိတိံ နစုတိံ နဥပပတ္တိံ၊ အပ္ပတိဋ္ဌံ အပ္ပဝတ္တံ အနာရမ္မဏမေဝေတံ။ ဧသေဝန္တော ဒုက္ခဿ။

http://www.dhammadownload.com

ဘိက္ခဝေ-ရဟန်းတို့၊ တဒါယတနံ-ထိုနိဗ္ဗာန်ဟူသော အာရုံအကြောင်း တရားသည်၊ ဝါ-မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့၏ အာရုံအကြောင်းဖြစ်သော ထိုနိဗ္ဗာန်တရားသည်၊ အတ္ထိ - ပရမတ္ထအားဖြင့် ထင်ရှားရှိပေ၏။

နိဗ္ဗာန်ဆိုတာ တကယ်ရှိတဲ့တရား

တချို့က နိဗ္ဗာန်ဆိုတာ ရုပ်နာမ်သန်ါရတေ့ ချုပ်ငြိမ်းသွားခြင်းမျှပဲ၊ ဘာမျှ မရှိတဲ့တရားပဲ၊ ဘာမျှမရှိတော့ ဘာမှအသုံးမကျတဲ့ အလဟဿတရားပဲလို့ ထင်ကြတယ်။ အဲဒီလိုထင်ကြတဲ့အတိုင်း ဘာမျှမရှိတဲ့တရား မဟုတ်ဘူး၊ ရုပ်နာမ်သန်ါရတို့၏ ငြိမ်းရာ ငြိမ်းခြင်းသဘောတရားအဖြစ်ဖြင့် တကယ်ရှိတဲ့တရားပဲ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့၏ အာရုံအကြောင်း အဖြစ်ဖြင့် တကယ်စင်စစ်ရှိတဲ့ တရားပဲ၊ ဘုရားရဟန္တာ အရိယာပုဂ္ဂိုလ်များ မျက်မှောက် တွေ့ရတဲ့တရားပဲလို့ သိစေပါတယ်။ အကယ်၍ ကိလေသာ ကံ ဝိပါက်ခန္ဓာ ဆိုတဲ့ ဆင်းရဲတို့၏ ငြိမ်းခြင်းသဘော နိဗ္ဗာန်သာ မရှိခဲ့လို့ရှိယင် ဘယ်ပုဂ္ဂိုလ်မှာမျှဆင်းရဲငြိမ်းမှာ မဟုတ်တော့ဘူး၊ ကိလေသာတွေကလဲ ရှိမြဲရှိ ဖြစ်မြဲဖြစ်နေမှာပဲ၊ ကိလေသာရှိတော့ ကံကလဲ ရှိမြဲရှိပြီး အကျိုးပေးမြဲလဲ အကျိုးပေးနေမှာပဲ၊ ကံကရှိပြီ အကျိုးပေးနေတော့ ဝိပါက်ခန္ဓာ ဘဝသစ် ရုပ်နာမ်ဆင်းရဲတွေလဲ ရှိမြဲရှိ ဖြစ်မြဲ ဖြစ်နေမှာပဲ။ အမှန်အားဖြင့်တော့ အရဟတ္တမဂ်ဉာဏ်၏ အစွမ်းကြောင့်

http://www.dhammadownload.com

ကိလေသာ တွေကုန်လေ မဖြစ်နိုင်တော့ပဲ ချုပ်ငြိမ်းသွားကြတယ်၊ ကိလေသာ မရှိတော့ ကံတွေကုန်လေ ဘဝအကျိုးပေးရန် မစွမ်းနိုင်တော့ပဲ ကင်းငြိမ်းသွားကြတယ်၊ ကံကအကျိုးမပေးနိုင်တဲ့အတွက် အကျိုးဝိပါက်ခေါ်တဲ့ ဘဝသစ်ရပ်နာမ်ခန္ဓာတွေလဲ မဖြစ်နိုင်တော့ပဲ ပြတ်စဲ ချုပ်ငြိမ်းသွားဘယ်၊ အဲဒီလိုချုပ်ငြိမ်းခြင်း သဘောဟာ တကယ်ပင် ရှိနေတာပဲ၊ ရှိနေတဲ့အတွက် ဘုရားရဟန္တာ အရှင်မြတ်တွေဟာ ပရိနိဗ္ဗာန် ဝင်စံပြီး ဆင်းရဲခပ်သိမ် ကင်းငြိမ်းတော်မူကြပေတာ့ပဲ။ ဒါကြောင့် မင်္ဂလာ ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့၏ အာရုံအဂကြောင်းဖြစ်တဲ့ အငြိမ်းဓာတ်နိဗ္ဗာန်ဟာ ပရမတ္ထအားဖြင့်ထင်ရှားရှိတဲ့တရားပဲလို့ ထိုစဉ်အခါက တရားနာနေကြတဲ့. ရဟန်းတော်တို့အား သိစေတော်မူပါတယ်။

နိဗ္ဗာန်မှာဓာတ်လေးပါးမရှိ

ယတ္ထ-ပရမတ္ထအားဖြင့် ထင်ရှားရှိသော ယင်းနိဗ္ဗာန်၌၊ နေဝ ပထဝီ - ခက်မာခြင်းသဘော မြေရုပ်လဲ မရှိသည်သာ၊ န အာပေါ-ယိုစီးခြင်း သဘောရေရုပ်လဲ မရှိ၊ န တေဇော-ပူခြင်းသဘော အခိုးအငွေ့ ရုပ်မီးရုပ်လဲ မရှိ၊ န ဝါယော-ထောက်ကန်ခြင်းသဘော လေရုပ်လဲမရှိ။

ဒီစကားတော်ဖြင့် သိစေလိုကာကတော့-ထင်ရှားရှိတယ်ဆိုတဲ့ အဲဒီ အငြိမ်းဓာတ် နိဗ္ဗာန်မှာ လူ့ဘုံ နတ်ဘုံ ကာမလောကနှင့် ရူပဗြဟ္မာ့ဓလောကမျှားမှာလို ကြမ်းတမ်း ခက်

http://www.dhammadownload.com

မာတဲ့ ပထဝီရုပ်မျိုးလဲ မရှိဘူး၊ လူတွေ နတ်ဗြဟ္မာတွေမှာ အမာခံ ပထဝီရုပ် ရှိနေတဲ့အတွက် ပုံသဏ္ဌာန် အထည်ဒြဗ်နှင့်တကွ ထင်ရှားတွေ့နေကြရတယ်၊ အငြိမ်းဓာတ် ဆိုတာကတော့ မဖြစ်ခြင်း ချုပ်ငြိမ်းခြင်းသဘောမျှပဲ၊ ဒါကြောင့် အဲဒီမှာ အထည်ဒြဗ်နှင့်ဆိုင်တဲ့ ပထဝီဓာတ်လဲမရှိဘူး၊အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်တွေလဲ မရှိဘူး၊ မဟာဘုတ်ဓာတ်ကြီး လေးပါးလုံး မရှိဘူးလို့ တိုက်ရိုက်အားဖြင့် ထင်ရှားသိစေပါတယ်။

ဥပါဒါရုပ်လဲ မရှိ

အဲဒီ ဓာတ်ကြီးလေးပါး မရှိတော့ ဓာတ်ကြီးလေးပါးကို မှီပြီးဖြစ်တဲ့ မျက်စိနှင့် အဆင်း၊ နားနှင့်အသံ အစရှိတဲ့ ဥပါဒါရုပ်တွေလဲ မရှိဘူး၊ မျက်စိ နား အစရှိတဲ့ မှီရာရုပ် မရှိတော့ အဲဒီမျက်စိစသည်ကို မှီပြီးဖြစ်တဲ့ မြင်သိမှု ကြားသိမှုစသော ကာမာဝစရစိတ် ရူပါဝစရစိတ် နာမ်ကရားတွေလဲ မရှိဘူးလို့ နည်းမှီသောအားဖြင့် သိစေပါတယ်။

စဉ်းစားကြည့်ပါ၊ မျက်လုံးသား အစရှိတဲ့ မှီရာရုပ်ကြမ်းတွေ မရှိယင် မျက်စိအကြည်ရုပ် နားအကြည်ရုပ် စသည်တွေဟာ မဖြစ်နိုင်ဘူး၊ မျက်စိမရှိယင် မြင်သိမှု မဖြစ်နိုင်ဘူး၊ နားမရှိယင် ကြားသိမှု မဖြစ်နိုင်ဘူး၊ နှာခေါင်းမရှိယင် နံသိမှု မဖြစ်နိုင်ဘူး၊ လျှာမရှိယင် အရသာသိမှု မဖြစ်နိုင်ဘူး၊ ကိုယ်အကြည်ရုပ်မရှိယင် ထိသိမှု မဖြစ်နိုင်ဘူး၊ ရူပဗြဟ္မာ့လောက

http://www.dhammadownload.com

မှာ နှာခေါင်းပုံဣာန်ရှိပေမဲ့ အကြည်ရုပ်မရှိလို့ နံသိမှု မဖြစ်နိုင်ဘူး၊ လျှာရှိလို့ စကားပြောနိုင်ပေမဲ့ အကြည်ရုပ် မရှိလို့ အရသာသိမှု မဖြစ်ဘူး၊ သူတို့မှာ ဆာလောင်ခြင်းလဲ မရှိဘူး၊ စားလိုခြင်းလဲ မရှိဘူး၊ အစာမစားရပဲနဲ့ ချမ်းသာနေကြတယ်၊ သိပ်ကောင်းတာပဲ။ ကိုယ်အထည်ခြင်္ဂကြီးရှိပေမဲ့ အကြည်ရုပ်မရှိလို့ အကောင်းအဆိုး ထိသိမှု မဖြစ်ဘူး၊ ဒါလဲ သိပ်ကောင်းတာပဲ။ လူတွေ နတ်တွေမှာရော ရူပဗြဟ္မာတွေမှာရော ဟဒယဝတ္ထုဆိုတဲ့ မို့ရာရုပ်ရှိနေလို့ ကြံသိမှုစိတ်တွေ ဈာန်စိတ်တွေ ဖြစ်နေတယ်။

ရုပ်မို့တဲ့စိတ်လဲ မရှိ

အငြိမ်းဓာတ် နိဗ္ဗာန်မှာတော့ ဓာတ်လေးပါးလဲ မရှိ၊ ဓာတ်လေးပါး မို့ပြီးဖြစ်တဲ့ အဲဒီမျက်စိ နှား နှာ လျှာ ကိုယ် ဟဒယဝတ္ထုဆိုတဲ့ ရုပ်တွေကလဲ မရှိတဲ့အတွက် မြင်သိမှု စသော ကာမာဝစရစိတ် နာမ်တရားတွေလဲ မရှိဘူး၊ ပဌမ ဈာန်စိတ်အစရှိတဲ့ ရူပါဝစရစိတ် နာမ်တရားတွေလဲ မရှိဘူး၊ အဲဒါကို နည်းမို့ပြီး သိနိုင်ပါတယ်။ ဒါကြောင့် ဓာတ်လေးပါး မရှိဘူးဆိုတဲ့ စကားတော်ဖြင့် ဥပါဒါရုပ်တွေကလဲ မရှိဘူး၊ ရုပ်ကိုမို့ပြီးဖြစ်တဲ့ ကာမာဝစရစိတ် ရူပါဝစရစိတ်ဆိုတဲ့ နာမ်တရားတွေလဲ မရှိဘူးဆိုတာကို နည်းမှီသောအားဖြင့် သိစေပါတယ်။ ဒီနေရာမှာ တိုကိုနဲ့ပြီးအောင် စိတ်ကိုသာ ခေါင်းတပ်ပြီး ပြောပါတယ်၊ စိတ်မရှိယင် စိတ်နှင့်ပူးတွဲပြီး

http://www.dhammadownload.com

ဖြစ်တဲ့ စေတသိက်နာမ်တရားတွေလဲ မရှိဘူးဆိုတာ မှတ်ယူ
ကြဘို့ပါပဲ။ နောက်ပြီးတော့ ရုပ်ကိုမမှီပဲဖြစ်တဲ့ အရူပစိတ်
တွေတော့ ရှိပါသေးသလားလို့ မေးစရာ တွေးစရာရှိတဲ့
အတွက် ဒီလိုဆက်ပြီး မိန့်ဆို ဥဒါန်းကျူးကော် မူပြုနဲ့ပါ
တယ်။

အရူပစိတ်လဲ မရှိ

ယတ္ထဲ-ယင်းနိဗ္ဗာန်၌၊ နှ အာကာသာနဉ္စာယတနံ - အာ
ကာသာနဉ္စာယတန စိတ်စေတသိက်နာမ်တရားလဲ မရှိပါဘူး-
တဲ့။ အာကာသာနဉ္စာယတနဘုံမှာ ရုပ်မရှိဘူး၊ ပဋိသန္ဓေ
ကာလကတည်းက အာကာသာနဉ္စာယတန ဝိပါက်စိတ်
စေတသိက်သက်သက်ချည်း စပြီး ဖြစ်လာတယ်၊ ပဝတ္တိကာလ
မှာတော့ ပုထုဇဉ်သေက္ခသန္တာန်မှာ ကုသိုလ် အကုသိုလ်စိတ်
စေတသိက်လဲ ဖြစ်တယ်၊ သေက္ခအဖြစ်နဲ့ အဲဒီဘုံရောက်ပြီး
အဲဒီဘုံကျမှ ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်လဲ ရှိနိုင်တယ်၊ အဲဒီလို
ရဟန္တာမှာ ကြိယာစိတ်စေတသိက်လဲ ဖြစ်တယ်၊ အဲဒီဘုံက
ပုဂ္ဂိုလ်၏သန္တာန်မှာ ရုပ်ဆိုယင် ဘာတခုမျှ မရှိဘူး စိတ်စေ
တသိက် အစဉ်သက်သက်မျှ ဖြစ်နေတယ်၊ သိပ်အံ့စရာကောင်း
တာပဲ၊ အဲဒီလို စိတ်စေတသိက် နာမ်အစဉ်သက်သက်ဖြစ်နေတဲ့
ပုဂ္ဂိုလ်မှာ ဝတ်စရာ အဝတ်အထည် လိုပါဦးမလား၊ အိပ်စရာ
နေစရာ ခုတင် ပလ္လင် ပြာသာဒ်တို့ကော လိုပါဦးမလား၊
ဘုန်းကြီး သဘောကျတာကတော့ မလိုဘူးလို့ပဲ ထင်တယ်၊

http://www.dhammadownload.com

ဒါပေမဲ့ အရှုပဘုံကို ပြာသာဒ်ပုံတွေနဲ့ ပြလေ့ရှိကြတယ် ဒီနေရာမှာ သိစေလိုတာကတော့ ရုပ်အမှိုမရှိပဲ ဖြစ်နေတဲ့ အဲဒီ အာကာသာနဉ္စာယတနစိတ် စေတသိက်နာမ်တရားဂ နိဗ္ဗာန်မှာ မရှိဘူးလို့ သိစေလိုရင်းပါပဲ။

ယခုခေတ်ကာလမှာ ဗုဒ္ဓသာသနာဝင် မဟုတ်တဲ့သူတေ ဆိုယင် အဆုံး အပိုင်းအခြားမရှိတဲ့ ကောင်းကင်ပညတ်ကိ သာ အာရုံပြုပြီး ဖြစ်နေတဲ့ အဲဒီ အာကာသာနဉ္စာယတန စျာန်နဲ့ အဲဒီဘုံအကြောင်းကို သိကြမှာတောင် မဟုတ်ပ ဘူး၊ ဒါကြောင့် ဒီလိုစျာန်စိတ်နဲ့ အဲဒီစျာန်ရှိရာဘုံကိုရော အဲဒီစျာန်စိတ်မရှိရာ နိဗ္ဗာန်ကိုရော ခွဲခြားပြီး ဟောကြာ တော်မူတဲ့ မြတ်စွာဘုရား တရားတော်ဟာ အင်မတန် မြင့် မြတ်ပါပေတယ်၊ အံ့သြဘွယ် ကြည်ညိုဘွယ်လဲ အလွန် ကောင်းပါတယ်။ ယခု တရားအားထုတ်နေကြတဲ့ အချို့ ယောဂီတွေလဲ မိမိတို့သန္တာန်က ရုပ်နာမ်တွေကို ရှုမှတ်နေရင်း သခ်ါရပေကွာဉာဏ်ဆီ ရောက်နေတဲ့အခါမှာ ကိုယ်ကြီးတရ လုံး ပျောက်နေပြီး ဟင်းလင်းပြင် ကောင်းကင်ထဲမှာ ကြည် လင်တဲ့ စိတ်ကလေးသာ အဆင့်ဆင့် ဖြစ်နေတာကို တွေ့ကြ ရတယ်၊ အဲဒါဟာ အာကာသာနဉ္စာယတန စျာန်လို့တော့ မဆိုနိုင်ဘူး၊ ဒါပေမဲ့ အဲဒီစျာန်နဲ့ အလားတူတဲ့ ဝိပဿနာ စိတ်အာထူးလို့တော့ ဆိုနိုင်ပါတယ်။ နောက်ပြီးတော့-

နဝိညာဏဉ္စာယတနံ-ဝိညာဏဉ္စာယတန စိတ်စေတသိက် နာမ်တရားလဲ မရှိပါဘူးတဲ့။ ဝိညာဏဉ္စာတယနဘုံက ပုဂ္ဂိုလ်

http://www.dhammadownload.com

တွေ့မှာ ပဋိသန္ဓေ ကာလကတည်းက ဝိညာဏ်ဟာယတန ဝိပါက် စိတ်စေတသိက်သက်သက်ချည်း စပြီး ဖြစ်လာတယ်၊ ပဝတ္တိကာလမှာတော့ ရှေးနည်းတူပဲ ကုသိုလ် အကုသိုလ်စိတ် ကြိယာစိတ်များလဲ ဖြစ်တယ်၊ နိဗ္ဗာန်မှာ အဲဒီစိတ်စေတသိက် နာမ်တရားမျိုးလဲ မရှိပါဘူးတဲ့။ နောက်ပြီးတော့-

နှ အာကိဉ္စညာယတနံ-အာကိဉ္စညာယတနံ စိတ် ဇောတသိက် နာမ်တရားလဲ မရှိ၊ နှ နေဝသညာ နာသညာယတနံ-သညာမရှိတရှိ အလွန်သိမ်မွေ့တဲ့ စိတ်စေတသိက် နာမ်တရားလဲ မရှိပါဘူးတဲ့။ ဒီ နေဝသညာနာ သညာယတန စိတ်ကတော့ လောကီတရားထဲမှာ အမြင့် အမြတ်ဆုံးပဲ၊ အလွန်လဲ သိမ်မွေ့တယ်၊ သညာမရှိတော့သလို ထင်ရလောက်အောင် သိမ်မွေ့တယ်၊ သညာဃာ မဟုတ်ဘူး၊ ဖဿ ဝေဒနာ စေတနာ စိတ်စသည်ခတ္တလဲ မရှိတော့သလို ထင်ရလောက်အောင် သိမ်မွေ့တယ်၊ ဒီစိတ်မျိုးကို ယခုနေကခါ ဗုဒ္ဓသာသနာအပြင်က လူတွေ့ သိကြဟန် မတူပါဘူး၊ သာသနာတွင်းက ပဂ္ဂိုလ်တွေလဲ ကျကျနန တရားအားမထုတ်ဘူး ယင် သဘောပေါက်ဖို့ မလွယ်ပါဘူး၊ သင်္ခါရုပေက္ခာဉာဏ်ရောက်နေတဲ့ အချို့ယောဂီများကတော့ ဒီစိတ်နဲ့ အလားတူတဲ့ အလွန်သိမ်မွေ့တဲ့ ဝိပဿနာစိတ်ကိုတွေ့ကြရပါတယ် မသိတသိဖြစ်ပြီး နေတယ်လို့ ပြောတတ်ကြတယ်၊ ဒီလို အလွန်သိမ်မွေ့တဲ့ နေဝသညာ နာသညာယတနစိတ်လဲ နိဗ္ဗာန်မှာ

http://www.dhammadownload.com

မရှိပါဘူးကဲ့။ ဒီဥဒါန်းစကားကို ထောက်ဆကြည့်သေး အားဖြင့်လဲ မြတ်စွာဘုရား၏ တရားတော်ဟာ အလွန် ကြည်ညိုစရာကောင်းလှပါပေတယ်၊ "နိဗ္ဗာန်မှာ ဒါလောက် သိမ်မွေ့ မြင့်မြတ်တဲ့ စိတ်တောင်မှ မရှိဘူးတဲ့၊ ဒီစိတ်ထက် ကောင် မြင့်မြတ်သေးတယ်"လို့ ဆင်ခြင်ပြီး ကြည်ညိုစရာ အလွန်ကောင်းပါတယ်။

ဒါပေမဲ့ သဒ္ဓါတရားမဲ့ပြောကျနေတဲ့ ပုဂ္ဂိုလ်တွေကတော့ သူတို့မှာ ဒီလိုစျာန် သမာဓိတ်စိတ်မျိုးဆိုယင် အနှံ့တောင် မနှံပါပဲနဲ့ ဗုဒ္ဓတရားတော်ကို အရမ်း ပစ်ပယ်နေကြတာလဲ ရှိတယ်၊ အမှန်ကတော့ ဗုဒ္ဓမြတ်စွာဘုရား ဟောထားတဲ့ အတိုင်း ကျင့်ကြံအားထုတ်ပြီးတော့ ယခုပြောတဲ့ နေဝသညာ နာသညာကနစျာန်ကိုလဲ ရပြီးတဲ့ပြင် ဒီစျာန်စိတ်မျိုးကင်းရာ နိဗ္ဗာန်ဆိုတာကိုလဲ ကိုယ်တိုင်တွေ့ပြီးတော့မှ မကောင်းဘူး မသင့်ဘူး ထင်ယင်လဲ ပစ်ပယ်သင့်ပါတယ်၊ ဘာမျှ မသိပဲနဲ့ အရမ်းပစ်ပယ် နေတာကတော့ အလွန်သဘာဝမကျတဲ့ အလုပ်ပါပဲ။

နိဗ္ဗာန်မှာ ရုပ်နာမ်အားလုံးပင်မရှိ

အာကာ လာနဉ္စာ ယနစိတ် စေတသိက်နာမ် တရား မရှိဘူး အစရှိသော ဒီစကား တော်ဖြင့် နိဗ္ဗာန်မှာ ရုပ် မရှိတဲ့အရူပဘုံက စိတ်စေတသိက် နာမ်တရားမျိုးလဲ မရှိဘူး လို့ သိစေပါတယ်။ ဒါကြောင့် ဒီစကားတော်နှင့် ပထဝီ

http://www.dhammadownload.com

ဒေတ်မရှိ စသည်ဖြင့် ဆိုသော ရှေစကားတော် ဒီနှစ်ရပ်ဖြင့်
နိဗ္ဗာန်မှာ ဥာ-ဘုံတွင်ရှိတဲ့ ရုပ်တရား နာမ်တရားမျိုး တစုံ
ုမျှ မရှိကြောင်းကို သိစေပါတယ်။ ဒီနေရာမှာ တချို့က
ဉာဏ်ကွန့်ပြီး ပြောကြတာလဲ ရှိတယ်၊ ဘယ်လိုလဲ ဆိုတော့-
နိဗ္ဗာန်မှာ ဥာ-ဘုံက ရုပ်နာမ်မျိုးသာ မရှိတာ၊ ရုပ်ဝိဿေသ
နာမ်ဝိဿေသတော့ ရှိတယ်၊ ဒါကြောင့် ဘုရားရဟန္တာအရှင်
မြတ်တွေဟာ ပရိနိဗ္ဗာန် စံပြီးတဲ့နောက် နိဗ္ဗာန်မှာ ရုပ်ထူး
ာနာမ်ထူးတွေနဲ့ ရှိနေကြတယ်လို့ ထူးထူးကဲကဲ ကြံဆပြီး
ုပြောဟောကြ ရေးသားကြတယ်။ အဲဒီဝါဒကို အဟုတ်စဲအား
ကြီးတဲ့ သူများက ကြိုက်နှစ်သက်ဖွယ်ရှိပါတယ်။

အဲဒီလို ပြောဆို ရေးသားချက်နှင့် စပ်ပြီး သုံးဘုံပိဋ္ဌ
ကတ် ကျမ်းဂန်တတ် ဆရာတော်ဘုရားကြီး တပါးက ဒီလို
ုဖြရှင်းပြတယ်၊ နိဗ္ဗာန်မှာ ရုပ်ထူး နာမ်ထူးရှိနေယင် ဘဝ
ကသစ်ဖြစ်မှု ဇာတိအထူးလဲ ရှိလိမ့်မယ်၊ ဇရာအထူး အိုခြင်း
ုထူးလဲ ရှိလိမ့်မယ်၊ မရဏအထူး သေခြင်းဒုက္ခထူးလဲ ရှိလိမ့်
ုယ်၊ သောကထူး ပရိဒေဝအထူး ဒုက္ခအထူး ဒေါမနဿ
ုထူး ဥပါယဲဝသအထူးတွေလဲ ရှိလိမ့်မယ်၊ "ရုပ်နာမ်တွေ
ုခားလုံး, ချုပ်ငြိမ်းပါတယ် မရှိပါဘူး"လို့ အထင်အရှားး
ုဟောထားပါလျက် "ရုပ်ထူး နာမ်ထူး ရှိတယ်"လို့ ကြံတာ
ုကတော့ အကြံဉာဏ်နယ်ပယ် လွန်သွားတာပါပဲ၊ "ချုပ်
ုငြိမ်းတယ် ကင်းတယ် မရှိဘူး"လို့ အတိအလင်း ဟောထား

http://www.dhammadownload.com

ရာမှာ "မရှိဘူး"လို့ မှတ်ယူရန်မှတပါး အထူးအထွေကြံနေ စရာမရှိဘူးပါလို့ ဖြေရှင်းပြပါတယ်။ အဲဒီ ဖြေရှင်းချက်ဟာ ဘုရားအလိုတော်နှင့် အံဝင်ဂွင်ကျ ကိုက်ညီပါပေတယ်။ အဲဒီ လို ရုပ်နာမ်တွေ လုံးဝမရှိတဲ့အတွက် နိဗ္ဗာန်ဟာ ယခုမျက် မှောက် လူ့ဓလောကထဲမှာလဲ မပါဝင်ဘူး၊ အခြားလောက ထဲမှာလဲ မပါဝင်ဘူး။ ဒါကြောင့်-

နိဗ္ဗာန်ဆိုတာ လောကမှ အလွတ်ဖြစ်သည်

နာယံ ဓလောကော - နိဗ္ဗာန်မှာ ဤလောကလဲ မရှိ= ဤဓလောကလဲ မဟုတ်၊ နံ ပရော ဓလောကော-အခြားလော ကလဲ မရှိ=အခြားလောကလဲ မဟုတ်ဘူးတဲ့။ ဤလောက အခြား လောကများနှင့် ဆိုင်ကဲ့ ရုပ်နာမ်တွေ လုံးဝမရှိတဲ့ အတွက် နိဗ္ဗာန်ဆိုတာ ဤလောကလဲ မဟုတ်၊ အခြားလော ကလဲ မဟုတ်၊ လောကမှ အလွတ်ဖြစ်တယ်လို့ သိစေပါ တယ်။ နောက်ပြီးတော့ ဤလောက အခြားလောကများ မှာလို ရုပ်နာမ်တွေ မရှိတဲ့အတွက်၊ အထူးအာဒြဖြင့် ရုပ်မရှိ တဲ့အတွက် အဒမ္မာင်မရှိဘူး၊ အမှောင်မရှိတော့ အလင်း ရောင်လဲ မလိုဘူး။ ဒါကြောင့်-

နာ ဥဘော စန္ဒိမသူရိယာ - အလင်းရောင်ကို ပေးတာတ် သည့် နှစ်ပါးသော လနေတို့လဲ မရှိကြဘူး-လို့လဲ ဖေါ်ပြ ထားပါတယ်။ ဒီစကားတော်ဖြင့် - တနေ့က ဟောခဲ့တဲ့ ဗာဟိယ သုတ်မှာလိုပင် လ-နေ-ဂြိုဟ်-ကြယ် စသည်တွေလဲ

http://www.dhammadownload.com

မရှိကြောင်း၊ အမှောင်လဲ မရှိကြောင်း သိစေ ပါတယ်။ "နိဗ္ဗာန်ဆိုတာ ရုပ်နာမ် ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်း သဘောမျှ ပဲ" ဆိုတာ သိထားယင် "လ-ဇနမရှိ အလင်းအမှောင်မရှိ" ဆိုတဲ့ ဒီအနက်ဟာ ရှင်းနေပါတယ်၊ ဘဝသစ် ရုပ်နာမ်ခန္ဓာတွေ မဖြစ်ပေါ်ပဲ ချုပ်ငြိမ်းသွားရာမှာ လ-ဇနတွေ ဂြိုဟ်တွေ ကြယ်တွေ အလင်း-အမှောင်တွေ ဘယ်မှာရှိနိုင်မလဲ၊ ရှိဘို့လဲ မလိုပါဘူး။ ဒါကြောင့် အဲဒီအနက်ကတော့ ရှင်းနေပါပြီ။ ဒါပေမဲ့ နတ်လောကမှ လူ့လောကသို့ ပြောင်းလာတာလို အဲဒီ နိဗ္ဗာန်မှာ တခြားမှ ပြောင်းလာတာ ရှိလေ သလားလို့ စဉ်းစား စရာရှိတယ်၊ ဒါကြောင့် ဒဲဒီလို ပြောင်းလာတာလဲ မရှိကြောင်း စသည်ကို ဆက်ပြီး မိန့်ဆိုကျူးရင့် တော်မူ ပြန်ပါတယ်။

နိဗ္ဗာန်မှာ လာခြင်း သွားခြင်း တည်ခြင်းမရှိ

အပိ-ထို့ပြင်လဲ၊ တတြ- ထိုနိဗ္ဗာန်၌၊ အဟံ- ငါသည်၊ ဇနဝ အာဂတိံ ဝဒါမိ ဘိက္ခဝေ-ဘခြားမှ လာရောက်ခြင်းကိုလဲ မဟောပါဘူး ရဟန်းတို့-တဲ့။ လူ့လောကမှာဆိုယင် အပါယ်ဘုံများမှ ရောက်လာဘာလဲ ရှိတယ်၊ နတ်လောကမှ ရောက်လာတာလဲ ရှိတယ်၊ နတ်လောကမှာလဲ အခြားဘုံများမှ ရောက်လာတာ ရှိတယ်၊ နိဗ္ဗာန်မှာတော့ အဲဒီလို တခြားမှ ရောက်လာခြင်းလဲ မရှိပါဘူး တဲ့၊ လူ့လောက နတ်လောက ဗြဟ္မာလောကမှ ရဟန္တာပုဂ္ဂိုလ်များ ပရိ-

http://www.dhammadownload.com

နိဗ္ဗာန်ပြုသွားတဲ့အခါ အနုပါဒိသေသ နိဗ္ဗာန်ဝင်စံသွားတယ် လို့တော့ ပြောရပါတယ်၊ ဒါပေမဲ့ လူ့လောက နတ်လောက ဗြဟ္မာလောကမှာ ရုပ်နာမ် ခန္ဓာအစဉ်ဖြင့် အသစ်ဖြစ်ပြီး ရောက်လာတာမျိုးကော့ မဟုတ်ဘူး၊ ရုပ်နာမ်ခန္ဓာ အသစ် မဖြစ်တော့ပဲ ချုပ်ငြိမ်း ပြတ်စဲသွားရုံမျှသာ ဖြစ်တယ်၊ အဲဒီလို ချုပ်ငြိမ်း ပြတ်စဲ သွားတာ ကိုပင် အနုပါဒိသေသ နိဗ္ဗာန်ဝင်စံ သွားတယ်လို့ ဆိုရတယ်။ ဒါကြောင့် ထိုနိဗ္ဗာန်၌ ဟခြေးမှလာရောက်ခြင်းကိုလဲ ငါမဟောဘူးလို့ မိန့်ဆိုတော် မူပါတယ်။ ဒီအဆိုကို ထောက်ဆ ကြည့်ယင်လဲ နိဗ္ဗာန်မှာ ရုပ်ကူး နာမ်ကူးနဲ့ အသစ် ဖြစ်ခြင်း မရှိဘူးဆိုတာ အလွန် ထင်ရှားပါတယ်။ နောက်ပြီးတော့-

နဂတိံ-တခြားသို့ ပြောင်းသွား ခြင်းကိုလဲ ငါမဟော ဘူးတဲ့။ ကုသိုလ်ကံရှိတဲ့ သူတွေက လူ့ဘုံမှ နတ်ဘုံသို့ ပြောင်းသွား ကြတယ်၊ နတ်ဘုံမှလဲ လူ့ဘုံသို့ ပြောင်းလာ ကြတယ်၊ အကုသိုလ်ကံ အားကြီးတဲ့ သူတွေက အပါယ်ဘုံ များသို့ ပြောင်းသွားတယ်၊ နိဗ္ဗာန်မှာတော့ အဲဒီလိုတခြား သို့ ပြောင်းသွား ခြင်းလဲ မရှိပါဘူးတဲ့။ ဒါဖြင့် နိဗ္ဗာန်မှာ ဘုရားရဟန္တာ အရှင်မြတ်တွေဟာ ပုဂ္ဂိုလ်အထည် ဖြတ်နှင့် တကွ တည်ရှိ နေကြပါ သလားလို့ မေးစရာရှိတယ်။ ဒါ ကြောင့်။

နဒ္ဒိတိံ-တောင်ကြီးများလို ပုဂ္ဂိုလ်အနေအားဖြင့် တည် တံ့နေခြင်းကိုလဲ ငါမဟောဘူးတဲ့။ ဒီစကားဖြင့်လဲ ရုပ်ထူး

http://www.dhammadownload.com

နာမ်ထူးနဲ့. တည်နေတာ မဟုတ်ကြောင်း အလွန်ထင်ရှားလှ ပါတယ်။ နောက်ပြီးတော့ ဒုဒ-ဘုံလောကမှာလို အဆက် ဆက် သေလိုက် ဖြစ်လိုက်နဲ့. ဖောက်ပြန်ခြင်းလဲ မရှိကဲ့. အ ကြောင်းကို-

စုတေခြင်းကပ်ရောက်ခြင်းလဲ မရှိ

နှ စုတိ-ရွှေ့လျော စုတေခြင်းကိုလဲ ငါမဟောဘူးတဲ့။ နှ ဥပပတ္တိ-ကပ်ဆောက်၍ ဖြစ်ခြင်းကိုလဲ ငါမဟောဘူးကဲ့။ ဒီ၂-ပုံဒ်ဖြင့် အဆက်ဆက်သေခြင်း အဆက်ဆက် ဖြစ်ခြင်းမရှိ ကြောင်း ပြတယ်လို့ အဋ္ဌကထာများမှာ ဖွင့်ပြထားပါတယ်။

အခု။ ဆရာများကတော့ ဥပပါတ်ပုဂ္ဂိုလ်များ၏ စုတေ ခြင်း ဖြစ်ခြင်းမျိုး မရှိကြောင်း ပြကယ်လို့ ဆိုကြပါသတဲ့။ နတ်ပြဟ္မာများ သေတာကို စုတိ-စုတေတယ်လို့ ပါဠိအသုံး ရှိတယ်၊ နတ်ပြည် ပြဟ္မာ့ပြည်၌ ကိုယ်ထင်ရှား အပြည့်အစုံ ဖြစ်တာကို ဥပပါတ် ဖြစ်တယ်လို့ ပါဠိအသုံး ရှိတယ်၊ ဒါကြောင့် အခု။ ဆရာတို့၏ ဖွင့်ပြချက်က ပိုပြီး အသင့် ယူတို့ ရှိတယ်လို့ သဘောကျဘွယ် ရှိပါတယ်။ အဲဒီ အဖွင့် အရအားဖြင့် ဆိုယင် နတ်များ စုတေတာလို ရုတ်တရက်၊ ပျောက်ကွယ် သွားတဲ့. သေခြင်းမျိုးလဲ မရှိဘူး၊ ရုတ်တရက် ကိုယ်ထင်ရှား အပြည့်အစုံဖြစ်တဲ့ ဖြစ်ခြင်းမျိုးလဲ မရှိဘူးလို့ သိစေတယ် ဆိုရမှာပဲ။ ဒီအနက် ဟာလဲ ရုပ်နာမ်ခန္ဓာ ချုပ် ငြိမ်းခြင်း သဘောမှာ ရုတ်တရက် ပျောက်ကွယ် ပျက်စီး

http://www.dhammadownload.com

စရာလဲမရှိ၊ ကိုယ်ထင်ရှားဖြစ်စရာလဲ မရှိတဲ့အတွက် အလွန်ပဲ သင့်လျော် ထင်ရှား ပါ၏တယ်။ နောက်ပြီးတော့-

တည်ရာလဲ မရှိ

ဘေဘီ-ကျိန်းဝန်သည်၊ အပ္ပတိဋ္ဌံ၊ ကည်ထုလဲ မရှိပေ။ ဘဝ ရုပ်နာမ်ခန္ဓာဝေ. မဖြစ်ပေါ်လာရေးပဲ ချုပ်ငြိမ်း ပြင်းစဲ သွားခြင်း သဘောဟာ ဘယ်အရပ်မှာ တည်နေတယ်၊ ဘာ ပေါ်မှာ တည် နေတယ်လို့ ဆိုစရာမရှိဘူး၊ ဒါကြောင့်- နိဗ္ဗာန်မှာ တည် ရာဇအရပ်ဌာန မရှိဘူး လို့ မိန့်ဆိုတော်မူတာ ပါပဲ။ ဒါလဲ ထင်ရှားပါတယ်၊ နိဗ္ဗာန်ဆိုတာ ရုပ်နာမ် ၂- မျိုးလဲက နာ တရားထဲမှာ ပါဝင် တယ်၊ ဒါပေမဲ့ စိဘ် စေတသိက် နာ ဓံတရားလို့ ဥပါဒိ ဘင် ရှိတာမဟုတ်ဘူး၊ ဒါကြောင့် ရုပ်ဘဲ့ဘုံများက စိတ်စေ ဘသိက်များလို့ ရုပ်ကုံလဲ မမှီဘူး၊ အခြား ဘရားကိုလဲ မမှီဘူး၊ ခရုပဘုံက နာမ်များမှာ မှီရာရုပ်မရှိပေမဲ့ ဖြစ်ရာဘုံဆိုတဲ့ တည် ရာအရပ်ကတော့ ရှိနေ တာဘဲ၊ ဒီနိဗ္ဗာန်ကတော့ ချုပ်ခြင်းသဘောမျှ ဖြစ်သော ကြောင့် ဘယ်ခရပ် ဘယ်ဌာနမှာမျှ တည်နေတယ်လို့ မဆို နိုင်ဘူး၊ ကောင်းကင်ထဲမှာ တည်နေဟယ်လို့လဲ မဆိုနိုင်ဘူး၊ ဒါပေမဲ့ နည်းပရိယာယ်အားဖြင့်ဇတော့ တလံမျှလောက် သော ခန္ဓာကိုယ်ထဲမှာ ရှိတယ်လို့ ဟောထားတဲ့ ဒေသနာ ကတော့ ရှိပါတယ်၊ အဲဒါကို တော်တော်ကြာမှ ဆက်ပြီး ဟောရမယ်။ နောက်ပြီးတော့-

http://www.dhammadownload.com

ရုပ်နာမ်အယဉ်လဲ မရှိ

တေံ- ဤနိဗ္ဗာန်သည်၊ အပ္ပဝတ္တံဧဝ- မပြတ်ဖြစ်နေသော ရုပ်နာမ်အယဉ်လဲ မရှိသည်သာတည်း၊ ဝါ-ရုပ်နာမ်အယဉ်၏ ပြောင်းပြန် ပြတ်စဲ ချုပ်ငြိမ်းခြင်းသာလျှင် ဖြစ်ပေသည် တဲ့။ သတ္တဝါတို့၏ သန္တာန်မှာ ရုပ်နာမ်တွေဟာ တခုပြီး တခု မပြတ်ဖြစ်နေတယ်၊ ရေစီးကြောင်းထဲက ရေအယဉ်လိုပါပဲ၊ ဥဒယဗ္ဗယဉာဏ်စသည်ကို ရောက်နေတဲ့ ယောဂီတွေမှာ ထိသိမှု ကြုံသိမှု ကြားမှု အစရှိသော ရုပ်နာမ်တွေကို တခုပြီး တခု မပြတ် ရှုမှတ်ပြီး သိနေတယ်၊ တခု တခုက ပျောက်သွားယင် နောက်တခုတခုက ပေါ်ပေါ်လာပြန်တာပဲ၊ မကုန်နိုင် မဆုံးနိုင်တဲ့ ရုပ်နာမ်အစဉ်တွေကို မပြက်မှတ်သိနေရတယ်၊ အဲဒီလို ရှုသိနေယင်းထဲက သင်္ခါရုပေက္ခာဉာဏ် ရင့်သန် ပြည့်စုံတဲ့ အခါမှာ အဲဒီရုပ်နာမ်အစဉ်-အယဉ်ကို ယူပစ်လိုက်သလိုပင် ရုတ်တရက်ချုပ်ငြိမ်းတဲ့ သဘောထဲ ကျရောက်သွားတယ်၊ အဲဒါဟာ ရုပ်နာမ်အယဉ် ပြတ်စဲချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ပဲ၊ ထို့အတူပင် ပရိနိဗ္ဗာန် စုထိစိတ်ချုပ်တဲ့ အခါမှာလဲ ရုပ်နာမ်အယဉ်လုံးဝ ပြတ်စဲသွားတယ်၊ အဲဒါကလဲ ပဝတ္တခေါ်တဲ့ ရုပ်နာမ် အယဉ်လုံးဝ ကင်းတဲ့ အနုပါဒိသေသ နိဗ္ဗာန်ပဲ၊ ဒါကြောင့် အပ္ပဝတ္တံဧဝ -မပြတ်ဖြစ်နေသော ရုပ်နာမ်အယဉ်လဲ မရှိသည်သာတည်းလို့ မိန့်ဆို ကျူး ရင့်ဘော် မူပါတယ်။ နောက်ပြီးတော့-

http://www.dhammadownload.com

တေံ ဤနိဗ္ဗာန်သည်။ အနာရမ္မဏမေဝ – အာရုံမရှိသည်သာတည်း၊ ၎ါ-အာရုံမပြုတတ် မသိတတ်သည်သာတည်းတဲ့။ နိဗ္ဗာန်ဟာ ရုပ်နာမ် ၂-ပါးထဲက နာမ်တရားထဲမှာ ပါဝင်တယ်၊ ဒါပေမဲ့ စိတ်စေတဘိက် နာမ်များလို အာရုံကိုတော့ မယူတတ် မသိတတ်ဘူး၊ မင်္ဂဖိုလ် ပစ္စဝေက္ခဏာ စိတ်များကို မိမိဆီသို့ ညွှတ်စေတတ်သောကြောင့်သာ နိဗ္ဗာန်ကို နာမ-နာမ်လို့ ခေါ်ရတယ်။ ဒါကြောင့် အနာရမ္မဏမေဝ-အာရုံမပြုတတ်သည်သာတည်းလို့ မိန့်ဆို ကျူးရင့်တော်မူပါတယ်။ အဲဒီလ် နိဗ္ဗာန်၏ ဂုဏ်တွေကို ဖေါ်ပြပြီးတော့-

ဧသေဝ- မြေဓာတ် မရှိ စသည်ဖြင့် ဖေါ်ပြ ခဲ့သော ဤနိဗ္ဗာန်သည် သာလျှင်၊ ဒုက္ခသာ ဆင်းရဲ အပေါင်း၏၊ အန္တော- အဆုံး ပေတည်း -လို့ နိဂုံးချုပ်၍ ကျူးရင့်တော် မူပါတယ်။

ဓာတ်လေးပါး ကင်းရာ,ရုပ်နာမ်အားလုံး ကင်းရာစသည်ဖြင့် ချီးကျူး ဖေါ်ပြခဲ့တဲ့ အငြိမ်းဓာတ် သဘောတရားဟာ ဆင်းရဲဟူသမျှတို အဆုံးပဲ တဲ့။ အဲဒါဟာ ဘဝသစ် ရုပ်နာမ်ခန္ဓာ ချုပ်ငြိမ်း ကင်းပြတ်တဲ့ အနုပါ ဒိသေသ နိဗ္ဗာန်ပါပဲ၊ အဲဒီနိဗ္ဗာန် မရောက်သေး ယင်တော့ ရုပ်ကို မှိပြီး ဖြစ်တဲ့ ဆင်းရဲနာမ်ကို မှိပြီးဖြစ်တဲ့ ဆင်းရဲ ရုပ်နာမ်နှစ်ပါးနှင့် စပ်ဆိုင်တဲ့ သင်္ခါရ ဆင်းရဲ ဆိုတာတွေ ရှိနေသေး တာပဲ၊ ရဟန္တာမှာ ကိလေသာ ဆင်းရဲ ကင်းပေမယ်လို့ ပရိနိဗ္ဗာန် မစံမီမှာ

http://www.dhammadownload.com

ဆိုယင် ခန္ဓာအကြင်း ရှိနေသေးတဲ့ အတွက် ရုပ်နာမ် ခန္ဓာဆင်းရဲ တွေက ရှိနေသေးတာပဲ၊ အနုပါဒိဉသည ပရိနိဗ္ဗာန် ဝင်စံ သွားတဲ့ အခါ ကျဒတဉမှ ဆင်းရဲ ဟူသမျှတွေ အားလုံး ကုန်ဆုံး သွားတယ်၊ ဒါကြောင့် အဲဒီ အနုပါဒိသေသ နိဗ္ဗာန်ကို ဆင်းရဲ အပေါင်း၏ အဆုံးပဲလို့ မိန့်ဆို ကျူးရင့် တော်မူပါတယ်။

ဒီဥဒါန်း စကားတော်ထဲမှာ အပ္ပတိဋ္ဌ-တည်ရာမရှိဘူးလို့ မိန့်ဆိုတော် မူသောကြောင့် "နိဗ္ဗာန်ဟာ ဘယ်မှာ တည်နေပါသလဲ" ဆိုယင် ဘယ်မှာမှ တည်နေတယ်ဂ' မုချအားဖြင့်တော့ မဆိုနိုင်ဘူး၊ ဒါပေမဲ့ ပရိယာယ် အားဖြင့်တော့ ရဟန္တာ ပုဂ္ဂိုလ်၏ ကိုယ်ထဲမှာ တည်ကယ်လ့် ဆိုရပါသေးတယ်၊ အဲဒီလို ဆိုရခြင်း၏ အကြောင်း ဂ'တော့ သံယုတ် ပါဠိတော် အဂ်ုတ္တရ ပဏ္ဍိတော် များမှာ ဝံဂါယနာ တင်ထားတဲ့ ရောဟိတသ သုတ်မှာ မြတ်စွာဘုရား ဟောတော် မူဝ၊ စကား တော်ပါပဲ'

ရော ' တသသုတ်တရား

တချိန်က သာဝတ္ထိ ပြည် ဇေတဝန် ဂ ကျင်းတော်မှာ သီကင်းသုံး နေတော်မူ ဉ် မြတ်စွာဘုရား ရောဟိတသ ဆိုဂဲ့ နတ်သားက ဒီ ဒို့ မေးကယ်။

မြတ်စွာဘုရား၊ မ စ်ရာ မအိုရာ မသေရာ မစုတေရာ ဘဝသစ်သို့ မကပ်ရောရာ ဖြစ်သော လား ၏ အဆုံးကို

http://www.dhammadownload.com

သွားခြင်းဖြင့် သိနိုင် တွေ့မြင်နိုင် ရောက်နိုင် ပါသလား အရှင် ဘုရားလို့ မေးတယ်။ အဲဒီအမေးကို မြတ်စွာ ဘုရား က ဒီလို ဖြေတော် မူတယ်။

လောက၏ အဆုံး သွား၍ မရောက်နိုင်

ယတ္ထ ခေါ အာဝုသော နဇာယတိ နဇီယတိ-နမီယတိ နစဝတိ နဥပဇ္ဇတိ၊ နာဟံ တံ ဂမနေန လောကဿ အန္တံ ဥာတေယျံ ဒဋ္ဌေယျံ ပတ္တေ-ယျန္တိ ဝဒါမိ။

အာဝုသော- အမောင် ရောဟိတဿ၊ ယတ္ထ- အကြင် အရပ်၌၊ နဇာယတိ နဇီယတိ နမီယတိ-မဖြစ် မအို မသေ၊ နစဝတိ နဥပဇ္ဇတိ-မစုတေ ကပ်၍ မဖြစ်၊ တံ- ထိုသို့သော၊ လောကဿ အန္တံ-လောက၏ အဆုံးကို၊ ဂမနေန-ခြေလျင် သွားခြင်းဖြင့်၊ ဥာတေယျံ ဒဋ္ဌေယျံ ပတ္တေယျန္တိ-သိနိုင် မြင်နိုင် ရောက်နိုင် သည်ဟု၊ နဲ အဟံ ဝဒါမိ- ငါမဟောဘူးတဲ့။

အဲဒီလို ဖြေတာကို ကြားရတော့ ရောဟိတဿ နတ်သားက အလွန် သဘော ကျသွားကတ်၊ မြတ်စွာဘုရား မိန့်တော် မူတဲ့အဟိုင်းပင် လောက၏ အဆုံးသို့ ခြေလျင်သွားလို့ မရောက် နိုင်တာ အလွန် မှန်ကန်ပါတယ်၊ ဘာကြောင့် လဲဆိုယင် သူဟာ ရှေးတုန်းက စျာန်အဘိညာဉ် ရတဲ့ရသေ့ ဖြစ်ခဲ့တယ်၊ အဘိညာဉ် တန်ခိုးဖြင့် လောက၏ အဆုံးကို ရှာကြည့်ခဲ့တယ်၊ စကြာဝဋ္ဌာတခုကို ခြေတလှမ်းလောက်နဲ့

http://www.dhammadownload.com

ရောက်အောင် သွားခဲ့တယ်၊ အိပ်ချိန် စားချိန် ကိုယ်လက်သုတ်သင် ချိန်များကို ချန်ထား၍ အနှစ်တရာ ပတ်လုံးစကြာဝဋ္ဌာ လှည့်ပြီး လောက၏ အဆုံး အရပ်ကို ရှာခဲ့တယ်၊ ဒါပေမဲ့ လောက၏ အဆုံး အရပ်ကို မတွေ့ခဲ့ဘူး တဲ့။ အနှစ်တရာ ပြည့်လို့ အသက်တမ်း ကုန်တဲ့အခါ အဲဒီ ဘဝက သေပြီး ဒီစကြာဝဋ္ဌာမှာဘဲ နတ်သား ဖြစ်နေကြောင်းလဲ လျှောက်တယ်။ ဒေဝပုတ္တောလို့ ဆိုတဲ့အတွက် နတ်သားလို့ ပြောရတာပဲ၊ စျာန် အဘိညာဉ်ရ ရသေ့ ဘဝက သေလာတာ ဆိုတော့ ဗြဟ္မာနတ် ဖြစ်ဟန် လက္ခဏာ ရှိပါတယ်။ အဲဒီ ရောဟိတဿ နတ်သား ဆိုလိုတာကတော့ စကြာဝဋ္ဌာကမ္ဘာ လောက၏ အဆုံးကို ဆိုလိုပါတယ်၊ မြတ်စွာ ဘုရား၏ ရည်ရွယ်ချက် ကတော့ ရုပ်နာမ်အစဉ် ဘဲခါရ လောက၏ အဆုံး နိဗ္ဗာန်ကို ဆိုလိုပါတယ်။ ဒါကြောင့် မြတ်စွာ ဘုရားက ဒီလို ဆက်ပြီး မိန့်တော်မူပါတယ်။

လောက၏ အဆုံးရောက်မှ ဆင်းရဲငြိမ်းသည်

နခေါ နာဟံ အာဝုသော အပ္ပတ္တာ လောကဿ အန္တံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ၊ အပိစ ခွါဟံ အာဝုသော ဣမသ္မိံယေ ဗျာမမတ္တေ ကဋ္ဌေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ လောက သမုဒယဉ္စ လောက နိရောဓဉ္စ လောကနိရောဓ ဂါမိနိဉ္စ ပဋိပဒံ။

http://www.dhammadownload.com

အာဝုသော-အမောင်ရောဟိတဿ၊ ပန-ခြေလျင်သွား၍ လောက၏အဆုံးသို့ မရောက်နိုင်သော်လည်း၊ အပ္ပတ္တာ လောကဿ အန္တံ - လောက၏ အဆုံးသို့ (ဉာဏ်ဖြင့်) မရောက်ပါပဲ၊ ဒုက္ခဿ အန္တကိရိယံ - ဆင်းရဲ၏ အဆုံးပြုခြင်းပြီးစေခြင်းကို၊ နဒေါ အဟံ ဝဒါမိ-ငါမဟောပေတဲ့။ (ဒီစကားဖြင့် သိစေလိုဟာကတော့- ခြေလျင်သွား၍ မရောက်နိုင်ပေမယ်လို့ ဉာဏ်ဖြင့် သွားလို့တော့ ရောက်နိုင်တယ်၊ အဲဒီလို ဉာဏ်ဖြင့် လောက၏ အဆုံးကို မရောက်ယင် ဆင်းရဲကုန်ဆုံးခြင်း ငြိမ်းခြင်းကို မပြီးစေနိုင်ဘူး၊ လောက၏ အဆုံးကို ဉာဏ်ဖြင့် ရောက်ပါမှ ဆင်းရဲကုန်ဆုံးခြင်း ငြိမ်းခြင်းကို ပြီးစေနိုင်တယ်လို့ သိစေလိုပါတယ်။ အဲဒီတော့ မြတ်စွာဘုရားရည်ရွယ်တဲ့ လောကနှင့် လောက၏ အဆုံးဆိုတာက ဘာတွေလဲလို့ မေးစရာရှိလာတယ်၊ ဒါကြောင့် ဒီလို ဆက်ပြီး မိန့်တော်မူပြန်ပါတယ်။

သစ္စာလေးပါးလုံး ကိုယ်ထဲရှိသည်

အာဝုသော-အမောင်ရောဟိတဿ၊ -အပိစ ခေါ-စင်စစ် သော်ကား၊ အဟံ-ငါသည်၊ သဿညိမ္ဩ သမနကေ-သညာလဲရှိ စိတ်လဲရှိသော၊ ဣမသ္မိံ ယေဝ ဗျာမမတ္တေ ကဠေဝရေ-တလံမျှရှိသော ဤကိုယ်ကောင်၌ပင်လျှင်၊ လောကဉ္စ ပညဉ်ပေမိ - လောကကိုလဲ ပညတ်ဟောကြား၏။ (လောက ဆိုတာ ဤကိုယ်ထဲက မျိုးနာမ်ဒုက္ခသစ္စာတရားကို ဆိုပါတယ်

http://www.dhammadownload.com

တဲ့။) လောကသမုဒယဉ္စ-လောက၏ ဖြစ်ကြောင်းသမုဒယ သစ္စာကိုလဲ ဟောကြား၏၊ လောကနိရောဓဉ္စ - လောက၏ ချုပ်ရာ ကုန်ဆုံးရာ နိဗ္ဗာန်သစ္စာကိုလဲ ဟောကြား၏၊ လောကနိရောဓဂါမိနိဉ္စ ပဋိပဒံ-လောက၏ ချုပ်ရာ ကုန်ဆုံးရာသို့ ရောက်ကြောင်း မဂ္ဂသစ္စာကိုလဲ ဟောကြား၏။

အဲဒီမှာ လောကဆိုတဲ့ ဒုက္ခသစ္စာနဲ့ လောကသမုဒယ ဆိုတဲ့ သမုဒယသစ္စာ ဒီသစ္စာ ၂-ပါးဟာ သတ္တဝါတို့၏ ကိုယ်ထဲမှာရှိတယ် ဆိုတာကတော့ ရှင်းနေပါတယ်၊ မဂ္ဂသစ္စာ ဆိုတာလဲ မင်ရောက်ဆဲ ပုဂ္ဂိုလ်သန္တာန်မှာ ဖြစ်တဲ့အတွက် ဒါလဲ ရှင်းပါတယ်၊ လောကနိရောဓ ဆိုတဲ့ နိဗ္ဗာန်က တလံမျှသော ကိုယ်ထဲမှာ ရှိဘယ် ဆိုတာ ဘယ်လိုပါလဲလို့ မေးစရာရှိပါတယ်။ အမှန်စင်စင်ကတော့ ရုပ် နာမ် ခန္ဓာတို့၏ ချုပ်ခြင်းဆိုတဲ့ နိဗ္ဗာန်မှာ တည်ရာဌာနံမရှိပါဘူး၊ ဘယ်နေရာမှာမှ တည်ရှိနေတယ်လို့ မဆိုနိုင်ပါဘူး၊ ဒါပေမဲ့ ချုပ်ငြိမ်းတဲ့ ရုပ်နာမ်ခန္ဓာတွေက ရဟန္တာပုဂ္ဂိုလ်၏သန္တာန်မှာ ရှိနေတဲ့အတွက် အဲဒီ ရုပ်နာမ်ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်းကိုလဲ ရဟန္တာပုဂ္ဂိုလ်၏ဘဝလံမျှလောက်ရှိ ခန္ဓာကိုယ်ထဲမှာပင်ရှိသကဲ့သို့ တင်စားပြီး ပညတ်ဟောကြားတော်မူခြင်း ဖြစ်ပါတယ်။ အဘိဓမ္မာ ဒေသနာမှာတော့ အဲဒီ ရုပ် နာမ် ခန္ဓာတို့၏ ချုပ်ခြင်းဆိုတဲ့ နိဗ္ဗာန်ကို သတ္တဝါတို့၏ ခန္ဓာကိုယ်မှ အပြင်ပဟိဒ္ဓတရားလို့ ဟုတိအကျ ဟောထားပါတယ်၊ မုချအားဖြင့် ဆိုယဲင် အဲဒီအဘိဓမ္မာ ဒေသနာတော်အတိုင်း နိဗ္ဗာန်ကို

http://www.dhammadownload.com

ဗဟိဒ္ဓတရားလို့သာ မှတ်ရတယ်၊ ဒါပေမဲ့ အပြင်ပ ဘယ် အရပ်မှာ တည်ရှိနေတယ်လို့ တည်ရာအားဖြင့်တော့ ပြစရာမရှိ ဘူး၊ ဘာကြောင့်လဲ ဆိုယင် ရုပ်နာမ်ခန္ဓာတို့၏ အဲဒီ ချုပ် ခြင်းဆိုတာဟာ ရုပ်နာမ်ခန္ဓာတို့၏ မဖြစ်ခြင်းသဘောမျှသာ ဖြစ်သောကြောင့် အဲဒီ မဖြစ်ခြင်းသဘောကို ဘယ်နေရာမှာမျှ တည်ရှိနေတယ်လို့ ဆိုဖွယ်မရှိတဲ့ အတွက်ကြောင့်ပါပဲ၊ ဒါ ကြောင့် ဒီဥဒါန်းပါဠိမှာ အပ္ပတိဋ္ဌံ-တည်ရာမရှိဘူးလို့ မူချ အားဖြင့် မိန့်ဆို ကျူးရင့်ဇေတ်မူခဲ့တာပါပဲ။

လောကနှင့် လောကသမုဒယ ကိုယ်ထဲ၌ ရှိနေပုံ

လောကနှင့် လောကသမုဒယ ဆိုတာတွေကတော့ ရော-ဟိတသုတ်မှာ ဟောထားသည့်အတိုင်းပင် တလံမျှလောက် သော ကိုယ်ထဲ၌ အမြဲရှိနေတာပဲ၊ အဲဒီအကြောင်းကို ပိုပြီး ရှင်းရှင်းလင်းလင်း သိရအောင် ထပ်ပြီး ပြောဦးမယ်။

အဲဒီသုတ်အဖွင့် အဋ္ဌကထာမှာ လောကန္တိ-လောကကို (ပညတ်တယ်)ဆိုတဲ့စကားဖြင့်၊ ဒုက္ခသစ္စံ-ဒုက္ခသစ္စာကို ဟော ပါတယ်တဲ့။ ဒုက္ခသစ္စာ ဆိုတာ ဥပါဒါနက္ခန္ဓာ ငါးပါးပဲ၊ ဥပါဒါနက္ခန္ဓာငါးပါး ဆိုတာ ဒုါရ ၆-ပါးက အကြောင်း အားလျော်စွာ ထင်ရှားဖြစ်နေတဲ့တရားတွေပဲ၊ မျက်စိထဲမှာ အဆင်းထင်ပေါ်လာတဲ့အခါ မြင်သိမှု ဖြစ်သွားတယ်၊ အဲဒီလို ဖြစ်ရာမှာ မျက်စိရုပ်လဲ ထင်ရှားတယ်၊ အဆင်ရုပ်လဲ ထင်ရှား တယ်၊ မြင်သိတာလဲ ထင်ရှားတယ်။ အဲဒီလို ထင်ရှားတဲ့

http://www.dhammadownload.com

အတွက် မျက်စိရုပ်ကိုလဲ "ငါ့မျက်စိ၊ အမြဲရှိနေတယ်၊ ငါ့မျက်ဝိ ကြည်ဘယ် ဖောင်းတယ်" စသည်ဖြင့် စဲလမ်းနိုင်တယ်၊ အဲဒီလို စဲလမ်းနိုင်တဲ့အတွက် မျက်စိရုပ်ကို ဉပါဒါနက္ခန္ဓာလို့ ခေါ်ရတယ်၊ မျက်စိကိုသာ မဟုတ်သေးဘူး၊ မျက်စိနှင့်တကွ တကိုယ်လုံးရုပ်ကိုလဲ နည်းတူပဲ စဲလမ်းနိုင်တယ်၊ ဒါကြောင့် တကိုယ်လုံး ရုပ်ဒုတ္ထကိုလဲ ဉပါဒါနက္ခန္ဓာလို့ ခေါ်ရတယ်။ မြင်ရတဲ့အဆင်းရုပ်ကိုလဲ မိန်းမပဲ ယောကျ်ားပဲ လုတယ် အမြဲရှိနေတယ် စသည်ဖြင့် စဲလမ်းနိုင်တယ်၊ ဒါကြောင့် အဲဒီမြင်ရတဲ့ အဆင်းနှင့်တကွ သူ၏တည်မှီရာရုပ်အပေါင်းကိုလဲ ဉပါဒါနက္ခန္ဓာလို့ခေါ်ရတယ်။ အဲဒီမျက်စိနှင့် အဆင်းရုပ်တွကရုပ်ဉပါဒါနက္ခန္ဓာပဲ။

မြင်သိမှု ဆိုတာထဲမှာ မြင်သိရုံမျှသဘောက ဝိညာဏ်ပဲ၊ မြင်လို့ကောင်းတာ မကောင်းတာက ဝေဒနာပဲ၊ မြင်ရတဲ့အဆင်းကို မှတ်သားတာက သညာပဲ၊ မြင်မှုကိစ္စပြီးအောင် နှလုံးသွင်းတာ ကြောင့်ကြစိုက်တာက သင်္ခါရတွေပဲ၊ အဲဒါတွေကိုလဲ ငါမြင်တယ်၊ "ငါ့ကောင်းတယ်၊ ငါက မှတ်သားတယ်၊ ငါက နှလုံးသွင်းတယ် ကြောင့်ကြစိုက်တယ်" စသည်ဖြင့် စဲလမ်းနိုင်သောကြောင့် ဝိညာဏ်ဉပါဒါနက္ခန္ဓာ၊ ဝေဒနာဉပါဒါနက္ခန္ဓာ၊ သညာဉပါဒါနက္ခန္ဓာ၊ သင်္ခါရဉပါဒါနက္ခန္ဓာလို့ ခေါ်ရတယ်။

အဲဒီဉပါဒါနက္ခန္ဓာတွေဟာ မြင်တိုင်း မြင်တိုင်း ထင်ရှားဖြစ်နေကြတာပဲ၊ မရှုနိုင်လို့ လျင်မြန်စွာ ဖြစ်ပျက်နေတာကို

http://www.dhammadownload.com

မသိယင် စဲလမ်းမှု ဥပါဒါန်၏ အာရုံ ဖြစ်ကြသောကြောင့် ဥပါဒါနကွန္ဒာတွေလို့ ခေါ်ရတယ်။ ဝိပဿနာဉာဏ်ဖြင့်ရှု ကြည့်လျှင် လျင်မြန်စွာဖြစ်ပျက်နေသောကြောင့်လဲ နှစ်သက်ဖွယ် အားကိုးဖွယ်မရှိတဲ့ ဒုက္ခတရားတွေပဲ မကောင်းတဲ့တရား တွေပဲလို့ ကိုယ်ပိုင်ဉာဏ်ဖြင့်သိရတယ်၊ ဆင်ခြင်ကြည့်ယင်လဲ မြင်မှုကို အကြောင်းပြုပြီး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်နိုင်တဲ့ အတွက် ဒုက္ခတရားတွေပဲ မကောင်းတဲ့တရားတွေပဲလို့ သိရ တယ်။ ဒါကြောင့် မြင်ဆဲခဏ၌ ထင်ရှားတဲ့ အဲဒီ ဥပါဒါ-နကွန္ဒာ ငါးပါးကို ဒုက္ခသစ္စာလို့ မြတ်စွာဘုရားက ဟော တော်မူပါတယ်။ ကဲ အဲဒီဥပါဒါနံကွန္ဒာငါးပါးကို ကောင်း ကောင်း မှတ်မိအောင် လိုက်ဆိုကြရမယ်။

(၁) မြဆဲခဏ၌ မျက်စိအဆင်းနှင့် တကိုယ်လုံး ရုပ်က ရုပ်ဥပါဒါနကွန္ဒာ။

(၂) မြင်သိတာက ဝိညာဏ် ဥပါဒါနက္ခန္ဓာ။

(၃) မြင်လို့ကောင်းတာ မကောင်းတာက ဝေဒနာ ဥပါဒါနက္ခန္ဓာ။

(၄) မြင်ရတဲ့အဆင်းကို မှတ်သားတာက သညာ ဥပါ ဒါနက္ခန္ဓာ။

(၅) မြင်အောင် နှလုံးသွင်းတာ အားထုတ်တာက သင်္ခါရဥပါဒါနကွန္ဒာ။

http://www.dhammadownload.com

အဲဒါဟာ ဥပါဒါနက္ခန္ဓာငါးပါးပဲ၊ ဒီဥပါဒါနက္ခန္ဓာငါးပါးကိုပင် လောကလို့လဲ ခေါ်တယ်၊ ဒုက္ခသစ္စာလို့လဲ ခေါ်တယ်။ ဒါပေမဲ့ မြင်ဆဲခဏမှာ မရှုနိုင်လို့ တခဏချင်း ဖြစ်ပျက်သွားတဲ့ သင်္ခေါမှန်ကို မသိလျှင် အဲဒီမြင်တာနဲ့ မြင်ရတာကို ကောင်းတယ်လို့ ထင်မှတ်ပြီး နှစ်သက်သာယာတယ်၊ လောလောဆယ် မြင်နေရတာကိုလဲ နှစ်သက်သာယာတယ်၊ နောင်အခါလဲ အဲဒီလို အကောင်းတွေကို မြင်ချင်နေတယ်၊အဲဒါဟာ ဒုက္ခကို သုခထင်ပြီး နှစ်သက်တဲ့တဏှာပဲ၊ အဲဒီတဏှာကြောင့် စဲလမ်းမှု ဥပါဒါန်လဲ ဖြစ်တယ်၊ စဲလမ်းတာကို ရအောင်အားထုတ်တဲ့ ကံ-သင်္ခါရလဲ ဖြစ်တယ်။ အဲဒီကံ-သင်္ခါရကြောင့် သေခါနီးမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ဆိုတာ ထင်ပေါ်တယ်၊ အဲဒီထင်ပေါ်လာတဲ့ အာရုံနိမိတ်ကို တဏှာဥပါဒါန်ဖြင့် စဲလမ်းနေတယ်၊ ရေနစ်တဲ့သူမှာ ကိုင်ဆဲ့မိရာ တစုံတခုကိုမလွတ်ပဲ ဆဲ့ကိုင်ထားသလို အဲဒီအာရုံနိမိတ်ကို စိတ်ထဲမှာစဲလမ်းနေတယ်၊ အဲဒီလို စဲလမ်းနေဆဲမှာ နောက်ဆုံး စုတိစိတ်ဖြင့် ဘဝဟောင်းက ရုပ်နာမ် ပြတ်စဲသွားတဲ့အခါ သေခါနီးက စဲလမ်းခဲ့တဲ့ အာရုံကိုပင် အာရုံပြုလျက် ဘဝသစ်မှာ စိတ်အသစ်စပြီး ဖြစ်တယ်၊ အဲဒီစိတ်ဟာ ရှေးဘဝနှင့် ဆက်စပ်ပြီးဖြစ်တဲ့အတွက် သူ့ကိုပဋိသန္ဓေစိတ်လို့ ခေါ်တယ်၊ အဲဒီ ပဋိသန္ဓေစိတ် နောင်လဲ အခြား အခြားစိတ်တွေဟာ အဆက်မပြတ် ဖြစ်သွားတယ်၊ ယခုဘဝမှာ မြင်လိုက် ကြားလိုက် စသည်ဖြင့် စိတ်တွေ အဆက်မပြတ် ဖြစ်နေသလိုပါပဲ၊

http://www.dhammadownload.com

စိတ်ဖြစ်နေတော့ သူနှင့်ယှဉ်ဖက် စေတသိက်တွေရော သူ၏ မှီရာရုပ်တွေရော ယခုဘဝမှာလိုပင် ပြတ်ဖြစ်နေတယ်၊ တဏှာ မကင်းသေးလျှင် ဒီပုံဒီနည်းဖြင့် တဘဝပြီးတဘဝ မပြတ်ဖြစ် နေတယ်၊ ဒါကြောင့် နှစ်သက် သဘောတတ်တဲ့ တဏှာကို လောကသမုဒယ-လောက၏ ဖြစ်ကြောင်းတရား သမုဒယ သစ္စာလို့ ခေါ်တယ်။ အဲဒါဟာ မြင်ရာက လောကဆိုတဲ့ ဒုက္ခသစ္စာနဲ့. လောက သမုဒယဆိုတဲ့ သမုဒသစ္စာ ဖြစ်နေပုံ ပါပဲ၊ တဏှာမကင်းသေးတဲ့ သတ္တဝါတွေမှာ မြင်မှု-ဒုက္ခ သစ္စာကို မှီပြီး တဏှာဆိုတဲ့ သမုဒယသစ္စာ ဖြစ်တယ်၊ အဲဒီ သမုဒယကြောင့် ဘဝအသစ်ဖြစ်ပြီး မြင်မှုအစရှိတဲ့ ဒုက္ခသစ္စာ တွေ ဖြစ်နေတယ်။ ကဲ ဒါကိုလဲ လိုက်ပြီးဆိုကြရမယ်။

မြင်မှု ဒုက္ခသစ္စာကို မှီ၍ နှစ်သက်သာယာမှု တဏှာ သမုဒယဖြစ်သည်၊ သမုဒယကြောင့် ဘဝသစ် ဖြစ်၍ မြင်မှုစသော ဒုက္ခသစ္စာတွေ ဖြစ်နေသည်၊

ကြားရာစသည်၌ ဒုက္ခနှင့် သမုဒယ ဖြစ်ပုံ

ကြားရာစသည်မှာလဲ ယခုပြောခဲ့တဲ့ မြင်ရာမှာလိုပင် ဒုက္ခနှင့် သမုဒယတွေ ဖြစ်နေတယ်၊ ဖြစ်ပုံ အကျဉ်းချုပ် ကတော့-နားထဲမှာ အသံထင်ပေါ်လာတဲ့အခါ ကြားသိမှု ဖြစ်တယ်၊ အဲဒီလိုဖြစ်တဲ့အခါ နားရုပ်လဲ ထင်ရှားတယ် အသံရုပ်လဲ ထင်ရှားတယ်၊ ကြားသိတာလဲ ထင်ရှားတယ်။ အဲဒီလို ထင်ရှားတဲ့အတွက် ငါ့နားကောင်းတယ်၊ ငါ့

http://www.dhammadownload.com

ကြားတယ်၊ ကြားရတဲ့ အသံက ဘယ်သူ့အသံပဲ၊ သာယာကယ်- စသည်ဖြင့် စွဲလမ်း နှိုင်တယ်၊ အဲဒီလို စွဲလမ်းနှိုင်တဲ့ အတွက် နားရုပ် အသံရုပ်နှင့်တကွ တကိုယ်လုံး ရုပ်တွေကို ရုပ် ဥပါဒါနက္ခန္ဓာ ခေါ်တယ်၊ ကြားသိကာမျှ စိတ်ကို ဝိညာဏ် ဥပါဒါနက္ခန္ဓာ ခေါ်တယ်၊ ကြားလို့ ကောင်းတာ မကောင်း တာကို ဝေဒနာ ဥပါဒါနက္ခန္ဓာ ခေါ်တယ်၊ ကြားရတဲ့ အသံ မှတ်သားတာကို သညာ ဥပါဒါ နက္ခန္ဓာ ခေါ်တယ်၊ ကြားရအောင် နှလုံးသွင်းတာ ကြောင့်ကြ စိုက်တာကို သင်္ခါရ ဥပါဒါ နက္ခန္ဓာ ခေါ်တယ်။

ဒီဥပါဒါနက္ခန္ဓာ ငါးပါးဟာ ကြားတိုင်း ကြားတိုင်း အသစ်အသစ်ဖြစ်နေတယ်၊ ဖြစ်ပြီးယင်လဲ ချက်ခြင်းပဲ ပျောက်ပျက် သွားတယ်၊ အဲဒီလို ဖြစ်ပျက် နေလို့ အဲဒါတွေဟာ နှစ်သက်ဖွယ် အားကိုးဖွယ် မရှိတဲ့ ဒုက္ခတရား မကောင်းတဲ့ ဆင်းရဲ တရားတွေပဲ၊ နောက်ပြီးတော့ အဲဒီ ကြားမှုကို အကြောင်း ပြုပြီး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်နိုင်တဲ့ အဘက်လဲ ဒုက္ခတရားကြေ မကောင်းတဲ့ တရား တွေပဲ။ ဒါဒကြောင့် ကြားဆဲ ခဏ၌ ထင်ရှားတဲ့ အဲဒီဥပါဒါနက္ခန္ဓာ ငါးပါးကို မြင်စွာ ဘုရားက ဒုက္ခသစ္စာလို့ ဟောတော်မူတာပါပဲ။ ကဲ အဲဒီ ဥပါဒါနက္ခန္ဓာ ငါးပါးကို ကောင်း ခကောင်း မှတ်မိအောင် လိုက်ဆိုကြ ရမယ်။

(၁) ကြားဆဲခဏ၌ နားအသံနှင့် တကိုယ်လုံးရုပ်က ရုပ် ဥပါဒါနက္ခန္ဓာ။

http://www.dhammadownload.com

(၂) ကြားသိ တာက ဝိညာဏ် ဥပါဒါနက္ခန္ဓာ။
(၃) ကြားလို့ ကောင်းတာ မကောင်း တာက ဝေဒနာ ဥပါဒါ နက္ခန္ဓာ။
(၄) ကြားရတဲ့ အသံကို မှတ်သား တာက သညာ-ဥပါဒါ နက္ခန္ဓာ။
(၅) ကြားအောင် နှလုံးသွင်းတာ အားထုတ်တာက သင်္ခါရ ဥပါဒါနက္ခန္ဓာ။

အဲဒါဟာ ကြားဆဲ ခဏမှာ ထင်ရှာတဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးပဲ။ အဲဒီ ဥပါဒါနက္ခန္ဓာ ငါးပါးကို လောကလို့ လဲ ခေါ်တယ်၊ ဒုက္ခသစ္စာလို့လဲ ခေါ်တယ်။ ဒါပေမဲ့ ကြားဆဲခဏမှာ မရှုနိုင်လို့ တခဏချင်း ဖြစ်ပျက် သွားတာကို မသိလျှင် အဲဒီ ကြားတာနဲ့ ကြားရတာ ကိုပင် ကောင်းတယ်လို့ ထင်မှတ်ပြီး နှစ်သက် သာယာတယ်၊ အဲဒါဟာ ဒုက္ခကို သုခ ထင်ပြီး နှစ်သက်တဲ့ တဏှာပဲ၊ အဲဒီ တဏှာကြောင့် စဲလမ်းပြီးတော့ မိမိအလိုရှိရာ ပြီးမြောက်အောင် ပြုလုပ် အားထုတ်ဘယ်၊ အဲဒီ အားထုတ်မှုကံ-သင်္ခါရကြောင့် သေခါနီးမှာ ထင်ပေါ်လာတဲ့ ကံ, ကမ္မနိမိတ်, ဂတိ နိမိတ် အာရုံကို စဲလမ်းနေယင်း ဒသသွားတဲ့အခါ အဲဒီ အာရုံကိုပင် အာရုံပြုလျက် ပဋိသန္ဓေ စိတ်ဖြစ်တယ်၊ ပဋိသန္ဓေစိတ် ဖြစ်မိယင် အဲဒီဘဝသစ်မှာလဲ ရုပ်နာမ် ဒုက္ခသစ္စာတွေ့ မပြတ် ဖြစ် သွားတော့ တာပဲ။ အဲဒါဟာ ကြားမှု ဒုက္ခ သစ္စာကို

http://www.dhammadownload.com

မှီပြီး နှစ်သက် သာယာမှု တဏှာ သမုဒယ ဖြစ်ပုံနှင့် သမုဒယကြောင့် တဖန် ဘဝသစ် ဖြစ်ပြီး ကြားမှု စသော ဒုက္ခသစ္စာတွေ ဖြစ်သွားပုံ ပါပဲ။ အဲဒါကို ဆိုကြရမယ်။

ကြားမှု ဒုက္ခသစ္စာကို မှီ၍ နှစ်သက် သာယာမှု တဏှာသမုဒယ ဖြစ်သည်၊ သမုဒယကြောင့် ဘဝသစ် ဖြစ်၍ ကြားမှုစသော ဒုက္ခသစ္စာတွေဖြစ်နေသည်။

နံဆဲခဏမှာ နှာခေါင်း ရုပ်လဲ ထင်ရှားတယ်၊ အနံ့ ရုပ်လဲ ထင်ရှားတယ်၊ နံသိတာလဲ ထင်ရှားတယ်၊ အဲဒီလို ထင်ရှားတဲ့ အတွက် ငါ့နှာခေါင်းက ကောင်းတယ်၊ ငါက နံသိတယ်၊ လူး လိမ်းထားတဲ့ ပန်းနံ့ နံ့သာနံ့ ကလေးက မွှေးတယ် စသည်ဖြင့် စဲလမ်း နှိုင်တယ်၊ ဒါကြောင့် အဲဒီ နှာခေါင်း ရုပ် စသည်ကို ဥပါဒါ နကွန္ဓာ လို့ ခေါ်တယ်၊ အဲဒါ တွေဟာ လောကလို့ ဒုက္ခလို့ ခေါ်တဲ့ ရတနားတွေ ပါပဲ။ ကဲ လိုက် ဆိုကြ။

(၁) နံဆဲခဏ၌ နှာခေါင်း အနံ့နှင့် တကိုယ်လုံး ရုပ်က ရုပ် ဥပါဒါနကွန္ဓာ။
(၂) နံသိတာက ဝိညာဏ် ဥပါဒါနကွန္ဓာ။
(၃) နံလို့ကောင်းတာ မကောင်းတာက ဝေဒနာ ဥပါဒါနကွန္ဓာ။
(၄) နံရတဲ့အနံ့ကို မှတ်သားတာက သညာဥပါဒါနကွန္ဓာ။

http://www.dhammadownload.com

(၅) နံအောင် နှလုံးသွင်းတာ အားထုတ်တာက သစ်ါရ ဥပါဒါနက္ခန္ဓာ။

အဲဒါ နံဆဲခဏမှာ ထင်ရှားတဲ့ ဥပါဒါနက္ခန္ဓာငါးပါးပဲ။ အဲဒီ ဥပါဒါနက္ခန္ဓာငါးပါးကို လောကလို့လဲ ခေါ်တယ်၊ ဒုက္ခသစ္စာလို့လဲ ခေါ်တယ်။ ဒါပေမဲ့ မရှုနိုင်လို့ အမှန်အတိုင်း မသိတဲ့ သူတွေမှာ အဲဒီ နံသိတာနဲ့ နံရတာကိုပင် ကောင်းတယ်လို့ ထင်ပြီး နှစ်သက်သာယာတယ်၊ အဲဒါဟာ ဒုက္ခကို သုခထင်ပြီး နှစ်သက်တဲ့ တဏှာပဲ၊ အဲဒီတဏှာကြောင့် စွဲလမ်းပြီးတော့ မိမိအလိုရှိရာ ပြီးမြောက်အောင် ပြုလုပ်အားထုတ်တယ်၊ အဲဒီ အားထုတ်မှု ကံ-သစ်ါရကြောင့် သေခါနီးမှာ ထင်ပေါ်လာတဲ့ အာရုံနိမိတ်ကို စွဲလမ်းနေယင်း သေသွားတဲ့ အခါ အဲဒီအာရုံကိုပင် အာရုံပြုလျက် ပဋိသန္ဓေစိတ်ဖြစ်တယ်၊ ပဋိသန္ဓေစိတ် ဖြစ်မိယင် အဲဒီဘဝသစ်မှာလဲ ရုပ်နာမ် ဒုက္ခသစ္စာတွေ မပြတ်ဖြစ်သွားတော့တာပဲ။ အဲဒါဟာ နံသိမှု ဒုက္ခသစ္စာကို မှီပြီး နှစ်သက်မှု-တဏှာသမုဒယ ဖြစ်ပုံနှင့် သမုဒယကြောင့် ဝဖန်ဘဝသစ် ဖြစ်ပြီး နံမှုစသော ဒုက္ခသစ္စာတွေ ဖြစ်သွားပုံပါပဲ။ အဲဒါကို သိုကြရမယ်။

နံမှု ဒုက္ခသစ္စာကိုမှီ၍ နှစ်သက်သာယာမှု တဏှာသမုဒယ ဖြစ်သည်၊ သမုဒယကြောင့် ဘဝသစ်ဖြစ်၍ နံမှုစသော ဒုက္ခသစ္စာတွေဖြစ်နေသည်။

http://www.dhammadownload.com

အရဿာ စားဆဲမဏမှာ လျှာရုပ်လဲ ထင်ရှားတယ်၊ အရဿာရုပ်လဲ ထင်ရှားတယ်၊ အရဿာသိကာလဲ ထင်ရှားတယ်၊ အဲဒီလို ထင်ရှားတဲ့အတွက် ငါ့လျှာ ကောင်းတယ်၊ ငါက စားသိတယ်၊ အချက်အပြုတ် အပြုအပြင်က ကောင်းတယ် စသည်ဖြင့် စဲ့လမ်းနိုင်တယ်၊ ဒါကြောင့် အဲဒီ လျှာရုပ်စသည်ကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်၊ အဲဒါတွေဟာ လောကလို့ ဒုက္ခလို့ ခေါ်ရတဲ့ တရားတွေပါပဲ။ ကဲ လိုက်ဆိုကြ။

(၁) စားဆဲခဏ၌ လျှာ အရဿာနှင့် တကိုယ်လုံး ရုပ်က ရုပ်ဥပါဒါနက္ခန္ဓာ။
(၂) အရဿာသိတာက ဝိညာဏ် ဥပါဒါနက္ခန္ဓာ။
(၃) စားလို့ကောင်းတာမကောင်းတာက ဝေဒနာ ဥပါဒါနက္ခန္ဓာ။
(၄) အရဿာကို မှတ်သားတာက သညာ ဥပါဒါနက္ခန္ဓာ။
(၅) အရဿာသိအောင် နှလုံးသွင်းတာ အားထုတ်တာက သင်္ခါရ ဥပါဒါနက္ခန္ဓာ။

အဲဒါ စားဆဲခဏမှာ ထင်ရှားတဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးပဲ။ အဲဒီငါးပါးကို လောကလို့ လဲ ခေါ်တယ်၊ ဒုက္ခသစ္စာလို့လဲ ခေါ်တယ်။ ဒါပေမဲ့ စားဆဲ အရဿာသိဆဲမှာ မရှုနိုင်လို့ အမှန်အတိုင်း မသိတဲ့သူတွေမှာ အဲဒီစားတာနဲ့

http://www.dhammadownload.com

အရသာကိုပင် ကောင်းတယ်လို့ ထင်ပြီး နှစ်သက်သာယာတယ်၊ အဲဒါဟာ ဒုက္ခကို သုခ ထင်ပြီး နှစ်သက်တဲ့ တဏှာပဲ၊ အဲဒီတဏှာကြောင့် စွဲလမ်းပြီးတော့ ကောင်းတာတွေကိုချည်း စားရအောင် ကြံစည်ပြုလုပ် အားထုတ်တယ်၊ အဲဒီကြံစည် အားထုတ်မှု ကံ-သင်္ခါရကြောင့် သေခါနီးမှာ ထင်ပေါ်ယာတဲ့ အာရုံနိမိတ်ကို စွဲလမ်းနေယင်း သေသွားတဲ့အခါ အဲဒီအာရုံကိုပင် အာရုံပြုလျက် ပဋိသန္ဓေစိတ် ဖြစ်တယ်၊ ပဋိသန္ဓေစိတ် ဖြစ်မိယင် အဲဒီဘဝသစ်မှာလဲ ရုပ်နာမ်ဒုက္ခသစ္စာတွေ မပြတ် ဖြစ်သွားတော့တာပဲ။ အဲဒါဟာ စားသိမှု ဒုက္ခသစ္စာကို မှီပြီး နှစ်သက်မှု တဏှာ သမုဒယဖြစ်ပုံနှင့် သမုဒယကြောင့် တဖန်ဘဝသစ်ဖြစ်ပြီး စားမှုစသော ဒုက္ခသစ္စာတွေ ဖြစ်သွားပုံပဲ။ အဲဒါကို ဆိုကြရမယ်။

စားမှု ဒုက္ခသစ္စာကို မှီ၍ နှစ်သက် သာယာမှု တဏှာသမုဒယ ဖြစ်သည် သမုဒယကြောင့် ဘဝသစ်ဖြစ်ပြီး စားမှုစသော ဒုက္ခသစ္စာတွေ ဖြစ်နေသည်။

ထိသိရာ၌ ဒုက္ခနှင့် သမုဒယ ဖြစ်ပုံ

ထိသိဆဲဇဏမှာ ကိုယ်အကြည်ရုပ်လဲ ထင်ရှားတယ်၊ ထိသိစရာ အတွေ့ရုပ်လဲ ထင်ရှားတယ်၊ ထိသိမှုလဲ ထင်ရှားတယ်၊ အဲဒီသုံးပါးထဲမှာ ကိုယ်အကြည် ရုပ် ဆိုတာက တကိုယ်လုံး အသွေးအသား ကောင်းတဲ့ နေရာတိုင်းမှာ ရှိတယ်၊ အပ်ဖျားစာ လောက်ဖောင် နေရာအလပ် မရှိဘူး၊

http://www.dhammadownload.com

အပြင်က အရေပေါ်မှာရော အတွင်းက အသား အသွေး အကြော အရိုးတွေ ထဲမှာရော နေရာတိုင်းမှာ အနှံအပြား တည်ရှိနေတယ်၊ အဲဒီကိုယ်အကြည်ရုပ်ဟာ အတွေ့အထိရုပ် တွေကို ဖမ်းယူနိုင်အောင် သူကကြည်နေတယ်၊ လမ်းဘေးမှာ မှန်ကိုထောင်ထားလျှင် အဲဒီလမ်းမှာ ဖြတ်သန်း သွားသမျှ တွေဟာ အဲဒီမှန်ထဲမှာ အရိပ်ထင်ထင်သွားသလိုပင် ကိုယ်မှာ ကျရောက် လာသမျှ တွေ့ထိစရာ ရုပ်တွေကလဲ အဲဒီကိုယ် အကြည်ထဲမှာ ထင်ပေါ်ကြတယ်။ တွေ့ထိစရာတွေက သုံးမျိုး ရှိတယ်၊ ခက်မာကြမ်းတမ်းတဲ့ ပထဝီရုပ်အတွေက တမျိုး၊ ပူ အေး နွေးတဲ့ တေဇောရုပ်အတွေက တမျိုး၊ တောင့်တင်း တွန်းကန် လှုပ်ရှားတဲ့ ဝါယောရုပ်အတွေက တမျိုး-ဒီသုံးမျိုး ပါပဲ။ တနည်းအားဖြင့်ခံယင် ဆိုးတဲ့အတွေ့ကောင်းတဲ့ အတွေ့ ဒီ ၂-မျိုးပါပဲ။ ဆိုးတဲ့အတွေ့နဲ့ တွေ့ထိတဲ့အခါမှာ နာကျင်ကိုက်ခဲခြင်း ပူလောင်ခြင်း စသည်ဖြင့် အခံခက်တဲ့ ဝေဒနာတွေဖြစ်တယ်၊ ကောင်းတဲ့အတွေ့နဲ့ တွေ့ထိတဲ့အခါမှာ ခံစားလိုကောင်းတဲ့ ဝေဒနာတွေ ဖြစ်တယ်။ အဲဒီအတွေ့ အထိုးဝဘောတွေကို ဖြစ်ခိုက်ဖြစ်ခိုက်မှာ မရှုမှတ်လို အမှန် အတိုင်း မသိတဲ့သူတွေမှာ ငါ့ကိုယ်က ကောင်းတယ်၊ ငါက ပဲ တွေ့ထိတယ်၊ တွေ့ထိရတာ ကောင်းတယ်စသည်ဖြင့် စွဲလမ်း နိုင်တယ်၊ ဒါကြောင့် ထိခိုက်မှာ ထင်ရှားတဲ့ အဲဒီတရား တွေကို ဥပါဒါနက္ခန္ဓာလို ခေါ်တယ်၊ ဒုက္ခသစ္စာလို့လဲ ခေါ်တယ်။ အဲဒါကို လိုက်ဆိုကြရမယ်။

http://www.dhammadownload.com

(၁) ထိသိဆဲခဏ၌ ကိုယ်အကြည်ရုပ် အတွေ့ရုပ်နှင့် တကိုယ်လုံးရုပ်က ရုပ်ဥပါဒါနံကွန္ဒာ။

(၂) ထိသိတာက ဝိညာဏ် ဥပါဒါနကွန္ဒာ။

(၃) တွေ့ထိလို့ ကောင်းတာ မကောင်းတာက ဖဝဒနာဥပါဒါနကွန္ဓာ။

(၄) အတွေ့အထိကို မှတ်သားတာက သညာဥပါဒါနကွန္ဓာ။

(၅) ထိသိုးဇောင် နှလုံးသွင်းတာ အားထုတ်တာက သင်္ခါရဥပါဒါနကွန္ဓာ။

အဲဒါ ထိသိဆဲမှာထင်ရှားတဲ့ ဥပါဒါနကွန္ဓာငါးပါးပဲ။ အဲဒီငါးပါကို လောကလို့လဲခေါ်တယ်၊ ဒုက္ခသစ္စာလို့လဲ ခေါ်တယ်။ ဒါပေမဲ့ ထိသိဆဲခဏမှာ မရှုနိုင်လို့ အမှန်အတိုင်း မသိကဲ့သူတွေမှာတော့ အဲဒီထိသိရတာနဲ့ ထိသိရတဲ့ အတွေ့ကိုပင် ကောင်းတယ်လို့ ထင်ပြီး နှစ်သက်သာယာတယ်၊ အဲဒါဟာ ဒုက္ခကို သုခ ထင်ပြီး နှစ်သက်တဲ့ တဏှာပဲ၊ အဲဒီလိုနှစ်သက်တော့ စဲလမ်းတယ်၊ စဲလမ်းတော့ မိမိအလိုရှိတဲ့ အတွေ့အထိအာရုံတွေကို ခံစားရအောင် ကြံစည်ပြုလုပ်အားထုတ်တယ်၊ အဲဒီကြံစည်အားထုတ်မှု ကံ-သင်္ခါရကြောင့် သေခါနီးမှာ ထင်ပေါ်လာတဲ့ အာရုံနိမိတ်ကို စဲလမ်းနေယင်း သေသွားတဲ့အခါ အဲဒီအာရုံကိုပင် အာရုံပြုလျက် ပဋိသန္ဓေစိတ် ဖြစ်တယ်၊ ပဋိသန္ဓေစိတ်ဖြစ်မိယင် အဲဒီဘဝသစ်မှာလဲ ရုပ်နာမ် ဒုက္ခသစ္စာတွေ မပြတ်ဖြစ်သွားတော့

http://www.dhammadownload.com

တာပဲ။ အဲဒါဟာ ထိသိမှု ဒုက္ခသစ္စာကို မှီပြီး နှစ်သက်မှု တဏှာ သမုဒယဖြစ်ပုံနှင့် သမုဒယကြောင့် တဖန် ဘဝသစ် ဖြစ်ပြီး ထိသိမှုစသော ဒုက္ခသစ္စာတွေ ဖြစ်သွားပုံပါပဲ။ အဲဒါကို ဆိုကြရမယ်။

ထိသိမှု ဒုက္ခသစ္စာကို မှီ၍ နှစ်သက်သာယာမှု တဏှာ သမုဒယဖြစ်သည်၊ သမုဒယကြောင့် ဘဝသစ် ဖြစ်၍ ထိသိမှုစသော ဒုက္ခသစ္စာတွေ ဖြစ်နေသည်။

ထိသိမှုနှင့် ဓာတ်လေးပါးကစပြီး ဝိပဿနာ ရတယ်

ထိသိမှု ဆိုတာက တာ့ အလွန်လဲ ကယ်ပြန့်တယ်၊ အမြဲလိုလဲ ထင်ရှားနေတယ်၊ ဒါကြောင့် ဝိပဿနာရှုတဲ့ ယောဂီဟာ ဒီထိသိမှုက စပြီးတော့လဲ ရှုရတယ်၊ ဓာတ်လေးပါးက စပြီးရှုရတယ် ဆိုတာ ပထင် တေဖော ဝါယော ဆိုတဲ့ ထိသိရတဲ့ ရုပ်တွေကို စပြီးရှုရတာပဲ။ မဟာသတိပဋ္ဌာနသုတ်မှာ (ဂစ္ဆာန္တာ ဝါ ဂစ္ဆာမီတိ ပဇာနာတိ) သွားလျှင်လဲ သွားသည်ဟု ပိ၏-စသည်ဖြင့် ပေါထားတာဟာ ဒီထိသိမှုနဲ့ ဆိုင်တဲ့ တောင့်တင်း လှုပ်ရှားရုပ်တွေကို ရှုပြီး သိဘို ညွှန်ကြားထားတာပဲ။ ဒါကြောင့် ထိုင်နေဆဲ ဆိုယင် ကိုယ်ထဲက တောင်တင်းတဲ့ အတွေ့ရုပ်ကို ထိုင်တယ် ထိုင်တယ် စသည်ဖြင့် ရှုပြီးသိရတယ်၊ ဒီပြင်လဲ ထိုင်နေဆဲမှာ ထင်ရှားတဲ့ အခြားအတွေ့ရုပ်များရှိယင် အဒီအတွေ့ရုပ်

http://www.dhammadownload.com

များကိုလဲ ရှုရတယ်၊ ကိုယ်မှာ တွေ့ထိနေတာတွေက အများကြီး ရှိနေတာပဲ၊ ကိုယ်ထဲမှာ စူးစိုက်ပြီး ကြည့်နေယင် အဲဒီအတွေ့ရုပ်မတွေကို ထင်ရှားသိရ ပါတယ်၊ ခြေအချင်းချင်း, လက်အချင်းချင်း, လက်နဲ့ကိုယ်, ကိုယ်နဲ့ အဝတ်, နေရာစသည် ထိသိနေတာတွေ အများကြီးပဲ၊ ကိုယ်ထဲမှာလဲ အသွေးအသား စသည်တွေ အချင်းချင်း တွေ့ထိနေတာတွေ ရှိနေတာပဲ၊စိတ်နဲ့ဉာဏ်နဲ့ စိုက်ကြည့်လိုက်ယင် အဲဒီအတွေ့ရုပ်ကေ့ ထင်ရှားပေါ်နေတာပဲ၊ အဲဒီလို ထင်ရှားပေါ်နေတဲ့ အတွေ့ရုပ်ဟူသမျှကို ရှုပြီးသိရတယ်။

လူတိုင်း ရှုလို့လွယ်တဲ့ ဖောင်းပိန်မှု

ဘုန်းကြီးတို့ကတော့ ကလေး လူကြီး လူတိုင်း လူတိုင်း လွယ်လွယ်နဲ့ ရှုတတ်အောင် ဝမ်းပိုက်က အတွေ့အထိကို စပြီးရှုဘို့ ညွှန်ကြားတယ်၊ အသက်ရှူတိုင်း ရှိုက်တိုင်း ဝမ်းပိုက်က ဖောင်းတက်လာလိုက် ပိန်ကျသွားလိုက်နဲ့ တောင့်တင်း လှုပ်ရှားတဲ့ အတွေ့အထို ဝါယောဓာတ်တွေ ထင်ရှားနေတယ်၊ အဲဒါကို ဖောင်းတယ် ပိန်တယ်၊ ဖောင်းတယ် ပိန်တယ်လို့ မပြတ်ရှုမှတ်နေရတယ်၊ ရှုတယ် မှတ်တယ် ဆိုတာ တကယ် ဖြစ်ပေါ်နေတဲ့ သဘောကို သိအောင်လို့ စိတ်နဲ့ ဉာဏ်နဲ့ စူးစိုက်ပြီး နှလုံးသွင်းတာကို ခေါ်တာပါပဲ၊ ဖောင်းခိုက်မှာ ဖောင်းစက ဖောင်းဆုံးအထိ မပြတ်သိနေရတယ်၊ ဖောင်းတာဆုံးယင် ပိန်တာပဲ၊ အဲဒါကိုလဲ

http://www.dhammadownload.com

ဝိန်စက ပိန်ဆုံးအထိ မပြတ်သိနေရတယ်၊ ကြားထဲမှာ နား ရမည့်အချိန် မရှိဘူး၊ အကယ်၍ ကြားထဲမှာ အားနေသေး တယ် ထင်ယင် အဲဒီအခိုက်မှာ ထိုင်တာကို ရှုမှတ်ရတယ်၊ ဖောင်းတယ် ပိန်ဘယ် ထိုင်တယ်၊ ဖောင်းတယ် ပိန်တယ် ဆိုင်တယ်လို့ ဒီလို မပြတ် ရှုမှတ်နေရတယ်။ အဲဒီလိုရှုနေ ယင်း တခြားသို့ စိတ်ကူးက ထွက်သွားယင် အဲဒီစိတ်ကူးကို လဲ စိတ်ကူးတယ် စဉ်းစားတယ် ကြံတယ်စသည်ဖြင့် ရှုမှတ် ရတယ်၊ အဲဒီလို ရှုပြီးတော့ ဖောင်းတယ် ပိန်တယ်စသဖြင့် ရှုနေကျအတိုင်း ပြန်ပြီး ရှုမှတ်နေရတယ်။ ဟနေရာဆာက မကောင်းတဲ့အတွက်နဲ့ တွေ့ထိပြီး ညောင်းမှု ပူမှု နာကျင်မှု စသည် ဖြစ်ပေါ်လာယင် အဲဒါကိုလဲ ညောင်းတယ် ညောင်း တယ်၊ ပူတယ် ပူတယ်၊ နာတယ် နာတယ် စသည်ဖြင့် စူးစိုက် ပြီး ရှုမှတ် ရတယ်၊ အဲဒါ ပျောက်သွားယင် ဖောင်းတယ် ပိန်တယ် စသည်ဖြင့် ရှုနေကျ အတိုင်း ပြန်ပြီး ရှုမှတ် နေရ တယ်။ အတိုချုပ် အားဖြင့်တော့ ဖောင်းတယ် ပိန်တယ် ထိုင်တယ် စသည်ဖြင့် ရှုမှတ် နေယင်း စိတ်ကူးတွေ စိတ်အမှု အရာတွေ ပေါ်လာ သမျှကိုလဲ မှတ်ရတယ်၊ အကောင်း အဆိုး ပေါ်လာသမျှ ဝေဒနာကိုလဲ မှတ်ရတယ်၊ ကွဲမှု ဆန့်မှု လှုပ်ရှား ပြုပြင်မှု ကိုယ်အမှု အရာ ဟူသမျှကိုလဲ မှတ်ရဘယ်၊ ဘာမျှ အထူးမှတ်စရာမရှိယင် ဝမ်းဗိုက်က တောင့်တင်း လှုပ် ရှား တာကိုပဲ ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ် နေရတယ်။

http://www.dhammadownload.com

အဲဒီလို ရှုမှတ်နေယင် သမာဓိဉာဏ် အားရှိလာတဲ့ အခါ ကျတော့ ဖေါင်းတယ်လို့ မှတ်ခိုက်မှာ ဝမ်းဗိုက်ထဲက တောင့်တင်း လှုပ်ရှားမှုတွေ ပေါ်လိုက် ပျောက်လိုက်နဲ့ အဆင့်ဆင့် ပေါ်ပေါ်ပြီး ပျောက်ပျောက် သွားတာကို တပိုင်းစီ တပိုင်းစီ ပိုင်းခြားပြီး သိရတယ်၊ ပိန်တယ် ကွေးတယ် ဆန့်တယ် ကြွတယ် လှုပ်းတယ် ချတယ် စသည်ဖြင့် မှတ်ရာမှာလဲ နည်းတူပင် တပိုင်းစီ တပိုင်းစီ ပိုင်းခြားပြီး သိရတယ်၊ မှတ်သိတဲ့ စိတ်ကိုလဲ သိလိုက် ပျောက်လိုက် သိလိုက် ပျောက်လိုက်နဲ့ တပိုင်းစီ တပိုင်းစီ ပိုင်းခြားပြီး သိတာပဲ။ အဲဒီလို မှတ်တိုင်း မှတ်တိုင်း ပိုင်းခြားပြီး သိသိ နေယင်တော့ ဖေါင်းမှု ပိန်မှုစသော ကိုယ်အတွေ့ အထိ ရုပ် နှင့် မှတ်သိမှု စိတ် နာမ် တရား တွေကို ဖြစ်ဖြစ်ပြီး ပျောက် ပျောက် သွားသောကြောင့် မမြဲတာတွေ ချည်းပဲ လို့လဲ ကိုယ်ပိုင် ဉာဏ်ဖြင့် ရှင်းရှင်း လင်းလင်း သိသိ သွားတယ်၊ ဖြစ်လိုက် ပျက်လိုက်နဲ့ ဆင်းရဲတွေ မကောင်းတာ တွေချည်း ပဲလို့လဲ သိသိသွားတယ်၊ သူ့သဘောအတိုင်း ဖြစ်ပျက် နေတဲ့ သဘော တရားတွေချည်းပဲလို့လဲ သိသိ သွားတယ်။ အဲဒီလို သိတာဟာ "ဒုက္ခံ ပရိညေယျံ - ဒုက္ခ သစ္စာကို ပိုင်း ခြား သိရမယ်"လို့ ဆိုတဲ့ ဒေသနာနှင့် အညီ ဒုက္ခသစ္စာကို ပိုင်းခြား သိတဲ့ ဉာဏ်ပါပဲ။ အဲဒီလို သိနေယင် ရှုသိရတဲ့ အာရုံမှာ မသိမှု-အဝိဇ္ဇာ ကင်းတယ်၊ တပ်မက် သာယာတဲ့ တဏှာလဲ အဲဒီ အာရုံမှာ မဖြစ်နိုင်ဘူး၊ တဏှာ မဖြစ်နိုင်

http://www.dhammadownload.com

တော့ စဲလမ်းမှ- ဥပဒါန်လဲ မဖြစ် နိုင်တော့ဘူး၊ မစဲလမ်း တော့ ကိုယ့်အလို ပြည့်မအောင် အားထုတ်မှု ကံ- သင်္ခါရ လဲ မဖြစ် နိုင်တော့ဘူး၊ ကံ-သင်္ခါရ မဖြစ်တော့ ပဋိသန္ဓေ ဝိညာဏ် အစရှိးသာ ဘဝသစ် ရုပ် နာမ် ခန္ဓာလဲမဖြစ် နိုင် တော့ဘူး၊ အဲဒါဟာ ရှုသိရတဲ့ တအာရုံ တအာရုံနဲ့. စပ်ပြီး သမုဒယ သစ္စာနဲ့. ဒုက္ခသစ္စာ ချုပ်ငြိမ်းပုံပါပဲ၊ ဒီလို ရှုသိ ရတဲ့. တအာရုံ တအာရုံမှာ ချုပ်ငြိမ်းတာကို ဖာဒင် နိဗ္ဗာန် လို့လဲ ခေါ်တယ်၊ ရှုသိတိုင်း ရှုသိတိုင်း အဲဒီတဒင် နိဗ္ဗာန် ကို မျက်မှောက် ပြုတယ်လို့လဲ ဆိုရတယ်၊အဲဒီလို ရှုသိ တာကိုလဲ လောကီ မဂ္ဂသစ္စာလို့ ဆိုရတယ်။

ဒါကြောင့် ဖောင်းတယ် ပိန်တယ် စသည်ဖြင့် ရှုမှတ်နေ တဲ့ ယောဂီပုဂ္ဂိုလ်၏ သန္တာန်မှာ နည်းပရိယာယ် အရအား ဖြင့် သစ္စာ လေးပါးလုံး ရှိနေတယ်လို့ ဆိုနိုင် ပါတယ်။ ဘယ်လိုလဲ ဆိုယဲင် ထိမှုဆိုင်ရာ ရုပ်နာမ်နှင့်တကွ တက်ုယ် လုံးက, ပိုင်းခြားသိအပ်သည့် ဒုက္ခသစ္စာ၊ နှစ်သက် သာယာ မှု တဏှာက, သမုဒယသစ္စာ၊ အဲဒါဟာ ပယ်သင့် ပယ်ထိုက် တဲ့ ပဟာဝင်ဗွတ တရားပဲ၊ ရှုသိတိုင်း ရှုသိတိုင်း အဲဒီ တ-ဏှာကို ပယ်တယ် ကင်းစေတယ်၊ ရှုသိရတဲ့ အာရုံမှာ မသိမှု အဝိဇ္ဇာနှင့် တကွ တဏှာ ကံ ဝိညာဏ်စသည်တို့ မဖြစ်နိုင်ပဲ ချုပ်ငြိမ်းတာက, တဒင် နိဗ္ဗာန်သစ္စာ၊ ရှုသိမှုဌ် ပါဝင်ပေသာ သမ္မာဒိဋ္ဌိ စသည်က, လောကီ မဂ္ဂသစ္စာ၊ ဒါက ဝိပဿနာ

http://www.dhammadownload.com

ရှေခိုက်မှာ ရှေသူ၏ သန္တာန်၌ သစ္စာလေးပါး ရနိုင်ပုံကို ပြဆို ချက်ပါပဲ။

ဖောင်းတယ်ပိန်တယ် ထိုင်တယ် ထိတယ်စသည်ဖြင့် ကိုယ် ထဲက အတွေ့အထိကို ရှုမှတ်နေတဲ့ ယောဂီဟာ သခ်ါရုပေကွာ ဉာဏ် ရင့်သန်ပြည့်စုံတဲ့ အခါ ထိသိမှုတခုခုကို ရှုနေယင်း ကိုယ်ရုပ်တွေရော ထိသိမှုရော မှတ်သိမှုရော ကုန်ဆုံးပျောက် ကွယ်သွားတဲ့ သဘောထဲကို ကျရောက်သွားတယ်၊ အဲဒါဟာ-

ယတ္ထ-အကြင်နိဗ္ဗာန်အရပ်၌၊ ကာယော စ၊ကိုယ် ရုပ်သည်လည်း၊ နိရုဇ္ဈတိ-ချုပ်၏၊ ဖောဋ္ဌဗ္ဗသညာ စ-အတွေ့အထိ အမှတ်သညာသည်လည်း၊ နိရုဇ္ဈတိ-ချုပ်၏၊ သေ အာယံတနေ-ကိုယ်ရုပ်နှင့် အတွေ့အထိ မှတ်သားမှုသညာတို့၏ ချုပ်ရာ နိဗ္ဗာန်ဟူသော ထို အာရုံအကြောင်းကို၊ ဝေဒိတာဗ္ဗေ-သိအပ်၏ - ဝါ- သိအောင်အားထုတ်အပ်၏-လို့ -

ဟောတော်မူတဲ့ ဒေသနာတော်အရ အငြိမ်းဓာတ်နိဗ္ဗာန် ကို အရိယမဂ်ဖိုလ်ဖြင့် မျက်မှောက်ပြုသွားတာပါပဲ။ အဲဒီလို အငြိမ်းဓာတ် နိဗ္ဗာန်ကို မျက်မှောက်ပြုတဲ့ အရိယာပုဂ္ဂိုလ် သန္တာန်မှာ၊ အထူးအားဖြင့် ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်မှာ သစ္စာလေးပါးလုံး ရှိတယ်လို့ ဆိုရတယ်။ ဒါကြောင့် ရော ဟိတဿသုတ်အဖွင့် အဋ္ဌကထာမှာ-

http://www.dhammadownload.com

လောကန္တိ- (သညာရှိ စိတ်ရှိသော တလံ မျှလောက်သော ဤကိုယ်ထဲ၌) လောကကို(ပညတ် ဟောကြားသည်) ဟူသော စတားဖြင့်၊ ဒုက္ခသစ္စံ-ဒုက္ခသစ္စာကို (ပညတ် ဟောကြားသည် ဟု ဆိုတော်မူ၏)။ လောကသမုဒယန္တိ-လောကသမုဒယကို (ပညတ်ဟောကြားသည်) ဟူသော စကားဖြင့်၊ သမုဒယ သစ္စံ- သမုဒယ သစ္စာကို (ပညတ် ဟောကြားသည် ဟု ဆိုတော်မူ၏)။ လောကနိရောဓန္တိ - လောက နိရောဓကို (ပညတ် ဟောကြားသည်) ဟူသော စကားဖြင့်၊ နိရောဓသစ္စံ - နိရောဓသစ္စာကို (ပညတ် ဟောကြား သည်ဟု ဆိုတော်မူ၏)။ ပဋိပဒန္တိ - လောကနိရောဓသို့ ဆိုက်ရောက်သော အကျင့်ပဋိပဒါကို (ပညတ် ဟောကြားသည်) ဟူသော စကားဖြင့်၊ မဂ္ဂသစ္စံ-မဂ္ဂသစ္စာကို (ပညတ်ဟောကြားသည်ဟု ဆိုတော်မူ၏)။ ဣတိ-ဤစကားအလုံးစုံဖြင့်၊ အာစုသော-အမောင်ရောဟိတဿ၊ အဟံ-ငါသည်၊ ဣမာနိ စတ္တာရိ သစ္စာနိ-ဤသစ္စာလေးပါးတို့ကို၊ တိဏကဋ္ဌာဒိသု -မြက်သစ်သား အစရှိသော အသက်ဝိညာဉ်မဲ့ဝတ္ထုတို့၌၊ နပညေပေမိ - ပညတ်ဟောကြားသည် မဟုတ်၊ ပန - စင်စစ်သော်ကား၊ စာတုမဟာဘူတိကေ - မဟာဘုတ်လေးပါးရှိသော၊ ဣမသ္မိံ ကာယသ္မိံ ယေဝ - အသက် ဝိညာဉ်သညာရှိသော ဤကိုယ်ထဲ၌သာလျှင်၊ ပညပေမီတိ -ပညတ်ဟောကြားသည် ဟူ၍၊ ဒဿေတိ-ပြတော်မူ၏-လို့ ဖွင့်ပြထားပါတယ်။

http://www.dhammadownload.com

အဲဒီ ရောဟိတသုတ်ပါဠိ အဋ္ဌကထာများ အရ အား ဖြင့် ပုဂ္ဂိုလ်တိုင်း၏သန္တာန်မှာ မြင်မှုကြားမှုစသော ဒုက္ခသစ္စာ မပြတ်ဖြစ်လျက် ရှိနေဟယ် သမုဒယသစ္စာကတော့ ကိသေ သာမကင်းသေးတဲ့ ပုဂ္ဂိုလ်တို့၏ သန္တာန်မှာ ရှိနေတယ်၊ ရဟန္တာပုဂ္ဂိုလ်မှာ အရဟတ္တမဂ်သို့ မဇ္ဈာက်သေးမီက ရှိခဲ့ တယ်၊ မဂ္ဂသစ္စာကတော့ မဂ်ပေးပါး ရောက်ဆဲ ပုဂ္ဂိုလ်၏ သန္တာန်မှာ ရှိတယ်၊ ဖိုလ်ပုဂ္ဂိုလ်၏ သန္တာန်မှာလဲ ရှိခဲ့ပြီး ရခဲ့ ပြီး ဖြစ်ခဲသောကြောင့် ရှိတယ်လို့ပဲ ဆိုနိုင်တယ်၊ ကိလေသာ ငြိမ်းခြင်း ခန္ဓာငြိမ်းခြင်း ဆိုတဲ့ နိဗ္ဗာနသစ္စာကတော့ အရိ ယာပုဂ္ဂိုလ်တို့၏ သန္တာန်က ကိလေသာနှင့် ခန္ဓ တို့၏ ထိုက် သည်အားလျော်စွာ ငြိမ်းခြင်းဖြစ်တဲ့အတွက် အရိယာပုဂ္ဂိုလ် တို့၏ သန္တာန်မှာ ရှိတယ်လို့ပဲ ပရိယာယ်အားဖြင့် ဆိုရကယ်၊ အထူးအားဖြင့် ရဟန္တာ၏ သန္တာန်မှာ အကြွင်းမဲ့ချုပ်ငြိမ်း တဲ့အတွက် ရဟန္တာသန္တာန်မှာ ရှိတယ်လို့ ပရိယာယ်အား ဖြင့် ဆိုရာယ်၊ အဲဒီကိလေသာ ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်း ဆိုတာကို စိတ်ညွှတ်ကြည့်ရုံနဲ့ တော့ ကိစ္စမပြီးဘူး၊ ခုတင်က ပြောတဲ့တဲ့အတိုင်း ဝိပဿနာရှုနေဆဲပုဂ္ဂိုလ်မှာ သင်္ခါရုပေက္ခာ ဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါ ရှုရတဲ့ ရုပ်နာမ်အာရုံတွေ့ဆော ရှုသိနေတဲ့စိတ်ရော အကုန်လုံး ချုပ်ငြိမ်းသွားတာကို မဂ်ဖိုလ် ဉာဏ်ဖြင့် တွေ့မြင်မှ ကိစ္စပြီးတယ်။ ဒါ့ကြောင့် အဲဒီအငြိမ်း ဓာတ်နိဗ္ဗာန်ကို တကယ်သိချင်-တောက်ချင်ယင် ကိုယ်ထဲက ထိသိမှု အစရှိသော ဖြစ်ခိုက် ရုပ်နာမ်တွေကို မပြတ်ရှုပြီး

http://www.dhammadownload.com

ဝိပဿနာဉာဏ်ကို ဖြစ်ပွါးစေရမယ်။ ယခု ကြံသိဆဲခဏမှာ ဒုက္ခ စသည်ဖြစ်ပုံကို ပြောမယ်။

ကြံသိဆဲခဏဘွဲ့ ဒုက္ခနှင့် သမုဒယ ဖြစ်ပုံ

ကြံသိဆဲခဏမှာ ကြံသိမှု၏တည်ရာ ကိုယ်ရုပ် နှလုံးရုပ်လဲ ထင်ရှားတယ်၊ ကြံသိရတဲ့အာရုံလဲ ထင်ရှားတယ်၊ ကြံသိမှုလဲ ထင်ရှားတယ်၊ အဲဒီသုံးပါးထဲမှာ ကိုယ်ရုပ် နှလုံးရုပ် ဆိုတာက ကိုယ်ထဲ နှလုံး ထဲက သွေးထဲမှာ ရှိတဲ့ ဟဒယဝတ္ထုခေါ်တဲ့ရုပ်ပါပဲ၊ အဲဒီရုပ်ကို မှီပြီးတော့ ကြံသိမှုစိတ်ဟာ ဖြစ်နေတယ်၊ အဲဒီကြံသိစိတ်ကို မရှုနိုင်လို့ အမှန်အတိုင်း မသိယင် စိတ်၏တည်ရာ နှလုံးရုပ်နှင့်တကွ တကိုယ်လုံးကိုလဲ ငါပဲ၊ ငါ့ကိုယ်ပဲလို့ စွဲလမ်း နိုင်တယ်၊ ကြံသိတဲ့စိတ်ကိုလဲ ငါက ကြံစည်စိတ်ကူးနေတယ် စသည်ဖြင့် စွဲလမ်းနိုင်တယ်၊ စိတ်ကူးမိတဲ့အာရုံကိုလဲ ငါပဲ၊ သူပဲစသည်ဖြင့် စွဲလမ်းနိုင်တယ်၊ ဒါ့ကြောင့် ကြံသိခိုက်မှာ ထင်ရှားတဲ့ အဲဒီတရားတွေကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်၊ ဒုက္ခသစ္စာလို့လဲ ခေါ်တယ်။ အဲဒါကို လိုက်ဆိုကြရယ်။

(၁) ကြံသိဆဲခဏဘွဲ့ ကြံသိစိတ်၏ တည်ရာနှင့် တကိုယ်လုံး ကိုယ်လုံး ရုပ်က ရုပ်ဥပါဒါနက္ခန္ဓာ။

(၂) ကြံသိတာက ဝိညာဏ်ဥပါဒါနက္ခန္ဓာ။

(၃) ကြံသိလို့ ကောင်းတာ မကောင်းတာ ဝေဒနာဥပါဒါနက္ခန္ဓာ။

http://www.dhammadownload.com

(၄) ကြုံမိတဲ့အာရုံကို မှတ်သားတာက သညာဥပါဒါနကွန္ဓာ။

(၅) ကြုံသိမှုပြီးအောင် နှလုံးသွင်းတာ ဘားထုတ်တာက သခ်ါရဥပါဒါနကွန္ဓာ။

အဲဒါ ကြုံသိဆဲမှာ ထင်ရှားတဲ့ ဥပါဒါနကွန္ဓာငါးပါးပဲ။ အဲဒီငါးပါးထဲမှာ သခ်ါရဥပါဒါနကွန္ဓာ ဆိုတာက အာထူးထင်ရှားတယ်၊ ကျယ်လဲကျယ်ပြန့်တယ်၊ လိုချင်ဇယ် နှစ်သက်တယ် သာယာတယ် ဆိုတာလဲ ထင်ရှားတယ်၊ စိတ်ဆိုးဟယ် စိတ်ပျက်တယ် မုန်းတယ် ဆိုတာလဲ ထင်ရှားတယ်၊ ကိုယ့်ကိုယ်ကို အထင်ကြီးတဲ့ မာနလဲ ထင်မှားတယ်၊ အယူမှား အမြင်မှား ဒိဋ္ဌိ ဆိုတာလဲ ထင်ရှားတယ်၊ ယုံမှားတွေးတောတဲ့ ဝိစိကိစ္ဆာ ဆိုတာလဲ ထင်ရှားတယ်၊ မနာလိုတဲ့ ဣဿာ,ဝန်တိုတဲ့ မစ္ဆရိယ, နောင်တပူပန်တဲ့ ကုက္ကုစ္စ ဆိုတာတွေလဲ ထင်ရှားတယ်၊ သဒ္ဓါ သတိ အ လောဘ အ ဒေါသ ကရုဏာ မုဒိတာ အစရှိတဲ့ ကုသိုလ်ဘရားတွေလဲ ထင်ရှားတယ်၊ အဲဒါတွေဟာ သခ်ါရက္ခန္ဓာထဲက တရားတွေပဲ။ ကွေးမယ် ဆန့်မယ် ထိုင်မယ် ထမယ်သွားမယ် ပြောမယ် ပြောဆိုမယ် စသည်ဖြင့် ကြုံတာတွေလဲ သခ်ါရတွေပဲ၊ ကိုယ် အမှုအရာအမျိုးမျိုး နှုတ်အမှုအရာအမျိုးမျိုး စိတ်ကူးကြံစည်မှုအမျိုးမျိုးတွေကို အဲဒီသခ်ါရတွေက ပြုလုပ်နေတာပဲ၊ ဒါကြောင့် ကောင်းတဲ့စေတနာက ရှေ့ဆောင်ပြီးကြံယင်

http://www.dhammadownload.com

ပြုယင် ပြောယင် ကုသိုလ်ကံ ဖြစ်တယ်၊ မကောင်းတဲ့စေတနာက ရှေ့ဆောင်ပြီးကြံယင် ပြုယင် ပြောယင် အကုသိုလ်ကံ ဖြစ်တယ်။ အဲဒါ သင်္ခါရဥပါဒါနက္ခန္ဓာ တွဲချည်းပဲ၊ ဒီသင်္ခါရက္ခန္ဓာနှင့် တက္ဂ ကြံသိဆဲမှာ ထင်ရှားတဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးကို လောကလို့လဲ ခေါ်တယ်၊ ဒုက္ခသစ္စာလို့လဲ ခေါ်တယ်။ ဒါပေမဲ့ ကြံသိဆဲခဏမှာ မရှုနိုင်လို့ အမှန်အတိုင်း မသိတဲ့လူတွေမှာတော့ အဲဒီကြံစည် စဉ်းစားနေရတာကိုပင် ကောင်းတယ်လို့ ထင်ပြီး နှစ်သက်သာယာတယ်၊ ဆင်းရဲဒုက္ခနဲ့ တွေ့ရစေကာမူ ကြံဆနေတာကိုတော့ ငါကောင်ထင်ပြီး သာယာနှစ်သက်တာပဲ၊ အဲဒီငါကောင်းစားရေးကို မြော်တွေးပြီး တောင့်တတယ်၊ အဲဒါဟာ ဒုက္ခကိုပင် သုခထင်ပြီး နှစ်သက်သာယာတာ တောင့်တတာပါပဲ၊ နှစ်သက်သာယာတော့ စွဲလမ်းတယ်၊ စွဲလမ်းတော့ မိမိအလိုရှိတဲ့အတိုင်း ပြည့်စုံအောင် ကြံစည်ပြုလုပ် အားထုတ်တယ်၊ ယခု လောလောဆယ် ချမ်းသာရအောင် သူတပါးကို သက်ပြီးတော့လဲ ချမ်းသာ ရှာတယ်။ သူ့ဥစ္စာကို လုယက် ခိုးယူပြီးတော့လဲ ချမ်းသာရှာတယ် လိမ်လည်လှည့်စားပြီးတော့လဲ ချမ်းသာရှာတယ်၊ မတော်မတရားလဲပြုတယ်၊ နောင်ဘဝသံသရာမှာ ချမ်းသာရအောင် ရည်ရွယ်ပြီးတော့လဲ ကုသိုလ်ကောင်းမှုကို ပြုလုပ်တယ်၊ အဲဒီကောင်းမှုဆိုတာတွေထဲမှာလဲ သတ္တဝါကို သတ်ပြီး ယဇ်ပူဇော်ခြင်း ကျွေးမွေးခြင်း စသည်ကို ပြုယင် အကုသိုလ်ကံတွေ ဖြစ်တာ

http://www.dhammadownload.com

ပဲ။ အဲဒီကုသိုလ်ကံ အကုသိုလ်ကံ့ ဆိုတဲ့ သခ်ါရတွေ ကြောင့် သေခါနီးမှာ ကံကမ္မနိမိတ် ဂတိနိမိတ် ဆိုတဲ့အာ ရုံတွေထင်ပေါ်လာတယ်၊ အဲဒီထင်ပေါ်လာတဲ့ အာရုံနိမိတ် ကို စဲလမ်းနေယင်း သေသွားတဲ့အခါ အဲဒီအာရုံကိုပင် အာရုံပြုလျက် ဘဝသစ်မှာ ပဋိသန္ဓေ စိတ်ဖြစ်တယ်၊ ပဋိ သန္ဓေစိတ် ဖြစ်မိယင် အဲဒီဘဝသစ်မှာလဲ ကြံသိမှု မြင်မှု ကြားမှုစသော ဒုက္ခသစ္စာတွေ မပြတ် ဖြစ်သွားတော့တာပဲ။ အဲဒါဟာ ကြံသိမှု ဒုက္ခသစ္စာကို မှီပြီးတော့ နှစ်သက်မှုတာ ဏှာ သမုဒယ ဖြစ်ပုံနှင့် သမုဒယကြောင့် တဖန်ဘဝသစ် ဖြစ်ပြီး ကြံသိမှုစသော ဒုက္ခသစ္စာတွေ ဖြစ်သွားပုံပါပဲ။ အဲဒါကို ဆိုကြရမယ်။

> ကြံသိမှု ဒုက္ခသစ္စာကို မှီ၍ နှစ်သက်သာယာမှု တဏှာ သမုဒယ ဖြစ်သည်၊ သမုဒယကြောင့် ဘဝသစ်ဖြစ် ၍ ကြံသိမှုစသော ဒုက္ခသစ္စာတွေ ဖြစ်နေသည်။

ဒီကြံသိမှုကလဲ အလွန်ကျယ်ဝန်း ပါတယ်၊ မြင်ပြီးယင်လဲ ကြံသိတာပဲ၊ ကြားပြီးယင်လဲ ကြံသိတာပဲ၊ နံပြီးယင် စားသိ ပြီးယင်လဲ ကြံသိတာပဲ၊ ထိသိပြီးယင်လဲ ကြံသိတာပဲ၊ သူ့ သက်သက်လဲကြံစည်စဉ်းစားပြီးကြံသိနေတာပဲ။ အဲဒီကြံသိမှု တွေကို ဖြစ်တိုင်းဖြစ်တိုင်း သိအောင်ရှုမှတ်ဖို့ လိုပါတယ်၊ မရှု နိုင်လို့ မသိယင် အဲဒီကြံသိတာကို ငါကောင် အနေနဲ့လဲ ထင်မှတ် တတ်တယ်၊ ကြံသိနေရတာကိုပင် ကောင်းတယ်လို့

http://www.dhammadownload.com

ထင်ပြီးတော့လဲ သာယာတတ်တယ်၊ အဲဒီ့ကို ထင်မှတ်ပြီး သာယာယင် တဏှာ ဖြစ်တာပဲ၊ နောက်ပြီးတော့ ကောင်း စားချမ်းသာတို့လဲ လိုချင်တောင့်တတယ်၊ အဲဒါလဲ တဏှာပဲ၊ အဲဒီတဏှာဖြစ်တော့ စုံလမ်းပြီးပြုလုပ်တဲ့ကံ တွေဖြစ်တယ်၊ အဲဒီ ကံကြောင့် ဘဝသစ်ရုပ်နာမ် ခန္ဓာ ဒုက္ခ သစ္စာတွေ ဖြစ်ဖြစ်သွားတယ်။ ဒါကြောင့် အဲဒီလိုတဏှာ ဥပါဒါန် ကံနှင့် ဘဝသစ် ဒုက္ခသစ္စာတွေ မဖြစ်ပွါးအောင် ကြံသိ တိုင်း ကြံသိတိုင်း ရှုမှတ်ရတယ်၊ ရှုမှတ်လို့ ဝိပဿနာဉာဏ် အားကောင်းတဲ့အခါ အဲဒီကြံသိတာဂလေးတွေ တခု ပြီး တခု ဖြစ်ပျက်နေတာကို တွေ့ရတယ်၊ အဲဒီလို တွေ့ရ ရော့ မမြဲတာတွေချည်းပဲလို့ ကိုယ်ပိုင်ဉာဏ်ဖြင့် သိတယ် အဲဒီလိုသိသိနေယင်း သင်္ခါရုပေက္ခာဉာဏ် ရင့်သန်တဲ့အခါမှာ ကြံသိမှုတခုခုကို သိပြီးတော့ ကြံသိတာရော ရှုသိတာရော အကုန်လုံးချုပ်ငြိမ်း ပြာဘ်စဲသွားတာကို တွေ့ရတယ်၊ အဲဒါ ဟာ အငြိမ်းဓာတ် နိဗ္ဗာန်ကို တွေ့တာပဲ၊ အဲဒီလို တွေ့ပြီး သံ့အောင် အားထုတ်ဖို့ဆု မြတ်စွာဘုရားက--။

ယတ္ထ-အကြင်နိဗ္ဗာန်အရပ်၌၊ မနော စ-စိတ်သည် လည်း၊ နိရုဇ္ဈတိ-ချုပ်၏၊ ဓမ္မသညာ စ-ဓမ္မသညာ သည်လည်း၊ နိရုဇ္ဈတိ-ချုပ်၏၊ သေ အာယတနေ-စိတ်နှင့် ဓမ္မသညာတို့၏ ချုပ်ရာ နိဗ္ဗာန်ဟူသော ထို အာရုံအကြောင်းကို၊ ဝေဒိတဗ္ဗေ-သိအပ်၏၊ ဝါ-သိအောင်အားထုတ်အပ်၏ -လို့

http://www.dhammadownload.com

ဟောတော်မူခဲ့ပါတဲ့ပယ်။အဲဒီမှာ မန-ဆိုတာ ဘဝင်စိတ်နဲ့ အာဝဇ္ဇာန်းစိတ်ပဲ၊ ဘဝင်စိတ်ဆိုတာ အိပ်ပျော်နေတဲ့အခါ ဖြစ်တဲ့စိတ်မျိုးပဲ၊ အဲဒါကိုတော့ သိဘို့ ခဲယဉ်းပါတယ်၊ နှလုံးသွင်း ဆင်ခြင်တဲ့ အာဝဇ္ဇာန်းစိတ် ချုပ်တာသိဘို့က အရေးကြီးပါတယ်၊ နောက်ပြီးတော့ ဓမ္မသညာ ဆိုတာက ပကတိကြံသိတဲ့စိတ်နဲ့ ရှုသိတဲ့စိတ်ပဲ၊ သညာကိုခေါင်းတပ်ပြီး ဟောထားပေမဲ့ ဗမာလိုကတော့ စိတ်နဲ့ပြောမှ သိလွယ်တယ်၊ ဒါမြောင့် စိတ်နဲ့ပဲ ပြောရတာပါ၊ အဲဒီ ပကတိ အသိစိတ်နဲ့ ရှုသိတဲ့စိတ် ချုပ်သွားတာကို ထင်ရှားသိရမယ်၊ ဒါမြောင့် အာရုံကို နှလုံးသွင်းတဲ့စိတ်ရော ပကတိအသိစိတ်ရော ရှုသိတဲ့စိတ်ရော ပြတ်စဲချုပ်ငြိမ်းသွားယင် အဲဒါဟာ နိဗ္ဗာန်ပဲ၊ အသိစိတ် ရှိနေသေးယင် သင်္ခါရအာရုံ ထင်နေသေးတာပဲ၊ သင်္ခါရသဘောတွေအားလုံး ချုပ်ငြိမ်းမှ နိဗ္ဗာန်ပဲ၊ အဲဒီချုပ်ငြိမ်းဟဲ့နိဗ္ဗာန်ကို သိတဲ့ မဂ်စိတ် ဖိုလ်စိတ်ကတော့ရှိပါတယ်၊ ဒါပေမဲ့ သင်္ခါရအားလုံး ချုပ်ငြိမ်းက သဘောက သင်္ခါရသဘောမျိုး မဟုတ်တဲ့အတွက် အသိစိတ်မရှိသလိုပဲ ထင်ရှားတယ်၊ အကယ်၍ အသိစိတ်ရှိတဲ့ အနေနဲ့ ထင်ရှားနေယင် အဲဒီစိတ်ရဲ့ အဖြစ်အပျက်လဲ ထင်ရှားတာပဲ၊ ဝိပဿနာရှုလို့ ဖြစ်ကဲ့တရားပဲ၊ ချုပ်ငြိမ်းတဲ့ သဘောထဲရောက်နေတဲ့ မဂ်ဖိုလ်စိတ် ဆိုတာကတော့ ဝိပဿနာရှုလို့ မဖြစ်တဲ့တရားပဲ၊ ဒါးကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတဲ့အခါမှာ အသိစိတ်ပါချုပ်ငြိမ်းသွားတဲ့ အနေဖြင့်ပင် တွေ့ရတယ်။ ဒါကြောင့်

http://www.dhammadownload.com

ဓမ္မာသညာ စ နိရုဇ္ဈတိ-ဓမ္မသညာလဲ ချုပ်တယ်လို့ ဟောတော်မူတာပဲ။

လောက၏အဆုံး နိဗ္ဗာန်တွေ့သိပုံတွေ

ယခု ပြောခဲ့တာနှင့် တတိယ ပိုင်းတုံးက ထုတ်ပြခဲ့တဲ့ ဒေသနာတော်အရ "မြင်တာကို ရှုသိယင်း မျတ်စိန့် ရူပသညာ ချုပ်သွားတာကို တွေ့ရတယ်၊ ကြားတာကို ရှုသိယင်း နားနဲ့ သဒ္ဒသညာ ချုပ်သွားတာကို တွေ့ရတယ်၊ နံတာကို ရှုသိယင်း နှာခေါင်းနဲ့ ဂန္ဓသညာ ချုပ်သွားတာကို တွေ့ရတတ်၊ စားသိတာကို ရှုသိယင်း လျှာနဲ့ ရသသညာချုပ်သွားတာကို တွေ့ရတယ် ထိသိတာကို ရှုသိယင်း ကိုယ်နဲ့ ဖောဋ္ဌဗ္ဗသညာ ချုပ်သွားတာကို တွေ့ရတယ်၊ ကြံသိတာကို ရှုသိယင်း စိတ်နဲ့ ဓမ္မသညာ ချုပ်သွားတာကို တွေ့ရတယ်" ဆိုတာတွေ့ဟာ လောကဆိုတဲ့ ဒုက္ခသစ္စာကို ရှုသိနေယင်း လောက၏ အဆုံးဖြစ်တဲ့ နိဏ္ဍေဓသစ္စာကို မျက်မှောက်တွေ့သွားပုံတွေ့ပါပဲ၊ အဲဒီလို တွေ့တာဟာ စိတ်ကူး စဉ်းစားကြည့်ရုံနဲ့တော့ မဖြစ်နိုင်ဘူး၊ ဒွါရ ၆-ပါးက ထင်ရှားဖြစ်ပေါ်တဲ့ ရုပ်နာမ်တရားတွေကို မပြတ်ရှုသိပြီး သခ်ါရုပေက္ခာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါကျမှ အဲဒီလို မျက်မှောက်တွေ့နိုင်တယ်။

အဲဒီလို ရုပ်နာမ်သခ်ါရ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို အရဟတ္တမဂ်ဉာဏ်ဖြင့်တွေ့ယင် "မပြတ်ဖြစ်ပျက်နေတဲ့ မြင်မှု ကြား

http://www.dhammadownload.com

အစရှိသော ရုပ်နာမ်သင်္ခါရတွေဟာ မငြိမ်းအေးတဲ့ ဆင်းရဲတရားတွေပဲ" လို့လဲ ပိုင်ပိုင်နိုင်နိုင်သိတယ်၊ အဲဒီမြင်မှုကြားမှုစသည်၌ နှစ်သက်လိုချင်တဲ့ တဏှာကိုလဲ "ဆင်းရဲကိုတောင့်တနေတဲ့ ဆင်းရဲဖြစ်ကြောင်း တရားပဲ" လို့လဲ ပိုင်ပိုင်နိုင်နိုင်သိတယ်၊ ဒါကြောင့် အဲဒီနှစ်သက်လိုချင်မှု တဏှာလဲ လုံးဝ ကင်းငြိမ်း သွားတယ်၊ အဲဒီ တဏှာ ကင်းတဲ့ အတွက် ဘဝသစ် ရုပ်နာမ်ခန္ဓာ ဒုက္ခာသစ္စာတွေလဲ မဖြစ်နိုင်တော့ပဲ ကင်းငြိမ်းသွားတယ်။ အဲဒီလိုတဏှာနဲ့ ဘဝသစ်ခန္ဓာ ဆင်းရဲတွေ ကင်းငြိမ်းပုံကို မြင်တော်မူပြီး ဝမ်းမြောက်တော်မူတဲ့ အတွက် မြတ်စွာဘုရားရှင်က ဘုရားဖြစ်တော်မူ ပြီးခါစမှာ နှုတ်က မရွတ်ပဲ စိတ်အကြံမျှဖြင့် ဒီလို ဥဒါန်းကျူးရင့်တော်မူခဲ့ပါတယ်။

အနေကဇာတင် ဂါထာ ၂-ပုဒ်

အနေက ဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒက္ခာ ဇာတိ ပုနပ္ပုနံ။

ဂဟ ကာရက ဒိဋ္ဌောသိ၊ ပန ဂေဟံ နကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဗ္ဗါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရ ဂတံ စိတ္တံ၊ တဏ္ဍာနံ ခယ မဇ္ဈဂါ။

ဗုဒ္ဓမြတ်စွာ ဘုရား အဖြစ်သို့ ရောက်တော် မူပြီး ခါစက ဗောဓိ ညောင်ပင်ကြီးအောက် အပဉ္ဇိတ ပလ္လင်တော်ထက်မှာ အရှေ့အရပ်သို့ မျက်နှာမူလျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေ

http://www.dhammadownload.com

တော်မူယင်း စိတ်နှလုံးတော် သက်သက်ဖြင့် ဆင်ခြင်တော်မူလျက် ဥဒါန်း ကျူးရင့် တော်မူတဲ့ ဂါထာ တော်များဖြစ်တယ်၊ အဲဒီ အခါ တုန်းက မြက်စ်ဥဘုရား အနိုးအပါးမှာ ဘယ်သူမှ မရှိဘူး၊ တောအရပ် ဒေသမှာ တပါးတည်း နှလုံးသွင်းလျက် ကျူးရင့်တော် မူပုံကို ဆင်ခြင်ကြည့်ယင် အင်မတန် ကြည်ညို စရာကောင်းတယ်၊ ဘုန်းကြီးမှာတော့ ဒီဂါထာကို နှလုံးသွင်းရ ရှတ်ဆိုရတဲ့ အခါ ကြည်နူးတဲ့ စိတ်တွေများစွာ ဖြစ်တယ်။ ယခု ထပ်ပြီး ရှတ်ပြ ပြီးတော့ အနက်ပြန်ပြမယ်။

အနေက ဇာတိ သံသာရံ၊ သန္ဓာ ဝိဿံ အနိဗ္ဗိသံ ပ။
ဝိသခ်ါရ ဂတံ စိတ္တံ၊ တဏှာနံ ခယ မဇ္ဈဂါ။

ပုနပ္ပုနံ ဇာတိ- ဘဝအသစ် အဖန်ဖန် ဖြစ်ရ ခြင်းသည်၊ ဒုက္ခာ-ဆင်းရဲကြောင်း ဖြစ်၍ ဆင်းရဲလှ ဆိုးဝါးလှ၏၊ (သာစ-ထိုဘဝအသစ် ဖြစ်ခြင်း သည်လည်း၊ ဂဟ ကာရေ-အိမ်တွေဟော တည်းဟူသော ခန္ဓာအိမ်ကို အကြိမ်ကြိမ် တီထွင်၍ စီရင် ဆောတ်လုပ် တတ်သော တဏှာယောကျ်ား လက်သမား ကို၊ အဒိဋ္ဌေ-အရဟတ္တမဂ် ဉာဏ်ဖြင့် မမြင်ရသေးသည်ရှိသော်၊ နှ နိဝတ္တတိ- ဆုတ်နစ် ရပ်တန့်ခြင်း ပြတ်စဲခြင်း မရှိချေ၊ (တသ္မာ-ထို့ကြောင့်၊) ဂဟကာရံ-အိမ်တွေဟော တည်းဟူသော ခန္ဓာအိမ်ကို အကြိမ်ကြိမ် တီထွင်၍ စီရင် ဆောက်လုပ် တတ်သော တဏှာယောကျ်ား လသမားကို၊ ဂဒဝသခန္ဓာ-ဒိပက်ထာ မြတ်စွာ ဖြေရင်း တံတားခင်းမျှ ဝပ်စင်းဦးခ နိယတ

http://www.dhammadownload.com

ဗျာဒိတ် အောင်ဘိသိက်ပန်း ဆင်းမြန်း သည်မှ အဦးစ၍ တွေ့ရ လေအောင် ကျင့်ဆောင် ရှာမှီး နေသော ငါသည်၊ (ယေန ဉာဏေန-အကြင် အရတ္တမဂ် ဉာဏ်ဖြင့်၊ တံ-ထိုတဏှာ လက်သွားကို၊ ဒဋ္ဌုံ သက္ကာ-မြင်ခြင်းငှါ စွမ်းနိုင်၏၊ တံဉာဏံ-ထိုတဏှာကို မြင်နိုင်ကြောင်း အရတ္တ မဂ်ဉာဏ် တည်းဟူသော ပညာမျက်စိ မျက်မှန် ကောင်းကို၊) အနိဗ္ဗိသံ-အဝိန္ဒန္တော- မရသေးသည် ဖြစ်၍၊ အနေက ဇာတိ သံသာရံ-ဘဝများစွာ ခန္ဓာအစဉ်ဟူသော သံသရာသို့၊ ဝါ-ဘဝများစွာ သံသရာ ကာလ ပတ်လုံး၊ သန္ဓာဝ်ဿံ သံသရိံ-ပြေးသွားကျင်လည် ခဲ့ရသှေလေပြီ။

ကိုယ့်ဘဝ ကိုယ့်ခန္ဓာကို သာယာတဲ့ တဏှာ ရှိနေသမျှ ကာလပတ်လုံး တဘဝ တဘဝက သေယင် နောက်တဘဝ တဘဝ အသစ် အသစ် ဖြစ်ဖြစ်နေတယ် အဲဒီလို ဘဝသစ်ခန္ဓာအိမ် ဖြစ်ဖြစ်နေတာဟာ ဘာကြောင့်လဲ ဆိုယင် အရင်းမူလအားဖြင့် တဏှာကြောင့်ပဲ ဖြစ်တယ် ဒါကြောင့် တဏှာကို ဂဟကာရ- ခန္ဓာအိမ်ကို ဆောက်လပ်သူလို့ ဆိုတယ်၊ ဘဝ အသစ် ဖြစ်မိယင် အဲဒီ တဘဝလုံးနှင့် ဆိုင်တဲ့ ဆင်းရဲအမျိုးမျိုးတွေကို ခံစားရတော့တာဘဲ၊ ဒါကြောင့် ဘဝ အသစ် ဖြစ်ခြင်း-ဇာတိ ဆိုတာဟာ ကြောက်စရာ ကောင်းတဲ့ ဒုက္ခပဲ ဆင်းရဲပဲ ဆိုးဝါးတဲ့ သဘောတရားပဲ၊ အဲဒီလို မကောင်းမှန်းသိလို့ မဖြစ်ချင်ဘူးဆိုပေမဲ့ ဖြစ်ချင်တဏှာဆိုတဲ့ ခန္ဓာအိမ်ဆောက်သွားကို မသိမမြင်သေးယင် ထပ်ခါထပ်ခါဖြစ်

http://www.dhammadownload.com

ဖြစ်နေတာပဲ၊ဥပမာ ငရဲမှာ မဖြစ်ချင်ပေမဲ့ ဘဝကို သာယာတဲ့ တဏှာက ရှိနေတဲ့သူမှာ ငရဲကျလောက်တဲ့ကံ ရှိနေယင်တဏှာက ငရဲခန္ဓာအိမ်ကိုလဲ ဆောက်လုပ်ပေးမှာပဲ၊ ဒါကြောင့် ခန္ဓာအိမ်ဆောက်သွားကို မြတ်စွာဘုရားက သုမေဓာရသေ့ ဘဝက စပြီး ရှာခဲ့ပါတယ်၊ ဒါပေမဲ့ ခန္ဓာအိမ်ဆောက်သွား တဏှာကို မြင်နိုင်တဲ့ သမ္မာသမ္ဗောဓိဉာဏ် ဆိုတဲ့ အရဟတ္တမဂ်ဉာဏ်ပျက်စိ မျက်မှန်ကောင်းကို မရသေးတဲ့ အတွက် လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ကာလပတ်လုံး ဘဝများစွာ သံသရာမှာ ပြေးသွား ကျင်လည်လာခဲ့ရပါပြီလို့ ဆိုလိုပါတယ်။

ဂဟကာရ-အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို အကြိမ်ကြိမ် တီထွင်၍စီရင်ဆောက်လုပ်တတ်သော တဏှာယောကျ်ားဟယ့် လက်သွား၊ (ဣဒါနိ-အရဟတ္တမဂ်ဉာဏ်ဟူသော သမ္မာသမ္ဗောဓိဉာဏ် ပညာမျက်မှန်ကို ရသော ယခုအခါကာလ၌၊ တုံ-တဏှာယောကျ်ား သင်လက်သွားကို၊) ဒိဋ္ဌော-မျက်ဝါးထင်ထင် သိမြင်ရသည်၊ အသိ-ဖြစ်ပေ၏၊ (တသွာ - ထို့ကြောင့်၊ တုံ - တဏှာယောကျ်ား သင် လက်သွားသည်။) ဂေဟံ-ငါ၏ ခန္ဓာအိမ်ကို၊ ပုန နကာဟသိ-ဟဖန်ဆောက်လုပ်တော့မည် မဟုတ်ပေ။ တေ-သင်၏၊ သဗ္ဗာ-အလုံးစုံကုန်သော၊ ဖါသုကာ-ခန္ဓာအိမ်၏ အခြင်ပမာ(အဝိဇ္ဇာ၏ နောက်လိုက်)ကိလေသာတို့ကို၊ ဘဂ္ဂါ-ချိုးဖျက်အပ်ကုန်ပြီ။ဂဟကူဋ္ဌံ-

http://www.dhammadownload.com

အိမ်၏ အထွတ်အဖူးပမာ အဝိဇ္ဇာခေါင်ချုပ်ကြီးကို၊ ဝိသခ်ံ တံ-ဖျက်ဆီးအပ်ပြီ။ စိတ္တံ-ငါ၏ စိတ်သည်၊ ဝိသခ်ံါရဂတံ-သခ်ံါရကင်းရာ နိဗ္ဗာန်၌ အာရုံပြုသောအားဖြင့် သုက်ဝင်လျက် တည်နေပေပြီ။ တဏှာနံ-ဆာလောင်တတ်စွာ သာယာတောင့်တ တဏှာဟူသမျှတို့၏၊ ခယံ-ကုန်ရာဖြစ်သော အရဟတ္တဖိုလ်ကို၊ အဇ္ဈဂါ - ဖြစ်ပွားစေကာ ကောင်းစွာရလျက်ရှိပေပြီ-တဲ့။

ဒီဒုတိယဂါထာကတော့ အနက်ပြန်လိုက်တာနဲ့ အဓိပ္ပါယ်လဲ ပေါ်လွင် ထင်ရှားနေပါပြီ။ ဒီဂါထာ ၂-ပုဒ်ဟာ ဘုရားဖြစ်ပြီးခါစက ကိုယ်တော်တိုင် နှလုံးသွင်း ဆင်ခြင်တော်မူတဲ့ ဂါထာများ ဖြစ်သောကြောင့် ဘုရားဆင်းတုတော်များ စေတီဂေဟာများ အသစ်ပြုလုပ်၍ ကိုးကွယ်ကြတဲ့ အခါမှာ အနေကဇာတိသံသာရံ အစချီတဲ့ ဒီဂါထာများဖြင့် ရွတ်ဖတ်ပြီး ပူဇော်ကြတယ်၊ အဲဒါကို ဗုဒ္ဓါဘိသေကမင်္ဂလာ အနေကဇာတင်တယ်လို့ ခေါ်ကြတယ်။ နောက်ပြီးတော့ အဲဒီလို အနေကဇာတင်တဲ့ အခါမှာ ဥဒါန်းပါဠိတော်အရ ဘုရားဖြစ်ပြီး ခုနစ်ရက်မြောက်ညဥ့်မှာ ဆင်ခြင်တော်မူတဲ့ ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံနှင့် နှုတ်ဖြင့် ရွတ်ဆိုပြီး ဥဒါန်းကျူးရင့်တော်မူတဲ့ ယဒါ ဟဝေ-အစချီတဲ့ သုံးဂါထာတို့ကိုလဲ ရွတ်ဖတ်ပြီး ပူဇော်ကြတယ်။ ဒါက မြန်မာပြည်မှာ ပြုလုပ်လေ့ရှိတဲ့ ကောင်းမြတ်သော ပူဇော်ခြင်းပါပဲ။ ယိုး

http://www.dhammadownload.com

ဒီဃား သီဟိုဠ်တို့မှာ အဲဒီအခေ့အထ မရှိဘူးလို့ ဆိုပါ တယ်။ ဒါကြောင့် အနေကဇာ မတင်ရသေးတဲ့ ဆင်းတု တော် စေတီတော်များကိုလဲ ဗုဒ္ဓမြတ်စွာဘုရားကဲ့သို့ပင် အရှိ အသေ ပူဇော်ကောင်းတယ် ဆိုတာလဲ သိမှတ်ထားကြရမယ်။

ရဟန္တာမဟုတ်တဲ့ ပုဂ္ဂိုလ်တိုင်း၏ သန္ဓာန်မှာ မြင်ခိုက် ကြားခိုက် စသည်၌ ဒုက္ခနှင့် သမုဒယ ဖြစ်ပုံကို ပြောပြရာက ထိသိခိုက် ကြံသိခိုက်များမှ ဝိပဿနာဉာဏ်ပြီး နိဗ္ဗာန သို့ ဆိုက် ရောက်သွားပုံကိုလဲ ထည့်သွင်းပြောခဲ့တယ်၊ အဲဒီ နိဗ္ဗာန ကို မျက်မှောက်ပြုတော့ တဏှာကို မြင်ပုံ တဏှာကင်းပုံများ နှင့် စပ်ပြီး ဘုရားဖြစ်တော်မူပြီးခါစက နှလုံးသွင်း ဆင်ခြင် လျက် ကျူးရင့်ခဲ့တဲ့ အနေကဇာတိသံသာရုံ အစချီသော ဂါထာများကို ဟောပြခဲ့တယ်။ အဲဒါကတော့ ကြည်ညိုဘွယ် ကောင်းလို့ ကြည်ညိုကြရအောင် ဟောပြတာပါပဲ။

တည်ရာရှိ-မရှိ ဆိုတာက ပြလိုရင်းပဲ

ယခု ဒီနေရာမှာ ပြလိုရင်းကတော့ အပတိဋ္ဌ-နိဗ္ဗာန်မှာ တည်ရာဌာနံမရှိဘူး ဆိုတဲ့ ဒေသနာဟာအရ နိဗ္ဗာန်သစ္စာ ခေါ်တဲ့ နိဗ္ဗာန်မှာ မုချအားဖြင့် တည်ရာဌာနမရှိဘူး၊ နည်း ပရိယာယ်အရ အားဖြင့်တော့ ရောဟိတဿသုတ်မှာ တလံ့ လောက်သော ခန္ဓာကိုယ်ထဲမှာ ရှိတယ်လို့ ဆိုရတဲ့အကြောင်း ပြလိုရင်းပါပဲ။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာတို့ကတော့ သာ

http://www.dhammadownload.com

မန်ပုဂ္ဂိုလ်တိုင်း၏ သန္တာန်မှာ တကယ်ကို ဖြစ်ပေါ်ပြီး ရှိနေတယ် ဆိုတာ သိရအောင် မြင်ဆဲခဏစသည်ဖြင့် ရှင်းပြခဲ့ပြီ။ မဂ္ဂသစ္စာကတော့ ဝိပဿနာရှုဆဲ အရိယာမဟ်ရောက်ဆဲ ပုဂ္ဂိုလ်တို့၏ သန္တာန်မှာ မုချအားဖြင့် ဖြစ်ပေါ်လျက် ရှိနေကြောင်းလဲ ပြောပြခဲ့ပြီ။ နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်က ဖေတော့ မဟ်ဖိုလ်ရောက်နေတဲ့ ပုဂ္ဂိုလ်မျိုး သန္တာန်မှာ ပရိ-ယာယ်အားဖြင့် ရှိတယ်လို့ ဆိုရကြောင်း၊ အထူးအားဖြင့် ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်မှာ ရှိတယ်လို့ ဆိုရကြောင်း ပြောခဲ့ပြီ။ အဲဒါနဲ့ စပ်ပြီးတော့ သာဓကပါဠိပါ ထုတ်ပြီး ရှင်းပြဦးမယ်။

မြတ်စွာဘုရားက သစ္စာလေးပါးလုံး သညာရှိ စိတ်ရှိတဲ့ တလံမျှလောက်ဒသာ ကိုယ်ထဲမှာ ပညတ်ဟောကြားတော်မူတယ်လို့ ဆိုရာမှာ ဒုက္ခ သမုဒယ မဂ္ဂဆိုတဲ့ သစ္စာသုံးပါးကတော့ ရှင်းနေပါတယ်၊ နိရောဓဆိုတဲ့ နိဗ္ဗာန်က ပုဂ္ဂိုလ်တိုင်း၏ သန္တာန်မှာ တည်ရှိပါသလား၊ ဘယ်အနားမှာ ဘယ်လို တည်ရှိနေပါသလဲလို့ စဉ်းစားစရာရှိပါတယ်။ အဲဒါဟာ အမှန်အားဖြင့်တော့ ပုဂ္ဂိုလ်တိုင်း၏ သန္တာန်မှာ တည်ရှိတယ်လို့ မဆိုနိုင်ပါဘူး၊ အရိယာ ပုဂ္ဂိုလ်တို့၏ သန္တာန်မှာ ချုပ်ငြိမ်းတဲ့ ကိလေသာ ခန္ဓာတို့ကို အကြောင်းပြုပြီးတော့ တည်ရှိတယ်လို့ ပရိယာယ်အားဖြင့် ဟောထားခြင်းသာ ဖြစ်ပါတယ်။ အဲဒီအကြောင်းကို ဝိသုဒ္ဓိမဂ် မဟာဋီကာမှာ လိုရှင်းပြထားပါတယ်။

http://www.dhammadownload.com

တံ-ထိုနိဗ္ဗာန်သည်၊ အဒေသမို့ - တည်ရာအရပ် မရှိငြားသော်လည်း၊ ယေသံ - အကြင်ကိလေသာ ခန္ဓာတို့၏၊ နိရောဓော-ချုပ်ခြင်းသည် ဖြစ်၏ တေသံ ဝသေန-ထိုချုပ်သော ကိလေသာ ခန္ဓာတို့၏ အစုမ်းအားဖြင့်၊ ဥပစာရတော-ကိလေသာ ခန္ဓာတို့၏ တည်ရာ၌ တင်စားသော အားဖြင့်၊ ဒေသတောပိ - တည်ရာ အရပ်အားဖြင့်လည်း၊ နိဒ္ဒိသိယတိ-ညွှန်ပြအပ်ပေ၏။ (အဘယ်လိုပါလဲ ဆိုကော့) လောကော-လောကဋ္ဌ၊ စက္ခုံ-မျက်စိသည်၊ ပိယရူပံ သာတရူပံ-ချစ်ဖွယ်သာယဖွယ်သဘောပေတည်း၊ ဧသော တက္ကော ပဟီယမာနော-ထိုတက္ကာကို ပယ်အပ်သည်ရှိသော်၊ တော့ ပဟီယတိ-ချစ်ဖွယ်သာယာဖွယ်ဖြစ်သော ဤမျက်စိဋ္ဌ ပယ်အပ်၏၊ နိရုဇ္ဈမာနော-ထိုတက္ကာ ချုပ်သည်ရှိသော်၊ တော့ နိရုဇ္ဈတိ-ချစ်ဖွယ် သာယာဖွယ်ဖြစ်သော ဤမျက်စိဋ္ဌ ချုပ်၏၊ ဣတိ ယထာ-ဤသို့ ဟောတော်မူသကဲ့သို့ပင်တည်း-တဲ့။

ကိလေသာတို့၏ ငြိမ်းခြင်း, ခန္ဓာတို့၏ ငြိမ်းခြင်းဆိုတဲ့ နိဗ္ဗာန်ဟာ ငြိမ်းခြင်း, မဖြစ်ခြင်း ဃဇောမျှ ဖြစ်သောကြောင့် မုချအားဖြင့် ဘယ်မှာမျှ မတည်ဘူး, တည်ရာဌာန မရှိဘူး၊ သို့သော်လဲ ချုပ်ငြိမ်းတဲ့ ကိလေသာတွေ ခန္ဓာတွေက အရိယာ ပုဂ္ဂိုလ်တို့၏ သန္တာန်မှာ တည်ရှိနေတယ်၊ (ဒါလဲတကယ်တော့ တည်ရှိနေတာ မဟုတ်ပါဘူး၊ ဖြစ်နိုင်တဲ့ အတွက် တည်ရှိတယ်လို့ ဆိုရတာပါပဲ) ဒါကြောင့် အဲဒီချုပ်ငြိမ်းတဲ့

http://www.dhammadownload.com

ကိလေသာ ခန္ဓာကို၏ တည်ရာဖြစ်တဲ့ အရိယာ ပုဂ္ဂိုလ် သန္တာန်မှာ (ချုပ်ငြိမ်းခြင်းကိုလဲ) တည်ရှိတဲ့ အနေနဲ့ တင်စား ဟောခြင်း ဖြစ်တယ်၊ ဘယ်လိုလဲ ဆိုတော့ -- အရဟတ္တမဂ်၏ အစုမ်းကြောင့် ကလေသာ မဖြစ်နိုင် တော့ပဲ ချုပ်ငြိမ်းတာဟာ မုချအားဖြင့် ဘယ်နေရာမှာမှ ချုပ်ငြိမ်းတယ်လို့ မဆိုနိုင်ဘူး၊ ဒါပေမဲ့ ကလေသာ ဖြစ်ယင် ချစ်ဖွယ် သာယာဖွယ် ဖြစ်တဲ့ မျက်စိ နားအစရှိတဲ့ ဒွါရ ၆-ပါး၊ အဆင်း အသံ အစရှိတဲ့ ဝိသယ ၆-ပါး၊ မြင်သိ ကြားသိ အစရှိတဲ့ ဝိညာဏ် ၆-ပါး စသည်မှာ ဒေါရုံပြုပြီး ဖြစ်တယ်၊ ဒါကြောင့် အဲဒီ ဖြစ်ရာ ဌာနများ ဖြစ်တဲ့ ချစ်ဖွယ် သာယာဖွယ် မျက်စိ စသည် မှာပဲ ချုပ်တယ်လို့ တင်စားပြီး ဟောသလိုပါပဲတဲ့၊

ဒါပေမဲ့ အဘိဓမ္မာ ဒေသနာမှာ ကိုယ်မှ အပြင်ပဋ္ဌ ပြီးစီးတဲ့ ဗဟိဒ္ဓ တရားလို့ မုချအားဖြင့် ဟောတော်မူပ တယ်၊ အဲဒီ အဘိဓမ္မာ ဒေသနာ အရ အပြင်ပဋ္ဌ ပြီးစီးတယ် ဆိုတာလဲ ကိုယ်တွင်း တရား မဟုတ် ကြောင်းကို ပြလိုရင်း ပါပဲ၊ အပြင်ပ ဘယ်အရပ်မှာ တည်ရှိ နေတယ်လို့ တည် ရာအားဖြင့်တော့ မပြနိုင် မဆိုနိုင်ဘူး၊ ဒါကြောင့် ဒီဥဒါန်း သုတ်မှာ "အပ္ပတိဋ္ဌ- နိဗ္ဗာန်မှာ တည်ရာဌာန မရှိဘူး" လို့ မုချအားဖြင့် မိန့်ဆို ကျူးရင့်တော် မူခဲ့ပါတယ်။ အနုမာန အားဖြင့် ဆင်ခြင် ကြည့်ယင်လဲ" အကြောင်း ညီညွတ်ယင် ဖြစ်ထိုက်တဲ့ ကိလေသာ ခန္ဓာတွေ အရဟတ္တမဂ်၏ အစုမ်း

http://www.dhammadownload.com

ကြောင့် မဖြစ်နိုင်တော့ပဲ ချုပ်ငြိမ်းသွားတာဟာ ဘယ်နေ
ရာမှာမျှ တည်ရှိနေတယ်" လို့ မဆိုနိုင်ကြောင်း ထင်ရှား
ပါတယ်၊ ဒီကနေ့ ဒီတွင် ရပ်ပြီး တရားသိမ်းကြို့ ။။

နိဂုံးချုပ် တရားသိမ်း ပတ္ထနာ

နိဗ္ဗာန ပဋိသံယုတ္တကထာ ခေါ် နိဗ္ဗာန်ဆိုင်ရာ တရား
တော်ကို ရှိသေစွာ နာယူ မှတ်သား ကြရသော ကောင်းမှု
ကံ စေတနာတို့၏ အစွမ်း အာနုဘော်ကြောင့် ယခုတရား
နာ ပရိသတ် အပေါင်း သူတော်ကောင်းတို့သည် ဝိပဿနာ
ဉာဏ် အရိယမဂ်ဉာဏ် တို့ဖြင့် ပိုင်းခြား သိအပ်သော မြင်မှု
ကြားမှု အစရှိသော ဒုက္ခသစ္စာ လောက တရားတို့ကို ဖြစ်
တိုင်း ဖြစ်တိုင်း ရှုမှတ်လျက် ပိုင်းခြား သိနိုင်ကြ၍ ဒုက္ခ
သစ္စာ ဟူသော လောက၏ အာဆုံးဖြစ်သော နိဗ္ဗာန်ကို မိမိ
ဘို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် တို့ဖြင့် လျင်မြန်
စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင် ကြပါစေ။

သာဓု သာဓု သာဓု

နိဗ္ဗာနပဋိသံယုတ္တကထာ

နိဗ္ဗာန်ဆိုင်ရာ တရားတော် စတုတ္ထပိုင်း ပြီး၏။

http://www.dhammadownload.com

နိဗ္ဗာနပဋိသံယုတ္တကထာ

နိဗ္ဗာန်ဆိုင်ရာ တရားတော်

ပဉ္စမပိုင်း

(၁၃၂၆-ခုနှစ် သီတင်းကျွတ်လဆန်း(၈)ရက်နေ့ ဟောသည်)

တရားအနုသန္ဓေ

နိဗ္ဗာန်အကြောင်းကိုဟောလာတာလေးကြိမ်ရှိခဲ့ပြီ၊ တော်တော်လဲ စုံသွားပါပြီ၊ ဒါပေမဲ့ ဗဟုသုတ ပွါးစေရန် ယနေ့လဲ ငါးကြိမ်မြောက်အနေဖြင့် ဒီတရားကိုပဲ ဆက်ပြီးတော့ ဟောရမယ်။ ပဌမအကြိမ်က နိဗ္ဗာနပုဒ်ကို နိ-ရှေးရှိသော ဝါ-ဓာတ် ဖြင့်အဓိကရဏသာဓန စသည်ပြုပြီး ငြိမ်းရာ၊ ငြိမ်းကြောင်း၊ ငြိမ်းခြင်း သဘောကို နိဗ္ဗာန်လို့ ဟောခဲ့တယ်၊ အဲဒီ သုံးနက်ထဲက ငြိမ်ခြင်း သဘောဆိုတဲ့အနက်သာလျှင် မုချအနက်ဖြစ်ကြောင်းလဲ ပြောခဲ့ပြီ၊ မီးစာကုန် ဆီခန်းတဲ့အခါ မီးတောက်ကလေး ငြိမ်းသွားတာလို အရဟတ္တမဂ်၏ အစွမ်းကြောင့် ကိလေသာ ကံကုန်သွားသဖြင့် ပရိနိဗ္ဗာန်စုတိမှ နောက်၌ ဘဝသစ်ခန္ဓာ မဖြစ်လာတော့ပဲ ငြိမ်းသွားတာကိုပင် နိဗ္ဗာန်လို့ ခေါ်ကြောင်းလဲ ပြောခဲ့ပြီ။

တဏှာကင်းတာ နိဗ္ဗာန်

ဒီကနေ့ ငါးကြိမ်မြောက်မှာတော့ နိ-ပုဒ်နှင့် ဝါန-ပုဒ်မှ နိဗ္ဗာန် ပြီးပုံကစပြီး ဟောရမယ်။ ဝါန-ဆိုတာက ကာမ-

http://www.dhammadownload.com

ရူပ-အာရူပ ဘုံသုံးပါး ဆိုင်ရာ တရားတွေကို သာယာတပ်မက်ပြီး နှောင်ဖွဲ့ ဆက်စပ် တတ်တဲ့ သဘောလို့ ဆိုလိုတယ်၊ ဆာလောင် တပ်မက်တဲ့ တဏှာပါပဲ၊ တဏှာက ရူပါရုံမှ စပြီး ဓမ္မာရုံတိုင်အောင်လဲ သာယာတပ်မက်တတ်တယ်၊ ဓမ္မာရုံမှ စပြီး ရူပါရုံတိုင်အောင်လဲ သာယာတပ်မက်တတ်တယ်၊ အလယ်အာရုံတွေမှ စပြီးတော့ နှစ်ဖက်အစွန်းဘိုင်အောင်လဲ သာယာတပ်မက်တတ်တယ်၊ ကာမ အာရုံမှစပြီး ရူပ အရူပ အာရုံမျှားကိုလဲ သာယာတပ်မက်တတ်တယ်၊ အရူပအာရုံမှ စပြီး ရူပ ကာမအာရုံမျှားကိုလဲ သာယာတပ်မက်တတ်တယ်၊ ရူပအာရုံမှ စပြီး ကာမ အရူပအာရုံမျှားကိုလဲ သာယာတပ်မက်တတ်တယ်၊ အဲဒီလို အထက် အောက် တရားတွေကို သာယာတပ်မက်လျက် နှောင်ဖွဲ့ ဆက်စပ် တတ်သောကြောင့် တဏှာကို ဝါန- လို့ ခေါ်ရပါတယ် တဲ့၊ တနည်းအားဖြင့် ရှေးဘဝနှင့် နောက်ဘဝတို့ကို ဆက်စပ် ဖွဲ့ချည်တတ်သောကြောင့်လဲ တဏှာကို ဝါန-လို့ ခေါ်ရပါတယ်။ ဝါနမည်သော အဲဒီတဏှာမှ ထွက်မြောက်သောကြောင့်-

ဝါနတော နိက္ခန္တိ နိဗ္ဗာနံ။

ဝါနတော-ဝါန မည်သော တဏှာမှ၊ နိက္ခန္တိ-ထွက်မြောက်၏၊ ဣတိ-ဤအကြောင်းကြောင့်၊ နိဗ္ဗာနံ-နိဗ္ဗာန် မည်၏ -ဆိုတဲ့။

http://www.dhammadownload.com

ဝစနတ္ထ အရအားဖြင့် အငြိမ်းခံတ်သဘောကို နိဗ္ဗာန်လို့ ခေါ်ရတယ်။ တနည်းအားဖြင့်

နတ္ထိ ဝါနံ တွာတိ နိဗ္ဗာနံ။

တွေ-ဤအငြိမ်းဓါတ်၌၊ ဝါနံ-ဝါန မည်သော တဏှာသည်၊ နတ္ထိ-မရှိ၊ ဣတိ- ဤအကြောင်းကြောင့်၊ နိဗ္ဗာနံ-နိဗ္ဗာန်မည်၏-ဆိုတဲ့

ဝစနတ္ထ အရအားဖြင့်လဲ အငြိမ်းခံတ်သဘောကို နိဗ္ဗာန်လို့ ခေါ်ရတယ်။ တဏှာမှ ဘယ်လို ထွက်မြောက်သလဲ၊ တဏှာမရှိပုံက ဘယ်လိုလဲ ဆိုတော့.... တဏှာက နိဗ္ဗာန်ကို အာရုံမပြုနိုင်တာလဲ တဏှာမှ ထွက်မြောက်တာ, တဏှာမရှိတာပါပဲ၊ နိဗ္ဗာန်ကို အရိယမဂ်ဉာဏ်ဖြင့် တွေ့မြင်လျှင်တဏှာမဖြစ်နိုင်တာ ,တဏှာကင်းတာလဲ တဏှာမှ ထွက်မြောက်တာ, တဏှာမရှိတာပါပဲ။ ယခု တဏှာက နိဗ္ဗာန်အာရုံမပြုပုံကို ပြောရမယ်။

တဏှာက နိဗ္ဗာန်ကို မကြိုက်

ကာမ တဏှာက မိန်းမ ယောကျ်ား တို့နှင့် စပ်တဲ့ အဆင်း အသံအစရှိသော ကာမဂုဏ် အာရုံသာ ကြိုက်တယ်၊ ကာမဂုဏ်အာရုံတွေ့ မရှိရာကို မကြိုက်ဘူး၊ ကာမဂုဏ်အာရုံတွေကို မခံစားရတဲ့ နေရာဆိုယင် မကြိုက်ဘူး၊ ရူပတဏှာ အရူပတဏှာ ဆိုတာတွေကလဲ ရူပ-အရူပဘဝ

http://www.dhammadownload.com

ဆိုင်ရာကိုသာ ကြိုက်တယ်၊ ဘဝကင်းရာ နိဗ္ဗာန်ကိုတော့ မကြိုက်ဘူး။ ဒါ့ကြောင့် တဏှာ မကင်းသေးတဲ့ သူတို့က ဘဝ၏အပြစ်ကို မမြင်ယင် ဘဝကင်းရာနိဗ္ဗာန်ကို အလိုမရှိပဲ ရှိတတ်ကြတယ်၊ တချို့က နိဗ္ဗာန်ကိုရောက်ရပါလို၏လို့ ဆုတောင်းနေကြပေမဲ့ "နိဗ္ဗာန်ကို ပို့ပေးမယ်၊ ယခုပဲ လိုက်မလား၊ အဲဒီနိဗ္ဗာန်ကို ရောက်ပြီးယင် လူ့ဘဝသို့ ပြန်မလာရတော့ဘူး" လို့ဆိုယင် ချက်ခြင်းလိုက်ဖို့ကငေတာ့ ခပ်ခက်ခက် ဖြစ်နေတတ်တယ်။ ဒီအကြောင်း ပေါ်လွင်အောင် ဓမ္မကထိကအမျှားပင် ပြောင်လှရှိတဲ့ ပုံကလေးတခုကို ပြောရဦးမယ်။

နင်တို့က မစည်းစားပေမဲ့ ငါက စည်းစားဦးမယ်

ဒကာကြီး တယောက်က ဘုရားဆင်းတု တော်ကြီးတဆူရွှေကို သွားပြီး ရှိခိုးနေတယ်၊ နိဗ္ဗာန်ကို အမြန်ရောက်ရပါလို၏လို့လဲ နေ့စဉ် ဆုတောင်းနေသတဲ့။ တဖန်တော့ လူတယောက်က ဘုရားဆင်းတု တော်ကြီး ဖနောက်ကပုံးပြီး နေတယ်၊ အဲဒီ ဒကာကြီးလာရောက်ပြီး ဆုတောင်းတဲ့အခါ ကျတော့ ပုံးနေတဲ့လူက ဘုရားဟန်ဆောင်ပြီးတော့ "ဒကာကြီး၊ သင် ဆုတောင်းတာ မျှားလှပြီ၊ ဒီကနေ့တော့ ဒကာကြီးကို နိဗ္ဗာန်သို့ ပို့ပေးတော့မယ်လို့" ခန့်ညားတဲ့ အသံနဲ့ ပြောလိုက်ပါသတဲ့။ အဲဒီတော့ နိဗ္ဗာန်ဆုတောင်းတဲ့ ဒကာကြီးက "ကောင်းပါပြီဘုရား၊ အိမ်ပြန်ပြီး တိုင်ပင်ပါရစေဦး"

http://www.dhammadownload.com

လို့ ဆင်းတုတော်ဘုရားကို လျှောက်ပြီးသူ့အိမ်ပြန်သွားသ
တဲ့၊ အိမ်ရောက်တော့ "ငါ့ကို ဒီကနေ့ ဆင်းတုတော်ဘုရား
ကြီးက နိဗ္ဗာန်ပို့တော့မယ်လို့ အမိန့်ရှိလိုက်တယ်၊ နင်တို့
ဘယ်လို သဘောကျသလဲ" လို့ အိမ်ရှင်မကို ပြောသတဲ့။
ရှင့်မှာဒီလိုဆိုယင် သိပ်ကံကောင်းတာပဲ၊ မြန်မြန်သာကြွပေ
တော့"လို့ အိမ်ရှင်မကပြောသတဲ့။ ဒကာကြီးက ခပ်ရိုးရိုး
ခပ်ထူထူ ဖြစ်ပြီး သူ့အိမ်ရှင်မကတော့ ပါးနပ် လိမ္မာဟန်
လက္ခဏာ ရှိပါတယ်။ ဒီတော့ ဒကာကြီးက "ငါမရှိယင်
နင်တို့ချည်း ဖြစ်ပါ့မလား၊ စဉ်းစားပါဦး" လို့ ပြောသတဲ့၊
"စဉ်းစားစရာ မလိုပါဘူး၊ စိတ်ချလက်ချနဲ့ သွားကြွပါ"
လို့ အိမ်ရှင်မကပြန်ပြောတဲ့အခါ ဒကာကြီးက "နင်တို့က
မစဉ်းစားပေမဲ့ ငါက စဉ်းစားရ ဦးမယ်" လို့ဆိုပါသတဲ့။
ဒါဟာ တကယ်ဖြစ်ဘူးတာတော့ ဟုတ်ချင်မှ ဟုတ်မယ်၊ ဒါ
ပေမဲ့ သူ့ဟာ သသာဝကျတဲ့ ပုံကလေးပါပဲ။

နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ် ပြုနိုင်ခဲ့တယ်

နိဗ္ဗာန် ရောက်ကြောင်း ကုသိုလ်တွေထဲမှာ ဝိပဿနာ
ကုသိုလ်ဟာ အနီးဆုံးကုသိုလ်ပဲ၊ အဲဒီ ဝိပဿနာကုသိုလ်ကို
ပြုနိုင်တဲ့လူတွေက အများစုနှင့် နှိုင်းယှဉ်ကြည့်ယင် အလွန်
ပဲ နည်းပါတယ်၊ လူတယောက် တယောက် ဝိပဿနာ
အလုပ် အားထုတ်ချင်အောင် တကယ် အားထုတ်အောင်
တော်တော်များများ တိုက်တွန်း ဟောပြော ပေးရတာကပဲ

http://www.dhammadownload.com

ချားပါတယ်။ တချို့ဆိုယင် ဝိပဿနာတရားနာဘို့ကောင်
းတော်တော်တိုက် တွန်းပေးရတယ်၊ တချို့မှာ အရိယမဂ်
ဖိုလ် ရထိုက်တဲ့ ပါရမီရှိနေပေမယ်လို့ တော်တော်ခက်ခက်
ခဲခဲ တိုက်တွန်းပေးရကယ်၊ ဗိမ္မိသာရမင်းကြီး၏ မိဘုရားကြီး
ခေမာဒေဝီ ဆိုယင် ရိုးရိုးတိုက်ဘွန်းရုံမျှနဲ့ မဖြစ်လို့ ပဋ္ဌ
ဝန်ကျောင်းတော်ကို သွားချင်စိတ် ဖြစ်ပေါ်အောင် နည်း
ပရိယာယ်ဖြင့် သွယ်ဝိုက်ပြီးတော့တောင် တိုက်တွန်း ပေးရ
သေးတယ်၊ မလွဲမကင်းသာ အနေနဲ့ ဘုရားထံရောက်တဲ့
အခါကျတော့လဲ သူ့ဟာနေရာ အကျဆားပဲ၊ တရားကို
တခါနာရရုံနဲ့ ရဟန္တာမ ဖြစ်သွားတယ်။ အနာထပိဏ်သေ
ဋ္ဌေးကြီး၏ သားကာလဆိုတဲ့ သူငယ်ဟာလဲ မြတ်စွာဘုရား
၏ ကျောင်းဒါယကာကြီးသား ဖြစ်ပါလျက်နဲ့ ဒကျောင်း
တောင် မသွားပဲနေလို့ အနာထပိဏ်သေဋ္ဌေးကြီးက နည်း
ပရိယာယ်နဲ့ ချော့ပြီးစေလွှတ်ရတယ် စေလွှတ်ပုံကတော့....

မောင်ကာလ ဝတ္ထု

အနာထပိဏ် သေဋ္ဌေးကြီးက ရာဇဂြိုဟ် မြို့သို့ ကုန်
ရောင်းဝယ်ရေးကိစ္စနဲ့ သွားယင်း ဗုဒ္ဓမြတ်စွာဘုရား ပွင့်
တော်မူကြောင်း၊ ရာဇဂြိုဟ်မြို့ သုသာန်မှာ သီတင်းသုံးနေ
တော်မူကြောင်း ကြားသိရပြီး အဲဒီကြားရတဲ့ညဉ့် လင်း
အားကြီးယား ခဲမှာ ဘုရားထံရောက်သွားတယ်၊ မြတ်စွာဘုရား
က ဟောတဲ့ တရားကို နာပြီး သောတာပတ်တိဖိုလ်ရောက်

http://www.dhammadownload.com

လျက် သောတာပန် ဖြစ်ခဲ့တယ်၊ သာဝတ္ထိပြည်ကြွရောက်ပြီး ဝါကပ် သီတင်းသုံးဘို့ မြတ်စွာဘုရားကို ပင့်လျှောက်ခဲ့တယ်၊ မြတ်စွာဘုရား သီတင်းသုံးရန်အတွက် သာဝတ္ထိမြို့နှင့် မနီးမဝေး သင့်လျော်တဲ့ ဇေတမင်းသား၏ ခြံဥယျာဉ်ကို ငွေ-၁၈-ကုဋ္ဌေ ပေးပြီး ဝယ်ယူတယ်၊ ငွေ ၁၈-ကုဋ္ဌေဖြင့် ကျောင်းတော်များကို ဆောက်လုပ်တယ်၊ ငွေ ၁၈-ကုဋ္ဌေ အကုန်ခံပြီး ကျောင်းတော်များကို ရေစက်ချ လှူဒါန်းတယ်၊ နေ့စဉ်လဲ သူ့အိမ်မှာ သံဃာငါးရာအား ဆွမ်းကပ်လှူနေတယ်၊ သီတင်းနေ့များမှာ ကိုယ်တိုင် ဥပုသ်စောင့်ပြီး အလုပ်သွားများပါ အိမ်သူအိမ်သားတွေကို ဥပုသ်စောင့်စေတယ်၊ ဒီလို အလွန်သဒ္ဓါတရားကောင်းတဲ့ ဘုရားကျောင်း ဒါယကာကြီး ဖြစ်နေပေမဲ့ သူ့သာ းသူငယ်တယောက်ဖြစ်တဲ့ မောင်ကာလ ကတော့ ဗုဒ္ဓသာသနာ တော်ကို မကြည်ညိုသေးပဲ ဖြစ်နေသတဲ့။

မကြည်ညို နိုင်ခြင်း၏ အကြောင်းကလဲ ရှိပေလိမ့်မယ်၊ ဘယ်လိုလဲ ဆိုတော့ကာ မြတ်စွာဘုရား မပွင့်မှီကတည်းက အဲဒီ အရပ်ဒေသတွေမှာ ကိုးကွယ်တဲ့ ဘာသာတရားတွေက ရှိနေပါတယ်၊ ပုရာဏကဿပ အစရှိသော ဂိုဏ်းဆရာကြီးတွေကို ကိုးကွယ်ကြတာလဲ ရှိတယ်၊ နတ်အမျိုးမျိုး ကိုးကွယ်ကြတာလဲ ရှိတယ်၊ ကောင်းကင်ဘုံက ဘုရားသခင်ဆိုတဲ့ ဗြဟ္မာကို ကိုးကွယ်ကြတာလဲ ရှိတယ်၊ အနာထပိဏ်သေဋ္ဌေးကြီးလဲ အစပဌမတုန်းက အဲလိုဒီဟာတွေ ကိုးကွယ်

http://www.dhammadownload.com

နေတာ ဖြစ်မှာပါပဲ၊ အဲဒီခေတ့် မောင်ကာလကလဲ အဲဒီလို ဘာသာ ကိုးကွယ်နေတာ ဖြစ်မှာပဲ။ ဘာသာတခုမှ ဘာသာတခု ပြောင်းတယ် ဆိုတာ လွယ်တာမဟုတ်ဘူး၊ မူလက ကြည်ညိုယုံကြည်နေတဲ့ ဘာသာတရား စွန့်လွှတ်ပြီး ဘာသာတရား အသစ်ကို လက်ခံဘို့ရာဟာ ခက်ပါတယ်၊ ယခုကာလမှာ ခက်သလိုပဲ ရှေးကာလကလဲ ခက်မှာပါပဲ။ ဒါကြောင့် မောင်ကာလ-က ဗုဒ္ဓသာသနာတော်မသက်ဝင်နိုင်ပဲ ရှိနေဟန်တူပါတယ်။

အဲဒီ မောင်ကာလအတွက် အနားထပိုက် သေခင်းကြီးက စဉ်းစားတယ် "ငါ့သားဟာ ဘုရားမှန်းမသိ၊ တရားမှန်းမသိ၊ သံဃာမှန်းမသိ ခက်တာပါ၊ သူဟာ ဘုရားထဲလ မသွားချင်ဘူး၊ အိမ်ကြွေလာတဲ့ အခါလဲ ဘုရားကို မဖူးမြော် ချင်ဘူး၊ တရားကိုလဲ မနာချင်ဘူး၊ သံဃာ့ဝေယျာဝစ္စကိုလဲ မပြုချင်ဘူး၊ ဒီအတိုင်းသာ မိစ္ဆာအယူကို ယူနေယင်း သေသွားယင် အဝီစိငရဲ ကျရောက်တော့မှာပဲ၊ သောတာပန်လဲဖြစ် ဘုရားကျောင်းဒကာကြီးလဲ ဖြစ်တဲ့ ငါလိုပုဂ္ဂိုလ်၏ သားဟာ ဗုဒ္ဓသာသနာကို မသက်ဝင် မကြည်ညိုဘူး ဆိုတာလဲ မတော်ဘူး၊ ငါ၏ မျက်မှောက်မှာပင် ငရဲကျသွားမယ် ဆိုတာလဲ မတော်ဘူး၊ လောကမှာ ငွေပေးယင် စိတ်မပြောင်းတဲ့လူ ဆိုတာမရှိဘူး၊ ငွေနဲ့ ဖြားယောင်းပြီး ကျောင်းပို့မှပဲ" လို့ ကြံပြီးတော့ "ဟေ့ ငါ့သား မောင်ကာလ၊ မင်းဟာ ဥပုသ်ဒဆာက်တည်ပြီးတော့ ကျောင်းသွား တရားနာခဲ့ကွာ၊ မင့်အား ဖေဖေက

http://www.dhammadownload.com

ငွေတရာ ပေးမယ်” လို့ ပြောတယ်၊ အဟုတ် ပေးမှာလား ဖေဖေ-လို့ မေးတယ်။ သေဋ္ဌေးကြီးက “တကယ်ကို ပေးမှာပါကွ” လို့ ပြောတယ်။ သုံးကြိမ်တိုင်တိုင် အဲဒီလိုမေးပြီး ဝန်ခံပြီးတဲ့အခါ မောင်ကာလက ဥပုသ်သီလဆောက်တည်ပြီးတော့ ကျောင်းသွားတယ်။

ဒါဖေပမဲ့ သူက တရားနာဘို့တော့ အလိုမရှိဘူး၊ ဒါကြောင့် ဇေတဝန် ကျောင်းတိုက်သို့ ရောက်တဲ့အခါ ချောင်ကျတဲ့ ကျောင်းတခုမှာ အိပ်ပြီးတော့ တရားမနာပဲ နံနံက်စောစော ပြန်လာတယ်။ သေဋ္ဌေးကြီးက ငါ့သား ဥပုသ်စောင့်ပြီးပြန်လာတယ်၊ ယာဂု စသည်တို့ကို မြန်မြန်ယူခဲ့ကြပါလို့ ပြောကာ ကျွေးစေပါတယ်။ မောင်ကာလ-က “ငွေတရာကို မရသေးယင် မစားဘူး” ဆိုပြီး ယူလာသမျှ စားသောက်ဖွယ် တွေ့ကို ပယ်နေတယ်။ ငွေတရာကို ရတဲ့အခါကျမှ အဲဒီငွေကို လက်ဖြင့်ကိုင်ထားယင်း စားသတဲ့။

မောင်ကာလ တရားမနာခဲ့ပဲ ကျောင်းမှ ပြန်လာတယ် ဆိုတာ သိတဲ့အတွက် ဖခင်သေဋ္ဌေးကြီးက “ချစ်သား ကာလ၊ မင်းဟာလေ မြတ်စွာဘုရား ရှေ့မှာတည်နေပြီး တရားတပုဒ်ကို မှတ်မိအောင် နာခဲ့ယင် ငွေတထောင် ပေးမယ်”လို့ ပြောပြီး ဇေတဝန် ကျောင်းတော်သို့ စေလွှတ်လိုက် ပြန်တယ်။ မောင်ကာလ ကျောင်းတော်သို့ သွားပြီး မြတ်စွာဘုရားရှေ့မှာ တည်နေပြီး တရားနာတယ်၊ တရားတပုဒ်မှတ်မိယင်း ပြန်ပြော

http://www.dhammadownload.com

ဘို့ရာ ရည်ရွယ်ပြီး နာနေပါသတဲ့။ မြတ်စွာဘုရားက သူ့အကြောင်းသိတော်မူတဲ့အတွက် ဟောတဲ့ဘရားကို မမှတ်နိုင်အောင် ဟောတော်မူတယ်၊ မောင်ကာလကလဲ တပုဒ်လောက်မှတ်မိယင် ပြန်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မှတ်မိအောင် ဂရုစိုက်ပြီး နာနေတယ်၊ နောက်ဘုံဒ်မှတ်မိမအောင် နောက်တပုဒ်မှတ်မိအောင် ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဂရုစိုက်ပြီး နာနေတာပဲ။ အဲဒီလို မှတ်မိအောင် ဂရုတစိုက်နာနေယင် (သက္ကစ္စံ သုဏာတ် နာမ) ရိုသေစွာနာသည့် မည်ပါသတဲ့၊ အဲဒီလို ရိုသေစွာနာတဲ့ သူများမှာ သောတာပတ္တိဖိုလ် စသည် ဖြစ်တတ်တယ်လို့ အဋ္ဌကထာက ပြဆိုထားပါတယ်။

မြတ်စွာဘုရားက မောင်ကာလ မမှတ်မိနိုင်အောင် ဟောနေတဲ့အတွက် မောင်ကာလဟာ တပုဒ်မှ မမှတ်မိပဲ ဖြစ်နေတယ်၊ အဲဒီတော့ မှတ်မိအောင် နာလိုက်ရဆန္ဒ ဖြစ်လာတယ်၊ အဲဒီလို ဆန္ဒဖြင့် ဂရုတစိုက်နာနေယင်း တရားသဘောကို နားလည်လာတော့ သဒ္ဓါတရစ်ဖြစ်လာတယ်၊ ဒါကြောင့် အဲဒီလို ကရုဏာနေယင်း တရားနှလုံးသွင်းပြီး မောင်ကာလ သောတာပန် ဖြစ်သွားပါသတဲ့။ အဲ့သြစရုပဲ၊ အကြောင်းကတော့ မောင်ကာလကလဲ သောတာပတ္တိဖိုလ်ဝင်လောက်အောင်ပါရမီရှိနေတယ်၊ မြတ်စွာဘုရားလဲ သူ့အလိုအကြိုက်နဲ့ သင့်လျော်တဲ့ တရားကို ဟောနေတယ်မဟုတ်ယ်၊ အဲဒီအကြောင်းများကြောင့် သောတာပန်ဖြစ်တာပါပဲ။

http://www.dhammadownload.com

သောတာပန် ဖြစ်သွားတော့ မောင်ကာလမှာ အာဝေဓ ပဿဒ ဆိုတဲ့ မပျက်နိုင်အောင် ခိုင်မြဲတဲ့ သဒ္ဓါတရားနဲ့ ပြည့်စုံသွားပြီ၊ ဘုရားစစ် ဘုရားမှန် တရားစစ် တရားမှန် သံဃာစစ် သံဃာမှန်ကို သူ့ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် သိသွားပြီ၊ မူလက ရှိခဲ့တဲ့ မိစ္ဆာအယူလဲ ကင်းသွားပြီ၊ ယုံမှားမှု ဝိစိကိစ္ဆာလဲ ကင်းသွားပြီ၊ ဒါကြောင့် ဘုရား တရား သံဃာအား ကြည်ညိုအောင် ယုံကြည်အောင် ရှိသေအောင် ဘယ်သူကမှ တိုက်တွန်းပေးဘို့မလိုတော့ဘူး။ ဒါကြောင့် နောက်တနေ့ကျတော့ သူတယောက်ထည်း စောစော ပြန်မသွားဘူး၊ ဘုရားအမှူးရှိတဲ့ သံဃာတော်နှင့်အတူ နောက်မှရှိသေစွာလိုက်ပါလာတယ်။ အဲဒါကို မြင်ရတော့ သေဋ္ဌေးကြီးက "ဒီကနေ့ငါ့သားရဲ့ အမှုအရာဟာ ကြည်ညိုဘွယ်ရှိတာပဲ" လို့ ဆင်ခြင်မိတယ်။ ဇမောင်ကာလကလဲ "ဒီကနေ့ဖဖေဖေက ဥပုသ်စောင့်တရားနာတဲ့အတွက် ငွေတထောင်ကို မြတ်စွာဘုရား ရွှေမှာ မပေးပါစေနဲ့" လို့ ကြံစည်မိသတဲ့၊ "ငွေလို့ချင်လို့ ဥပုသ်စောင့်တယ်၊ တရားနာတယ်" ဆိုတာ မသိစေချင်လို့ပါပဲ၊ မတော် မသင့်တဲ့အမှုနဲ့ စပ်ပြီး ရှက်ကြောက်မှု ဟီရိဩတ္တပ္ပဖြစ်လာတဲ့ သဇာဝပါပဲ။

ဘုရားအမှူးရှိသော သံဃာတော်များအား ယာဂုဆွမ်းများ ကပ်ပြီးတဲ့အခါ မောင်ကာလအားလဲ ဆံပြုတ်ယာဂုကို ပေးတယ်၊ ဘာမျှမပြောပဲ တိတ်တိတ်ဆိတ်ဆိတ် သုံး

http://www.dhammadownload.com

ဆောင်တယ်၊ ခဲဘွယ်ထမင်းမျိုးကိုပေးတဲ့အခါလဲ တိတ်တိတ်ပဲ သုံးဆောင်တယ်။ အဲဒီအခါသေဋ္ဌေးကြီးက ငွေတထောင်ထုပ်ကို မောင်ကာလရှေ့မှာ ချပြီး "ဟောဒါဟာ ဥပုသ်စောင့်ပြီး တရားတပုဒ် မှတ်မိအောင် နာလာယင် ပေးမယ်လို့ ငါဝန်ခံထားတဲ့ ငွေတထောင်ပဲ" လို့ ပြောပြီးပေးတယ်၊ ဒီတော့ မောင်ကာလက မြတ်စွာဘုရားရှေ့တော်မှာ ဥပုသ်စောင့်ခ ငွေကို ပေးတဲ့အတွက် ရှက်ပြီး "ငွေတွေကို မလိုချင်ပါဘူး" လို့ငြင်းပယ်ပါသတဲ့။ "ယူပါ ငါ့သား" လို့ အတင်းပေးပေမယ်လို့ မောင်ကာလက မယူပဲ ရှိနေပါသတဲ့။ အဲဒီအခါမှာ သေဋ္ဌေးကြီးက မြတ်စွာဘုရားအား လျှောက်တယ်၊ "ဒီကနေ့ တပည့်တော်၏သား ကာလရဲ့ အမှုအရာအခြေအနေဟာ နှစ်သက်ဖွယ် ကြည်ညိုဖွယ် ကောင်းလှပါတယ်ဘုရား၊ ဟိုတနေ့က ဆိုယင် ဥပုသ်စောင့်ခ ငွေမရပဲ မစား မသောက်ဘူးလို့ ဆိုပြီးတော့တောင် ငွေကို အလွန်မက်မောနေပါတယ်၊ ဒီကနေ့တော့ ငွေကိုယူပါဆိုလို့တောင် မယူတော့ပဲ ရှိနေပါတယ် ဘုရား" လို့ လျှောက်တယ်။

ဒီတော့ မြတ်စွာဘုရားက "သေဋ္ဌေးကြီး ယခု သင့်သား မောင်ကာလ ရတဲ့သောတာပန်အဖြစ် သောတာ-ပတ္တိဖိုလ်ဟာ စကြဝဠတားမင်း၏ စည်းစိမ်ချမ်းသာထက်လဲ မြင့်မြတ်တယ်၊ နတ်စည်းစိမ် ချမ်းသာထက်လဲ မြင့်မြတ်တယ်၊ ဗြဟ္မာ့စည်းစိမ် ချမ်းသာထက်လဲ မြင့်မြတ်တယ်" လို့ မိန့်

http://www.dhammadownload.com

တော်မူပြီးတော့ ဂါထာတပုဒ်ကို ဟောတော်မူပါတယ်။ ဟောတော်မူပုံကတော့-

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။

သောတာပတ္တိဖလံ - သောတာပန် အဖြစ်- သောတာပတ္တိဖိုလ်သည်၊ ပထဗျာ ဧကရဇ္ဇေန- တမြေထောင်လုံးကို အစိုးရတဲ့ စကြဝတေးမင်း၏ စည်းစိမ် ချမ်းသာထက်လည်း ဝရံ-သာလွန် ကောင်းမြတ်လှပေ၏-တဲ့။

သောတာပန်ဖြစ်ရတာက
စကြဝတေးမင်း အဖြစ်တက်လဲ မြတ်တယ်

လောကမှာ မင်းအဖြစ်ဆိုတာ ရမယ်ဆိုယင် လူတိုင်းလိုလိုပင် အလိုရှိကြတာပဲ၊ မင်းအဖြစ် ထားလိုက်ပါဦးတော့ ရပ်ရွာထဲမှာ သူကြီးအဖြစ် လူကြီးအဖြစ်တောင် အင်မတန်လိုချင်ကြတာပဲ။ ဒါကြောင့် ဟိုရှေးခေတ်က အကြိတ်အနယ် အရွေးခံကြတာပဲ။ မင်းအဖြစ်ထဲမှာလဲ စော်ဘွားနယ်များမှာထက် တိုင်းပြည်တခုလုံး နိုင်ငံတခုလုံးကို အစိုးရတဲ့ မင်းအဖြစ်က သာပြီး မြင့်မြတ်တယ်၊ တိုင်းပြည် ငယ်ငယ်ထက် တိုင်းပြည်ကြီးကြီးကို အစိုးရတဲ့မင်းအဖြစ်က သာပြီးမြင့်မြတ်တယ်၊ မြေ တစိတ်တဒေသလောက် အစိုးရတဲ့ပဒေသရာဇ်မင်း အဖြစ်ထက် တကျွန်းလုံးကို အစိုးရတဲ့ မင်းအဖြစ်က သာပြီးမြင့်

http://www.dhammadownload.com

မြတ်တယ်၊ အဲဒါထက် လူ့လောက တမြေ တောင်လုံးကို အစိုးရတဲ့ စကြဝတေးမင်းအဖြစ်က သာပြီး မြင့်မြတ်တယ်၊ လူ့လောကမှာတော့ စကြဝတေးမင်း စည်းစိမ်ဟာ အကောင်း အမြင်ဆုံးပါပဲ။ ဘုန်းကံ အလွန်ကြီးမားတဲ့ ပုဂ္ဂိုလ်မှ အဲဒီစကြဝတေးမင်း အဖြစ်ကိုရတယ်၊ အဲဒီ စကြဝတေးမင်းက လက်နက်အင်အား စစ်အင်အားနဲ့ နယ်ပြုရတာမဟုတ်ဘူး၊ သူ့ဘုန်းကံ အလျောက် စကြာရတနာ ခုနစ်ပါး အစုစုံအဝန်ဘောဂခြောင့် လူ့လောကရှိ အခြားမင်းများ လုံးတို့က စကြဝတေးမင်း၏ အဆုံးအမ သဝါဒကို ခံယူကြတယ်။ စကြဝတေးမင်း၏ ဘုန်းကံကြောင့် အဲဒီအခါ လူ့လောကမှာ အစစအရာရာ ပေါမြားကြွယ်ဝပြည့်စုံနေတယ်၊ လူတွေဟာလဲ အကြီးအကျယ် ကဲပြားခြင်း မရှိပဲ ညီညွတ်နေကြတယ်၊ မတရားပြုလုပ်တဲ့ မှုခင်းကိစ္စတွေလဲ မရှိသလောက်ပင် နှုန်းပါးတယ်၊ ဒါကြောင့် အုပ်ချုပ်ရေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်တွေမှာ အလွယ်တကူနဲ့ စီမံခန့်ခွဲလို့ရတဲ့အတွက် မဆင်းရဲ မပင်ပန်းဘူး၊ ချမ်းသာတယ်၊ အဲဒါကို ရှေးရှေး ခေတ်များက နောက်နောက် ခေတ်များထက် ညီညွတ်ကြပုံ ချမ်းသာကြပုံနှင့် နှိုင်းစာကြည့်ယင် ယုတ်တိလဲရှိပါဘယ်။

ဒါပေမဲ့ အဲဒီစကြဝတေးမင်း၏ စည်းစိမ်ချမ်းသာထက် သောတာပန်အဖြစ်က သာလွန် ကောင်းမြတ်တယ် တဲ့။ ဘာကြောင့်လဲ ဆိုယင်-စကြဝတေးမင်းအဖြစ် ချမ်းသာတယ်

http://www.dhammadownload.com

ဆိုတာက အဲဒီတဘဝထဲပဲ၊ စကြဝဠေးမင်း ဆိုတာဟာ သီလနှင့် မင်းကျင့်တရားနှင့် ပြည့်စုံတဲ့အတွက် နောင်ဘဝမှာ ကောင်းမြတ်တဲ့ သုဂတိဘဝ၌ ဖြစ်နိုင်ပေမဲ့ အပါယ်လေးပါးမှ အစဉ်ထာဝရ လွတ်ပြီလို့တော့ မဆိုနိုင်ဘူး။ စကြဝဠေးမင်းအဖြစ်ကို အကြောင်းပြုပြီး နိဗ္ဗာန်သို့ ရောက်ပါလိမ့်မယ်လို့လဲ မဆိုနိုင်ဘူး။ သောတာပန် ဖြစ်ယင်တော့ အပါယ်လေးပါးမှလဲ အစဉ်ထာဝရ လွတ်ပြီ၊ သုဂတိဘဝမှာ တောင် ခုနစ်ဘဝထက် ပိုလွန်ပြီး မဖြစ်တော့ဘူး၊ အလွန်ဆုံး ခုနစ်ဘဝသာ ဖြစ်ပြီး နောက်ဆုံးဘဝမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံရမယ်၊ ဒါကြောင့် သောတာပတ္တိဖိုလ်ဟာ စကြဝဠေးမင်းစည်းစိမ်ချမ်းသာထက်လဲ သာလွန်မြင့်မြတ်တယ်လို့ မြတ်စွာဘုရားက ဟောတော်မူပါတယ်။ နောက်ပြီးတော့-

နတ်ပြဟ္မာ ဖြစ်ရတာထက်လဲ မြတ်တယ်

သဂ္ဂဿ ဂမနေန ဝါ-နတ်ပြည် ဗြဟ္မာ့ပြည်သို့ ရောက်ရခြင်းထက်လည်း၊ ဝရံ-သာလွန်ကောင်းမြတ်လေ၏။

သောတာပန်အဖြစ် သောတာပတ္တိဖိုလ်ဟာ စတုမဟာဒ္ဝီပ်, တာဝတိံသာ အစရှိတဲ့ နတ်ပြည် ၆- ထပ်ရောက်ရတာထက်လဲ မြင့်မြတ်တယ်၊ ဗြဟ္မာ့ပြည် ၂၀ ရောက်ရတာထက်လဲ မြင့်မြတ်ပါတယ် တဲ့။ မြင့်မြတ်ပုံက တော့-

http://www.dhammadownload.com

စတုမဟာရာဇ် နတ်ဘုံဆိုတာ လူ့ဘုံထက် အသက်တမ်းအား ဖြင့်လဲ အများကြီးသာတယ်၊ အဆင်း အသုံးအဆောင် စသည်အားဖြင့်လဲ အများကြီး သာတယ်၊ ဘယ်လိုလဲဆို တော့ လူ့ပြည်က အနှစ် ၅၀-ဟာ စတုမဟာရာဇ်က တရက် နှင့် တူညီတယ်၊ အဲဒီလို ရက်ပေါင်း ၃၀-မှာ ကလ၊ လ ပေါင်း ၁၂-လမှာ တနှစ်၊ အဲဒီလိုနှစ်ပေါင်း ငါးထောင်ဟာ စတုမဟာရာဇ် နတ်တို့၏ အသက်တမ်း ဖြစ်တယ်၊ လူတို့၏ နှစ်ဖြင့် ရေတွက်ယင် ဒနှစ်ကိုးသန်း ရှိတယ်၊ လူ့သက်တမ်း အနှစ်တရာ၏ အဆပေါင်း ကိုးဒသောင်း ရှိတယ်၊ အဲဒီလို အသက်တမ်းဖြင့် သာလွန်သလိုပင် အဆင်း ချမ်းသာ စသည်အားဖြင့်လဲ လူထက်သာလွန် မြင့်မြတ် ကြတယ်။ တာဝတိံသာ နတ်တွေက စတုမဟာရာဇ်ထက် အသက်တမ်း သုံးဆသာတယ်၊ လူတို့၏ နှစ်အရေအတွက်အားဖြင့် ကိုးသန်းလေးလီ သုံးဆယ့်ခြောက်သန်းရှိတယ်၊ ယာမာနတ်တို့၏အသက်တမ်းက တာဝတိံသာ၏ လေးဆဖြစ်တယ်၊ လူတို့၏ နှစ်အားဖြင့် ၁၄၄-သန်း ရှိသည်၊ တုသိတာ နတ်တို့၏ အသက်တမ်းက ၅၇၆-သန်း ရှိတယ်၊ နိမ္မာနရတိ နတ်တို့၏ အသက်တမ်းက ၂၃၀၄-သန်း ရှိတယ်၊ ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အသက်တမ်းက လူတို့၏နှစ်အားဖြင့် ၉၂၁၆ သန်း ရှိတယ်၊ အသက်တမ်းအားဖြင့် သာလွန်သလိုပင် အဆင်း ချမ်းသာ စသည်အားဖြင့်လဲ လူထက် အဆသန်း ပေါင်းများစွာ သာလွန် မြင့်မြတ်ကြတယ်။

http://www.dhammadownload.com

အဲဒီ နတ်တွေ့၏ စည်းဝိမ် ချမ်းသာထက် သောတာပတ္တိဖိုလ်က သာလွန်မြင့်မြတ်တယ်၊ ဘာကြောင့်လဲ ဆိုလျှင် အဲဒီနတ်တွေ့က သူတို့၏ အသက်တမ်း ရှိသလောက်သာ ချမ်းသာကြတယ်၊ အသက်တမ်းကုန်တဲ့အခါ အပါယ်လေးပါးလဲ ကျသွားနိုင်တယ်၊ အိုခြင်း နာခြင်း သေခြင်း အစရှိသော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့ရာလဲ အပိုင်းအခြား မရှိသေးဘူး ဒေသတာပန်မှာတော့ အပါယ်လေးပါးမှလဲ လုံးဝလွတ်တယ်၊ အိုခြင်းအစရှိသော သံသရာ ဝဋ်ဆင်းရဲတွေကိုလဲ အများဆုံး ခုနစ်ဘဝသာ ခံစားရမယ်၊ ခုနစ်ဘဝမြောက်မှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် ဝင်စံရတော့မယ်၊ ဒါကြောင့် သာလွန် မြင့်မြတ်တာပါပဲ။

နောက်ပြီးတော့ ဗြဟ္မာတွေ ဆိုတာ ကာမဂုဏ်ကို ခံစားလိုတဲ့စိတ် မရှိဘူး၊ အင်မတန် ချမ်းသာပါတယ်၊ အသက်တမ်းကလဲ ကပ္ပါနဲ့ချီပြီး ရေတွက်ရတယ်၊ ကပ္ပါ၏ သုံးပုံတပုံခန့်မှ ကပ္ပါပေါင်း ရှစ်သောင်း လေးထောင် အထိ အသက်ရှည်ကြတယ်၊ အဲဒီဗြဟ္မာတွေမှာ ကိုယ်ဆင်းရဲလဲ မရှိဘူး၊ စိတ်ဆင်းရဲလဲမရှိဘူး၊ အင်မတန်ချမ်းသာကြပါတယ်၊ အဲဒီ ဗြဟ္မာ့ချမ်းသာထက်လဲ ဒေသတာပန်အဖြစ်က သာလွန်မြင့်မြတ်တယ်။ ဘာကြောင့်လဲဆိုယင် အဲဒီ ဗြဟ္မာဟာ ပုထုဇဉ်ဆိုယင် သူ့အသက်တမ်း ကုန်တဲ့အခါ ကာမဘဝပြန်ရောက်လာမှာပဲ၊ ကာမဘဝရောက်တော့ မကောင်းမှုကို

http://www.dhammadownload.com

ပြုမိယင် အပါယ်လေးပါးလဲ ကျရောက် နိုင်သေးတာပဲ၊ နောက်ပြီးတော့ မရေမတွက်နိုင်တဲ့ သံသရာဘဝတွေမှာ အိုခြင်း သေခြင်း အစရှိသော ဆင်းရဲဒုက္ခတွေကိုလဲ ခံစားနေရဦးမှာပဲ၊ သောတာပန်ကတော့ အပါယ်လဲ မကျတော့ဘူး၊ ခုနစ်ဘဝထက် ပိုလွန်ပြီးတော့လဲ သံသရာ ဝဋ်ဆင်းရဲတွေကို မခံစားရတော့ဘူး၊ ခုနစ်ဘဝ မြောက်မှာ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ အနုပါဒိ သေသနိဗ္ဗာန်သို့ ဝင်စံရတော့မယ်၊ ဒါကြောင့် သာလွန်မြင့်မြတ်တာပါပဲ။ ဒါကြောင့်-

သောတာပတ္တိဖလံ-သောတာပန် အဖြစ် သောတာပတ္တိဖိုလ်သည်၊ ပထဗျာ ကေရဋ္ဌေန ဝါ- တမြေထောင်လုံးကို အစိုးရသော စကြဝတေးမင်း အဖြစ် ထက်လဲ၊ ဝရုံ-သာလွန် ကောင်းမြတ်လှပေ၏။ သဂ္ဂဿ ဂမနေန ဝါ-နဲတ်ပြည် ဗြဟ္မာ့ပြည်သို့ လားရောက်ရသည်ထက်လဲ၊ ဇရုံ-ကောင်းမြတ်လှပေ၏-လို့ ဟောတော်မူတာ ပါပဲ။ နောက်ပြီးတော့-

ဗြဟ္မဝမင်းကြီး ဖြစ်ရတာထက်လဲ မြတ်တယ်

သဗ္ဗ လောကာ ဓိပစ္စေန ဝါ-တလောကလုံးကို အစိုးရတဲ့ မဟာဗြဟ္မာ မင်းကြီးအဖြစ်ထက်လဲ၊ ဝဒုံ-သာလွန်ကောင်း မြတ်လှပေသည်-လို့လဲ ဟောတော်မူပါတယ်။

မဟာဗြဟ္မဝမင်းကြီး ဆိုတာ ခုတင်ကပြောခဲ့တဲ့ ဗြဟ္မာတွေထဲက အကြီးအမြတ်ဆုံး ဖြစ်တဲ့ ဗြဟ္မာကြီးတွေ ပါပဲ၊

http://www.dhammadownload.com

အဲဒီ ဗြဟ္မာကြီးတွေလဲ ပုထုဇဉ်ဆိုယင် အပါယ်လေးပါးမှ မလွတ်သေးဘူး၊ သံသရာဘဝဆင်းရဲတွေကိုလဲ အကန့်အသတ် အပိုင်းအခြားမရှိ ခံစားသွားရဦးမယ်၊ သောတာပန်ကတော့ အပါယ် လေးပါးမှလဲ လွတ်ပြီ၊ သံသရာ ဘဝဆင်းရဲကိုလဲ အများဆုံး ခုနစ်ဘဝသာ ခံစားရမယ်၊ ခုနစ် ခုမြောက် ဘဝမှာ ရဟန္တာဖြစ်ပြီး ဆင်းရဲခပ်သိမ်း ငြိမ်းရတော့မယ်၊ ဒါကြောင့် သောတာပန်အဖြစ် သောတာပတ္တိဖိုလ်က အဲဒီ ဗြဟ္မာမင်းကြီး အဖြစ်ထက်လဲ မြတ်တာပါပဲ။

အဲဒီဂါထာဖြင့် သိစေလိုရင်းကတော့ အနာထပိဏ် သေဋ္ဌေးကြီး၏ သား မောင်ကာလဟာ စကြဝတေးမင်းစည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ်တို့ထက် သာလွန် မြင့်မြတ်တဲ့ သောတာပတ္တိဖိုလ်ကို ရနေပြီ ဖြစ်တဲ့အတွက် သေဋ္ဌေးကြီးက ပေးတဲ့ ငွေတထောင်ကို အလေးမပြု အရေးမစိုက်တော့ပဲ မလိုချင်တော့ပဲ ဖြစ်နေတယ် ဆိုတာဟာ သိစေလိုရင်းပါပဲ။

ဒီမောင်ကာလ ဝတ္ထုထဲမှ ဘုန်းကြီးသိစေလိုတာကတော့ "မောင်ကာလဟာ သောတာပန် ဖြစ်နိုင်လောက်တဲ့ ပါရမီထူး ရှိနေတဲ့သူ ဖြစ်ပေမယ်လို့ တရားမနာချင်ဘူး၊ တရားအားမထုတ်ချင်ဘူး၊ တရားနာစေရန် ကြံဖန်ပြီး တိုက်တွန်းပေးရတယ်" ဆိုတာရယ်၊ "တဏှာက နိဗ္ဗာန်ကို မကြိုက်ဘူး နိဗ္ဗာန်ရောက်ကြောင်း တရားကိုတောင် မကြိုက်ဘူး" ဆိုတာရယ် အဲဒီ ၂-ချက်ဟာ သိစေလိုရင်းပါပဲ။ နောက်ပြီးတော့

http://www.dhammadownload.com

"သောတာပတ္တိမဂ်ဖြင့် နိဗ္ဗာန်ကို သိမြင်သွားယင်အများအား ဖြင့် ခုနစ်ဘဝသာ သံသရာဆင်းရဲကို ခံစား ရတော့တယ်၊ ခုနစ်ခုမြောက်ဘဝမှာ ကိလေသာကုန်ခန်းတဲ့ ရဟန္တာဖြစ်ပြီး ဆင်းရဲအားလုံး ကုန်ဆုံးကင်းပြတ် သွားတယ်၊ အဲဒီလို ဘဝ ဆင်းရဲနဲ့တူ ကုန်ငြိမ်းတာဟာ တဏှာ ကုန်ငြိမ်းသွားလို့ပဲ" ဆိုတာရယ်၊ အဲဒီ တဏှာ ကုန်ငြိမ်းတာကလဲ နိဗ္ဗာန်ကို သောတာပတ္တိမဂ် စသည်ဖြင့် မြင်သွားလို့ပဲ ဆိုတာရယ် ဒီအချက်များကိုလဲ သိစေလိုပါတယ်။ ဒါ့ကြောင့် ဒီဇောင်ကာလ ဝတ္ထုကို ဒီနေရာမှာ ထည့်သွင်းပြီး ပြောရခြင်းဖြစ်ပါတယ်။

ကာမသတ္တဝါတွေက ဗြဟ္မာဘဝတောင် မကြိုက်

ကာမဘုံသားတွေက အဖိုအမ အစုံရှိတဲ့ ကာမဘုံကိုသာ ကြိုက်ကြတယ်၊ အဖိုအမ မရှိတဲ့ ဗြဟ္မာဘုံကိုတောင် မကြိုက်ကြဘူး၊ ဗြဟ္မာဘုံမှာ လူ့လောကမှာလို အဖိုအမ အင်္ဂါမရှိဘူး၊ ပုံပန်းသဏ္ဌာန်ကတော့ ယောကျ်ားသဏ္ဌာန်ဖြင့် ခန့်ခန့်ညားညားရှိပါတယ်၊ ဒါပေမဲ့ ပုဒ္ဓမ္မာဆိုတဲ့ ဘာဝရုပ် မရှိတဲ့အတွက် ပုဂ္ဂိုလ်ဆိုတဲ့ အဖိုအင်္ဂါကတော့ မရှိဘူး၊ ကာမဂုဏ်ကိုလဲ အလိုမရှိကြဘူး၊ ကာမဂုဏ်အာရုံကို လိုချင် နှစ်သက်ခြင်း မရှိတဲ့အတွက် အလှူန်ပဲ ချမ်းသာကြပါတယ်၊ ဒါပေမဲ့ ကာမတဏှာ အားကြီးတဲ့သူတွေက အဲဒီဗြဟ္မာ အဖြစ်မျိုးကို အလိုမရှိကြဘူး၊ မစားမသောက်ရပဲ အတွေ

http://www.dhammadownload.com

အာရုံကို မခံစားရပဲ နေရတာကို ဆင်းရဲတယ်လို့ သူတို့က ထင်နေကြတယ်၊ အမှန်ကတော့ မစားချင်လို့ မစားပဲနေရတာလဲ ချမ်းသာတာ ကောင်းတာပဲ၊ အတွေ့အာရုံကို အလိုမရှိလို့ မခံစားရတာလဲ ချမ်းသာတာ ကောင်းတာပဲ။ ဒါကြောင့် ရူပါဝစရစျာန်တွေရပြီး ကာမ ဆန္ဒကင်းနေတဲ့ စျာနလာဘီ ပုဂ္ဂိုလ်တွေမှာ အင်မတန် ချမ်းသာနေတာပဲ၊ အဲဒီ စျာန်ကိုသိုလ်ကြောင့် ဗြဟ္မာ့ဘုံရောက်ပြီး ကာမဂုဏ် အာရုံကို အလိုမရှိတဲ့အတွက် မသုံးဆောင်ပဲ နေရတာလဲ အင်မတန်ချမ်းသာနေတာပဲ။ အဲဒီလို ချမ်းသာနေတဲ့ ဗြဟ္မာ့ အဖြစ်ကို ဆင်းရဲလို့ ထင်နေတာဟာ ကာမဘဏ္ဍာ ကြောင့်ပါပဲ၊ ကာမတဏှာက အဲဒီဘဝမျိုးကို မကြိုက်လို့ပါပဲ။

ကာမ ရူပသတ္တဝါတွေက ရုပ်မရှိတာ မကြိုက်

ရုပ်မရှိပဲ စိတ်စေတသိက်နာမ်တရားချည်းဖြစ်နေတဲ့ အရူပဘုံတွေဆိုဘာရှိတယ်၊ အာကာသာနဉ္စာယတနဘုံ ဝိညာဏဉ္စာယတနဘုံ အာကိဉ္စညာယတနဘုံ နေဝသညာ နာသညာယတနဘုံလို့ ဘုံ ၄-ဆင့်ရှိတယ်၊ အရူပစျာန်လေးပါး ရတဲ့ပုဂ္ဂိုလ်တွေဟာ အသီး အသီး အဲဒီဘုံ ဓလေးပါးမှာ ဖြစ်ကြရတယ်၊ ပဋိသန္ဓေကာလကတည်းက ရုပ်မပါဘူး၊ စိတ်စေတသိက်နာမ်တရားချည်း ဖြစ်လာခဲ့တယ်၊ ပဝတ္တိကာလမှာလဲ ထို့အတူ စိတ်စေတသိက်နာမ်တရားချည်း စိတ်ကူးကြံသိမှု သက်သက်မျှသာ အဆက်မပြတ် ဖြစ်နေတယ်၊ သိပ်အံ့သြစရာကောင်း

http://www.dhammadownload.com

တာပဲ။ ကာမတဏှာ ရူပတဏှာ အားကြီးတဲ့ ပုဂ္ဂိုလ်တွေက အဲဒီဘုံဘဝမျိုးကို မကြိုက်ဘူး၊ ဒါပေမဲ့ အဲဒီဘုံမှာ ရုပ်မရှိတဲ့ အတွက် ရုပ်နဲ့စပ်တဲ့ဆင်းရဲတွေ မရှိဘူး၊ ချမ်းသာနေကြတာပါပဲ။ သို့သော်လဲ ပုထုဇဉ် အဖြစ်နဲ့ အဲဒီဘုံရောက်သွားယင်တော့ တိုးတက်လမ်း ပိတ်နေတယ်၊ ဘုရားပွင့်လာပေမဲ့ သူတို့မှာ မသိဘူး၊ ဘုရားကလဲ သူတို့ဆီ သွားပြီး တရားမဟောနိုင်ဘူး၊ ဘာကြောင့်လဲ ဆိုယင် သူတို့မှာ ကြားသိစရာ နားမရှိလို့ပါဘဲ၊ အသက်တမ်းကလဲ အဲဒီဘုံတွေမှာ ကပ္ပါပေါင်း နှစ်သောင်း, လေးသောင်း, ခြောက်သောင်း, ရှစ်သောင်း လေးထောင် အသီး အသီး ရှိကြတယ်၊ အဲ့ဒီ အသက်တမ်းကုန်လို့ စုတေတဲ့အခါ ကာမဘုံပြန်ရောက်လာရတာပဲ၊ အာဋ္ဌာရနှင့် ဥဒကတို့ဟာ အဲ့ဒီအရူပလေးဘုံထဲက တတိယနဲ့ စတုတ္ထဘုံများကို ရောက်သွားကြတယ်၊ မြတ်စွာဘုရား၏ တရားကို နာခွင့်မရကြဘဲ့အတွက် သူတို့ဟာ အများကြီး ဆုံးရှုံးသွားတယ်လို့ မြတ်စွာဘုရားက ညည်းညူတော်မူခဲ့ပါတယ်၊ ဒါကြောင့် ပုထုဇဉ်အဖြစ်နဲ့ အဲဒီအရူပဘုံတွေကို ရောက်သွားယင် ရပ်ပြစ်ရှစ်ပါးလို့ ခေါ်တဲ့ ရှစ်မျိုးထဲက တခုသော အရပ်ရောက်သွားတယ်လို့ ဆိုရတယ်။ သောတာပန် သကဒါဂါမ် အနာဂါမ် ရောက်သွားယင်တော့ ရှုလည်းကို သိပြီးဖြစ်တဲ့အတွက် သူတို့သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ စိတ်စေတသိက်ကြံသိမှုကို ရှုပြီးတော့ ဝိပဿနာဉာဏ် ဝိဉာဏ်တွေ အဆင့်ဆင့်တက်ပြီး ရဟန္တာဖြစ်သွားနိုင်တယ်၊ ရဟန္တာ

http://www.dhammadownload.com

ဖြစ်ယင် အဲဒီဘုံမှာဘဲ ပရိနိဗ္ဗာန် ပြုသွားတယ်၊ ဒါကြောင့် အရိယာ ပုဂ္ဂိုလ်များအတွက် ဆိုယင်တော့ တက်လမ်းရှိပါတယ်။ ဒီမှာ ပြောလိုရင်းကတော့ ကာမတဏှာ ရူပတဏှာ အာဒိကြီးတဲ့သူတွေက ရုပ်မရှိတဲ့ အဲဒီ အရူပဘုံကို မကြိုက်ဘူး၊ ဘာကြောင့်လဲကာမအာရုံနဲ့ ရုပ်အာရုံကိုသာ ကြိုက်တဲ့တဏှာကကာမဂုဏ်မခံစားရတာ, ရုပ်မရှိတာကို မကြိုက်လို့ပါပဲ။

နိဗ္ဗာန်ကိုတော့ ဘယ်တဏှာကမျှ မကြိုက်

ရဟန္တာပုဂ္ဂိုလ်မှာ ပရိနိဗ္ဗာန်စုတိမှ နောက်ကာလဌ္ဌ ရုပ်နာမ်ခန္ဓာအသစ် မဖြစ်လာတော့ပဲ ချုပ်ငြိမ်းသွားတယ် ဆိုတဲ့ အနုပါဒိ ၎သဿနိဗ္ဗာန် အငြိမ်းဓာတ်ကိုတော့ ကာမတဏှာကလဲ မကြိုက်ဘူး၊ ရူပတဏှာကလဲ မကြိုက်ဘူး၊ အရူပတဏှာကလဲ မကြိုက်ဘူး၊ ဒါကြောင့် ရုပ်နာမ် ခန္ဓာ သခ်ၤါရတို့၏ အပြစ်ကို မမြင်နိုင်သေးတဲ့ အမျှားစုပုဂ္ဂိုလ်တွေက အဲဒီ နိဗ္ဗာန်ကို အလိုမရှိကြဘူး၊ ကောင်းတယ် ချမ်းသာတယ်လို့ မထင်ကြဘူး၊ ဟိုတနေ့က ဟောခဲ့တဲ့ သုတ်တခု ထဲမှာ လာလုဒါယီ ဆိုတဲ့ကိုယ်တော်ကြီးက "ခံစားရမှုဝေဒနာမရှိတဲ့ နိဗ္ဗာန်မှာ ဘာချမ်းသာရှိသလဲ" လို့ စောဒနာတာလဲ ဒါကြောင့်ပ"ပဲ၊ သူ့အလိုကတော့ ချမ်းသာမရှိဘူး ဆင်းရဲတယ်လို့ ဆိုလိုတာပါပဲ။ ယခုခေတ်ကာလမှာ ဗုဒ္ဓသာသနာကိုလဲ မကြည်ညို၊ ရုပ် နာမ် သခ်ၤါရတွေကိုပင် အကောင်း အမြတ်တွေလို့လဲ ထင်နေတဲ့ ပုဂ္ဂိုလ်တွေက " ပရိနိဗ္ဗာန်စံသွားတယ်

http://www.dhammadownload.com

ဆိုတာ တဖန် ပြန်မလာတော့ပဲ အသေကြီး သေသွားတာပဲ" လို့ကဲ့ရဲ့ရွတ်ချပြီး ပြောတတ်ကြတယ်။ အဲဒါဟာ နိဗ္ဗာန်ကို တဏှာဏာ အာရုံမပြုနိုင်ဘူး မကြိုက် မနှစ်သက်ဘူး ဆိုတာ ဝန်ခံတာ ဖေါ်ပြတာပါပဲ။ ဒါကြောင့်-

ဝါနတော နိက္ခန္တိ နိဗ္ဗာနံ

ဝါနတော- ဝါန မည်သော တဏှာမှ၊ နိက္ခန္တံ- ထွက်မြောက်၏၊ ဣတိ- တဏှာမှ ထွက်မြောက်ခြင်း, တဏှာ၏ အာရုံ မဟုတ်ခြင်း ဟူသော ဤအကြောင်းကြောင့်၊ နိဗ္ဗာနံ-နိဗ္ဗာန်မည်၏-လို့ ဝစနတ္ထ ပြုရတယ်။ ဒါကြောင့် နိဗ္ဗာန် ဆိုတာ တဏှာမှ ထွက်မြောက်တဲ့ သဘော, တဏှာ၏ အာရုံ မဟုတ်တဲ့သဘော, တဏှာ၏ လက်လှမ်း မမှီတဲ့သဘော ဖြစ်သည်-လို့ မှတ်ထားကြရမယ်။ အဲဒါကို ဆိုကြမဲ့ယ်။

နိဗ္ဗာန် ဆိုတာ တဏှာမှ ထွက်မြောက်တဲ့ သဘော, တဏှာ၏ အာရုံ မဟုတ်တဲ့သဘော, တဏှာ၏ လက်လှမ်း မမှီတဲ့သဘော ဖြစ်သည်။

တနည်းအားဖြင့်-

နတ္ထိ ဝါနံ ဧတ္ထာတိ နိဗ္ဗာနံ-လို့လဲ ဝစနတ္ထ ပြုနိုင်တယ်။

ဧတ္ထ-ဤနိဗ္ဗာန်၌၊ ဝါနံ-ဝါနမည်သော တဏှာသည်၊ နတ္ထိ မရှိ၊ ဣတိ- တဏှာမရှိရာ တဏှာ ကင်းဆ ဟူသော ဤအကြောင်းကြောင့်၊ နိဗ္ဗာနံ-နိဗ္ဗာန်မည်၏။ တဏှာက အာရုံ

http://www.dhammadownload.com

မပြုနိုင်တဲ့ တရား ဖြစ်သောကြောင့် အဲဒီနိဗ္ဗာန်မှာ တဏှာ မရှိဘူးလို့လဲ ဆိုနိုင်တယ်၊ ဒါကြောင့် နိဗ္ဗာန် ဆိုတာ တဏှာ မရှိရာ တဏှာကင်းရာ ဖြစ်သည်-လို့လဲ ဆိုရတယ်။ အဲဒါကို ဆိုကြရမယ်။

နိဗ္ဗာန် ဆိုတာ တဏှာ မရှိရာ တဏှာကင်းရာ ဖြစ်သည်။

နောက်တနည်း အားဖြင့်တော့--

နတ္ထိ ဝါနံ တေသ္မိံ အဓိဂတေတိ နိဗ္ဗာနံ- လို့လဲ ဝစနတ္ထ ပြုနိုင်တယ်။

တေသ္မိံ- ဤနိဗ္ဗာန်ကို၊ အဓိဂတေ- အရဟတ္တ မဂ်ဖြင့် ရောက်လတ် ရလတ်သော်၊ ဝါနံ-ဝါန မည်သော တဏှာ သည်၊ နတ္ထိ-မရှိတော့ပဲ ကင်း၏၊ ဣတိ-တဏှာ မရှိကြောင်း ကင်းကြောင်း ဟူသော ဤအကြောင်းကြောင့်၊ နိဗ္ဗာနံ-နိဗ္ဗာန် မည်၏။ ဒီဝစနတ္ထ အရအားဖြင့် သူ့ကို သိလျှင် သိသူမှာ တဏှာ ကင်းသောကြောင့် နိဗ္ဗာန်ဆိုတာ တဏှာ ကင်းကြောင်းဖြစ်သည်-လို့လဲ မှတ်ထား ကြရမယ်။ အဲဒါကို ဆိုကြရမယ်။

နိဗ္ဗာန် ဆိုတာ တဏှာ ကင်းကြောင်း ဖြစ်သည်။

နိရောဓ သစ္စာကို နိဗ္ဗာန်ကို အကျယ် ဝေဘန် ဖွင့်ပြရာမှာ ဒီလိုပြဆိုတော် မူပါတယ်။

http://www.dhammadownload.com

နိဒ္ဒေသဿစဝဏ္ဏနာ

ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ နိဒ္ဒေသေ အရိ-
ယ သစ္စံ၊ ယော တဿာ ယေဝ တဏှာယ
အသေသ ဝိရာဂ နိရောဓော စာဂေါ ပဋိ-
နိဿဂ္ဂေါ မုတ္တိ အနာ လယော။

ဘိက္ခဝေ- ရဟန်းတို့၊ ဒုက္ခ နိဒ္ဒေသေ- ဒုက္ခ၏ ချုပ်ရာ-ချုပ်ခြင်း သဘော ဖြစ်သော၊ အရိယသစ္စံ-ဒုက္ခသစ္စာတို့ သိအပ်သော အမှန် တရားသည်၊ ကတမဉ္စ- အဘယ်နည်း ဟူမူ။ တဿာ ယေဝ တဏှာယ-ဆင်းရဲ ဖြစ်ပွါးကြောင်း သမုဒယ သစ္စာ မည်သော ထိုတဏှာ၏ ပင်လျှင်၊ ယော အသေသ-ဝိရာဂ နိရောဓော-ဝိရာဂမည်သော အရဟတ္တမဂ်ဖြင့် အကြွင်းအကြွင်းမဲ့ ချုပ်ခြင်း-ချုပ်ရာ သဘောသည်၊ စာဂေါ- အကြွင်းအကြွင်းမဲ့ ပျက်ပြယ်ခြင်း-ချုပ်ခြင်း, အကြွင်းမဲ့ ပျက်ပြယ်ရာ ချုပ်ရာ သဘောသည်၊ ယော စာဂေါ-(ယင်းတဏှာကို) အကြွင်းမဲ့ စွန့်ခြင်းသဘော, စွန့်ရာ သဘောသည် ယော ပဋိ-နိဿဂ္ဂေါ-အကြွင်းဝေးစွာ စွန့်ခြင်းသဘော, ဝေးစွာ စွန့်ရာ သဘောသည်၊ ယော မုတ္တိ-အကြွင်း လွှတ်ခြင်းသဘော, လွှတ်ရာ သဘောသည်၊ ယော အနာလယော-(ယင်းတဏှာဖြင့်) အကြွင်းတွယ်တာမှု ကင်းခြင်း သဘော, ကင်းရာ သဘောသည်၊ အတ္ထိ-ရှိ၏။ အယံ-ဤသဘောကို၊ ဒုက္ခနိရောဓော

http://www.dhammadownload.com

အရိယသစ္စံ-ဒုက္ခနိရောဓ အရိယသစ္စာဟူ၍၊ ဝုစ္စတိ ဘိက္ခဝေ၊ ခေါဆို အပ်သည် ရဟန်းတို့။

အဲဒီမှာ သမုဒယ သစ္စာဆိုတဲ့ တဏှာ၏ အကြွင်းမဲ့ ပျက်ပြယ်ခြင်း ချုပ်ခြင်းဆိုတာ အရဟတ္တမဂ်၏ အစွမ်းကြောင့် တဏှာမဖြစ်နိုင်တော့ပဲ ကင်းခြင်းကို ဆိုတာပဲ၊ ယင်းတဏှာကို စွန့်ခြင်း ဓဝးစွာစွန့်ခြင်း လွှတ်ခြင်း ယင်းတဏှာဖြင့် တွယ်တာမှု ကင်းခြင်းဆိုတာ့တွေ့လဲ တဏှာကင်းခြင်း မဖြစ်ခြင်း မရှိခြင်းကို ပြတာချည်းပါပဲ၊ ဒါကြောင့် နိဗ္ဗာန်ဆိုတာ သမုဒယ သစ္စာဆိုတဲ့ တဏှာချုပ်ခြင်း ကင်းခြင်းပင် ဖြစ်သည်လို့လဲ မှတ်ထားကြရမယ်။ အဲဒါကို ဆိုကြရမယ်။

နိဗ္ဗာန်ဆိုတာ သမုဒယသစ္စာဆိုတဲ့ တဏှာချုပ်ခြင်း ကင်းခြင်းပင် ဖြစ်သည်။

တဏှာကင်းတော့ ကံကလဲ ဘဝသစ်ကို မဖြစ်စေနိုင်ဘူး၊ ဒါကြောင့် ဘဝသစ်ရုပ်နာမ် ခန္ဓာတွေလဲ အကုန်ကင်းငြိမ်းသွားတော့တာဘဲ၊ အဲဒီ တဏှာ ကင်းခြင်း သဘောကိုပင် ချုပ်ရာ စွန့်ရာ စသည်ဖြင့်လဲ တင်စားပြီး ပြောရပါကယ်၊ ဒါကြောင့် အကြွင်းမဲ့ ပျက်ပြယ်ရာ စွန့်ရာ စသည်ဖြင့်လဲ တနည်း အနက်ပြန်ထားပါတယ်။

ဘုရားအဖြစ်သူ ရောက်တော်မူပြီးနောက် ရက်ငါးဆယ် မြောက်မှာ နိဗ္ဗာန်၏ သိမ်မွေ့ နက်နဲပုံ သိနိုင်ခဲပုံကို ဒီလို နှလုံးသွင်း ဆင်ခြင်တော်မူပါတယ်။

http://www.dhammadownload.com

ဣဒမ္မိ ခေါ ဌာနံ ဒုဒ္ဒသံ၊ ယဲဒိဒံ သဗ္ဗသင်္ခါရ-သမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ။

သဗ္ဗသင်္ခါရသမထော-သင်္ခါရအားလုံး ငြိမ်းရာဖြစ်သော၊ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ - သင်္ခါရအားလုံးကို စွန့်လွှတ်ရာဖြစ်သော၊ တဏှာက္ခယော- တဏှာကုန်ရာဖြစ်သော၊ ဝိရာဂေါ- ဆုဂကင်းရာဖြစ်သော၊ နိရောဓော- ချုပ်ရာဖြစ်သော၊ ယဒိဒံ နိဗ္ဗာနံ - အကြင်အငြိမ်းဓာတ် သဘောသည်၊ အတ္ထိ - ရှိ၏၊ ဣဒမ္မိ ခေါ ဌာနံ-ဤအရာဌာနသည်လည်း၊ ဒုဒ္ဒသံ - မြင်နိုင်ခဲစွ-လို့ နှလုံးသွင်းဆင်ခြင်တော်မူပါတယ်။

အဲဒီ ဆင်ခြင်ပုံထဲမှာ ငြိမ်းရာ, စွန့်ရာ, ကုန်ရာ, ကင်းရာ ဆိုတာတွေဟာ တင်စားပြီး ပြန်ဆိုတဲ့အနက်ချည်းပါပဲ၊အမှန် အားဖြင့်တော့ သင်္ခါရအားလုံး မဖြစ်လာတော့ပဲ ငြိမ်းခြင်း, ဥပဓိအားလုံးကို စွန့်ခြင်း, တဏှာကုန်ခြင်း ရာဂကင်း ခြင်း သဘောသာ ဖြစ်ပါတယ်။

ဥပဓိ ၄-ပါး

အဲဒီ ဝေါဟာရတွေထဲမှာ ဥပဓိဆိုတာ ဆင်းရဲချမ်းသာတို့ တည်ရာဖြစ်ရာကို ဆိုတာပါပဲ၊ အဲဒီဥပဓိ-က ကာမုပဓိ, ခန္ဓုပဓိ, ကိလေသုပဓိ, အဘိသင်္ခါရုပဓိလို့ လေးပါးရှိတယ်၊ ကာမုပဓိဆိုတာ ကာမဂုဏ်ငါးပါးပါပဲ၊ အဲဒါကတော့ ထင်ရှားပါတယ်၊ ကာမဂုဏ်ငါးပါးကို အကြောင်းပြုပြီး ဆင်း

http://www.dhammadownload.com

ရဲတွေ့ မျှားစ့ဝ ဖြစ်ရတယ်၊ ဒါကြောင့် အဲဒီကာမဂုဏ်တွေကို ဥပဓိလို့ ခေါ်တယ်။ ပုထုဇဉ်တွေ့ အနေ့အားဖြင့်တော့ အဲဒီကာမဂုဏ်တွေကို မှီပြီး ချမ်းသာတွေ့ ဖြစ်တယ်လို့လဲ ဆိုနိုင်ပါတယ်။

ခန္ဓုပဓိ ဆိုတာကတော့ ခန္ဓာငါးပါးပါပဲ၊ ဒီခန္ဓာငါးပါးကို မှီပြီးတော့ ဆင်းရဲတွေ့မျှားစ့ဝ ဖြစ်ရတယ်၊ ဒါကြောင့် ဥပဓိလို့ ဆိုတယ်။ ပုထုဇဉ်တွေ့ အလိုအားဖြင့်တော့ ခန္ဓာတွေ့ကို မှီပြီး ချမ်းသာ ဖြစ်တယ်လို့လဲ ဆိုဖွယ်ရှိပါတယ်။ ဥပဓိ ဆိုတဲ့ ပုဒ်သက်သက်ကတော့ တည်ရာလို့ အနက်ရှိတယ်၊ ချမ်းသာ၏ တည်ရာလို့လဲ ဆိုနိုင်တယ်၊ ဆင်းရဲ၏ တည်ရာလို့လဲ ဆိုနိုင်တယ်။ ပုထုဇဉ်တွေ့ အနေနဲ့ ဆိုယင် ကာမဂုဏ် အာရုံတွေ့ ခံစားရတာကို အကောင်းဆုံးလို့ အချမ်းသာဆုံးလို့ ထင်နေကြတယ်၊ ကိုယ်ကြည့်ချင်တာကို ကြည့်ရလို့လဲ ချမ်းသာတယ်၊ ကိုယ်နားထောင်ချင်တာကို နားထောင်ရလို့လဲ ချမ်းသာတယ်၊ ကောင်းတဲ့အနံ့တွေ့ကို နမ်းရှုရလို့လဲ ချမ်းသာတယ်၊ ကောင်းတဲ့အရသာတွေ့ကို စားရလို့လဲ ချမ်းသာတယ်၊ ကောင်းတဲ့အတွေ့အာရုံတွေ့ကို တွေ့ထိခံစားရလို့လဲ ချမ်းသာတယ်လို့ ထင်နေကြတယ်၊ အာရုံကောင်းတွေ့ကို ကြံစည်စဉ်းစားပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရလို့လဲ ချမ်းသာတယ်၊ အယုတ်ဆုံးအားဖြင့် အလိုရှိတိုင်း စဉ်းစားနေရတာကိုပင် ချမ်းသာတယ်လို့ ထင်

http://www.dhammadownload.com

းနကြတယ်။ဘုရားရဟန္တာတို့၏ အမြင်အားဖြင့်တော့ အဲဒီလို ချမ်းသာတွေဟာ ဆင်းရဲတွေချည်းပါပဲ။

နောက်ပြီးတော့ ကာမဂုဏ်တွေ အကြောင်းပြုပြီးတော့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေလဲ များစွာပင် ဖြစ်နေတယ်၊ ရအောင်ရှာကြံရလို့လဲ ဆင်းရဲတယ်၊ အချို့မှာ ဆိုယင် အသက်ကိုတောင် စွန့်ပြီး ရှာရတယ်၊ ရပြီးတော့ကို စောင့်ရှောက်ရလို့လဲ ဆင်းရဲတယ်၊ အချို့မှာ ဆိုယင် အသက်ကိုတောင် စွန့်ပြီး စောက်ရှောက်ရတယ်၊ အလွန်ချစ်ခင်တဲ့ မိတ်ဆွေအချင်းချင်းလဲ ကာမဂုဏ်အကြောင်းပြုပြီး ကွဲကြရတယ်၊ ရန်ဖြစ်ကြရတယ်၊ အင်မတန် ချစ်ခင်နေကြတဲ့ ညီအစ်ကိုမောင်နှမ အချင်းချင်းလဲ ပစ္စည်းဥစ္စာဆိုတဲ့ ကာမဂုဏ် အကြောင်းပြုပြီး ကွဲကြရတယ်၊ အမွေလုပ္ပစသည်ဖြစ်ရတယ်၊ မိဘနှင့် သားသမီးတွေလဲ ပစ္စည်းဥစ္စာအကြောင်းပြုပြီး ငြင်းခုံကြရ ကွဲပြားကြရတယ်၊ ဒီလို ဖြစ်ရတာတွေဟာ ဆင်းရဲတွေချည်းပဲ၊ ဒီဆင်းရဲတွေဟာ ကာမဂုဏ်ကို အကြောင်းပြုပြီး ဖြစ်ရတယ်၊ ဒါကြောင့် ကာမဂုဏ်တွေကို ဆင်းရဲ၏တည်းဟု ကာမုပဓိလို့ ခေါ်တယ်။

ပုထုဇဉ်တွေ အနေအားဖြင့် ရုပ်နာမ်ခန္ဓာတွေရှိလို့ အဲဒီရုပ်နာမ်တွေကို မှီပြီး ချမ်းသာတွေ ခံစားနေရတယ်လို့ ဂင်နေကြတယ်၊ မျက်စိရုပ်ရှိလို့ မြင်ချင်တာ မြင်ရတယ်၊ နားရုပ်ရှိလို့ ကြားချင်တာ ကြားရတယ်၊ နှာခေါင်းရုပ် ရှိလို့

http://www.dhammadownload.com

အလိုရှိတာ နှမ်းရှူရတယ်၊ လျှာရုပ်ရှိလို့ စားချင်တာ စားရတယ်၊ ကိုယ်ရုပ်ရှိလို့ အဝတ်အထည် အမျိုးမျိုးကို တွေ့ထိခံစားရတယ်၊ နှလုံးရုပ်နဲ့ စိတ်ရှိလို့ အာရုံအမျိုးမျိုးတွေကို သိရတယ်၊ ချမ်းသာတွေချည်းပဲလို့ ထင်နေကြတယ်၊ ဘုရားရဟန္တာတို့၏ အမြင်အားဖြင့်တော့ အဲဒီလို ချမ်းသာတွေဟာလဲ ဆင်းရဲတွေချည်းပါပဲ။ နောက်ပြီးတော့ ရုပ်ရှိလို့ ရုပ်ကို မှီပြီး ဆင်းရဲရတယ်၊ နာမ်ရှိလို့ နာမ်ကိုမှီပြီး ဆင်းရဲရတယ်၊ ရုပ်နာမ်မရှိယင် ဘာဆင်းရဲမှ မဖြစ်နိုင်ဘူး၊ ဒါကြောင့် ရုပ်နာမ်ခန္ဓာတွေဟာ ဆင်းရဲ၏ တည်ရာဥပဓိတွေချည်းပါပဲ၊ အဲဒီလို ဆင်းရဲ၏ တည်ရာဖြစ်တဲ့အတွက် ခန္ဓာငါးပါးကို ခန္ဓာပဓိလို့ ခေါ်တယ်။ကဲ မှတ်မိအောင် ဆိုကြရမယ်။

ကာမဂုဏ်ငါးပါးကို ကာမုပဓိဟု ခေါ်သည်။
ခန္ဓာငါးပါးကို ခန္ဓုပဓိဟု ခေါ်သည်။

လောဘ ဒေါသ မောဟအစရှိသော ကိလေသာတွေကြောင့် မျက်မှောက်မှာလဲ ဆင်းရဲဒုက္ခအမျိုးမျိုးကို တွေ့ကြုံခံစားရတယ်၊သံသရာဘဝတွေမှာလဲ ငရဲဆင်းရဲ, ပြိတ္တာဆင်းရဲ, တိရစ္ဆာန်ဆင်းရဲတွေကို ခံစားရတယ်၊ လူဆင်းရဲ နတ်ဆင်းရဲတွေဖြစ်ပြီးတော့လဲ ဆင်းရဲတွေကို ခံစားရတယ်၊ ဒီလိုမျက်မှောက်ဆင်းရဲ သံသရာဆင်းရဲတို့၏ တည်ရာအကြောင်းဖြစ်တဲ့ အတွက် လောဘ ဒေါသ စသော ကိလေသာတွေကို ကိလေသုပဓိဟု ခေါ်သည်။ အဲဒါကို ဆိုကြရမယ်။

http://www.dhammadownload.com

လောဘ ဒေါသ စသော ကိလေသာကို
ကိလေသုပဓိဟု ခေါ်သည်။
ကုသိုလ်ကံ အကုသိုလ်ကံကို အဘိသင်္ခါရခေါ်ကြောင်း ရှေးကလဲ ပြောခဲ့ပါပြီ၊ ဒါနသီလ သမထ ဘာဝနာ ဆိုတဲ့ ကုသိုလ်ကံ အဘိသင်္ခါရ-က လူ နတ် ဗြဟ္မာ ဆိုတဲ့ သုဂတိဘဝ တွေမှာ ဖြစ်စေတယ်၊ ပုထုဇဉ်တို့၏ အမြင် အားဖြင့် အဲဒီလို ဖြစ်ရတာကို ချမ်းသာလို့ ထင်ရတယ်၊ ဘုရားရဟန္တာ တို့၏ အမြင်အားဖြင့်ဆိုတာ့ ဖြစ်ရာဘဝမှာ အိုရခြင်း သေရခြင်း စသည်တို့နှင့် တွေ့ရသောကြောင့် အဲဒီလို ဖြစ်ရတာကို ဆင်းရဲလို့ မြင်ရတယ်။ အကုသိုလ်ကံ အဘိသင်္ခါရ-ကတော့ အပါယ်လေးပါးဌာ ဖြစ်စေတယ်၊ အဲဒါကိုတော့ ဆင်းရဲလို့ပဲ အမျှားအား ဖြင့် မြင်ကြပါတယ်၊ ဒါကြောင့် အဘိသင်္ခါရဟာ ဆင်းရဲ၏ တည်ရာ ဥပဓိ ဖြစ်တယ်။ ကဲ လိုက်ဆိုကြ။

ကုသိုလ်ကံ အကုသိုလ်ကံကို အဘိသင်္ခါရုပဓိ
ဟု ခေါ်သည်။

အငြိမ်းဓာတ်နိဗ္ဗာန်ကို အရဟတ္တမဂ်ဖြင့် မြင်လျှင် အဲဒီ ဥပဓိလေးပါးလုံး ကင်းတယ်၊ အဲဒီ လေးပါးထဲက ကိလေသုပဓိ ဆိုတာဟာ အရင်းခံ အကျဆုံးပါပဲ။ ဘာကြောင့်လဲ ဆိုယင်- ကိလေသာမရှိတော့ အဘိသင်္ခါရ ဆိုတဲ့ ကံက အကျိုး မပေးနိုင်တော့ဘူး၊ ကံက ဘဝသစ် အကျိုးကို မဖြစ်စေယင် ခန္ဓာငါးပါးဆိုတဲ့ ဥပဓိလဲ ကင်းတော့တာပဲ၊

http://www.dhammadownload.com

ခန္ဓာမရှိယင် ကာမဂုဏ် ဆိုတဲ့ ဥပဓိလဲ မရှိနိုင်ဘော့ဘူး၊ ဒါကြောင့် ကိလေသာ ဥပဓိက အရင်းခံ အကျဆုံးပဲလို့ သိရပါဘယ်၊ အရဟတ္တမဂ်ဉာဏ်၏ အစွမ်းကြောင့် ကိလေသာ ကင်းသည်နှင့် တပြိုင်နက် ကျန်တဲ့ ဥပဓိတွေလဲ အကုန် ကင်းသွားကြတော့ တာပဲ၊ ဒါကြောင့် နိဗ္ဗာန်ကို သဗ္ဗူပဓိပဋိနိဿဂ္ဂါ-ဥပဓိလေးပါးအားလုံးကို စွန့်ရာလို့ ဆိုစေတယ်၊ မုချအားဖြင့်တော့ အရဟတ္တမဂ်၏ အစွမ်းကြောင့် ဥပဓိအားလုံး ကင်းငြိမ်းခြင်း သဘောမျှပါပဲ။

နိရောဓေပုဒ်၏ မုချ အနက်

တဏှာကွယော-တဏှာကုန်ရာ တဏှာကုန်ခြင်း၊ ဝိရာဂေါ-ရာဂကင်းရာ ရာဂကင်းခြင်း ဆိုတာတွေ့ကတော့ ဒုတိယပိုင်း နှာ(၁၁၃)မှာပြခဲ့တဲ့ ရာဂကွယော-ဆုဂ်၏ ကုန်ခြင်း မဖြစ်ခြင်း ငြိမ်းခြင်း ဆိုတာနှင့် ထပ်တူပါပဲ။ "နိရောဓော- ချုပ်ရာ-ချုပ်ခြင်း" ဆိုတာကလဲ "အဝိဇ္ဇာနိရောဓော-အဝိဇ္ဇာ၏ ချုပ်ခြင်းကြောင့်၊ သင်္ခါရနိရောဓော-ကံ ဟူသော သင်္ခါရတို့၏ ချုပ်ခြင်းသည်၊ ဟောတိ-ဖြစ်၏။ သင်္ခါရနိရောဓော-သင်္ခါရတို့၏ ချုပ်ခြင်းကြောင့်၊ ဝိညာဏ နိရောဓော-ပဋိသန္ဓေစိတ် အစရှိသော ဘဝသစ်ဝိညာဏ်၏ ချုပ်ခြင်းသည်၊ ဟောတိ-ဖြစ်၏" စသည်ဖြင့် ဟောထားတဲ့ ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နှင့် အရတူပါပဲ။ အဲဒီပဋိလောမပဋိစ္စသမုပ္ပါဒ် ဒေသနာ၏ အဖွင့် အဋ္ဌကထာမှာ နိရောဓောပုဒ်ဖြင့် နိဗ္ဗာန်ကို ပြကြောင်း ဖွင့်ပြထားပါတယ်။ အဲဒီ ဒေသနာမှာတော့

http://www.dhammadownload.com

"အင်ဇွာနိုရောဓော-အဝိဇ္ဇာ၏ ချုပ်ရာကြောင့်၊ သင်္ခါရနိုရောဓော-သင်္ခါရတို့၏ ချုပ်ရာသည် ဖြစ်၏" စသည်ဖြင့် တင်စားပြီး ဆိုလို့မဖြစ်ဘူး၊ "အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရတို့၏ ချုပ်ခြင်းသည် ဖြစ်၏" စသည်ဖြင့် မုချအနက်သာ ပြန်လို့ ဖြစ်တယ်၊ ဒါကြောင့် ဒီနေရာမှာလဲ မုချအားဖြင့် "နိုရောဓော-ချုပ်ခြင်း" လို့သာ အနက်ပြန်ရတယ်။

နောက်ပြီးတော့ "သဗ္ဗသင်္ခါရသမထော-သင်္ခါရအားလုံး၏ ငြိမ်းရာ-ငြိမ်းခြင်း သတော" ဆိုတဲ့ ပဌမပုဒ်၏ အနက်ကတော့ သင်္ခါရတရားချုပ်ငြိမ်းပုံကို ထပ်ကာ ထပ်ကာ ပြောလာခဲ့တဲ့ အတွက် ထင်ရှားနေပါပြီ။ ဒါပေမဲ့ ပိုပြီး ရှင်းရှင်းလင်းလင်း သိရအောင် ကေဝဋ္ဋသုတ်ကို ထုတ်ပြီး ဟောဦးမယ်။

သီလက္ခန္ဓဝဂ်-ကေဝဋ္ဋသုတ်

ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ။
ဧတ္ထ အာပေါ စ ပထဝီ၊
တေဇော ဝါယော န ဂါဓတိ။
ဧတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အဏုံ ထူလံ သုဘာသုဘံ။
ဧတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။
ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ။

ဝိညာဏံ-ထူးသော အရိယမဂ်ဉာဏ်ဖြင့် သိအပ်သော၊ ယံ-အကြင်အငြိမ်းဓာတ် နိဗ္ဗာန်သည်၊ အနိဒဿနံ-မြင်အပ်မြင်ကောင်းသော သဘောမရှိပေ၊ ဝါ-ပုံတူဥပမာမရှိပေ။

http://www.dhammadownload.com

အငြိမ်းဓာတ် နိဗ္ဗာန်ကို လေးပါးသော မှဂ်ဉာဏ်အထူး ဖြင့်သာ သိအပ်တယ် သိနိုင်တယ်၊ သမ်ထဝိပဿနာကို အားမထုတ်ပဲ ပကတိစိတ်ဖြင့် ကြံစည် မှန်းဆကြည့်လို့ မမြင်နိုင် မသိနိုင်တဲ့တရားပဲ တဲ့။ ဖြစ်တိုင်းသော ရုပ်နာမ် တရားတွေကို ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန်ရှုပြီးတော့ အဖြစ် အပျက် အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့ကို ထင်ရှားသိမြင်ပြီး သခ်ၤါရုပေက္ခာဉာဏ် ရင့်သန် ပြည့်စုံတဲ့အခါမှာ မပြတ်ဖြစ် ပျက်နေတဲ့ ရုပ်နာမ်သခ်ၤါရတွေ လုံးဝမရှိတဲ့အနေနဲ့ သိရတယ်၊ ယူပစ် လိုက်သလို သခ်ၤါရအားလုံး ကုန်ဆုံးသွားသည့်အနေနဲ့ သိရ တယ်၊ အဲဒီအခိုက်မှာ နှလုံးသွင်းနေတဲ့စိတ် ဆင်ခြင်နေတဲ့ စိတ် ရှိသိနေတဲ့စိတ်တွေ ဘာမျှမရှိဘူး၊ မိမိကိုယ်ပါ အကုန် လုံး ဆိတ်သုဉ်းနေတဲ့အနေနဲ့ သိရတယ်၊ အဲဒါဟာ အငြိမ်း ဓာတ်နိဗ္ဗာန်ကို အရိယမဂ်ဉာဏ် အထူးဖြင့် သိမြင်ပုံပါပဲ။ ပြီးတော့ အဲဒီနိဗ္ဗာန်ကို ပကတိမျက်စိဖြင့်လဲ မမြင်နိုင်ဘူး၊ ကြံတွေးကြည့်တဲ့ စဉ်းစား ဉာဏ်ဖြင့်လဲ မမြင် နိုင်ဘူး။

http://www.dhammadownload.com

နောက်ပြီးတော့ ဘာနဲ့တူတယ်လို့ ပြစရာပုံတူညပမာလဲ မရှိဘူး။ ဒါကြောင့်-

ဝိညာဏံ - ထူးသော အာရုံယမက်ညာဏ်ပြင့် သိအပ်သော၊ ယံ-အကြင်အငြိမ်းခံဟ်နိဗ္ဗာန်သည်၊ အနိဒဿနံ - မြင်အပ်-မြင်ကောင်းသော သဘောမရှိပေ၊ ဝါ - ပုံတူညပမာမရှိပေ၊ အနန္တံ-ဖြစ်ခြင်း ပျက်ခြင်းဟူသော အစအဆုံးအခြား+အဆုံးအပိုင်းအခြား မရှိပေ။

နိဗ္ဗာန်မှ တပါးသော ပရမတ္ထ တရားဘွဲ့ ကတော့ အကြောင်းအားလျော်စွာ ဖြစ်ပေါ်ပြီး ကွယ်ပျောက် ပျက်စီးသွားဘာချည်းပဲ၊ ဒါကြောင့် ဖြစ်ခြင်း ဆိုတဲ့အစအဆုံး အခြားလဲ ရှိတယ်၊ ပျက်ခြင်း ကွယ်ပျောက်ခြင်း ဆိုတဲ့အဆုံးအပိုင်းအခြားလဲရှိတယ်၊ နိဗ္ဗာန်ဆိုတဲ့ပရမတ် တရားကတော့ ဖြစ်ခြင်း ဆိုတဲ့အစအပိုင်းအခြားလဲ မရှိဘူး၊ ပျက်ခြင်းဆိုတဲ့ အဆုံးအပိုင်းအခြားလဲ မရှိဘူးတဲ့၊ နိဗ္ဗာန်ဆိုတာ ကိလေသာကဲ့ ဘဝသစ်ခန္ဓာတို့၏ မဖြစ်ခြင်း ချုပ်ငြိမ်းခြင်း သဘောမျှပဲ၊ အဲဒီ မဖြစ်ခြင်း ချုပ်ငြိမ်းခြင်းမှာ ဖြစ်ခြင်းလဲ မရှိနိုင်ဘူး၊ ပျက်ခြင်းလဲမရှိနိုင်ဘူး၊ ဒါကြောင့် အစအဆုံးအပိုင်းအခြား မရှိကြောင်း ထင်ရှားပါတယ်။ အဲဒီ မဖြစ်ခြင်း ချုပ်ငြိမ်းခြင်းဟာ အရဟတ္တမဂ်ဉာဏ်၏ အစွမ်းကြောင့် ပြီးစီးတယ်၊ ဒါပေမဲ့ အဲဒီအရဟတ္တမဂ်ခဏမှာ အဲဒီချုပ်ငြိမ်းမှု ဖြစ်ပေါ်လာတယ်လို့လဲ မဆိုနိုင်ဘူး၊ ပရိနိဗ္ဗာန် စုတိစိတ်၏အခြားမဲ့မှာ ဘဝသစ်ခန္ဓာတွေ့ မဖြစ်လာတော့ပဲ ချုပ်ငြိမ်းသွားတယ်၊

http://www.dhammadownload.com

ဒါပေမဲ့ အဲဒီခဏမှာ ချုပ်ငြိမ်းမှု ဖြစ်ပေါ်လာတယ်လို့လဲ မဆိုနိုင်ဘူး၊ ဘာကြောင့်လဲ-မဖြစ်မှု ချုပ်ငြိမ်းမှုမှာ ဖြစ်ပေါ်မှု မရှိသောကြောင့်ပါပဲ။ ဖြစ်မှု မရှိတော့ ပျက်မှုလဲ မရှိဘူး။ ဒါကြောင့်-

အနန္တံ-ဖြစ်ခြင်း ပျက်ခြင်းဟူသော အစ အဆုံး အပိုင်း အခြားလဲ မရှိပေ၊ သဗ္ဗတောပဘံ- အညစ်အကြေး ကင်းသောကြောင့် ခပ်သိမ်းသော အခြင်းအရာ အားဖြင့် စင်ကြယ် တောက်ပ လျက်ရှိ၏။ (ရုပ်တရား ဆိုယင်တော့ အညစ်အကြေးနဲ့ လူးလဲ ညစ်ပေနိုင်တယ်၊ စိတ် စေတသိက် နာမ်တရား တွေမှာလဲ လောဘ ဒေါသ စသည်နှင့် ယှဉ်တွဲပြီး ညစ်ညူးနိုင်တယ်၊ ကုသိုလ် တရားတွေမှာလဲ ရှေပိုင်း နောက်ပိုင်းက လောဘ ဒေါသ စသည်တွေ ကြားဝင်ပြီး ဖြစ်ယင်မစင် မကြယ် ဖြစ်နိုင်တယ်၊ နိဗ္ဗာန် မှာတော့ ဘယ်အညစ်အကြေးနဲ့မှ မထိမငြိနိုင်တဲ့အတွက် အထူးစင်ကြယ်နေတယ်၊ အဲဒါကိုပင် အချင်း ခပ်သိမ်း တောက်ပ နေတယ်လို့ ဆိုတဲ့အကြောင်း ဖွင့်ပြ ထားကြ ပါတယ်*။ တချို့ကတော့ ဒီပုဒ်

---

*မှတ်ချက် ဝိသုဒ္ဓဌေန ဝါ သဗ္ဗတောပဘံ၊ ကေနစိ အနုပဏ္ဍိ-လိဋ္ဌတာယ သမန္တတော ပဘဿရန္တိ အတ္ထော။ (သီလက္ခန် ဋီကာ၃၉၃)။ ။ အပဘဿရဘာဝဟေတူနံ သဗ္ဗသော အဘာဝါ သဗ္ဗတောပဘာတိ သဗ္ဗတောပဘံ။ (မူလပဏ္ဍာသဋီကာ ဒုတိယ ၃၁၇-၈) ဤအဖွင့်တို့ကို ရည်သည်။

http://www.dhammadownload.com

ကို ထောက်ဆပြီး နိဗ္ဗာန်ဆိုတာ အလွန်တောက်ပတဲ့ အလင်း ဓ်ာတ်ကြီးလို့ ပြောဆိုကြတယ်၊ အလင်းဆိုတာ ရူပါရုံပဲ၊ ဒါကြောင့် အဲဒီ အဆိုကတော့ ဘုရား အလိုတော်နှင့် မညီပါ ဘူး၊ မဖြစ်ခြင်း ချုပ်ခြင်း သဘောမှာ ညစ်ညူး ကြောင်း သင်္ခါရ လုံးဝကင်းစင်နေတဲ့ အတွက် အချင်းခပ်သိမ်း တောက် ပတယ် ဆိုတဲ့ အနက်သာ သင့်လျော် ပါတယ်။ နောက်တ နည်း အနက်ကတော့ ပပံ-ပုဒ်မှ ပဘံ-ဖြစ်လာတယ်လို့ ဖွင့် ပြပါတယ်၊ အဲဒီ အဖွင့်အရ အားဖြင့်တော့) သဗ္ဗတောပဘံ-၃၈-ပါးသော ကမ္မဋ္ဌာန်း ဟူသော အရပ် ခပ်သိမ်းမှ သက် ရောက်နိုင်သည့် ဆိပ်ကမ်း ရှိပေ၏။

ဘုရားဟော ပါဠိတော် များမှာ တိုက်ရိုက် ဟောထား တဲ့ ကမ္မဋ္ဌာန်းက ၃၈-ပါး ရှိတယ်၊ ဘာတွေလဲ ဆိုယင်-ဝိသုဒ္ဓိမဂ်ကျမ်း အဘိဓမ္မတ္ထ သင်္ဂဟကျမ်းများမှာ ပြထားတဲ့ ကမ္မဋ္ဌာန်း ၄၀-ထဲမှ အာလောက ကသိုဏ်း အာကာသ က သိုဏ်း ဆိုတာ ၂-ပါးကို နှုတ်ပြီး ကျန်တဲ့ ၃၈-ပါး ပါပဲ။ အဲဒီ ၃၈-ပါးထဲမှာ စတု ဓာတုဝဝတ္ထာန် ဆိုတဲ့ ကမ္မဋ္ဌာန်း က တော့ မဟာသတိပဋ္ဌာနသုတ်မှာ ဝိပဿနာကမ္မဋ္ဌာန်း အ ဖြစ်ဖြင့် ဟောထားတဲ့ ဓာတု မနသိကာရ ကမ္မဋ္ဌာန်း ပါပဲ၊ အဲဒါနဲ့ အလားတူ ဖြစ်တဲ့ ခန္ဓာ ရှုတဲ့ ကမ္မဋ္ဌာန်း အာယတန ရှုတဲ့ ကမ္မဋ္ဌာန်း အစရှိတဲ့ ဝိပဿနာကမ္မဋ္ဌာန်း ဟူသမျှ တွေ ကိုလဲ အဲဒီ ဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်း ထဲမှာ ထည့်သွင်းပြီး ယူရတယ်။ အဲဒီ ကမ္မဋ္ဌာန်း တွေထဲမှ တခုခုသော ကမ္မဋ္ဌာန်း

http://www.dhammadownload.com

ဖြင့် နှလုံးသွင်း အာဒုတ်လျှင် နိဗ္ဗာန်ကို ရောက်နိုင်တာ ချည်းပဲ၊ မရောက်နိုင်တဲ့ ကမ္မဋ္ဌာန်းရယ်လို့ မရှိဘူး၊ ဥပမာ အားဖြင့် ပင်လယ် သမုဒ္ဒရာထဲ ဆင်းချင်ယင် ဘယ်ကမ်း ခြေအရပ်က မဆို ဆင်းနိုင် သလိုပါပဲ တဲ့။ ဒီနေရာမှာ ပတ်လည် လှည့်ပြီး လှေကား ထစ်တွေ့ အဆင့်ဆင့်နဲ့ လုပ် ထားတဲ့ ရေကန်ဝိုင်းကြီး ဥပမာဖြင့် ပြရလျှင် သာပြီး ရှင်း လင်းစရာ ရှိပါတယ်၊ အဲဒီလို ရေကန် ဝိုင်းကြီးမှာ ဆိုယင် ဘယ်နေရာကမဆို ဆင်းပြီး ရေချိုး နိုင်တယ်၊ ရေခပ်နိုင်တယ်။ အဲဒါလိုပဲ ၃၈-ပါးသော ကမ္မဋ္ဌာန်းထဲက ဘယ်ကမ္မဋ္ဌာန်းနဲ့ ဖြစ်ဖြစ် နိဗ္ဗာန်ကို ရောက်နိုင်ပါတယ်တဲ့။ ဒါပေမဲ့ သမထစျာန် ရရုံနဲ့တော့ နိဗ္ဗာန်ကို မရောက်နိုင်ဘူး၊ သမထစျာန်ကို အခြေ ခံပြီး ဝိပဿနာ ရှုလိုက်ယင် ရောက်နိုင်တယ်လို့ ဆိုလိုတာ ပါပဲ။

အရေးကြီး တာက ဝိပဿနာ ရှုနည်းကို သိနားလည် ထားဘို့ ပါပဲ။ အဲဒီရှုနည်းကို သိနားလည် ထားယင်တော့ စျာန်ရတယ် ဆိုယင် အဲဒီ စျာန်မှ ထပြီး ဝိပဿနာ ရှုလိုက် တာနဲ့ တခဏလေး အတွင်းမှာလဲ အရိယာ မဂ် ဖိုလ်ဉာဏ် ဖြင့် နိဗ္ဗာန်ကို တွေ့မြင် သွားနိုင်တယ်။ အဲဒီလို တွေ့မြင် သွားဘူး ကြောင်းကို သမ္မာညပိုင်း အဖွင့် အဋ္ဌကထာများ မှာ ဒီလို ပြဆိုထားတယ်။

တခါက ရဟန်းငယ်တပါးဟာ ဒန်ပူသစ်သား ကပ်ရန် အတွက် ကိုရင်တပါးကို ခေါ်ပြီး တောထဲကို သွားတယ်။

http://www.dhammadownload.com

ကိုရင်က လမ်းခွဲပြီး ရှေကသွားတော့ လူသေကောင် အသုဘကို တွေ့ရတယ်၊ အဲဒီအလောင်းကို အသုဘ ရှုပြီး ပဌမစျာန်ကို ရတယ်၊ အဲဒီ ပဌမစျာန်ကို အခြေခံ ပြုပြီးတော့ မိမိသန္တာန်မှာ ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်သင်္ခါရတွေကို ရှုမှတ်သုံးသပ်လျက် အောက်မဂ်ဖိုလ်သုံးပါး ရပြီးတော့ အရဟတ္တမဂ် ရ ရန် ဆက်ပြီး ရှုမှတ်နေသတဲ့။ အဲဒီ အခါ ရဟန်းငယ်က ကိုရင်ကို မတွေ့ရလို့ "ဟေ့ကိုရင်" လို့ လှမ်းခေါ်လိုက်တယ်၊ ကိုရင်က ဘာလဲ အရှင်ဘုရားလို့ အသံပြုပြီး ရဟန်းငယ်ထံ လာတယ်၊ လာပြီးတော့ "အရှင်ဘုရား ဟောဒီ တပည့်တော် လာခဲ့တဲ့ လမ်းအတိုင်းသွားပြီး ဟိုအနားဆောက်တော့ ရပ်ပြီး ရှေဘက်ကို ကြည့်စမ်းပါ" လို့ ပြောတယ်၊ ရဟန်းငယ်ကလဲ ကိုရင် ပြောတဲ့အတိုင်း သွားပြီး ကိုရင်ပြောတဲ့ နေရာမှာ ရပ်လျက် ကြည့်လိုက်တဲ့ အခါမှာ အသုဘကောင်ကို တွေ့ရတော့ အဲဒီ အသုဘကို ရှုပြီး ပဌမစျာန်ကိုလဲ ရတယ်၊ အဲဒီ စျာန် အခြေခံပြုပြီး ဝိပဿနာ ရှုလိုက်တော့ သုံးမဂ် သုံးဖိုလ်ကို ရပြီး အနာဂါမ်လဲ ဖြစ်သွားပါသတဲ့။ အဲဒီ ကိုရင်နဲ့ ရဟန်းငယ်ဟာ စောစောကတည်းက ရှုမှတ်နည်းကို သိနားလည်ထားပြီးဖြစ်တဲ့ အတွက်အသုဘ အာရုံမှာ ပဌမစျာန်ကို ရလျှင်ပင် အဲဒီစျာန်မှ ထပြီး မိမိသန္တာန်က သင်္ခါရ တရားတွေကို ဝိပဿနာ ရှုနိုင်တယ်၊ အဲဒီလို ရှုနိုင်တဲ့ အတွက် အနာဂါမိ မဂ်ဖိုလ်အထိ ရသွားကြတာပဲ။ ဒါကြောင့် ရှုနည်း သိနားလည်ထားဘို့က အရေးကြီးတယ်လို့ ပြောခဲ့ပါ

http://www.dhammadownload.com

တယ်။ အဲဒီ အကြောင်း အရာကို ထောက်ဆပြီးတော့ ၃၈-ပါးသော ကမ္မဋ္ဌာန်းထဲမှ ဘယ်ကမ္မဋ္ဌာန်းဖြင့် မဆို နိဗ္ဗာန် ရောက်နိုင်တယ် ဆိုတာလဲ သဘောပေါက်ဖို့ ပါပဲ။

တနည်း အဖွင့်အနက်ကတော့- သဗ္ဗတောပဘံ-အရပ်ခပ်သိမ်းတို့၌ အမြတ်အားဖြင့် ထင်ရှားရှိပေ၏-တဲ့။ မည်သည့် အရပ် မည်သည့်ဌာနမှာမဆို နည်းလမ်းမှန်စွာကျင့်ယင် အဲဒီ နိဗ္ဗာန်ကို တွေ့နိုင် ရောက်နိုင် တယ်လို့ ဆိုလို ပါတယ်။ ဒါကြောင့်-

ဝိညာဏံ-ထူးသောမဂ်ဉာဏ်ဖြင့် သိအပ်သော၊ယံ-အကြင် အငြိမ်းဓာတ်နိဗ္ဗာန်သည်၊ အနိဒဿနံ- မြင်အပ်-မြင်ကောင်းသော သဘောမရှိပေ၊ ဝါ-ပုံတူဥပမာမရှိပေ၊ အနန္တံ-ဖြစ်ခြင်းပျက်ခြင်းဟူသော အစ အပိုင်းအခြား အဆုံးအပိုင်းအခြားလဲမရှိပေ၊ သဗ္ဗတောပဘံ-အညစ်အကြေး ကင်းသောကြောင့် အချင်းခပ်သိမ်း စင်ကြယ် တောက်ပလျှက်ရှိ၏၊ ဝါ- (၃၈) ပါးသော ကမ္မဋ္ဌာန်းဟူသော အရပ်ခပ်သိမ်းမှ သက်ရောက်နိုင်သည့် ဆိပ်ကမ်းလဲ ရှိပေ၏၊ ဝါ-အရပ်ခပ်သိမ်းတို့၌ အမြတ်အားဖြင့် ထင်ရှားပေ၏၊ ဧတ္ထ-ဤအငြိမ်းဓာတ်နိဗ္ဗာန်၌၊ အာပေါ စ-အရည်ရုပ် အစိုရုပ်သည်ငှင်း၊ ပထဝီ စ-အမာခံ ပထဝီရုပ်သည်ငှင်း၊ တေဇော စ-အပူငွေ့ တေဇောရုပ်သည်ငှင်း ဝါယော စ-တွန်းကန် လှုပ်ရှားရုပ် လေရုပ်သည်ငှင်း၊နဂါ ဓတိ-မတည်မရှိပေ။

http://www.dhammadownload.com

တတိယပိုင်းအစနားတုန်းက ဟောခဲ့တဲ့အတိုင်းပင် နိဗ္ဗာန်မှာ ပထဝီ အာပေါ တေဇော ဝါယော ဆိုတဲ့ မဟာဘုတ်ရုပ် ခေတ်ကြီးလေးပါး မရှိပါဘူးတဲ့။ မဟာဘုတ်လေးပါး မရှိတော့ အဲဒီမဟာဘုတ်လေးပါး ရှိမှ ဖြစ်နိုင်တဲ့ ဥပါဒါရုပ်ဆိုတဲ့ အခြားရုပ်တွေလဲ မရှိဘူး၊ အဲဒီဥပါဒါ ရုပ်တွေ့ မရှိတော့ မျက်စိ နားအစရှိတဲ့ အဲဒီ ဥပါဒါရုပ်တွေကို မှီပြီးဖြစ်တဲ့ စိတ် စေတသိက် နာမ်တရားတွေလဲ မရှိဘူးလို့ ဆိုပါတယ်။ နောက်ပြီးတော့-

ဇတ္ထ-ဤနိဗ္ဗာန်၌၊ ဒိဿ-အရှည်သည်၎င်း၊ ရဿ-အတိုသည်၎င်း၊ အဏု-အငယ်သည်၎င်း၊ ထူလ-အကြီးသည်၎င်း၊ သုဘာသုဘ-တင့်တယ်- မတင့်တယ်သော အရာသည်၎င်း၊ နာဂါဓိတိ-မတည်ရှိပေ။ ရုပ်မရှိတော့ အရှည်အတိုပုံသဏ္ဌာန်လဲ မရှိ၊ အကြီး အငယ်ပုံသဏ္ဌာန်လဲ မရှိ၊ လုတယ်-မလှဘူး ဆိုတာလဲ မရှိပါဘူးတဲ့၊ ဒါကတော့ ရှင်းနေပါပြီ။ နောက်ပြီးတော့-

ဇတ္ထ-ဤနိဗ္ဗာန်၌၊ နာမ-အာရုံဆီသို့ ညွတ်တတ် အာရုံကို သိတတ်သော နာမ်တရားသည်၎င်း၊ ရူပ-ရုပ်တရားသည်၎င်း၊ အသေသံ နိရုဇ္ဈတိ-အကြွင်းမဲ့ချုပ်၏။

အဲဒီနိဗ္ဗာန်မှာ နာမ်ရော ရုပ်ရော အကုန်လုံး အကြွင်းမဲ့ချုပ်ပါတယ် တဲ့။ ဒီစကားထဲမှာ (အသေသံ) အကြွင်းမဲ့ချုပ်တယ် ဆိုတာကို အထူးသတိပြုရမယ်၊ သိမ်သိမ်မွေ့မွေ့ ကလေးများ ကျန်ရှိနေသေး သလားလို့ တွေးဦးဘာ စဉ်း

http://www.dhammadownload.com

စား စရာ မလိုတော့ပါဘူး၊ အကြွင်းမဲ့ ဆိုတော့ တစ္ဆန်းတ စမျှ မကျန်ပဲ အကုန် ချုပ်တယ် ဆိုတာ ရှင်းနေပါပြီ။ ဘာကြောင့် ချုပ်သလဲလို့ ဆိုတော့-

ဝိညာဏသာ- ကမ္မဝိညာဏ်, ပရိနိဗ္ဗာန်စုတိဝိညာဏ်၏၊ နိရောဓေန - ချုပ်ခြင်းကြောင့်၊ ဧတ္ထ - ဤ အငြိမ်းဓာတ် နိဗ္ဗာန်၌၊ ဧတံ-ဤနာမ်ရုပ် အလုံးစုံသည်၊ နိရုဇ္ဈတိ-ပြတ်စဲ ချုပ်ကင်းလေတော့၏-တဲ့။

အကျိုး ပေးတတ်တဲ့ကံနှင့် ပူးတွဲဖြစ်တဲ့ ကမ္မဝိညာဏ် ချုပ်ခြင်း ကင်းခြင်း ကြောင့်လဲ ဘဝသစ် နာမ်ရုပ်အပေါင်း ပြတ်စဲ ချုပ်ကင်းသွားတယ်၊ ပရိနိဗ္ဗာန် စုတိစိတ် ဆိုတဲ့ နောက်ဆုံး ဝိညာဏ် ချုပ်ခြင်းကြောင့်လဲ ပြတ်စဲချုပ်ကင်း သွားပါတယ် တဲ့။ အရဟတ္တမဂ်၏ အစွမ်းကြောင့် ဘဝ သစ်ကို ဖြစ်စေနိုင်တဲ့ ကံတွေ အစွမ်းကုန်သွားတယ်၊ ကံနှင့် ယှဉ်တွဲဖြစ်တဲ့ စိတ်ဝိညာဏ်ဟာလဲ ကုန်သွားတယ်၊ ဒါကြောင့် ပရိနိဗ္ဗာန် စုတိမှ နောက်ကာလ၌ ဘဝသစ် ရုပ်နာမ်တွေ မဖြစ်နိုင်တော့ဘူး၊ ဒါပေမဲ့ အဲဒီနောက်ဆုံး စုတိစိတ် ဝိညာဏ် တိုင်အောင်တော့ ရဟန္တာ ပုဂ္ဂိုလ်၏ သန္တာန်မှာ နာမ်ရုပ်တွေက မပြတ်ဖြစ်မြဲ ဖြစ်လျက် ရှိနေသေးတာပဲ။ အရှင်ဗာကုလမှာ ဆိုယင် အနှစ်ရှစ်ဆယ်တိုင်တိုင် နမ်ရုပ် တွေ ဖြစ်မြဲ ဖြစ်နေသေးတာပဲ၊ သုဒ္ဓါဝါသဘုံက ရဟန္တာ မှားမှာ ဆိုယင် ကပ္ပါပေါင်း တထောင်, နှစ်ထောင်, လေး,

http://www.dhammadownload.com

ထောင်, ရှစ်ထောင်, တသောင်း ခြောက်ထောင် တိုင်အောင် အသက်တမ်း ရှိသလောက် နာမ်ရုပ်တွေ မပြတ်ဖြစ်လျက် ရှိနေသေးတာပဲ။ နောက်ဆုံး ပရိနိဗ္ဗာန်စုတိဝိညာဏ် ချုပ်သွားတဲ့အခါ ကျတော့မှ ဘဝသစ် နာမ်ရုပ်တွေ မဖြစ်လာတော့တဲ့အတွက် လုံးဝ ချုပ်ငြိမ်း ပြတ်စဲသွားတယ်။ ဒါကြောင့်-

ဝိညာဏသ နိဏ္ဍေဓေန- ကမ္မဝိညာဏ်, ပရိနိဗ္ဗာန် စုတိဝိညာဏ်၏ ချုပ်ခြင်းကြောင့်၊ တေံ-ဤနာမ်ရုပ်အပေါင်းသည်၊ တွေ-ဤအငြိမ်းဓာတ်နိဗ္ဗာန်၌၊ နိရုဇ္ဈတိ–အကြွင်းမဲ့ချုပ်ငြိမ်း ပြတ်စဲ လေတော့၏–လို့ ဟောတော်မူပါတယ်။

ဒီဒေသနာတော်မှာ "တွေ-ဤနိဗ္ဗာန်၌ ချုပ်တယ်"လို့ ဆိုတာကတော့ တနေ့က ဟောခဲ့တဲ့ ဣတိဝုတ်ပါဠိတော်၌ ယမှိ-ယင်းအနုပါဒိသေသနိဗ္ဗာန်၌ ဘဝတွေအားလုံး ချုပ်ကြတယ်"လို့ တင်စားပြီးပြောတာမျိုးပါပဲ၊ ချုပ်ငြိမ်းခြင်းသဘောကိုပင် ချုပ်ငြိမ်းရာအဖြစ်ဖြင့် တင်စားပြီး ဟောတော်မူတာပါပဲ။ ဒီကေဝဋ္ဌသုတ်ဒေသနာမှာ "နာမ်ရောရုပ်ရော နိဗ္ဗာန်မှာ အကုန်လုံး အကြွင်းမဲ့ချုပ်တယ်"လို့ ဟောထားတဲ့အတွက်၊ သဗ္ဗသခ်ါရသမထော- သခ်ါရအားလုံးငြိမ်းရာ ငြိမ်းခြင်းသဘောကို နိဗ္ဗာန်ခေါ်တယ်ဆိုတာ ထင်ရှားပေါ်သွားပါပြီ၊ နာမ်ရုပ် ဆိုတာ သခ်ါရပဲ၊ သခ်ါရဆိုတာလဲ နာမ်ရုပ်ပဲ၊ ဒါကြောင့် ထင်ရှားပေါ်သွားပါပြီ။ ဒါပေမဲ့ အဲဒီကေဝဋ္ဌသုတ် ဟောတော်မူခြင်း၏ အကြောင်းကို ထုတ်

http://www.dhammadownload.com

ပြဿိုဳ လိုပါသေးတယ်၊ ဒါကြောင့် အဲဒီအကြောင်းကို ထုတ်ပြဦးမယ်။

ကေဝဋ္ဋ ဒါယကာက လျှောက်ပုံ

"မြတ်စွာဘုရား, ဒီ နာဋဋန္ဒာမြို့ဟာ အလွန်သာယာ စည်ကား ပါတယ်၊ မြတ်စွာဘုရားဦးလဲ ကြည်ညိုပါတယ်၊ တန်ခိုးပြနိုင်တဲ့ ရဟန်းတပါးကို ၁၅-ရက် တကြိမ်ဖြစ်စေ၊ တလ တကြိမ် ဖြစ်စေ၊ တနှစ် တကြိမ် ဖြစ်စေ တန်ခိုး ပြရန် ညွှန်ကြား ခန့်ထားတော် မူပါ၊ အဲဒီလို တန်ခိုးပြလျှင် တပည့်တော်တို့၏ နာဋဋန္ဒာ မြို့သူ မြို့သား တွေဟာ အတိုင်းထက် အလွန် သဒ္ဓါကြည်ညို ဖြစ်ကြ ပါလိမ့်မယ်၊ ကုသိုလ် တရားလဲ ပွါးများကြ ပါလိမ့်မယ် ဘုရား" လို့ ကေဝဋ္ဋ ဒါယကာက မြတ်စွာ ဘုရားအား လျှောက်ထား တောင်းပန်ပါတယ်။

အဲဒီတော့ မြတ်စွာဘုရားက "လူတို့အား တန်ခိုးပြကြရ မယ်လို့ ရဟန်းတို့အား ဒီလိုဘရားကို ငါ မဟော်ဘူး" လို့ မိန့်တော် မူပါတယ်။ ကေဝဋ္ဋ ဒါယကာက သူ့အမြင်အား ဖြင့် အကျိုးများလိမ့်မယ်လို့ မြော်လင့် ယုံကြည် ချက်ဖြင့် သုံးကြိမ်တိုင်တိုင် လျှောက်ထား တောင်းပန်တယ်။ တန်ခိုး ပြယင်း အများအားဖြင့် ယုံကြည်က ကြည်ညိုကြဖွယ် ရှိတာ ပါပဲ၊ ဒါပေမဲ့ မြတ်စွာ ဘုရားကတော့ ဖြစ်ပေါ် လာမည့် အပြစ်ကို မြင်တော်မူတဲ့ အတွက် ခွင့်မပြုခဲ့ဘူး၊ ဒါကြောင့်

http://www.dhammadownload.com

ပါဋိဟာရိယလို့ ခေါ်တဲ့ ပြာဋိဟာ ၃-မျိုးကို ထုတ်ဖော်ပြီးဟောတော် မူပါတယ်။

ကဒ္ဒိ (တန်ခိုး) ပြာဋိဟာ

အထွေထွေ အမျိုးမျိုး တန်ခိုး ဖန်ဆင်း တာကို တန်ခိုးပြာဋိဟာ ခေါ်သည်။ အဲဒါကို ဆိုကြရမယ်။

အထွေထွေ အမျိုးမျိုး တန်ခိုး ဖန်ဆင်း တာကို တန်ခိုး ပြာဋိဟာ ခေါ်သည်။

အဲဒီလိုဖန်ဆင်း နိုင်တာဟာ ကဒ္ဒိဝိဓ အဘိညာဉ်၏ အစွမ်းပါပဲ။ အဲဒီ အဘိညာဉ်နှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ မိမိတပါး တည်းကို တရာ တထောင် စသည် အများ ဖြစ်အောင်လဲ ဖန်ဆင်း နိုင်တယ်၊ အများကို တပါးတည်း ဖြစ်အောင်လဲ ဖန်ဆင်း နိုင်တယ်၊ မြေကြီးကို ရေဖြစ်အောင် အခေါင်းဖြစ်အောင် ဖန်ဆင်းပြီး မြေကြီးထဲလဲ ငုပ်လျှိုး သွားနိုင်တယ်၊ ကောင်းကင်လဲ ပျံသွားနိုင်တယ်၊ ရေပေါ်လဲ လမ်းလျှောက်နိုင်တယ်၊ အနီးကိုလဲ အဝေး ဖြစ်အောင်၊ အဝေးကိုလဲ အနီး ဖြစ်အောင် ဖန်ဆင်းနိုင်တယ်။

မြတ်စွာဘုရားဟာ အင်္ဂုလိမာလကို ဆုံးမတော် မူစဉ်က ခြေတလှမ်းစာလောက်ကို ကွင်းပြင် ကျယ်ကြီး တခု ဖြစ်အောင်၊ ခဲလုံးကြီး တခုကို တောင်ပူစာ တခုလောက် ဖြစ်အောင် စသည်ဖြင့် ဖန်ဆင်း ခဲ့တယ်၊ ဒါကြောင့် အင်္ဂုလိ

http://www.dhammadownload.com

မာလ ဟာ ခြေတလှမ်း စာလောက်ကိုပင် ပင်ပန်း ကြီးစွာ နှင့် အကြာကြီး ပြေးလွှားပြီး လိုက်ရတယ်၊ ခဲတလုံးကိုပင် တက်လိုက် ဆင်းလိုက်နဲ့ အကြာကြီး ကျော်တက် နေရတယ်၊ မြတ်စွာ ဘုရားကတော့ သွားရိုး သွားစဉ် အတိုင်း မှန်မှန်ပဲ ကြွသွား နေတယ်၊ သုံးယူဇနာ ခရီးကို တဟုန်တည်း ပြေး သွားနိုင်တဲ့ အင်္ဂုလိမာလဟာ ကြာတော့ ခြေကုန် လက်ပန်း ကျပြီး မောလာတယ်။ အဲဒီတော့ သူက စဉ်းစားတယ်၊ "အခါတိုင်း ဆိုယင် ဘယ်သူမှ ငါ့လက်မှ လွတ်အောင် မပြေးနိုင်ဘူး၊ ဒီရဟန်း ကတော့ မှန်မှန်ပဲ သွားနေတယ်၊ ငါတအားကုန် ပြေးလိုက်တာလဲ မမှီဘူး၊ ငါလဲ မောလှပြီ၊ မပြေး နိုင်တော့ဘူး၊ ရဟန်းကို အရပ် ခိုင်းမှပါပဲ" လို့ စဉ်း စား ပြီးတော့ "ရပ်ပါ ရှင်ရဟန်း၊ ကျွန်ုပ်လဲ ရပ်နေပါပြီ" လို့ လျှောက်လိုက်တယ်။ အဲဒီတော့ မြတ်စွာ ဘုရားက "အင်္ဂုလိမာလ၊ ငါက ရပ်နေပြီ၊ သင်က သွားနေတုန်းပဲ" လို့ မိန့်တော် မူလိုက်တယ်။

အဲဒီ စကားကို ကြားရတော့ အင်္ဂုလိမာလက ဆင်ခြင် တယ်၊ "ရဟန်းဆိုတာ မုသာဝါဒမှ ကြဉ်ရှောင် ရတယ်၊ ဒီ-ရဟန်း ကတော့ သူက သွားမြဲ သွားနေပါလျက် ရပ်နေတယ် လို့ ဆိုတယ်၊ ငါ ရပ်တန့် နေတာကိုတော့ သွားနေတယ် လို့ ဆိုတယ်၊ ဘယ်လို ရည်ရွယ်ချက်နဲ့ ပြောပါလိမ့်မလဲ" လို့ ဆင်ခြင် ပြီးတော့ အဲဒီ အကြောင်းကို မေးလျှောက်

http://www.dhammadownload.com

တယ်။ အဲဒီတော့ မြတ်စွာဘုရားက "သံသရာမှာ ကျင်လည် ရင်ကြောင်း ဖြစ်တဲ့ ကိလေသာ ကင်းလို့ မိမိမှာ သံသရာ ခရီး ရပ်တန့်နေတယ်၊ အင်္ဂုလိမာလမှာတော့ ကိလေသာတွေ ရှိနေလို့ သံသရာ ခရီးသွားနေတုန်းပင် ဖြစ်တယ်၊ အဲဒီ အ ကြောင်းအရာကို ရည်ရွယ်ပြီး မိန့်ဆိုခြင်း ဖြစ်တယ်" လို့ ဖြေ လိုက်တယ်။ ဒီတော့မှ အင်္ဂုလိမာလဟာ သတိတရား ရပြီး တော့ လက်နက် ကိုလဲ စွန့်ပစ် လိုက်ပြီး မြတ်စွာ ဘုရားထံ ရဟန်း အဖြစ် တောင်းပန်တယ်၊ မြတ်စွာဘုရားက ဧဟိဘိက္ခု ခေါ်ပြီး ရဟန်းပြုပေး ခဲ့တယ်။ ဒီအင်္ဂုလိမာလဆုမွန်း မှာ အနိုးကို အဝေးဖြစ်အောင် ဖန်ဆင်းတော် မူပုံဟာ ဒီနေ ရာ၌ ပြောလို ရင်းပါပဲ။

ရာဇဂြိုဟ်မြို့နယ် သင်္ကာရ နိဂုံးရွာကြီးက မစ္ဆရိယကောသိ-ယ သေဋ္ဌေးကို အရှင်မဟာ မောဂ္ဂလာန် မထေရ်က သဒ္ဓါ တရားဖြစ်အောင် ဆုမွှမပြီးနောက် အဲဒီ သေဋ္ဌေးနှင့် သေဋ္ဌေး ကတော် တို့ကို ၄၅- ယူဇနာခန့် ဝေးကွာတဲ့ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော် သို့ ခေါ်ဆောင် လာတဲ့ အခါမှာ သေဋ္ဌေးအိမ် ပြာသာဒ် လှေကားရင်း အနီးတွင် ဇေတဝန် ကျောင်းတိုက် တံခါး မုခ်တည်ရှိနေအောင် ဖန်ဆင်းပြီး ခေါ် ဆောင် လာခဲ့ ပါသတဲ့။ အဲဒါဟာ အဝေးကို အနီးဖြစ် အောင် ဖန်ဆင်း တာပါပဲ။

http://www.dhammadownload.com

ဂန္ဓာရီအတတ်

အဲဒီလို အထွေထွေ အမျိုးမျိုး တန်ခိုး ဖန်ဆင်း ပြတာဟာ အလွန်ကြည်ညို စရာ ကောင်းပါတယ်။ ဒါပေမဲ့ ကြည်ညိုတဲ့ လူက မိမိတို့ ကိုးကွယ်တဲ့ ဆရာရဟန်း၏ တန်ခိုး ဖန်ဆင်း ပုံတွေကို ချီးကျူးပြီး ပြောတဲ့အခါ မယုံကြည်တဲ့ ဘာသာခြား လူက ဒီလို ဖျောင်းဖျက်ပြီး ပြောစရာရှိပါတယ်တဲ့။ ဖျောင်းဖျက်ပြီး ပြောပုံကတော့ "ဂန္ဓာရတိုင်းက ရသေ့တိထွင် ထားတဲ့ ဂန္ဓာရီအတတ် ဆိုတာရှိတယ်၊ အဲဒီ ဂန္ဓာရီမျက်လှည့် အတတ်ကလဲ ဒီလို အံ့သြဘွယ်တွေ ဖြစ်အောင် လုပ်တတ်တယ်၊ မိတ်ဆွေတို့ ဆရာရဟန်းဟာ အဲဒီဂန္ဓာရီ မျက်လှည့်အတတ် နဲ့ ဖန်ဆင်း ပြတာ ဖြစ်ပါလိမ့်မယ်" လို့ ပြောစရာရှိတယ်၊ "အဲဒီလို မပြောဇဝေဘူးလား" လို့ မြတ်စွာ ဘုရားက ကဝ်ဋ္ဌ ဒါယကာကို မေးတော် မူပါတယ်။ "ပြောနိုင် ပါတယ် ဘုရား" လို့ ကဝ်ဋ္ဌ ဒါယကာက လျှောက်တယ်။ အဲဒီလို အပြစ်ကို မြင်တော်မူတဲ့ အတွက် တန်ခိုး ပြခြင်းကို မလို လားတဲ့ အကြောင်း မြတ်စွာ ဘုရားက မိန့်တော်မူပါတယ်။

နောက်ပြီးတော့ တန်ခိုး ပြခြင်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အခြား အပြစ်တွေလဲ ရှိပါသေးတယ်၊ ဘာတွေလဲဆိုယင်- ဘုန်းကြီးအောင် ရည်ရွယ်ပြီး တန်ခိုးပြလို့ ကြည်ညိုတဲ့ လူတွေက လှူတဲ့ ပစ္စည်းကို သုံးစွဲယင် အာဇီဝသီလ

http://www.dhammadownload.com

ပျက်တယ်၊ သန့်ရှင်း စင်ကြယ်တဲ့ စိတ်နဲ့ ပြတောင်မှ အဲဒီ တန်ခိုး ပြတာ အကြောင်းပြုပြီး လူတဲ့ ပစ္စည်းတွေကို သုံးစဲ့ ယင် မစင်ကြယ်ဘူး၊ တန်ခိုးပြတဲ့ ပုဂ္ဂိုလ် ကိုသာ ကြည်ညို ပြီးတော့ တန်ခိုး မပြနိုင်တဲ့ ပုဂ္ဂိုလ်တွေ အထင် သေးပြီး ပြစ်မှားယင် အကုသိုလ်အပြစ် တွေလဲ ဖြစ်နိုင်တယ်၊ ရဟန္တာ အစစ်ဖြစ်စေကာမူ တန်ခိုးမပြနိုင်တဲ့အတွက် အများက အထင် သေးနေကြယင် သာသနာတော် ဆုတ်ယုတ် ပျက်စီးကြောင်း လဲ ဖြစ်နိုင်တယ်။ ဒီနေရာမှာ ထုတ်ဖော်ပြီး ပြမထားပေမဲ့ အဲဒီလို အပြစ် တွေကြောင့်လဲ မြတ်စွာဘုရားက တန်ခိုးပြခြင်း ကို ခွင့်မပြုတာ ဖြစ်ပါ လိမ့်မယ်၊ အရှင် ပိဏ္ဍောလက တန်ခိုး ပြပြီး စန္ဒကူး သပိတ် အလှူခံခြင်း အကြောင်း ပြုပြီးတော့ တန်ခိုး မပြရန် သိက္ခာပုဒ် ကိုလဲ ပညတ် ထားတော် မူခဲ့ပါ တယ်။

အာဒေဿနာ (အတပ်ဟော) ပြာဋိဟာ

သူတပါး၏ စိတ်အကြံကို သိပြီး ထုတ်ဖော် ပြောတာကို အတပ်ဟောပြာဋိဟာ ခေါ်သည်။ အဲဒါကို ဆိုကြရမယ်။

သူတပါး၏ စိတ်အကြံကို သိပြီး ထုတ်ဖော် ပြောတာကို အတပ်ဟောပြာဋိဟာ ခေါ်သည်။

သူတပါး၏ စိတ်အကြံကို အတပ်သိပြီး ပြောနိုင်တာက တော့ စေတောပရိယအာဘိညာဉ်၏ အစွမ်းဖြင့် ပြီးတယ်။

http://www.dhammadownload.com

အဲဒီ အဘိညာဉ်နှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ သူတပါး၏ စိတ်ကူးကြံစည်တာတွေကို အဘိညာဉ်ဖြင့် ဆင်ခြင်ကြည့်လိုက်ယင် အကုန်လုံးကို သိရတယ်။ အဲဒါဟာလဲ အံ့စရာပဲ။

ဥရုဝေလကဿပ အမှူးရှိသော ရသေ့တွေကို ဆုမွန်စဉ်က အဲဒီ ရသေ့ဆရာကြီးအား ပူဇော်တဲ့ပဲနေ့မှာ မြတ်စွာဘုရားက သူတို့ထံ မကြွပဲ အခြားမှာ ဆွမ်းခံပြီး ဘုဉ်းပေးတော်မူတယ်။ နောက်တနေ့ကျတော့ ဥရုဝေလကဿပတို့ထံသို့ ကြွမြဲကြွသွားတဲ့အခါ ကဿပရသေ့ကြီးက "အရှင် ဂေါတမ ယမန်နေ့က ဘာကြောင့် ဒီကို ကြွမလာသလဲ၊ အရှင် ဂေါတမအတွက် စားဘွယ်တွေကို အသင့်ထားပြီး မြှော်နေကြပါတယ်"လို့ ပြောတဲ့အခါ မြတ်စွာဘုရားက "ကဿပ၊ ဒီကနေ့ ပူဇော်ပဲမှာ အရှင်ဂေါတမ-က တန်ခိုးတခု ပြလိုက်ယင် လူအများက အရှင်ဂေါတမကို ကြည်ညိုကုန်တော့မှာပဲ၊ ငါ့အပေါ် အကြည်ညို နဲကုန်တော့မှာပဲ၊ ဒီကနေ့ တရက်လောက် အရှင်ဂေါတမ မလာပဲ နေယဲင် ကောင်းမှာပဲလို့ သင့်မှာ ဒီလို စိတ်အကြံ ဖြစ်တယ် မဟုတ်လား"လို့ ကဿပ ရသေ့ကြီး၏ စိတ်ကူးကြံစည်ပုံကို ထုတ်ဖေါ်ပြီး မိန့်တော်မူတယ်။ အဲဒီအခါမှာ "အရှင်ဂေါတမဟာ သူတပါး၏ စိတ်အကြံကိုတောင် သိတယ်၊ အလွန်တန်ခိုးကြီးတာပဲ"လို့ သဒ္ဓါကြည်ညိုမှု ပွါးကြပါသတဲ့။ အဲဒါဟာ အတပ်ဟော ပြာဋိဟာဖြင့် တန်ခိုးပြပြီး ဆုမွန်တော်မူတာပါပဲ။

http://www.dhammadownload.com

တခါက မြတ်စွာဘုရားဟာ နောက်ပါ သုနက္ခတ္တ ဆိုတဲ့ လိစ္ဆဝီအမျိုးသား ရဟန်းနှင့် တကွ ဥတ္တရကာ ဆိုတဲ့ နိဂုံး ရွာကြီးမှာ ဆွမ်းခံ ကြွတော်မူတယ်။ အဲဒီတုန်းက သုနက္ခတ္တ ရဟန်းဟာ အဝတ်မဝတ်ပဲ ခွေးလိုသံဃး ခွေးလိုစား ခွေးလို အိပ်ပြီး ခွေးအကျင့်ကို ကျင့်နေတဲ့ ကောရက္ခတ္တိယကို မြင်တော့ သူက စိတ်ကူးဖြင့် ကြည်ညိုနေတယ်၊ သုနက္ခတ္တ-ဟာ ဘဝမျှားစွာက မိစ္ဆာအကျင့်တွေကို ကြိုက်လာခဲ့တဲ့အတွက် မိစ္ဆာအကျင့်ကို ကြည်ညိုလေ့ရှိပါတယ်။ အဲဒီလို မကြည်ညို သင့်ရာမှာ ကြည်ညိုနေတာကို သိတော်မူတဲ့အတွက် မြတ်စွာဘုရားက "မင်္ဂိုလ်မမှီး အချည်းနှီး ယောကျ်ား၊ သင်လိုပုဂ္ဂိုလ် ကတောင် သာကီန္ဒယ်ဘုရား၏ သားတော်ရဟန်းလို့ ဝန်ခံတာ အံ့စရာပဲ"လို့ သုနက္ခတ္တကို မိန့်ဆိုတော် မူပါတယ်။ "မြတ်စွာဘုရားက တပည့်တော်ကို ဘာကြောင့် ဒီလို ဖိနှိပ်ပြီး ဆိုတော်မူရပါသလဲ"လို့ သုနက္ခတ္တက် မေးလျှောက်တယ်။ "သုနက္ခတ္တ သင်ဟာ မြေပြင်မှာ သွန်ချထားတဲ့အစာကို ခွေးအကျင့် ကျင့်နေတဲ့ ကောရက္ခတ္တိယ-က လေးဘက် ထောက်ပြီး ခွေးလိုပင် ပါးစပ်နဲ့ ဟပ်ဟပ်ပြီးစားနေတာ ကြည့်ပြီးတော့ ရဟန္တာသူတော်ခေါင်းပဲလို့ သင်က ကြံစည်ပြီး ကြည်ညိုနေတယ်မဟုတ်လား၊ အဲဒီလို မကြည်ညိုသင့်ရာမှာ ကြည်ညိုနေတဲ့အတွက် ငါက သင့်ကို ထိုက်တန်တဲ့ စကားဖြင့် မိန့်ဆိုတယ်"လို့ မိန့်တော်မူပါတယ်၊ အဲဒါလဲ အတပ်ဟောပြာဋိဟာဖြင့် ဆုံမှတာပါပဲ။

http://www.dhammadownload.com

အဲဒီလို သူတပါးစိတ်ကို သိပြီး အတပ်ဟော ပြာဋိဟာဖြင့် ဆုမွတာဟာလဲ အလွန်ပင်အံ့သြဘွယ် ကြည်ညိုဘွယ်ကောင်းပါတယ်။ ဒါပေမဲ့ အပြစ်မကင်းတဲ့အတွက် မြတ်စွာဘုရားက ဒီလိုမိန့်တော်မူပြန်ပါတယ်၊ အဲဒီလိုအတပ်ဟောတာကို ကြည်ညိုတဲ့သူက ချီးမွမ်း ပြောဆိုတဲ့အခါမှာ မကြည်ညိုတဲ့ ဘာသာခြားဖြစ်သူက အဲဒါကို ချေဖျက်ပြီး ပြောစရာရှိတယ်၊ ဘယ်လိုလဲဆိုတော့ "**မဏိကာမန္တာန်** ဆိုတဲ့ **မှော်အတတ်** ရှိတယ်၊ အဲဒီ မန္တာန်အတတ်ဖြင့် သူတပါးစိတ်ကို သိနိုင်တယ်၊ မိတ်ဆွေရဲ့ ကိုယ်ခတော်ဟာ အဲဒီ မဏိကာ ဆိုတဲ့ မန္တာန်အတတ်ဖြင့် သူတပါးစိတ်ကို သိပြီး ပြောဟောတာဖြစ်ပါလိမ့်မယ်"လို့ ပြောစရာရှိတယ်၊ "အဲဒီလို မပြောပေဘူးလား" လို့ မြတ်စွာဘုရားက မေးတော်မူပါတယ်။ "ပြောနိုင်ပါတယ် ဘုရား"လို့ ကောဝ်ဒါယကာက လျှောက်တယ်၊ အဲဒီလို အပြစ်ကို မြင်တော်မူတဲ့အတွက် အတပ်ဟော ပြာဋိဟာဖြင့် တန်ခိုးပြခြင်းကိုလဲ လိုလား တော်မမူကြောင်း မြတ်စွာဘုရားက မိန့်တော်မူပါတယ်။

အနုသာသနီ (ဆုမွညွှန်ကြားမှု) ပြာဋိဟာ

"ဧဝံ ဝိတက္ကေထ-ဣတိသိကဲ့ကြလော့၊ မာ ဧဝံ ဝိတက္ကယိတ္ထ-ဣတိသိဧတော့ မကြံကြလင့်။ ဧဝံ မနသိကရောထ-ဣတိသိနှလုံး သွင်းကြကုန် လော့၊ မာ ဧဝံ မနသာကတ္ထ-ဣတိသိဧတော့ နှလုံးမသွင်းကြလင့်။ ဣဒံ ပဇဟထ-ဣအကုသိုလ်ကို

http://www.dhammadownload.com

ပယ်ကြလော့၊ ဤဒုံ ဥပသမ္ပဒ္ဓ ဝိဟရထ-ဤကုသိုလ်ကို ပြည့်စေလျက် နေကြကုန်လော့” စသည်ဖြင့် ဆုမွန်ကြားတာကို အနုသာသနီပြာဋိဟာရ ခေါ်တယ်။ ဆိုကြရမယ်။

ဆုမွန်ကြားတာကို အနုသာသနီပြာဋိဟာခေါ်သည်။

ဒီအနုသာသနီပြာဋိဟာ ကဘော့ အပြစ်လဲ ကင်းတယ်၊ လိုက်နာပြီး ကျင့်ကြံယင် အရဟတ္တမဂ်ဖိုလ် တိုင်အောင် သီလ သမာဓိ ပညာ အားလုံး ပြည့်စုံသွား နိုင်တယ်။ ဒါကြောင့် မြတ်စွာဘုရားက ဒီဆုမွန်ကြားမှု ပြာဋိဟာကို သာလျှင် ချီးမွမ်းတော်မူတယ်။

တန်ခိုး ဤဒ္ဓိပါဒ်ဘက်က ဘယ်လောက်ပင် ကြီးနေစေကာမူ တန်ခိုးသက်သက်နဲ့တော့ ကိလေသာငြိမ်းစေခြင်း ကိစ္စကို မပြီးစေနိုင်ဘူး၊ အဲဒီအကြောင်းကိုလဲ သိရအောင် မြတ်စွာဘုရားက ဘူတရုပ်ငြိမ်းရာကို ရှာတဲ့ ရဟန်း တပါး အကြောင်းကို ဒီလို ပြတော်မူပါတယ်။

ဘုတ်ငြိမ်းရာ ရှာတဲ့ရဟန်း

တခါက ရဟန်းတပါးမှာ “မဟာဘုတ် လေးပါးဟာ ဘယ်မှာ အကြွင်းမဲ့ ချုပ်ငြိမ်းပါလိမ့်မလဲ” လို့ စိတ်အကြံ ဖြစ်ပါသတဲ့။ အဲဒီရဟန်းက စျာန်အဘိညာဉ်တန်ခိုးနှင့်လဲ ပြည့်စုံတဲ့အတွက် ဤဒ္ဓိဝိဓအဘိညာဉ် တန်ခိုးဖြင့် စတုမဟာရာဇ်နတ်မင်းကြီးမျှားထံ သွားရောက်ပြီးတော့” မဟာဘုတ် လေးပါးဟာ ဘယ်မှာ အကြွင်းမဲ့ချုပ်ငြိမ်းပါသလဲ” လို့..

http://www.dhammadownload.com

မေးတယ်။ အဲဒီတော့ စတုမဟာရာဇ်နတ်မင်းကြီးတို့က "ကျွန်ုပ်တို့လဲ မသိဘူး၊ အကျွန်ုပ်တို့ထက် ဘုန်းတန်ခိုးကြီးတဲ့ တာဝတိံသာနတ်တွေကို မေးပါလေ" လို့ ပြောလိုက်ကြတယ်။

အဲဒီရဟန်းက အဘိညာဉ်တန်ခိုးဖြင့် တာဝတိံသာနတ်တွေထံ သွားရောက်ပြီးတော့ မေးပြန်တယ်၊ အဲဒီနတ်တွေကလဲ "ကျွန်ုပ်တို့တော့ မသိဘူး၊ သိကြားမင်းထံမေးပါလေ" လို့ ပြောလိုက်ကြတယ်။ သိကြားမင်းထံ သွားမေးတော့လဲ "ကျွန်ုပ်တော့ မသိဘူး၊ ယာမာနတ်တွေကို မေးပါလေ" လို့ ပြောလိုက်တယ်။ ဒီနည်းဖြင့် တုသိတာ နိမ္မာနရတိ ပရနိမ္မိတဝသဝတ္တီနတ်တွေထံ မေးပါလေလို့ အဆင့်ဆင့် ညွှန်ကြားလိုက်ကြတယ်။ ပရနိမ္မိတဝသဝတ္တီနတ်တွေထံ သွားမေးတော့လဲ "ကျွန်ုပ်တို့ မသိဘူး၊ ဗြဟ္မာတွေထံ မေးပါလေ" လို့ ညွှန်ကြားလိုက်တယ်၊ ဗြဟ္မာတွေကလဲ ဗြဟ္မာမင်းကြီးထံ မေးဘို့ ညွှန်ကြားလိုက်တယ်။

မဟာဗြဟ္မာကြီးထံ တန်ခိုးဖြင့် သွားရောက်ပြီး မေးတဲ့အခါကျတော့ မဟာဗြဟ္မာမင်းကြီးက သူလဲမသိဘူး၊ အခြားဗြဟ္မာတွေရှေ့မှာ မသိဘူးလို့ ပြောယင်လဲ အခြားဗြဟ္မာတွေက သူ့အပေါ် အထင်ကြီးမှု လျော့ပါးသွားမှာ စိုးတာနဲ့ မသိဘူးလို့ မပြောသေးပဲ သူဟာ အကြီးဆုံးဗြဟ္မာမင်းကြီးဖြစ်တဲ့ အကြောင်းကို ဒီလိုပြောနေပါသတဲ့။

http://www.dhammadownload.com

အဟ့မသို့ ဘိက္ခု ဗြဟ္မာ မဟ့ာဗြဟ္မာ - အရှင်ရဟန်း၊ ကျွန်ုပ်ဟာ မဟာဗြဟ္မာကြီး ဖြစ်ပါတယ်၊ အဘိဘူ အနဘိဘူတော-ကျွန်ုပ်ကသာ အခြားသူတို့ကို အရောင်အဝါစသည် ဖြင့် လွှမ်မိုးသာလွန်ပါတယ်၊ အခြားသူတို့က ကျွန်ုပ်ကို မလွှမ်းမိုးနိုင်ပါ၊ အညဒတ္ထုဒဇသာ - စင်စစ်မြင်နိုင်ပါတယ်၊ ဝသဝတ္တီ-မိမိအလိုအတိုင်း ဖြစ်စေနိုင်ပါတယ်၊ ဣဿရော-လောကကို အစိုးရသူ ဖြစ်ပါတယ်၊ ကတ္တာ နိမ္မာတာ-ကမ္မာနှင့် သတ္တဝါတွေကို ပြုလုပ် ဖန်ဆင်းသူ ဖြစ်ပါတယ်၊ သေဋ္ဌော-အမြတ်ဆုံး ဖြစ်ပါတယ်၊ သဇိတာ-စီရင်ဖန်ဆင်းသူ ဖြစ်ပါတယ်၊ ဝသီ-မိမိအလိုအတိုင်း ဖြစ်နိုင်ပါတယ်၊ ပိတာ ဘူတဘဗ္ဗာနံ-ဖြစ်ပြီး ဖြစ်ဆဲသတ္တဝါတို့၏ ဘခင်ကြီး ဖြစ်ပါတယ်-လို့ ပြောနေပါသတဲ့။

အဲဒီဗြဟ္မာကြီး၏ ပြောပုံဟာ လိုရင်းအတိုချုပ်အားဖြင့် "အခြားဗြဟ္မာတွေရော နတ်တွေ လူတွေရော အားလုံး သတ္တဝါတွေဟာ သူ့အလိုအတိုင်း ဖြစ်ကြရတယ်၊ သူက ဖန်ဆင်းတယ်၊ သူက အားလုံးကို အစိုးရတယ်" လို့ ဆိုလို တာပါပဲ။ အဲဒီလို ထင်မြင် ပြောဆိုခြင်း၏ အနက္ကြောင်းက တော့ ကမ္ဘာဦးကာလက အဲဒီဗြဟ္မာ့ဘုံမှာ သူကအယင်ဆုံးဖြစ်တယ်၊ တယောက်တည်း နေရတာကြာလာတော့ ပျင်းလာတယ်၊ "အခြား ဗြဟ္မာအဖော်တွေလဲ ရှိယင် ကောင်းမှာပဲ" လို့ ကြံစည်တယ်၊ အဲဒီအခါမှာ လူ့ပြည်က စျာန်ရပြီး

http://www.dhammadownload.com

စုတေသွားကြတဲ့သူတွေက သူတို့၏ စျာန်ကုသိုလ်ကံကြောင့် အဲဒီဘုံမှာ ဖြစ်ကြတယ်၊ အဲဒီနောက်မှ ဖြစ်လာတဲ့ဗြဟ္မာတွေက ပဌမဗြဟ္မာကြီးလောက် တန်ခိုးလဲ မကြီးဘူး၊ အဆင်းစသည်လဲ မကောင်းမြတ်ဘူး၊ အဲဒီတော့ ပဌမဗြဟ္မာကြီးက သူအလိုရှိလို့ ကြံနေစဉ်မှာ ဖြစ်လာကြတဲ့အတွက် အဲဒီဗြဟ္မာအသစ်တွေဟာ သူ့အလိုကြောင့် ဖြစ်ရတယ်၊ သူက ဖန်ဆင်းလို့ ဖြစ်တယ်"လို့ ထင်တယ်၊ အဲဒီထင်မြင်ချက်အတိုင်း သူကပြောတယ်၊ ဗြဟ္မာအသစ်တွေကလဲ သူပြောတဲ့အတိုင်း ဟုတ်တယ်လို့ ထင်မြင်ယုံကြည်ကြတယ်။ ဒါကြောင့် ဗြဟ္မာကြီးက "သတ္တဝါတွေကို သူက ဖန်ဆင်းတယ်"လို့ ပြောတာတဲ့။ အဲဒီလို ပြောတာကို ယုံကြည်တဲ့ ဗြဟ္မာအသစ်တွေထဲမှ စုတေပြီး လူ့လောက ရောက်လာတဲ့သူကလဲ "သတ္တဝါတွေကို ဗြဟ္မာကြီးက ဖန်ဆင်းတယ်၊ ဖန်ဆင်းထားတဲ့သတ္တဝါတွေကတော့ သေရတယ်၊ ဖန်ဆင်းတဲ့ဗြဟ္မာကြီးကတော့ မသေဘူး၊ အမြဲတည်ရှိနေတယ်"လို့ ပြောဟောတယ်၊ အဲဒီလိုပြောဟော်ရာကစပြီး "လောကကို တန်ခိုးရှင်ကြီးက ဖန်ဆင်းတယ်" ဆိုတဲ့ အယူဝါဒဖြစ်လာကြောင်း ဗြဟ္မဇာလသုတ် စသည်မှာ ဟောတော်မူပါတယ်။

ဗြဟ္မာကြီးက မေးတာကို မပြောပဲ အလွဲပြောနေတော့ မေးတဲ့ရဟန်းက ဒီလိုရှင်းပြီး ပြောတယ်၊ "အရှင် ဗြဟ္မာကြီး၊ ကျွန်ုပ်က ဗြဟ္မာမင်းကြီး ဟုတ် မဟုတ် မေးတာ မဟုတ်ပါ

http://www.dhammadownload.com

ဘူး၊ မဟာဘုတ်လေးပါး ငြိမ်းထုအချပ်ကို မေးတာပါ”လို့ ရှင်းပြီးပြောတယ်။

ဒါပေမဲ့ ဖြဟ္မာကြီးကတော့ မူလက အတိုင်းပဲ ထပ်ပြီး ပြောပြန်တယ်။ ရဟန်းက် တဖန် ထပ်ပြီး ရှင်းပြတယ်။ ဖြဟ္မာကြီးက ပြောနေကျအဘိုင်း ပြောပြန်တယ်။ အဲဒီလို ပြောပြီးတော့ ရဟန်းကို အခြား ဖြဟ္မာတွေ့ မရှိရာ ခေါ် ဆောင်သွားတယ်၊ အဲဒီနေရာကျတော့မှ သူ့အကြောင်းမှန်ကို ဖွင့်ပြီး ပြောတယ်၊ “အရှင်ရဟန်း အခြားဖြဟ္မာတွေ့က ကျွန်ုပ်ကို အလုံးစုံ သိမြင်တယ်၊ မသိ မမြင်တာ မရှိဘူး”လို့ ထင်နေကြပါတယ်၊ ဒါကြောင့် သူတို့ရှေ့မှာ မပြောခဲ့တာပါ၊ မဟာဘုတ်လေးပါး ချုပ်ငြိမ်းထုကို ကျွန်ုပ်လဲ မသိဘူး၊ အရှင်ရဟန်းဟာ မြတ်စွာဘုရားကို မမေးပဲ အပြင်ထွက်ပြီးတော့ ဒီပြဿနာ၏ အဖြေကို ရှာတာဟာ သင့် အပြစ်ပဲ၊ သင့် ချုတ်ယွင်းချက်ပဲ၊ မြတ်စွာဘုရားကိုသာ မေးပါလေ”လို့ ပြောလိုက်သတဲ့။

အဲဒီ တော့မှ အဲဒီ ရဟန်းဟာ မြတ်စွာဘုရားထံ လာ ထောက်ပြီးတော့ မြတ်စွာဘုရားကို ရိုသေစွာရှိခိုးပြီး ဒီလို မေးလျှောက်ပါသတဲ့။

ကတ္ထ နုခါ ဘန္တေ ဣမေ စတ္တာရော မဟာဘူတာ အပရိသေသာ နိရုဇ္ဈန္တိ။

ဘန္တေ-မြတ်စွာဘုရား၊ ဣမေ စတ္တာရော မဟာဘူတာ-ဤလေးပါးသော မဟာဘုတ် ရုပ်ဘုံသည်၊ ကတ္ထ-အဘယ်

http://www.dhammadownload.com

အရပ်၌၊ အပရိသေသာ-အကြွင်းအကျန် မရှိကုန်ပဲ၊ နိရုဇ္ဈန္တိ နုခေါ- ချုပ်ငြိမ်းကြပါကုန်သနည်း အရှင်ဘုရား-လို့ မေး လျှောက်ပါတယ်။

အဲဒီတော့ မြတ်စွာဘုရားက ပင်လယ်ကူး သင်္ဘောမှ လွှတ် လိုက်တဲ့ငှက်ဟာ အရပ်ရှစ်မျက်နှာနှင့်အထက်အရပ်များသို့ ပျံ သွားပြီး ကမ်းခြေကိုလိုက်ရှာတယ်၊ ကမ်းခြေကိုမတွေ့ရတော့ နောက်ဆုံးမှာ သင်္ဘောသို့ပဲ ပြန်လာရတယ်၊ အဲဒါလိုပဲ သင် ရဟန်းဟာ ဗြဟ္မာပြည်တိုင်အောင် မေးမြန်းခဲ့ပြီး အဖြေမရ တာနဲ့ နောက်ဆုံးကျတော့ ငါ့ထံကိုပဲ ရောက်လာ ရတယ်လို့ မိန့်တော်မူပြီးတော့ "ဤလေးပါးသော မဟာဘုတ်ရုပ်တို့ဟာ ဘယ်အရပ်မှာ အကြွင်းမဲ့ ချုပ်ငြိမ်းကြပါသလဲ" လို့ သာမ ညအားဖြင့် မမေးရဘူး၊ အဲဒီလို သာမညအားဖြင့် မေးယင် သတ္တဝါ၏ သန္တာန်မှ အပြင်ပ မဟာဘုတ်တွေ၏ ချုပ် ငြိမ်းရာ ဌာနကိုလဲ မေးရာရောက်တယ်၊အဲဒီအပြင်ပ မဟာ ဘုတ်တွေ၏ ချုပ်ငြိမ်းရာကတော့ မရှိဘူး၊ ဒါကြောင့် အဲဒီလို မေးယင် ဖြေလို့ မဖြစ်ဘူး၊ ဒါကြောင့်-

"ကတ္ထ အာပေါ စ ပထဝီ၊
တေဇော ဝါယော နဂါဓတိ။
ကတ္ထ ဒီဃဉ္ဇ ရဿဉ္ဇ၊ အဏုံ ထူလံ သုဘာသုဘံ။
ကတ္ထ နာမဉ္ဇ ရူပဉ္ဇ၊ အသေသံ ဥပရုဇ္ဈတိ။

"အာပေါစ-အရည်ရုပ် အစိုရုပ် အာပေါ ဓာတ်သည် ၎င်း၊ ပထဝီ စ-အမာခံရုပ် ပထဝီဓာတ်သည်၎င်း၊ တေဇော

http://www.dhammadownload.com

စ-အပူငွေ့ရုပ် တေဇောခေတ်သည်ဌင်း၊ ဝါယော စ-တွန်း ကန်လှုပ်ရှားရုပ် ဝါယောခေတ်သည်ဌင်း၊ ကတ္ထ- အာဘယ် အရပ်၌၊ နာ ဂါဓတိ-မတည်ရှိပဲ ပြတ်စဲပါသနည်း။ ဒီဃဉ္ဇ ရဿဉ္ဇ-အရှည်သည်ဌင်း၊အတိုသည်ဌင်း၊ အဏု ထူလံ စ-အငယ် သည်ဌင်း၊ အကြီးသည်ဌင်း၊ သုဘာသုဘံ စ-တင့်တယ်မတင့် တယ်သော အဆာသည်ဌင်း၊ ကတ္ထ- အာဘယ်အရပ်၌၊ နာ ဂါဓတိ မတည်ရှိပဲ ပြတ်စဲပါသနည်း။ နာမဉ္ဇ-နာမ်သည်ဌင်း၊ ရူပဉ္ဇ-ရုပ်သည်ဌင်း၊ ကတ္ထ-အာဘယ်အရပ်၌၊ အဿသံ-အကြွင်းမဲ့၊ ဥပရုဇ္ဈတိ-ချုပ်ငြိမ်းပါသနည်း”လို့ ဒီလိုမေးရမယ်လို့ မေးပုံကို ပြင်ပေးတော်မူပါတယ်။

အဲဒီလိုမေးယင်တော့ ဒီလိုအဖြေ ထုတ်လာတယ်လို့ မိန့်တော်မူပြီးတော့ အောက်ပါအတိုင်း ဖြေကြားတော် မူပါတယ်။

ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ။
ဧတ္ထ အာပေါ စ ပထဝီ၊
တေဇော ဝါယော နာ ဂါဓတိ။
ဧတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အဏုံ ထူလံ သုဘာသုဘံ။
ဧတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။
ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ။

ဒီဂါထာတွေ အနက်ကတော့ ရှေးစာမျက်နှာ ၂၀၁ စသည်မှာ ပြခဲ့ပါပြီ။ ဆိုလိုရင်းကတော့ မေးခွန်းထဲမှာ

http://www.dhammadownload.com

ရုပ်နာမ်ချုပ်ရာကို မေးတဲ့အတွက် သတ္တဝါသန္တာန်က ရုပ်နာမ် ချုပ်ရာကို မေးကြောင်း ထင်ရှားပါတယ်၊ ဒါကြောင့် သတ္တဝါသန္တာန်က ရုပ်နာမ် အားလုံးချုပ်ရာ နိဗ္ဗာန်ကို ဖြေကြားလိုက်ခြင်းပါပဲ၊ ဓာတ်လေးပါးနှင့်တကွ ရုပ်အားလုံးရော နာမ်အားလုံးရော (ဝိညာဏ, အနိဒဿန, အနန္တ, သဗ္ဗတောပဘ မည်သော) နိဗ္ဗာန်၌ အကြွင်းမဲ့ ချုပ်ငြိမ်း ပြတ်စဲသွားကြတယ်၊ အဲဒီလို ချုပ်ငြိမ်းခြင်း၏ အကြောင်းကတော့ အရဟတ္တမဂ်၏ အစွမ်းဖြင့် ကိလေသာကုန်ခန်း၍ အကျိုးပေးနိုင်သည့် ကံစွမ်းမရှိတော့သဖြင့် ကမ္မဝိညာဏ်ချုပ်ငြိမ်းကင်းရှင်း သွားခြင်းနှင့် နောက်ဆုံး စုတိစိတ်ချုပ်ငြိမ်းပြတ်စဲသွားခြင်း ဆိုတဲ့ အဲဒီ အကြောင်း ၂-ပါးကြောင့် နာမ်ရုပ်အားလုံး အကြွင်းမဲ့ ချုပ်ငြိမ်း ပြတ်စဲ သွားကြတယ်လို့ ဆိုလိုပါတယ်။။

ဒီကနေဟောလာတဲ့ နိဗ္ဗာန်ဆိုင်ရာ တရားကတော့ "ဝါနမည်သော တဏှာမှထွက်မြောက်ဘာ,တဏှာကင်းတာ, တဏှာက မကြိုက်တာဟာ နိဗ္ဗာန်ပဲ" ဆိုတာက အရင်းခံပြီးတော့ တဏှာက နိဗ္ဗာန်ရောက်ကြောင်း တရားကိုတောင် မကြိုက်ကြောင်း မောင်ကာလဝတ္ထုဖြင့် ပြောခဲ့တယ်၊ အဲဒီမှာ မောင်ကာလရသွားတဲ့ သောတာပတ္တိဖိုလ်ဟာ စကြဝဠတေးမင်းအဖြစ် နတ်အဖြစ် ဗြဟ္မာမင်းကြီး အဖြစ်များထက် မြင့်မြတ်ကြောင်း၊ အဲဒီလို မြင့်မြတ်တာကလဲ နိဗ္ဗာန်ရောက်ဖို့ရာသေချာနေတဲ့အတွက် စုဆည်ကြောင့် ဖြစ်ကြောင်းများကိုလဲ

http://www.dhammadownload.com

ဟောခဲ့တယ်၊ အဲဒီကနောက် နိဗ္ဗာန်ကိုသာ ဆိုတဲ့ နိဗ္ဗာန်ကို ဝေဘန်ဖွင့်ပြတဲ့ သုတ်မျိုးကိုလဲ ထုတ်ပြီး ဟောခဲ့တယ်၊ အဲဒီ သုတ် တွေထဲက သဗ္ဗသင်္ခါရသမထော-သင်္ခါရအားလုံး ချုပ်ငြိမ်းရာ-ချုပ်ငြိမ်းခြင်း သဘောနှင့် စပ်လျဉ်း၍ ကောဝဋ္ဋသုတ်ကို ထုတ်ဟောခဲ့တယ်၊ဒီနောက်ဆုံး ကောဝဋ္ဋသုတ်မှာ နာမ်ရုပ် အားလုံး အကြွင်းမဲ့ချုပ်တယ် ဆိုတာနဲ့ သင်္ခါရ အားလုံး ငြိမ်းတယ်ဆိုတာ အတူတူပါပဲ။ ဒါနဲ့ကြောင့် သီစရာတွေ ပြည့်စုံ သွားပါပြီ။ ဒီကနေ့ ဒီတွင်ပဲ တရားသိမ်းကြစို့။

နိဂုံးချုပ် တရားသိမ်း ပတ္ထနာ

နိဗ္ဗာနပဋိသံယုတ္တကထာခေါ် နိဗ္ဗာန်ဆိုင်ရာတရားတော်ကို ရိုသေစွာ နာယူ မှတ်သားကြရသော ခမ္မသဝန ကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် "သင်္ခါရပဋိက္ခေပေန-သင်္ခါရတို့ကို ပယ်သဖြင့်၊ နိဗ္ဗာန် ဒဿိတံ-နိဗ္ဗာန်ကို ပြအပ်သည်" ဟူသော အဋ္ဌကထာနှင့် အညီ ရုပ်နာမ်သင်္ခါရ အားလုံး ချုပ်ငြိမ်း ကင်းဆိတ်ရာ ဖြစ်သဖြင့် ဝါနမည်သော တဏှာမှုထွက်မြောက်ရာ တဏှာကင်းရာဖြစ်သောနိဗ္ဗာန်တရား တော်မြတ်ကို မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု။

နိဗ္ဗာန ပဋိသံယုတ္တကထာ

နိဗ္ဗာန်ဆိုင်ရာ တရားတော် ပဋ္ဌမပိုင်းပြီး၏။

http://www.dhammadownload.com

နိဗ္ဗာနပဋိသံယုတ္တကထာ

နိဗ္ဗာန်ဆိုင်ရာ တရားတော်

ဆဋ္ဌမပိုင်း

(၁၃၂၆-ခုနှစ် သီတင်းကျွတ် လပြည့်နေ့ဟောသည်)

တရားအနုသန္ဓေ

နိဗ္ဗာန်အကြောင်း ဟောခဲ့တာ ၅-ကြိမ် ရှိပြီ၊ တော်တော် စုံသွားပါပြီ၊ ဒီကနေ့တော့ သီတင်းကျွတ်လပြည့်နေ့ ဖြစ်တဲ့ အတွက် တရားနာ ပရိသတ်က အများစု အစုံ ဖြစ်နေတယ်၊ ဒါကြောင့် နိဗ္ဗာန်အကြောင်းက နဲနဲနဲ့ အများစု နားလည် လွယ်တဲ့ တရားက များများဟောရမယ်၊ မိထွေးတော် ဂေါ-တမီ ပရိနိဗ္ဗာန် စံခန်း တရားဟာ အများလဲ နားလည်လွယ် တယ်၊ နိဗ္ဗာန်နဲ့လဲ စပ်ဆိုင်တယ်၊ ဒါကြောင့် အဲဒီ မိထွေး တော် ဂေါတမီ ပရိနိဗ္ဗာန် စံခန်းကို များများ ဟောရ မယ်။

ယခု ဟောလာခဲ့တဲ့ တရားများဖြင့် နိဗ္ဗာန် ဆိုတာ ကို လေသာ, ကံ, ဝိပါက်ခန္ဓာ ဆိုတဲ့ ဆင်းရဲတွေ ငြိမ်းခြင်း သဘောပဲ ဆိုတာ နားလည် လောက်ပါပြီ။ အဲဒီလို နားလည် တော့ ဘာမျှ မရှိတဲ့ ဟာပဲလို့ တချို့က ထင်ကောင်း ထင် ကြပေလိမ့်မယ်၊ ဘာမျှ မရှိတာတော့ မဟုတ်ဘူး၊ အဲဒီ ကို

http://www.dhammadownload.com

လေသာ, ကံ, ဝိပါက်ခန္ဓာတွေရဲ့ ငြိမ်းခြင်း ဆိုတာကတော့ တကယ်ရှိ နေတာပဲ၊ အကယ်၍ ငြိမ်းခြင်း သဘော မရှိယင် အဲဒီ ကိလေသာတွေ ကံတွေ ဝိပါက်ခန္ဓာတွေ မငြိမ်းပဲ ရှိမြဲရှိ, ဖြစ်မြဲ ဖြစ်နေမှာပဲ၊ အဲဒီလို ဆိုယင် ဘယ်သူမှ သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်မှာ မဟုတ်ဘူး။ အမှန်အားဖြင့်တော့ မတ္တိမ ပဋိပဒါ အကျင့်ကို ပြည့်စုံစွာ ကျင့်ယင် အဲဒီ ကျင့်သူ၏ သန္တာန်မှာ အရဟတ္တမဂ်ဉာဏ်၏ အစွမ်းကြောင့် ကိလေသာတွေ ကံဟောင်းတွေ မဖြစ်နိုင်တော့ပဲ လုံးဝချုပ်ငြိမ်း ကင်းပြတ်သွားတယ်၊ ကိလေသာကင်းတော့ ကံဟောင်းတွေကလဲ ဘဝသစ်အကျိုးကို မဒေးနိုင်တော့ဘူး၊ အကျိုးပေးတတ်တဲ့ ကံသစ်လဲ မဖြစ်ဘော့ဘူး၊ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်၏ ပရိနိဗ္ဗာန် စုတိစိတ် ခေါ်တဲ့ နောက်ဆုံး စိတ်ချုပ်သွားတဲ့အခါ ဘဝသစ် ရုပ်နာမ် ခန္ဓာတွေ မဖြစ်လာတော့ပဲ ငြိမ်းသွားတယ်၊ အဲဒါဟာ အငြိမ်းဓာတ်သဘော တကယ်ရှိ နေလို့ပါပဲ။ ဥပမာအားဖြင့် မပျောက်နိုင်တဲ့ ကင်ဆာဆေးဝါလို အနာမျိုးကို ဘယ်သိုပင် ဆေးကုသသဲ့လဲ မပျောက်ဘူး၊ ဘာကြောင့်လဲ ပျောက်ခြင်းသဘော ပျောက်နိုင်ခြင်း သဘော မရှိလို့ပါပဲ၊ အခြား အနာဆေးဝါးတွေကို ဆိုယင် သင့်တော်တဲ့ ဆေးဖြင့် ကုစားလိုက်ယင် ပျောက်သွားတယ်၊ ဘာကြောင့်လဲ ပျောက်ခြင်း သဘော ပျောက်နိုင်ခြင်း သဘော ရှိနေလို့ပါပဲ၊ အဲဒါလိုဘဲ ကိလေသာ အစရှိသော ဆင်းရဲတွေ၏ ချုပ်ငြိမ်းခြင်း သဘောက ရှိနေသောကြောင့်

http://www.dhammadownload.com

အဲဒီဆင်းရဲတွေ ချုပ်ငြိမ်း သွားကြတာပါပဲ။ အဲဒီအကြောင်းကို မြတ်စွာဘုရားက ဒီလို ဟောတော် မူခဲ့ပါတယ်။

အငြိမ်းဓာတ်ရှိ၍ ငြိမ်းသည်

အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ နော စေတံ ဘိက္ခဝေ အဘဝိဿ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ နယိဓ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယေထ။ ယသ္မာစ ခေါ ဘိက္ခဝေ အတ္ထိ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ တသ္မာ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယတိ။

ဘိက္ခဝေ-ရဟန်းတို့၊ အဇာတံ အဘူတံ-မဖြစ်ပေါ်သော, ဝါ-ဖြစ်ပေါ်ခြင်း မရှိသော၊ (နိဗ္ဗာန် အငြိမ်းဓာတ် ဆိုတာ ကိလေသာ ကံ ရုပ် နာမ် ခန္ဓာတွေ မဖြစ်ပေါ် လာတော့ပဲ ငြိမ်းခြင်း သဘောမျှပဲ၊ ငြိမ်းခြင်း သဘောဆိုတော့ ဖြစ်ပေါ်လာတာ မဟုတ်ဘူး၊ ဖြစ်ခြင်း သဘော မရှိဘူး၊ ဒါကြောင့် အဇာတံ အဘူတံ-လို့ ဆိုပါတယ်၊ အဲဒီနှစ်ပုဒ်ဟာ ပါဠိမှာ ကွဲနေပေမဲ့ ဗမာမှာတော့ မဖြစ်ဘူးလို့ တမျိုးတည်းပဲ ဓဝါဟာရ ရှိတယ်၊ဒါကြောင့်) အဇာတံအဘူတံ-မဖြစ်ပေါ်သော၊ -ဝါ-ဖြစ်ပေါ်ခြင်း မရှိသော၊ အကတံ-အကြောင်း တခုခုက ပြုအပ်သည် မဟုတ်သော၊ အသင်္ခတံ-အကြောင်း မျှားစွာ ညီညွတ်၍ ပြုအပ်သည်လည်း မဟုတ်

http://www.dhammadownload.com

သော အငြိမ်းဓာတ် သဘောသည်၊ အတ္ထိ-ရှိပေ၏။ (နိဗ္ဗာန်မှ တပါးသော ပရမတ် ရုပ် နာမ်တရား ဆိုယင် ဆိုင်ရာ အကြောင်းများစွာ ညီညွတ်မှ ဖြစ်တယ်၊ အကြောင်းများစွာက ပေါင်းစုပြီး ပြုအပ်တဲ့ သင်္ခတ တရားလို့ ခေါ်ရတယ်၊ ဒီအငြိမ်း ဓာတ်ကတော့ အဲဒီသင်္ခတ တရား မဟုတ်ဘူး၊ အသင်္ခတ တရားပဲ၊ အဲဒီ အငြိမ်းဓာတ် အသင်္ခတ တရားဟာ တကယ်ပင် ရှိပါတယ်တဲ့၊ ဘာကြောင့် ရှိကြောင်းသိရပါသလဲ ဆိုးတော့) ဘိက္ခဝေ-ရဟန်းတို့၊ အဇာတံ အဘူတံ-မဖြစ်ပေါ်သော၊ ဝါ-ဖြစ်ပေါ်ခြင်း မရှိသော၊ အကတံ-အကြောင်း တခုခုက ပြုအပ်သည် မဟုတ်သော၊ အသင်္ခတံ-အကြောင်း များစွာတို့က ပေါင်းစု၍ ပြုအပ်သည် မဟုတ်သည်၊ နတ္ထိ-မရှိ၊ ဝါ-ဖြစ်ပေါ်ခြင်း မရှိသော၊ အကတံ-အကြောင်း တခုခုက ပြုအပ်သည် မဟုတ်သော၊ အသင်္ခတံ-အကြောင်း များစွာတို့က ပေါင်းစု၍ ပြုအပ် သည်လည်း မဟုတ်သော၊ တံ-ဤအငြိမ်းဓာတ် နိဗ္ဗာန်သည်၊ နော စေ-အဘဝိဿ-အကယ်၍ မရှိငြားအုံး၊ ဧဝံ-ဤသို့ မရှိပါမူ၊ ဣဓ-ဤလောက၌၊ ဇာတဿ ဘူတဿ-ဖြစ်ပေါ်သော၊ ဝါ-ဖြစ်ပေါ်ခြင်းရှိသော၊ ကတဿ-ဆိုင်ရာအ ကြောင်းက ပြုအပ်သော၊ သင်္ခတဿ-ဆိုင်ရာ အကြောင်းများစွာတို့က ပေါင်းစု၍ ပြုအပ်သော ရုပ် နာမ် တရား အပေါင်း၏၊ နိဿရဏံ-ထွက်သွားခြင်း-ကုန်ခန်း ကင်းငြိမ်းခြင်းသည်၊ နုပညာယေထ- မထင်လေရာ၊ ဝါ-မရှိလေရာ။ (အကယ်၍ ဥပါဒ်အားဖြင့် ဖြစ်ပေါ်ခြင်း မရှိတဲ့ နိဗ္ဗာန် အငြိမ်းဓာတ် မရှိပါမူ ဇာတ ဘူတ ကတဖြစ်သော သင်္ခတ တရားအပေါင်းဟာ သတ္တဝါ၏ သန္တာန် အနေအားဖြင့် ဖြစ်မြဲ ဖြစ်လျက်သော

http://www.dhammadownload.com

ရှိရာသည်၊ ရဟန္တာ၏ စုတိနောက်၌လဲ ဖြစ်မြဲ ဖြစ်လျက်သာ ရှိရာသည်၊ ကုန်ဆုံး ပြတ်စဲခြင်း၊ ချုပ်ငြိမ်းခြင်း မည်သည် မရှိလေရာလို့ ဆိုလိုပါတယ်။)

စ-သို့သော်လည်း၊ ဘိက္ခဝေ-ရဟန်းတို့၊ ယသ္မာ-အကြင့် ကြောင့်၊ အဇာတံ အဘူတံ--မဖြစ်သော၊ ဝါ-ဖြစ်ခြင်း မရှိသော၊ အကတံ-အကြောင်း တခုခုက မပြုအပ်သော၊အသင်္ခ-တံ-အမကြောင်း မျှားစွာတို့က ပေါင်းစု၍ ပြုအပ်သည် မဟုတ်သော နိဗ္ဗာန် အငြိမ်းဓာတ်သည်၊ အတ္ထိ-ရှိပေ၏၊ တသ္မာ-ထို့ကြောင့်၊ ဇာတဿ ဘူတဿ-ဖြစ်ပေါ်သော၊ ဝါ-ဖြစ်ပေါ်ခြင်း ရှိသော၊ ကတဿ-အကြောင်း တခုခုက ပြုအပ်သော၊ သင်္ခတဿ-အကြောင်း မျှားစွာတို့က ပေါင်းစု၍ ပြုအပ်သော (ရဟန္တာ သန္တာန်ဟု ဆိုအပ်သော) ရုပ် နာမ် အပေါင်း၏၊ နိဿရဏံ-ထွက်သွားခြင်း-ကုန်းခန်း ကင်းငြိမ်း ခြင်းသည်၊ ပညာယတိ-ထင်ပေ၏ -ဝါ- ထင်ရှား ရှိသည်ဟု သိရပေ၏--တဲ့။

နိဗ္ဗာန် အငြိမ်းဓာတ်ဟာ တကယ်ရှိနေတဲ့အတွက် ရဟန္တာ၏ သန္တာန်က မပြတ်ဖြစ်နေတဲ့ ရုပ်နာမ် သင်္ခတ တရားအပေါင်းဟာ ပရိနိဗ္ဗာန် စုတိမှ နောက်ကာလ၌ ချုပ်ငြိမ်း ပြတ်စဲခြင်း ရှိပေသည်၊ ဒီအကြောင်းကို ထောက်ဆ၍ နိဗ္ဗာန် အငြိမ်းဓာတ် တကယ် ရှိကြောင်း ထင်ရှား သိရပါတယ်တဲ့။ စတုတ္ထပိုင်း နှာ(၁၈၈)မှာလဲ"အတ္ထိ ဘိက္ခဝေ တဒါယတနံ"-

http://www.dhammadownload.com

စသည်ဖြင့် နိဒ္ဒာန် အငြိမ်းစာတ် ထင်ရှားရှိကြောင်း ဟော တော် မူပုံကို ပြခဲ့ပါပြီ။ အဲဒီတော့ ယခု အဲဒီ အနုပါဒိ-ဿသ နိဗ္ဗာန်ဖြင့် ဆင်းရဲ ခပ်သိမ်း ငြိမ်းပုံကို မိဆွေးတော် ဂေါတမီ ထေရီ၏ ဝတ္ထုဖြင့် ဖေါ်ပြ သွားမယ်။

မိဆွေးတော် မဟာပဇာပတိ ဂေါတမီဝတ္ထု

မြတ်စွာဘုရား၏ မယ်တော်အရင်းက မဟာမာယာဒေဝီ တဲ့၊ မဟာပဇာပတိ ဂေါတမီ ဆိုတာကတော့ မဟာမာယာ၏ ညီမ ဖြစ်တယ်၊ ကပိလဝတ်မြို့နယ် အနီး ဒေဝဒဟမြို့က အဉ္ဇနမင်းကြီး၏ သမီးတော်များ ဖြစ်တယ်၊ အဲဒီမင်းသမီးများ ဖွါးမြင်ပြီးစ အခါကပင် ပုဏ္ဏားတော်တွေက "မဟာမာယာနဲ့ မဟာပဇာပတိ ဂေါတမီတို့က ဖွါးမြင်တဲ့ သားရတနာများ ဟာ စကြဝတေးမင်း ဖြစ်လိမ့်မယ်" လို့ ဟောထားတယ်၊ ရုပ် ရောကလဲ အလွန်ပင် လှပကြတယ်၊ ဒါကြောင့် ကပိလဝတ်ပြည် ရှင်ဘုရင် သုဒ္ဓေါဒနမင်းကြီးက မဟာမာယာကို မိဖုရားကြီး အဖြစ် မြောက်ပြီး ဂေါတမီကို မိဖုရားငယ်အဖြစ် မြောက် ထားခဲ့တယ်။

ပစ္ဆိမဘဝိက ဖြစ်တဲ့ ဘုရားအလောင်းတော်တို့ဟာ မယ် တော်၏ အရွယ်သုံးပါးတွင် ဒုတိယအရွယ်၏ တတိယပိုင်းမှာ ပဋိသန္ဓေတည်နေမြဲ ဖြစ်တဲ့အတွက် ဘုန်းကြီးတို့၏ ဘုရား အလောင်းတော်ဟာလဲ မယ်တော်မဟာမာယာ၏ ဒုတိယ အရွယ်မှ တတိယပိုင်းမှာပဲ ပဋိသန္ဓေ တည်နေတော်မူခဲ့ပါသ

http://www.dhammadownload.com

တဲ့။ အသက်တရာတာမ်းကို သုံးပိုင်းပိုင်းယင် ဝိသုဒ္ဓိမဂ်မှာ ပြထားတဲ့အတိုင်း ပဌမအရွယ်နဲ့ တတိယအရွယ်တို့က ၃၃-နှစ်စီ၊ ကျန်တဲ့ ၃၄-နှစ်က ဒုတိယအရွယ်လို့ ပိုင်းခြားရတယ်၊ အဲဒီ ဒုတိယအရွယ် ၃၄- နှစ်ကို သုံးပိုင်း ပိုင်းကြည့်ယင် တပိုင်းမှာ ၁၁-နှစ်နဲ့ ၄-လစီရတယ်၊ အဲဒီ ၁၁-နှစ်နဲ့ ၄-လ ၂-ပိုင်းကို ကျော်လွန်ရမယ် ဆိုတော့ ၂၂-နှစ်နဲ့(ဂ)လကျော်လွန်ခဲ့မှာပေါ့၊ ပဌမအရွယ် ၃၃-နှစ်နဲ့ ပေါင်းလိုက်ယင် ၅၅-နှစ်နဲ့ (ဂ)လကျော်မှ ဖြစ်မှာပေါ့၊ ယခုနေအခါ ဆိုယင် အသက် ၅၅-နှစ် ကျော်တဲ့အမျိုးသမီးတွေမှာ ကိုယ်ဝန်ရမည့်လက္ခဏာ မရှိပါဘူး၊ ဒါပေမဲ့ ဟိုတုန်းက အသက်တရာတာမ်းအပြည့်ဆိုတော့ အဲဒီအရွယ်မှာလဲ တချို့ပုဂ္ဂိုလ်ထူးများမှာ ကိုယ်ဝန်ရနိုင်တယ်လို့ ယူရမှာပဲ။

နောက်ပြီးတော့ ပစ္စိမဘဝက ဘုရားအလောင်းတော်များဟာ ပဋိသန္ဓေ ဆယ်လတိတိနေပြီးမှ ဖွားမြင်တယ်၊ ဖွားမြင်ပြီးတော့လဲ ခုနစ်ရက်မြောက်မှာ မယ်တော်ဟာ နတ်ရွာစံတယ် လို့ ဆိုပါတယ်။ ဒါကြောင့် ဘုန်းကြီးတို့၏ ဘုရားအလောင်းတော်ဟာ မယ်တော်မာယာဒေဝီ ၅၅-နှစ်နဲ့ ၉-လ ပဌမရက်ဆီမှာ ပဋိသန္ဓေ တည်နေတော်မူပြီးတော့ မယ်တော်၏ အသက် ၅၆-နှစ်နဲ့ ၆-လ ပြည့်တဲ့အခါ ဖွားမြင်တော်မူခဲ့တယ်၊ မယ်တော် မဟာမာယာဒေဝီလဲ ဖွားမြင်ပြီးနောက် ခုနစ်ရက်မြောက်မှာ နတ်ရွာစံတော်မူခဲ့တယ်၊ တုသိ

http://www.dhammadownload.com

တာ နတ်ပြည် ရောက်ပြီး နတ်သားဖြစ်တယ်လို့ အချို့က ဆိုကြတယ်၊ အချို့ကလဲ နတ်သမီးအဖြစ်နဲ့ပဲ ရောက်နေတယ်လို့ ဆိုကြတယ်။ ဒါကြောင့် နတ်ရွာစံတယ် ဆိုတဲ့ ဒီ ဝေါဟာရဟာ ဘုရားမယ်တော်အတွက်ခဲတဲ့ အတိအကျ မှန်တဲ့စကားပါပဲ။ အခြားမင်းတွေ မိဖုရားတွေအတွက် ဆိုယင်တော့ မမှန်တာလဲ ရှိနိုင်တယ်။

မယ်တော်မာယာဒေဝီ နတ်ရွာစံသွားတော့ သူ့ဒွါဒန မင်းကြီးက မဟာမာယာ၏ ညီမဖြစ်တဲ့ မဟာပဇာပတိ ဂေါတမီကို အဂ္ဂမဟေသီ မိဖုရားကြီးအဖြစ် ဘင်မြောက်တယ်၊ ဘုရားအလောင်းတော်နှင့် ၈ပ်ကြည့်ယင် အမေ့ညီမ ဆိုတော့ (မာတုစ္ဆာ မာတုဘာဂိနီ) ဆိုတဲ့ အဘိဓာန်အရ မိဏ္ဍးတော် ဖြစ်ပါတယ်၊ ဒါကြောင့် မိဏ္ဍးတော် ဂေါတမီလို့ ခေါ်ရပါတယ်၊ အဲဒီမိဏ္ဍးတော် ဂေါတမီဟာ အဲဒီအခါတုန်းက အသက်ဘယ်လောက် ရှိပြီလဲလို့ ဆိုယင် အစ်မတော်က ၅၆-နှစ်ခဲ့ကျော် ဆိုတော့ ၅၄-နှစ်ကျော် လောက်ရှိလိမ့်မယ်လို့ ခန့်မှန်းရပါတယ်၊ အဲဒီလို ခန့်မှန်းနိုင်အောင်လို့ပဲ၊ ရည်ရွယ်ပြီးတော့ မယ်တော်မာယာဒေဝီ၏ အသက်ကို စိစစ်တွက်ချက်ပြခဲ့တာပါပဲ။

ဘုရားအလောင်းတော် ဖွားမြင်တော် မူပြီးသည့်နောက် ရက်အနည်းငယ် အတွင်းမှာပင် မိဏ္ဍးတော် ဂေါတမီက နန္ဒမင်းသားကို ဖွားမြင်ခဲ့တယ်။ အဲဒီအခါမှာ နန္ဒမင်းသာ

http://www.dhammadownload.com

ကို အထိန်းတော်များအား ထိန်းစေပြီးတော့ ဘုရား အလောင်းတော်ကို မိထွေးတော် ဂေါတမီက ကိုယ်တိုင် နို့ရည် တိုက်ကျွေးပြီး မွေးမြူပြုစုခဲ့ပါတယ်၊ ဒီလိုမွေးမြူပြုစုရတာဟာ ဝမ်းနဲ့လွယ်ခဲ့ရတဲ့ မိခင်အရင်းထက် တာဝန်ကြီးပါတယ်၊ အဲဒီကြီးလေးတဲ့ တာဝန်ကို ယူပြီး မိထွေးတော် ဂေါတမီက ဘုရားအလောင်းတော်ကို စောင့်ရှောက်ခဲ့ပါတယ်။

ဘုရားအလောင်းတော်ဟာ အစဉ်အတိုင်း ကြီးထွားလာပြီး ၁၆-နှစ်အရွယ်မှာ ဒေဝဒဟမြို့နယ်ရှင် သုပ္ပဗုဒ္ဓမင်း၏ သမီးတော် ယသောဓရာနှင့် လက်ထပ်ထိမ်းမြားပြီး မင်းစည်းစိမ်ကို ၂၉-နှစ်အရွယ်အထိ ချမ်းသာစွာခံစားနေတော်မူခဲ့ပါတယ်။ ၂၉-နှစ်အရွယ်မှာ တောထွက် ရဟန်းပြုပြီး ဒုက္ကရစရိယာ ခေါ်တဲ့အကျင့်ကို ၆-နှစ်တိုင်တိုင် ကျင့်တော်မူခဲ့ပါတယ်။ နောက်ကာလမှာ အဲဒီ ဒုက္ကရစရိယာအကျင့်ကို ပယ်စွန့်ပြီး မဇ္ဈိမပဋိပဒါအကျင့်ဖြင့် အသက်တော် ၃၅-နှစ်ပြည့်တဲ့ ကဆုန် လပြည့်နေ့မှာ ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။

ဘုရားဖြစ်တော်မူပြီးနောက် ဗာရာဏသီပြည် မိဂဒါဉုန်တောမှာဝါဆိုလပြည့်နေ့ ညနေချမ်းအချိန်၌ ဓမ္မစက္ကာသုတ်တရားကို စ၍ ဟောတော်မူခဲ့ပါတယ်။ အဲဒီပဌမတရားပွဲမှာ ဗြဟ္မာတွေက ၁၈-ကုဋေ, နတ်တွေက မရေမတွက်နိုင်အောင် တရားထူးရကြတယ်၊ လူသားထဲကတော့ ပဉ္စဝဂ္ဂီငါးဦးသာ

http://www.dhammadownload.com

တရားနာကြမှတာယ်၊ အဲဒီ ငါးဦးထဲကလဲ အရှင်မကောဏ္ဍည တပါးသာ တရားနာစဉ်မှာ တရားထူးကို သိမြင်ပြီး သောတာပန်ဖြစ်ခဲ့တယ်၊ ကျန်တဲ့ ၄-ပါးကတော့ တရက် နှစ်ရက် သုံးရက် လေးရက်ခန့်တိုင်အောင် အစဉ်အတိုင်း အားထုတ်ပြီးမှ သောတာပန် ဖြစ်ကြပါတယ်။ ဝါဆို လပြည့်ကျော် ၅-ရက်နေ့မှာ အဲဒီ ပဉ္စဝဂ္ဂိငါးပါးအား အနတ္တလက္ခဏသုတ် တရားကို ဟောကြားတော်မူတယ်၊ အဲဒီအခါ ပဉ္စဝဂ္ဂီရဟန်း ၄တောင်းပါးစလုံး ရဟန္တာဖြစ်တော်မူကြတယ်။ အဲဒီဝါတွင်းမှာ ယသမထေရ်အမူးရှိသော ၅၅-ပါးသော ရဟန်းတော်များလဲ ရဟန္တာ ဖြစ်ခဲတော်မူကြတတ်။

အဲဒီ ပဌမဝါကျွတ်တဲ့အခါ ၆၀-သော ရဟန္တာအရှင်မြတ်တွေကို ထိုထိုအရပ်သို့ လှည့်လည်ပြီး သာသနာပြုစေတော်မူခဲ့တယ်။ မြတ်စွာဘုရား ကိုယ်တော်တိုင်လဲ ဥရုဝေလကဿပရသေ့ အမှူးရှိသော တထောင်သော ရသေ့တို့ကို ဟောပြောညွှန်ကြားပြီး ရဟန္တာအဖြစ်သို့ ရောက်စေတော်မူခဲ့တယ်။ အဲဒီရသေ့တထောင်မှ ဖြစ်လာသော ရဟန္တာတထောင်နှင့် တကွ ရာဇဂြိုဟ် မြို့သို့ ကြွရောက် တော်မူခဲ့တယ်။ ပဌမကြိုဆိုပွဲမှာ ဟောပြောတော်မူ၍ ဗိမ္ဗိသာရမင်းကြီးနှင့်တကွ တသိန်း တသောင်းသော လူတို့အား သစ္စာလေးပါးကို သိစေတော် မူခဲ့တယ်။ ဗိမ္ဗိသာရမင်းကြီးကလဲ တဲ့. ဝေဠုဝန်ကျောင်းတိုက်နှင့် ဂိဇ္ဈကူဋ်တောင် စသည်တို့ဌ

http://www.dhammadownload.com

သီတင်းသုံးလျက် တရား ဟောပြော နေတော် မူစဉ်အခါ သုဒ္ဓေါဒနမင်းကြီးက သတင်းစကားကြားရ၍ သားတော်ဘုရားကို ကပိလဝတ်နေပြည်တော်သို့ ပင့်စေပါတယ်၊နောက်လိုက် တထောင်စီနှင့် ခေါင်းဆောင်အမတ် ၁၀-ဦးတို့ကို တဖွဲ့ပြီး တဖွဲ့ ဆယ်ကြိမ်တိုင်တိုင် ပင့်စေတယ်လို့ ဆိုပါတယ်၊ အဲဒီ အပင့်သွားတဲ့ လူတွေဟာ တရားနာပြီး အားလုံးပင် ရဟန္တာဖြစ်ပြီးတော့ ဇဟိဘိက္ခုရဟန်း ဖြစ်ကုန်ကြတယ်လို့ ဆိုပါတယ်၊ နောက်ဆုံးအဖွဲ့၏ ခေါင်းဆောင်ဖြစ်တဲ့ ကာဠုဒါယီဆိုတဲ့ မထေရ်ကတော့ မင်းကြီးက မှာလိုက်တဲ့အတိုင်း မြတ်စွာဘုရားကို ပင့်လျှောက်ပါတယ်၊ သူပင့်လျှောက်ပုံက လဲ အလွန်ကြည်ညိုဘွယ် ကောင်းပါတယ်၊ ဂါထာပေါင်း ၆၀-တို့ဖြင့် တောတောင် လမ်းစခန်းတွေကို ချီးကျူးဖွဲ့ဆိုပြီး လျှောက်တယ်၊အဲဒီဂါထာတွေထဲက အစနဲ့ အဆုံး ၂-ဂါထာ ကို ကြည်ညိုရအောင် ရွတ်ပြမယ်။

နေပြည်တော်ကြွရန် ပင့်လျှောက်ပုံ

အင်္ဂါရိ နော ဒါနိ ဒုမာ ဘဒန္တေ၊
ဖလေသိ နော ဆဒနံ ဝိပ္ပဟာယ။
တေ အစ္စိမန္တောဝ ပဘာသယန္တိ၊
သမယော မဟာ ဝိရ အင်္ဂိရသာနံ။

ဘဒန္တေ- မြတ်စွာဘုရား၊ ဒါနိ ဒုမာ- ယခုအခါ တောတောင် လမ်းစခန်း တလျှောက်၌ သစ်ပင်တို့သည်၊ ဆဒနံ-

http://www.dhammadownload.com

ဝိပ္ပဟာယ-ရွက်ဟောင်းကို ပယ်စွန့်ကုန်၍၊ အင်္ဂါရိနော-နီမြန်းသော ရွက်သစ် ညွှန့်တို့ဖြင့် မီးကျီးအသွင် နီရဲလျက် ရှိပါကုန်၏၊ ဖလေသိ နော- အသီးသီးရန် ပွင့်တန် အစုံ ဖူးငုံလျက် ရှိကြပါကုန်၏၊ တေ-ထိုသစ်ပင်တို့သည်၊ အစ္စိမန္တောဝ-မီးလျှံထွက်ကုန်သကဲ့သို့၊ ပဘာသ ယန္တိ-တောက်ပလျက် ရှိပါကုန်၏၊ မဟာဝီရ-ကြီးမြတ်သော လုံ့လ ရှိတော်မူသော မြတ်စွာဘုရား၊ ဒါနိ-ယခုအခါ၌၊ အင်္ဂီရသာနံ-ကိုယ်တော်မှ ကွန့်မြူးသော ရောင်ခြည်ရှိသော ဘုရားရှင်တို့၏၊ သမယော-နေပြည်ရပ်ဌာန် ကြွရန် အချိန်ကျပါပြီ အရှင်ဘုရား။

ဒီဂါထာဖြင့် တောလမ်း စခန်းတွေ သာယာကြိုဆိုး ချီးကျူးပြီးလျှောက်တယ်။ အဲဒါကို ဘုန်းကြီးကလဲ ဆောင်ပုဒ်တခု စီထားတယ်။

ရွက်ဟောင်း စွန့်ပစ် ရွက်သစ် ဝေစည်၊
မီးကျီး အလား ညွှန့်ဖျား နီနီ။
မီးလျှံတူမျှ တောက်ပနေပြီ၊နေပြီသို့ကြွတို့ချိန်တန်ပြီ။

နာတိသီတံ နာတိ ဥဏှံ၊ နာတိ ဒုဗ္ဘိက္ခ ဆာတဏံ။
သဒ္ဒလာ ဟရိတာ ဘူမိ၊ သေ ကာလော မဟာ မုနိ။

မဟာမုနိ-မြတ်စွာ ဘုရား၊ ဒါနိ-ယခုအခါ၌၊ နာတိ သီ-တံ-အလွန်လဲ မအေးတော့ပါ၊ နာတိ ဥဏှံ-အလွန်လဲ မပူသေးပါ၊ (တပေါင်းလပြည့် ဆိုတော့ မအေးလွန်း မပူလွန်း မျှတတဲ့ အချိန် ဖြစ်ပါတယ်လို့ ဆိုလိုပါတယ်၊) နာတိ ဒုဗ္ဘိက္ခ-

http://www.dhammadownload.com

ဆောတကံ-စပါးသစ် ပေါ်ချိန် ဖြစ်၍ အစာ ရှားပါးခြင်းလဲ မရှိတော့ပါ။ (သံဃာတော် မျှားနှင့်တက္ခ ကြွတဲ့အခါလမ်းတလျှောက် ဆွမ်းအတွက် မခက်ခဲကြောင်း ဖော်ပြတဲ့စကား ဖြစ်ပါတယ်) ဘူမိ-မြေပြင်သည်၊ သဒ္ဒလာ ဟရိတာ-မြေနုကျွန်းပေါ် အသွင် ပေါက်သစ်စ မြက်ပင်တို့ဖြင့် စိမ်းစိုလျက် ရှိပါ၏၊ သေ-ဤအခါသည်၊ ကာလော-နေပြည်တော်သို့ ကြွရန် အချိန်တန် အခါဆင့် ဖြစ်ပါ တော့သည် အရှင်ဘုရား-လို့လျှောက်ပါတယ်။

ဆောင်ပုဒ်ကတော့-

ပူအေး ညီမျ ကောင်းလှ ရာသီ၊
မြေပြင် ခပ်သိမ်း ညိုစိမ်း အေးကြည်၊
နေပြည် သို့ ကြွဘို့ ချိန်တန်ပြီ။

အဲဒီလို ပင့်လျှောက်တဲ့အတွက် မြတ်စွာ ဘုရားမော သံဃာတော် နှစ်သောင်းနှင့် တက္ခ တပေါင်း လပြည့်ကျော် ၁-ရက် နေ့မှာ ဆာဇဂြိုဟ်မှ ကပိလဝတ် နေပြည် တော်သို့ ကြွတော် မူတယ်၊ လမ်းခရီးက ယူဇနာ ၆၀ ရှိတယ်၊ တနေ့တယူဇနာ ဖြည်းဖြည်း သက်သာ ကြွတော်မူ သဖြင့် ကဆုန်လပြည့်နေ့မှာ ကပိလဝတ် မြို့တော်သို့ ရောက်တော် မူပါတယ်။ ဆွေတော် မျိုးတော် မျှားက ခရီး ဦးကြိုဆိုပြီး နိဂြောဓာရုံကျောင်းတိုက်သို့ ပင့်ဆောင် ကြပါတယ်။

http://www.dhammadownload.com

သာကီဝင် မင်းမျိုးတွေက အလွန်မာန ကြီးကြတယ်၊ အဲဒီ အခါမှာ မြတ်စွာဘုရားက လူ့ဇာတိ အသက်အား‌ဖြင့် (၃၆) နှစ်ပြည့်ကာမျှ ရှိသေးတယ်၊ ဒီတော့ အသက်ကြီးတဲ့ သာကီဝင်တွေက သူတို့ကိုယ်တိုင် အရိုအသေ မပြုလိုကြတဲ့ အတွက် ညီများ သားများ တူများ မြေးများကိုသာ ရွေးကာ နေစေပြီး သူတို့ကတော့ နောက်ကွယ်က အရိုအသေ မပြုပဲ နေကြသတဲ့။ အဲဒီ အခါ မြတ်စွာ ဘုရားက ဘုဆုး မုန်းလဲ မသိကြ၊ ဘုရား၏ စွမ်းရည် ဂုဏ်တော် တွေကိုလဲ မသိကြတဲ့ ဆွေတော် မျိုးတော် များအား ဘုရား၏ ဂုဏ်တော်များကို သိစေရန် အတွက် ကောင်းကင်မှာ ရုတ်နာ ခုနစ်ပါး‌ဖြင့် ပြီးသော ရတနာ စင်္ကြံကြီး ဖန်ဆင်းပြီးတော့ အဲဒီစင်္ကြံပေါ် သို့ကြွ၍ စင်္ကြံကြွယင်း ရေမီး အစုံအစုံ တပြိုင်နက် မြင်ရစေသော ယမိုက် ပြာဋိဟာ တန်ခိုးကို ပြတော်မူတယ်၊ အဲဒီ အခါကျတော့မှ ခမည်းတော် သုဒ္ဓါဒန မင်းကြီးကစပြီး ရှိခိုးတယ်၊ အခြား သာကီဝင်မင်းတွေလဲ ရှိခိုးကြတယ်၊ မြတ်စွာ ဘုရားက သင့်လျော်သော တရားကိုလဲ ဟောတော်မူတယ်။

သုဒ္ဓါဒနမင်းကြီး သောတာပန်ဖြစ်ပုံ

နောက်တခန့ နံနက်ကျတော့ သံဃာတော်နှစ်သောင်းနှင့် တကွ မြတ်စွာဘုရားဟာကပိလဝတ်မြို့တော်သို့ဆွမ်းခံကြွတော်မူတယ်၊ အဲဒီအခါ ယသော်ဓရာဒေဝီက မြတ်စွာဘုရား အိမ်စဉ်လျှောက်ပြီး ဆွမ်းခံ ကြွတော်မူနေတာကို မြင်ရဲ့အတွက်

http://www.dhammadownload.com

မသင့်တော်ဘူး ထင်ပြီး သုဒ္ဓေါဒနမင်းကြီးအား သွားရောက် တိုင်ကြားတယ်၊ သုဒ္ဓေါဒန မင်းကြီးကလဲ အာသန်ရှက်ပြီး ခါးဝတ်ပုဆိုးကိုတောင် သပ်သပ်ယပ်ယပ် ဖြစ်အောင် မဝတ် နိုင်တော့ပဲ လက်တဖက်ဖြင့် ကိုင်မလျက် အဆောတလျင် သွားပြီး မြတ်စွာဘုရားကို လျှောက်တယ်၊ တပည့်တော်တို့ကို အဘယ်ကြောင့် အရှက်ခဲ့ပါသနည်း၊ အဘယ်ကြောင့် အိမ် စဉ်လှည့်၍ ဆွမ်းအလှူခံရပါသနည်း၊ သံဃာ နှစ်သောင်းကို မကျွေးနိုင်ဘူးလို့ ထင်မှတ်တော် မူပါသလော-ဟု လျှောက် တယ်။ ပင့်လျှောက်သူ မရှိလျှင် အိမ်စဉ်လှည့်၍ ဆွမ်းအလှူခံ ခြင်း ကျင့်ဝတ်သည် အားလုံးသော ဘုရားရှင်တို့၏ ကျင့်ဝတ် ဖြစ်သည်ဟု မိန့်တော်မူပြီးလျှင်-

ဥတ္တိဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အာသ္မိ လောကေ ပရမ္ပိ စ-

ဆိုတဲ့ ဂါထာကို ဟောတော် မူတယ်။

ဥတ္တိဌေ-ဆွမ်းကို ရည်၍ အိမ်စဉ်ရပ်သော ကျင့်ဝတ်၌၊ ဝါ-ဆွမ်းခံကျင့်ဝတ်၌၊ နပ္ပမဇ္ဇေယျ-မမေ့လျော့ရ။ သုစရိတံ-မတ ရားသဖြင့် ရှာမှီးခြင်းကို ကြဉ်၍ ကောင်းစွာ ကျင့်အပ်သော၊ ဓမ္မံ-ဆွမ်းခံအကျင့်တရားကို၊ စရေ-ကျင့်ရာ၏။ ဓမ္မစာရီ-တရား ကို ကျင့်သောသူသည်၊ အာသ္မိ လောကေ စ-ဤမျက်မှောက် လောကဘဝင်း၊ ပရမ္ပိ စ-တပါးသော လောကဘဝင်း၊ သုခံ-ချမ်းသာစွာ၊ သေတိ-အိပ်ရနေရ လေတော့သတည်း-တဲ့။

http://www.dhammadownload.com

ဒီဂါထာတပုဒ်ကို ကြားနာယင်း နှလုံးသွင်းပြီး သုဒ္ဓေါ-ဒနမင်းကြီးဟာ သောတာပတ္တိမဂ်ဖိုလ် ရောက်ပြီး သောတာပန်ဖြစ်သွားပါသတဲ့။ အင်း-ဒီလိုဆိုတော့ သောတာပန်ဖြစ်တာက တယ်လွယ်တာပဲ၊ ယခုအခါမှာတော့ ဒွါရ ၆-ပါးက ပေါ်လာသမျှကို ရှုမှတ်လိုက်ကြရတာ တရက်လောက်နဲ့ဆိုရင် သမာဓိတောင် ကောင်းကောင်း မဖြစ်သေးဘူး၊ ရက်တပတ် လောက်ကြာမှ သမာဓိဖြစ်ပြီး ရုပ်နာမ်တရား အကြောင်း သဘောပေါက်ရုံလောက် ရှိတတ်ကြ သေးတယ်၊ ဒါပေမဲ့ ယခုခေတ် လူတွေနဲ့ ဘုရားခမည်းတော် သုဒ္ဓေါဒန မင်းကြီးကို နှိုင်းယှဉ်ကြည့်လို့တော့ မဖြစ်ပေဘူး၊ ဘာကြောင့်လဲ ဆိုတော့ သုဒ္ဓေါဒန မင်းကြီးဆိုတာ ဘဝပေါင်းများစွာက ပါရမီတွေကို အပြည့်အစုံ ဖြည့်ဆည်း ပူးခဲ့ပြီးဖြစ်တယ်၊ ဒါကြောင့် သာမန် ပုဂ္ဂိုလ်တွေနဲ့ နှိုင်းယှဉ်ပြီး မကြည့်သင့်ပေဘူး။ ဒါပေမဲ့ အဲဒီ ဂါထာထဲမှာ ရုပ်နာမ်အကြောင်းလဲ မပါဘူး၊ အဖြစ် အပျက် အနိစ္စ ဒုက္ခ အနတ္တ အကြောင်းလဲ မပါဘူး၊ ဘယ်ပုံဘယ်နည်းဖြင့် မဂ်ဖိုလ်ရောက်သွားပါလိမ့်မလဲ လို့တော့ စဉ်းစား စရာ ရှိပါတယ်၊ အဲဒီအကြောင်းကို ယခု ပြောပြ ရမယ်။

သုဒ္ဓေါဒနမင်းကြီး အနေနဲ့ ဆိုယင် သူတပါးအိမ်မှ အလှူခံတောင်းရမ်း စားဘို့ ဆိုတာ စဉ်းစားရုံမျှပင် အလွန်တာဝန် လေးပါတယ်၊ သားတော်ဘုရားဟာ မျက်မှောက်အခြေ အနေကို မင့်ပဲ ရှေးရှေး ဘုရားတို့၏ ကျင့်ဝတ်ကို

http://www.dhammadownload.com

ကျင့်တယ်ဆိုတာ ကြားရရုံနဲ့လဲ ဘုရားဂုဏ်တွေကို အာရုံပြုပြီး ကြည်ညိုတယ်၊ ဘုရားနှင့် သံဃာတော်မျှားဟာ ဆွမ်း စသည်ကို ရည်စူးပြီး အိမ်ရှေ့၌ ရပ်လျှက်သာ အလှူခံရတယ်၊ နှုတ်ဖြင့် မတောင်းကောင်းဘူး၊ လှူချင်အောင် အရိပ် အမြွက်တောင် မပြောကောင်းဘူး ဆိုတဲ့ ကျင့်ဝတ်ကို ကြားရတော့ မြတ်စွာဘုရားအား ကြည်ညိုပြီး ဝမ်းမြောက်တယ်၊ ဝမ်းမြောက် ဆိုတာ ပီတိပဲ၊ အဲဒီဝမ်းမြောက်တဲ့ ပီတိကိုစူးစိုက်ပြီး ရှုမိတော့ ဝမ်းမြောက်မှု ပီတိကလေး ဖြစ်ဖြစ်ပြီး ပျက်ပျက် သွားတာကို တွေ့ရသဖြင့် အနိစ္စ-မမြဲတဲ့ သဘောကို သိပြီး ဝိပဿနာဉာဏ် ဖြစ်တယ်၊ တခဏကလေး အတွင်းမှာပင် အဲဒီ ဝိပဿနာဉာဏ် ရင့်သန်ပြီး သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်သွားတယ်လို့ ယူရတယ်။ ဒါကြောင့် အဋ္ဌကထာမျှားမှာ-

> ဗုဒ္ဓါရမ္မကံ ပီတိ -ဘုရားဂုဏ်လျှင် အာရုံရှိသော ပီတိကို၊ ခယတော ဝယတော- ကုန်သွားသည်ပျက်သွားသည်ဟု၊သမ္မသန္တော-သုံးသပ်လျက်၊ အရဟတ္တံ-အရှဟတ္တဖိုလ်သို့၊ ပါပုဏာတိ- ရောက်တတ်သည်-ရောက်နိုင်သည်-လို့ မိန့်ဆိုထားကြပါတယ်။

အဲဒီလိုသောတာပန် ဖြစ်ပြီးတော့ သုဒ္ဓါဒန မင်းကြီးဟာ မြတ်စွာဘုရား၏ သပိတ်တော်ကို ယူပြီး နန်းတော်သို့ ဖင့်ဆောင်သွားပါတယ်၊ နောက်ပါ ရဟန္တာ နှစ်သောင်းနှင့်

http://www.dhammadownload.com

တကွ မြတ်စွာဘုရားဟာ အသင့်ခင်းထားသော နေရာ၌ ထိုင်ပြီးတဲ့အခါ သုဒ္ဓေါဒနမင်းကြီး အမှူးရှိသော မင်းပရိသတ်အား အောက်ပါဂါထာကို ဟောတော်မူပါတယ်။

မိထွေးတော်ဂေါတမီ သောတာပန်ဖြစ်ပုံ

ဓမ္မံ စရေ သုစရိတံ၊ နနံ ဒုစ္စရိတံ စရေ။
ဓမ္မာစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။

သုစရိတံ-မတရားအဖြင့် ရှာမှီးခြင်းကို ကြဉ်၍ ကောင်းစွာကျင့်အပ်သော၊ ဓမ္မံ-ဆွမ်းခံ ကျင့်ဝတ်တရားကို၊ စရေ-ကျင့်ရာ၏။ (ပါဋ္ဌိအနေအားဖြင့် သုစရိတံ ဓမ္မံ-အရ ပါဏာတိပါတမှ ကြဉ်ရှောင်ခြင်း အစရှိသော သုစရိုက်(၁၀) ပါးအကျင့်တရားကို ယူမယ်ဆိုယင် ယူနိုင်ပါတယ်၊ ဒါပေမဲ့ အဋ္ဌကထာမှာ ဆွမ်းခံအကျင့်ကိုသာ ဖွင့်ပြထားပါတယ်၊ လမ်းမှာ ရပ်နေယင်း ဟောခဲ့တဲ့ တရားနှင့် အတူတူပါပဲ၊ ဘာကြောင့် ထပ်ဟောရသလဲလို့ ဆိုတော့ လမ်းမှာ ဟောတုန်းက သုဒ္ဓေါဒနမင်းကြီး တဦးတည်းသာ ကြားနာရသေးတယ်၊ မိထွေးတော် မဟာပဇာပတိ ဂေါတမီနှင့် တကွ အခြားသူတွေက ဘုရားရှင်တို့၏ အဲဒီကျင့်ဝတ်ကို မကြားရ မသိရသေးဘူး၊ နောက်ပြီးတော့ အဲဒီဆွမ်းခံကျင့်ဝတ်ကို နာယူရခြင်းဖြင့် သုဒ္ဓေါဒနမင်းကြီးဟာ သကဒါဂါမ် ဖြစ်မယ်၊ မိထွေးတော် ဂေါတမီလဲ သောတာပန် ဖြစ်မယ်၊ အဲဒီ အကြောင်း များကြောင့် ဆွမ်းခံကျင့်ဝတ်ကိုပဲ ရည်ရွယ်ပြီး

http://www.dhammadownload.com

ဟောတော်မူတယ်လို့ ယူရမယ်။) ဒုစ္စရိတ်- ကိုယ်နှုတ်တို့ဖြင့် တိုက်ရိုက်တောင်းခြင်း, လှူချင်အောင် အရိပ်အမြွက်ပြု၍ ဟောခြင်းစသောမဒကောင်းသောအကျင့်ကိုးနှစရေ-မကျင့်ရာ ဓမ္မာစာရ-တရားကို ကျင့်သောသူသည်၊ အာသ္မ လောကစ- ဤမျက်ဖမှာက် လောကဉ်ဌင်း၊ ပရမို့ စ-တပါးသော တမလွန် လောကဉ်ဌင်း၊ သုခံ-ချမ်းသာစွာ၊ သေတံ-အိပ်ရနေရလေ တော့သတည်း။

အဲဒီ ဂါထာတရားကို နာပြီးတော့ သုဒ္ဓေါဒန မင်းကြီး က သကဒါဂါမ်, မိ ထွေးတော် မဟာပဇာပတိ ဂေါတမီက သောတာပန် ဖြစ်သွားပါသတဲ့။

နန္ဒမင်းသားနှင့် ရာဟုလာကို ရှင်ရဟန်း ပြုပေးခြင်း

နောက်တနေ့ကျတော့ ညီဘော် နန္ဒအား ထီးနဲန်းလွှဲအပ်တဲ့ မင်္ဂလာအဖြစ်ဖြင့် သံဃာတော် နှစ်သောင်းနှင့် တကွ မြတ်စွာဘုရားအား ပင့်ပြီး ဆွမ်းကပ်ဘယ်။ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ မြတ်စွာဘုရားက ညီဖတော်နန္ဒလက်ထဲ သပိတ်တော်ကို အပ်ပြီး ကြွတော်မူတယ်၊ ညီတော်နန္ဒလဲ ဟိုအနားကျတော့ သပိတ်ကို ပြန်ယူနိုးနိုး ဒီအနားကျတော့ ပြန်ယူနိုးနိုးနဲ့ သပိတ်တော်ကို ထမ်းပြီး နောက်တော်က လိုက်ပါသွားရတယ်၊ အဲဒီအခါ နွမတော်ဇနပဒကလျာဏီက ခေါင်းဖြီးနေရာက အဆောတလျင် လှမ်းမျှော်ကြည့်ပြီးတော့ "မြန်မြန်ပြန်ခဲ့ပါ မောင်တော်" လို့ မှာလိုက်တယ်။

http://www.dhammadownload.com

ကျောင်းတော် ရောက်တဲ့ အခါ မြတ်စွာဘုရားက "ညီတော်နန္ဒ ရဟန်းပြုနိုင်ပါမည်လား" လို့ မေးတော်မူတယ်၊ ညီတော်နန္ဒက စိတ်မပါသော်လဲ ရိုသေသောအားဖြင့် "ရဟန်းပြုနိုင်ပါတယ်" လို့ လျှောက်တယ်။ အဲဒီတော့ ရဟန်းတော်များကို ညီတော်နန္ဒအား ရဟန်းပြုပေးစေတော်မူပါတယ်။ ခုနစ်ရက်မြောက် နေ့မှာကော့ ဆွမ်းဘဉ်းပေး နေရာမှာသားတော် ဆုဟုလာက အမွေလာတောင်းတယ်၊ ကျောင်းတော် ရောက်သည်တိုင်အောင် လိုက်လာပြီး အမွေတောင်းတယ်၊ အဲဒီအခါ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာကို ဆုဟုလာအား ရှင်သာမဏေ ပြုပေးစေတယ်။ တနေ့သော အခါ သုဒ္ဓေါဒန မင်းကြီးအား မြတ်စွာဘုရားက မဟာဓမ္မပါလဇာတ်ကို ဟောတော်မူတယ်၊ ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် အနာဂါမ် ဖြစ်သွားပါသတဲ့။

ကပိလဝတ်ပြည်၌ နေသင့်သမျှ နေတော်မူပြီး နောက် မလ္လတိုင်း အနုပိယ နိဂုံးရွာကြီး၌ သီတင်းသုံး နေစဉ်အခါမှာ ဘဒ္ဒိယဆိုတဲ့ သာကီဝင်မင်း, အနုရုဒ္ဓါမင်းသား, အာနန္ဒာမင်းသား, ဘဂုမင်းသား, ကိမိလမင်းသား, ဒေဝဒတ်မင်းသား တို့ဟာ ဆေတ္တာသည် ဥပါလိနှင့် တကွ မြတ်စွာဘုရားထံ လာရောက်ပြီး ရဟန်းပြုကြတယ်။ အဲဒီဝါတွင်းမှာပဲ အရှင်ဘဒ္ဒိယက ရဟန္တာ ဖြစ်တယ်၊ အရှင်အနုရုဒ္ဓါက ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရတယ်။ အရှင်အာနန္ဒာက သောတာပန် ဖြစ်တယ်၊ အရှင် ဒေဝဒတ်ကတော့ ဈာန်ဝိဓအဘိညာဉ်ကို ရတယ်။

http://www.dhammadownload.com

သုဒ္ဓါဒနမင်းကြီး ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံခြင်း

မြတ်စ္စာဘုရားဟာ အနုပိယနိဂုံးမှ ဆာဇင်္ဂြိဟ်သို့ ကြွ၍ ဒုတိယဝါ ကပ်တော်မူတယ်။ တတိယဝါ စတုတ္ထဝါတို့ကိုလဲ အဲဒီ ဆာဇင်္ဂြိဟ်မှာပဲ ကပ်တော်မူတယ်။ ပဉ္စမဝါကျတော့ ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရသာလာ ခေါ်တဲ့ ပြာသာဒ်ကျောင်းတော်မှာ ဝါကပ်တော်မူတယ်။ အဲဒီ အခါမှာ သုဒ္ဓါဒနမင်းကြီးဟာ ရွှေနန်းတော်အတွင်း ထီးဖြူတော် အောက်မှာပင် နောက်ဆုံး လျောင်းခြင်းဖြင့် လျောင်းနေစဉ် တဆူးနှလုံးသွင်း ရှုမှတ်လျက် အရဟတ္တဖိုလ်သို့ ရောက်ပြီး လျှင် ပရိနိဗ္ဗာန် ဝင်စံတော်မူသွားပါသတဲ့၊ အဲဒီအခါ မြတ် စ္စာဘုရားလည်း ကြွရောက်၍ သင်္ဂြိဟ်ခြင်းကို ပြုတော်မူပါသတဲ့။

ဘိက္ခုနီပြုရန် ခွင့်တောင်းခြင်း

သုဒ္ဓါဒန မင်းကြီး ပရိနိဗ္ဗာန် ဝင်စံပြီးတဲ့ အခါမှာ မိထွေးတော် မဟာပဇာပတိ ဂေါတမီက မြတ်စ္စာဘုရားထံသို့ ချဉ်းကပ်ပြီး ရိုသေစွာရှိခိုးလျက် မာတုဂါမတို့အား ရဟန်း ပြုရန် ခွင့်ပြုတော်မူဘို့ လျှောက်ထား တောင်းပန်ကြောင်း ထေရိဂါထာအဋ္ဌကထာက ဆိုတယ်၊ အချို့ကတော့ မြတ်စ္စာ ဘုရား ကပိလဝတ်ပြည်သို့ ပဌမအကြိမ် ကြွစဉ်ကပဲင် တောင်း ပန်တဲ့ အနေနဲ့ ပြဆိုကြပါတယ်၊ အဲဒီတုန်းက မိထွေးတော် ဂေါတမီဟာ သောတာပန်မျှသာ ဖြစ်သေးတယ်၊ သုဒ္ဓါဒန

http://www.dhammadownload.com

မင်းကြီးကလဲ အသက်တော် ထင်ရှား ရှိစဉ်ဖြစ်နေတယ်၊ ဒီအကြောင်း ၂-ခုကြောင့် သုဒ္ဓါဒနမင်းကြီးကို စွန့်ပစ်၍ ရဟန်းပြုရန် မိထွေးတော် ဂေါတမီက ကြံမည့်လက္ခဏာ အာရိုင်နိမိတ်မရှိပါဘူး။ ဒါကြောင့် "သုဒ္ဓါဒနမင်းကြီး မရှိတဲ့ အခါကျမှ ရဟန်းပြုရန် ကြံစည်တယ်" ဆိုဘာက သာပြီး အာသင်္ကယုတ္တိရှိပါတယ်။ နောက်ပြီးတော့ ပဌမအကြိမ် ကပိလဝတ်ပြည် ကြွစဉ်က ကပိလဝတ်ပြည်မှ အနုပိယနိဂုံးသို့ ကြွတော်မူကြောင်း၊ (ဒုတိယအကြိမ် ကြွတော်မူပြီးနောက်) မိထွေးတော် ဂေါတမီ၏ တောင်းပန်ချက်ကိုလဲ ပယ်ပြီးတဲ့ နောက် ဝေသာလီပြည်သို့ ကြွတော်မူကြောင်း ပါဠိတော်မျှးမှာ ထင်ရှားရှိပါတယ်၊ ဒါကြောင့် "ဝေသာလီမှာ သီတင်းသုံးခိုက် ခမည်းတော်၏ စကားပန အတွက် ခေတ္တ ကြွတော်မူတယ်၊ အဲဒီအခါမှာ မိထွေးတော် ဂေါတမီက မာတုဂါမတို့ ရဟန်းပြုခွင့်ရရန် တောင်းပန်တယ်၊ အဲဒီတောင်းပန်ချက်ကို ပယ်ပြီးနောက် ဝေသာလီပြည်သို့ပင် ပြန်ကြွတော်မူတယ်" ဆိုတဲ့ အစဉ်ဟာ အသင်္ကယုတ္တိရှိပါတယ်။

မြတ်စွာဘုရား ကပိလဝတ်ပြည်မှ ဝေသာလီပြည်သို့ ပြန်ကြွ၍ မဟာဝုန်တော ကူဋာဂါရသာလာ ခေါ် ပြာသာဒ် ကျောင်းတော်၌ သီတင်းသုံး စံနေတော်မူသောအခါ ရောဟိဏီမြစ်ရေအတွက် ရန်စစ်ပွဲမှ မြတ်စွာဘုရားထံ၌ ရဟန်းပြုခဲ့ကြသော သာကီနွယ် ကောလိယနွယ် မင်းသား ငါးရာတို့၏ ဇနီးဖြစ်ကြသော မင်းသမီး ငါးရာတို့သည် သူတို့၏ ခင်ပွန်း

http://www.dhammadownload.com

ရဟန်းတော်များ ရဟန္တာဖြစ်ကုန်ကြသဖြင့် လူ့ဘောင်၌ ငြိုးငွေ့ကြသောကြောင့် မိထွေးတော် ဂေါတမီထံသို့ လာရောက်ကြ၍ မြတ်စွာဘုရားထံ ရဟန်းပြုခွင့်လျောက်တောင်းပေးရန် တောင်းပန်ကြပါတယ်။ အဲဒီအခါ မဟာပဇာပတိဂေါတမီနှင့်တကွ အဲဒီမုဆိုးမမင်းသမီးငါးရာတို့ဟာ မြတ်စွာဘုရားကို ရည်စူးလျက် ခေါင်းများကို ရိတ်ပြီးတော့ ဖန်ရည်စွန်းသော အဝတ်သင်္ကန်းများကို ဝတ်ရုံ၍ ရဟန်းမလောင်းအသွင်ကို ယူကြပါတယ်၊ အဲဒီလို ဖန်ရည်စွန်းသောအဝတ်များကို ပတ်ရုံကြပြီးတော့ မြတ်စွာဘုရားထံ ခွင့်တောင်းရန် ဝေသာလီပြည်သို့ လာခဲ့ကြပါတယ်။

ကပိလဝတ်နှင့် ဝေသာလီဟာ (၅၁) ယူဇနာ ဝေးကွာတယ်လို့ ဆိုပါတယ်၊ သင်္ဃာမင်းမှူထမ်းတို့က ရွှေထမ်းစင်များဖြင့် လိုက်ပို့ရန် စီမံကြပါသတဲ့၊ ဒါပေမဲ့ ရွှေထမ်းစင်စီးပြီးသွားလျှင် ဘုရားကို မရိုသေရာရောက်လိမ့်မယ်လို့ ကြံဆပြီး ခြေလျင်သာ သွားကြပါတယ်၊ သင်္ဃာမင်းမှူထမ်းများက ဓရှမ္မရော နောက်မှရော စောင့်ရှောက်လျက် လိုက်ပါကြပါတယ်၊ စားသောက်ရေးနှင့် ရောက်ရာစခန်းမှာ နားနေရေးများ အတွက်လဲ လိုက်ပါပြီး ဆောင်ရွက်ကြပါတယ်။ နန်းတွင်းသူတော်ဆိုတာ ခြေကလဲ နူးညံ့တယ်၊ ခရီးရှည်ကလဲသွားဘူးကြတာ မဟုတ်ဘူး၊ ဒါကြောင့် ခြေဖဝါးမှာ အဖူး အလုံးဖွဲ့ပြီး ပေါက်ကွဲကုန်ကြပါသတဲ့။ (၅၁) ယူဇနာ ဆိုတော့ တနေ့ တယူဇနာခရီးသွားတယ် ဆိုတောင်

http://www.dhammadownload.com

ရက် (၅၀)ကျော် ၂-လ နီးနီးသွားကြရလိမ့်မယ်၊ ဒီတော့ ခြေတွေ အတော်ကို ပေါက်ကွဲကုန်မှာပါပဲ။

ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ကျောင်းတိုက်ကြီး အဝင်ဝ ရောက်တဲ့အခါကျတော့ မဟာပဇာပတိဂေါတမီက မြတ်စွာဘုရားထံ ခွင့်တောင်းဘို့အရေး မြွေတွေးပြီး မျက်ရည်စီးယို ငိုကြွေးနေပါသတဲ့။ အကြောင်းကတော့ အယင်တခါ ခွင့်တောင်းတုန်းက သုံးကြိမ်တိုင်တိုင် ပယ်ချခဲ့တယ်၊ အခွင့်မရခဲ့ဘူး၊ ဒီတခါ အဲဒီလိုပယ်ချလို့ အခွင့်မရယင် ခက်တာပဲ မင်းသမီးငါးထုနှင့်တကွ အားလုံး ခေါင်းလဲရိတ်ထားကြပြီ၊ ဖန်ရည်စွန်းသော အဝတ်ကိုလဲ ရဟန်းမလောင်းအသွင်ဖြင့် ဝတ်ဆင်ထားကြပြီ၊ နိုင်ငံခြား နယ်ပယ်ထဲလဲ ရောက်နေကြပြီ၊ ဒီတခါ အခွင့်မရယင် ဘယ်သွားပြီး ဘယ်လိုနေကြရပါမည်လဲ စသည်ဖြင့် စဉ်းစားပြီး စိတ်အားငယ်တာနဲ့ မျက်ရည်စီးယို ငိုနေတာပါပဲ တဲ့။

အရှင်အာနန္ဒာက ဘိက္ခုနီပြုခွင့် တောင်းပန်ခြင်း

အဲဒီအခါ အရှင်အာနန္ဒာက အဲဒီခကျောင်းတိုက် အဝရောက်လာလို့ မိထွေးတော်ဂေါတမီ ခေါင်းတုံးရိတ်ပြီး ဖန်ရည်စွန်းသော အဝတ်ကိုလဲ ဝတ်လျက် ငိုနေတာကို တွေ့ရလို့ မေးကြည့်တော့ မိထွေးတော်ဂေါတမီက အကြောင်းစုံကို လျှောက်ထားတယ်၊ ဒီတော့ အရှင်အာနန္ဒာက "ဒါဖြင့် မာတုဂါမမျှားအား ရဟန်းပြုခွင့်ရအောင် တောင်း

http://www.dhammadownload.com

ပန်ပေးမယ်၊ ဒီမှာပဲ နေကြဦး”လို့ အားပေးစကားပြော ပြီးတော့ မြတ်စွာဘုရားထံ သွားရောက် လျှောက်ထား တောင်းပန်တယ်။

“မြတ်စွာဘုရား၊ မိထွေးတော် ဂေါတမီဟာ မာတုဂါမမျှားအား ဤသာသနာ၌ ရဟန်းပြုရန် ခွင့်ပြုချက် မရသောကြောင့် ပင်ပန်းဆင်းရဲစွာလာ ခဲ့ပြီး ကျောင်းတိုက်အာမှာ မဝင်ဝံ့ပဲ ဦးနေပါသည်၊ မာတုဂါမမျှားအား ဤသာသနာ၌ ရဟန်းပြုခွင့် ပေးတော်မူပါဘုရား” လို့

အရှင်အာနန္ဒာက လျှောက်ထားတောင်းပန်တယ်။ ထိုအခါ မြတ်စွာဘုရားက“ချစ်သားအာနန္ဒာ၊ မသင့်တော်ဘူး၊ မာတု ဂါမတို့အတွက် ရဟန်းပြုခွင့် အလိုမရှိလင့်”လို့ ပယ်မြစ် တော် မူပါတယ်။ အရှင်အာနန္ဒာက နှစ်ကြိမ်မြောက် သုံးကြိမ်မြောက်လဲ ထပ်ပြီး တောင်းပန်တယ်၊ သုံးကြိမ်လုံး မြတ်စွာဘုရားက ပယ်ချတော်မူတယ်။ အဲဒီတော့ အရှင် အာနန္ဒာက ဒီနည်းနဲ့ ခွင့်မပြုယင် အခြားနည်းနဲ့ တောင်း ပန်ဦးမယ်လို့ ကြံစည်ပြီးတော့-

“မြတ်စွာဘုရား၊ မာတုဂါမမျှားဟာ ဒီသာသနာ တော်မှာ ရဟန်းပြုပြီး တရားကျင့်သုံးလျှင် အရိယ မဂ်လေးပါး ဖိုလ်လေးပါးကို ရနိုင်ပါသလား”လို့ မေး လျှောက်တယ်၊ မြတ်စွာဘုရားက ရနိုင်ကြောင်း မိန့်

http://www.dhammadownload.com

တော်မူတယ်။ အဲဒီအခါမှာ အရှင်အာနန္ဒာက "ဒီလိုဆိုယင် မိထွေးတော် ဂေါတမီဟာ ရှင်တော်ဘုရားအတွက် များစွာ ကျေးဇူးရှိပါတယ်၊ ရှင်တော်ဘုရားအား နို့ရေတိုက်ကျွေး၍ မွေးမြူခဲ့ပါတယ်၊ ဒါကြောင့် မာတုဂါမများအား ဒီသာသနာမှာ ရဟန်းပြုခွင့် ပေးတော်မူပါ"လို့ လျှောက်ထား တောင်းပန်တယ်။ လျှောက်ပုံက တော်တော်နေရာကျတာပဲ၊ ဘုရားတိုင်း ဘုရားတိုင်း၏ သာသနာမှာ ဘိက္ခုနီဆိုတာ ရှိမြဲပါပဲ၊ ဘိက္ခုနီမ အဖြစ်နဲ့ ကျတ်တမ်းဝင်မည့် အမျိုးသမီးတွေလဲ ရှိနေတာပဲ၊ ဒါကြောင့် မာတုဂါမတို့အား ရဟန်းပြုရန် အခွင့်ပြုဘို့ ဆိုတာဟာ မူလကတည်းက ရှိခဲ့ပါတယ်၊ ဒါပေမဲ့ ခက်ခက်ခဲခဲခွင့်တောင်းပြီး အခွင့်ရပါမှ အမျိုးသမီးများအတွက် အကျိုးများမည့်အရေးကို မြင်တော်မူလို့ မိထွေးတော် ဂေါတမီကိုယ်တိုင် တောင်းပန်တုန်းက သုံးကြိမ်တိုင်ဘိုင် ပယ်တော်မူခဲ့တယ်။ အရှင်အာနန္ဒာတောင်းပန်တဲ့အခါလဲ သုံးကြိမ်တိုင်တိုင် ပယ်တော်မူခဲ့တယ်။

ဘိက္ခုနိပြုရန် ခွင့်ပြုတော်မူခြင်း

စတုတ္ထအကြိမ် အခြားနည်းဖြင့် တောင်းပန်ကဲ့အခါမှာတော့ ခွင့်ပြုရန် သင့်တော်နေပြီဖြစ်တဲ့ အတွက် မြင်စွာဘုရားက "မိထွေးတော် မဟာပဇာပတိ ဂေါတမီဟာ ဂရုဓမ္မ ရှစ်ပါးကို လက်ခံလျှင် ဘိက္ခုနီ (ရဟန်းမ) ဖြစ်စေ"လို့ ခွင့်ပြုတော်မူလိုက်ပါတယ်။

http://www.dhammadownload.com

အခြား သာကီဝင်မင်းသမီး ရဟန်းမလောင်း ငါးရာတွေ့ကိုတော့ ရဟန်းတော်များက ကမ္မဝါဖြင့် ရဟန်းပြုပေးစေတော်မူခဲ့ပါတယ်။ အဲဒီအခါကစပြီး ရဟန်းမများ ဖြစ်ပေါ်လာခဲ့တယ်။ အဲဒီအခါဟာ မြတ်စွာဘုရား၏ ငါးဝါမြောက်ကာလ ဖြစ်တယ်၊ မြတ်စွာဘုရား၏ အသက်တော် (၄၀)၊ မိထွေးတော်၊ မဟာပဇာပတိဂေါတမီ၏ အသက် (၉၄) နှစ်ခန့် ဖြစ်တယ်။

မိတွေးတော်ဂေါတမီ ဆေရီဟာ ဂရုဓမ္မရှစ်ပါးကို လက်ခံရုံမျှဖြင့် ရှေးဦးစွာ ဘိက္ခုနီ ဖြစ်တယ်၊ အခြား သာကီဝင် ရဟန်းမလောင်း ငါးရာတို့ကိုတော့ ရဟန်းတော်များက ကမ္မဝါဖြင့် ရဟန်းမ ပြုပေးကြတယ်၊ နောက်ကာလမှာတော့ ရဟန်းမလောင်းများကို ဘိက္ခုနီသံဃာက ရှေးဦးစွာ ကမ္မဝါဖြင့် ရဟန်းမ ပြုပေးပြီးတဲ့နောက် ရဟန်းများကလဲ ထပ်ပြီး ကမ္မဝါဖြင့် ဥပသမ္ပဒကံ ဆောင်ပေးကြရတယ်။

မိထွေးတော် ဂေါတမီထေရီဟာ မြတ်စွာဘုရား၏ အဆုံးအမဖြင့် တရား အားထုတ်၍ မကြာမီပင် ရဟန္တာမ ဖြစ်သွားတယ်၊ ရဟန္တာမ ဖြစ်သွားတော့ သူ့သန္တာန်မှာ ကိုလေသာတွေ လုံးဝ ကင်းစင်သွားတယ်၊ ကိုလေသာ မရှိတော့ ရှေးဟောင်း ကံတွေကလဲ ဘဝအကျိုးကို မဖြစ်စေနိုင်တော့ဘူး၊ အကျိုးပေးနိုင်တဲ့ ကံအသစ်လဲ သူ့သန္တာန်မှာ မဖြစ်တော့ဘူး၊ ဘုရားကို ရှိခိုးခြင်း, သံဃာတော်ကို ရှိခိုးခြင်း,

http://www.dhammadownload.com

စျာန်ဝင်စားခြင်း,ဝိပဿနာရှုခြင်းအစရှိတဲ့ ကုသိုလ်အလုပ်တွေ ကိုတော့ပြုလုပ်ပါတယ်၊ ဒါပေမဲ့ အကျိုးပေးတတ်တဲ့ ကုသိုလ် ကံတော့မဖြစ်တော့ဘူး၊အကျိုးမပေးတတ်တဲ့ ကြိယဲာသာ ဖြစ် တော့တယ်၊ ရဟန္တာများက ကုသိုလ်ကံကို ပယ်တယ်ဆိုတာ ကိလေသာမရှိလို့ အကျိုးပေးတတ်တဲ့ ကုသိုလ်ကံ မဖြစ်တော့ ပဲ အကျိုးမပေးတတ်တဲ့ ကြိယာမျှ ဖြစ်တာကိုသာ ဆိုတာ၊ အဲဒါကို အထူးသတိပြုပြီး မှတ်ထားကြရမယ်။ အခြား သာကီဝင် မင်းသမီး ရဟန်းမ ငါးဆူတို့ကတော့ သာကီဝင် မင်းသား နန္ဒက မထေရ် ဟောတဲ့ တရားကို နာကြားပြီး ရဟန္တာမ ဖြစ်သွားကြတယ်။

မိထ္ဆးတော် ဂေါတမိ ထေရီ ပရိနိဗ္ဗာန်ပြုပုံ

မိထ္ဆးတော် ဂေါတမိထေရီဟာ ရဟန်းပြုတဲ့ အချိန်က အသက်(၉၄)နှစ် ခန့်ရှိတယ်လို့ ခန့်မှန်းရပါတယ်။ ခုဟန္တာ ဖြစ်ပြီးနောက် (၂၆) နှစ်ခန့် ရှိသေးအခါ, ဝါအားဖြင့်လဲ (၂၆) ဝါခန့် ရှိသေးအခါ အသက်(၁၂၀) ရှိပါတယ်။ မြတ်စွာဘုရား၏ အသက်တော်လဲ အဲဒီအခါ (၆၆) နှစ်ခန့် ရှိနေလိမ့်မယ်၊ အဲဒီအခါမှာ မြတ်စွာဘုရားဟာ ဝေသာလီ ပြည် ကူဋာဂါရသာသာမှာ သီတင်းသုံး နေတော်မူခိုက်ဖြစ် တယ်၊ ဝါကပ်ဒနတာတော့ မဟုတ်ပေဘူး၊ ဒေသစာရီကြွချီ တော်မူယင်း ခေတ္တာ သီတင်းသုံးခိုက် ဖြစ်ပါလိမ့်မယ်၊ မိထ္ဆး တော် မဟာပဇာပတိ ဂေါတမီ ထေရီကလဲ သူ့အခြေအရံ

http://www.dhammadownload.com

ဘိက္ခုနီ ငါးရာတို့နှင့်တက္ခ ဝေသာလီ မြို့တွင်းက ဘိက္ခုနီ ကျောင်းတိုက်မှာ နေထိုင်လျက် ရှိကြတယ်။ တနေ့သော အခါမှာ မဟာပဇာပတိ ဂေါတမီဟာ ဖလသမာပတ်ဝင်စား ပြီး သမာပတ်မှ ထတဲ့အခါ မိမိ၏ အာယုသင်္ခါရ အသက် အခြေအနေကို ဆင်ခြင်ကြည့်လိုက်တယ်၊ အဲဒီအခါ အာယု သင်္ခါရ ကုန်နေတာကို မြင်ရတယ်၊ ဒီတော့ "မြတ်စွာဘုရား ထံသွားပြီး ခွင့်တောင်းမယ်၊ ခွင့်တောင်းပြီးတော့ သီတင်း သုံးဘော် မတေရ်မြတ်တွေကို ပန်ကြားပြီး ဒီဘိက္ခုနီကျောင်း တိုက်မှာပဲ ပြန်လာပြီး ပရိနိဗ္ဗာန်ပြုမယ်" လို့ ကြံစည်ပါ သတဲ့၊ သူ့အခြွေအရံဘိက္ခုနီမ ငါးရာတို့ကလဲ အဲဒီအချိန်မှာ အဲဒီ အတိုင်းပဲ ကြံစည်ကြပါသတဲ့။

အဲဒီမှာ မဟာပဇာပတိ ဂေါတမီကတော့ အသက်(၁၂၀) ရှိနေလို့ ပရိနိဗ္ဗာန်ပြုချိန် တန်နေကြောင်း ထင်ရှားတယ်၊ အခြား သူ့အခြွေအရံ ဘိက္ခုနီတွေကတော့ အသက်(၁၂၀) ရှိကြပုံ မပေါ်သေးပါဘူး၊ ဒါပေမဲ့ သူတို့လဲ (၆၀)ကျော် (၇၀) ကျော် စသည်ရှိပြီး အာယု သင်္ခါရ ကုန်နေတယ်လို့ ယူရမှာပဲ။ ဒါကြောင့် သူတို့အကြံအစည်ဖြစ်ပုံကို အချင်း ချင်း ပြောကြပြီးတော့ မြတ်စွာဘုရားထံသို့ သွားကြတယ်၊ အဲဒီအခါမှာ ကြည်ညိုကိုးကွယ် နေကြတဲ့ အမျိုးသမီးများက ဘယ်ကို့စွအတွက် ဘယ်ကို ကြွကြ မလို့ပါလဲလို့ မေးကြ တော့၊ ပရိနိဗ္ဗာန်ပြုရန် ဘုရားထံ ခွင့်ပန်ဘို့ သွားကြကြောင်း

http://www.dhammadownload.com

ပြောကြားတယ်၊ အဲဒါကိုကြားရတော့ ပရိနိဗ္ဗာန်မပြုရန် ငိုယိုပြီး တောင်းပန်ကြတယ်၊ အဲဒီအမျိုးသမီးများကို ဂေါတမီထေရီမကြီးက ဒီလိုနှစ်သိမ့်စေသည့် စကားကို ပြောကြားပါသတဲ့။

ငိုသူတို့အား နှစ်သိမ့်စေခြင်း

ရုဒိတေန အလံ ပုတ္တာ၊
ဟာသကာဓလော' ယမဇ္ဇဓေါ။

ပုတ္တာ-ချစ်သမီးတို့၊ ရုဒိတေန-ငိုကြွေးခြင်းဖြင့်၊ အလံ-မသင့်တော်ပါ။ အယံ အဇ္ဇ-ယနေ့ ဤအချိန်ကာလသည်း ဓေါ-သင်ချစ်သမီးတို့၏၊ ဟာသကာ လော - ပျော်ရွှင်ရမည့် အချိန်အခါသာ ဖြစ်ပါတယ် ထဲ့။

ခင်မင်ရင်းနှီးတဲ့သူ သေတယ် ဆိုယင် လူတွေက ငိုကြတော့တာပဲ၊ အထူးအားဖြင့် အမျိုးသမီးတွေက ငိုကြတော့တာပဲ။ ဒါပေမဲ့ ဖြစ်ရာ ဖြစ်ရာဘဝမှာ မဆသပဲနဲ့ အမြဲအသက်ရှင်နေရတယ် ဆိုတာ ဘယ်မှာမှ မရှိဘူး၊ တနေ့ကျယင် သေကြရမှာချည်းပဲ။ အဓရေးကြီးတာကတော့ သေပြီးတဲ့နောက် အပါယ်ဘုံအစရှိတဲ့ ဆင်းရဲတဲ့ဘုံဘဝတွေ မရောက်ဖို့က အရေးကြီးတာပဲ၊ ကုသိုလ်မရှိပဲ အကုသိုလ်ကံတွေများပြီး မသေသင့်ယင်တော့ သနားစရာ ဝမ်းနဲစရာ ငိုစရာပါပဲ၊ ဒါနဲ့ သီလဘာဝနာ အစရှိတဲ့ ကုသိုလ်တွေကို ပွားများပြီး သေသွားယင်တော့ ကောင်းမြတ်ဆုဘဝ ရောက်ဖို့ နီးစပ်ပါတယ်၊

http://www.dhammadownload.com

အထူးအားဖြင့် သေခါနီးမှာမတွေဝေပဲ ကြည်ကြည်လင်လင် စိတ်နဲ့ သေသွားယင် ကောင်းရာရောက်ဖို့ သေချာပါတယ်၊ အိမ်ဟောင်း အိမ်ညံ့မှ အိမ်သစ် အိမ်ကောင်း ပြောင်းသွားတာမျိုးပါပဲ၊ သနားစရာ ဝမ်းနည်းစရာ ငိုစရာမဟုတ်ပါဘူး၊ သေသေချာချာ သိရယင် ဝမ်းသာစရာပါပဲ။ အထူးအားဖြင့် ဝိပဿနာတရားကို ထိထိရောက်ရောက် အားထုတ်ထားတဲ့သူဟာ သေခါနီးမှာလဲ ရှုမှတ်မှုမကင်းပဲ သေသွားယင် ဝမ်းနည်းစရာ ငိုကြွေးစရာ မဟုတ်ပါဘူး။ ယခု မိထွေးတော် ဂေါတမီနှင့် ငါးရာသော် ဘိက္ခုနီတွေကတော့ ရဟုန္တာမတွေပဲ၊ ပရိနိဗ္ဗာန်စံဝင်ကြတာပဲ၊ ဝမ်းနည်းစရာ ငိုစရာ မဟုတ်ဘူး၊ ဝမ်းသာစရာသာ ဖြစ်တယ်၊ အဲဒီအကြောင်းကိုလဲ ဒီလို ဆက်ပြီး ပြောကြားတယ်။

ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ ဆိုတဲ့ သစ္စာလေးပါးကို သိပြီး ပွါးစေပြီးဖြစ်ကြောင်း၊ ကိလေသာဝန် အဘိသင်္ခါရဝန် ခန္ဓာဝန် ဆိုတဲ့ ဝန်ထုပ်ကြီးများကိုလဲ စွန့်ချပြီး ဖြစ်ကြောင်း၊ ဘဝနှောင်ကြိုးကိုလဲ ပယ်ဖြတ်ပြီး ဖြစ်ကြောင်းများကို ပြောကြားပြီးတော့- ပုတ္တိကာ-ချစ်သမီးတို့၊ မေ-ငါအား၊ နိဗ္ဗာတုံ-ဆင်းရဲငြိမ်းရာသို့ သွားခြင်းငှါ၊ တာဝ ကာလော-အချိန်ကျနေပါပြီ၊ မံ-ငါ့ကို၊ မာသောစထ - မစိုးရိမ်ကြပါနဲ့တော့လို့ ပြောကြားပါတယ်။ နောက်ပြီးတော့-

http://www.dhammadownload.com

စိရပ္ပဘုတိ ယံ မယ္ပံ၊ ပတ္ထိတံ အဇ္ဇ သိဇ္ဈတေ။
အာနန္ဒ ဘေရိ ကာလောယံ၊
ကိံ ဝေါ အသူဟိ ပုတ္တိကာ။

ပုတ္တိကာ – ချစ်သမီးတို့၊ စိရပ္ပဘုတိ – ရှည်မြင့်စွာသော ကာလမှစ၍၊ ယံ-အကြင် ဆင်းရဲခပ်သိမ်း ငြိမ်းရာ နိဗ္ဗာန်ဆုကို၊ ပတ္ထိတံ-တောင့်တခဲ့၏၊ မယ္ပံ-ငါ၏၊ တံ-ထိုနိဗ္ဗာန်ဆုသည်၊ အဇ္ဇ -ယနေ့ ယခု၊ သိဇ္ဈတေ – ပြီးစီးပြည့်စုံပေ၏။ တသ္မာ- ထို့ကြောင့်၊ အယံ- ဤအခါကာလသည်၊ အာနန္ဒ ဘေရိ ကာလော – ဝမ်းမြောက်ဝမ်းသာသည့် အထိမ်းအမှတ်စည်ကြီးကို တီးရမည့် အခါကာလပေတည်း၊ (ရှေးကဘုရင်များဟာ စစ်ပွဲအောင်လာတဲ့အခါ အောင်စည်ကြီးကို တီးခတ်ပြီး လှည့်လည်ကြတယ်၊ အဲဒါလိုပင် ကမ္ဘာတသိန်းထက်ကြာမြင့်စွာသောကာလမှ စ၍ တောင့်တခဲ့သည့် နိဗ္ဗာန်ဆုကြီးဟာ ယနေ့ပြီးမြောက်ပြည့်စုံတယ်၊ ဒါကြောင့် ယနေ့အောင်စည်တီးပြီး ဝမ်းမြောက် ဝမ်းသာရမည့်အခါသာဖြစ်တယ်၊ ဝမ်းနည်းရမည့် ငိုကြွေးရမည့်အခါ မဟုတ်ဘူးလို့ ဆိုလိုပါတယ်၊ ဒါကြောင့်) ဝေါ-သင် ချစ်သမီးတို့အား၊ အသူဟိ-မျက်ရည်စီးယို ငိုကြွေးခြင်းတို့ဖြင့်၊ ကိံ-အဘယ် အကျိုး ရှိအံ့နည်း၊ အကျိုးမဲ့သာ ဖြစ်ပါတယ် ချစ်သမီးတို့လို့ ပြောဆိုပါတယ်။

http://www.dhammadownload.com

မိထွေးတော် ဂေါတမီဟာ လွန်ခဲ့သော ကမ္ဘာတသိန်း ထက်က ပဒုမုတ္တရာဘုရား လက်ထက်တော်မှာ အမတ်သီးကလေး ဖြစ်ခဲ့တယ်၊ အဲဒီတုန်းက သူဘခင်နှင့် ပဒုမုတ္တရ မြတ်စွာ ဘုရားထံ သွားရောက်ပြီး တရားနာတယ်၊ အဲဒီအခါ မြတ်စွာဘုရားက မိထွေးတော် ဘိက္ခုနီမကြီးကို ရတ္တညူ။ တေဒဂ်ဖြင့် ချီးကျူးတော် မူတယ်၊ ရတ္တညူ။ ဆိုတာ ဘိက္ခုနီမအဖြစ်နဲ့ ညဉ့်နေ့ကာလတွေကို အမျှားဆုံး သိသူလို့ ဆိုလိုပါတယ်၊ တဲ့တဲ့ပြောရယင် ဘိက္ခုနီထဲမှာ ဝါ အကြီးဆုံးလို့ ဆိုလိုပါတယ်။ အဲဒါကို မြင်ရ ကြားရတော့ အမတ် သမီးကလေးက အလွန် သဘောကျသွားတယ်၊ အမျိုးသမီးထဲမှာ ဒီဂုဏ်ဟာ အကောင်း အမြတ်ဆုံးပဲလို့ သဘောကျ သွားတယ်။ဘာကြောင့်လဲ ဆိုတော့ ဘုရား အာလောင်း မယ်တော်အရင်းက မွေးဖွားပြီး ခုနစ်ရက်မြောက်မှာ ကွယ်လွန် သွားရတယ်၊ ဘုရားအလောင်းကို ကောင်းကောင်း မပြု စုလိုက်ရဘူး၊ ဘုရားဖြစ်လာတဲ့ အခါကျတော့လဲ ဘုရား မယ်တော် အနေနဲ့ လူ့လောကမှာ မထင်ရှားဘူး။ မိထွေး တော်က ခုနှစ်ရက်သား ဘဝကတည်းက ဘုရားအလောင်း တော်ကို ပြုစု စောင့်ရှောက် လာခဲ့ရတယ်၊ ဘုရားမယ်တော် ကြီးအဖြစ်နဲ့လဲ လူအမျှား၏ လေးစားခြင်းကို ရတယ်၊ အရင်းနှီးဆုံးလဲ ဖြစ်တယ်၊ ဒါကြောင့် အမျိုးသမီးဘဝမှာ ဘုရားလောင်း၏ မိထွေးတော် ဖြစ်ပြီး ဝါအကြီးဆုံး အစ ဆုံး ဘိက္ခုနီမ ဖြစ်ရတာဟာ အကောင်း အမြတ်ဆုံးပဲလို့ သူက

http://www.dhammadownload.com

သဘောကျပြီး အဲဒီ ရတ္တညူးတေဒဂ် ရတဲ့ဘုရား၏ မိယွေး တော် ဆုထူးကို ပန်ခဲ့တယ်။ အဲဒီတုန်းက ဆုပန်လာတာ ကြာလှပါပြီ၊ ကမ္ဘာပေါင်း တသိန်းရှိပြီ၊ အဲဒီ ကမ္ဘာတသိန်း အတွင်း မရေတွက်နိုင်တဲ့ ဘာများစွာမှာ အိုရခြင်း သေရ ခြင်း စိုးရိမ် ပူဆွေးရခြင်း အစရှိသော ဆင်းရဲအမျိုးစုံတွေ ကို ခံစားခဲ့ရလှပြီ၊ ယခုနောက်ဆုံး ဘဝကျမှ အဲဒီဆုက ပြည့်စုံပြီးစီးတယ်၊ အဲဒီ ဆုမြတ်အရ ဆင်းရဲငြိမ်းရာ နိဗ္ဗာန် သွားရမယ်၊ ဝမ်းမြောက်စရာ အကောင်းဆုံး အချိန်ဖြစ်တယ်၊ ဝမ်းမြောက်တဲ့ အထိမ်းအမှတ် စည်ကြီးကို ၊တီးသင့်တဲ့အချိန် ဖြစ်တယ်၊ စိုးရိမ်ပူဆွေးရ ငိုကြွေးရမည့်အချိန် မဟုတ်ဘူး ချစ်သမီးတို့-လို့ နှစ်သိမ့်စေသည့် စကားကို ပြောကြားပါ တယ်။

အဲဒီလို ပြောကြားပြီးတော့ သမီးတို့က မယ်တော်ကြီး ကို ချစ်ပါတယ် သနားပါတယ် ကျေးဇူးတင်ပါတယ် ဆို ယင် ဗုဒ္ဓသာသနာတော်ဆိုတဲ့ သူတော်ကောင်းတရား ရှည် မြင့်စွာတည်အောင် တရားအားထုတ်မှု လုံ့လဝီရိယကိုသာ မြဲမြံစွာပြုရစ်ကြပါ၊ မယ်တော်ကြီးက တောင်းပန်လို့ မြတ် စွာဘုရားက သာသနာတော်မှာ အမျိုးသမီးများ၏ ရှင်ရ ဟန်းပြုခွင့်ကို ပေးတော်မူခဲ့တယ်၊ အဲဒါကိုမယ်တော်ကြီးက နှစ်သက် ဝမ်းမြောက် သလိုပင် သမီးတို့က အတုလိုက်ပြီးဝမ်း မြောက်ဝမ်းသာနှင့် ကျင့်ရစ်ကြပါလို့ သြဝါဒစကားကိုလဲ ပြောကြားပြီး မြတ်စွာဘုရားထံသို့ သွားရောက်၍ ရှိခိုးကန်

http://www.dhammadownload.com

တော့ ကြတယ်။ ရှိခိုးကန်တော့ပြီး မိထွေးတော် ဂေါတမီ လျှောက်ပုံကတော့-

မြတ်စွာဘုရားအား လျှောက်ပုံ

"မြတ်စွာဘုရား လောကအလိုအားဖြင့် တပည့်တော်မက အရှင်ဘုရား၏ မိခင်ဖြစ်ပါတယ်၊ တရားတော်အလိုအားဖြင့် အရှင်ဘုရားက တပည့်တော်၏ ဘခင်ဖြစ်ပါတယ်၊ အရှင်ဘုရား၏ တရားတော်နယ်အတွင်းမှာ တပည့်တော်မဟာ အရိယာ သူတော်စဉ်အစစ် ဖြစ်ရပါပေတယ်။ တပည့်တော်မက အရှင်ဘုရား၏ ရုပ်ကိုယ်တော်ကို နို့ရည် တိုက်ကျွေးခြင်း စသည်ဖြင့် ကြီးထွားစေခဲ့ပါတယ်၊ အရှင်ဘုရားက တပည့်တော်မ၏ (သတိပဋ္ဌာန်အစရှိသော) တရားကိုယ်ကို ကြီးပွါးပြည့်စုံ စေခဲ့ပါတယ်။ တပည့်တော်မက အရှင်ဘုရားအား နို့ရည် တိုက်ကျွေးပြီး ဆာလောင်မှု တခဏမျှ ငြိမ်းခြင်းကို ပြီးစေခဲ့ပါတယ်၊ အရှင်ဘုရားက တပည့်တော်မအား တရားနို့ရည်ဖြင့် တဏှာဟူသော ဆာလောင်မှု အစဉ်ထာဝရ ငြိမ်းခြင်းကို ပြီးစေတော် မူခဲ့ပါတယ်" စသည်ဖြင့် လျှောက်ထားပြီးတော့ အောက်ပါဂါထာဖြင့်လဲ လျှောက်ပါတယ်။

ရညောရ မာတာ မ ဟေသီတိ၊ သုလဘံ နာမ မိတ္ထီနံ။
ဗုဒ္ဓမာတာတိ ယံ နာမံ၊ ဧတံ ပရမဒုလ္လဘံ။

ပုတ္တ-သားတော်ဘုရား၊ ရညော-စကြဝဘေး မန္ဓာတ်စသော ဘုရင်မင်းမြတ်၏၊ မာတာ - မယ်တော်ဖြစ်သော၊

http://www.dhammadownload.com

မဟောသိတိ-မိဖုရားကြီး ဟူသော၊ နာမံ-အမည်ကို၊ ဣတ္ထိနံ-မိန်းမတို့သည်၊ သုလဘံ-ရလွယ်ပါသည့်ဘုရား၊ ဗုဒ္ဓမာတာတိ-ဘုရား၏မယ်တော်ကြီးဟူသော၊ ယံနာမံ-အကြင်အမည်သည်။ အတ္ထိ-ရှိ၏၊ ဧတံ-ဘုရားမယ်တော်ကြီး ဟူသော ဤအမည်သည်၊ ပရမဒုလ္လဘံ-အလွန်ရခဲသော အမည်စင်စစ်ဖြစ်ပါတော့သည် အရှင်ဘုရား။ (တဥ္စ လဒ္ဓံ-ထိုအမည်ကိုလဲ ရအပ်ပါပြီ အရှင်ဘုရား။) စသည်ဖြင့်လျှောက်ထားပြီးတော့-

ပရိနိဗ္ဗာတု မိစ္ဆာမိ၊ ဝိဟာယေမံ ကဠေဝရံ။
အနုဇာနာဟိ မေ ဝီရ၊ ဒုက္ခန္တကရ နာယက။

ဒုက္ခန္တကရ- သံသရာဆင်းရဲ ကုန်ဆုံးခြင်းကို ပြုတတ်ပေသော၊ ဝီရ-ရဲရင့်တော်မူပေသော၊ နာယက-တလောကလုံး၏ အကြီးအမှူး ရွေဆောင်ဖြစ်ပေသော သားတော်ဘုရား၊ အဟံ-တပည့်တော်မသည်၊ ဣမံ ကဠေဝရံ-ဤကိုယ်ကောင်ကို၊ ဝိဟာယ-ပယ်ဖွန့်၍၊ နိဗ္ဗာတုံ-ပရိနိဗ္ဗာန် ဝင်စံခြင်းငှါ၊ ဣစ္ဆာမိ-အလိုရှိပါ၏၊ မေ-တပည့်တော်မအား၊ အနုဇာနာဟိ-ခွင့်ပြုတော်မူပါ အရှင်ဘုရား လို့ ခွင့်တောင်းတယ်။ အဲဒီလို ခွင့်တောင်းပြီးတော့-

စက္ကက္ခံသဧဇာကိဏ္ဏော၊ ပါဒဒေ ကမလေ ကောမလေ။
ပဿာရေဟိ ပဏာမံ တေ၊ ကရိဿံ ပုတ္တ ဥတ္တမေ။

ပုတ္တ- သားတော်ဘုရား၊ စက္ကက္ခံသဧဇာကိဏ္ဏော - စက်လက္ခဏာ ခွံနှိုးတောင်း လက္ခဏာ တံခွန်လက္ခဏာတို့ဖြင့်

http://www.dhammadownload.com

ပြိုးပြမ်းလျက်ရှိကုန်သော၊ ကမလကောမလေ- ကြားပန်းကဲ့သို့ နူးညံ့ပြေ့ပြောင်းကုန်သော၊ ဓတ ဥတ္တမေ ပါဒေ-အရှင်ဘုရား၏ ခြေတော်မြတ်တို့ကို၊ ပဿာရေဟိ-ဆန့်တော်မူပါ အံ့။ ငါ-အရှင်ဘုရား၊ တေ-အရှင်ဘုရားအား၊ ပဏာမ ကရဿ-ရှိခိုးခြင်းကို ပြုပါမည်ဘုရားလို့ လျှောက်ထား ပြီးတော့ မြတ်စွာဘုရား၏ ခြေတော်များကို ဦးခေါင်းနဖူးနှင့် တိုက်ပြီး ရှိခိုးကန်တော့ပါတယ်။

မြတ်စွာဘုရားက ခြေတော်များကို ဆန့်ပြီး အကန်တော့ခံတယ်၊ မိထွေးဒေဝါတမို့ ထေရိမကြီးက ဦးခေါင်းနဖူးနှင့် တိုက်ပြီး ရှိခိုးတယ်၊ အဲဒါကို အထူး သတိပြုရမှာပါ။ မြန်မာပြည် အောက်ပိုင်းက အချို့တန်ခိုးကြီး နာမည်ကြီး စေတီတော် ဆင်းတုတော်တွေမှာ ဂေါပက လူကြီးတွေ ရဟန်းတော်တွေက "စေတီအနီး ကုန်းတောင်ပေါ်သို့ မိန်းမများမတက်ရ၊ ဆင်းတုတော်ရှိရာ တန်ဆောင်း ပြာသာဒ်ပေါ်သို့ မတက်ရ" စသည်ဖြင့် တားမြစ်ကြတာကို စဉ်းစားစရာပဲ၊ "မိန်းမတွေ တက်ပြီး ဖူးမြော်ယင် ဘာဖြစ်မယ် ညာဖြစ်မယ်" စသည်ဖြင့်လဲ ခြိမ်းချောက် ပြောဆိုကြတယ်၊ ဘုရားစင်စစ်ကတော့ ဦးခေါင်းနဲ့ တိုက်ပြီး အကန်တော့ခံတယ် ဆိုတော့ အဲဒီလို တားမြစ်တာ ခြိမ်းချောက်တာတွေဟာ ဗုဒ္ဓမြတ်စွာဘုရား၏ အလိုတော်နှင့် မညီဘူးလို့ ယူဆာဘွယ်ရှိပါတယ်။

http://www.dhammadownload.com

အဲဒီလို ရှိခိုးကန်တော့ပြီးတော့ အလွန်ကြက်သရေမဂ််လာနှင့် ပြည့်စုံသော ဂါထာ ၃-ပုဒ်တို့ဖြင့်လဲ ဒီလို လျှောက်ပါတယ်။

ကြက်သရေမဂ််လာ ရှိလှုသည့် ၃-ဂါထာ

(၁) နဒတော ပရိသာယံ တေ၊
ဝါဒိတပ္ပ ပဟာရိနော။
ယေ တေ ဒက္ခန္တိ ဝဒနံ၊ ဓညာ တေ နရပုဂ်ဝ ။

နရပုဂ်ဝ-လူသုံးပါးတို့၏ ရှေ့သွား ခေါင်းဆောင် ဖြစ်တော်မူပေသော သားတော် မြတ်ဘုရား၊ ဝါဒိဝရပ္ပ ပဟာရိ-နော-တီးသင့် တီးထိုက်သော စည်အမျိုးမျိုးကို အကွက် ကျကျ တီးခတ် ဘိသကဲ့သို့၊ ပရိသာယံ- ပရိသတ် လေးပါး အလယ်၌၊ နဒတော- ကျူးရင့် ဟောကြားတော် မူသော၊ တေ-ရှင်တော် ဘုရား၏၊ ဝဒနံ-ရှေ့နှုတ်တော် မျက်နှာတော်ကို၊ ယေ တေ- အကြင် နတ်လူတို့သည်၊ ဒက္ခန္တိ- မျက်ဝါး ထင်ထင် ဖူးမြင် ကြရ ပါကုန်လတ္တံ့၊ တေ-ရှင်တော် ဘုရား၏ မျက်နှာ ဇတော်ကို ဖူးမြင်ရသော ထို နတ်လူတို့သည်၊ ဓညာ-ဘုန်းကံကြီးမား ကြပါပေကုန်စွ အရှင်ဘုရား တဲ့ ။

ဆိုလိုတာ ကတော့ ရှင်တော် မြတ်ဘုရား၏ မျက်နှာတော်ကို ယခု တပည့်တော်မတို့ ဖူးမြော်ရတာဟာ နောက်ဆုံး ဖူးမြော်ရခြင်း ဖြစ်ပါတယ်၊ ဒီက နောက်တော့ ဖူးမမြော်ကြရတော့မှာ မဟုတ်ပါဘူး၊ အခြားသော နတ်လူတွေက

http://www.dhammadownload.com

တော့ ရှင်တော် ဘုရား တရားဟာ နေစဉ် ရှေးတော်တော် မျက်နှာတော်ကို ဖူးမြော် ကြရ ပါလိမ့်မယ်၊ အဲဒီလို ဖူးမြော် ကြရမည့် နတ်လူ တွေဟာ ဘုန်းကံ ကြီးမား ကြပါပေတယ်၊ ဘုန်းကံ ကြီးမားတဲ့ နတ်လူတွေဟာ ရှင်တော် မြတ်ဘုရား၏ ရှေးတော် မျက်နှာ တော်ကို ဖူးမြော် ရစ်ကြ ရပါလိမ့်မယ်၊ တပည့်တော်မတို့မှာတော့ ယခု နောက်ဆုံး ဖူးမြော်ကြရခြင်း ဖြစ်ပါ တော့သည် အရှင် ဘုရားလို့ ဆိုလို ပါတယ်။

(၂) ဒီဃဂုံလီ တမ္မနခေ၊
သဘေ အာယတပဏိကေ ။
ယေ ပါဒေ ပဏမိဿန္တိ၊ တေပိ ဓညာ ဂုဏန္ဓရ။

ဂုဏန္ဓရ-အရှေ့ဟံ အစရှိသော ဂုဏ်ကျေးဇူး တို့ကို ဆောင် တော် မူပေသော သားတော် မြတ်ဘုရား၊ ဝါ-အရဟံ အစ ရှိသော ဂုဏ်တော်တို့၏ တည်ရာ ဖြစ်တော် မူပေသော သား တော် မြတ်ဘုရား၊ ဒီဃဂုံလီ-ရှည်သွယ်သော ခြေချောင်း တော်ရှိကုန်သော၊ တမ္မနခေ-နီးမြန်းသော ခြေသည်းတော် ရှိကုန်သော၊ အာယတ ပဏှိကေ- ရှည်သော ခြေဖကျောင့် ရှိကုန်သော၊ သုဘေ-လှပ တင့်တယ် ကုန်သော၊ တေပါဒေ-ရှင်တော်ဘုရား၏ ခြေတော်တို့ကို၊ ယေ-အကြင်သူတို့သည်၊ ပဏမိဿန္တိ-ရိုသေ မြတ်နိုး ဦးနှိပ်လျှိုး၍ ရှိခိုးကန်တော့ ကြ ရပေ ကုန်လတ္တံ့၊ တေပိ- ထိုသို့ ရှိခိုး ကြရသော သူတို့သည်

http://www.dhammadownload.com

လည်း၊ ဓညာ-ဘုန်းကံကြီးမား ကြပါပေကုန်စွ အရှင် ဘုရား တဲ့။

ဒီဂါထာဖြင့် ဆိုလိုတာကတော့ တပည့်တော်မတို့ ယခု ရှိခိုးကန်တော့ ကြရတာဟာ နောက်ဆုံး ဖြစ်ပါတော့သည်၊ ဒီက နောက်တော့ ရှိခိုးကန်တော့ ကြရတော့မည် မဟုတ်ပါ၊ အသက်ထင်ရှား ရှိနေကြတဲ့ အခြားသူတွေဟာ ရှင်တော်ဘုရား၏ ခြေတော်တို့ကို ရှိခိုးကြရပါလိမ့်မယ်၊ အဲဒီလို ရှိခိုးကြရမည့် သူတွေလဲ ဘုန်းကံ့ကြီးမား ကြပါပေတယ်၊ ဘုန်းကံ ကြီးတဲ့ အတွက်ပဲ နောက်နောက် ကာလ တွေမှာ ရှိခိုး ကန်တော့ခွင့် ရသွား ကြပါလိမ့်မယ်လို့ ဆိုလိုပါတယ်။

(၃) မဓုရာနိ ပဟဋ္ဌာနိ၊ ဒေါသဂ္ဃါနိ ဟိတာနိ စ။
ယေ တေ ဝါကျာနိ သောဿန္တိ၊
တေ ပိ ဓညာ နရုတ္တမ။

နရုတ္တမ-နတ်လူတို့တွင် အမြတ်ဆုံး ဖြစ်တော်မူပေသော သားတော်မြတ်ဘုရား၊ တေ-ရှင်တော်မြတ်ဘုရား၏၊ မဓုရာနိ-ချိုမြိန် သာယာကောင်းလှစွာကုန်သော၊ ပဟဋ္ဌာနိ-ကြားနာသူတို့၏ စိတ်နှလုံးကို ရှင်ပြုံးစေနိုင်ကုန်သော၊ ဒေါသဂ္ဃါနိ-အပြစ်များကိုပယ်ရှား ဖျက်ဆီးတတ်ကုန်သော၊ ဟိတာနိ စ-အကျိုးစီးပွါးကိုလဲ ဖြစ်စေနိုင်ကုန်သော၊ တေ- ရှင်တော်မြတ်ဘုရား၏၊ ဝါကျာနိ-စကားတော် တရားတော်တို့ကို၊ ယေ-အကြင်သူတို့သည်၊ သောဿန္တိ-ကြားနာရကုန်လတံ့၊

http://www.dhammadownload.com

(သုယျန္တိ-ဟု ရှိသောပါဠိကား ယေ-ဟူသော ဝုတ္တကတ္တား ပုဒ်နှင့်လည်း မလျော်၊ ရှေး ၂-ဂါထာတို့၌ အနာဂတ်ဟော ဝိဘတ်ဖြင့် ဆိုခဲ့သော ဒက္ခန္တိ-ပဏမိဿန္တိ- ပုဒ်တို့နှင့်လည်း မညီ၊ မိထွေးတော် ဂေါတမီက သူပရိနိဗ္ဗာန်စံပြီးသည့်နောက် ကာလကို ရည်၍ ဆိုသောစကားနှင့်လည်း မကိုက်။) တေပိ-ရှင်တော်မြတ်ဘုရား၏ စံကားတော် တရားတော်တို့ကို ကြား နာကြရမည့် ဆိုသူတို့သည်လည်း၊ ဓညာ-ဘုန်းကံကြီးမား ကြပါပေကုန်စွ အရှင်ဘုရား တဲ့။

ဒီဂါထာ အဆိုအားဖြင့်တော့ ယခုနေအခါ မြတ်စွာ ဘုရား၏ တရားတော်တွေကို ကြားနာ နေကြရတဲ့ သူတွေ ဟာ အင်မတန် ဝမ်းသာစရာပါပဲ၊ မြတ်စွာဘုရား လက်ထက် တော်ကာလက ဘုရားကိုယ်တော်တိုင် ဟောတဲ့တရားတော် ကို နာကြရတဲ့သူတွေမှာတော့ ဘုရားရှင်၏အသံတော်ကို ကြားနာရလို့လဲ ကံကောင်းတယ်၊ တရားတော်ကို သိရ လို့လဲ ကံကောင်းတယ်၊ နှစ်မျိုးနှစ်ထွေကံကောင်းတယ်လို့ ဆိုရမှာပေါ့၊ ယခုနေအခါ ဘုရားတပည့်များက တဆင့် ဟောတဲ့ တရားကို နာကြရတဲ့ သူတွေမှာတော့ တရား သိရတာ တမျိုးတည်းဖြင့် ကံကောင်းတယ်လို့ ဆိုရမှာပဲ၊ ဒါပေမဲ့ အရေးကြီးတာကတော့ တရားသိရတာဟာ လိုရင်း ပါပဲ၊ အသံလောက်သာ အာရုံပြုပြီးတော့ တရားမသိယင် သိပ်အဖိုးမတန်လှပါဘူး၊ တရားကို သိနားလည်ပြီးတော့

http://www.dhammadownload.com

တရားနှလုံးသွင်း အားထုတ်ပြီး တဆူးထူးသိမြင်သွားယင် အဲဒါဟာ အကောင်းအမြတ်ဆုံးပါပဲ။

ဒါကြောင့် ယဲခုနေအခါမှာ မြတ်စွာဘုရား၏ တရားတော်ကို နာကြားပြီး တရားအားထုတ်ကြတယ်၊ အားထုတ်ပြီး ဝိပဿနာဉာဏ်တွေနဲ့ ပြည့်စုံကြတယ်၊ ဝိပဿနာဉာဏ်ရင့်သန်ပြည့်စုံပြီးတော့ အရိယာမဂ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်ကြတယ် ဆိုယင် အဲဒီလိုပုဂ္ဂိုလ်တွေဟာ အလွန် ကံကောင်းတဲ့ ပုဂ္ဂိုလ်တွေပါပဲ၊ အောက်ထစ်ဆုံးအားဖြင့် သောတာပန်အလောကဖြစ်ယင်ကို ကံကောင်းလှပါပြီ၊ သကဒါဂါမ် အနာဂါမ် ရဟန္တာ ဖြစ်သွားတယ် ဆိုယင်တော့ အထူးပြောစရာမလိုပါဘူး၊ အင်မတန်ကံကောင်းတဲ့ ပုဂ္ဂိုလ်တွေပါပဲ၊ ဒါကြောင့် ယခု တရားနာ နေကြရတဲ့သူတွေဟာ "ငါတို့ ကံကောင်းတဲ့ လူတွေပါကလား" လို့ ဆင်ခြင်ပြီး ဝမ်းသာ ဝမ်းမြောက်ကြဘို့ပါပဲ။

ဒီဂါထာရဲ့အစမှာ မြတ်စွာဘုရား၏ အသံတော်ဟာ (မဓုရာနို) အလွန်ချိုမြိန် သာယဝါတယ် ကောင်းလှပါတယ် တဲ့။ ယခုနေ အခါမှာတော့ အဲဒီ အသံတော်ကို မကြားရနိုင်တော့ဘူး၊ ဒါပေမဲ့ ကရဝိက်ငှက်၏ အသံဝိုင်း သာယာတယ်လို့ ပြဆိုထားတဲ့ အတွက် အဲဒီငှက်၏ အသံကို ကြားရယင်တော့ နှိုင်းယှဉ်မှန်းဆပြီး ကြည်ညိုနိုင်ဘို့ရှိပါတယ်၊ သို့ရိမှာဒသာကမင်းကြီး၏ မိဖုရားကြီးဟာ အသွေ့

http://www.dhammadownload.com

နိမိတ္တာ ဟဲ့။ အဲဒီမိဖုရားကြီးဟာ အလှန်ချောမော လှပတယ်၊ လက်ဆစ်နိမိတ် သဏ္ဌာန်တောင် မထင်ရှားပဲ ချောမောပြေပြစ်နေတယ်၊ ဒါကြောင့် သူ့ကို အသန္ဓိနိမိတ္တာလို့ ခေါ်ပါသတဲ့၊ အဲဒီ မိဖုရားကြီးဟာ ကရိဝိက်ဉက် မြည်သံကို ကြားရပြီးတော့ မြတ်စွာဘုရား အသံတော်ဟာ ဒီဉက်အသံထက် အဆပေါင်းများစွာ သာယာ ပေလိမ့်မယ်လို့ အာရုံပြုယင်း တကိုယ်လုံး ပီတိတွေ ပြန့်နှံ့ပြီး ဖြစ်လာတယ်၊ အဲဒီ ပီတိကို နှလုံးသွင်း ရှုမှတ်ပြီးတော့ တခဏကလေး အတွင်းမှာပင် သောတာပန် ဖြစ်သွားသတဲ့။ ယခု ဗမာပြည်မကြီးထဲမှာတော့ အဲဒီကရဝိက်ဉက်က ရှိပုံမပေါ်ဘူး၊ ဘယ်မှာမှ ရှိတယ်လို့ မကြားရဘူး။ ရခိုင်ပြည်နယ် စစ်တွေဘက် တရားဟောသွားတုန်းက မြို့ဟောင်း ဆိုတဲ့ မြို့၌ တရားဟောရောက်တဲ့ အခါ ရှေးက ရခိုင်ဘုရင် တည်ဆောက် ထားတဲ့ ဘုရားတိုက်တခုကို ဝင်ကြည့်ကြတယ်၊အဲဒီတိုက်အတွင်း နံရံမှာ ဘုရားအလောင်းဇာတ်၏ အဖြစ်တော်များ အနေနဲ့ ဉက်ရုပ်တွေ သားဓောင်ရုပ်တွေ လုပ်ထားတယ်၊ အဲဒီမှာ လိုက်ပြတဲ့ သူက ကရဝိက်ဉက်ရုပ်ကို ပြတယ်၊အဲဒီ ဉက်ကို မြင်ဘူးရဲ့လား လို့ မေးကြည့်တော့ မြင်ဘူးကြောင်း၊ မြို့ဟောင်းနယ် လယ်ကွင်းထဲ များမှာ တွေ့ရကြောင်း၊ အကောင်က မကြီးလှကြောင်း၊ အသံ သာယာကြောင်းများကို အဲဒီ လိုက်ပြတဲ့ သူက ပြောတယ်။ ဒီတော့ ကရဝိက် ဉက်အကြောင်း ကိုယ်တွေ့သိချင်ယင် အဲဒီအရပ်ကို သွားပြီး လေ့လာ ရုံပါဘဲ။

http://www.dhammadownload.com

ဗမာပြည်မကြီးထဲမှာ ရှိကြတဲ့ ဌက်တွေထဲမှာ ဗမာ့နားနဲ့ အသံ အသားဆုံးကတော့ ဥဩင်္ကပဲ၊ မြတ်စွာဘုရား၏ အသံတော်ဟာ အဲဒီ ဥဩင်္ကထက်လဲ အများကြီး သာယာတယ်လို့ အာရုံပြုရမှာပဲ။

နောက်ပြီးတော့ မြတ်စွာဘုရား၏ အသံတော် တရားတော်ဟာ(ပဟဋ္ဌာန်)ကြားနာရသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးကြည်လင်စေနိုင်ပါတယ် တဲ့၊ ကာမသုတ္တန် တရားတော်မှာ လာတဲ့ လယ်သမား ပုဏ္ဏားဟာ သူ့ကျုံခင်း ရေလှမ်းသွားလို့ အကြီးအကျယ် စိတ်ဆင်းရဲနေတယ်၊ အဲဒီအခါ မြတ်စွာဘုရားက ကြွရောက်ပြီး သင့်လျော်တဲ့ ကာမသုတ္တန် တရားကို ဟောကြားတယ်၊ အဲဒီ တရားကို နာပြီး အဲဒီ ပုဏ္ဏားနှင့် သူ့ဇနီးဟာ ဝိပဿနာဉာဏ် အစဉ်ဖြင့် သောတာပန် ဖြစ်သွားကြတယ်၊ စိတ်နှလုံးကြည်လင် ရွှင်ပြမှုကို ရသွားကြတယ်။

အများသိနေကြတဲ့ အဇာတသတ်မင်း ဆိုတာဟာ ခမည်းတော် ဗိမ္ဗိသာရ မင်းကြီးကို လုပ်ကြံသတ်ဖြတ်မိတဲ့ အတွက် အိပ်လို့တောင် မရအောင် စိတ်ပူပန်မှု ဖြစ်နေရတယ်၊ အဲဒီလို ဖြစ်နေကက တည်ငြိသောအခါမှာ မြတ်စွာဘုရားထံသွားရောက်ပြီး သာမညဖလ ဆိုတဲ့ ရဟန်း အဖြစ်၏ အကျိုးကို မေးလျောက်တယ်၊ မြတ်စွာဘုရားက ရဟန်းပြုသည်မှစ၍ သာမန်ရနိုင်တဲ့ အကျိုး, သီလစင်ကြယ်လို့ ရနိုင်တဲ့

http://www.dhammadownload.com

အကျိုး စသည်ဖြင့် ရဟန္တာ ဖြစ်သည်တိုင်အောင် အကျိုးများကို အစဉ်အတိုင်း ဟောကြားတော်မူတယ်။ အဇာတသတ်မင်းဟာ အဲဒီတရားကို နာနေယင်း စိတ်ကြည်လင်ရွင်လန်းပြီး ချမ်းသာသွားတယ်၊ အဖကို သတ်မိတဲ့ကံမရှိယင် အဲဒီ တရားနာယင်းပင် သောတာပတ်တိမက်ဖိုလ် တရားထူးကို ရနိုင်လောက်တဲ့ အခြေရှိတယ်၊ ဒါပေမဲ့ အဖကိုသတ်မိတဲ့ကံကြောင့် မဂ်ဖိုလ်ကို မရပဲ ဆုံးရှုံးသွားရပါသတဲ့၊ ဒါပေမဲ့ အဲဒီ တရားနာပြီးတဲ့နေ့ဂက်မှာ ချမ်းသာစွာအိပ်နိုင်ခြင်း စိတ်ကြည်လင်ချမ်းသာခြင်း အကျိုးများကိုတော့ ရသွားပါတယ် တဲ့။

နောက်ပြီးတော့ မြတ်စွာဘုရား၏ တရားတော်ဟာ (ဒေါသဃ္ဃဝါနိ) အပြစ်ဒေါသတွေကို ပယ်ဖျောက်တတ် ပါတယ်တဲ့။ မြတ်စွာဘုရား၏ တရားတော်ကိုနာရယင် မကောင်းမှု အကုသိုလ်အပြစ်တွေကို ပယ်ဖျောက်နိုင်တယ်၊ တရားနာနေယင်း မိမိပြုဘူးတဲ့ မကောင်းမှုတွေကို အပြစ်မြင်ပြီး အဲဒီမကောင်းမှုမျိုးတွေကို မပြုတော့ပါဘူးလို့ ဆုံးဖြတ်ချက်ချပြီး ကြည်ရွှင်လိုက်ယင် အဲဒီ အကုသိုလ်အပြစ်တွေမှ စင်ကြယ်သွားနိုင်တယ်၊ တနည်းကိုနာပြီး နှလုံးသွင်း ရှုမှတ်သောအားဖြင့် ဝိပဿနာ ကုသိုလ်တွေ ဖြစ်ပွါးသွားယင် အပါယ်လေးပါး ကျစေနိုင်တဲ့ အကုသိုလ်အပြစ်တွေမှ ကင်းလွတ်စေနိုင်တယ်၊ တမ္မဒါဋ္ဌိက ဆိုတဲ့သူသတ်ဗိုလ်ကြီးဟာ အရှင်သာရိပုတ္တရာ၏ တရားကိုနာယင်း ဝိပဿနာ ကုသိုလ်တွေ

http://www.dhammadownload.com

ရသွားလို့ မကြာမီ အတွင်း သေသွားတဲ့ အခါ အပါယ်မှ လွတ်ပြီး တုသိတာ နတ်ဘုံ ရောက်သွားတာ မျိုးပေါ့၊ နောက် အင်္ဂုလိမာလ မထေရ်လို အကုသိုလ် အပြစ်တွေ အားလုံးမှလဲ လွတ်ခဲ့ရတတ်တယ်၊ အင်္ဂုလိမာလဟာ လူတယောက် တယောက်ကို သတ်ပြီး လက်ညိုးတချောင်း တချောင်းကို ယူတယ်၊ တချို့ လက်ညိုးတွေက ပျောက် ပျက်ကုန်လို့ လူတွေကိုသူတတ်ကာ ကထောင်ထောင်မကဘူး ဒါပေမဲ့ နောက်ဆုံးကျတော့ မြတ်စွာဘုရားထံမှာ ရဟန်း ပြုပြီး တရားအားထုတ်လိုက်တော့ ရဟန္တာ ဖြစ်သွားတယ်၊ လူတထောင်မက သတ်ထားတဲ့ အကုသိုလ် အပြစ်တွေ အကုန် ပျောက်ကင်းသွားတယ်။

နောက်ပြီးတော့ မြတ်စွာဘုရား၏ တရားတော်ဟာ (ဟိတာနိ) အကျိုးစီးပွါးတွေကိုလဲ ဖြစ်စေတတ်ပါတယ် ကဲ့။ တရားကိုနာပြီး အဲဒီတရားတော်အတိုင်း ကျင့်ယင် လောက အကျိုးစီးပွါးကိုလဲ ဖြစ်စေတတ်တယ်၊ မူးယစ် ဆေးလောင်းကစားမှု အပျော်အပါး လိုက်စားမှု စသည်ဖြင့် အကျိုးစီးပွား ပျက်စီ နေတဲ့ သူမှာ မြတ်စွာဘုရား တရား တော်ကို နာပြီးကျင့်ခြင်းဖြင့် အဲဒီစီးပွါး ပျက်မှုတွေကင်းပြီး စီးပွါးတွေကို ဖြစ်ခစေနိုင်ပါတယ်၊ သံသရာအကျိုး စီးပွါး ဖြစ်စေတော်တာကတော့ အထူး ပြောစရာ မလို ပါဘူး၊ သရဏဂုမ်တည်ခံနဲ့လဲ အပါယ်မှ လွတ်ပြီး နတ်ရွာသုဂတိ ရောက်ခြင်း အကျိုးစီးပွါးဖြစ်တယ်၊ ငါးပါးသီလဘည်ခြင်း

http://www.dhammadownload.com

စသည်ဖြင့် သာပြီး အကျိုးစီးပွါး ဖြစ်စေတော့တာပဲ၊ ဝိပဿနာ ရှုလိုက်ယင်တော့ ယခုမျက်မှောက် စိတ်အပူတွေလဲ ကင်းပြီး အကျိုးစီးပွါး ဖြစ်တယ်၊ အရိယမဂ်ဖိုလ်တွေ ရောက်ပြီး တော့လဲ အကျိုးစီးပွါးတွေ ဖြစ်တယ်။ ဒါကြောင့်-

မဓုရာနိ - ချိုမြိန်သာယာ ကောင်းလှစွာကုန်သော၊ ပဟဋ္ဌာနိ-ကြားနာသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးကြည်လင် စေနိုင်ကုန်သော၊ ဒေါသဿဟိနိ-အပြစ်များကို ပယ်ရှားဖျက် ဆီးတတ်ကုန်သော၊ ဟိတာနိ စ - အကျိုးစီးပွါးကိုလည်း ဖြစ်စေနိုင်ကုန်သော၊ တေ-ရှင်တော်မြတ်ဘုရား၏၊ ဝါကျာနိ- စကားတော် တရားတော်တို့ကို၊ ယေ-အကြင်သူတို့သည်၊ သောဿန္တိ - ကြားနာကြရကုန်လတ့ံ၊ တေပိ- ရှင်တော်မြတ် ဘုရား၏ စကားတော် တရားတော်တို့ကို ကြားနာကြရမည့် ထိုသူတို့သည်လည်း၊ ဓညာ--ဘုန်းကံကြီးမား ထူးခြားကြပါ ပေကုန်စွ အရှင်ဘုရား - လို့ မိဏ္ဍေးတော် ဂေါတမိက လျှောက်ပါတယ်၊ ဒီဂါထာက ရှေးဂါထာ ၂-ခုထက်ပိုပြီး လေးနက်ပါတယ်။

အဲဒီလိုလျှောက်ပြီးတော့ သူကိုယ်တိုင်လဲ မြတ်စွာဘုရား အား ယုံကြည်ရတဲ့အပြင် မြတ်စွာဘုရား၏ တရားတော်ဖြင့် သံသရာခရီးခဲကို ကျော်လွန်ပြီး ဖြစ်တဲ့အတွက် ဘုန်းကံ ကြီးမားသူပင် ဖြစ်ကြောင်းကိုလဲ လျှောက်တယ်။ အဲဒီလို လျှောက်ပြီးတော့ သံဃာတော်ကိုလဲ ကန်တော့တယ်၊ မြေး

http://www.dhammadownload.com

တော် အရှင်ရာဟုလာ၊ သားတော် အရှင်နန္ဒနှင့် တူတော် အရှင်အာနန္ဒာတို့ကိုလဲ ရှိခိုး ကန်တော့ပြီး ဒီလို ပန်ကြား လျှောက်ထားတယ်။

သံဝေဂဖြစ်ဖွယ် ဂါထာ ၂-ပုဒ်

အာသီဝိသာလယသ မေ၊ ဆောဂါဝါသေ ကဋ္ဌေဝရေ။
နိဗ္ဗိန္ဒာ ဒုက္ခသဃ်ာ ဋ္ဌေ၊ ဇရာမရဏ ဂေါစ ရေ။
နာနာကလိ မလာကိ ဏ္ဏေ၊ ပရာယတ္တေ နိရီဟ ကေ။
တေန နိဗ္ဗာတု မိစ္ဆာမိ၊ အနုမညထ ပုတ္တကာ။

ပုတ္တကာ-သားတော် မြေးတော်တို့၊ အာသီဝိသာလယ-သ မေ - မြွေဆိုးတို့၏ ကိန်းအောင်းရာ တောင်ပို့ကြီးနှင့် အလားတူသော၊ ဆောဂါဝါသေ - ဆောဂါအမျိုးမျိုးတို့၏ ဖြစ်ရာ တည်ရာဖြစ်သော၊ ဒုက္ခသဃ်ာ ဋ္ဌေ-ဆင်းရဲအပေါင်း တို့၏ စုဝေးရာဖြစ်သော၊ ဇရာမရဏ ဂေါစ ရေ - အိုမင်း သေမင်းတို့၏ ကျက်စားရာပိုင်နက်ဖြစ်သော၊ နာနာကလိ-မလာကိဏ္ဏေ-အမျိုးမျိုးသောအပြစ်များနှင့် အမျိုးမျိုးသော အညစ်အကြေးတို့၏ ပြိုးပြွမ်း ဖြစ်ရာ တည်ရာဖြစ်သော၊ ပရာ-ယတ္တေ- သူတပါးတို့နှင့် သက်ဆိုင်သော၊ နိရီဟ ကေ- မိမိ အလိုလို တစုံတခုကိုမျှ မပြုလုပ်နိုင်သော၊ ကဋ္ဌေဝ ရေ-ကိုယ် ကောင်ကြီး၌၊ နိဗ္ဗိန္ဒာ-မပျော်မမွေ့ ငြီးငွေ့လျက်ရှိပါ၏။ တေန - ထိုသို့မပျော်မမွေ့ ငြီးငွေ့နေသောကြောင့်၊ အဟံ-ဘုရားတပည့် မယ်တော်ကြီးသည်၊ နိဗ္ဗာတုံ-ဆင်းရဲခပ်သိမ်း

http://www.dhammadownload.com

ငြိမ်းရန်အလို့ငှါ၊ ဝါ-ပရိနိဗ္ဗာန်ဝင်စံရန်အလို့ငှါ၊ ဣစ္ဆာမိ-အလိုရှိပါ၏။ ပုံတ္တကာ-သားတော် မြေးတော်တို့၊ မံ-ဘုရားတပည့် မယ်တော်ကြီးကို၊ အနု မညထ-အနူးအညွှတ် ခွင့်လွှတ်ကြပါကုန် အရှင်ဘုရားတို့။

ရုပ်ကိုယ်ကြီးဟာ ဘာနဲ့တူသလဲ ဆိုတော့ မြွေဆိုးကြီးများ ကိန်းအောင်းနေရာ တောင်ပို့ကြီးနဲ့ တူပါတယ် တဲ့။ တူပုံကတော့ ရုပ်ကိုယ်ကြီးထဲမှာ ပထဝီ အာပေါ တေဇော ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါး ရှိတယ်၊ အဲဒီဓာတ်ကြီးလေးပါး ဟာ မြွေဆိုးကြီး လေးကောင်နဲ့ တူတယ်၊ ပထဝီဓာတ် ဆိုတာ ခက်မာ ကြမ်းတမ်းတဲ့ သဘော အစိုင်အခဲသဘောပဲ၊ လက်နဲ့ စမ်းသပ်ကြည့်လျှင် တကိုယ်လုံး နေရာတိုင်းမှာ ခက်မာကြမ်းတမ်းတဲ့ သဘော အစိုင်အခဲသဘောကို တွေ့ရတယ်၊ စိတ်နဲ့ ဉာဏ်နဲ့ စိုက်ကြည့်ယင်လဲ တွေ့ရတယ်၊ နူးညံ့တယ်ဆိုတာလဲ နှုတဲ့ပထဝီဓာတ်ပဲ။ ခေါင်းက ဆံပင်တွေ ပထဝီဓာတ်ပဲ၊ တကိုယ်လုံးက အမွေးတွေ ပထဝီဓာတ်ပဲ၊ လက်သည်း ခြေသည်းတွေ ပထဝီဓာတ်ပဲ၊ သွားတွေ ပထဝီဓာတ်ပဲ၊ တကိုယ်လုံး အပြင်ဘက် အစက အရေတွေ ပထဝီဓာတ်ပဲ၊ အသားတွေ အကြောတွေ အရိုးတွေ ခြင်ဆီတွေ ပထဝီဓာတ်ပဲ၊ အညို့ နှလုံး အသည်း အမြေး အဖျဉ်း အဆုတ်တွေ ပထဝီဓာတ်ပဲ၊ အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက်တွေ ပထဝီ ဓာတ်ပဲ၊ ခက်မာကြမ်းတမ်းတဲ့ ပထဝီဓာတ် လွှန်ကဲလို့ ပထဝီဓာတ်လို့

http://www.dhammadownload.com

ခေါ်ရတယ်၊ အဲဒါတွေဟာ အကုန်လုံး နှစ်ဆယ်ရှိတယ်။ အဲဒီ ပထဝီဓာတ်က ကဋ္ဌမုခ မြွေဆိုးကြီးနှင့်တူတယ်၊ ကဋ္ဌမုခ မြွေဆိုးကြီးကိုက်ယင် တကိုယ်လုံး သစ်တုံးလို တောင့်မာပြီး သေတယ်၊ အဲဒါလိုပင် ပထဝီဓာတ် ဖောက်ပြန်ယင် တကိုယ်လုံး တောင့်မာပြီး သေသွားတော့တာပဲ။

နောက်ပြီးတော့ ဒီရုပ်ကိုယ်ကြီးထဲမှာ အာပေါဓာတ် ဆိုတာကလဲရှိတယ်၊အရည်ဓာတ်အစိုဓာတ်သဘောပဲ၊ လက်နဲ့စမ်းသပ်ကြည့်ယင်လဲ ထင်ရှားတယ်၊ စိတ်နဲ့ဉာဏ်နဲ့ စိုက်ပြီးရှုယင်လဲ ထင်ရှားတွေ့ရတယ်၊ အကြမ်းအားဖြင့် ဆိုယင် သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ ဆိုတာတွေ မျက်ရည် ဆီကြည် တံထွေး နှပ် အစေး ကျင်ငယ် ဆိုတာတွေ အားလုံး ၁၂-မျိုး ရှိတယ်၊ အဲဒါတွေဟာ အာပေါဓာတ် အရည်ဓာတ် အစိုဓာတ်တွေပဲ၊ အဲဒီ အာပေါဓာတ် ကတော့ ပူတိမုခ မြွေးဆိုးကြီးနဲ့တူတယ်၊ ပူတိမုခ မြွေဆိုးကြီး ကိုက်ယင် တကိုယ်လုံးမှ အရည်တွေထွက်ပြီး သေတယ်၊ အဲဒါလိုပင် ဒီအာပေါဓာတ် ဖောက်ပြန်ယင်လဲ တကိုယ်လုံးမှ ပုပ်ပွ အရည်တွေထွက်ပြီး သေသွားတော့တာပဲ။

နောက်ပြီးတော့ ဒီရုပ်ကိုယ်ကြီးထဲမှာ တေဇောဓာတ်က လေးမျိုးရှိတယ်၊ ပကတိ ကိုယ်အပူငွေ့က တမျိုး၊ အဲဒီ အပူငွေ့က တဖြေးဖြေးချင်း အိုမင်း ရင့်ယော်စေတတ်လို့ သူ့ကို ဇိရဏ တေဇော ခေါ်တယ်၊ ပကတိ အပူငွေ့ထက်

http://www.dhammadownload.com

လွန်ကဲတဲ့ အဖျားရှိန် အပူငွေ့ကို သန္တပ္ပန တေဇောခေါ်တယ်၊ အလွန်မခံသာအောင် ပူလောင်တဲ့ အပူငွေ့ကိုတော့ ဥာဟ တေဇောလို့ ခေါ်တယ်၊ အစာကို ကြေစေတတ်တဲ့ အပူငွေ့ကိုတော့ ပါစက တေဇောလို့ ခေါ်တယ်၊ အဲဒီတေဇောဓာတ်ဟာ အဂ္ဂိမုခ မြွေဆိုးကြီးနဲ့တူတယ်၊ အဂ္ဂိမုခမြွေဆိုးကြီးကိုက်ယင် တကိုယ်လုံး ပြင်းစွာပူလောင်ပြီးသေတယ်၊ အဲဒါလိုပဲ တေဇောဓာတ် ဖောက်ပြန်ယင်လဲ တကိုယ်လုံး ပူလောင်ပြီး သေသွားတာပဲ။

နောက်ပြီးတော့ ဒီရုပ်ကိုယ်ကြီးထဲမှာ ဝါယော ဆိုတဲ့ လေရုပ်က (၁) အထက်သို့ ဆန်တက်တဲ့ လေ၊ (၂) အောက်သို့ စုန်ဆင်းတဲ့လေ၊ (၃) ဝမ်းထဲမှာတည်နေတဲ့လေ၊ (၄) အူထဲမှာတည်နေတဲ့လေ၊ (၅) အင်္ဂါကြီးငယ်သို့ လျှောက်သွားတဲ့လေ၊ (၆) ငင်ခါက်ထွက်သက် ရှူရှိုက်တဲ့လေရယ်လို့ ခြောက်မျိုးရှိတယ်၊ အဲဒီဝါယောဓာတ်က သတ္တမုခ မြွေဆိုးကြီးနဲ့တူတယ်၊ သတ္တမုခ မြွေဆိုးကြီးကိုက်ယင် တကိုယ်လုံးမှ အဆက်အစပ် သွေးလေ ကြောတွေ ပြတ်ပြီး သေတယ်၊ အဲဒါလိုပဲ ဝါယောဓာတ် ဖောက်ပြန်ယင်လဲ အဆက်အစပ် သွေးကြော လေကြော တွေ ပြတ်ပြီး သေသွားတာပဲ။

ယခု ကာလမှာ လေဖြတ်တယ် ဆိုတဲ့ ရောဂါနဲ့ ဒုက္ခရောက် နေကြတာတွေ တော်တော်များတယ်၊ ကိုယ်တပိုင်းလောက် ဖြတ်ယင် အဲဒီ တပိုင်းက မလှုပ်နိုင် တော့ဘူး၊ သူ့

http://www.dhammadownload.com

အလိုလို မထနိုင်ဘူး၊ မထိုင်နိုင်ဘူး၊ တချို့က စကားမပြော နိုင်ဘူး၊ တချို့က လက်တွေ့ခြေတွေ့ မလှုပ်နိုင်ဘူး၊ သူတပါးကိုချည်း အားကိုး နေရတယ်၊ တချို့က မသေ မရှင် ဖြစ်ပြီး အိပ်ရာထဲမှာ လဲနေတယ်၊ ရက်ပေါင်း များစွာ လပေါင်း များစွာ ဒုက္ခရောက်နေ ရတယ်၊ တချို့မှာ ၂-နှစ် ၃-နှစ် စသည် ကြာအောင် ဒုက္ခရောက် နေရတယ်၊ အဲဒါဟာ သတ္တမုခ မြေဆိုးကြီးနဲ့ အလားတူတဲ့ ဝါယောဓာတ် မြေဆိုးကြီးက ကိုက်ထားလို့ ပါပဲ။

အဲဒီ မြေဆိုးကြီး လေးကောင်နှင့် တူတဲ့ ဓာတ်ကြီးလေး ပါးတို့၏ တည်ရာ ဖြစ်လို့, ဓာတ်ကြီး လေးပါးဖြင့် တည် ဆောက်ထားတဲ့ ကိုယ်ကြီးဖြစ်လို့ "အာသီဝိသာလယသမေ-မြေဆိုး ကြီးတို့၏ ကိန်းအောင်းရာ တောင်ပို့ ကြီးနှင့် တူတယ်"လို့ ဆိုပါတယ်၊ တကယ်ကို တူတာပါပဲ။ နောက်ပြီး တော့-ဆောဂါဝါဒသ-အနာရောဂါ အမျိုးမျိုး တို့၏ ဖြစ်ရာ တည်နေရာ ဖြစ်တဲ့ ရုပ်ကိုယ်ကြီး တဲ့။ ဒါကတော့ ထင်ရှား နေပါပြီ၊ အနာရောဂါဟူသမျှတွေဟာ ဒီရုပ်ကိုယ်ကြီး ရှိနေ လို့ ဒီရုပ် ကိုယ်ကြီးထဲမှာ ဖြစ်နေ ကြတာပဲ၊ အကြောင်း ညီညွတ်လို့ ကျန်းမာ နေတဲ့အခါတော့ ဒီရုပ်ကိုယ်က ဟန် ကျ သလိုလို ကောင်းသလိုလို ရှိတယ်၊ အကြောင်း မညီညွတ် တဲ့ အခါကျတော့ ရောဂါအမျိုးမျိုးတွေ ဖြစ်ပေါ်လာတယ်၊ တချို့များ ကျန်းမာ တယ်လို့ တောင် မရှိပါဘူး၊ ရောဂါကို

http://www.dhammadownload.com

ဆေးကု နေရတာနဲ့ အချိန်ကုန် နေတာပါပဲ၊ ဒါကြောင့် ရောဂါ အမျိုးမျိုးတို့၏ တည်နေရာလို့ ဆိုပါတယ်၊ ရောဂါ အိုးကြီးလို့လဲ ဆိုလိုပါတယ်။ နောက်ပြီးတော့-ဒုက္ခသစ္စာ-ဌေ-ဆင်းရဲ အပေါင်း တို့၏ စုဝေးရာ တဲ့။ ဒါလဲ ထင်ရှားပါတယ်၊ ကိုယ်ဆင်းရဲ ဟူ-မျှ တွေ့ဟာ ဒီကိုယ်ကြီး ရှိနေလို့ ဖြစ်ရတာ တွေ့ကြုံ ခံစားရတာပဲ၊ စိတ်ဆင်းရဲ ဆိုတာလဲ ဒီကိုယ်ကြီး မှီပြီး ဖြစ်တာပဲ၊ ဒီပြင် သဒ်ါရ ဆင်းရဲတွေ့ ဆိုတာလဲ ဒီကိုယ်ကြီး မှီနေလို့ ရှိနေကြတာပဲ။ ဒါကြောင့် ဒီကိုယ်ကြီးဟာ ဆင်းရဲတို့၏ စုဝေးရာလဲ ဟုတ်တာပဲ။

နောက်ပြီးတော့ ဇရာမရဏ ဂေါစရေ-အိုမင်း သေမင်းတို့၏ ကျက်စားရာ နယ်ပယ် ဖြစ်ပါတယ် တဲ့။ ဆံဖြူခြင်း သွားကျိုးခြင်း အရေတွန့်ခြင်း ခါးကိုင်းခြင်း နားထိုင်းခြင်း မျက်စိမှုံခြင်း စသည်ဖြင့် အိုရတာဟာ ရုပ်ကိုယ်ကြီး ရှိနေလို့ပဲ၊ သေတယ် ဆိုတာကတော့ ရုပ်ကိုယ် နဲ့လဲ ဆိုင်တယ် နာမ်ကိုယ် နဲ့လဲ ဆိုင်တယ်၊ ရုပ်နာမ် ၂-ပါးစပ်ကိုယ် ဖြစ်စေ၊ နာမ်သက်သက်ကိုယ် ဖြစ်စေ၊ ရုပ်သက်သက်ကို ယ် ဖြစ်စေ ရှိနေယင် အုရမှာ သေရမှာချည်းပါ၊ ရုပနာမ ကုယဟာ အိုခြင်း သေခြင်း တရားတို့၏ နယ်ပယ်ပဲ၊ သူ့နယ်ပယ်ထဲမှာ ဖြစ်နေယင် အိုခြင်း သေခြင်းတို့၏ နှိပ်စက် မှုကို ခံကြရမှာ ချည်းပဲ၊ ဘယ်လို အစုမ်းရှိတဲ့ အင်အား ကြီးထဲ့ ပုဂ္ဂိုလ်ပဲ ဖြစ်ဖြစ်၊ ဘယ်လို တန်ခိုးကြီးတဲ့ ဉာဏ်ပညာ ကြီးတဲ့ပုဂ္ဂိုလ်ပဲ

http://www.dhammadownload.com

ဖြစ်ဖြစ် သူ့နယ်ပယ် ထဲမှာ ဖြစ်နေယင် အိုရ သေရ မှာပဲ၊ ဘယ်သူမှ အိုခြင်း သေခြင်းကို မတွန်းလှန် မကာကွယ် နိုင်ဘူး၊ အိုခြင်း သေခြင်း တရားတွေက အာဏာပိုင် မင်းနဲ့တူတယ်၊ ဒါကြောင့် သူတို့ကို အိုမင်း သေမင်း လို့လဲ တင်စားပြီး ခေါ်ရတယ်၊ ဒီကိုယ်ကောင် ကြီးဟာ အဲဒီ အိုမင်း သေမင်း တို့၏ ပိုင်နက်နယ်ပယ် ဖြစ်ပါတယ် တဲ့၊ အဲဒီ အိုမင်း သေမင်း တို့၏ နယ်ပယ်ဖြစ်တဲ့ ကိုယ်ကောင် ကြီးကို စွန့်ပြီး အိုမင်း သေမင်းတို့ နယ်ပယ်မှ လွတ်ကင်းဆုကို သွားပါ တော့မယ်လို့လဲ သိစေ ပါတယ်။

နောက်ပြီးတော့ နာနာကလိ မလာကိဏ္ဏ- အမျိုးမျိုးသော အပြစ် အမျိုးမျိုးသော အညစ် အကြေး တို့၏ ပြိုးပြွမ်းရာ ဖြစ်သည်တဲ့၊ အပြစ် ဟူသမျှ တွေဟာ ဒီကိုယ်ကြီး ရှိလို့ ဖြစ်ရတယ်၊ အဲဒီ အပြစ်တွေက ရုပ်နဲ့စပ်တဲ့ အပြစ် နာမ်နဲ့စပ်တဲ့ အပြစ်လို့ ဒီလို နှစ်မျိုး ရှိတယ်၊ ရုပ်နဲ့စပ်တဲ့ အပြစ်တွေကတော့ ပုဂ္ဂိုလ်တိုင်းနဲ့ ဆိုင်တယ်၊ ပုဂ္ဂိုလ်တိုင်း၏ ရုပ်ကိုယ်မှာ အဲဒီ အပြစ်တွေ ရှိတာပဲ၊ ဘာတွေလဲ ဆိုယင် ရှေနားက ပြောခဲ့တဲ့ အနာ ရောဂါ အမျိုးမျိုး စွဲကပ်ခြင်း အစရှိတဲ့ မလိုလား အပ်တဲ့ ဟာတွေပါပဲ၊ နာမ်နဲ့စပ်တဲ့ အပြစ် တွေကတော့ အကုသိုလ် အပြစ်တွေလဲ ရှိတယ် သင်္ခါရ အပြစ်တွေလဲ ရှိတယ်၊ အကုသိုလ် အပြစ်တွေကတော့ ရဟန္တာမှာ မရှိတော့ပါဘူး၊ ပြုပြင် ပေးရခြင်း မမြဲခြင်း အစရှိတဲ့

http://www.dhammadownload.com

သခ်ၤါရ အပြစ်တွေ့ကတော့ ပုဂ္ဂိုလ် တိုင်းနဲ့ ဆိုင်ပါတယ်၊ အညစ် အကြေး တွေ့ကတော့ နှပ် တံထွေး သလိပ် ကျင်ကြီး ကျင်ငယ် အစရှိသော အညစ် အကြေး တွေ့ပါပဲ၊ အပြည့် အစုံ ဆိုယင်တော့ ၃၂-ပါးသော ကောဋ္ဌာသ အညစ်အကြေး တွေ့ပါပဲ၊ ကိလေသာမကင်းသေးတဲ့ ပုဂ္ဂိုလ်မှာဆိုယင် အကုသိုလ် ကိလေသာတွေလဲ အညစ်အကြေးတွေ့ပါပဲ။ အဲဒီအပြစ် အမျိုးမျိုး အညစ်အကြေး အမျိုးမျိုးတွေနဲ့ ပြိုးပြမ်း ရှုပ်ယှက် ခတ်နေတဲ့ ကိုယ်ကောင် ကြီးမှာလဲ ငြီးငွေ့ နေပါတယ်တဲ့။

နောက်ပြီးတော့ ဒီကိုယ်ကြီးက ကိုယ့်ကိုယ်လို့ ဆိုရမဲ့ ကိုယ်တဦးတည်း ပိုင်တာမဟုတ်ဘူး၊ အများနဲ့လဲ စပ်ဆိုင် နေတယ်၊ ကိုယ်ထဲမှာ ပိုးမျိုး ရှစ်ဆယ် ဆိုတာ တွေ့က သူတို့၏ နေအိမ်သဖွယ် အသုံးပြုနေကြတယ်၊ သူတို့က ဒီကိုယ် ထဲမှာပဲ စားကြ သောက်ကြ ကျင်ကြီး ကျင်ငယ် စွန့်ကြ အိမ်ထောင် သားမွေးလဲ ပြုနေ ကြတယ်၊ နောက်ပြီးတော့ ခြင် ယင် သန်း ကြမ်းပိုး စသည် တို့ကလဲ ဒီကိုယ်ကြီးကို သူတို့၏ သုံးဆောင် စရာ အနေနဲ့ အသုံးပြု နေကြတယ်၊ ဒါကြောင့် သူတပါးတို့ နဲ့လဲ စပ်ဆိုင် နေတယ်လို့ ဆိုရပါတယ်။ နောက်ပြီးတော့ ဒီကိုယ်ကြီးကို ကောင်း စေချင် ယင် မိမိအလိုမျှနဲ့ မပြုလုပ် နိုင်ဘူး၊ သင့်လျော်တဲ့ အကြောင်း တွေနဲ့ ပြုလုပ်ပေးမှ ဖြစ်တယ်၊ နေမကောင်းတဲ့ အခါ နေ ကောင်းအောင် သင့်လျော်တဲ့ ဆေးနဲ့ ပြုပြင်ပေးမှ ဖြစ်တယ်၊

http://www.dhammadownload.com

ဆေးဆရာကိုလဲ အားကိုးရတယ်၊ ထမင်းဆာယင် ရေငတ်ယင် အစာကို စားရမှ ရေကို သောက်ရမှ အဆာ အငတ်ပြေတယ်၊ အမြင်ကောင်း အကြားကောင်း စသည် ဖြစ်စေချင်ယင် အဆင်းကောင်း အသံကောင်း စသည်ကို ရှာပေးရတယ်၊ ကိုယ့်အလို အတိုင်း မဖြစ်နိုင်ဘူး၊ ကိုယ့်အလို မျှနဲ့ မဖြစ်နိုင်ဘူး။ ဒါကြောင့်၊ ပရာယတ္တေ- သူတပါး တို့နှင့် စပ်ဆိုင်သော၊ နိရီဟကေ- ကိုယ့်အလို မျှဖြင့် တစုံတခု ကိုမျှ မဖြစ်စေ နိုင်သော၊ ကဋ္ဌေဝရေ- ကိုယ်ကောင်ကြီး၌၊ နိဗ္ဗိန္နာ- မပျော် မမွေ့ ငြီးငွေ့ နေပါ၏၊ တသ္မာ-ထိုသို့ ငြီးငွေ့နေသောကြောင့်၊ နိဗ္ဗာတုံ ဣစ္ဆာမိ- ပရိနိဗ္ဗာန် ပြုလို ပါတယ်၊ ငါ့သား ငါ့တူ ငါ့မြေး တို့က သဘောဟူ ခွင့်ပြုကြပါလို့ ခွင့်တောင်း ပန်ကြားပါတယ်။

အဲဒီ အခါ သားတော် အရှင်နန္ဒနဲ့ မြေးတော် အရှင်ရာဟုလာ တို့ကတော့ အာသဝေါ ကုန်ခန်း ရဟန္တာ ဖြစ်နေကြပြီမို့ တုန်လှုပ်ခြင်း မရှိကြဘူး၊ ဓမ္မတာ သဘောဟရား ပဲ လို့သာ ဆင်ခြင်ပြီး အညီ အမျှ ရှုနိုင်ကြပါတယ်၊ အရှင် အာနန္ဒာ ကတော့ အဲဒီတုန်းက ကျင့်ဆဲ သောတာပန် သေက္ခပုဂ္ဂိုလ် မျှသာ ဖြစ်သေးတယ်၊ ရာဂ ဒေါသ တွေက မကုန်မကင်း သေးဘူး၊ ဒါကြောင့် အရှင် အာနန္ဒာက သောက ပွါးပြီး ဒီလို ငိုယို မြည်တမ်း ပါသတဲ့။

http://www.dhammadownload.com

နိဗ္ဗာန်ဆိုင်ရာတရားတော်

အရှင်အာနန္ဒာ၏ ဝိုချင်း

ဟာ သန္တိံ ဂေါတမီ ယဲဘတိ၊ နူန ဗုဒ္ဓါပိ နိဗ္ဗုတိံ ။
ဂစ္ဆတ နစရေ နေဝ၊ အဂ္ဂ ရဝ နရန္ဓ နော ။

အဲဒါ အရှင်အာနန္ဒာ ရွတ်ဆိုတဲ့ ပါဠိဂါထာ ဝိုချင်း ကာလေးပါပဲ။ အနက်ကတော့-

ဂေါတမီ-ဘုရားမြတ်စွာ၏ မိထွေးတော် ဂေါတမီသည်၊ သန္တိံ-ရုပ်နာမ်ဆင်းရဲတို့၏ ငြိမ်းခြင်းသဘောဟု ဆိုအပ်သော နိဗ္ဗာန်သို့၊ ဟာ ယဲတိ-သြော် သွားတော့မှာပါတကား။ ဗုဒ္ဓါပိ-မြတ်စွာဘုရားသည်လည်း၊ နစိရနေဝ-မကြာမီပင် လျှင်၊ အဂ္ဂိရဝ နိရန္ဓနော-လောင်စာမရှိသော မီးငြိမ်းသလိုပင်၊ နူန နိဗ္ဗုတိံ ဂစ္ဆတိ - ငြိမ်းခြင်းသို့ ရောက်လိမ့်မည်တကား၊ ဝါ - နိဗ္ဗာနဲနန်းသို့ ကြွမြန်း ဝင်ရောက်တော်မူလိမ့်မည်တကား တဲ့။

သြော် မိထွေးတော် ဂေါတမီကြီး ပရိနိဗ္ဗာန်ဝင်စံတော့မည်တဲ့၊ မြတ်စွာဘုရားလဲ မကြာမီပင် ပရိနိဗ္ဗာန်ဝင်စံတော့မှာ ကေန်ပဲ၊ လောင်စာမရှိတဲ့မီး ငြိမ်းသွားသလို ငြိမ်းသွားတော့မှာပဲလို့ အရှင်အာနန္ဒာက ဝိုကြွေးမြည်တမ်းပါသတဲ့။ အဲဒီအခါ မိထွေးတော် ဂေါတမီက ဒီလို အားပေးစကား ပြောကြားပါတယ်။

http://www.dhammadownload.com

အရှင်အာနန္ဒာအား နှစ်သိမ့်စေခြင်း

သုတ သာဂရ ဂမ္ဘီရ၊ ဗုဒ္ဓေ ပဋ္ဌာန တပ္ပရ။
နှ ယုတ္တံ သောစိတုံ ပုတ္တာ၊ ဟာသကာ လေ ဥပဋ္ဌိတော။
တယာ မေ သရဏံ ပုတ္တာ၊ နိဗ္ဗာနံ တမုပါဂတံ။

သုတသာဂရဂမ္ဘီရ-သမုဒ္ဒရာသဖွယ် နယ်ကျယ်သည့်သုတ နှင့် ပြည့်စုံသည့်ပြင်၊ ဗုဒ္ဓေ ပဋ္ဌာနတပ္ပရ - မြတ်စွာဘုရားကို ပြုစု လုပ်ကျွေးခြင်းလျှင် ပြခဲနိုးသော အလုပ်ရှိပေသော၊ ပုတ္တာ-သားတော်အရှင်အာနန္ဒာ၊ ဟာသကာ လေ-ပရိနိဗ္ဗာန်ဝင်စံသည့်အတွက် ရှင်ပျံဝမ်းသာရမည့် အချိန်ကာလသည်၊ ဥပဋ္ဌိတော-ဖြစ်ပေါ်လျက်ရှိနေစဉ်မှာ၊ သောစိတုံ-စိုးရိမ်ခြင်းငှါ၊ နှ ယုတ္တံ-မသင့်ပါချစ်သား။ ပုတ္တာ-သားတော်အရှင် အာနန္ဒာ၊ မေ-မယ်တော်ကြီး၏၊ သရဏံ-ကိုးကွယ်ရာအစစ်၊ ဖြစ်သော၊ ယံ နိဗ္ဗာနံ-အကြင်နိဗ္ဗာန်သည်၊ အတ္ထိ-ရှိ၏၊ တံ-ထိုနိဗ္ဗာန်ကို၊ တယာ-သင်ချစ်သား၏ အကူ အညီဖြင့်၊ ဥပါဂတံ-ရောက်ခဲ့ရပါသည့် အရှင်ဘုရား။

ပရိနိဗ္ဗာန်စံဘာဟာ ရဟန္တာဘို့၏ အမြင်ဖြင့် ဝမ်းသာစရာ အခေါင်းဆုံးပါ၊ ဒါခပမဲ့ တကျွာမကင်းသေးတဲ့လူတွေရဲ့ အမြင်နဲ့ဆိုတော့ "ပြန်မလာတော့ဘူး၊ ဒီဘနောက် မတွေ့ရတော့ဘူး" စသည်ဖြင့် ကြံဆပြီးဘဲ့ လွမ်းဆွတ်စမ်းနည်းခြင်း ဖြစ်တတ်တယ်၊ ဒါကြောင့် အရှင်အာနန္ဒာက ဝမ်းနည်းပြီး ငိုခကြွေးမြည်တမ်းပေတာပဲ၊ အဲဒါကို "ပျော်

http://www.dhammadownload.com

ရှင်ရမည့်အခါပါ၊ စိုးရိမ်ရမည့်အခါ မဟုတ်ပါဘူး၊ အရှင်အာနန္ဒာ၏ အကူအညီဖြင့် ရဟန်းမဘဝကို ရပြီး နိဗ္ဗာန်ကို ရောက်ခဲ့ရပါတယ်”လို့ ပြောပြီးတော့ ဒီလိုလဲ အားပေးစကား ပြောကြားပြန်ပါတယ်။

တယာ တာတ သမဏ္ဍိဋ္ဌော၊
ပဗ္ဗဇ္ဇံ အနုဇာနိနော။
မာ ပုတ္တ ဝိမနော ဟောဟိ၊
သဖလော တေ ပရိဿမော။

တာတ-သားတော်အရှင်အာနန္ဒာ၊ တယာ သမဏ္ဍိဋ္ဌော-အရှင်ဘုရားက အခွင့်ပြုရန် တောင်းပန်အပ်သောကြောင့်၊ နော - မယ်တော်ကြီးတို့အား၊ ပဗ္ဗဇ္ဇံ - ရှင်ရဟန်းအဖြစ်ကို၊ အနုဇာနိ - သားတော်ဘုရားက ခွင့်ပြုတော်မူခဲ့ပါသည်။ ပုတ္တ - သားတော်အရှင်အာနန္ဒာ၊ မာ ဝိမနော ဟောဟိ-နှလုံးမသာ မရှိပါလင့်၊ တေ-အရှင်ဘုရား၏၊ ပရိဿမော-အပန်းခံကာ တောင်းပန်ပေးခြင်းသည်၊ သဖလော-အကျိုးများလှပါပေသည် အရှင်ဘုရား တဲ့။

နောက်ပြီးတော့ အကျိုးများပုံကို ဒီလိုလဲ ဆက်ပြီး လျှောက်ပါတယ်။

ယံ နု ဒိဋ္ဌံ ပုရာ ဏောဟိ၊ ဇာတ္ထိကာ စရိဿယဟိပိ။
တံ ပဒံ သုကုမာရိဟိ၊ သတ္တ ဝဿာဟိ ဝေဒိတံ။

http://www.dhammadownload.com

ပုတ္တ- သားတော် အရှင်အာနန္ဒာဘုရား၊ ပုရာဏောဟိ ရွေးကဲ့လ၌ ဖြစ်ခဲ့ကုန်သော၊ တိတ္ထိကာစရိယောဟိပိ- စျာန် အဘိညာဉ်ရ သရဘင်္ဂအစရှိသော ရသေ့ဂိုဏ်း ဆရာကြီးတို့ သော်မှလည်း၊ ယံ-အကြင်နိဗ္ဗာန်ကို၊ နု ဒိဋ္ဌ-မမြင်ခဲ့ရပါ၊ တံ ပဒံ-ဆိုနိဗ္ဗာန်ကို၊ သတ္တာဝဿာဟိ-ခုနစ်နှစ် အရှယ်မျှဖြစ်ကုန်သော၊သုကုမာရိဟိ-သူငယ်မ ကလေးတို့သည်သော်လည်း ဝေဒိတံ- အရှင်မြတ် တောင်းပန် ပေးသည့် ဘိက္ခုနီ သာသနာမှာ ထင်ရှားစွာ သိရပါသည့် အရှင်ဘုရား တဲ့။

အရှင်အာနန္ဒာက တောင်းပန်ပေးလို့ မြတ်စွာဘုရားက မာတုဂါမတို့အား သာသနာတော်မှာ ရဟန်းပြုရန် ခွင့်ပြုတော် မူတယ်၊ အဲဒီလို ခွင့်ပြုဘော်မူတဲ့ အတွက် မိဆွေးတော် ဂေါတမီနှင့်တကွ သာကီဝင်မင်းသမီး ငါးရာတို့ဟာ ရဟန်းပြုပြီး ရဟန္တာထေရီမတွေဖြစ်ကြရတယ်၊လူဝတ်ကြောင် ဘဝနဲ့ဆိုယင် ရဟန္တာထိအောင် ဖြစ်ဘို့ မလွယ်ဘူး၊ အဲဒီ သာကီဝင် မင်းသမီး ငါးရာနှင့် မိဆွေးတော် ဂေါတမီတို့ ရဟန်းမ အဖြစ်နဲ့ ရဟန္တာမ ဖြစ်ကြရတာလဲ အရှင်အာနန္ဒာ တောင်းပန်ပေးခြင်း၏ အကျိုးကျေးဇူးပါပဲ၊ ဒါတွင်လဲ မကသေးပါဘူး ဘုရားလက်ထက်တော်ကစော ဘုရားပရိနိဗ္ဗာန် စံပြီးတဲ့ နောက်ကာလမှာရော အမျိုးသမီးတွေ သိန်းသန်းမက များစွာ ဘိက္ခုနီပြုပြီးတော့ အရဟတ္တမဂ်ဖိုလ်ကိုရောက်ကြရတယ်၊ ဒါတွေလဲ အရှင်အာနန္ဒာ တောင်းပန်ပေးခြင်း၏

http://www.dhammadownload.com

အကျိုးတွေပါပဲ၊ အထူးအားဖြင့်တော့ သာသနာ ပ,ကာလ ရှေးအခါတုန်းက သရဘင်္ဂရသေ့အစရှိသော ဈာန်အဘိညာဉ် ရ ဂိုဏ်းဆရာကြီးတွေ ရှိခဲ့တယ်၊ အာဠာရ, ဥဒကတို့လို ဂိုဏ်း ဆရာကြီးတွေလဲ ရှိခဲ့ကြတယ်၊ အဲဒီဂိုဏ်းဆရာကြီးတွေတောင် နိဗ္ဗာန်ကို မသိ မမြင်ခဲ့ကြဘူး၊ ဒါပေမဲ့ အရှင်အာနန္ဒာ တောင်းပန်ပေးလို့ ရှင်သာမဏေရီ ပြုခွင့်ရကြတဲ့ ခုနစ်နှစ် အရွယ် သူငယ်မကလေးများပင် အဲဒီသိမြင်နိုင်ခဲတဲ့ နိဗ္ဗာန် ကို သိမြင်ကြရပါတယ်၊ ဒါလဲ အရှင်အာနန္ဒာ တောင်းပန် ဆောင်ရွက် ပေးခြင်း၏ အကျိုးကျေးဇူးပါပဲလို့ ဆိုလိုပါ တယ်။ ဒီလို အကျိုးများအောင် ဆောင်ရွက်ခဲ့တဲ့ အတွက် စိုးရိမ်စရာ ဝမ်းနဲစရာ မရှိပါဘူး၊ ရှင်လန်း ဝမ်းမြောက်စရာ သာ ရှိပါတယ်လို့ အားပေးစကား ပြောကြားပါတယ်။ အဲဒီလို ပြောကြားပြီးတဲ့ နောက် ပရိနိဗ္ဗာန်ပြုရန် အချိန် နီးလာတဲ့အခါ မြတ်စွာဘုရားက မိထွေးတော် ဂေါတမီကို တန်ခိုးပြခိုင်းပါတယ်။

တန်ခိုးပြစေတော်မူခြင်း

ထိနံ ဓမ္မာဘိသမ ယော၊ ယေ ဗာလာ ဝိမတိ ဂတာ။
တေသံ ဒိဋ္ဌိပဟာနတ္ထံ၊ ဣဒံ ဒဿေဟိ ဂေါတမိ။

ဂေါတမိ-မိထွေးတော် ဂေါတမီ၊ ထိနံ-အမျိုးသမီးတို့၏၊ ဓမ္မာဘိသ မယော-သစ္စာလေးပါး တရားထူးကို သိခြင်း၌၊ ယေ ဗာလာ-မသိ မလိမ္မာသော အကြင်သူတို့သည်၊ ဝိမတိ-

http://www.dhammadownload.com

တော-သို့လော သို့လော တွေးတော ယုံမှားခြင်းသို့ ရောက်လျက်ရှိကုန်၏၊ တေသံ ဒိဋ္ဌိပ္ပဟာ နတ္ထံ-ထိုသူတို့၏ မိစ္ဆာအယူကို ပယ်ရန်အတွက်၊ ဤဒိုံ ဒဿဟိ-တန်ခိုးပြပါလော့တဲ့။

မြတ်စွာဘုရား လက်ထက်တော် ကာလက မိစ္ဆာအယူရှိတဲ့ သူတွေက မိန်းမတွေ တရားအားထုတ်လို့ မဂ်ဖိုလ်တရားထူး ရတယ်ဆိုတာကို မယုံကြဘူး၊ စျာန်အဘိညာဉ် ရတယ် ဆိုတာကို မယုံကြဘူး၊ ဟုတ်မယ် မထင်ပါဘူး၊ ဖြစ်နိုင်မယ် မထင်ပါဘူးလို့ ယုံမှား တွေးတောနေကြတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေ၏ ယုံမှားနဲ့ မိစ္ဆာ အယူတွေကို ပယ်နိုင်အောင် တန်ခိုးပြပါဦးလို့ မြတ်စွာဘုရားက တိုက်တွန်းတော် မူပါတယ်။ စောစောက တန်ခိုးပြယင်တော့ တန်ခိုးပြတာ အကြောင်းပြုပြီးတော့ ကြည်ညိုသူတွေ ရှိလာမယ်၊ အဲဒီလို ကြည်ညိုတဲ့ သူတွေက လှူဒါန်းကြလိမ့်မယ်၊ အဲဒီလို ကြည်ညိုခြင်း လှူဒါန်းခြင်းကို အကြောင်း ပြုပြီးတော့ ကဲ့ရဲ့ဘွယ် စသည် အပြစ်တွေ ဖြစ်နိုင်တယ်၊ ဒါကြောင့် စောစောကတော့ တန်ခိုး အပြ မခိုင်းခဲ့ဘူး၊ ပရိနိဗ္ဗာန် ပြုခါနီး နောက်ဆုံး အချိန် မှာတော့ အဲဒီလို အပြစ်တွေ မဖြစ်နိုင်တော့ဘူး၊ ဒါကြောင့် တန်ခိုးပြရန် တိုက်တွန်းတော် မူပါတယ်။

အဲဒီတော့ မိထွေးတော် ဂေါတမီ ထေရီမကြီးက "တပါးတည်းက အများ ဖြစ်အောင် ဖန်ဆင်းခြင်း၊ အများက တပါးတည်း ဖြစ်အောင် ဖန်ဆင်းခြင်း၊ ကောင်းကင်သို့ ပျံ

http://www.dhammadownload.com

တက်ခြင်း၊ မြေကြီး ထဲသို့ ငုပ်လျှိုး သွားခြင်း၊ ပုံသဏ္ဌာန် အမျိုးမျိုး ဖန်ဆင်းခြင်း၊ အခြေအရံ ပရိသတ်နှင့် တကွ စကြဝဠတေးမင်း ကြွလာဟန် ဖန်ဆင်းခြင်း" စသည်ဖြင့် အမျိုးမျိုး ဖန်ဆင်း ပြပါတယ်တဲ့။ အဲဒီလို တန်ခိုးပြဘာကို မြင်ရတဲ့ သူတွေမှာ အံ့ဘွယ် အလွန် ထူးတဲ့ ရုပ်ရှင်ကို ကြည့်ရသလို နေမှာပေါ့၊ သဒ္ဓါ ရှိသူမျှား ကတော့ အဲဒီ တန်ခိုးကို တွေ့မြင်ပြီး သာသနာတော် အတွက်ရော ဘိက္ခုနီမ တွေ အတွက်နရော ယုံကြည်ဘဲ့ သဒ္ဓါ တရားတွေ့ဖြစ်ပွါးကြပါလိမ့် မယ်၊ တချို့လဲ မိစ္ဆာအယူကဲ့ ပယ်စွန့် နိုင်ကြ ပါလိမ့်မယ်၊ ဒါပေမဲ့ မယုံ ချင်တဲ့ ဘာသာခြား ပုဂ္ဂိုလ်တွေ့ တချို့က တော့ ယုံချင်မှ ယုံမှာ၊ မျက်လှည့် အတတ်လို့လဲ ပြောချင် ပြောမှာပဲ၊ မှော် အတတ်လို့ ပြောချင်လဲ ပြောမှာပဲ။ တခါ က ရဟန်း တပါးက ဘာသာခြား လူတယောက်အား ဗုဒ္ဓ တရား တော်ကို ကျကျနန ဟောပြသတဲ့၊ အဲဒီ အခါ ဘာ သာခြား လူက ဘယ်နှယ် ပြောသလဲ ဆိုတော့ "ကိုယ်တော်က ကောင်းကင် ပျံပြတောင် မယုံကြည် နိုင်ဘူး၊ ကိုယ့်ဘာသာ ကို မစွန့် နိုင်ဘူး" လို့ ပြောသတဲ့။ အင်း-သန္ဒိဋ္ဌပရာမာသိ-ကိုယ့်အယူကိုသာ အမှန်ထင်ပြီး စဲမြဲစွာ သုံးသပ်နေတယ်-အယူသည်း နေတယ်-ဆိုတာ ဒါမျိုးပါပဲ။

မိထွေးတော် ဂေါတမီက အထွေထွေ အမျိုးမျိုး တန်ခိုး ပြပြီးတော့ မြတ်စွာ ဘုရားထံ လာရောက်ပြီး ရှိသေစွာ ဦးခိုးလျက် လျှောက်ပြန် ပါတယ်။

http://www.dhammadownload.com

ပရိနိဗ္ဗာန်ပြုရန် လျှောက်ခြင်း

သာ ဝိသ ဝဿ သတိ ကာ၊ ဇာတိယာ ဟံ မဟာ မုနေ။
အာလ မေတ္တာ ဝတာ ဝိရ၊ နိဗ္ဗာယိဿာမိ နာထက။

မဟာမုနေ- ရဟန်းမြတ် ဖြစ်တော် မူသော သားတော် မြတ် အရှင်ဘုရား၊ သာ အဟံ-အမျိုးမျိုး အထွေထွေ တန် ခိုး ပြခဲ့သော ထိုအကျွန်ုပ်သည်၊ ဇာတိယာ- မွေးဖွားခြင်း ဇာတိ အား ဖြင့်၊ ဝါ-ဖွားမြင်ခဲ့သည်မှစ၍၊ ဝိသဝဿသတိ ကာ- အနှစ် ၁၂၀ ရှိပါပြီ အရှင်ဘုရား တဲ့။ (အသက် အရွယ် ကြီးလှ ပါပြီလို့ ဆိုလိုပါဘယ်) ဝိရ-ရဲရင့်သော လုံ့လ ရှိ တော် မူသော သားတော် ဘုရား၊ တ္တာဝတာ-ဤမျှလောက် တန်ခိုး ပြခြင်းဖြင့်၊ အလံ-သင့်တော် လောက်ပါပြီ ဘုရား၊ နာထက-လူသုံးဦးတို့၏ အကြီး အမှူး ဖြစ်တော် မူပေသော သားတော် မြတ်ဘုရား၊ နိဗ္ဗာယိဿာမိ-ဆင်းရဲ ခပ်သိမ်း ငြိမ်း ပါတော့မည်၊ ဝါ-ဆင်းရဲ ချုပ်ပြတ် နိဗ္ဗာန်ခရီး အငြိမ်း ဓာတ်သို့ ချဉ်းကပ် ဝင်ရောက်ပါတော့မည် ဘုရား-လို့ နောက် ဆုံး စကား လျှောက်သား ပါဘယ်။

အဲဒီမှာ မဟာပဇာပတိ ဂေါဘမီက အသက် ၁၂၀ ရှိနေတယ် ဆိုတော့ မြတ်စွာဘုရား အသက်တော်က ဘယ် လောက် ရှိသလဲ ဆိုတာ နွှိုင်းချိန်နှိုင်ဘို့ရာ ဇရပိုင်းကုန်းက ဘုရားအလောင်းတော် ပဋိသန္ဓေ စာဘွဲ့စဉ်က မယ်တော် မဟာမာယာဒေဝီဟာ ၅၅-နှစ်(၈)လ ကျော် (၇)လ အစ

http://www.dhammadownload.com

လောက် ရှိခဲ့တယ် ဆိုတာ စီစစ်ပြခဲ့တယ်၊ ပဋိသန္ဓေတည်လို့ (၁၀)လ ကြာတဲ့အခါ ဖွားမြင်တယ်၊ အဲဒီအခါ မယ်တော် မဟာမာယာ၏ အသက်ဟာ ၅၆-နှစ်နှင့် ၆-လ ခန့်ရှိလိမ့်မယ်၊ အဲဒီတုန်းက ညီမဖြစ်တဲ့ . မဟာပဇာပတိ ဂေါတမီဟာ ၂-နှစ် လျှော့တွက်ယင် ၅၄-နှစ် ကျော်ကျော်ရှိလိမ့်မယ်လို့ ခန့်မှန်းရတယ်၊ ဒါကြောင့် မြတ်စွာဘုရား ဖွားမြင်စဉ်က ၅၄-နှစ် ဆိုတော့ ၁၂၀-ထဲမှာ ၅၄-နှစ် နှုတ်လိုက်ယင် ၆၆-နှစ်ကျန်တယ်၊ အဲဒီ ၆၆- နှစ်ဟာ မိထွေးတော် ဂေါတမီ ပရိနိဗ္ဗာန်စံဝင်သည့်အခါက မြတ်စွာဘုရား၏ အသက်တော် ပဲလို့ မှတ်ယူရပါတယ်၊ မြတ်စွာဘုရားက အသက်တော် (၈၀)မှာ ပရိနိဗ္ဗာန်ဝင်စံတော်မူတယ် ဆိုတော့ အဲဒီနှစ်ထက် ၁၄-နှစ်လောက်စောတယ်လို့ ယူရမှာပဲ၊ ခန့်မှန်းတယ် ဆိုတာ အတိအကျတော့ မဟုတ်ဘူး၊ တနှစ် ၂-နှစ် လောက်တော့ အပိုအလိုရှိနိုင်ပါတယ်။

မိထွေးတော် ဂေါတမီဟာ ယခုပြောခဲ့တဲ့အတိုင်း နောက် ဆုံးစကား လျှောက်ထားပြီးတော့ မြတ်စွာဘုရားက ဆိတ် ဆိတ်နေတော်မူခြင်းဖြင့် အခွင့်ပြုတော်မူတဲ့အတွက် မြတ်စွာ ဘုရားကို ရိုသေစွာရှိခိုးကန်တော့ပြီး အခြေအရံ ဘိက္ခုနီ ငါးရာနှင့်တကွ ဘိက္ခုနီကျောင်းသို့ ပြန်ကြွပါတယ်၊ အဲဒီ အခါ သံဃာတော်ပရိသတ် လူပရိသတ်များနှင့်တကွ မြတ်စွာ ဘုရားကိုယ်တော်တိုင် ကျောင်းတိုက်တံခါးဝအထိ လိုက်ပို့ တော်မူပါတယ်။ မိထွေးတော် ဂေါတမီအမှူးရှိသော ဘိက္ခုနီ

http://www.dhammadownload.com

မတွေ့လဲ အဲဒီတံခါးပေါက်ဝမှာ နောက်ဆုံး ရှိခိုးခြင်းဖြင့် ရှိခိုးကန်တော့ပြီး ဘိက္ခုနီကျောင်းတိုက်သို့ ပြန်သွားကြပါတယ်၊ အဲဒီ အချိန်အခါကလေးကို စဉ်းစားကြည့်ယင် ဝမ်းနည်းစရာလိုလို ဘာလိုလိုနဲ့ စိတ်ထဲမှာ ဖြစ်တတ်တယ်၊ ဖြစ်ယင် အဲဒါကို စူးစိုက်ပြီး ရွှမ့တ်ရမယ်။

နောက်ဆုံး ပရိနိဗ္ဗာန်စံဝင်ပုံ

သာ သဟ တာဟိ ဂန္ဆာန၊ ဘိက္ခုနုပဿယံ သကံ။
အဖုပလွက် မာဘုဇ္ဇ၊ နိသီဒိ ပရမာသနေ။

သာ-ထိုမိထွေးတော် ဂေါတမီ၊ ထရီသည်၊ သဟ တာဟိ-ထိုသာကီဝင် မင်းသမီး ဘိက္ခုနီငါးဆူတို့နှင့်တကွ၊ သကံ ဘိက္ခုနုပဿယံ – မိမိ၏ ဘိက္ခုနီကျောင်းတိုက်သို့၊ ဂန္ဆာန-သွားရောက်ပြီး၍၊ ပရမာသနေ-မြင့်သော နေရာ၌၊ အဖုပလွက်-အာဘုဇ္ဇ-ထင်ဝင့်တင့်ပလ္လင်ခွေကို ဖွဲ့ခွေ၍၊ (ရဟန်းမမျှားမှာ ခြေနှစ်ဖက်လုံး အပြည့်တင်ပလ္လင်ခွေ မထိုင်ရဘူး၊ ခြေတဖက်သာ ခွေပြီးထိုင်ရတယ်၊ အဲဒါကို အဖုပလွက်-ထင့်ဝင့် တင်ပလ္လင်ခွေခေါ်တယ်၊ ယခု မြန်မာအမျိုးသမီးများ၏ အရိုအသေပြုထိုင်ပုံနှင့် တူတန်သလောက် တူပါလိမ့်မယ်။) နိသီဒိ-ထိုင်နေလေတော့သည်။

ဘိက္ခုနီမငါးဆူတို့လဲ သူ့နေရာနဲ့သူ အသီးအသီး ထင့်ဝင့်တင်ပလ္လင်ခွေဖြင့် ထိုင်နေကြတယ်။ အဲဒီအခါမှာ သတင်းကြားရလို့ တပည့်ဒါယိကာမတွေက လာရောက်ပြီးတော့

http://www.dhammadownload.com

ငိုကြပါသတဲ့။ အဲဒီ ဒါယိကာမတွေထဲမှ သဒ္ဓါတရား အကောင်းဆုံး, တရားလဲ အားအထုတ်ဆုံး ဥပါသိကာမ ကို မိထွေးတော်ဂေါတမီက ဦးခေါင်းကို ပုတ်သပ်ပြီးတော့ ဒီလို သြဝါဒစကား ပြောကြားပါတယ်။

အလံ ပုတ္တာ ဝိသာဒေန၊ မာရပါသာနုဝတ္တိနာ။
အနိစ္စံ သင်္ခတံ သဗ္ဗံ၊ ဝိယောဂန္တံ စလာစလံ။

ပုတ္တာ-ချစ်သမီးတို့၊ မာရပါသာနုဝတ္တိနာ-ကိလေသမာရ်၏ ကျော့ကွင်းသို့ အဝင်လိုက်သော၊ ဝါ၊ ကိလေသာ၏အလိုသို့ လိုက်လျောသော၊ ဝိသာဒေန - ငိုယိုပင်ပန်းခြင်းဖြင့်၊ အလံ-အကျိုး မရှိပါဘူးသမီးတို့။ သဗ္ဗံ သင်္ခတံ-ရုပ်နာမ်သင်္ခတတရား အားလုံးသည်၊ အနိစ္စံ - မမြဲသည် ဖြစ်၍၊ ဝိယောဂန္တံ - ကွဲကွင်း ကဲကွာရခြင်းလျှင် အဆုံးရှိခြေ၏၊ စလာစလံ - ဘယ်မှာမျှ မတည်တံ့ မခိုင်မြဲပဲ အာလွန်ပင် ပြောင်းလဲလှုပ်ရှားခြင်း သဘောရှိသည်ချည်းသာ ဖြစ်သည် သမီးတို့-လို့ ပြောပြီးတော့ အဲဒီ ငိုယိုကြတဲ့ အမျိုးသမီးတွေကို ပြန်လှတ်လိုက်တာယ်။

အဲဒီလို လွှတ်လိုက်ပြီး ပဌမစျာန်ကို ဝင်စားကြတယ်၊ ပြီးတော့ ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်တို့ကိုအစဉ်အတိုင်း ဝင်စားကြတယ်၊ အဲဒီကနောက် အရှုသမာပတ်လေးပါးကို အစဉ် အတိုင်း ဝင်စားကြတယ်၊ တဖန် ပဋိလောမအားဖြင့် ပဌမ စျာန်တိုင်အောင် ဝင်စားတယ်၊ အဲဒီက

http://www.dhammadownload.com

နောက် စတုတ္ထစျာန်အထိ အစဉ်အတိုင်း ဝင်စားပြီးတော့ အဲဒီ စတုတ္ထစျာန်မှ ထပြီး "ဒီပစ္စီဝ-မီးစာကုန် ဆီခန်းရှိ ငြိမ်းလေသော ဆီမီးတောက် ကဲ့သို့၊ နိရာသဝါ-ရုပ်နာမ်ခန္ဓာ အသစ်ဖြစ်ကြောင်း အာသဝေါတရား ကင်းသည်ဖြစ်၍၊ နိဗ္ဗာ-ယိ- စုတိခန္ဓာချုပ်သဖြင့် ရုပ်နာမ်ဆင်းရဲ ပြတ်စဲ ချုပ်ငြိမ်းလေ တော့သည်"တဲ့။ အဲဒါက မိထွေးတော် ဂေါတမီ ပရိနိဗ္ဗာန် ဝင်စံပုံကိုပြတာပဲ။ သူ့အခြေအရံ ဘိက္ခုနီတွေကိုလဲ "တာ-ယောပိ- ထိုဘိက္ခုနီတို့သည်လည်း။ အနုပါဒါနာ-ရုပ်နာမ် ခန္ဓာဖြစ်ကြောင်း ကင်းကြကုန်သည် ဖြစ်၍၊ ဒီပစ္စီ ဝိယ၊ ဆီ မီးလျှံ ငြိမ်းသကဲ့သို့၊ နိဗ္ဗုတာ-ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းကြ လေတော့သည်"လို့ ပြဆိုထားတယ်။ မိထွေးတော် ဂေါတမီ နှင့်တကွ ထေရီမ ငါးရာတို့ဟာ ထိုင်လျက် သမာပတ်ဝင်စား ပြီး ပရိနိဗ္ဗာန် ဝင်စံကြတယ်၊ သူများတွေလို သေခါနီး အလူးအလဲ ခံစားရတဲ့ ဆင်းရဲမျိုးဆိုယင် ဘာမျှမရှိဘူး၊ ချမ်းသာစွာ တည်ငြိမ်စွာနှင့်ပင် ပရိနိဗ္ဗာန် ဝင်စံသွားကြတယ်၊ ကြည်ညိုဘွယ် အလွန်ကောင်းတာပဲ။

အဲဒီလို ပရိနိဗ္ဗာန်စံပြီးတဲ့အခါ မြတ်စွာဘုရားက စျာပန ကိစ္စအတွက် ဆောင်ရွက်ကြရန် အရှင်အာနန္ဒာအား နှိုးဆော် စေတယ်၊ အရှင်အာနန္ဒာက နှိုးဆော်တဲ့အခါ အနီး အဝေးမှ သံဃာတော်တွေ များစွာကြွလာတော်မူကြပါတယ်၊ လူတွေ တွင်မက နတ်တွေပါလာရောက် ပူဇော်ကြတယ်လို့ ဆိုပါ

http://www.dhammadownload.com

တယ်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဇာတော်မူတဲ့ အခါမှာတောင် အဲဒီလောက် မစည်ကား မကြီးကျယ် မခမ်းနားဘူးလို့လဲ ဆိုပါတယ်။ မီးသင်္ဂြိုဟ်ပြီးတဲ့အခါ မိဇထွးတော် ဂေါတမီ၏ အရိုးဓာတ်တော်များကို သပိတ်ပြင့် ထည့်၍ အရှင်အာနန္ဒာက မြတ်စွာဘုရားထံ ဆက်ကပ်တယ်။

မြတ်စွာဘုရားက အဲဒီဓာတ်တော် သပိတ်ကို လက်ဖြင့် ကိုင်တော်မူလျက် "ရောမ သစ်ပင်ကြီးမှာ အကြီးဆုံးကိုင်းကြီး ကျိုးသွားယလိုပင် ဘိက္ခုနီသံဃာ၏ အကြီးဆုံး ဖြစ်သော ဂေါတမီထေရီ ပရိနိဗ္ဗာန်စံသွားလေပြီ၊ မိတော်းတော်ဂေါတမီ ဟာ သံဃာရှေ့ ပင်လယ်ကြီးကို ကူးမြောက်ပြီး ဖြစ်ပေတယ်၊ ကိလေသာအပူအပင်ငြိမ်းပြီး ဖြစ်ပေတယ်၊ ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းသွားလေပြီ၊ ဒါကြောင့်သူ့အတွက် စိုးရိမ်ဘွယ်မ ရှိ" စသည်ဖြင့် မိန့်ဟော်မူတယ်။ နောက်ပြီးတော့ "မိထွေး တော် ဂေါတမီဟာ ပညာကြီးကြောင်း၊ ဘိက္ခုနီတို့တွင် ရတ္တညူ။ တေဒဂ်ဖြင့် ချီးမွမ်းအပ်သူဖြစ်ကြောင်း ဣဒ္ဓိဝိဓအစ ရှိသော လောကီအဘိညာဉ် ငါးပါးဌာန နိုင်နင်းကြောင်း၊ လောကုတ္တရာ အာသဝက္ခယ အဘိညာဉ်နှင့်လဲ ပြည့်စုံ၍ ပဋိသမ္ဘိဒါပတ္တထေရီ ဝိသေသဖြစ်ကြောင်း" စသည်များကိုလဲ ထုတ်ဖော် ချီးကျူးတော်မူတယ်။ အဲဒီလိုချီးကျူးတော်မူပြီးတော့ အောက်ပါ ဂါထာတို့ကိုလဲ မိန့်မြွက်တော်မူပါတယ်။

http://www.dhammadownload.com

နိဗ္ဗာန်၏ သရုပ်ဖော်ကထာ ၂-ပုဒ်

အယောဃန ဟတသော၊ ဇလတော ဇာတဝေဒဿ။
အနုပုဗ္ဗူပသန္တဿ၊ ယထာ နံ ဉာယတေ ဂတိ။
ဧဝံ သမ္မာ ဝိမုတ္တာနံ၊ ကာမ ဗန္ဓေဃ တာရိနံ။
ပညာ ပေတံ ဂတိ နတ္ထိ၊ ပတ္တာ နံ အစလံ သုခံ။

အယောဃန ဟတသော၀ -သံတူဖြင့် သံတုံး စသည်ကို ထု ရိုက် စဉ်ပင်လျှင်၊ ဇလတော-ဝင်းလက် တောက်ပလျက်-ဂါ-ဝင်းလက် တောက်ပ ပြီးလျှင်၊ အနု ပုဗ္ဗူပသန္တဿ- အဂ္ဂိ အတိုင်း ငြိမ်းသွား လေသော၊ ဇာတဝေဒဿ-မီးဖွား မီးပန်း အလင်းရောင်၏၊ ဂတိ-ရောက်ရာ တည်ရာ အရပ်ကို၊ နဉာယ-တေ ယထာ-မသိအပ် မသိနိုင် သကဲ့သို့ တဲ့။

ဒါက ဥပမာပဲ၊ သံတူ ကြီးဖြင့် သံတုံး စသည်ကို ထုရိုက် လိုက်တဲ့အခါ လင်းကနဲ လက်ကနဲ မီးဖွား မီးပန်းတလေး ထွက်ပေါ် လာတတ်တယ်၊ အဲဒီ အလင်းရောင် ကလေးဟာ တခဏ ကလေး အတွင်းမှာပဲ ပျောက်သွားတယ်၊ အဲဒီလို ပျောက်သွားတဲ့ အခါ အဲဒီ အလင်းရောင် ကလေးဟာ ဘယ် အနား ရောက်ပြီး ဘယ်လို တည်နေ တယ်လို့ မသိ မမြင် နိုင်ဘူး၊ အဲဒါလို ပါပဲ တဲ့။

ဧဝံ-ဤအတူ၊ ကာမ ဗန္ဓနာဃ တာရိနံ-ကာမ အနှောင် အဖွဲ့နှင့် ဩဃလေးပါးကို ကျော်လွန် ကုန်ပြီးသော၊ သမ္မာ-

http://www.dhammadownload.com

ပိမုဘ္ဘာနံ - ကောင်းစွာ လွှတ်မြောက် ကုန်ပြီးသော၊ ဝါ-ကောင်းစွာ လွှတ်မြောက်ကြပြီး၍၊ အစလံ သုခံ ပတ္တာနံ-လှုပ်ရှား ပြောင်းလဲခြင်း မရှိပဲ အမြဲချမ်းသာသည့် အငြိမ်းဓာတ်သို့ ရောက်ကြသော ရဟန္တာတို့၏၊ ဂတိ-လားရာ တည်ရာ ဂတိသည်၊ ပညာပေတုံ-သိစေရန် ပြရန် အလို့ငှါ၊ နတ္ထိ-မရှိတော့ သည်သာတည်း တဲ့။

နည်းမှန် လမ်းမှန် အတိုင်း ကျင့်လို့ အရဟတ္တ မဂ်ဖိုလ်ဖြင့် ကိလေသာအနှောင်အဖွဲ့ဟွေ့ ကိလေသာရေယဉ်တွေကို ကျော်လွန် သွားကြဟဲ့ ရဟန္တာပုဂ္ဂိုလ်တွေမှာ အစွဲ အလမ်း ဥပါဒါန် မရှိတဲ့ အတွက် နောက်ဆုံးကာလမှာ စွဲလမ်းစရာ ကံကမ္မနိမိတ် ဂတိနိမိတ် ဆိုတဲ့ အာရုံတွေ မထင်ဘူး၊ စျာန်ဝင်စားယင်း ဖြစ်စေ၊ ဂိပဿနာ ရှုယင်း ဖြစ်စေ၊ ပရိနိဗ္ဗာန်စုတိစိတ်ချုပ်သွားတယ်၊ အဲဒီစုတိစိတ် ချုပ်သွားတဲ့အခါ ရုပ်နာမ် ခန္ဓာအသစ်လဲ မဖြစ်ပေါ်လာတော့ပဲ ပြတ်စဲချုပ်ငြိမ်းသွားတယ်၊ အဲဒီလို ရုပ်နာမ်ခန္ဓာ လုံးဝပြတ်စဲ ချုပ်ငြိမ်းသွားတာဟာ အနုပါဒိသေသနိဗ္ဗာန် ခေါ်တဲ့အငြိမ်းဓာတ်ပဲ၊ အဲဒီအငြိမ်းဓာတ်ဟာ ငြိမ်းမြဲ ငြိမ်းနေတော့တာပဲ၊ ပြောင်းလဲ လှုပ်ရှားခြင်းမရှိပဲ ငြိမ်းလျက်ပဲတည်နေတယ်၊ အဲဒါကို အစလံ- လှုပ်ရှားခြင်း မရှိဘူးလို့ ဆိုတယ်၊ နောက်ပြီးတော့ အဲဒီအငြိမ်းဓာတ်ဟာ ဆင်းရဲဟူသမျှ လုံးဝ ကင်းငြိမ်းနေတယ်၊ အဲဒီလို ဆင်းရဲတွေ အကုန်ကင်းငြိမ်းနေတဲ့ အတွက်

http://www.dhammadownload.com

မခံစားရပဲနဲ့ အမြဲတမ်း ချမ်းသာနေတယ်၊ အနုပါဒိသေသ နိဗ္ဗာန်အငြိမ်းခံတော်သို့ ရောက်သွားတဲ့ အဲဒီရဟန္တာပုဂ္ဂိုလ်ဟာ ဘုံဘဝ-ထဲက ဘယ်မှာရောက်နေတယ်လို့ မပြောပြနိုင်ဘူး၊ ဘယ်အရပ် ဘယ်ဌာန ရောက်နေတယ်လို့လဲ မပြောပြနိုင်ဘူး၊ လက်ကနဲ့ ထုတ်ပေါ်လာပြီး ငြိမ်းသွားတဲ့ မီးဖွားအလင်းရောင်ကလေး၏ ရောက်နေရာ တည်နေရာကို မပြောပြနိုင်သလိုပါပဲ တဲ့။ ပွင့်ပွင့်လင်းလင်း ပြောပြ ရယင်တော့ အဲဒီမီးဖွား အလင်းရောင်ကလေးလဲ ဘယ်မှာမှ မရှိဘူး၊ အဲဒါလိုပဲ ရဟန္တာပုဂ္ဂိုလ်၏ ချုပ်နာမ်ခန္ဓာ အစဉ်ဟာလဲ ပရိနိဗ္ဗာန်စုတိစိတ်မှ နောက်ကာလ၌ လုံးဝမရှိတော့ပဲ ပြတ်စဲချုပ်ငြိမ်းသွားတာပါပဲ၊ ဘယ်အရပ်မှာမှ အဲဒီရုပ်နာမ် အစဉ်ဟာ မရှိတော့ပါဘူး။

ဒီလို ဆိုတော့ အတ္တစဲရှိတဲ့ သူတွေက ရဟန္တာပုဂ္ဂိုလ် တယောက်လုံး ပျောက်သွားတယ်လို့ ထင်မှတ်စရာရှိတယ်၊ အဲဒီလိုလဲ မဟုတ်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါ ဆိုတာ အစက တည်းက ရှိခဲ့တာ မဟုတ်ဘူး၊ ရုပ်နာမ်ခန္ဓာအစဉ်မျှသာ ရှိခဲ့တာပဲ။ ဒါကြောင့် အစက မပြတ်ဖြစ်လျက်ရှိနေခဲ့တာလဲ သမုဒယတရားကြောင့် ဖြစ်နေတဲ့ ဒုက္ခသစ္စာမျှသာ ရှိခဲ့ကယ်၊ သီလ ဘာမာဓိ ဝိပဿနာအကျင့်မှန်ဖြင့် အရဟတ္တမဂ်ဖိုလ်သို့ ရောက်တဲ့အခါ ဘယ်လိုအာရုံ ဘယ်လိုဘဝမျိုးကိုမျှ မသာယာ တော့ဘူး၊ ရှေးဘုန်းကံက မိထွေးတော်ဂေါတမီ လျှောက်ခဲ့တဲ့(အာသီဝိသာလယသမေ အစရှိသော)ဂါထာ

http://www.dhammadownload.com

၂-ပုဒ်ထဲမှာ ပြထားတဲ့အတိုင်း ရုပ်နဲ့ဝမ်ခန္ဓာတွေအပေါ်မှာ ငြိုးငွေ့နေတယ်၊ အဲဒီလို သမုဒယသစ္စာ တဏှာကင်းတဲ့အတွက် ပရိနိဗ္ဗာန်စုတိမှ နောက်ကာလ၌ ရုပ်နာမ်ဒုက္ခသစ္စာတွေ မဖြစ်ပေါ်လာတော့ပဲ ပြတ်စဲ ချုပ်ငြိမ်း သွားတယ်၊ အဲဒါဟာ ပဋိုလ်သတ္တဝါ ပျောက်သွားတာ မဟုတ်ဘူး၊ ဒုက္ခသစ္စာတွေ ငြိမ်းခြင်းမျှပဲ။

အဲဒီလို ဒုက္ခသစ္စာတွေ ချုပ်ငြိမ်းသွားတော့ ဘဝအသစ် ဖြစ်ရတဲ့ ဆင်းရဲလဲ ကင်းတယ်၊ အိုရ နာရ သေရတဲ့ဆင်းရဲတွေလဲ ကင်းတယ်၊ စိုးရိမ်ပူဆွေးရ ငိုကြွေးရတဲ့ဆင်းရဲတွေလဲ ကင်းတယ်၊ ရုပ်ကိုယ်နဲ့စပ်တဲ့ဆင်းရဲ စိတ်နဲ့စပ်တဲ့ ဆင်းရဲတွေလဲ ကင်းတယ်၊ အောက်ထစ်ဆုံးအားဖြင့် ဂိတ်ကူးကြုံစည်နေတဲ့ ဆင်းရဲတွေလဲ ကင်းတယ်၊ ကောင်းနိုးနိုးနဲ့ခံစားရတဲ့ ဆင်းရဲတွေလဲ ကင်းတယ်၊ ဘယ်လိုဆင်းရဲမျှ မရှိတဲ့အတွက် အမြဲတမ်း ချမ်းသာနေတယ်။

ဒီနေရာမှာ အတွေ့စဲ့အားကြီးတဲ့သူတွေက မေးစရာရှိတယ်၊ ကောင်းကင်ဘုံ [illegible]ကျော်ပြီး မအို မနာ မသေပဲ နေရတာက ပိုမကောင်းဘူးလား လို့ မေးစရာရှိတယ်၊ မအို မနာ မသေရတဲ့ ကောင်းကင်ဘုံ ဆိုတာက စိတ်ကူးယဉ်ထားတာပဲ၊ ဘယ်မှာမဆို ဖြစ်ယင် ပျက်တာချည်းပဲ၊ ကောင်းကင်ဘုံဆိုတာ နတ်ဘုံ ဗြဟ္မာဘုံတွေပဲ၊ အဲဒီဘုံတွေမှာလဲ ရုပ်နာမ်တွေကို အာထည်ကိုယ် လုပ်နေကြရတာပဲ၊ အဲဒီရုပ်နာမ်တွေက ဖြစ်တတ် ပျက်တတ်တဲ့ သဘောတွေပဲ၊ ဒါကြောင့် အဲဒီ

http://www.dhammadownload.com

နတ်တွေ ဗြဟ္မာတွေလဲ သူ့အသက်ဘမ်းကုန်တော့ သေရမျက်ရတာပဲ။ အမှန်စင်စစ်အားဖြင့်တော့ စိတ်အသိကလေးရှိနေယင်ကို စိတ်ကူးကြံစည်ပြီး ပင်ပန်းဆင်းရဲနေတာပဲ။

ဒါကြောင့် ဖြစ်တတ် ပျက်တတ်တဲ့ ရုပ်နာမ်ဒုက္ခသစ္စာတရားတွေ လုံးဝမရှိပဲ ပြာစဲချုပ်ငြိမ်းသွားမှ စင်စစ်ချမ်းသာတာ၊ အဲဒီလို ဒုက္ခသစ္စာတရားတွေ မဖြစ်ပဲ ပြတ်စဲချုပ်ငြိမ်းတာကလဲ အရဟတ္တ..ဂ်ိုလ်၏ အစွမ်းဖြင့် တဏှာသမုဒယချုပ်ငြိမ်းမှ ပြီးစီးတယ်။ ဒါကြောင့် အရဟတ္တမဂ်ိုလ်ဉာဏ်၏ အစွမ်းဖြင့် တဏှာသမုဒယငြိမ်း၍ ပရိနိဗ္ဗာန်စုတိမှ နောက်ကာလ၌ ရုပ်နာမ်ခန္ဓာဒုက္ခသစ္စာ မဖြစ်ခဲပါလာပဲ ပြတ်စဲချုပ်ငြိမ်းတာက အနုပါဒိသေသ နိဗ္ဗာန်ချမ်းသာ အစစ်အမှန်ဖြစ်သည် တဲ့။ အဲဒါကို မှတ်မိအောင် ဆိုကြရမယ်။

အရဟတ္တမဂ်ိုလ်ဉာဏ်၏ အစွမ်းဖြင့် တဏှာသမုဒယငြိမ်း၍ ပရိနိဗ္ဗာန်စုတိမှ နောက်ကာလ၌ ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာ မဖြစ်ပေါ်လာတော့ပဲ ပြတ်စဲချုပ်ငြိမ်းတာက အနုပါဒိသေသ နိဗ္ဗာန်ချမ်းသာ အစစ်အမှန် ဖြစ်သည်။

မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန်စံခဏ်းကတော့ ပြည့်စုံသွားပါပြီ။ အဲဒီ ဂေါတမီထေရီ အပဒါန်ပါဠိတော်မှာ နိဂုံးချုပ်အနေနဲ့ မြတ်စွာဘုရားက တိုက်တွန်းတော်မူတဲ့

http://www.dhammadownload.com

ဥယျောဇဉ် ဂါထာတပုဒ်ရှိတယ်။ အဲဒီဂါထာဖြင့် တိုက်တွန်းပြီး တရားသိမ်းတော့မယ်။

ဘုရားရှင်၏ ဥယျောဇဉ်ဂါထာ

အတ္တာဒီပါ တထော ဟောထ၊ သတိပဋ္ဌာနဂေါစရာ။
ဘာဝေတ္ဝာ သတ္တ ဗောဇ္ဈင်္ဂေ၊ ဒုက္ခဿန္တံ ကရိဿထ။

တထော-ထိုသို့ သမ္မာဝိမုတ္တာဖြစ်လျှင် အမြဲတမ်းချမ်းသာသည့် အငြိမ်းဓာတ်သို့ ရောက်လျက် ဂတိငါးပါးမှ ကင်းလွတ် ခြင်းကြောင့်၊ တုမှေ- သင်ချစ်သား ချစ်သမီးတို့သည်၊ သတိပဋ္ဌာန ဂေါစရာ-ရှုမှတ်မှု သတိပဋ္ဌာန်လေးပါးလျှင် ကျက်စားရာ ရှိကြကုန်သည်ဖြစ်၍၊ အတ္တာဒီပါ-မိမိကိုယ် (ဟု ဆိုအပ်သော တရား) လျှင် မှီရာကျွန်းမြေသဖွယ် အားကိုးရာ ရှိကုန်သည်၊ ဟောထ-ဖြစ်ကြပါကုန်လော့ တဲ့။

ကိုယ်အမှုအရာဟူသမျှကို ရှုမှတ်တာက ကာယာနုပဿနာ သတိပဋ္ဌာန်, ခံစားမှုဝေဒနာဟူသမျှကို ရှုမှတ်တာက ဝေဒနာနုပဿနာ သတိပဋ္ဌာန်, စိတ်အမှုအရာ ဟူသမျှကို ရှုမှတ်တာက စိတ္တာနုပဿနာ သတိပဋ္ဌာန်, သဘောတရား ဟူသမျှကို ရှုမှတ်တာက ဓမ္မာနုပဿနာ သတိပဋ္ဌာန်= အဲဒီ သတိပဋ္ဌာန်လေးပါးကို ပွားစေသောအားဖြင့် လော့လာ ကျက်စား နေကြပါတဲ့၊ အဲဒီလို လော့လာ ကျက်စားနေယင် မိမိ ကိုယ်ကို အားကိုးရာ ကျွန်းမြေသဖွယ် ပြုနေသည့် မည်ပါတယ်၊ မိမိကိုယ် ဆိုတာကလဲ မိမိသန္တာန်မှာ ဖြစ်ပွားစေတဲ့ သတိပဋ္ဌာန်

http://www.dhammadownload.com

တဏှာကိုပဲ ဆိုလိုပါတယ်။ အဲဒီလို သတိပဋ္ဌာန်တရားကို မှီရာတည်ရာ ကျွန်းမြေသဖွယ် အာဒီးနေကြယင် ဘာဖြစ်မလဲဆိုးတာ့) သတ္တ ဗောဇ္ဈင်-ဗောဇ္ဈင် ခုနစ်ပါးတို့ကို၊ ဘာဝေတ္တာ-ပွါးစေ၍၊ ဒုက္ခသန္တံ-ဆင်းရဲ၏ ကုန်ဆုံးရာ အရဟတ္တဖိုလ် နိဗ္ဗာန်ကို၊ ကရိဿာ-ပြီးစေနိုင်ကြပေလတံ့သတည်း တဲ့။

သတိပဋ္ဌာန် လေးပါးကို ပွါးဧလျှင် ဗောဇ္ဈင် ခုနစ်ပါး ပြည့်စုံပြီး အရဟတ္တဖိုလ်နိဗ္ဗာန်သို့ ရောက်ကြပါလိမ့်မယ် တဲ့၊ အဲဒီးတာ့ ဆင်းရဲခပ်သိမ်း ကုန်ငြိမ်းရာ နိဗ္ဗာန်ရောက်ချင်တဲ့ သမ္မာဆန္ဒ အပြည့်အပ ရှိကြယင် သတိပဋ္ဌာန် တရားလေး ပါးကို မပြတ်ပွါးနေကြရုံပါပဲ။ ကဲ တရားသိမ်းဧတာ့မယ်။

နိဂုံးချုပ် တရားသိမ်း ပတ္ထနာ

နိဗ္ဗာန ပဋိသံယုတ္တာကထ၊ ဧခါ နိဗ္ဗာန်ဆိုင်ရာ တဂုး ဧတာဂုံ ရဒဿစ္စာ နာဝယူ မှတသာဂုးကြရဒဿ ဓမ္မသဝန ကုသိုလ်ကံ စေတနာတို့၏ အစွမ်း အာနုဘော်ဒးကြာင့် ရှုမှတ်မှု သတိပဋ္ဌာန် တရား၌ ကျင်စ းလျက် ဗောဇ္ဈင် ခုနစ်ပါး ကို ပွါးစေကြ၍ ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာဟု ဆိုအပ်သော ဆင်းရဲ ခပ်သိမ်းဟူ၏ ငြိမ်းရာ အမြဲတမ်း ချမ်းသာအစစ်

http://www.dhammadownload.com

ဖြစ်သော နိဗ္ဗာန်တရားတော်မြတ်ကို မိမိတို့ အလိုရှိသော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု။

နိဗ္ဗာန ပဋိသံယုတ္တ ကထာ

နိဗ္ဗာန်ဆိုင်ရာ တရားတော် ဆဋ္ဌမပိုင်းပြီး၏။

နိဗ္ဗာန်ဆိုင်ရာ တရားတော် ဤတွင် ပြီး၏။

http://www.dhammadownload.com

ဤ စာအုပ်အတွက် အလှူရှင်စာရင်း။

ကျပ် ၃၀၁- အလှူရှင်များ

၁။ ဖျာပုံဆရာကော်နှင့် ကပည့်များ သာသနာ့ရိပ်သာ
ဖျာပုံမြို့။

ကျပ် ၁၅၀-အလှူရှင်များ

၁။ ဦးလေးမောင်-ဒေါ်ဝင်းကြည် မိသားစု အမှတ် ၈၈၊
ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့။

ကျပ် ၉၉-အလှူရှင်များ

၁။ ဦးထွန်းရင်-ဒေါ်လေးရင်နှင့် သား မြေးများ၊
၂။ အင်တာနေရှင်နယ်ပုံနှိပ်တိုက်ပိုင်ရှင်၊ဦးကောင်း-ဒေါ်၀၊
အမှတ် ၁၄၇၊ ၃၁ လမ်း၊ ရန်ကုန်မြို့။

ကျပ် ၉၀-အလှူရှင်များ

၁။ ဒေါ်သန်းမေ- သာသနာ့ရိပ်သာ ရန်ကုန်မြို့။

ကျပ် ၆၀ အလှူရှင်များ

၁။ ဦးသိန်းဟန်နှင့် မောင်နှမတစု-၃၄ လန်ကစ်စဟာလမ်း
ရန်ကုန်မြို့။

ကျပ် ၄၅-အလှူရှင်များ

၁။ ဆရာကြီး ဒေါ်ဓမ္မဓဇ သာသနာ့ရိပ်သာ ကော့ဒွတ်ရွာ။
၂။ ကာယသုခပုံနှိပ်တိုက်-အမှတ် ၁၂၉-၃၁ လမ်း ရန်ကုန်မြို့။
၃။ ကိုအောင်ကြူး-မစိန်လေး၊သွီး-ငြိမ်းငြိမ်းအောင်မွေးနှေ့

http://www.dhammadownload.com

ကျပ် ၃၉-အလှူရှင်များ

၁။ မြို့မဆရာကြီး ဦးဘလွင်-ဒေါ်သန်းညွှန့် သားသမီးတစု
ရန်ကုန်မြို့။

ကျပ် ၃၀-အလှူရှင်များ

၁။ စန်းမြရောင်ခြည် ရိပ်သာ ဆရာတော်၊ မုံရွာမြို့။

၂။ ဦးသူရိယ သလ္လာဝတီ ရိပ်သာ ဆရာတော် နာဂ လှိုင်ဂူ၊

၃။ ဦးသူရိယ (ဓမ္မာစရိယ) သာသနာ့ ရိပ်သာ၊ ရန်ကုန်မြို့။

၄။ ဦးလှရွှေ-ဒေါ်ခင်ညွှန့်၊ အမှတ်-၂၃၊ မြင်းပြိုင်ကွင်းလမ်း
တာမွေ၊ ရန်ကုန်မြို့။

၅။ ဦးကြင်ဆိုင်-ဒေါ်သိန်းမြ၊ အမှတ်-၃၀၊
အထက် ပုဇွန်တောင် ရန်ကုန်မြို့။

၆။ ဦးချင်းငါး-ဒေါ်ကြင်မှုံ မိသားစု သုခမြိုင် ၃-လမ်း၊
ကမာရွတ် ရန်ကုန်မြို့။

၇။ ဒေါ်ကုမ္မာရီ၊ ထူးကြီးမြို့၊ ဟင်္သာတခရိုင်။

၈။ မခမာညာဏ၊ မ ဟေမာဝတီ၊ မ သုစာရီ၊ မ ဥမ္မာရီ၊
နမ်းစံမြို့ မြောက်ပိုင်းရှမ်းပြည်

၉။ ဒေါ်ကြည်မျိုးဝင်း၊ ဒေါ်ညွှန့်မေ၊ ၈၀၊ ၄၆-လမ်း-
အစိုးရရိပ်သာ ရန်ကုန်မြို့။

၉-က။ ဒေါ်ကျင်တီ ၆၀၊ ရတနာလမ်း၊ မော်လမြိုင်။

http://www.dhammadownload.com

၁၀။ ကွယ်လွန်သူ ဦးမောင်မောင်အား ရည်စူး၍ ဒေါ်မြခိုင်
ကောင်းမှု ဓာတု-ဂဝလမ်း၊၁၀ ရပ်ကွက်
တောင်ဥက္ကလာပမြို့။

၁၁။ ဒေါ်ကြင်ပု-ဖေါ်ကြင်စု-ဒေါ်ကြင်မြိုင်၊ ၆၀၊
အုန်းပင်တန်းလမ်း၊ ကြည့်မြင်တိုင် ရန်ကုန်မြို့။

၁၂။ ဒေါ်ခင်ကြည်၊ ၁၀၊ ၅-လမ်း။ ဖ- ဆ- ပ- လ-

၁၃။ ဦးချိန်ချမ်း -ဒေါ်ရွှရန် မိသားစု၊၆၀၊ ၆မိုင်ခွဲ၊
ပြည်လမ်း ရန်ကုန်မြို့။

၁၄။ ဦးကိုကိုကြီး-ဒေါ်ရင်ရင်မြ မိသားစု၊ ၁၊သီရိလမ်း၊
ပါရမီရိပ်သာ၊ ကမ္ဘာဧအား။ရန်ကုန်မြို့။

၁၅။ ဦးကျန်အိမ်း ဒေါ်ရွှဟန်-(ကွယ်လွန်) မိသားစု ၆၀၊
၆ မိုင်ခွဲ၊ ပြည်လမ်း ရန်ကုန်မြို့။

၁၆။ ဦးလှရှိန်-ဒေါ်သောင်းဧအား မိသားစု၊ ၇၄၆၊
ကုန်းဘောင် ၁၆-လမ်း၊ ၆ ရပ်ကွက်
ဥတာင်ဥက္က သာပမြို့။

၁၇။ ဦးသိန်းလွင်-ဒေါ်ခင်နု မိသားစု၊ ၉၁၊
မြန်မာ့ဂုဏ်ရည်လမ်း ရန်ကုန်မြို့။

၁၈။ ဒေါ်သန်း၊ ဒေါ်ပု၊ ဦးမြင့်မောင်-ဒေါ်ကြင်မေ့း ၆၀၊
လိပ်ကန်လမ်း ရန်ကုန်မြို့။

၁၉။ ဦးတင့်လွင်-ဒေါ်မြင့်မြင့်ကြည်(သို့)နှင်းလွင်လွင်၊
၁၆၁၊ ၄၇ လမ်း ရန်ကုန်မြို့။

http://www.dhammadownload.com

၂၀။ သဘာဝဓမ္မဆရာသန်း-ဒေါ်စိန်ရင်၊ ရေတာရှည်လမ်း၊ ဗဟန်း ရန်ကုန်မြို့။

၂၁။ သဘာဝဓမ္မဆရာစိန်-ဒေါ်စိန်ရီ သားသမီးတစု၊ မဟာသုခဆေးတိုက်နှင့် ဆေးကုဌာန၊ ခြံအမှတ် ၈၀/၈၅၊ ရေတာရှည်လမ်းဟောင်း ဗဟန်း၊ ရန်ကုန်မြို့။

၂၂။ ဦးသိန်းမောင်-ဒေါ်ပု သားသမီးတစု၊ ဒဂုန်ဓာတ်ပုံတိုက်။ ဗားကရာလမ်း၊ ပမြနီကုန်း ရန်ကုန်မြို့။

၂၃။ ဦးသောင်းတင်-ဒေါ်စိန်မြင့် ၁၂၇၊ ၅၁-လမ်းရန်ကုန်မြို့

၂၄။ ဒေါ်သန်းကြည် ၄၇၊ ဆင်းဒဝစ်လမ်း ရန်ကုန်မြို့။

၂၅။ စည်သူဦးညီပု အငြိမ်းစားတိုင်းမင်းကြီး ၄၊ စွန်းလွန်းဂူကျောင်းလမ်း၊ ဘောက်ထော် ရန်ကုန်မြို့။

၂၆။ ဦးသန်းထွန်း ဒေါ်စိန်စိန်မေနှင့် ညီမ-သားသမီးတစု၊

၂၇။ ဦးချစ်ဖေ-ဒေါ်ခင် မိသားစု ၉၆၊ အထက်ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့။

၂၈။ ဦးထွန်းရင်-ဒေါ်ကြည်ကြည် သား သမီးတစု၊ မဟာဗန္ဓုလ လမ်း၊ ရန်ကုန်မြို့။

၂၉။ ဆရာစန္ဒြနှင့်ဇနီးဒေါ်စောတင် မိသားစု၊ ၃၀၆၊ ပြည်လမ်း ရန်ကုန်မြို့။

၃၀။ ဒေါ်သန်းဌေး၊ ၁၇၁၊ အနော်ရထာလမ်း အဖျောက်မြို့

http://www.dhammadownload.com

ကျပ် ၂၄-အလှူရှင်များ

၁။ ဒေါ်ခေမာ၊ အောက်ဆွမ်းစားကျောင်း၊
သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။

၂။ ဒေါ်သီလဝတီနှင့် ညီမများ၊ ရွှေမင်းဝံကျောင်းတိုက်၊
ရန်ကုန်မြို့။

၃။ ဦးထွန်းနိုင်၊ ၃၇၃၊ အောက်ကြည့်မြင်တိုင်လမ်း အလုံ၊
ရန်ကုန်မြို့။

ကျပ် ၂၁-အလှူရှင်များ

၁။ ဒေါ်မြစိန်၊ ဇရပ်ကြီးရွာ၊ တောင်ငူမြို့

၂။ ဦးတင်ထွဋ် အားရည်စူး၍၊ ဒေါ်လှလှ သားသွီးများ၊
၂၆၊ အင်္ဂပူလမ်း စမ်းချောင်း ရန်ကုန်မြို့။

၃။ ကွယ်သွန်သူအားရည်စူး၍ ဦ စူးရ-ဒေါ်သိန်းမေ၊
ကျူချောင်းရွာ။

၄။ ဗိုလ်ကြီးဝင်းဟန် ခ-လ-ရ(၅၀)ပခုက္ကူမြို့နှင့် ဝေဝေမြင့်
တို့ကောင်းမှု။

၅။ ဒေါ်သိန်း၊ သွီးဒေါ်မြင့်ကြည်၊ ခြံနံပါတ် ၁၅၊
ကျောက်ကုန်း၊ ကံဘက်၊ရန်ကုန်မြို့။

ကျပ် ၁၈-အလှူရှင်များ

၁။ ဦးအုန်းဖေ-မိသားစု၊ အမှတ် ၄၊ ရတနာလမ်း ၁၆
ရပ်ကွက်၊ တောင်ဥက္ကလာ ရန်ကုန်မြို့။

၂။ ဦးတင့်အောင်၊ အမှတ် ၇၂၊ ၂၄ လမ်း ရန်ကုန်မြို့။

http://www.dhammadownload.com

၃။ ဒေါ်မြရှိန်၊ ထားဝယ်မြို့။

၄။ ဒေါ်ခင်မြင့်၊ ၃၆၊ မနောဟရီလမ်း၊ ရန်ကုန်မြို့။

၅။ ဒေါ်သန်းတင်၊ သာသနာ့ရိပ်သာ၊ရန်ကုန်မြို့။

၆။ ဒေါ်လှကြည် သွီးမစိန်တင်၊၃၀၊ပြည်သာယာလမ်း၊
ဘောက်ထော် ရန်ကုန်မြို့။

၇။ ဒေါ်လှိုင်ခင်-သားသမီးတစု၊ ၃၀၊ယောက်လမ်းရန်ကုန်

ကျပ် ၁၅-အလှူရှင်များ

၁။ ဦးကောဝိဒ သာသနာ့ရိပ်သာ ရန်ကုန်မြို့။

၂။ ဦးဝိစာရိန္ဒ၊ သာသနာ့ရိပ်သာ ။

၃။ အရှင်ကေလာသ၊ သာသနာ့ရိပ်သာ ။

၃-က။ ဦးယွန်းကြည်-ဒေါ်ဖုံ၊ နန့်ရင်ရပ်၊ မိုးကောင်းမြို့။

၄။ လှဝိဇ္ဇာဦးကြည်-ဒေါ်ကြွေ၊အမှတ် ၂၁၄၊ စက်ရုံလမ်း
မအူကုန်း၊ ရန်ကုန်မြို့။

၅။ ဒေါ်မြစိန် ။ ။ ။ ။ ။

၆။ ဒေါ်ခင်လေး၊ အမှတ် ၄၇(စီ)၊ အင်းယားလမ်း ။

၇။ ဦးချစ်လှနှင့် ညီမများ၊ ဗိုလ်ချုပ်စျေး ။

၈။ ဒေါ်နုနု၊ နယူးဆေးတိုက်၊ ၁၂၄၊ဗိုလ်ချုပ်လမ်း ။

၉။ ဒေါ်ချစ်ချစ်-ဒေါ်စောကြည်၊ ၁၈၃၊ ၂၉လမ်း ။

http://www.dhammadownload.com

၁၀။ ဦးတင်မောင်-ဒေါ်မြင့်မြင့်မိသားစု၊ ၁၆၂၊
ပဌမသီရိ ရိပ်သာ အလုံ ရန်ကုန်မြို့။

၁၁။ ဒေါ်ခေမာသီ၊ တောင်ဦး အောင်ကြာ စည်ကျောင်း

၁၂။ ဒေါ်ကုမ္မာရီ၊ ဒေါ်ဥတ္တမာ၊ ဒေါ်ခင်သန်း-မြေး-
မောင်ဝင်းမြင့် ရွှေမင်းဝံ ရန်ကုန်မြို့။

၁၃။ ဦးစောမြအောင်၊ ၆၅၁၊ ဝေဇယန္တာလမ်း ၄-ရပ်ကွက်၊
တောင်ဥက္ကလာပမြို့။

၁၄။ ဦးတင်ညွန့်-ဒေါက်တာ ဒေါ်အေးကြည်
(သို့) မယုလွင်အေး၊ ၁၂-၂၉၂၊ မျှေတိဂုံဘုရားလမ်း
ရန်ကုန်မြို့။

၁၅။ ဦးလှ-ဒေါ်ခင်အိမိသားစု ၂၁၇-၂၄၊ ရန်ကင်းမြို့။

၁၆။ ဒေါ်စန်းရီ၊ ၄၆အနောက်စီရုံ ဗိုလ်ချုပ်စျေးရန်ကုန်မြို့။

၁၇။ ဦးစိန်းမောင် ဒေါ်သေးပု သားသို့းတစု၊ ၁၃၁၀၊
၈ လမ်း ၁ ရပ်ကွက်သာကေတမြို့။

၁၈။ ဒေါ်စီ၊ ၆၀၊ ၆မိုင်ခွဲ၊ ပြည်လမ်း ရန်ကုန်မြို့။

၁၉။ ဒေါ်ဒေါ်ညိုနှင့် သားသီးတစု၊ လှရိပ်သာဇာဘော်လီ
၂၄၂၊ ကျိုက္ကစံလမ်း ။

၂၀။ ဒေါ်သန်းညွန့်-ဒေါ်ခင်ခင်၊ အမှတ် ၉၂၊
အင်းယားလမ်း ။

၂၁။ ဒေါ်မြတ်ညွန့်နှင့် ညီမများ၊ ၃၁၊ ဦးဖီးလမ်း
စမ်းချောင်း ၊

http://www.dhammadownload.com

၂၂။ ဒေါ်အေးကြည်၊ ဘ၊ ပြည်ထောင်စုလမ်း ဂွတ္တလစ် ။

၂၃။ ဦးစိုးမြင့်-ဒေါ်လှကြည်သားသမီးတစု၊ ဘဖဘ၊ ၎၇လမ်း ။

၂၄။ ဒေါ်ခင်သိန်း-ဒေါ်တင်ဝေ၊ ဘဘ၊ ရတနာလမ်း
ဗျိုင်းရေအိုးစဉ် ။

၂၅။ ဦးမောင်မောင်တင်-ဒေါ်ကြင်ယုံ၊ ဘ၄၊ ပဲစားတန်း
ပုဇွန်တောင် ။

၂၆။ ဦးသောင်း-ဒေါ်အုန်း၊ ၂၊ ဇင်ယော်လမ်း
မေမြို့ကွက်သစ် ဗိုလ်တဲထောင် ။

၂၇။ ဦးကျော်သန်း-ဒေါ်ထွန်းကြင် သားသမီးတစု၊ ၃၂၇၊
ဗိုလ်ချုပ်လမ်း ။

၂၈။ ဒေါ်ကတာ အောင်သန်း-မကျင်မြင့်၊ ၆၀၊
အထက်ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ။

၂၉။ ဦးဖေအောင်-ဒေါ်ရင်မေ၊ ဗုဒ္ဓတက္ကသိုလ် ကမ္ဘာဇအား ။

၃၀။ ဒေါ်လှမြင့်၊ ၂၃၊ ၃လမ်း၊ သမာဓိရိပ်သာ သက်နှံးကျွန်း

၃၁။ ဒေါ်ကြင်စုမ်၊ ဘ၂၉၊ ဗိုလ်မှူးဖိုးကုန်းလမ်း၊ တောင်ငူမြို့

၃၂။ ဒေါ်ညွန့်တင် သို့သန်းသန်း တင်တင်အုန်း၊ ၂၁၊
ဘယသုဒ္ဓိလမ်းကျောက်မြောင်း၊ ရန်ကုန်မြို့ ။

၃၃။ ဦးဘရင်-ဒေါ်ထွေးခင် သား မောင်အောင်ကြည်
မတင်လွှမ်၊ ၃၆၊ ကျိတ်တန်း ကြည့်မြင်တိုင် ။

၃၄။ ဦးသိန်းကြည်-ဒေါ်မူမူ သားသို့တစု၊ ဘဘ၊
ချင်းချောင်းရိပ်သာလမ်း ။

http://www.dhammadownload.com

၃၆။ ဒေါ်ဒေါ်စိန် သားသိမ်းတစု၊ ၄၀၀၊မာလပမြိုင်လမ်း
၁၆ ရပ်ကွက် တောင်ဥက္ကလာပမြို့။

၃၇။ မအေးအေးမြင့်၊ ကြားတောရလမ်း ဗဟန်း ရန်ကုန်မြို့

၃၈။ ဒေါက်တာဦးမောင်မောင်ရှိန်ဒေါ်လေးသက်မိသားစု
လုပ်သားဆေးရုံကြီး ရန်ကုန်မြို့။

၃၉။ ဦးလှိုင်၊ လက်ပန်လမ်း၊ ၃၊ စမ်းချောင်း ။

၄၀။ ဒေါ်ထွန်း၊ နမ့်ခမ်းမြို့။

၄၁။ ဦးလှညွှန့်-ဒေါ်သန်းမြင့်၊ ၉၆၊ နတ်မောက်လမ်း ။

၄၂။ ဦးစောဟန်(ကထိက)ဇနီး ဒေါ်တင်လှနှင့်သားများ
ကန်တော်ကြီး၊ သံတမန်ဆေးရုံ၊ ။

၄၃။ မောင်ကျော်စိုး၊ တိုက် ၁၃၄၊အခန်း(၁)ရန်ကင်း ။

ကျပ် ၁၂-အလှူရှင်များ

၁။ ဒေါ်ဒေါ်သိန်း၊ အမှတ် ၁၉၉၊ လမ်း ၄၀၊ ရန်ကုန်မြို့။

၂။ ဦးဘဟန်-ဒေါ်သန်းရင် မိသားစု ဈေးဟန်းရပ်
တောင်ကုတ်မြို့။

၃။ ဒေါ်မြရင် (ဖျာပုံ) သာသနာ့ရိပ်သာ ရန်ကုန်မြို့။

၄။ မတင်မြ ၆၅ ဦးစစ်ကူလမ်း ရခိုင်စု တောင်ငူမြို့

http://www.dhammadownload.com

၅။ ဒေါအုန်းကြည် ဆရာမ၊ ၆၀၊ ဗုဒ္ဓဟူးလမ်း ခရမ်းမြို့။

၆။ ဦးအေးမောင်-ဒေါခွေးမ၊ ၇၃၃၊ ကုန်းဘောင် ၁၆လမ်း တောင်ဥက္ကလာပမြို့။

၇။ မမြဿင်၊ သာသနာ့ရိပ်သာ ရန်ကုန်မြို့။

၈။ ဦးထွန်းမောင် မဒေါသန်းတင်၊ ၁၅၊ သဇင်လမ်းရေကျင်။

ကျပ် ၉-အလှူရှင်များ

၁။ ဦးမြမောင်-ဒေါမအေးစိန်၊ အမှတ် ၁၉၃၊ ၂၀-လမ်း ရန်ကုန်မြို့။

၂။ ဒေါမမလေး၊ မေတ္တာဂေဟာ စီဗီလိုင်း မန္တလေးမြို့။

၃။ မတင်၊ အမှတ် ၅၁-သမ္မာဒိဋ္ဌိလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

၄။ ဒေါကြင်မ္မား၊ ၅ (ဒီ) ကမ်းနားလမ်း မော်လမြိုင်မြို့

၅။ ဒေါကြင်ဆိုင် ၁၆၊ ၂၁၁၊ ရန်ကင်းမြို့။

၆။ ဒေါအညေသီ၊ပတ်တမြားကျောင်းတိုက်၊ ဟသ်ာတမြို့။

၇။ ဒေါဆိုင်၊ ၄၁၊ အလယ်းတာရကျောင်း ရန်ကုန်မြို့။

၈။ ဦးဘိုးထောင်-ဒေါစီး ၆၇၊ မကျစ်လမ်း တာမွေ့ ။

၉။ ဦးမောင်ကြီး-ဒေါနုနု၊ ၁၃၁၊ အနော်ရထာလမ်း၊ ။

http://www.dhammadownload.com

၁၀။ ဒေါ်အေးသန်း၊ ၈၊ မင်းလမ်း စမ်းချောင်း၊ ရန်ကုန်မြို့

၁၁။ ဒေါ်မာတင်၊ တိုက်၊ ၂၊ အခန်း၄၊ ဆေးရုံကြီးဝင်း၊ ။

၁၂။ ဒေါ်လှတင်၊ ၄၅၊ ၈၇ လမ်း ကန်တော်ကလေး၊ ။

၁၃။ မနီမလဉာဏီ၊ ဟံသာဝတီ မြန်အောင် ကျောင်းတိုက် ။

၁၄။ ဒေါ်ငွေးငွေ-မိသားစု၊ ၁၁၀၊ စမ်းချင်းလမ်း
စမ်းချောင်း ရန်ကုန်မြို့။

၁၅။ ဒေါ်ခင်ခင်စီ၊ ၁၂ (က) ၊ အင်ယားမြိုင်လမ်း၊ ။

၁၆။ ဦးဘစိန်-ဒေါ်မဲ၊ ၂၀၊ ရွှေတောင်တန်း ။

၁၇။ ဒေါ်နှင်းတင်-သား သို့းတစု၊ သာသနာ့ရိပ်သာ ။

၁၈။ ဒေါ်ကျင်တီ၊ ၁၂၊ ဖရင်ကလင်လမ်း အလုံ၊ ။

၁၉။ ဦးမြ-ဒေါ်ငွေယုံမိသားစု၊ ၄၈၊ အုင်္ဌလမ်း ဗဟန်း၊ ။

၂၀။ ဦးဘလှိုင်-ဒေါ်ငွေကြည်မိသားစု၊ ၄၅၊ ။ ။ ။

၂၁။ ဒေါ်သန်းတင်သို့းခင်မြင့်မြင့်၊ ၇၆၊က၊အင်းယားလမ်း။

၂၂။ ဦးစိန်-ဒေါ်နှင်း မိသားစု၊ ၆၅-၃ ရန်ကင်းမြို့။

၂၃။ ဦးဦး-ဒေါ်ငွေကြင်၊ ၄၅၊ အုင်္ဌလမ်း၊ ဗဟန်း၊ ။

၂၄။ ဒေါ်ကြည်ညွှန့်၊ ၁၅၊ ၂၃ လမ်း ။

၂၅။ မစန်းစန်းအေး ။ ။ ။

၂၆။ နီနီစန်း ။ ။ ။

၂၇။ ဦးစန်းမောင်-ဒေါ်ခင်လှိုင် ၂၇၂၊ဘုမ္မာ ၈ လမ်း
ည ရပ်ကွက် မြောက်ဥက္ကလာပမြို့။

http://www.dhammadownload.com

၂၀။ ဒေါကျင်ရီ၊ ၆၄ ဧရာဝတီလမ်း၊ အလုံ ရန်ကုန်မြို့။

၂၉။ ဒေါသန်းမြ-ဦးသက်ဖေ ဇရပ်၊ သာသနာ့ရိပ်သာ ။

၃၀။ ဒေါသန်းစိန်၊ မော်လမြိုင်မြို့။

၃၁။ ဒေါသန်းသန်းနဲ့ မိသားစု၊ ၁၉-ဂ၊
ချင်းချောင်းရိပ်သာ၊ ရန်ကုန်မြို့။

၄၂။ သခင်သန်း-ဒေါခင်ကြည်၊ ၁၁၃-၅၊ရန်ကင်းမြို့။

၃၃။ မမြင့်မြင့်၊ ၆၁၂၊ ၅လမ်း တောင်ညက္ကလာပမြို့၊

၃၄။ ဒေါဆင်၊ ၃၁၊ ၆ လမ်း ပုသိမ်ညွန့်၊ ရန်ကုန်မြို့

၃၅။ ဦးကျင်ဘိ-ဒေါကြင်ရီ သားသမီးတစု၊ ၆၄၊
ဧရာဝတီလမ်း၊ အလုံ ။

၃၆။ ဒေါဇော်ကြည်၊ ၄၇၊ လေမှုတ်စက်ဝန်း ။

၃၇။ ဒေါအိလေး၊ ၂၄၊ လှည်းတန်း ။

၃၈။ ဒေါမော်မော်၊ ၂၅(က)၊စလင်းလမ်း၊ကြည့်မြင်တိုင်။

၃၉။ ဒေါဝဏ္ဏာ၊ သာသနာ့ရိပ်သာ ။

၄၀။ ဒေါဂုဏာ ။

၄၁။ ဒေါကြင်ရွှန့် မြေးများတစု၊ ၃၈၁ဗိုလ်ချုပ်လမ်း ။

၄၂။ ဦးအုန်းလွင်-ဒေါညွန့်စိန်၊ အမှတ်၂၀၆-၂၅ ရန်ကင်း

ကျပ် ၆-အလှူရှင်များ

၁။ ဒေါရေး ၁၃၅(အိုင်) ဝင်ဒါမီယာလမ်း၊ ရန်ကုန်မြို့။

၂။ ဒေါပြိမ်းပြိမ်း ညီမတစု. ၂၈၊ မဟာဆိုရှယ်လမ်း
ကမာရွတ် ရန်ကုန်မြို့။

http://www.dhammadownload.com

၃။ ဒေါ်ခင်တင့် မိသားစု၊ ဗိုလ်ချုပ်လမ်း၊ မင်းဘူးမြို့
၄။ မခင်စိုး ၁၄၁၊ ၎၇ လမ်းထိုပ် ။ ရန်ကုန်မြို့။
၅။ ဦးသိန်းမောင် (ညိမ့်)မခင်နွဲ့ ၁၇၊ လောင်းဝစ်လမ်း၊ ။
၆။ ဒေါ်အေးရွှေ၊ ၂၄၊ မဂျစ်လမ်း တာမွေ ။
၇။ ဒေါ်သင်းအိ၊ ၅၁၊ သမ္မာဒိဋ္ဌလမ်း ကျောက်မြောင်း ။
၈။ ဒေါ်စောရီ၊ ။ ။ ။ ။
၉။ ဒေါ်လှသန်း၊ ၇၂၂၊ ၄ လမ်း သမိုင်း ။
၁၀။ ဦးလှသိန်း-ဒေါ်ဝင်းကြည်၊ ၃၇၆၊ ရာဇာဓိရာဇ်လမ်း၊
တောင်ငူကလာ ။
၁၁။ ဒေါ်ကြည်မိသားစု၊ ၁၇၂၊ ၂၃လမ်း ။
၁၂။ ဒေါ်ခင်ဆုံ၊ ၁၊ ပန်းတောက်ရိပ်သာ
အောင်သီဒိုလမ်းသမိုင်း ။
၁၃။ ဒေါ်ဒေါင်းနှင့် သို့းမမြင့်မြင့်သိန်း ၂၊ ။
၁၄။ ဒေါ်ကျင်မေ့း၊ ၆၀၇ ပြည်လမ်း ၆မိုင် ။
၁၅။ နေလဝိဇ္ဇာဆရာဦးကျော်မင်း-မဒေါ်အုံးမြ
သားသမီးတစု ၅၉၊ ၂လမ်း ပုသိမ်ညွန့် ။
၁၆။ ဒေါ်ကြင်နု၊ ၃၇၃၊ အောက်ကြည့်မြင်တိုင်လမ်း၊အလုံ။
၁၇။ ဒေါ်နှင်းမိသားစု ၁၁၀၊စမ်းချောင်းလှမ်း စန်းချောင်း
၁၈။ ဦးစိန်၊ ကမာရွတ် ။
၁၉။ ဦးသန့်ဇင်၊ ဘိုကလေးစျေးလမ်း ။

http://www.dhammadownload.com

၂၀။ ဦးလတ်ထွန်း၊ ၁၁၁၊ လှဲတန်း လမ်းတို၊ အနောက်ပိုင်း ။

၂၁။ ဒေါ်ထေရဝတီ၊ ကြို့ပင်ကောက်မြို့

၂၂။ ဒေါ်စံန်းကြည်၊ သာသနာ့ရိပ်သာ၊

၂၃။ ဦးမောင်တင့်-ဒေါ်ငွေရင်၊ ဥတိုကျေးရွာ၊

တိုက်ကြီးမြို့နယ်

၂၄။ ဒေါ်အုံးမြင့်၊ တိုက်၁၄၁၊ အခန်း ၄၊ ရေနံ့သာလမ်း

သုဝဏ္ဏမြို့။

၂၅။ ဒေါ်ကြင်ယုံ၊ ၂၃၊ ဖို့ဇမြလမ်း၊ ကန်တော်ကလေး

ရန်ကုန်မြို့။

၂၆။ ဦးဘအောင်၊ ၂၆၊ခိုင်ရွှေဝါလမ်း၊လှည်းတန်း၊ ကမာရွတ် ။

၂၇။ ဒေါ်သိန်းလှ၊ ကွမ် နှီးရွာ၊ ကျောက်တန်းမြို့။

၂၈။ ဦးသန်းမြင့်-ဖဒေါ်မြစိန်၊ ၂၃-၁၊မင်းမနိုင်တိုက် ရန်ကုန်

၂၉။ ဆရာကြီးဦးပု-ဒေါ်သင်းထုံ၊ မော်လမြိုင်မြို့။

၃၀။ ဦးသောင်းရွှေ၊ ဂ၆၊ လှည်းတန်း၊ လမွတော် ရန်ကုန်မြို့

၃၁။ ဦးအုံးထွန်း၊ ၁၅၊ တင့်လမ်း ။

၃၂။ ဒေါ်ဖွားစိန် သမီး မအုံးကြည်၊ ၂၆၊ခိုင်ရွှေဝါလမ်း

လှည်းတန်း ကမာရွတ် ။

၃၃။ ဒေါ်အုံးကြည် သမီး ခင်သူဇာဝင်း အေးအေးဝင်း

၂၆၊ ခိုင်ရွှေဝါလမ်း ။

၃၄။ ဒေါ်မင်ခင်အေး၊ ၅၉၊ရွှေတောင်ကြားလမ်း ။

http://www.dhammadownload.com

၃၅။ ဦးအောင်ညွှန့်၊ ပုလဲလမ်း၊ မော်လမြိုင်မြို့

၃၆။ ဒေါအေးကြည်၊ ၂၇၊ အာဇာနည်လမ်း ဂွတ္တလစ်။

၃၇။ ဒေါရင်မေ-ဒေါရင်နု၊ ဘဏ်ရိပ်သာ ရွှေဂုံတိုင် ။

၃၈။ ဒေါဝိစာရီ၊ ဟသ်ာတကျောင်း၊ ၅ လမ်း ဗဟန်း ။

၃၉။ ဦးကျော်ငြိမ်း-ဒေါဖုံးတင်၊ ၂၉၊ ၄ လမ်း
လက်ပံတန်းမြို့

၄၀။ ဒေါခင်မြမြ၊ ၁၆-၂၊ ရန်ကင်းမြို့

၄၁။ ဒေါကြင်ငဲ့ (မောင်)မောင်ပိန်ဟုတ်၊ ၇၃၃၊
ကုန်းဘောင် ၁၆ လမ်း ၆ရပ်ကွက်၊တောင်ညွန့်လမ်းမြို့

၄၂။ ဒေါကေသဝတီ၊ ဟသ်ာတကျောင်း ၁ လမ်း ဗဟန်း
ရန်ကုန်မြို့။

၄၃။ ဦးသိန်းဟန်၊ ၁၉၀၊ ဦးချစ်မောင်လမ်း ဂွတ္တလစ် ။

၄၄။ ဦးဖြေ-ဒေါငြိမ်းမြ သားသမီးတစု၊ ကွမ်းနှီးမျှော
ကျောက်တန်းမြို့။

၄၅။ ဒေါလှကြည်၊ တိုက် ၇၊ အခန်း ၁၊ လမ်းသစ်ရိပ်သာ၊
ဘုန်းကြီးလမ်း၊ ရန်ကုန်မြို့

၄၆။ ဒေါမြသန်း၊ ၄၅၊ စလင်းလမ်း ကြည့်မြင်ဝိုင် ရန်ကုန်

၄၇။ ဦးတင်မောင်ဦး-ဒေါကြည်ကြည်စိန် မိသားစု၊ ၁၀၃၊
၁၆၊ ရန်ကင်းမြို့။

၄၈။ ဦးချစ်ပု-ဒေါတင်အေး သားသမီး ၄မြေး မျိုး ၂၉
၆ လမ်း ပုသိမ်ညွန့် ရန်ကုန်မြို့

http://www.dhammadownload.com

၄၉။ ဒေါ်ငွေရင်၊ ၁၅၊ သဇင်လမ်း ရေကျော် ။

၅၀။ ဒေါ်ခင်ရီ၊ ၁၆၊ သင်္ဂဟလမ်း၊ကျောက်မြောင်း ။

၅၁။ ဒေါ်မြဟန်၊ ၁၅၁၊ ၃၂၊လမ်း ။

၅၂။ ဦးလှထွန်း-ဒေါ်ကြည်၊ ၃၂၊ မင်္ဂလာသိဒ္ဓိလမ်း ဂံတလစ် ။

၅၃။ ဒေါ်လှမြင့်-ဒေါ်အေးတင်၊ ၅၇၊ ညောင်တုန်းလမ်း စမ်းချောင်း ။

၅၄။ ဒေါ်ရင်မွေး၊ ၁၂၉၊ လမ်း ၃၀ ။

၅၅။ ဒေါ်သီလ၊ ၁၄၇၊ ။ ။

၅၆။ ဒေါ်ခင်မြင့်၊ ၅၈၊ အေးရိပ်သာ၊ ဂွတ္တလစ် ။

၅၇။ ဦးစံသိန်း၊ ၅၃၊ ၇ လမ်း ဖ-ဆ-ပ-လ ။

၅၈။ ဒေါ်နန္ဒ၊ တောင်ဝိုင်းကလေးတိုက်ကျောင်းမော်လမြိုင်

၅၉။ ဒေါ်ညီမ၊ သာသနာ့ရိပ်သာ ရန်ကုန်မြို့

၆၀။ ဒေါက်တာဦးမောင်မောင်-ဒေါ်ခင်အေးကြူ မိသားစု ရှမ်းပွဲရပ် မန္တလေးမြို့

၆၁။ ဒေါ်စန်းရီ၊ ၁၄၊ မြောင်းမြလမ်း၊ စမ်းချောင်း ရန်ကုန်

၆၂။ မထွေးထွေးအေး ၂၄၊ လှည်းတန်း ။

၆၃။ ဦးဖန်ရင် ရွှေကျင်ကျေးရွာ

၆၄။ ဦးကြည်၊ ဝေဋ္ဌဝန်ကျောင်း၊ တက္ကသိုလ်ရိပ်သာလမ်း ရန်ကုန်မြို့

http://www.dhammadownload.com

၆၅။ ဒေါနှင်းခင်၊ စခန်း ၃၆၊ ဦးဝိစာရလှမ်း ။

၆၆။ ဦးအေးကို ၁၇ ဦးဖိုးလမ်း၊ စမ်းချောင်း ။

၆၇။ ဦးဘိုးသင်း-ဒေါမြို့၊ ချောက်မြို့

၆၈။ ဒေါဓမ္မသီ၊ သာသနာ့ရိပ်သာ ရန်ကုန်မြို့

၆၉။ ဒေါအေးပု ။ ။

၇၀။ ဒေါမြသွင် ။ ။

၇၁။ ဦးနိုင်-ဒေါနုနု၊ ၃၄၀၊ ကုန်သည်လမ်း ။

၇၂။ ဒေါအေး မောင်နှမတစု၊ ဖျာပုံချောင်းတွင်း

၇၃။ ကိုဝင်းကြည်-မခင်သိန်း၊ ၁၁၊လမ်းသစ် (၂)လမ်း
၁ ရပ်ကွက် သာကေတမြို့

၇၄။ ဒေါနန်းမုတ်၊ ၁၇၊ ၆မို့ ၄၃၊ ပြည်လမ်း ရန်ကုန်မြို့

၇၅။ ဒေါအိုန့်ဇင် မိသားစု၊ ဆင်ဖြူကျွန်းမြို့

၇၆။ ဒေါရွှေပု-ဒေါရွှေနု (မောင်)ကိုသိန်း

၇၇။ ဒေါလှအုံး မိသားစု

၇၈။ ဒေါသိန်းရှင် မိသားစု၊ ရှမ်းလမ်း ရန်ကုန်မြို့ ။

၇၉။ ဒေါစိန်၊ ကော့မှူး သာသနာ့ရိပ်သာ ရန်ကုန်မြို့ ။

၈၀။ ဒေါဒေးလှ ။ ။

ကျပ် ၃-အာလူရှင်မျိုး

၁။ ဦးချစ်စိန်၊ အမှတ်-၁၅၂၊ ကျောက်ရေတွင်းလမ်း၊
မြောက်ဥက္ကလာ၊ ရန်ကုန်မြို့

http://www.dhammadownload.com

၂။ ဒေါ်စောယုံ ရွှေမင်းဝံကျောင်းတိုက် ။

၃။ ဒေါ်သိန်းညွန့်၊ အမှတ်၇၀၊ ၄၇-လမ်း ။

၄။ ကွယ်လွန်သူ မိခင်ကြီး ဒေါ်အေးတင်ကို ရည်စူး၍
သားသမီးမြေးများဂုဏ်(ည)ရပ်ကွက် မြောက်ဥက္ကလာပ

၅။ မဝင်းကြည်၊ ၁၃၄၊-၁၊ ရန်ကင်းမြို့

၆။ ဒေါ်ဖွားသင် သင်္ကန်းကျွန်းမြို့

၇။ မစန်းစန်းရင်၊ ၂၄၊ လှည်းတန်း ရန်ကုန်မြို့

၇။ ဦးညွန့်မောင်-ဒေါ်စန်းမြင့် ခေမာသီ ၄-လမ်း
မြောက်ဥက္ကလာပမြို့

၉။ ဒေါ်စိန်ကြင်နှင့် သမီး တင်တင်လွှမ်၊ ၁၉၉၊ ပန်းဆိုးတန်း
ရန်ကုန်မြို့

၁၀။ မြမြဆွေ၊ ၃၀ လမ်း ၁၂၀၊ ။

၁၁။ ဒေါ်မြင့်၊ သာသနာ့ရိပ်သာ ။

http://www.dhammadownload.com

ပိယော လောကေ သကော ပုတ္တော၊
ပိယော လောကေ သကော ပတိ။
တတော ပိယတရာ မယ္ဒံ၊
အသ မ္မေသ မဂ္ဂနာ။

လောကေ - လောက၌၊ သကော ပုတ္တော - မိမိ၏သားကို၊ ပိယော - ချစ်အပ်ပါ၏။ လောကေ - လောက၌၊ သကော ပတိ - မိမိ၏လင်ကို၊ ပိယော - ချစ်အပ်ပါ၏။ တတော - ထိုသားနှင့် လင်ထက်၊ အသ မ္မေသ မဂ္ဂနာ- ထိုနိဗ္ဗာန်တရား ရှာမှီးခြင်းကို၊ မယ္ဒံ-ငါသည်၊ ပိယတရာ- သာ၍ချစ်လှပါတော့သည်။

၁။ ဖြစ်ပေါ်တာက သခ်ါရ၊
မဖြစ်ပေါ်မှ နိဗ္ဗာန်။

၂။ မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်အစဉ်က သခ်ါရ၊
မပြတ်ဖြစ်စဉ် ငြိမ်းမှ နိဗ္ဗာန်။

၃။ ဖြစ်ပျက်နေဟန် ပုံသဏ္ဌာန် နိမိတ် ထင်နေတာက သခ်ါရ။
သခ်ါရနိမိတ် လုံးဝကင်းမှ နိဗ္ဗာန်။

၄။ ဘဝသစ်ဖြစ်စေနိုင်တဲ့ အားထုတ်မှုကံက သခ်ါ
ယင်းအားထုတ်မှုကင်းမှ နိဗ္ဗာန်။

၅။ ဘဝဟောင်းနှင့် ဆက်စပ်၍ ဖြစ်တာက သခ်ါရ၊
ဆက်စပ်၍ မဖြစ်မှ နိဗ္ဗာန်။

အတွင်းစာသား၊ ဒေါ်ဝါ(မြို-၀၂၇၄)၊ အင်တာနေရှင်နယ်စာပုံနှိပ်တိုက်နှင့်အဖုံး၊ ပုံနှိပ်သူ၊ အမှတ်၂၊ မူလာအီးမန်လမ်း၊ မြေနီကုန်း၊ ရန်ကုန်။